
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၄၆၄ / ၂၀၀၁ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၄၃၄ / ၂၀၀၁ (၆)

❐

**စီစဉ်သူ**

ကိုမြင့်ထွန်း

❐

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ် – (အောက်တိုဘာလ၊ ၂၀၀၁)
အုပ်ရေ – (၁၀၀၀)

❐

မျက်နှာဖုံးပန်းချီ – တင်မောင်မျိုး
ကာလာခွဲ – *Alpha*
အတွင်းဖလင် – ဇမ္ဗူအေး

❐

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (၀၅၄၀၄) ရောင်စဉ်အော့ဖ်ဆက်
အမှတ် (၁၆၃) ၄၈လမ်း၊ ဗိုလ်တထောင်။

ဦးကျော်ဆန်း(ရဲအောင်စာပေ)(၀၉၃၂)၊
... အမှတ်[illegible](၈)လမ်း၊ မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့။

❐

တန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com

# ဝတ္ထုရေးသူ၏ မိတ်ဆက်လွှာ

ဤ "ကရာကင်ဝိတ်" (Kraken Wakes) ဝတ္ထုမှာ ထူးခြားလှ၍ ဇာတ်နက်နဲသော ဝတ္ထုတစ်ပုဒ်ဖြစ်ပေသည်။ ရှေးပဝေသဏီခေတ်က အလွန်ရိုးသားသော လူများသည် 'ကရာကင်' ခေါ် အဆမတန် ကြီးမား၍ ကြောက်မက်ဖွယ်ကောင်းသော သတ္တဝါကြီးတစ်ကောင်သည် ပင်လယ်အောက်ဘွင် အိပ်ပျော်လျက်ရှိနေ၍ တစ်ခါတစ်ရံ အိပ်ရာမှ နိုးသည်နှင့်တစ်ပြိုင်နက် လူသတ္တဝါတို့အား လာရောက်စားသောက်တတ်ကြောင်း ယုံကြည်ခဲ့ကြ၏။ ယခုခေတ်၌မူ ပင်လယ်တွင် သင်္ဘောတစ်စင်း ရုတ်တရက် နစ်မြုပ်ပျောက်ကွယ်သွားက ထိုကရာကင်ကောင်ကြီးကြောင့် ဖြစ်ရသည်ဟု ၎င်းအပေါ်၌ သတ္တုချ၍ မဖြစ်တော့ပေ။ မည်သည့်အတွက်ကြောင့် သင်္ဘောပျက်ရသည်ကို ကျွန်ုပ်တို့ စုံစမ်းရှာဖွေကြရပေတော့မည်။ ဤကဲ့သို့ စုံစမ်းရှာဖွေရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်ပေါင်းစုံတို့နှင့် နိုးနှောတိုင်ပင်ကာ သတင်းစာများနှင့်တကွ အသံလွှင့်ဌာနများကလည်း ရှာဖွေရာတွင် အကူအညီပေးကြပေမည်။ သို့သော် မည်သူတစ်ဦးတစ်ယောက်ကမျှ ရှာဖွေ၍ မတွေ့လျှင်သော်လည်းကောင်း၊ သို့မဟုတ် နောက်ထပ် သင်္ဘောများ အလားတူ ထူးဆန်းစွာ ပျက်စီးဆုံးရှုံးလျှင်သော်လည်းကောင်း၊ မည်ကဲ့သို့ဖြစ်ကြပေမည်နည်း။

ယခုအခါ ကျွန်ုပ်တို့၏ သိပ္ပံပညာရှင်ကြီးများသည် ဂြိုဟ်တု၊ ဒုံးပျံစသည့် ဆန်းသစ်သော ကိရိယာများနှင့်တကွ လူသားတို့ကိုပါ အာကာသသို့ ဖြတ်ကျော်လျက် လပေါ်သို့ဖြစ်စေ အခြားဂြိုဟ်များပေါ်သို့ဖြစ်စေ ဆင်းသက်ရန် ကြိုးပမ်းလျက်ရှိနေကြလေပြီ။ ဤသို့ဆိုလျှင် ထိုအလုပ်ကို ပြောင်းပြန် ပြုလုပ်နိုင်

www.burmeseclassic.com

သည့် အချက်ရှိလိမ့်မည်ဟု စဉ်းစား၍မရပြီလော။ စကြဝဠာကြီး၏ အခြား အစိတ်အပိုင်းများတွင် ရှိနေခဲ့သော ကျွန်ုပ်တို့ထက် ပညာဉာဏ်ရင့်သန်သည့် သတ္တဝါများက ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာပေါ်သို့ သူတို့ကိုယ်တိုင်သော် လည်းကောင်း၊ သူတို့မောင်းနှင်သည့် ကိရိယာများကိုသော် လည်းကောင်း၊ စေလွှတ်ရန်ဖြစ်နိုင်ပေလိမ့်မည်။ ၎င်းတို့သည် ကျွန်ုပ်တို့ လူသားများအား ရန်သတ္တရုမပြုဘဲ မိတ်ဆွေသဖွယ် ရှိနေသမျှ ကာလပတ်လုံး ကျွန်ုပ်တို့က လက်ခံကြိုဆို ရမည်သာဖြစ်၏။ သို့သော် တွေ့သမျှကို ဖျက်ဆီး၍ ကျွန်ုပ်တို့ အားရန်မူခဲ့သော် မည်ကဲ့သို့ပြုလုပ်ကြပါအံ့နည်း...။ အကယ်၍ ထိုကျူးကျော် လာသူများကလည်း သိပ္ပံပညာတွင် ကျွန်ုပ်တို့ထက် ကြီးကျယ်သာလွန်မည်ဆို သော် ကျွန်ုပ်တို့၏ အခြေအနေမှာ အလွန်စိုးရိမ်ဖွယ်ကောင်း၍လာတော့မည်။ ၎င်းတို့သည် အဏုမြူဗုံးမျိုးများကို ၎င်းတို့၏ အသိဉာဏ်စွမ်းဖြင့် လုပ်နိုင် ကောင်း လုပ်နိုင်ကြပေမည်။ ကျွန်ုပ်တို့ကမ္ဘာကြီးတွင် ရှိနေသည့် အပူအအေးကို ပြောင်းလဲကာ မခံမရပ်နိုင်အောင် ပူပြင်းသည့် အခြေအနေသို့လည်းကောင်း၊ အေးခဲ၍ သေလောက်အောင် အဆမတန်အေးမြသည့် အခြေအနေသို့လည်း ကောင်း၊ ပြောင်းလဲအောင် တတ်နိုင်ကောင်း တတ်နိုင်ပေမည်။ အကယ်၍သာ ကျွန်ုပ်တို့က တိမ်းရှောင်နိုင်သည့် နည်းများကိုဖြစ်စေ၊ ခုခံကာကွယ် တိုက်ခိုက် နိုင်သည့်နည်းများကိုဖြစ်စေ၊ မတွေ့သမျှကာလပတ်လုံး ၎င်းတို့သည် အထက်ပါ ကြောက်မက်ဖွယ်ကောင်းသော အရာများကို ပြုလုပ်လိမ့်မည်ဟု စဉ်းစား၍ ဆိုးနိုင်အောင်ရှိတော့၏။

ဤ 'ကရာကင်ဇိက်' ဝတ္ထုမှာ ဤကဲ့သို့ အခြေအနေမျိုးကို ရေးသား ဖော်ပြသည့် ဝတ္ထုမျိုးဖြစ်၏။ ဇာတ်ကြောင်းကို ပြန်ပြောသူမှာ 'အီး-ဘီ-စီ' ခေါ် စိတ်ကူးယဉ် 'အင်္ဂလိပ်အသံလွှင့်ကုမ္ပဏီ' တွင် သတင်းထောက်နှင့် ဆောင်းပါးရေးသူ အလုပ်ကို လုပ်ကိုင်နေကြသည့် 'မိုက်ကယ်ဝပ်ဆင်' နှင့် သူ၏ဇနီး 'ဖိလစ်ဝပ်ဆင်' ဆိုသူ ဇနီးမောင်နှံဖြစ်၏။ သူတို့၏ အလုပ်ဝတ္တရား မှာ တိုင်းပြည်လူထု စိတ်ဝင်စားလောက်သည့် သတင်းတစ်ခု ဖြစ်ပေါ်လာက 'ထိုသတင်းကို စုံစမ်းထောက်လှမ်းရန် စေလွှတ်ခြင်းခံရ၏။ ဤသို့ဖြင့် ဝပ်ဆင်ဇနီးမောင်နှံတို့မှာ ထိုလျှို့ဝှက်ဆန်းကြယ်သော သတင်းများကို အစ ကနဦးမှစ၍ လိုက်လံ စုံစမ်းထောက်လှမ်းခဲ့ရာ အဖြစ်အပျက် တစ်ခုပြီးလျှင် တစ်ခု အစဉ်အတိုင်း ကျော်လွှားခဲ့ပြီး နောက်ဆုံးတွင် အခြားမည်သည့်အရာကို မျှ မစဉ်းစားနိုင်တော့ဘဲ မိမိတို့ အသက်ရှင်ရေးအတွက်သာ ကြိုးပမ်းရသည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ကြရလေသည်။ သို့သော် အလွန်စိတ်ပျက်ဖွယ်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းသည့် အခြေအနေမျိုးနှင့်ပင် တစ်ခါတစ်ရံ ရင်ဆိုင်ခဲ့ရသော်လည်း စနီးမောင်နှံတို့မှာ မည်သည့်အခါမျှ စိတ်ပျက်အားလျော့ခြင်း မရှိခဲ့ချေ။

အသက်မွေးဝမ်းကျောင်းအလုပ် အဖြစ်ဖြင့်လည်း 'မိုက်ကယ်ဝစ်ဆင်' မှာ သတင်းစာဆရာတစ်ဦးဖြစ်သဖြင့် အဖြစ်အပျက်များကို ကွက်ကွက်ကွင်းကွင်းနှင့် အသက်ဝင်အောင် ရေးသားနိုင်၏။ ထိုအဖျက်အဆီးများကို ပြန်လည် တိုက်ခိုက်နိုင်သည့် နည်းလမ်းများကို ရှာဖွေရန် ခေါ်ယူခြင်းခံရသည့် သိပ္ပံပညာရှင်ကြီးများနှင့်လည်း သူတို့ စနီးမောင်နှံတို့သည် အကျွမ်းတဝင် မိတ်ဆွေဖြစ်ခဲ့ကြ၏။ သို့ဖြင့်လည်း ကျွန်ုပ်တို့ကမ္ဘာသို့ ကျူးကျော်လာသူများအား ပြန်လည်တိုက်ခိုက်ရန်မှာ နက်နဲစွာ တွေးတောဆင်ခြင်ခြင်းနှင့် အပြင်းအထန်တိုက်ခိုက်ခြင်းတို့ ပေါင်းစပ်ပြုလုပ်မှသာလျှင် ၎င်းတို့အား အောင်မြင်နိုင်မည့်အကြောင်း ကောင်းစွာ ထင်ရှားလာလေသည်။

ရင်ဆိုင်ရသည့် ရန်သူမှာလည်း အလွန်လျှို့ဝှက်ဆန်းကြယ်၍ အကြံဉာဏ်ကောင်းလှသောကြောင့် ဤစာအုပ်တွင် ရေးသားထားသည့် တိုက်ပွဲဝတ္ထုဇာတ်လမ်းမှာ 'သိပ္ပံပညာပေးစိတ်ကူးယဉ်'ဝတ္ထုမျိုးတွင် ထင်ရှားသည့် စံပြဝတ္ထုတစ်ပုဒ်ဖြစ်ပါကြောင်း။

◆



www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင် ပါဝင်သော ဇာတ်ဆောင်များ

မိုက်ကယ်ဝပ်ဆင်… အင်္ဂလိပ်အသံလွှင့်ဌာန ကော်ပိုးရေးရှင်း E.B.C မှ သတင်းထောက်နှင့် ဆောင်းပါးရေးသူဖြစ်၏။ ‘ဝပ်ဆင်’ဟူသော အမည်မှာ စာရေးဆရာကြီး ကိုနင်ဒွိုင်း၏ ကမ္ဘာကျော် စုံထောက်ဝတ္ထုများတွင် ပါဝင်သော စုံထောက်ကြီး ‘ရှားလော့ဟုမ်း’ ၏ မိတ်ဆွေလည်းဖြစ်၊ အကူအညီလည်းဖြစ်သူ၏ နာမည်ဖြစ်၏။ သို့နှင့် မိုက်ကယ်ဝပ်ဆင်၏ မိတ်ဆွေများက ဤတူညီသောအချက်ကိုပင် ပြောကာ တစ်ခါတစ်ရံ ပြောင်လှောင်လေ့ရှိကြ၏။

ဗီလစ်ဝပ်ဆင်… မိုက်ကယ်၏ ဇနီး။ သူသည်လည်း ဆောင်းပါးရေးသူဖြစ်၏။

ဒေါက်တာ အလစ်စတယ်ယာဖော့ကာ… သိပ္ပံပညာရှင်ကြီး၊ အမျိုးအစားတွင် လူသိနည်းပါး၏။ လူသားတစ်မျိုးလုံးအား တိုက်ခိုက်ရန် မြိမ်းခြောက်လျက်ရှိသည့် ဘေးအန္တရာယ်များအား နိုင်နင်းအောင် ကြိုးပမ်းကြရာတွင် ထိပ်တန်းမှ ခေါင်းဆောင်ပါဝင်သည့် ပုဂ္ဂိုလ်ကြီးဖြစ်၏။

ဖရက်ဒီဇွစ်တီယာ… အထက်ပါ အီး, ဘီ, စီ အသံလွှင့်ဌာနမှ “ဆောင်းပါးနှင့် အသံလွှင့်ချက်များ” ကို စီမံအုပ်ချုပ်ရသူ ဒါရိုက်တာဖြစ်၏။ သူသည် ဝပ်ဆင်ဇနီးမောင်နှံတို့အား အထက်ပါကိစ္စတွင် စုံစမ်းထောက်လှမ်းရန် အလုပ်ခွဲဝေချထားပေးခဲ့၏။

ကပ္ပတိန်ဝင်းတား…ရေတပ်ဘက်တွင် ဗိုလ်ကြီးတစ်ဦးဖြစ်၍ သင်္ဘောဖျက်ခဲ့မှုများနှင့် ပတ်သက်ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များကို ကာကွယ်ရန် စီမံကိန်းများ ချထားရာတွင် အရေးပါ အရာရောက်သောတာဝန်ခံ ‘ဗိုလ်ကြီး’ ဖြစ်၏။

www.burmeseclassic.com

## အခန်း (၁)

ဇူလိုင်လ ၁၅ ရက်နေ့ညက တွေ့မြင်ခဲ့သည့် အကြောင်းများနှင့် စပ်လျဉ်း၍ တစ်ယောက်နှင့်တစ်ယောက် ထပ်တူထပ်မျှ သဘောချင်းတိုက်ဆိုင်နေသူများမှာ ဖီလစ်နှင့် ကျွန်ုပ်သာ ဖြစ်ပေမည်။ ဖီလစ်မှာ ကျွန်ုပ်၏ ချစ်ဇနီးဖြစ်နေပြန်ရကား အချို့သူများက ကျွန်ုပ်တို့၏ နောက်ကွယ်တွင် ဖီလစ်ကို ကျွန်ုပ်က နိုင်လို့မင်းထက် မိမိဘက်သို့ပါအောင် ဆွဲဆောင်ထားသည်ဟု ဆို ကြ၏။ ထိုသို့သော ထင်မြင်ချက်မျိုးမှာ ဖီလစ်၏အကြောင်းကို မသိသူ တစ်ယောက်ယောက်က စ၍ ပြောသဖြင့် ဖြစ်ပေါ်လာဟန်တူ၏။

အချိန်မှာ ညဉ့် ၁၁ နာရီ ၁၅ မိနစ်၊ နေရာမှာ လတ္တီတွဒ် ၃၅ ဒီဂရီ၊ လောင်ဂျီတွဒ် ဂရင်းနစ်အနောက်ဘက် ၂၄ ဒီဂရီခန့်ဖြစ်၍၊ ကျွန်ုပ်တို့သင်္ဘောမှာ ဂီနီဗာဖြစ်ပြီးလျှင် ကျွန်ုပ်တို့ စနိုးမောင်နှံ ပျားရည်ဆန်းခရီး ထွက်ခဲ့စဉ်က ဖြစ်၏။ ဤအချက်အလက်များနှင့် စပ်လျဉ်း၍ကား အငြင်းပွားစရာမရှိပေ။ ကျွန်ုပ်တို့၏ ခရီးစဉ်မှာ 'မဒီးရား' ကျွန်း၊ 'ကနေရီ' ကျွန်းနှင့် 'ကိပ်ဗာဒီ' ကျွန်းတို့ဖြစ်ပြီးလျှင် အပြန်ခရီး၌ အစိုးကျွန်းစုသို့ ဝင်ရန်အတွက် မြောက်ဘက်သို့ လှည့်ခဲ့ကြရ၏။ ကျွန်ုပ်နှင့် ဖီလစ်တို့သည် လေညင်းခံရင်း သင်္ဘောလက်ရမ်းကို မှီလျက်ရှိနေကြ၏။ သင်္ဘောသည် မြစ်ပြင်တွင် သွားနေသကဲ့သို့ ငြိမ်သက်စွာ သွားလျက်ရှိရာ ကျွန်ုပ်တို့နှစ်ယောက်သည် ဝင်းလယ်ပြင်နှင့် ကောင်းကင်ပြင်တို့ အဆုံးအစမရှိပုံကို တိတ်ဆိတ်စွာ ငေးမော ကြည့်ရှုနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ရှိစဉ် ဖီလစ်က ကောင်းကင်ကို ကြည့်လျက် –

"ဒီမှာ ကြည့်စမ်းပါဦးခေါင်း၊ အင်္ဂါဂြိုဟ်ကိုကြည့်ရတာ စိတ်ဆိုးနေသလို ပဲနော်။ ပေါက်ကွဲသွားမလားခေါင်း၊ ကြိုတင်ပြီး နိမိတ်ပြတာတော့ မဟုတ်တန် ကောင်းပါဘူး..."

ကျွန်ုပ်သည် ချောက်ခြားလှစွာသော အဖြူစက်ကလေးများအကြားမှ သူ့သူနှင့်ပြနေသော အနီရောင် အစက်တစ်ခုကို ကြည့်လိုက်၍ အတော်အတန် အံ့အားသင့်သွားမိ၏။ အင်္ဂါဂြိုဟ်မှာ အရောင်ခပ်နီနီရှိသည်ကား မှန်ပါ၏။ သို့သော် ယခုကဲ့သို့ ရဲရဲတောက်ဖြစ်နေသည်ကို ယခင်က တစ်ခါမျှ မမြင်ဖူး ခဲ့သေး။ ထို့ပြင် ယခု ဤနေရာတွင် ကြယ်များတောက်ပနေပုံမှာ အိမ်တွင် ကျွန်ုပ်တို့ရှိစဉ်က တွေ့မြင်ရသည်ထက် ပိုမိုတောက်ပလျက်ရှိနေ၏။ ဤသို့ ဖြစ်ရခြင်းမှာ ကျွန်ုပ်တို့ သဆော်သည် အပူပိုင်းဒေသများအတွင်း လုံးလုံး လျားလျား ရောက်နေသောကြောင့် ဖြစ်ကောင်းဖြစ်ပေမည်။

"ဟုတ်ပါရဲ့ ကွယ်၊ မီးတောက်နေသလိုပါပဲ"

ကျွန်ုပ်တို့သည် အနီစက်ကို အတန်ကြာ ကြည့်နေကြပြန်၏။ ထို့နောက် ဖီလစ်က –

"ပြီးတော့ ဆန်းလိုက်တာ မောင်ရယ်... သူ့ကြည့်ရတာ တဖြည်း ဖြည်း ကြီးလာသလိုပဲ"

ဤကဲ့သို့ဖြစ်ရသည်မှာ ထိုကြယ်တစ်ခုတည်းကို စိုက်ကြည့်နေသဖြင့် ထင်ယောင်ထင်မှား ဖြစ်ခြင်းမျိုးသာ ဖြစ်ရမည်ဟု ကျွန်ုပ်က ရှင်းလင်းပြောပြ ရ၏။ ကျွန်ုပ်တို့သည် ဆက်လက်၍ စိုက်ကြည့်နေခဲ့ရာ ၎င်းသည်လည်း အငြင်း ပွားစရာမရှိအောင် သိသိသာသာကြီး ကြီးလာသည်ကို တွေ့ရလေသည်။

"ယောဟိုမှာ နောက်တစ်ခု... အင်္ဂါဂြိုဟ်နှစ်ခုတော့ မရှိနိုင်ပါဘူး" ဟု ဖီလစ်က ပြောလိုက်ပြန်၏။

အမှန်ပင် နောက်တစ်ခုရှိနေ၏။ ပထမအစက်ထက် အတန်ငယ် အထက်ဘက်ကျပြီးလျှင် လက်ယာဘက်၌လည်း အနီစက်ငယ်တစ်ခုကို တွေ့ရ ပြန်လေသည်။ ဖီလစ်က ဆက်လက်၍ –

"ယောဟိုမှာလဲ တစ်ခု... ဘယ်ဘက်မှာလေ၊ ကြည့်လိုက်စမ်း ပါဦး..."

သူပြောသည်မှာ အမှန်ပင်ဖြစ်၍ ဤအချိန်လောက်တွင် ပထမအစက် မှာ ကောင်းကင်တွင် ထင်ထင်ရှားရှားကြီးဖြစ်အောင် နီရဲလျက်ရှိနေလေသည်။

ကျွန်ုပ်။ ။ "ဒါတွေဟာ ဂျက်လေယာဉ်တစ်မျိုးတွေ ဖြစ်ရမယ်၊ တို့များမြင်နေရတာကလဲ အဲဒီလေယာဉ်က ထွက်လာတဲ့ တိမ်နိုးတန်းလိုဟာ တွေ အရောင်တောက်နေတာ ဖြစ်မှာဘဲ"


www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ထိုအစက်သုံးခုစလုံး တဖြည်းဖြည်း အရောင်တောက်သည်ထက် တောက်လာ၍ အောက်ဘက်သို့ မိုးကုပ်စက်ဝိုင်းမျဉ်းတန်းနှင့် အနည်းငယ်မျှသာ ကွာတော့သည့်နေရာအထိ တဖြည်းဖြည်း နိမ့်ကျသွားရာမှ ကျွန်ုပ်တို့ရှိရာသို့ ရောက်သည့်တိုင်အောင် ရေပြင်တွင် ပန်းရောင်တန်းကြီးသဖွယ် ရောင်ပြန်ဟပ်နေသည်ကို တွေ့မြင်ကြရ၏။

ဖိလစ်။ ။ "ဟော အခု ငါးခုဖြစ်လာပြီ"

အထက်ပါ အဖြစ်အပျက်များနှင့် တွေ့မြင်ခဲ့ပြီးသည့်အချိန်မှစ၍ ကျွန်ုပ်တို့နှစ်ယောက်အား ထိုအကြောင်းနှင့် ပတ်သက်၍ မေးမြန်းကြသော်လည်း ကျွန်ုပ်တို့မှာ အချို့သောသူများကဲ့သို့ အသေးစိပ်ပြောပြနိုင်စွမ်းမရှိခဲ့ပေ။ ထိုအချိန်ကသော်လည်းကောင်း၊ ယခုသော်လည်းကောင်း၊ ကျွန်ုပ်တို့ပြောနိုင်သမျှမှာ ပထမဦးစွာ တွေ့မြင်ခဲ့ရစဉ်က ယင်းတို့၏ ပုံပန်းသဏ္ဌာန်ကို အသေအချာ မတွေ့ရခြင်းပင် ဖြစ်လေသည်။ အလယ်ဗဟိုတွင် ထုထယ်နှင့် ရဲရဲနီ၍နေပြီးလျှင် ဘေးပတ်လည်တွင်ကား၊ ထိုမျှလောက် မနီရဲပေ။ ကျွန်ုပ်တတ်နိုင်သမျှ တင်ပြနိုင်သည်မှာ အတော်အတန်ထူထပ်သော ဆီးနှင်းမှောင်ထုထဲတွင် အနီရောင်တောက်ပနေသည်ကို ခပ်ဝါးဝါး မြင်ရခြင်းဖြစ်၍ ၎င်းကို စိတ်ကူးကြည့်က ကျွန်ုပ်တို့တွေ့မြင်ခံစားခဲ့ရသည့် ပုံပန်းသဏ္ဌာန် အရောင်အဆင်းမျိုးကို ခံစားသိရှိရပေလိမ့်မည်။

ကျွန်ုပ်တို့အပြင်၊ အခြားသူများလည်း သင်္ဘောလက်ရမ်းကို မှီကာကြည့်ရှုလျက် ရှိနေကြရာ ပျမ်းမျှခြင်းအားဖြင့် ပြောရမည်ဆိုသော် ၎င်းတို့အချင်းချင်းထဲတွင်ပင် စီးကရက်ပုံသဏ္ဌာန်များကို မြင်ရသူက မြင်ရ၍ ထုထယ်အားဖြင့် အလုံးအဝိုင်းအဝန်းကို မြင်ရသူက မြင်ရသည်ဆိုကာ အချို့က သံပြားဝိုင်းသဏ္ဌာန် တွေ့မြင်ရလျက် အချို့ကလည်း ဘဲဥပုံကဲ့သို့ တွေ့မြင်ရပြီးလျှင် ပန်းကန်ပြားသဏ္ဌာန် မြင်ရသူကလည်း မြင်ရသည် ထင်ကြောင်းဖြင့် ပြောဆိုနေကြသည်ကို ရေးသားဖော်ပြရပေမည်။ ကျွန်ုပ်တို့ကား ဤကဲ့သို့ မမြင်ခဲ့ကြရပေ။ ထို့အပြင် အရေအတွက်အားဖြင့်လည်း ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရသည်မှာ ရှစ်ခု၊ သို့မဟုတ် ကိုးခု၊ သို့မဟုတ် တစ်ဒါဇင်လည်း မဟုတ်ပါပေ။ ငါးခုမျှသာ တွေ့မြင်ခဲ့ရလေသည်။

ကျွန်ုပ်တို့သည် ၎င်းတို့၏ အမြန်စကေးနှုန်းထားကိုလည်း မခန့်မှန်းတတ်သဖြင့် ပမာဏအကွာအဝေးကိုလည်း မဆုံးဖြတ်နိုင်အောင် ဖြစ်ခဲ့ရ၏။ ကျွန်ုပ်တို့အဖို့ အသေချာဆုံးမှာ ၎င်းတို့သည် ရှည်လျားစွာ ထိုးဆင်းလာနေရာ ကျွန်ုပ်တို့၏နောက်သို့ လှည့်ပတ်လာတော့မည်ကဲ့သို့ ထင်ရခြင်းဖြစ်၏။ ထို့နောက်တွင် ပထမဆုံး အစက်သည် ပင်လယ်ရေပြင်နှင့် ထိသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပန်းရောင် ရေခိုးရေငွေ့လုံးကြီးတစ်ခု ပန်းထွက်လာ၏။ ထို့နောက် ဝန်းရောင် မဟုတ်တော့ဘဲ၊ လရောင်အောက်တွင် အဖြူရောင် တိမ်တောင်တိမ်လိပ်ကြီးတစ်ခုကဲ့သို့ ဖြစ်၍လာပြီးလျှင် ယခင် ရေခိုးရေငွေ့ လုံးကြီးထက် ကျယ်ပြန့်သည့် ရေခိုးရေငွေ့ပြင်ကြီးတစ်ခုသည် နေရာစပ်နီမှိန်မှိန် တွင် ရုတ်တရက် ပေါ်ထွက်လာလေသည်။ ၎င်းမှလည်း စူးစူးဝါးဝါးပေါ်ထွက် လာသည့် တရှုံးရှုံးအသံကြီးကို ကျွန်ုပ်တို့ကြားရစဉ် အဖြူရောင် ရေငွေ့ပြင် ကြီးမှာ တဖြည်းဖြည်း ပါးစပြုလျက်ရှိနေလေပြီ။ ထိုအခါ ထိုနေရာတစ်ဝိုက်ရှိ မြေပြင်မှာ ဘောင်ဘင်ခတ်ကာ အမြုပ်တစီစီဖြစ်နေလျက် ရေခိုးရေငွေ့များ ပြန့်လွင့်ပျောက်ကွယ်သွားသောအခါ နေရာတစ်ကွက်၌သာ လှုပ်လှုပ်ရှားရှားရှိနေ ပြီးနောက် တဖြည်းဖြည်း ငြိမ်သက်သွားသည်မှတစ်ပါး မည်သည့်အရာကိုမျှ မတွေ့မမြင်ရတော့ပေ။

ထို့နောက် ဒုတိယအစက်သည် ထိုနေရာလောက်၌ပင် ထိုနည်းတူ ကျလာပြန်၏။ ငါးခုစလုံးပင် ရှူးကနဲ၊ ရှီးကနဲ အသံကြီးများဖြင့် ရေခိုးရေငွေ့ လုံးကြီးများ ပေါ်ထွက်စေလျက် ပင်လယ်ရေမျက်နှာပြင်သို့ ထိုးဆင်းကျရောက် သွားကြ၏။ ထို့နောက် ရေခိုးရေငွေ့များ လွင့်စင်ပျောက်ကွယ်သွားသောအခါ လှုပ်ရှားလျက်ရှိနေသော ရေကွက်အနည်းငယ်ကိုသာ တွေ့ရတော့၏။

'ဂီနီဗာ' သင်္ဘောပေါ်တွင် ခေါင်းလောင်းသံများဆူညံသွား၍ အင် ဂျင်စက်သံများ ပြောင်းသွားပြီးလျှင် သင်္ဘောလမ်းကြောင်းလည်း ပြောင်းသွား တော့၏။ အချို့သင်္ဘောသားများသည် အသက်ကယ်လှေများကိုချ၍ လှော် ခတ်ရန်ထွက်လာကြပြီးလျှင် အချို့ကား အသက်ကယ်ခါးပတ်များကို ပစ်ချ လိုက်ကာ သင်္ဘောကြမ်းပြင်၌ ဝပ်၍နေကြလေသည်။

ကျွန်ုပ်တို့သည် ထိုနေရာတစ်ဝိုက်တွင် ၄ ကြိမ်မျှ ခေါက်တုံ့ခေါက် ပြန် ခုတ်မောင်းရှာဖွေကြ၏။ သို့သော် မည်သည့်အရာဝတ္ထုမျိုး၏ အရိပ် အယောင်ကိုမျှ မတွေ့ရဘဲ၊ နောက်ပိုင်းဘက်မှလွဲ၍ ကျွန်ုပ်တို့အနီးတစ်ဝိုက်ရှိ ပင်လယ်ပြင်သည် လရောင်အောက်တွင် မလှုပ်မရှား တည်ငြိမ်လျက် ဝလာဟင်းလင်း ဖြစ်နေလေသည်။

*

နောက်တစ်နေ့နံနက်၌ ကျွန်ုပ်သည် သင်္ဘောကပ္ပတိန်နှင့် စကား ပြောလို၍ ၎င်းထံသို့ ကျွန်ုပ်၏ အလုပ်အကိုင်နှင့် နေရပ်လိပ်စာကပ်ပြားကလေး ကို တင်သွင်းလိုက်၏။ ထိုစဉ်က ကျွန်ုပ်လည်း အီး၊ ဘီ၊ စီတွင် အမှုထမ်းလျက် ရှိရာ ယမန်ညဥ့်က အဖြစ်အပျက်နှင့်ပတ်သက်၍ ၎င်းတို့သည် ကျွန်ုပ်ထံမှ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပါးတစ်စောင်ကို အသံလွှင့်ရန် လိုချင်လိမ့်မည်ဖြစ်ကြောင်း သင်္ဘောကပ္ပတိန်အား ရှင်းလင်းပြောပြရလေသည်။ ထိုအခါ ကပ္ပတိန်သည် သူ၏ပြောနေကျဆိုနေကျအတိုင်း ကျွန်ုပ်အား စကားလက်ခံပြောဆိုလျက် ရှိလေ၏။

တိန်။ ။ "ဪ... ဘီ၊ ဘီ၊ စီ ကလား"

သို့နှင့် ကျွန်ုပ်က အီး၊ ဘီ၊စီမ ဖြစ်ကြောင်းပြောပြရ၏။

ထိုစဉ်က အီး၊ ဘီ၊ စီ ဖွဲ့စည်းတည်ထောင်ထားသည်မှာ မကြာလှသေးသဖြင့် အခါတိုင်းလိုလိုပင် အီး၊ ဘီ၊ စီ၏ အကြောင်း ရှင်းလင်းပြောပြရလေရာ၊ ယခုတစ်ကြိမ်လည်း ထပ်မံရှင်းပြရပြန်လေပြီ။

ကျွန်ုပ်။ ။ ဒီအကြောင်း ကျွန်တော် ပြောရမယ်ဆိုရင် ခရီးသည်တိုင်းဟာ တစ်ယောက်တစ်မျိုးစီ ပြောနေကြတာပဲ ကပ္ပတိန်... အဲဒီတော့ ကျွန်တော်သိထားတဲ့အချက်ကို ခင်ဗျားရဲ့ တရားဝင်စ သိရှိထားတဲ့ အချက်နဲ့ ကိုက်မကိုက် တိုက်ဆိုင်ကြည့်ရင် ကောင်းမလားလို့ ကျွန်တော် လာခဲ့တာပဲ"

တိန်။ ။ "အင်း... အတော်ကောင်းတဲ့ အကြံပဲဗျို့... ကိုင်း ဆိုစမ်းပါဦး၊ ခင်ဗျားရဲ့ ထင်မြင်ချက်ကို ပြောစမ်းပါ"

ကျွန်ုပ်၏ထင်မြင်ချက်ကို ပြောပြီးသောအခါ ကပ္ပတိန်သည် ဦးခေါင်းကို ညိတ်လိုက်ပြီးနောက်၊ သင်္ဘောမှတ်တမ်းစာအုပ်ကြီးတွင် သူရေးမှတ်ထားသမျှကို ကျွန်ုပ်အား ထောက်ပြလေသည်။ အချက်အလက် အတော်များများ၌ပင် ကျွန်ုပ်တို့သည် သဘောချင်း တိုက်ဆိုင်လျက်ရှိနေ၏။ အတိအကျပြော ရမည်ဆိုသော် အရာဝတ္ထု (၅) ခုမြင်ရသည်ဟူသော အချက်တွင်လည်းကောင်း၊ ၎င်းတို့အား ပုံပန်းသဏ္ဌာန်အတိအကျ သတ်မှတ်၍မရဟူသော အချက်တွင်လည်းကောင်း၊ သဘောချင်း တိုက်ဆိုင်ခဲ့၏။ ၎င်းတို့ ပြေးသွားသော အမြန်နှုန်း၊ ၎င်းတို့၏ အရွယ်အစားပမာဏ၊ ၎င်းတို့၏ တည်နေရာများနှင့် စပ်လျဉ်း၍ သူ၏ ခန့်မှန်းချက်များမှာ ပင်လယ်ရေကြောင်းဘက်ဆိုင်ရာ ပညာကိစ္စများသာဖြစ်၏။ ၎င်းတို့သည် 'ရေဒါစကရင်' ပေါ်တွင် လာ၍ပေါ်သည်ကို လည်းကောင်း၊ ၎င်းတို့အား အမျိုးအစားမသိရသေးသည့် လေယာဉ်တစ်မျိုးဖြစ်သည်ဟု ယာယီအားဖြင့် ယူဆထားသည်ကိုလည်းကောင်း ကျွန်ုပ်သိရှိရလေသည်။

ကျွန်ုပ်။ ။ "ခင်ဗျားရဲ့ ကိုယ်ပိုင်အယူအဆကတော့ ဘယ်လိုတုံးဗျ၊ ဒီလိုဟာမျိုး ခင်ဗျားအရင်က မြင်ဖူးသလားဗျာ"

ကပ္ပတိန်။ ။ "ဟင့်အင်း၊ ကျုပ်တစ်ခါမှ မမြင်ဖူးပါဘူး"

သို့သော် ဤသို့ပြောရာ၌ သူသည် ဆုတ်ဆိုင်းဆိုင်းဖြစ်၍နေပုံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ . ။ "ဒါကို ရှာကြည့်ရင်ကော အကျိုးရှိမယ်လို့ ခင်ဗျား ထင်သလား... ဟင်... နေရာကိုတော့ အသေအချာ ထောက်မိပြီ မဟုတ်လား"

ကပ္ပတိန်သည် ဦးခေါင်းကို ခါလိုက်ပြီးနောက်–

"အဲဒီနေရာက ရေနက်တယ်... ဖါသမ် (အလံ) ၃၀၀၀ ကျော်တယ် ဗျို့ အတော်နက်တဲ့နေရာပေါ့"

ကျွန်ုပ်တို့သည် အချိန်အတန်ကြာ ဆက်လက်ပြောဆိုနေခဲ့သော်လည်း သဘောတရား တစ်စုံတစ်ရာကို ထုတ်ဖော်ပြောရန် ကျွန်ုပ်မစာတ်နိုင်ခဲ့ပေ။ သို့နှင့် မကြာမီ သူ့အား နှုတ်ဆက်ထွက်လာခဲ့၍ ကျွန်ုပ်တွေ့မြင်ခဲ့သမျှကို ရေးသားပြီးနောက် လံန်ဒန်နှင့် ဆက်သွယ်မိအောင် အီး၊ ဘီ စီ ရက်ကော်ဒါ တစ်ခုသို့ ကျွန်ုပ်ရေးထားသမျှကို နှုတ်တိုက်ချပေးလေသည်။

ထိုနေ့ညနေပိုင်းတွင် ထိုသတင်းကို အပြည့်သတင်းအဖြစ်ဖြင့် အသံလွှင့်ခဲ့ရာ၊ လူအချို့အတွက် မျက်ခုံးများ တွန့်တက်သွားအောင်ထက် ပို၍ မစာတ်နိုင်ဟု မျှော်လင့်ရသော သတင်းဆန်းတစ်ခုသာ ဖြစ်လေသည်။

*

အချိန်တိုင်ရောက်သောအခါ ကျွန်ုပ်တို့၏ ဂိနိဗာသင်္ဘောသည် ခရီးလမ်းခင်းအတိုင်း နောက်ထပ်တစ်စုံတစ်ရာ ထူးထူးခြားခြား မတွေ့ရဘဲ နောက်ဆုံးတွင် 'ဆောက်သမ်ပတန်' ဆိပ်ကမ်းတွင် ဆိုက်ကပ်မိလေ၏။ ကျွန်ုပ်တို့ အဖို့ နောက်ထပ်တစ်စုံတစ်ရာ ထူးထူးခြားခြား တွေ့လိမ့်ဦးမည်ဟု မမျှော်လင့်ခဲ့သော်လည်း၊ ယခုတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်သည်ပင် အမှတ်တရဖြစ်စေလောက်ပါပေ၏။ စင်စစ်သော်ကား အတော်ကွာလှမ်းသည့် တစ်ခုသော အနာဂတ်ကာလတွင် "မင်းတို့ အဘွားနဲ့ ငါနဲ့ ဟန်းနီးမွန်း ခရီးထွက်တုန်းက ဝင်လယ်တွာဝါကြီးတစ်ကောင်ကို တွေ့ခဲ့ရတယ်ကွဲ..."ဟု လုံးလုံးလျားလျားဝင် မမှန်သော်လည်း ထိုကဲ့သို့ပြောနိုင်သည့် အခြေမျိုးသို့ ရောက်လုနီးနီး ဖြစ်ခဲ့လေသည်။

ကျွန်ုပ်တို့သည် သင်္ဘောမှဆင်းခဲ့၍ 'ချယ်လဆီ' ရှိ ကျွန်ုပ်တို့၏ အိမ်အသစ်စက်စက်သို့ ရောက်ရှိပြီးနောက် တနင်္လာနေ့နံနက်တွင် အီး–ဘီ–စီ ရုံးသို့သွားရောက်ခဲ့ရာ၊ ကျွန်ုပ်မရှိသည့်အခိုက် 'မိုင်ယားဆော်လ်ဝပ်ဆင်' (မီးလုံးဝပ်ဆင်) ဟု ကျွန်ုပ်အား ကင်ပွန်းတပ်သားပြီး ဖြစ်သည်ကို တွေ့ရလေသည်။ ဤကဲ့သို့ဖြစ်ရသည်မှာ ကျွန်ုပ်ထံသို့ အရပ်ရပ်မှ ပေးပို့ကြသော စာများကြောင့်ဖြစ်၏။ ရုံးမှလူများသည် ကျွန်ုပ်ထံသို့ ရောက်လာသည့် စာဝင်ပုံကြီးကို ကျွန်ုပ်အား ထိုးပေးပြီးလျှင် ထိုကိစ္စကို ကျွန်ုပ်က စခဲ့သောကြောင့် ကျွန်ုပ်ပင် ဆက်လက်လုပ်ကိုင်သင့်ကြောင်း ပြောကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စာများကို ရွေးထုတ်လိုက်ပြီးနောက် ကျွန်ုပ်တို့ တွေ့ခဲ့ရသည့် မီးလုံးများနှင့်အလားတူ မီးလုံးများအကြောင်း ရေးသားထားဟန်တူသည့် စာ ၆ စောင်သာကျန်ရှိတော့၏။ အထူးသဖြင့် အတန်ငယ် လျှို့ဝှက်သည့်သဘောဖြင့် ရေးသားထားသော စာတစ်စောင်ကမူ အချိန်မရွေး နေ့လည်စာ ကောင်းကောင်း ရနိုင်သည့် 'လာပလွမ်ဒေါ်' (LAPLUME DO'R) ပျော်ပွဲစားရုံတွင် စာရေးသူနှင့် လာရောက်တွေ့ဆုံရန် ဖိတ်ကြားသော စာဖြစ်လေသည်။

နောက် တစ်ပတ်ခန့်ကြာသောအခါ ကျွန်ုပ်သည် စာရေးသူက ဖိတ်ကြားသည့်အတိုင်း ထိုပျော်ပွဲစားရုံသို့ သွားရောက်လေ၏။ ကျွန်ုပ်ကို ဖိတ်ကြား၍ စောင့်ဝတ်ပြုသူမှာ ကျွန်ုပ်ထက် ၂ နှစ် ၃ နှစ်ခန့် ကြီးသူဖြစ်၍ သူသည် တီယိုပီပီ ၄ ခွက်မှာလိုက်ပြီးနောက် စာထဲ၌ပါသောနာမည်မှာ သူ၏ နာမည်ရင်း မဟုတ်ကြောင်း၊ သူသည် အာ၊ အေ၊ အက်(ဖ) (ဘုရင့်လေတပ်တော်) မှ ကပ္ပတိန် (ဗိုလ်ကြီး) တစ်ဦးဖြစ်ကြောင်းနှင့် စကားစလိုက်လေသည်။

(ထိုသူ) "ခင်ဗျားသိတဲ့အတိုင်း ဒီကိစ္စက အတော်ခက်တယ်ဗျ၊ ခုနေတော့ ကျုပ်ဟာ မျက်စိမှားပြီး ထင်ယောင်ထင်မှားဖြစ်တာပဲလို့ အပြောခံနေရတယ်... ဒါပေမယ့် ယောင်မှားမှုတစ်ခုမဟုတ်ကြောင်း နောက်ထပ် အထောက်အထား အလုံအလောက်ရလာရင်လဲ ဒါကို အစိုးရပိုင်းဆိုင်ရာက လျှို့ဝှက်ချက်တစ်ခုအနေနဲ့ သိုသိပ်ထားမှာ မုချပဲ..."

ကျွန်ုပ်က နားလည်သဘောပေါက်ဟန်ဖြင့် ဦးခေါင်းကိုညိတ်လိုက်၏။ သို့နှင့် သူက ဆက်လက်၍...

(ဗိုလ်) "သုံးလလောက်တော့ ရှိပါပြီဗျာ... ကျုပ်ဟာ ဖော်မိုဆာကျွန်းရဲ့ အရှေ့ဘက် မိုင်သုံးလေးရာလောက်အကွာမှာ ကင်းလှည့်နေကျ ပုံစံအတိုင်း လေယာဉ်ပျံတစ်စင်းနဲ့ ကင်းလှည့်နေတုန်းမှာ..."

(ကျွန်ုပ်) "ကျုပ်တို့ ဒီလိုလုပ်နေတာ..."

"အို... လူသိနတ်ကြားမဖြစ်တဲ့ ကိစ္စတွေ အများကြီးရှိတယ်ဗျာ၊ ဒါပေမယ့် အထူးတလယ် လျှို့ဝှက်ထားတာတော့မဟုတ်ဘူးပေါ့၊ အင်း...ပြောရဦးမယ်... အဲဒီလို ကျုပ်ကင်းလှည့်နေတုန်း၊ အဲဒီဟာကြီးတွေက နောက်ဘက် မျှော်လှမ်းမမြင်နိုင်တဲ့ နေရာမှာရှိနေတယ်... ဒါပေမယ့် 'ရေဒါ'ထဲမှာ လာပေါ်ပြီ အနောက်ဘက်က မြန်မြန်ကြီးလာနေတာကို တွေ့လိုက်ရတယ်..."

ထိုနောက် ဘုရင့်တပ်မတော်မှ ကပ္ပတိန် (ဗိုလ်ကြီး) က ဤသို့ ရေဒါတွင်မြင်ရသောအခါ ထိုလာနေသောယာဉ်များကို စုံစမ်းရန် ဆုံးဖြတ်လိုက်ကြောင်း သူ၏ လေယာဉ်ဖြင့် ကြားဖြတ်၍ ခံရန် အပေါ်သို့ ထိုးတက်လိုက်ကြောင်း၊ ရေဒါတွင်လည်း ထိုယာဉ်များသည် သူ၏နောက်ဘက်တွင် အပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှ တစ်ပြောင့်တည်းတန်း၍ လာနေသည်ကို ဆက်လက်တွေ့မြင်ရကြောင်း၊ သူသည် ထိုယာဉ်များနှင့် စကားကမ်းလှမ်းဆက်သွယ်ရန် ကြိုးစားသော်လည်း ထည်းလို့၍ တုံ့ပြန်ခြင်းမပြုကြောင်း၊ ၎င်းတို့သည် သူ၏ လေယာဉ်ကို တဖြည်းဖြည်း မီလာအောင် ရှေ့သို့ဆက်လက်၍သာ လျှင်မြန်စွာ လာနေသည်ကို တွေ့ရကြောင်းဖြင့် ပြောပြ၏။ ထို့နောက် ကပ္ပတိန်က ဆက်လက်၍...

"ကျုပ်ဟာ... နောက်တစ်ကြိမ်ဆက်သွယ် ကြည့်သေးတယ်ဗျ၊ ဒါပေမတ့် သူတို့ဟာ ကျုပ်ကိုရော ကျုပ်ရဲ့ အချက်ပြအထိမ်းအမှတ်တွေကို ရော ဘာမှဂရုမစိုက်ပါဘူးဗျာ... တဖြည်းဖြည်း နီးလာလေလေ... သူတို့ဟာ လေယာဉ်မှ ဟုတ်ပါလေစလို့ သံသယဖြစ်လာလေလေပဲဗျို့၊ ခင်ဗျား ရှေ့ဒီမှိုကနေပြီး ပြောသလိုပဲ အလယ်မှာ နီရဲနေတဲ့ ပန်းရောင်လုံးကြီးဗျ၊ ကျုပ်အထင်ပြောရမယ်ဆိုရင် နီရဲနေတဲ့ နေအငယ်စားကလေးတွေပေါ့ဗျာ... ဘာပဲဖြစ်ဖြစ် သူတို့ကို ပိုမြင်ရလေလေ... ပိုသဘောမကျလေလေဖြစ်လာ တာနဲ့ စက်သေနတ်တွေကို ရေဒါအထိန်းနဲ့ ချိန်လိုက်ပြီး ရှေ့ကို သူတို့ကျော် သွားအောင် ကျုပ်စောင့်နေလိုက်တယ်..."

(ကျွန်ုပ်) "အင်း... ပြောပါဦး..."

(ကြီး) "ကျုပ်အထင် ဒီဟာကြီးတွေဟာ ကျုပ်ယာဉ်ကို ကျော် သွားတဲ့အချိန်မှာ တစ်နာရီမိုင် ၇၀၀၊ ဒါမှမဟုတ် ၇၀၀ ကျော်ကျော်နှုန်း လောက် သွားနေတယ်ထင်တယ်... တစ်စက္ကန့် နှစ်စက္ကန့်လောက်ကြာတော့ ရှေ့ဆုံးကဟာ ရေဒါမှာ လာပေါ်တာနဲ့ တစ်ခါထဲ စက်သေနတ်တွေလဲ... ပစ်တော့တာပဲဗျို့"

"ဒီတော့ ဘယ်လိုဖြစ်သလဲဗျ၊ ဆက်စမ်းပါဦး..."

"ကျုပ်လေယာဉ်က ပစ်တာ တစ်ချက်မှ နောက်မကျပါဘူးဗျာ၊ သေနတ်တွေက ပစ်လိုက်တာနဲ့ တစ်ပြိုင်နက်ထဲလိုလိုပဲ၊ အဲဒါကြီးလဲ ပေါက် ကွဲတော့မလိုဖြစ်လာတယ်... ဒါပေမယ့် ပေါက်ကွဲတယ်များထင်သလား..." ဒါကြီးဟာ အကြီးအကျယ် ဖောင်းပွထလာပြီးတော့ နီနေရာက ပန်းရောင် ဝန်းရောင်ကနေပြီး အဖြူဖြစ်သွားတယ်... ဒါပေမယ့် အနီစက်နည်းနည်းက တော့ ဟိုနေရာ ဒီနေရာ ရှိနေသေးတယ် အဲဒီနောက် ကျုပ်ရဲ့ လေယာဉ်ဟာ တစ်စုံတစ်ခုနဲ့ တိုက်မိသလို တုံ့ကနဲ ဖြစ်သွားတယ်..." အစအနတချို့ကို သွားတိုက်မိတယ်ထင်ပါရဲ့ ဗျာ၊ ကျုပ်ဟာ စက္ကန့်အတော်ကြာကြာ ဘာလုပ်ရ မှန်းမသိဘဲ ဖြစ်သွားမိတယ်... ဒါပေမယ့် ကျုပ်ကံအတော်ကောင်းတယ်ဗျ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်လဲ ဒီဟာကြီးတွေရဲ့ အရှုပ်အထွေးကြားက လွတ် ထွက်လာရော လေယာဉ်လဲ အောက်ကို အမြန်ထိုးကျနေတာကို တွေ့ရတော့ တယ်... တစ်ခုခုကြောင့် ကျုပ်ရဲ့ လေယာဉ်ညာတောင်ပံ ပေးပုံ သုံးပုံဟာလဲ

www.burmeseclassic.com



ပြတ်ထွက်သွားတယ်... ဘယ်တောင်ပံ အဖျားကတော့ လိမ်ကောက်သွားတာပဲဗျာ၊ အဲဒီတော့ ကျုပ် ထင်နေရာက မြောက်ထွက်လာအောင် ခလုပ်နှိပ်ဖို့ အချိန်ကျပြီဆိုပြီး ခလုပ်နှိပ်လိုက်တော့လဲ ထုံးစံအတိုင်း ခလုပ်ဟာ ကောင်းနေသေးတယ်ဗျ..."

သူသည် စဉ်းစားနေဟန်ဖြင့် ခေတ္တရပ်နားလိုက်၏။ ထို့နောက် ဆက်လက်၍..."

"ကျုပ်ပြောတာဟာ ခင်ဗျားသိထားတာကို ထောက်ခံအတည်ပြုတာထက်တော့ သိပ်ပိုလိမ့်မယ် မထင်ပါဘူး... ဒါပေမယ့် အချက်နှစ်ချက်တော့ ရှိတယ်ဗျ၊ တစ်ချက်က သူတို့ဟာ ခင်ဗျား မြင်ခဲ့တဲ့ဟာတွေထက် ပိုမြန်မြန်ကြီးသွားနိုင်တယ် ဆိုတာရယ်... နောက်တစ်ချက်တော့ သူတို့ဟာ ဘာပဲဖြစ်ဖြစ် သူတို့ကို လွယ်လွယ်ကူကူ ဖျက်ဆီးပစ်လို့ ရနိုင်တယ်ဆိုတာရယ်... အဲဒီအချက်နှစ်ချက်ရှိတယ်..."

ကျွန်ုပ်တို့သည် အသေးစိပ် ဆက်လက်ဆွေးနွေးပြောဆိုလျက် ရှိကြရာ လေတပ်ဗိုလ်ထံမှ နောက်ထပ် သိရှိရသမျှ အားလုံးလိုလိုပင် အထက်ပါ အချက်များ ဖြစ်လေသည်။ ထိုအချက်အလက်များနှင့်တကွ၊ ၎င်းတို့သည် ထိမှန်သည့်အခါ အပိုင်းပိုင်းအစစ ကွဲသွားခြင်းမရှိဘဲ၊ လုံးလုံးလျားလျား ဆါက်ကွဲတတ်သည့် သဘောတရားကို သိရှိရခြင်းဖြစ်၏။ ယင်းအချက်များသည်ကား ယခင်က သဘောပေါက်ခဲ့ပုံထက် ပိုမိုလေးနက်သည့် သဘောကို ဆောင်သော အချက်အလက်များပင် ဖြစ်လေသည်။

နောက်ရက်သတ္တပတ်အနည်းငယ်အတွင်း ၎င်းတို့နှင့် ပတ်သက်၍ နောက်ထပ်တစ်စုံတစ်ရာ အကြောင်းမထူးသော်လည်း ကျွန်ုပ်ထံသို့ နောက်ထပ်စာ အမြောက်အမြားပင် တဖွဲဖွဲ ရောက်လာလျက် ရှိနေ၏။ သတင်းအစအနများ တဖြည်းဖြည်း စုဆောင်းလာခဲ့မိ၍ (၂)နှစ်နီးပါးမျှအကြာတွင် ထိုအကြောင်းများသည် သိသိသာသာ လူသိရှင်ကြားဖြစ်၍လာကာ အရေးတယူပြောဆိုလျက် ရှိကြလေသည်။

ဤတစ်ကြိမ်တွင် ထိုထူးဆန်းသော အရာများ (အနီလုံးကြီးများ) ထို ၁၃ ခုမျှ တွေ့မြင်ကြရ၏။ ဖင်လန်နယ် မြောက်ပိုင်းရှိ ရေဒါစခန်းတစ်ခုမှ ဦးစွာဖမ်းမိ၍ ယင်းတို့၏ အသွားနှုန်းမှာ တစ်နာရီလျှင် ၁၅၀၀ ဖြစ်ပြီးလျှင် အနောက်တောင်ဘက်ဆီသို့ ဦးတည်သွားနေသည်ဟု ခန့်မှန်းရ၏။ ထိုသတင်းကို ပြန့်ချိခဲ့ရာတွင် ထိုစခန်းမှ အမျိုးအမည်မသိရသော လေယာဉ်များဟုသာ ဖော်ပြခဲ့၏။ ယင်းတို့အား မိမိတို့နယ်နိမိတ်ကို ဖြတ်သန်းသွားခဲ့စဉ် ဆွစ်လူမျိုး (ဆွီဒင်နိုင်ငံသားများ) များက ဖမ်းမိပြန်၍ မျက်မြင်အားဖြင့် အမျိုးမျိုးတွေ့ခဲ့ရာ၊ ယင်းတို့မှာ အနီစက်ကလေးများဖြစ်သည်ဟု ဖော်ပြခဲ့၏။ မြောက်လတ္တီတွဒ်



www.burmeseclassic.com

www.burmeseclassic.com



၆၅ ဒီဂရီခန့်တွင် ရှိနေသော မိုးလေဝသ ခန့်မှန်းရေးသင်္ဘောတစ်စင်းကလည်း ယင်းတို့အကြောင်းကို ဖော်ပြခဲ့ရာ၊ စောစောကတွေ့ခဲ့ရပြီး ဖြစ်သော မီးလုံးကြီးများနှင့် တိတိကျကျ တူညီလျက် အသွားနှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀၀ နီးပါးဖြစ်သည်ဟု တွက်ချက်ခန့်မှန်းခဲ့ကြ၏။ ထိုနောက်တွင်ကား ယင်းတို့ကို မတွေ့ရပြန်တော့ချေ။

မကြာမီ ရုတ်ချည်းလိုပင် မီးလုံးကြီးများကို တွေ့မြင်ရကြောင်း ဆေါ်လာပြန်တော့၏။ ဝေးလံသည့် နေရာအနှံ့အပြားမှ စာများရောက်လာခဲ့ရာ စိတ်ကူးယဉ်လွန်းသည်များကို ဖယ်ထုတ်၍ ကျန်သောစာသားများကို အေးအေးလူလူ အချိန်ယူ၍ ဖတ်ရန် အသာသိမ်းထားရခြင်းကလွဲ၍ မည်သို့မျှ မတတ်နိုင်အောင်ရှိတော့၏။ သို့သော် စာများထဲတွင် ပင်လယ်ထဲသို့ မီးလုံးကြီးများ ထိုးဆင်းသွားပုံကို ဖော်ပြထားသည့် စာအမြောက်အများ ပါရှိသဖြင့် ကျွန်ုပ်ကိုယ်တိုင် တွေ့မြင်ခဲ့ရပုံနှင့် ကောင်းစွာတိုက်ဆိုင်လျက်ရှိရာ၊ ဤကဲ့သို့ ဖော်ပြထားခြင်းမှာ ကျွန်ုပ်၏ အသံလွှင့်ချက်ကြောင့် မဟုတ်ဟု ပြောရန်ခဲယဉ်းလေသည်။ အားလုံးကို ခြုံ၍ ပြောရမည်ဆိုလျှင် ယင်းတို့သည် စိတ်ကူးယဉ်မှုများ၊ မယုံနိုင်စရာ အကြောင်းအရာများ၊ တစ်ဆင့်ကြား ထင်မြင်ချက်များနှင့် လုံးလုံးလျားလျား တွင်လုံးများသာ ဖြစ်ပုံရသဖြင့် ကျွန်ုပ်အဖို့ ပို၍ မထူးခြားလှတော့ပေ။ သို့သော် စာတိုင်းတွင်မပါသည့် အချက်တစ်ခုကို ကျွန်ုပ် သတိပြုမိ၏။ ထိုအချက်ကား မည်သူတစ်ဦးတစ်ယောက်ကမျှ မီးလုံးကြီးများ ကုန်းပေါ်သို့ ထိုးကျသွားသည်ကို မြင်ရသည်ဟု မဖော်ပြခြင်းပင် ဖြစ်လေသည်။ ထို့ပြင် ရေထဲသို့ ထိုးကျသွားသည်ကို မြင်ရသူများထဲတွင်လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ ကုန်းပေါ်မှနေ၍ မတွေ့မြင်ရဘဲ အားလုံးပင် ပင်လယ်တွင်း အတော်ဝေးဝေးသို့ ရောက်ရှိနေသော သင်္ဘောများပေါ်မှလည်းကောင်း၊ သို့မဟုတ် လေယာဉ်ပျံများပေါ်မှသော်လည်းကောင်း တွေ့မြင်ခဲ့ကြရခြင်း ဖြစ်လေသည်။

ရက်သတ္တ ၂ ပတ်ခန့်အတွင်း အရွယ်အစားအမျိုးမျိုး အစုလိုက် တွေ့မြင်ကြရသည်ဟူသော သတင်းများ ဆက်လက်ရောက်ရှိလာပြန်၏။ မယုံကြည်သူများလည်း အင်အားနည်းစပြုလာပြီဖြစ်၏။ ခေါင်းအမာဆုံးဖြစ်သူများကသာလျှင် ယင်းတို့သည် ထင်ယောင်ထင်မှား ဖြစ်မှုများသာဖြစ်သည်ဟု ဆက်လက်ပြောဆိုလျက်ရှိကြလေသည်။ သို့သော် ကျွန်ုပ်တို့သည် ထိုအကြောင်းများနှင့် စပ်လျဉ်း၍ ယခင်က သိထားသမျှထက် မည်သို့မျှ ပို၍လည်းမသိ။ ဓာတ်ပုံများလည်း မရရှိခဲ့ပေ။ မကြာခဏဖြစ်နေပုံရသည်မှာ တစ်ဦးတစ်ယောက်တွင် သေနတ်မရှိသည့်အခိုက် ၎င်းတို့အား တွေ့မြင်ခဲ့ရခြင်းကြောင့် ဖြစ်ပေတော့င်း ဖြစ်ပေမည်။ သို့သော် ထိုသို့ဆိုလျှင် ၎င်းတို့သည် သေနတ်ရှိသူနှင့်တစ်ကြိမ်ကြိမ်တွင် တိုးမိရမည်သာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com


ဤကဲ့သို့ တိုးမိခဲ့သူမှာ အမေရိကန် လေယာဉ်တင် သင်္ဘော 'တပ်စကီးဂီး'(Tuskegee)ဖြစ်လေသည်။ ထိုသင်္ဘောသည် 'ပူအာတိုရီကိုး' ကျွန်းရှိ 'ဆန်ဂျူအန်' (San Juan) မြို့နှင့် မလှမ်းမကမ်းတွင် ရှိနေသည့်အခိုက်၊ မီးလုံးကြီးရှစ်ခုသည် သင်္ဘောဆီသို့ ဦးတည်လာနေသည်ဟူသော သတင်းကို 'ကူရာဆောင်း' မှ ရရှိခဲ့၏။ ထိုသင်္ဘော၏ ကပ္ပတိန်ဖြစ်သူကမူ ယင်းတို့သည် နယ်ပယ်ကို ကျူးကျော်၍ လာပါစေဟု စိတ်ထဲက ဆုတောင်းရင်း အသင့်ပြင်ဆင်ထား၏။ မီးလုံးကြီးများသည် ခါတိုင်းကဲ့သို့ပင် တည့်တည့်ကြီးလာနေရာ၊ ကျွန်းကိုဖြတ်သန်း၍ သင်္ဘောပေါ်သို့ပင် ရောက်လာတော့မည် ထင်ရ၏။ သင်္ဘောကပ္ပတိန်သည် ၎င်းတို့ ချဉ်းကပ်လာနေသည်ကို ရေဒါထဲတွင် စောင့်၍ကြည့်ရင်း အမျှော်နပ်ကြီး ကျေနပ်၍ နေ၏။ နယ်ပယ်ကျူးကျော်သည်ကို ခြင်းနိုင်သည့် အခြေအထိ သူသည် စောင့်နေခဲ့၏။ ထို့နောက် (၃) စက္ကန့်စီခြားကာ ဒုံးယာဉ် (၆) စင်းကို ပစ်လွှတ်ရန် အမိန့်ပေးပြီးနောက် သူကိုယ်တိုင်ကမူ မှောင်စပျိုးနေသည့် ကောင်းကင်ပြင်ကို နောက်ခံပြု၍ ကြည့်ရှုရန် ကုန်းပတ်ပေါ်သို့ တက်ခဲ့လေသည်။

မှန်ပြောင်းဖြင့် ကြည့်ရှုသောအခါ အနီစက် (၆) ခုတို့မှာ တစ်ခုပြီးတစ်ခု ပေါက်ကွဲရင်း မီးခိုးဖြူလုံးကြီးများ ဖြစ်သွားသည်ကို တွေ့ရှိရလေသည်။

ကျန်အနီစက် (၂) ခုမှာ မြောက်ဘက်သို့ တဖြည်းဖြည်း ရွေ့လျားပျောက်ကွယ်သွားသည်ကို စိုက်၍ကြည့်ရင်း...

"ကဲ... ဒီတစ်ခါတော့ အပြီးပဲဟေ့...၊ အခု ဘယ်သူကများ စိတ်ဝင်စားစရာ ကောင်းအောင်လုပ်ပြီး ပြောဦးမလဲဆိုတာ စောင့်ကြည့်ရဦးမှာပဲ" ဟု တစ်ကိုယ်တည်း ရေရွတ်လျက် ရှိလေသည်။

*

ရက်များသည် တဖြည်းဖြည်း ကုန်လွန်၍လာခဲ့ရာ မည်သူကမျှ တစ်စုံတစ်ရာကို ပြောဆိုခြင်း မရှိခဲ့ပေ။ သို့သော် မီးလုံးကြီးများအကြောင်း ရေးသားပေးပို့သည့် စာအရေအတွက်ကား လျော့နည်း၍ မသွားချေ။

ပြည်သူလူထု အမြဲတစေ စိတ်ဝင်စားစေရန် သတင်းအသစ်အဆန်း တစ်ခုတစ်ရာကို ရှာ၍နေမှဖြစ်ပေမည်။ သတင်းအသစ်များ မရရှိခဲ့သော်၊ မကြာမီ စိတ်ဝင်စားမှု လျော့ပါးသွားတတ်၏။ ထိုထူးဆန်းသော အရာများကား ရှိနေ၏။ ၎င်းတို့သည် လေထဲတွင် အလွန်လျင်မြန်စွာ ပျံသန်းသွားနေကြ၏။ ၎င်းတို့အား ပစ်ခတ်၍ ထိမှန်သွားသောအခါ ပေါက်ကွဲတတ်၏။ သို့သော် ၎င်းထက်ပို၍ကား မည်သို့မျှမသိရပေ။ ၎င်းတို့ကလည်း မည်သို့မျှ ပြုလုပ်ခဲ့ခြင်းမရှိ၊ ထို့ပြင် ယခုထက်ပို၍ တစ်စုံတစ်ရာ ထူးထူးခြားခြား ဖြစ်လာလိမ့်မည်ဟု ထင်ခဲ့ကြသော်လည်း ဖြစ်၍မလာခဲ့ပေ။


www.burmeseclassic.com

www.burmeseclassic.com



အချိန်သည် တဖြည်းဖြည်း ကုန်လွန်ခဲ့၍ အသစ်အဆန်းအဖြစ် ပြောစရာမရှိတော့သောအခါ ရှင်းလင်းပြောသည့် သဘောမျိုး စတင်ဖြစ်ပေါ်လာလေသည်။ အချိန်ကြာလတ်သော် သဘော်များနှင့် ကမ်းခြေစိုက်စခန်းများမှ ၎င်းတို့အား ပစ်ခတ်ခြင်းမပြုတော့ဘဲ ၎င်းတို့သွားလိုရာ လျှို့ဝှက်သော ခရီးစဉ်အတိုင်း ဆက်လက်သွားခွင့်ပေးပြီးလျှင် ထိုထူးဆန်းသော ယာဉ်တို့၏ အသွားမိုင်နှုန်း, ၎င်းတို့အား တွေ့ရသည့် အချိန်နှင့် ၎င်းတို့၏ ခရီးလမ်းကြောင်းများကိုသာ မှတ်သားထားကြ၏။ စင်စစ်သော်ကား ၎င်းတို့သည် စိတ်ဝင်စားစရာ မဟုတ်တော့ဘဲ စိတ်ပျက်စရာများသာ ဖြစ်တော့၏။

သို့သော် ကမ္ဘာတစ်ဝှမ်းလုံးရှိ ရေတပ်မတော်ဌာနချုပ်များနှင့် လေတပ်မတော် ဌာနချုပ်များတွင် ဤမှတ်တမ်းများနှင့် သတင်းများကို စုစည်းထားခဲ့၏။ ပုံပြဇယားများပေါ်တွင် ၎င်းတို့၏ ခရီးစဉ် လမ်းကြောင်းများကိုလည်း သတ်မှတ်ဖော်ပြထား၏။ တဖြည်းဖြည်းနှင့်ကား တစ်မျိုးတစ်ဖုံ ရုပ်လုံးပေါ်၍ လာခဲ့လေသည်။

အီး–ဘီ–စီ ဌာနတွင် ကျွန်ုပ်အား ထိုထူးဆန်းသော မီးလုံးကြီးများ အကြောင်းနှင့်ပတ်သက်သမျှ ပေါင်းဆုံစုဝေးရာ အဓိက ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် သဘောထားခဲ့ကြရာ အခိုက်အတန့်အားဖြင့် ကျွန်ုပ်မှာ ထိုမီးလုံးကြီးများ အကြောင်းကို မေ့မေ့ပျောက်ပျောက် ဖြစ်နေသော်လည်း နောင်တစ်နေ့နေ့တွင် ပြန်၍ ပေါ်လာလို ပေါ်လာငြား ထိုဖိုင်တွဲများကို ကောင်းစွာသိမ်းဆည်းထားခဲ့၏။ ထိုအချိန်များအတွင်း၊ ပိုမိုသေချာစေရန် သက်ဆိုင်ရာ အာဏာပိုင်များထံသို့လည်း ၎င်းတို့ စိတ်ဝင်စားမည်ထင်ရသော သတင်းအတိုအထွာကို ပေးပို့လျက်ရှိနေလေသည်။

သို့ရှိစဉ်၊ ၎င်းတို့၏ တွေ့ရှိထားချက်အချို့ကို ကျွန်ုပ်အား ပြသ၍ တိုင်ပင်ဆွေးနွေးရန်အတွက် တစ်နေ့တွင် ရေတပ်မတော်ဌာနချုပ်က ကျွန်ုပ်အား ဖိတ်ခေါ်ခဲ့လေသည်။

ကျွန်ုပ်အား ဖိတ်ခေါ်၍ ကြိုဆိုဧည့်ခံသူမှာ ဗိုလ်မှူးကြီး 'ဝင်းတား' ဆိုသူဖြစ်၍ ၎င်းက ကျွန်ုပ်အား ပြသမည်မှာ ဌာနဆိုင်ရာ လျှို့ဝှက်ချက်တစ်ရပ်ဟု အတိအကျမဆိုနိုင်စေကာမူ လူသိနတ်ကြား အသုံးပြုစေလိုကြောင်းဖြင့် စကားပလ္လင်ခံပြီးလျှင် ပြောပြ၏။ ထိုအချက်ကို ကျွန်ုပ်က သဘောတူလိုက်သောအခါ သူသည် မြေပုံများနှင့် ပုံပြဇယားများကို ထုတ်ယူလိုက်လေသည်။

ပထမဦးစွာ ထုတ်ယူလိုက်သော မြေပုံမှာ ကမ္ဘာမြေပုံတစ်ချပ်ဖြစ်၍ ထိုမြေပုံပေါ်တွင် သေးငယ်ထင်ရှားသည့် မျဉ်းကြောင်းကလေးများ ခွဲထား၏။ မျဉ်းကြောင်းကလေးတစ်ခုစီကိုလည်း သေးငယ်သော ဂဏန်းများ၊ အမှတ်စဉ်များနှင့် နေ့စွဲများရေးထိုးထားလေသည်။ ရုတ်တရက်အားဖြင့် ကြည့်လိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ချင်း ပင့်ကူအိမ်တစ်ခုကို ရေးဆွဲထားသည်နှယ်ပင် တူလေသည်။ ထို့အပြင် ထိုနေရာ၊ ဤနေရာစသည့် နေရာအနှံ့အပြား၌လည်း အနီစက်အစုကလေးများကို တွေ့ရလေရာ၊ ထိုအစုကလေးများမှာ ထိုပင့်ကူအိမ်ကြီးကို ဖွဲ့လိုက်သည့် ပင့်ကူကလေးများနှင့်လည်း တူနေတော့၏။

ဗိုလ်မှူးကြီး ဝင်းတားသည် မှန်ဘီလူးတစ်ခုကို ကောက်ယူလိုက်ပြီးလျှင် 'အဖိုး' ကျွန်းစု၏ အရှေ့တောင်ဘက် ဒေသတဝိုက်ပေါ်တွင် မှန်ဘီလူးကို တင်၍ ပြလိုက်၏။

"အဲဒါ... ခင်ဗျားရဲ့ ပထမဆုံး တွေ့ရှိချက်ပေါ့"

ကျွန်ုပ်သည် မှန်ဘီလူးဖြင့် ထိုနေရာကို ကြည့်လိုက်ရာ (၅) ဂဏန်းနှင့် ယှဉ်တွဲနေသော အနီစက်တစ်ခုကို တွေ့ရလေသည်။ ထိုနေရာ၌ အချိန်နှင့် ရက်စွဲများကိုလည်း ရေးသားဖော်ပြထားရာ၊ ယင်းတို့မှာ ဂိနီဗာသင်္ဘောပေါ်တွင် ကျွန်ုပ်နှင့် ဇနီးသည် ဖိလစ်တို့က သင်္ဘောလက်ရမ်းကိုမှီကာ ကျွန်ုပ်တို့မြင်ရသော မီးလုံးကြီးများသည် ရေခိုးရေငွေ့ဖြစ်ကာ ပျောက်ကွယ်သွားသည်ကို ကြည့်နေခဲ့ကြသည့် အချိန်နှင့်ရက်စွဲများပင် ဖြစ်လေသည်။ ထိုနေရာ အနီးအနားတစ်ဝိုက်တွင်လည်း အနီစက်ကလေးများ အတော်များများ တွေ့ရှိရပြီးလျှင် ယင်းတို့၌လည်း စာတမ်းများ တစ်ခုစီ ရေးထိုးထား၏။ ထို့ပြင် အရှေ့မြောက်ဗိုင်း၌လည်း နောက်ထပ် အနီစက်ကလေးများ ပြန့်ကြဲလျက်ရှိနေသည်ကို တွေ့ရ၏။

ကျွန်ုပ်။ ။ "ဒီအစက်ကလေးတွေ တစ်ခုစီဟာ မီးလုံးကြီး တစ်ခုစီ ကျသွားတဲ့နေရာကို ပြထားတာပဲ မဟုတ်လား"

ဗိုလ်မှူးကြီး။ ။ "တစ်ခုစီလဲ ဟုတ်တယ်... တစ်ခုထက်ပိုရင်လဲ ဖြစ်မယ်ပေါ့ဗျာ၊ မျဉ်းတွေကတော့ လမ်းကြောင်းကို ပြနိုင်လောက်အောင် အတင်းအလုံအလောက်ရရှိထားတဲ့ လမ်းတွေဘဲ၊ ဒါ့ထက် ဒီဟာတွေကို ခင်ဗျား ဘယ်လိုသဘောရသလဲ"

"အင်း...ကျုပ်ရဲ့ ပထမဆုံးခံစားချက်ကတော့ ဒီဟာတွေဟာ ကျုပ် စဉ်းစားစိတ်ကူးတာထက် အများကြီးရှိဦးမယ်လို့ သဘောပေါက်မိတယ်၊ ဒုတိယအချက်ကတော့ ဘာဖြစ်လို့ သူတို့ဟာ ဟောဒီလို အစက်ကလေးတွေ အစြစ် စုပြီးနေရသလဲဆိုတာပဲ"

"ကိုင်း အခု မြေပုံနဲ့ နည်းနည်းခွာပြီး ခင်ဗျားနောက်ဆုတ်ရပ်လိုက်စမ်း... ပြီးတော့ ခင်ဗျား မျက်လုံးတွေကို နည်းနည်းမှေးလိုက်ပြီး အလင်းအမှောင် သဘောမျိုးရအောင် လုပ်ကြည့်စမ်းပါ"

ကျွန်ုပ်သည် သူပြောသည့်အတိုင်း လုပ်၍ကြည့်လိုက်ရာ သူဆိုလိုသည်ကို ကောင်းစွာ တွေ့မြင်သိရှိရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ ။ "စုနေတဲ့ နေရာကို ခင်ဗျားပြောတာမဟုတ်လား"

သူသည် ဦးခေါင်းကို ညင်သာစွာညိတ်လိုက်၏။ ဦးခေါင်းကို ညိတ်ပြီးနောက် –

"ဟုတ်တယ် နေရာကြီး၅ ခုနဲ့ နေရာကလေးတွေတောင် အတော်များတယ်၊ အထူထပ်ဆုံးကတော့ 'ကျူဘာ'ကျွန်းရဲ့ အနောက်တောင်ဘက်မှာပဲ နောက်တစ်ခုကတော့ ကိုကိုးကျွန်းရဲ့တောင်ဘက် မိုင် (၆၀၀) ကွာလောက်မှာရှိတယ်၊ ဖိလစ်ပိုင်ကျွန်း၊ ဂျပန်ကျွန်းစုနဲ့ အလူးရှင်းကျွန်းစုအလွန်မှာလဲ အတော်ထူထပ်တယ်ဗျ၊ ဒါပေမယ့် ထူထပ်ပုံအချိုးအစားဟာ မှန်ကန်တယ်လို့တော့ ကျွန်ုပ်မဆိုလိုပါဘူး၊ စင်စစ်တော့လဲ တယ်မမှန်လှဘူးလို့ ကျုပ်ထင်တယ် ဥပမာ 'ဖေါ့ကလန်' ကျွန်းရဲ့ အရှေ့မြောက်ဘက် ဒေသတပိုက်ဆီမှာ လမ်းကြောင်းတချို့ဆုံနေတာကို ခင်ဗျားတွေ့နိုင်ပေမယ့် အဲဒီနေရာမှာ အနိစက်ကလေး သုံးခုသာ ရှိတယ်၊ အဲဒီနေရာတွေရဲ့ အနီးအနားတစ်ပိုက်မှာ ဒီမီးလုံးကြီးတွေကို မြင်နိုင်မယ့်လူက အနည်းအကျဉ်းလောက်ပဲရှိလို့ ဖြစ်ကောင်းဖြစ်မယ်။ ကဲ ဒီတော့ ခင်ဗျား ဒါကို ဘယ်လိုများ ထူးထူးခြားခြားသဘောပေါက်သလဲဗျာ၊ ပြောစမ်းပါဦး"

သူဘာကိုဆိုလိုကြောင်း မသိသဖြင့် ကျွန်ုပ်က ဦးခေါင်းကို ခါပြလိုက်၏။ သူသည် ရေအတိမ်အနက်ကိုပြသော 'ပုံပြဇယား' တစ်ခုကို ထုတ်ယူလိုက်ပြီးလျှင် မြေပုံအနီး၌ ချထားလိုက်ရာ ကျွန်ုပ်လည်း ထိုဇယားကို ကြည့်ရှုလျက် ရှိလေသည်။

ကျွန်ုပ်။ ။ "အစက်ကလေးတွေစုနေတဲ့ နေရာအားလုံးဟာ ရေနက်ဒေသတွေမှာချည်း၊ ရှိနေပါကလားဗျို့"

ဗိုလ်မှူးကြီး။ ။ "ဟုတ်တာပေါ့ဗျာ၊ ဒီအတိုင်းပဲပေါ့... ရေ အနက် ဖါသမ် ၄၀၀၀ အောက် လျော့တဲ့နေရာတွေမှာ ထိုးဆင်းတယ်ဆိုတဲ့ သတင်းကများလှဘူး၊ ဖါသမ် ၂၀၀၀ အောက် လျော့တဲ့နေရာတွေမှာတော့ ထိုးကျတာတစ်ခုမှ မရှိဘူး..."

ကျွန်ုပ်သည် ထိုအချက်ကို စဉ်းစားကြည့်သော်လည်း မည်သို့မျှ သဘောမပေါက်နိုင်ခဲ့ပေ။

"အဲဒီတော့ ဘယ်လိုသဘောလဲဗျ"

"ဘယ်လိုသဘောရမှာလဲ... ဒီအတိုင်းပေါ့"

ကျွန်ုပ်တို့သည် အတန်ကြာ စဉ်းစားလျက်ရှိကြကုန်၏။

ဗိုလ်မှူးကြီး။ ။ "ပြီးတော့ အားလုံးဟာ ထိုးဆင်းသွားတာချည်းပဲ... ပြန်တက်လာတယ်ဆိုတဲ့ သတင်းတော့ တစ်ခုမှ မကြားရဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူသည် အဓိကနေရာအသီးသီးကို ပုံကြီးချဲ့ကာ ရေးဆွဲထားသည့် မြေပုံများကို ထုတ်ယူလိုက်ပြန်၏။ ကျွန်ုပ်က ၎င်းတို့အား အတန်ငယ် လေ့လာပြီးနောက်…

"ဒါဘာဆိုသလဲဆိုတာ ခင်ဗျား ဘယ်လိုမှသဘောမပေါက်ဘူးလား၊ ဒါမှမဟုတ်လို့ သဘောပေါက်ရက်နဲ့ ကျုပ်ကို မပြောချင်လို့ဘဲလား"

"ခင်ဗျားမေးတဲ့ မေးခွန်းရဲ့ ပထမပိုင်းအတွက် ပြောရရင်၊ ကျုပ်တို့မှာ 'သီအိုရီ' (အဆိုပြုချက်) အတော်များများရှိတယ်ဗျ။ ဒါပေမယ့် တစ်ကြောင်းမဟုတ် တစ်ကြောင်းကြောင့် ဆိုသလို ကျေနပ်စရာမရှိလှဘူး၊ အဲဒီတော့ ဒုတိယပိုင်းကို မေးစရာမလိုတော့ပါဘူး"

ကျွန်ုပ်တို့သည် ပုံပြင်ဇယားများကို ငြိမ်သက်စွာ ကြည့်ရှုလျက်ရှိကြလေ၏။

ကျွန်ုပ်။ ။ "ကမ္ဘာကျော် စုံထောက်ကြီး 'ရှားလော့ဟုမ်း' က ကျုပ်နဲ့ နာမည်ချင်းတူတဲ့သူရဲ့ မိတ်ဆွေ 'မစ္စတာဝပ်ဆင်' ကို ပြောလေ့ပြောထရှိတဲ့ စကားလုံးတွေအတိုင်း ပြောရမလို ဖြစ်နေတယ်ဗျ… ဒါပေမယ့် ဒီတစ်ခါတော့ 'မဖြစ်နိုင်တာတွေကို ထုတ်ပစ်လိုက်ပြီးတဲ့နောက်၊ ကျန်သမျှဟာ မဟုတ်တန်ရာဘူးဆိုပေမယ့် အမှန်ဖြစ်ရမှာပေါ့' လို့ ကျုပ်က ပြောရလိမ့်မယ်၊ ကျုပ်ဆိုလိုတာက တကယ်လို့ ဒီဟာတွေကို လုပ်နေတာဟာ ဒီကမ္ဘာမြေကြီးပေါ်က နိုင်ငံတစ်ခုခုက လုပ်တာ မဟုတ်ရင်တော့…"

ကြီး။ ။ "ဒီလိုအဖြေမျိုးကိုတော့ ကျုပ် သဘောမကျဘူးဗျာ…"

ကျွန်ုပ်။ ။ "အေးလေ…ဟုတ်ပါတယ်…ဘယ်သူမှလဲ သဘောကျမှာ မဟုတ်ပါဘူး… ဒါပေမယ့် ရေနက်တွေထဲမှာရှိနေတဲ့ အရာဝတ္ထုတစ်ခုခုဟာ သူ့အလိုအလျောက် တိုးတက်ပြောင်းလဲတဲ့နည်းကို အသုံးပြုရာက အခုတော့ အတော်တိုးတက်ကောင်းမွန်တဲ့ နည်းနိသဿယတစ်ခုခုကို ဖန်တီးလာနိုင်ပြီလို့ ပြော ရင်တော့လဲ လွန်လွန်းရာ ကျနေတယ်လို့ ဆိုရမလိုဖြစ်နေတယ်ဗျ၊ ဖြစ်နိုင်စရာ နည်းလမ်းဆိုလို့ ဒီဟာတစ်ခုဘဲ ကျန်တော့တယ်"

"ဒါပေမယ့် ခင်ဗျားပြောတာက ပထမဟာထက်တောင် ပိုပြီး မယုံနိုင်စရာ ဖြစ်နေတယ်"

"ဒီလိုဆိုရင် မဖြစ်နိုင်တာတွေနဲ့အတူ ဖြစ်နိုင်တာတစ်ခုကို ကျုပ်တို့ဟာ ဖယ်ထုတ်ပစ်ရတော့မှာပေါ့… ပင်လယ်အောက် ရေနက်ပိုင်းဟာ အင်မတန် ပုန်းဖို့ ခိုဖို့ကောင်းတဲ့နေရာတစ်ခုပဲ…"

"ဒါကိုတော့ ယုံမှားစရာမရှိပါဘူးဗျာ… နို့ပေမယ့် ဒီနည်းနိသဿယနဲ့ ပတ်သက်တဲ့ အခက်အခဲတွေထဲမှာ ကျွန်ုပ်တို့ စိတ်ဝင်စားရာဖြစ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာတွေမှာ ဖိနှိပ်မှုအင်အားက စတုရန်း တစ်လက်မကို ၄ တန် ၅ တန်လောက် ရှိနေတယ်ဆိုတဲ့ အချက်ကလည်း ပါနေသေးတယ်ဗျ..."

ကျွန်ုပ်သည် မြေပုံများကိုလည်းကောင်း၊ မြေပုံများပေါ်တွင် ရှုပ်ယှက်ခတ်၍ ရှိနေသော မျဉ်းများနှင့် အနီစက်များ ချထားသည့်နေရာများကိုလည်းကောင်း ငုံ့၍ကြည့်လိုက်၏။

ကျွန်ုပ်။ ။ "ဒါနဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားတို့ တစ်ခုခုများ ဆောင်ရွက်နေသလား... ဒါမှမဟုတ်လဲ ဒီအကြောင်းကို ကျုပ် မမေးရဘူးလား..."

ကြီး။ ။ "အို... ဒါကြောင့် ခင်ဗျားကို ဒီဖိတ်လိုက်တာပေါ့ဗျာ၊ အခုပဲ ကျုပ်က ပြောပြမလို့ပါ... ကျုပ်တို့ အခုစုံစမ်းစစ်ဆေးမှုတစ်ခု ဖွင့်ပြီး စုံစမ်းတော့မလို့ဘဲ အဲဒီလို စုံစမ်းစစ်ဆေးနေတဲ့အချိန်မှာ တိုက်ရိုက်အသံလွှင့်ဖို့မပြောနဲ့... သတင်းစာတွေထဲမှာတောင် ပါဖို့သင့်တဲ့ကိစ္စ မဟုတ်သေးဘူး... နို့ပေမယ့် မှတ်တမ်းတစ်ခုတော့ ရှိသင့်တယ်ဗျ၊ ကျုပ်တို့ အတွက်လဲ မှတ်တမ်းတစ်ခုတော့ လိုလိမ့်မယ်... အဲဒီတော့ ခင်ဗျားတို့လုတွေက ဒီလုပ်ငန်းအတွက် သက်ဆိုင်ရာ အသုံးအဆောင် ကိရိယာ တန်ဆာပလာတွေနဲ့အတူ ခင်ဗျားကို လွှတ်ဖို့ စိတ်ဝင်စားမယ်များဆိုရင်..."

"ဘယ်ကို သွားရမှာလဲဗျ"

သူသည် နေရာတစ်နေရာကို လက်ညှိုးဖြင့် ဝိုင်း၍ ပြလိုက်၏။

"အင်း... ကျုပ်ဇနီးကတော့ အပူပိုင်းဒေသက နေရောင်ခြည်ဆိုရင် သိပ်သဘောကျတာပေါ့ဗျာ... နောက် အိန္ဒိယကျွန်းစုက နေရောင်ခြည်မျိုးပေါ့..."

"ပြော်... ခင်ဗျား ဇနီးဟာ အတော်ကောင်းတဲ့ ပညာပေးသတင်းဆောင်းပါးတွေကို ရေဒီယို အသံလွှင့်ဖို့အတွက် ရေးတယ်လို့ ကျုပ်ကြားဖူးတယ်..."

"ဟုတ်ပါတယ်"

*

ကျွန်ုပ်တို့သည် နောက်ဆုံးအကြိမ် ကမ်းခြေတွင် ဆိုက်ကပ်ခဲ့၍ ကမ်းမှ အတော်ကွာသည်အထိ သင်္ဘောပဲ့ပိုင်းတွင် အထူးတလည် ဆောက်လုပ်ထားသည့် ပုခက်စင်ပေါ်၌ တင်ထားသော အရာဝတ္ထုကြီးကို ကြည့်ရှုခွင့်မရကြသေးပေ။ လောကဓာတ်ပညာနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်တာများကို ကြီးကြပ်ကွပ်ကဲသော ရေတပ်ဗိုလ်မှူးဖြစ်သူသည် ထိုအရာဝတ္ထုကြီးအား ဖုံးကွမ်းထားသည့် တာရပတ်ထည်ကို ဖယ်ရှားရန် အမိန့်ပေးလိုက်သော်အခါ ကျွန်ုပ်တို့ ဝိုင်းဝန်းကြည့်ရှုနေကြသည်မှာ ဖွင့်ပွဲကလေးတစ်ခုကဲ့သို့ပင် ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com


တော့၏။ ၎င်း၏ လှို့ဝှက်ချက်ကို ထုတ်ဖော်ပြသလိုက်သည်မှာလည်း အခု သာပျက်သွားသကဲ့သို့ ရှိတော့၏။ ထိုအရာဝတ္ထုကြီးမှာ အချင်း (၁၀) ဆယ့် ခန့်ရှိသည့် သတ္တုလုံးကြီးတစ်ခုဖြစ်၍ အလုံးကြီး၏နေရာအနှံ့အပြားတွင် သဆော်ကိုယ်ထည်မှ ပြတင်းပေါက်များကဲ့သို့ ပြတင်းပေါက်ဝိုင်းများ ပါရှိလေ သည်။ ထိပ်ပိုင်းတွင် အပေါ်သို့ ကြီးမားသော အချွန်အတက်ကြီးတစ်ခု ထိုးထွက်လျက်ရှိရာ၊ ရေတပ်ဗိုလ်မှူးသည် ဂုဏ်တက်နေသည့် မိခင်တစ်ဦး၏ ဟန်ပန်မျိုးဖြင့် ထိုသတ္တုလုံးကြီးကို အတန်ကြာ ကြည့်ရှုနေပြီးနောက် ကတိအ တစ်ဦးပမာ ကျွန်ုပ်တို့အား ရှင်းလင်းပြောပြလျက်ရှိလေသည်။

"အခု ခင်ဗျားတို့မြင်ရတဲ့ ကိရိယာဟာ 'ဗက်သီစကုပ်' (ရေနက်တွင် စူးစမ်းလေ့လာရာ၌ အသုံးပြုရသော ကိရိယာ) လို့ ခေါ်တယ်ဗျ..."

သူသည် နားထောင်သူများ သဘောပေါက်လောက်အောင် အချိန် အတန်ကြာ စောင့်ဆိုင်းနေပြီးနောက် -

"အဲဒါကို စတုရမ်း တစ်လက်မမှာ ၂ တန်နီးပါးရှိတဲ့ ဖိနှိပ်အားကို ခံနိုင်အောင်လုပ်ထားတယ်၊ အဲဒီတော့ ဖါသမ် ၁၅၀၀ အထိ ဆင်းနိုင်တယ် ဆိုရပေမပေါ့၊ ဒါပေမယ့် တကယ်လက်တွေ့ကျတော့ ကျုပ်တို့ဟာ ဒီကိရိယာ ကို ဖာသမ် ၁၂၀၀ ထက်ပိုပြီးနက်တဲ့နေရာမှာ သုံးမယ်လို့မကြံပါဘူး၊ စတုရန်း တစ်လက်မမှာ ပေါင် ၇၂၀ လောက်တော့ ဆရာစားကျန်ပါသေးတယ်..."

သူသည် ဤသဘောမျိုးအတိုင်း အတော်ကြာ ဆက်လက်ပြောဆို လျက်ရှိလေရာ၊ ကျွန်ုပ်မှာ သူပြောသည်ကို ကောင်းစွာ မလိုက်နိုင်အောင် ရှိနေခဲ့၏။ သို့နှင့်ပင် သူသည် အတန်ကြာ ဆက်လက်ပြောဆိုလျက်ရှိပြန်ရာ ကျွန်ုပ်က ဖိလစ်ဘက်သို့ ,လှမ်း၍...

"ငါတော့ ဒီဖါသမ်တွေနဲ့ ပြောနေတာ နားမလည်နိုင်အောင် ဖြစ်နေ တယ်ကွယ်... ပေနဲ့ဆိုရင် ဘယ်လောက်ရှိမလဲ..."

သူသည် မှတ်စုများကို လှန်လှော၍ ကြည့်လိုက်၏။

"သူတို့ဆင်းမလို့ ကြံရွယ်ထားတဲ့ ရေနက်ဟာ ပေ ၇၂၀၀ ရှိတယ်၊ သူတို့ဆင်းနိုင်တဲ့ ရေနက်ကတော့ ပေ ၉၀၀၀"

"အဲဒီလိုဆိုတော့လဲ ပေတွေအများကြီးလို့ ထင်နေရပြန်ရော"

"ပေ ၇၂၀၀ ဆိုတော့ တစ်မိုင်နဲ့ သုံးပုံပုံ တစ်ပုံကျော်ကျော်ရှိတယ်၊ ဖိနှိပ်အားက တစ်တန်နဲ့ သုံးပုံပုံတစ်ပုံ နည်းနည်းကျော်တယ်..."

အဲ ရေတပ်ဌာနချုပ်က ဟိုငနဲ ဝင်းတားကတော့ လေးတန်နီး တန်နဲ့ ချိပြီးပြောနေတယ်။ ဆိုလိုတာကတော့ အောက်အနက် ၄ မိုင် ၅ မိုင် လောက်ဖြစ်ပါလိမ့်မယ်"


www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်ုပ်က ရေတပ်ဗိုလ်မှူးဘက်သို့လှည့်၍ "ကျုပ်တို့ သွားခဲယ့်နေရာမှာ ဘယ်လောက်နက်မလဲ" ဟု မေးလိုက်၏။

"အဲဒီနေရာဟာ ဂျမေကာနဲ့ ကျူးဘားအကြား 'ကေမင်လျှိုကြီး' (Cayman Trench) လို့ခေါ်တဲ့ ဒေသတစ်ခုပဲဗျ၊ အဲဒီက တချို့နေရာတွေဟာ အနက် ၅၀၀၀ ထက်ပိုတယ်"

"နို့ပေမယ့်"

ကျွန်ုပ်သည် မျက်မှောင်ခပ်ကြုပ်ကြုပ်ဖြင့် ပြန်၍မေးလိုက်ရာ ဗိုလစ်တ ကြားဝင်၍... "ဖာသမ် အချစ်ရဲ့ ...ပေ ၃၀,၀၀၀ (သုံးသောင်း) ပေါ့ဟု ပြောလိုက်လေသည်။

ကျွန်ုပ်။ ။ "အော် ဒါဖြင့်ရင်... အင်း ၅ မိုင်ခွဲလောက် ရှိမှာပေါ့"

ဗိုလ်မှူး။ ။ "ဟုတ်ပါတယ်"

ကျွန်ုပ်။ ။ "ဪ..."

ဗိုလ်မှူးသည် ဆက်လက်၍ ကျွန်ုပ်တို့လူစုအား ပြောပြန်လေသည်။

"ဒီလိုဗျာ၊ အခုလောလောဆယ်တော့ ဒီလောက်ပဲ တိုက်ရိုက် မျက်မြင်ကိုယ်တွေ့ လေ့လာကြည့်ရှုနိုင်ကြဦးမယ်၊ ဒါပေမယ့်လဲ..."

သူသည် ခေတ္တရပ်နား၍ ခပ်လှမ်းလှမ်းတွင်ရှိနေသော ရေတပ်သား ကြီးတစ်ခုအား မျက်လှည့်ဆရာတစ်ယောက်ကဲ့သို့ လက်ဖြင့်ရမ်းပြလိုက်၏။ ရေတပ်သားများသည် ပထမအလုံးကြီးနှင့် ပုံပန်းသဏ္ဌာန်ချင်းတူသော အတန် ငယ်သေးသည့် အလုံးကြီးကို ဖုံးထားသည့် တာရပတ်ကို ဆွဲဖယ်လျက်ရှိကြလေ သည်။ ထို့နောက် ဗိုလ်မှူးက ဆက်လက်ဟ..."

"ဗက်သီစကုပ်ဆင်းနိုင်မဲ့ ရေအနက်ထက် ဟောဒါက နှစ်ဆမက ဘူး၊ ဒါ့ထက် ပိုချင် ပိုဦးမယ့် ရေနက်ထဲမှာတောင် လေ့လာနိုင်လိမ့်မယ်လို့ ကျုပ်တို့ မျှော်လင့်ထားတဲ့ ကိရိယာသစ်တစ်ခုဘဲဗျ၊ အဲဒါကတော့ လုံးဝအလို အလျောက် သူ့ဖာသာ လုပ်ကိုင်ဆောင်ရွက်သွားမဲ့ ကိရိယာမျိုးဘဲ၊ ဒီကိရိယာ ဟာ ဖိနှိပ်အား၊ အပူချိန်၊ ရေစီး စတဲ့ဟာတွေကို အလိုအလျောက် တိုင်းထွာ မှတ်သားပြီး ရေမျက်နှာပြင်ပေါ်ကို အဲဒီတိုင်းထွာချက်တွေ ပို့ပေးနိုင်တယ်။ ဒီဟာတင် မကသေးဘူး၊ တယ်လီဗစ်ရှင်း ကင်မရာ အသေးစား ၅ ခုလဲ တပ်ထားတယ်။ ၄ ခုက နံဘေးပတ်လည် လေးဘက် လေးတန်အတွက်ဖြစ်ပြီး တစ်ခုကတော့ အောက်ဖက်အတွက် ဖြစ်တယ်"

ထိုအခိုက် သူ၏ အသံကို အလွန်တူအောင် အတုခိုး၍ ပြောလိုက် သော အသံတစ်သံက "ဒီကရိယာကိုတော့ 'တယ်လီဗက်' လို့ခေါ်တယ်" ဟု ပြောလိုက်၏။ ရေတပ်ဗိုလ်မှူးကဲ့သို့သော လူမျိုးကို ကောက်ရွတ်ရွတ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်၍မရပေ။ သူသည် ဟန်မပျက် ဆက်လက်ပြောဆိုလျက်ရှိနေလေသည်။ ထိုကိရိယာ၏ အမည်ကို ကင်ပွန်းတပ်လိုက်ပြီးဖြစ်သဖြင့် 'တယ်လီဗက်' ဟူသော အမည်သာ တွင်၍နေလေတော့၏။

ကျွန်ုပ်တို့ ရည်မှန်းထားသောနေရာသို့ ဆိုက်ရောက်ပြီးနောက် (၃) ရက်အတွင်းတွင် ကိရိယာနှစ်ခုစလုံးကို အသုံးပြုခြင်းဖြင့် စမ်းသပ်မှုများ ပြုလုပ်ကြတော့၏။ တစ်ကြိမ် စမ်းသပ်ခဲ့စဉ်က ဖိလစ်နှင့် ကျွန်ုပ်တို့သည် အမြီးစမ်းသည့်သဘောဖြင့် ဗက်သီစကုပ်ထဲတွင် ပေ ၃၀၀၊ သို့မဟုတ် ၃၀၀ ကျော်ကျော်အထိ ကျဉ်းကျဉ်းကြုံ့ကြုံ့နှင့်ပင် လိုက်ပါဆင်းသက်ကြည့်ရှုခဲ့ကြလေသည်။ ထိုအခါမှစ၍ ကျွန်ုပ်တို့ထက်ပို၍ နက်နက်ဆင်းသက်ရမည့်သူများအား မည်သို့မျှ မနာလိုဝန်တိုစိတ်မဖြစ်တော့။ ထို့နောက် ကိရိယာနှစ်ခုစလုံးကို အသေအချာ စစ်ဆေးပြီးလျှင် စတုတ္ထမြောက်နေ့ နံနက်၌ကား အကယ်ပင် ဆင်းသက်စုံစမ်းတော့မည်ဟု ကြေညာလိုက်လေသည်။

ထိုနေ့နံနက် နေထွက်၍ မကြာမီ ကျွန်ုပ်တို့သည် ပုခက်စင်ပေါ်၌ တင်ထားသည့် ဗက်သီစကုပ်ကြီး၏ ပတ်လည်တွင် စုရုံးလျက်ရှိနေကြ၏။ ရေအောက်သို့ဆင်းရမည့် ရေတပ်ဆိုင်ရာ စက်မှုပညာသည် နှစ်ဦးဖြစ်သော 'ဗိုက်စမန်' နှင့် 'ထရန်' တို့သည် ဝင်ပေါက်ဖြစ်သော အပေါက်ကျဉ်းကလေးမှ တွန့်လိမ်ဝင်သွားကြ၏။ ရေနက်ထဲတွင် ဝတ်ထားရန် လိုအပ်မည့် အနွေးထည်များကို အတွင်းသို့ သူတို့ဝင်ပြီးသည့်နောက်မှ အပြင်ဘက်မှ လှမ်း၍ပေးရလေသည်။ အဘယ်ကြောင့်ဆိုသော် ထို အဝတ်အစားများကို ဝတ်ပြီးလျှင် မဝင်နိုင်တော့ချေ။ ထို့နောက် စားစရာ အထုပ်များနှင့် သောက်စရာပူပူနွေးနွေးများ ထည့်ထားသည့် ဓာတ်ဘူးများကို အပြင်မှလှမ်း၍ပေးလိုက်လေသည်။ သူတို့ကိုယ်တိုင် နောက်ဆုံးအကြိမ် စစ်ဆေးပြီးနောက် အားလုံးပြည့်စုံ၍ အသင့်ရှိနေပြီဖြစ်ကြောင်း ဟစ်အော်၍ ပြောလိုက်၏။ ဝင်ပေါက်တွင် ပိတ်မည့် အဝိုင်းပြားကြီးကို ဝန်ချီစက်ဖြင့်မ၍ တဖြည်းဖြည်း အံကျအောင်ထည့်ကာ လှည့်၍ ပိတ်လိုက်ပြီးလျှင် တင်းကြပ်စွာ ကန့်လန့်ထိုး၍ ပိတ်လိုက်တော့၏။ ထို့နောက် ဗက်သီစကုပ်ကို အပေါ်သို့မတင်လိုက်ရာ၊ လေထဲတွင် အတန်ငယ် လှုပ်ခါလျက်ရှိ၏။ ထိုအချိန်တွင် ဗက်သီစကုပ်အတွင်း၌ ရှိနေသူတစ်ဦးက သူ၏ လက်ဆွဲတယ်လီဗစ်ရှင်းကင်မရာ ခလုတ်ကို ဖွင့်လိုက်သဖြင့် ကျွန်ုပ်တို့အားလုံးမှာ အတွင်းဘက်တွင် ဖြစ်ပျက်နေသည့်အတိုင်း တယ်လီဗစ်ရှင်း 'ဓာတ်ရှင်' မြင်ကွင်းပေါ်၌ အထင်သား ပေါ်လာသည်ကို တွေ့မြင်ရလေသည်။

""အိုကေ" ဟု အသံချဲ့စက်မှ အသံတစ်သံထွက်လာပြီးလျှင် "အခု အောက်ကိုချလိုက်တော့..."ဟု အမိန့်ပေးသံကို ကြားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝန်ချီစက်လည်း၍သွားပြီးနောက် ဇက်သီစကုပ်သည် အောက်သို့ တဖြည်းဖြည်းကျသွား၍ ရေပြင်နှင့်ထိသောအခါ တဖျပ်ဖျပ် အသံဖြစ်ကာ မကြာမီ ရေအောက်သို့ ရောက်ရှိသွားပြီးလျှင် ကျွန်ုပ်တို့မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့၏။

ရေအောက်သို့ ဆင်းသက်ကြသည်မှာ အတော်ပင် အချိန်ကြာသဖြင့် ထိုအကြောင်းကို ကျွန်ုပ်သည် အသေးစိပ်ရေးသားဖော်ပြရန် လိုမည်မထင်ပေ။ ဖွင့်လင်းစွာ ပြောရမည်ဆိုသော် သင်္ဘောပေါ်ရှိ မြင်ကွင်းမှာ ယခင်ရှိနေကြ အတိုင်းပင်ဖြစ်၍ ကျင့်သားမရသူများအတွက် အတန်ငယ် ငြီးငွေ့ဖွယ်ဖြစ်တော့၏။ ဤသို့ ဆင်းသက်နေသည့်အခိုက် တစ်စုံတစ်ရာ စိတ်ဝင်စားဖွယ် ရှိလျှင် တယ်လီဖုန်းမှ ကျယ်လောင်စွာ ကြားရမည်ဖြစ်၍ အာရုံစိုက်နိုင်လိမ့်မည်ဟု အောက်မေ့ကာ တစ်ချိန်လုံးလိုလိုပင် ကျွန်ုပ်နှင့် ဖိလစ်နှစ်ယောက်စလုံး မျက်စိများကိုမှိတ်၍ထားကြ၏။ မကြာခဏလည်း စီးကရက်တစ်လိပ်တလေ သောက်ရန် ကုန်းပတ်ပေါ်သို့ တက်ခဲ့ကြလေသည်။

စားသောက်ခန်းထဲတွင် ထိုင်နေကြသည့် လူစုကား စကားမပြောဘဲ ငြိမ်သက်လျက်ရှိလေရာ၊ ထိုအချိန်တွင် ပယ်လယ်အောက် ရေနက်ထဲသို့ ရောက်ရှိနေသူများက ပြောနေသည်ကိုသာ နားထောင်လျက်ရှိကြ၏။

တစ်ခါတစ်ခါတွင် ဗိုလ်မှူးက ကြားဖြတ်၍... "အားလုံးနေရာကျရဲ့လားဟေ့ အောက်ကလူတွေ" ဟု မေးတတ်၏။

ထိုအခါ တစ်ပြိုင်တည်းလိုပင် အသံနှစ်သံကလည်း... "နေရာကျပါတယ်ခင်ဗျာ" ဟု ပြန်ပြောတတ်လေသည်။

ဝန်ချီစက်သည် ဆက်လက်လည်လျက်ရှိလေရာ ကြည့်စရာဟူ၍လည်း များများစားစား မရှိလှပေ။ ရံဖန်ရံခါ ရေနောက်ထဲသို့ လျှင်မြန်စွာ ဝင်ရောက် ပျောက်ကွယ်သွားသည့် ငါးအုပ်များကို တစ်ခွန်းတစ်စ ဖျပ်ကနဲ တွေ့လိုက်ရ၏။

ထိုအချိန်တွင် အသံတစ်ခုက...

"တကယ်ဘဲဗျာ... ကျုပ် ကင်မရာကို ပြတင်းပေါက်တစ်ပေါက်ဖက်လှည့်ထားတုံး ရောမ ငါးကြီးတစ်ကောင် တခြားပြတင်းပေါက်ကလာပြီး အတွင်းဘက်ကို ခေါင်းပြူကြည့်သွားတယ်ဗျ"

မကြာမီ ထိုအသံကပင် ဆက်လက်၍...

"ဒီနေရာတစ်ဝိုက်မှာ သက်ရှိသတ္တဝါတွေပိုများတယ်... ကင်းမွန်ဘဲလိပ်ကြီးကြီးငယ်ငယ်တွေလဲ အများကြီးပဲ၊ ခင်ဗျားတို့ မြင်ကောင်းမြင်ရလိမ့်မယ်... ဟောဒီနေရာမှာ အလင်းရောင် အစပ်နားကနေပြီး ဘာကြီးမှန်းမသိဘူးထွက်လာတယ်၊ အကြီးကြီးဘဲဗျို့၊ ဘာလဲလို့ မပြောနိုင်ဘူး... ကင်းမွန်



www.burmeseclassic.com

www.burmeseclassic.com



ပဲ လိပ်ကြီးလဲ မဟုတ်နိုင်ပါဘူး၊ အလို ဘုရားရေ ဝေလငါးလဲ မဟုတ်ပါဘူး ဒီနေရာမျိုးမှာ ဘယ်ဝေလငါးမျိုးရှိမလဲ"

ဗိုလ်မှူး။ ။ "ဖြစ်တောင် ဖြစ်ခဲ့ပေါ့လေကွယ်... ဒါပေမယ့် မဖြစ် နိုင်တော့ဘူးလို့တော့ မဆိုနိုင်ဘူး"

"ဒီလိုဆိုရင်တော့... အို ဟော အခုထွက်သွားပြီး၊ အင်း... နို့တိုက် သတ္တဝါတွေဟာ ကျုပ်တို့နဲ့ အလိုက်သင့်နေသွားတတ်ကြတယ် မဟုတ်လား ဟင်"

မကြာမီပင် အချိန်စေ့လာသည်နှင့် ဗိုလ်မှူးက အောက်ပါအတိုင်း ကြေညာလေသည်။

"အခုကစပြီး နောက်တော့၊ မင်းတို့သဘောအတိုင်းပဲဟေ့၊ အဲဒီ အထဲမှာ မင်းတို့သက်တောင့်သက်သာရှိရဲ့ မဟုတ်လား၊ မင်းတို့တကယ့်ကို သဘောမကျရင်လဲ ပြောကြကွာ"

"အားလုံးကောင်းပါတယ်ဗျာ၊ အစစအရာရာ မူလစီစဉ်ထားတဲ့ အတိုင်းပါဘဲ... ကျွန်တော်တို့ ဆက်သွားပါ့မယ်"

ကုန်းပတ်ပေါ်တွင် ဝန်ချီစက်ကြီးမှာ ခပ်မှန်မှန်ပင် အသံမြည်လျက် ရှိလေ၏။

ဗိုလ်မှူး။ ။ "တစ်မိုင်တော့ရှိပြီ"

သူသည် သေချာအောင် စစ်ဆေးကြည့်ရှုပြီးနောက် ဆက်လက်၍-

"မင်းတို့ ဘယ်လိုနေကြသေးသလဲဟေ့"

အသံတစ်သံ။ ။ "အပေါ်မှာ ရာသီဥတုအခြေအနေ ဘယ်လိုနေ သလဲ ခင်ဗျ"

"ကောင်းနေတယ်၊ စက္ကူချပ်ဖြန့်ခင်းထားသလို ငြိမ်နေတယ်၊ လှိုင်းမရှိဘူး"

"အောက်တွင် ရောက်နေသူများသည် ၎င်းတို့အချင်းချင်း ဆွေးနွေး တိုင်ပင်လျက်ရှိကြ၏။

"ကျွန်တော်တို့ ဆက်သွားကြမယ်...ဒီလို အခြေအနေမျိုး နောက် တစ်ကြိမ်ရဖို့ နောက်ထပ် တစ်ပတ်လောက် စောင့်ရလိမ့်ဦးမယ် ထင်တယ်"

"ကောင်းပြီလေ... မင်းတို့ သေချာရင် မင်းတို့သဘောဘဲပေါ့"

"ကျွန်တော်တို့ သေချာပါတယ်"

"ကောင်းပြီ... နောက်ထပ် ဖာသမ် ၃၀၀ လောက် ဆင်းရလိမ့်ဦး မယ်"

ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်သွားပြီးနောက် အောက်ဖက်မှ အသံ တစ်သံက...



www.burmeseclassic.com

www.burmeseclassic.com



"လုံးလုံးကို ငြိမ်နေတယ်...တစ်ခါထဲ မည်းမှောင်ပြီး ဘာဆို ဘာတစ်ခုလဲ မမြင်ရဘူး... ဒီအဆင့်တွေဟာ တစ်ခုနဲ့တစ်ခု သီးသီးသန့်သန့်ဖြစ်နေကြတာ အတော်အံ့သြစရာကောင်းတယ်... အဲ အဲ အခုအောက်ဖက်မှာ တစ်ခုခုမြင်လာရပြီ၊ ကင်းမွန်ဘဲလိပ်ကြီးတွေဘဲဗျ... အရောင်ထွက်တဲ့ငါးတွေ၊ ဟော ဒီမှာကြည့်လိုက်စမ်း...ငါးအုပ်ကလေး...ဟောဟိုမှ...အား...."

သူရုတ်တရက် စကားဖြတ်လိုက်သည်နှင့် တစ်ပြိုင်တည်းပင် ငါးလောကမှ ကြောက်မက်ဖွယ်ကောင်းသော အရာကြီးတခုကို 'စကရင်' မြင်ကွင်းပေါ်တွင် ကျွန်ုပ် တွေ့မြင်လိုက်ရလေသည်။

သူသည် ဆက်လက်စကားပြောဆိုလျက်ရှိပြန်ရာ ကင်မရာက လည်း မယုံကြည်နိုင်လောက်အောင်ပင် ထူးဆန်းကြောက်မက်ဖွယ်ကောင်းသည့် ကြီးငယ်မဟူ တွေ့ရှိသမျှ သတ္တဝါများ အားလုံးကို ဆက်လက်ရိုက်ပြလေသည်။

မကြာမီ ဗိုလ်မှူးက..."အခု မင်းတို့ကို ရပ်လိုက်တော့မယ်... ဖါသမ် ၁၂၀၀ ရှိသွားပြီ" ဟု ပြောလိုက်ပြီးလျှင် တယ်လီဖုန်းကို ကောက်၍ကိုင်ကာ ကုန်းပတ်သို့ လှမ်း၍ပြောလိုက်၏။ ဝန်ချီစက်သည် အရှိန်လျော့၍သွားပြီးလျှင် မကြာမီ အလည်ရပ်၍ သွားတော့၏။

ဗိုလ်မှူး။ ။ "အဲဒါလောက်ပဲဟေ့"

အတန်ကြာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေပြီးနောက်၊ အောက်ဘက်မှ အသံတစ်သံက...

"အင်း... ကျွန်တော်တို့ဟာ တစ်ခုခုကို ရှာဖို့လာတယ်ဆိုရင်တော့ အဲဒါကို မတွေ့ဘူးခင်ဗျ" ဟု ပြောလိုက်၏။

ရေတပ်ဗိုလ်မှူး၏ မျက်နှာတွင် မည်ကဲ့သို့သော အမူအရာမျိုးကိုမျှ မတွေ့မြင်ရပေ။ သူသည် တစ်စုံတစ်ရာကို တွေ့ရမည်။ သို့မဟုတ်လျှင်လည်း မည်သည့်အရာကိုမျှ တွေ့မည်မဟုတ်ဟု မျှော်လင့်ချက် ထားမထားကိုလည်း ကျွန်ုပ်မပြောနိုင်ပေ။ ကျွန်ုပ်အနေနှင့်မူ မည်သည့်အရာကိုမျှ တွေ့ရမည်မဟုတ်ဟု ထင်မိ၏။ စင်စစ်သော်ကား ကျွန်ုပ်တို့လူစုထဲမှလည်း မည်သူတစ်ဦးတစ်ယောက်ကမျှပင်...

ဗိုလ်မှူး။ ။ "ဟေ့ ဗက်သီစကုပ်ထဲက လူတွေ...အခု မင်းတို့ကို ဆွဲတင်တော့မယ်ဟေ့...၊ အဆင်သင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့ခင်ဗျာ... အားလုံး အဆင်သင့်ဖြစ်ပါပြီ"

အသံ နှစ်သံစလုံးကပင် အားလုံး အဆင်သင့်ဖြစ်ကြောင်း ပြန်၍ ပြောလေသည်။ ရေတပ်ဗိုလ်မှူးသည် တယ်လီဖုန်းကို ကောက်၍ကိုင်ကာ... "ကဲ ဆွဲတင်ကြတော့ဟေ့" ဟု အမိန့်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဝန်ချိုစက်ကို နှိုးလိုက်သဖြင့် တဖြည်းဖြည်း အရှိန်ရ၍ လည်ပတ်သော သံကို ကြားရလေသည်။

"ခွဲတင်မယ်ဟော့… အားလုံး နေရာတကျ မဟုတ်လား"

"အားလုံး နေရာတကျပါဘဲ ခင်ဗျာ"

ဆယ်မိနစ်၊ သို့မဟုတ် ဆယ်မိနစ်ကျော်ကျော်မျှ စကားမပြောဘဲ တိတ်ဆိတ်လျက်ရှိ၏။ ထို့နောက် အသံတစ်သံက…

"ဟောဟိုမှာ တစ်ခုခုပဲဗျို့… အတော်ကြီးတယ်၊ နို့ပေမယ့် သေသေချာချာတော့ မမြင်ရဘူး၊ အလင်းရောင် အစပ်မှာပဲရှိတယ်၊ ဟိုဝေလငါးတော့ မဟုတ်ဘူး…၊ ဒီလို ရေနက်မျိုးမှာ မနေပါဘူး၊ ခင်ဗျားတို့ကို ပြမယ်"

စကားရင်မြင်ကွင်းပေါ်တွင် ပုံပေါ်လာပြီးနောက် ငြိမ်သက်၍သွား၏။ ကျွန်ုပ်တို့သည် ရေကိုဖြတ်၍ အရောင်ထိုးလျက်ရှိသော မှော်တော့သည့် အလင်း ရောင်တန်းများကိုလည်းကောင်း၊ အလင်းရောင်ကျရောက်သည့် နေရာတွင် သက်ရှိသတ္တဝါကလေးများက တောက်ပြောင်သည့် အစက်ကလေးများသဖွယ် ဖြစ်၍နေသည်ကိုလည်းကောင်း တွေ့မြင်ရ၏။ အလင်းရောင် အစပ်များတွင် ကား ခပ်မှေးမှေး အကွက်တစ်ခုကို မြင်သည်ဟုထင်မိ၏။ သို့သော် အသေ အချာပြောရန်ကား ခဲယဉ်းလေသည်။

"ကျွန်တော်တို့ကို ဝိုင်းပတ်ထားတယ် ထင်တယ်၊ ပြီးတော့ကျွန်တော် တို့ဟာ နည်းနည်းလယ်နေတယ်လို့လည်း အောက်မေ့တယ်…၊နေဦး ကျွန်တော် စမ်းကြည့်ဦးမယ်… ဟာ အခုမှ ပိုပြီးမြင်ရတယ်ဗျို့၊ ဘာပဲဖြစ်ဖြစ် ဒါကြီးဟာ ဝေလငါးတော့ မဟုတ်ဘူးဗျာ… ဟော…ဟော"

ယခုတစ်ကြိမ်၌မူ ကျွန်ုပ်တို့သည် ခပ်မှေးမှေး အရောင်ရှိနေသော အကွက်ကို ယုံမှားဖွယ်မရှိ ကောင်းစွာမြင်နိုင်တော့၏။ ၎င်းမှာ အကြမ်းအားဖြင့် ဘဲဥပုံသဏ္ဍာန်ဖြစ်သော်လည်း မထင်မရှား ဖြစ်နေသဖြင့် ၎င်း၏ပမာဏကို ခန့်မှန်းနိုင်ပေ။

(အောက်ဘက်မှ အသံတသံ)။ ။ 'ဟာ… အဲဒါ ရေဘက်တစ်ခု ဗျ၊ ဟုတ်တယ် ဟုတ်တယ် ငါးလဲဖြစ်တော့ ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် လိပ်နဲ့ ပုံသဏ္ဍာန်တူတဲ့ အကောင်တစ်မျိုးမျိုးလဲ ဖြစ်နိုင်တယ်… ဘာပဲဖြစ်ဖြစ် အတော်ကြီးတဲ့ သတ္တဝါကြီးပဲဗျို့၊ ဟော… အတော် နီးနီးကပ်ပြီး ဝတ်နေ တယ်… ဒါပေမယ့် သူ့အကြောင်း သေသေချာချာ ဘာမှမသိနိုင်သေးဘူး… ကျွန်တော်တို့နဲ့ တပြေးထဲမှီအောင် လိုက်နေတယ်"

ထိုအရာသည် ဗက်သီစကုတ်၏ ပြတင်းပေါက်တစ်ခုကိုဖြတ်သွား၍ ကင်မရာ၏ ကျေးဇူးကြောင့် တစ်စွန်းတစ်စ တွေ့မြင်လိုက်ကြရသော



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်ုပ်တို့သည် ရှင်းအား မည်သို့မျှ မပြောနိုင်အောင် ရှိခဲ့၏။ ထိုအရာ နှင့်ပတ်သက်၍လည်း တစ်စုံတစ်ရာကိုမျှ အတိအကျ အသေအချာ ပြောပြရန် စွမ်းနိုင်ခဲ့ပေ။

"အခုအပေါ် တက်သွားပြီ၊ ကျွန်တော်တို့ထက်တောင် မြန်မြန်တက် သွားနေတယ်... အခု ပျောက်သွားပြီ၊ ကျွန်တော်တို့ မြင်တောင်မမြင်ရတော့ ဘူး ယော... ထိပ်မှာလဲ ပြတင်းပေါက်တစ်ပေါက်တော့ ရှိဖို့ကောင်းတယ်ဗျာ၊ အခုတော့ ဘာမှမမြင်ရဘူး... ဒီဟာကြီးက ကျွန်တော်တို့အပေါ်ဘက်ကို တက်သွားပြီထင်ပါရဲ့..."

ထိုခဏတွင် အောက်မှစကားပြောသံများ လုံးလုံးပြတ်သွားတော့၏။ တစ်ပြိုင်တည်းမှာပင် မြင်ကွင်း 'စကရင်' ပေါ်၌ လက်ကနဲတစ်ချက်ဖြစ်သွား ပြီးနောက် လုံးလုံးပျောက်ကွယ်၍သွားတော့၏။ အပြင် ဘက်မှဝန်ချီစက်၏ အသံသည်လည်း ပြောင်းလဲသွားပြီးလျှင် လျင်မြန်သွက်လက်၍လာတော့၏။ ကျွန်ုပ်တို့သည် စကားပင် မပြောနိုင်တော့ဘဲ တစ်ယောက်မျက်နှာကို တစ် ယောက်ကြည့်ရင်း ငိုင်၍နေမိကြ၏။ ဖိလစ်၏လက်သည် ကျွန်ုပ်၏ လက်ကို လာ၍ထိကာ တင်းကြပ်စွာ ဆုပ်ကိုင်လိုက်၏။ ရေတပ်ဗိုလ်မှူးသည် တယ်လီ ဖုန်းရှိရာသို့ လက်လှမ်းလိုက်ပြီးမှ စိတ်ပြောင်း၍သွားကာ စကားတစ်လုံးမျှ မပြောဘဲ အပြင်သို့ ထွက်သွားလေရာ အပြင်မှ ဝန်ချီစက်သည်လည်း ယခင်က ထက်ပင်ပို၍ အရှိန်မြန်လာတော့၏။

တစ်မိုင်ကျော်ခန့် ရှည်လျားသော သံကြိုးကို ရစ်ရသည်မှာ အတော် ပင် အချိန်ကြာလေသည်။ စားသောက်ခန်းထဲမှ လူစုသည်လည်း ဖရိုဖရဲ လူစုကွဲ၍ ထွက်သွားကြလေရာ၊ ဖိလစ်နှင့် ကျွန်ုပ်တို့သည် သင်္ဘောဦးပိုင်းသို့ သွားပြီးလျှင် စကားများများ မပြောကြဘဲ ထိုင်၍နေကြ၏။

အလွန်အချိန်ကြာသည်ဟု ထင်ရလောက်အောင် စောင့်ဆိုင်းနေရပြီး နောက် ဝန်ချီစက်သည် အရှိန်လျော့၍ သွားတော့၏။ ကျွန်ုပ်တို့သည် တစ်ဦး နှင့်တစ်ဦး အလိုက်သိစွာပင် ထိုင်ရာမှ ထလိုက်ပြီးနောက် အတူတူလျှောက်၍ သွားကြ၏။

နောက်ဆုံး၌ ကြိုးအဆုံးရေပေါ်သို့ ပေါ်လာရာ သံကြိုးအဖျားတွင် ကြိုးလွန်းများသည် ဝက်မှင်ဘီးကဲ့သို့ ဖွားရရာကြ၍ နေလိမ့်မည်ဟု ကျွန်ုပ်တို့ ထင်၍နေမိ၏။ သို့သော် ယင်းတို့သည်ကား ဤကဲ့သို့မဟုတ်ပေ။ အစီအ သံကြိုးကြီးနှင့်တကွ ဆက်သွယ်ရေးသံကြိုး၊ တယ်လီဖုန်းသံကြိုးများပါ အဖျားတွင် အရည်ပျော်ကာ လုံးခဲနေသည်ကို တွေ့မြင်ကြရလေသည်။ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့အားလုံးပင် စကားတစ်ခွန်းမျှ မပြောနိုင်ကြဘဲ ကြက်သေသေကာ ၎င်းတို့အား ငေးမောကြည့်ရှု၍ နေမိကြတော့၏။

ညနေပိုင်းတွင် သဘော်ာကပွတိန်သည် အသုဘ အခမ်းအနားတို့ ဆောင်ရွက်လို၍ ထိုနေရာတွင် သုံးကြိမ်မျှ သေနတ်များကို စုပြုံပစ်ဖောက်လိုက်ကြလေသည်။

＊

ကျွန်ုပ်၏ ဓနီးအား မချီးမွမ်းဘဲ မနေနိုင်ပေ။ ဖိလစ်သည် ဤအထိတ်တလန့် ဖြစ်စဖွယ်ကောင်းသည့် သတင်းဆောင်းပါးကို ရေးသားလေရာ ထိုသတင်းဆောင်းပါးမှာ သူ၏အကောင်းဆုံးသော လက်ရာတစ်ခုပင်ဖြစ်တော့၏။ သို့သော် ထိုက်သင့်သလောက် လူများ စိတ်ပါဝင်စားခြင်း မရှိကြသဖြင့် အတော်ပင် အခံရခက်မိလေသည်။

ကျွန်ုပ်တို့သည် ထိုဆောင်းပါးကိုရေးပြီးသောအခါ ရေတပ်ဌာနချုပ်သို့ အတည်ပြုရန်ပို့လိုက်၏။ ရက်သတ္တတစ်ပတ်ခန့်အကြာတွင် ၎င်းတို့နှင့် လာရောက်တွေ့ဆုံရန် ဖိတ်ခေါ်လေသည်။ ကျွန်ုပ်တို့အား ဗိုလ်မှူးကြီး 'ဝင်းတား' က လက်ခံတွေ့ဆုံ၏။ သူသည် ဖိလစ်အား ထိုသတင်းဆောင်းပါးအတွက် ကောင်းစွာ နှစ်သက်သဘောကျကြောင်း ပွင့်ပွင့်လင်းလင်းပင် ပြောဆိုလေရာ အကယ်၍ သဘောမကျလှသည့်တိုင်အောင် ထိုဆောင်းပါးအတွက် ချီးကျူးပြောဆိုခြင်းမှာ သို့အတွက်လည်းကောင်းလေသည်။ သို့သော် ကုလားထိုင်များပေါ်တွင် ကျွန်ုပ်တို့ ထိုင်မိကြသောအခါ သူသည် စိတ်ပျက်လက်ပျက်ဖြစ်နေသည့်ဟန်ဖြင့် ဦးခေါင်းကို ခါရမ်းလျက်–

"နို့ပေမယ့်... ဒီဟာကို ခဏဆိုင်းထားပါဦးလို့ ခင်ဗျားတို့ကို ကျွန်ုပ်တောင်းပန်ရဦးမယ်ဗျာ"

ဖိလစ်မှာ မိမိကြိုးစားပမ်းစားရေးခဲ့သော စာမူဖြစ်သဖြင့် အတော်ပင် စိတ်ပျက်သွားတော့၏။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့ ကြိုးစားရေးသားခဲ့သည်မှာ ငွေကြေးအတွက်လည်း မဟုတ်ဘဲ 'ဗက်သီစကုပ်' နှင့်အတူ ပျောက်ဆွယ်သွားရှာသော 'ဝိုက်(စ်)မန်'နှင့် 'ထရန့်' တို့ နှစ်ယောက်အား ချီးကျူးဂုဏ်ပြုရန်အလို့ငှာ ကြိုးစား၍ ရေးသားခဲ့သောကြောင့်ပေတည်း။

ကြီး။ ။ "ကျုပ်တတ်နိုင်သလောက် ရှင်းပြပါ့မယ်... ခင်ဗျားတို့ကို ဒီလိုရှင်းပြဖို့လဲ ကျုပ်တို့မှာ တာဝန်ရှိနေတာကိုးဗျ"

သူသည် ကုလားထိုင်ပေါ်တွင် ထိုင်လိုက်ပြီးနောက်၊ ကိုယ်ကို ရှေ့သို့ အတန်ငယ်ညွတ်လိုက်၏။ ထိုနောက် ဒူးပေါ်တွင် တံတောင်ဆစ်ဖြင့်ကိုထောက်ကာ လက်ချင်းယှက်လျက် ကျွန်ုပ်တို့ နှစ်ယောက်အားသေချာစွာကြည့်၍နေပြီးနောက်, တစ်ဖန်ဆက်လက်၍ –



www.burmeseclassic.com

www.burmeseclassic.com



"ဒီထိစွရဲ့ အချုပ်ကတော့... ဒါကိုလဲ ခင်ဗျား အချိန်အတော်ကြာ ယောင်ကတည်းက သဘောပေါက်ကောင်း ပေါက်နေပါလိမ့်မယ်... အရှည် ပျောက်သွားတဲ့ သံကြိုးတွေအကြောင်းပေါ့ဗျာ သံမဏိကြိုးကြီးတွေကို ပြတ်အောင် ဖြတ်နိုင်စွမ်းရှိတဲ့ သတ္တဝါတစ်ကောင်အကြောင်း စဉ်းစားလိုက်ရင်ပဲ အတော် တော့စိတ်ကူးယဉ်နေပြီ၊ ဘာပဲဖြစ်ဖြစ် အဲဒီလိုပဲ ယူဆရမှာဘဲ... ဒါပေမယ့် 'အောက်စီအက်ဆက်တီလင်' မီးတောက်နဲ့ ဖြတ်လိုက်သလို ဖြတ်နိုင်စွမ်းရှိတဲ့ သတ္တဝါတစ်ကောင်လို့ စိတ်ကူးကြည့်လိုက်ပြန်ရင်တော့ နောက်တွန့်သွားရမှာ အမှန်ပဲဗျ။ နောက်တွန့်ရုံတင်မကသေးဘူး လက်မခံနိုင်ဘူးလို့တောင် ဆိုရမယ်

"ခင်ဗျားတို့ နှစ်ယောက်စလုံးဟာ ဒီသံကြိုးတွေ ဘယ်လိုဖြစ်သွား တယ်ဆိုတာ တွေ့ခဲ့ကြတော့ ဒီသံကြိုးတွေဖြစ်ပုံအခြေအနေဟာ ကဏ္ဍအသစ် ဆန်းတစ်ခု ဖြစ်လာပြန်တယ်ဆိုတာ ခင်ဗျားတို့နှစ်ယောက်စလုံး သဘောတူ ရလိမ့်မယ်လို့ ကျုပ်ထင်တယ်... ဒီလိုဖြစ်တာမျိုးဟာ ရေနက်ပင်လယ်ပိုင်း ရှာဖွေခြင်းအလုပ်ရဲ့ ဘေးအန္တရာယ် တစ်မျိုးသာမကသေးဘူး၊ အဲဒီတော့ ဒီအကြောင်းကို လူတွေသိအောင် ထုတ်ပြန်ကြေညာဖို့ခွင့်မပြုသေးခင် အဲဒီ အန္တရာယ်ဟာ ဘယ်လိုဘေးအန္တရာယ်မျိုး ဖြစ်တယ်ဆိုတာ ကျုပ်တို့ကိုယ်တိုင် အခုထက်ပိုပြီး သိချင်သေးတယ်ဗျ"

ကျွန်ုပ်တို့သည် ထိုအကြောင်းကို အချိန်အနည်းငယ်မျှ ဆက်လက် ဆွေးနွေးလျက်ရှိကြ၏။ ဗိုလ်မှူးကြီးမှာ အလိုက်သိတတ်၍ အားနာတတ်သူတစ် ယောက်ဖြစ်သော်လည်း သူ့တွင် အထက်အမိန့်များကရှိနေသဖြင့် ခွင့်ပြုချက် ရလျှင်ရခြင်း ကျွန်ုပ်တို့အား စောနိုင်သမျှ စောစောသိရှိအောင် အကြောင်းကြား မည်ဖြစ်ကြောင်း၊ ထိုအတွက် မိမိက တာဝန်ယူကြောင်းဖြင့် ပြောကြားရာ၊ ကျွန်ုပ်တို့လည်း သဘောတူလိုက်ရလေသည်။ ဖီလစ်သည် စကားကို လိုက် လျောစွာ ပြောတတ်သူဖြစ်သည့်အတိုင်း မိမိ၏ စိတ်ပျက်မှုကို ဖုန်းကွယ်သို ဖုက်၍ ထားနိုင်ပေသည်။ ရေတပ်ဌာနချုပ်မှ ကျွန်ုပ်တို့ ထွက်ခွာမသွားမီ ဖီလစ်က –

"ဒီမှာ ဗိုလ်ကြီးဝင်းတားရဲ့ မှတ်တမ်းမဝင်တဲ့ သဘောမျိုးနဲ့ ရိုးရိုး ပြောရမယ်ဆိုရင် ဒါကို ဘယ်လိုဟာမျိုးကများ လုပ်လိုက်တာလို့ ရှင်ထင်သ လဲဟင်"

(သူက ဦးခေါင်းကိုခါရမ်းလျက်)။ ။ "မှတ်တမ်းဝင်တဲ့ သဘော နဲ့ဖြစ်ဖြစ် မဝင်တဲ့သဘောနဲ့ဘဲဖြစ်ဖြစ် ဒီလိုဖြစ်နိုင်တဲ့ သဘောနဲ့ နီးစပ်တဲ့ အဖြေမျိုးကို ကျုပ်ဖြင့် စဉ်းစားလို့မရဘူး... နို့ပြီး ဒါကို ထုတ်ပြန်ကြေညာခွင့် မပေးတော့ဘူး ရေတပ်ဘက်က တခြားဘယ်သူတွေကမှလဲ စဉ်းစားမိမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ထိုကိစ္စမှာ ကျေနပ်ဖွယ်မရှိသည့် အခြေအနေတွင်ရှိနေလျက် ကျွန်ုပ်တို့လည်း ရေတပ်ဌာနချုပ်မှ ထွက်ခွာလာခဲ့လေ၏။

*

သို့သော် ထိုသတင်းကို ပိတ်ပင်ထားသည့်အချိန်ကား ကျွန်ုပ်တို့မျှော်လင့်သည်ထက် ပို၍ တိုတောင်းလှတော့၏။ နောက် ရက်သတ္တတစ်ပတ်ခန့်အကြာ ကျွန်ုပ်တို့ ညစာစားသောက်လျက်ရှိနေသည့် အချိန်တွင် ဗိုလ်မှူးကြီးက တယ်လီဖုန်းဆက်သဖြင့် ဖိလစ်က လက်ခံစကားပြောရလေသည်။

ကြီး။ ။ "မစ္စက်ဝပ်ဆန်... ခင်ဗျားအတွက် သတင်းကောင်းပဲဗျို့... ကျုပ်အခုပဲ ခင်ဗျားတို့ အိမ်၊ ဘီ၊ စီက လူတွေဆီကို တယ်လီဖုန်းဆက်ပြီး ကျုပ်တို့နဲ့ ပတ်သက်လို့တော့ ခင်ဗျားရဲ့ ဆောင်းပါးကိစ္စနဲ့ အဖြစ်အပျက်တစ်ခုလုံးကို ထုံးစံအတိုင်း ဆက်လက်ဆောင်ရွက်နိုင်ပြီလို့ ခွင့်ပြုလိုက်ပြီဗျ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်"

ဖိလစ်က ထိုသတင်းအတွက် သူ့အားကျေးဇူးတင်ကြောင်း ပြောပြီးနောက်...

"ဒါပေမယ့်... ဘာဖြစ်လို့လဲရှင်..."

ကြီး။ ။ "အဖြစ်အပျက်ဟာ တစ်နည်းနည်းနဲ့ ပေါက်ကြားသွားပြီဗျ၊ အဲဒီအကြောင်း အခု ည ၉ နာရီသတင်းလွှင့်ချိန်မှာ ကြားရပြီးတော့ နက်ဖြန်သတင်းစာတွေမှာ ဖတ်ရလိမ့်မယ်... အဲဒီခြေအနေမျိုးမှာ ကျုပ်အနေနဲ့ ခင်ဗျားလဲ တတ်နိုင်သမျှ အခွင့်ကောင်းယူဖို့ လွတ်လွတ်လပ်လပ်ရှိသင့်တယ်လို့ သဘောရတယ်... ရေတပ်ဗိုလ်ချုပ်ကြီးတွေကလဲ ဒီအချက်ကို သဘောပေါက်သွားတယ်၊ တကယ်ဆိုတော့ သူတို့ကိုယ်တိုင်က ခင်ဗျားရဲ့ ဆောင်းပါးဟာ အတတ်နိုင်ဆုံး စောစောထွက်လာဖို့ လိုလားနေကြတယ်... သူတို့ကလဲ သဘောတူတယ်ဗျ၊ ကိစ္စကတော့ အဲဒီအတိုင်းဘဲ... ကိုင်းလေ... ကံကောင်းပါစေလို့ ဆုတောင်းလိုက်ပါတယ်ဗျာ..."

ဖိလစ်က ကျေးဇူးတင်ကြောင်း တစ်ဖန်ထပ်၍ ပြောလိုက်ပြီးလျှင် တယ်လီဖုန်းကိုချ၍ စကားကိုဖြတ်လိုက်လေသည်။ ထို့နောက် သူသည် ကျွန်ုပ်ဘက်သို့လှည့်၍...

"ကိုင်း... အခုဘာဖြစ်နိုင်တယ်လို့ မောင်ထင်သလဲဟင်..."

ကျွန်ုပ်တို့သည် ထိုအကြောင်းကို သိရန်အတွက် (၉) နာရီအထိ စောင့်ဆိုင်းခဲ့ရ၏။ 'သတင်းခန်း'တွင် ပါလာသော သတင်းမှာ အလွန်နည်းပါးသော်လည်း ကျွန်ုပ်တို့သဘောအရကား ကောင်းစွာလုံလောက်ပေပြီ။ ထိုပါလာသည့်သတင်းမှ 'ဖိလစ်ပိုင်' ကျွန်းစုအလွန်တစ်နေရာတွင် ပင်လယ်ရေအောက်ပိုင်း ဒေသအခြေအနေများကို ဆောင်ရွက်လျက်ရှိသော အမေရိကန်ရေတပ်



www.burmeseclassic.com

www.burmeseclassic.com



စုတင်ရှုရ ရေနုတ်များတွင် အသုံးပြုသည့် အခန်းတစ်ခုနှင့်အတူ အခန်းတွင်းတွင် လိုက်ပါသွားသည့် လူနှစ်ယောက်ပါ ဆုံးရှုံးသွားခဲ့သည်ဟူသော ရိုးရိုးသတင်း ဝင်ခြစ်လေသည်။

*

ကျွန်ုပ်တို့ သတင်းဆောင်းပါးကို သဘောကျလက်ခံသည့် လူဦးရေမှာ အများဆုံးဖြစ်သည်ဟု 'သံကြား–အကဲဖြတ်စနစ်'အရ နောင်အခါ ကျွန်ုပ်တို့သိရှိရလေသည်။ အမေရိကန်မှ ကြေညာချက်၏ နောက်မကြာမတင်၌ပင် ဇီလစ်၏ ဆောင်းပါးထွက်လာသဖြင့် ကျွန်ုပ်တို့သည် လူထုစိတ်ဝင်စားမှုတွင် အထွတ်အထိပ်သို့ရောက်အောင် အောင်မြင်ခဲ့သည်ဟု ဆိုနိုင်ပေ၏။

ဤကဲ့သို့သော အခြေအနေများကြောင့် ဖီလစ်သည်ဆောင်းပါးတစ်ပိုင်းကို ပြန်၍ရေးသားခဲ့ရာ သံကြိုးကြီးများ အရည်ပျော်သွားသည့် အဖြစ်အပျက်ကို ဖော်ပြသော နေရာမှာ ယခင်ကထက်ပင် ဝေဝေဆာဆာ ဖတ်ချင့်စဖွယ် ဖြစ်၍လာတော့၏။ ထိုအခါ စာများတစ်ပုံးကြီး ရောက်၍လာရာ ဖြစ်လိုဖြစ်ငြား ဖြေရှင်းချက်များနှင့် အကြံပေးချက်များကို စစ်ထုတ်လိုက်သောအခါ ကျွန်ုပ်တို့မှာ ယခင်ကထက်ပို၍ မည်သို့မျှနားမလည်ပေ။

ပိုမိုသိရှိနားလည်ရန်လည်း ကျွန်ုပ်တို့အနေဖြင့် လျှော်လင့်၍မဖြစ်ပေ။ ကျွန်ုပ်တို့၏ သတင်းဆောင်းပါးကို နားထောင်ရသူများသည် မြေပုံများကိုပင် မမြင်ကြရသေးဘဲ ရေငုပ်ခြင်းကြောင့် ပျက်စီးဆုံးရှုံးရခြင်းနှင့် တစ်နည်းအားဖြင့် ခေတ်မစားတော့သည့် မီးလုံးကြီးများသတင်းမှာ တစ်စုံတစ်ရာ အဆက်အသွယ် ရှိနိုင်သည်ဟုလည်း ပြည်သူလူထုကြီးက သဘောမပေါက်ခဲ့သေးပေ။

အကယ်၍ ဘုရင့်ရေတပ်မတော်သည် အများကထင်နေသကဲ့သို့ အခိုက်အတန့်အားဖြင့် အသာပင် ငြိမ်သက်နေလိုလျက် ထိုပြဿနာကို စာတွေ့သဘောဖြင့် စဉ်းစားကြံဆနေခဲ့သော်လည်း အမေရိကန်ရေတပ်ကမူ ထိုသို့မနေခဲ့ချေ။ အမေရိကန် ရေတပ်သည် မိမိတို့ ယခင်က ပျက်စီးဆုံးရှုံးခဲ့ရသည့်နေရာသို့ ဒုတိယစုံစမ်းလေ့လာရေးအဖွဲ့ကို စေလွှတ်ရန် ပြင်ဆင်နေသည်ဟု သွယ်ဝိုက်သောနည်းအားဖြင့် ကျွန်ုပ်တို့ကြားသိခဲ့၏။ ကျွန်ုပ်တို့ လိုက်ပါနိုင်ရေးအတွက် မဆိုင်းမတွပင် လျှောက်ထားခဲ့ရာ ငြင်းပယ်ခြင်းခံရ၏။ အခြားမည်သူများ လျှောက်ထားကြသည်ကို ကျွန်ုပ်မသိသော်လည်း နောက်ထပ်သတော်ငယ်တစ်စင်း သတ်မှတ်ပေးရလောက်အောင်ပင် များပြားသည်ဟု ကြားသိရ၏။ ထိုသင်္ဘောတွင်လည်း ကျွန်ုပ်တို့နေရာမရနိုင်ခဲ့ပေ။ နေရာအားလုံးပင် ၎င်းတို့၏ သတင်းထောက်များနှင့် ဝေဖန်ရေးသမားများအတွက် သီးသန့်ပေးထားရသည်ဖြစ်ရာ ထိုသူများကပင် ဥရောပတိုက်အတွက် ဆောင်ရွက်ပေးပေလိမ့်မည်။

www.burmeseclassic.com


ထိုကိစ္စမှာ သူတို့အတွက် ကိုယ်ရည်ကိုယ်သွေးမည့် ကိစ္စတစ်ရပ်ဖြစ်၏။ ထိုကိစ္စအတွက် သူတို့ကိုယ်တိုင် အကုန်အကျလည်းခံခဲ့၏။ မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်တို့မှာ လိုက်ပါမသွားရသည့်အတွက် စိတ်မကောင်းဖြစ်ခဲ့ရလေရာ သူတို့၏ ကိရိယာပစ္စည်းများ တစ်ဖန်ဆုံးရှုံးရလိမ့်ဦးမည်ဟု ထင်မိ၏။ သို့သော် သင်္ဘောကိုပါ ဆုံးရှုံးရလိမ့်မည်ဟုကား မည်သည့်အခါမျှ ကျွန်ုပ်တို့စိတ်ကူး မထည့်ခဲ့မိကြပေ။

*

ဤသို့ဖြစ်ပျက်ခဲ့ပြီးနောက် တစ်ပတ်ခန့်အကြာတွင် ထိုကိစ္စကို လိုက်လံစုံစမ်းသတင်းထောက်၍နေသော အမေရိကန်လူမျိုးတစ်ဦး ရောက်ရှိလာ၏။ ကျွန်ုပ်တို့သည် သူ့အား နေ့လည်စာ တည်ခင်းကျွေးမွေးပြီးနောက် ကျွန်ုပ်တို့အလိုသို့ပါအောင် လှည့်ပတ်ပြီးလျှင် ၎င်းထံမှ သတင်းကို နှိုက်ယူလိုက်လေသည်။

ထိုသူ။ ။ "ဒီလိုဟာမျိုး တစ်ခါမျှလဲ မတွေ့ဖူးဘူး… နောက်အစ်လဲ ဘယ်တော့မှမတွေ့ချင်ပါဘူးဗျာ၊ သူတို့ဟာ ခင်ဗျားတို့လူတွေ အသုံးပြုတဲ့ဟာမျိုးနဲ့ အင်မတန်တူတဲ့ ကိရိယာကို အသုံးပြုတယ်ဗျ၊ အလိုအလျောက် အလုပ်လုပ်တဲ့ ကိရိယာမျိုးပေါ့၊ စိတ်ကူးကတော့ ဒါကိုပထမဆုံး ချကြည့်ပြီး ဖြန်တင်ကြည့်လိုက်တဲ့အခါ ဘာမှမဖြစ်ရင် နောက်တစ်ကြိမ်မှာ လူပါတဲ့'ရေငုပ်ခန်း' တစ်ခုကို ချကြည့်မယ်ပေါ့ဗျာ၊ ဒါတွင်မကသေးဘူး… သူတို့မှာ အဲဒီကိစ္စအတွက် ကိုယ့်သဘောနဲ့ကိုယ် လုပ်မယ်ဆိုတဲ့ လူလဲ နှစ်ယောက်ပါတယ်ဗျ… ကမ္ဘာပေါ်မှာ နေရတာကြာလို့ ငြီးငွေ့နေပုံရတဲ့ လူမျိုးလည်း ရှိသေးတယ်ဗျို့… အင်မတန် ဆန်းတာဘဲ…

"…ဘာပဲဖြစ်ဖြစ် စီမံကိန်းကတော့ အဲဒါပဲ… ကျုပ်တို့ သင်္ဘောက သုတေသနသင်္ဘောနဲ့ ကိုက် ၂၀၀-၂၀၀ ကျော်လောက်အကွာမှာ ကျောက်ချထားတယ် ဒါပေမယ့် မြင်ရအောင် တယ်လီဗစ်ရှင်းက သင်္ဘောနှစ်စင်းအကြားမှာ ဆက်သွယ်ထားတော့ သူတို့သင်္ဘောပေါ်က တယ်လီဗစ်ရှင်းစကရင်တွေမှာ မြင်နိုင်သလို ကျွန်ုပ်တို့သင်္ဘောပေါ်က တယ်လီဗစ်ရှင်းစကရင်တွေမှာလဲ မြင်နိုင်တယ်…

'တယ်လီဗစ်ရှင်းစကရင်တွေပေါ်မှာလဲ ရေနက်ကို ဖော်ပြတဲ့ အကွက်တွေပါတာတစ်ခုစီပါတယ်၊ အတော်ကောင်းတဲ့ စိတ်ကူးပါဘဲဗျာ၊ ဒါပေမယ့် အဲဒါကြောင့်လဲ တော်တော်နဲ့ ဆုံးနိုင်မှာမဟုတ်ဘူးလို့ ထင်လာရတယ်၊ တစ်မိုင်လောက်ရောက်သွားတော့ စိတ်တည်ငြိမ်တဲ့ အလေ့အကျင့် ရှိသူများက ကုန်းပတ်ပေါ်က 'ရေထဲအထိ' အောက်ကို သွားပြီးတော့ ဆေးလိပ်သောက်တဲ့ လူက ဆေးလိပ်သောက်တဲ့လူက သောက်ကြတယ်၊ နှစ်မိုင်ကျသွားတော့ စည့်ဘက်ကြီး


www.burmeseclassic.com

www.burmeseclassic.com



တဲ့ လူနှစ်ယောက် သုံးယောက်ကို အကြောင်းထူးရင် ပြောပါလို့ မှာထားခဲ့ပြီး ကျုပ်လဲ အဲဒီနေရာမှာ သူတို့နဲ့အတူ ရောက်နေပြန်တာပေါ့၊ နောက်တော်တော် ကလေးကြာတော့ တစ်ယောက်ထွက်လာပြန်ပြီး ကျုပ်နဲ့အတူ လာပေါင်းပြန်တယ်…"

"ကျုပ်လဲ သူကြည့်နေတဲ့ဘက် သုတေသန သင်္ဘောရှိရာကို ခေါင်းလှည့်ကြည့်လိုက်တယ်… သင်္ဘောပေါ်မှာ လှုပ်လှုပ်ရှားရှား မရှိဘဲ ငြိမ်နေတယ်၊ ဝန်ချီစက် တကျူးကျူးခုတ်သံသာ မကြားရရင်… သင်္ဘောပျက်ကြီး တစ်ခုလို့တောင် ထင်ရတယ်… အခုလဲ သင်္ဘောပျက်ကြီး ဖြစ်သွားပါပြီဗျာ…"

"ခင်ဗျားတို့ဆီမှာ ဘယ်လိုလေမုန်တိုင်းမျိုးရှိတယ်ဆိုတာတော့ ကျုပ်မသိဘူး၊ ဒါပေမယ့် တချို့နေရာတွေမှာတော့ အဆောက်အအုံတစ်ခုလုံးရဲ့ ပတ်လည်မှာ လှည့်ပတ်သွားနေတယ်လို့ ထင်ရတဲ့ လျှပ်ပြက်တာမျိုးရှိတယ်ဗျ၊ အဲဒီတုံးက သုတေသန သင်္ဘောကို တွေ့ရတာလဲ အဲဒီနည်းမျိုးအတိုင်းပဲ၊ နို့ပြီး တဖြောက်ဖြောက်နဲ့ မြည်သံတွေလဲ ကြားရတယ်…"

"…ဒီလိုဖြစ်တာ စက္ကန့်နည်းနည်းလောက်ပဲကြာမယ်… နို့ပေမယ့် စိတ်ထဲမှာတော့ ကြာတယ်လို့ ထင်ရတာပေါ့ဗျာ… ဒီနောက်တော့ သင်္ဘောကြီးဟာ တစ်ခါထဲ ပေါက်ကွဲသွားတာပါပဲဗျို့"

"…ဒီနောက် ကျုပ်တို့ဟာ သိပ်များများလဲ ဆယ်လို့မရဘူး၊ သစ်တိုသစ်စနည်းနည်းပါးပါး၊ အသက်ကယ်ဆော့ ၄,၅,၆ ခုနဲ့၊ အတော်ကြီး မီးလောင်ထားတဲ့ အလောင်းသုံးလောင်းသာ ဆယ်လို့ရတယ်၊ ကျုပ်တို့လဲ ရသမျှစုဆောင်းပြီးတော့ ပြန်လာခဲ့ကြရတာပဲ…"

သူအတော်ကြာ နားနေသည့်အခိုက်၌ ဖိလစ်က သူ့အား နောက်ကော်ဖီတစ်ခွက် ငှဲ့ပေးလိုက်၏။

ဖိလစ်။ ။ "အဲဒါ ဘာဖြစ်တာလဲဟင်"

သူသည် ပခုံးများကို တွန့်လိုက်ပြီးမှ 'ဆုံစည်းတိုက်ဆိုင်မှု'လဲ ဖြစ်နိုင်တယ်… ဒါပေမယ့် ဒါကို လက်မခံဘူးဆိုရင်လဲ အဲဒီ သင်္ဘောရဲ့အဖြစ်မျိုးနဲ့ ကိုက်ညီအောင်ဟာက လျှပ်ပြက်တာဟာ ပင်လယ်အောက်က တက်လာပြီးတော့ ပြက်ရမလိုဖြစ်နေတယ်လို့ စဉ်းစားမိပြန်တယ်…"

ဖိလစ်။ ။ "ဒါမျိုး ကျွန်မတစ်ခါမှ မကြားဖူးပါဘူးရှင်"

ထိုသူ။ ။ "မှတ်တမ်းတင်ထားတာတော့ တကယ် မရှိဘူးပေါ့ဗျာ… နို့ပေမယ့် ပထမဆုံးအကြိမ် ဖြစ်တာမျိုးတော့ ရှိမှာပေါ့"

ကျွန်ုပ်တို့က တစ်စုံတစ်ရာ မေးမည့်ဟန်မျိုးဖြင့် ၎င်းအား ကြည့်လိုက်၏။ သို့နှင့် သူသည် အသံကိုနှိမ့်လျက်…



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ဟာလဲ ဒီကိစ္စမှာ စိတ်ဝင်စားပုံနဲ့ အတော်လျှို့ဝှက်ထား တာကိုးဗျ… ဒါနဲ့ သူတို့ဟာ နောက်ထပ် စူးစမ်းလေ့လာမှုနှစ်ခုလုပ်ဖို့ အခုပဲ စီစဉ်ပြီးပြီ… ဒီတစ်ခါတော့ လူသိနတ်ကြား မဟုတ်ဘူးပေါ့ဗျာ၊ ပြီးခဲ့တဲ့ကိစ္စတုန်းက ခပ်မြက်မြက်ကလေး ခံလိုက်ရပြီမဟုတ်လား"

"ဘယ်မှာလဲ" ကျုပ်တို့က တစ်ပြိုင်တည်းမေးလိုက်၏။

"တစ်ခုက အလူးရှင်း ကျွန်းစုအလွန် တစ်နေရာမှာ နောက်တစ်ခုက 'ဂါတီမာလာလျှိုကြီး'က ရေနက်ဒေသမှာ… ခင်ဗျားတို့ လူတွေကော ဘာလုပ် နေကြသလဲဟင်…"

"ကျုပ်တို့မသိပါဘူးဗျာ…"

ကျွန်ုပ်က ရိုးသားစွာပင် ပြန်၍ပြောလိုက်၏။

သူသည် ဦးခေါင်းကို ခါလိုက်ပြီးမှ "အင်း ခင်ဗျားတို့လူတွေကတော့ အမြဲပဲ နှုတ်လုံကြတယ်ဗျို့…"

အမှန်လည်း ကျွန်ုပ်တို့ဘက်မှ နှုတ်လုံခဲ့ကြ၏။ နောက်ရက်သတ္တ ပတ် အနည်းငယ်မျှအတွင်းပင် ကျွန်ုပ်တို့သည် နောက်ထပ်သူတို့ပြုလုပ်ရမည်ဆို သော စူးစမ်းလေ့လာမှုနှစ်ခုအနက် တစ်ခုအကြောင်းကို ကြားရမည်အထင်နှင့် နားများကိုစွင့်၍ထားခဲ့ကြ၏။ သို့သော် အချည်းနှီးပင် ဖြစ်ခဲ့လေသည်။ ကျွန်ုပ်တို့ မိတ်ဆွေ အမေရိကန်သတင်းထောက်သည် နောက်တစ်လခန့်အကြာ၊ လန်ဒန် ထို ဖြတ်သွားသည့်အခါတွင်မှ ၎င်းထံမှ သတင်းအနည်းငယ်ကြားသိခဲ့ရလေ သည်။ ကျွန်ုပ်တို့က သူ့အားဖြစ်ပျက်ခဲ့ပုံကိုမေးမြန်းကြည့်ရာ သူသည် ချက်မှောင်ကို ကြွတ်လိုက်ပြီးနောက်–

"ဂွာတီမာလာ အလွန်မှာတော့ ဘာမှမတွေ့ရတော့ဘူးဗျ။ နီးပေမယ့် အလူးရှင်းကျွန်းစု တောင်ဘက်က သင်္ဘောကတော့ ရေငုတ်နေတုန်းမှာ ရေဒီယို အချော အသံလွှင့်ပေးနေခဲ့တယ်။ နောက် ရုတ်ချည်းရပ်သွားတယ်၊ သင်္ဘော ပေါ်ပါတဲ့လူတွေ အားလုံးနဲ့ သင်္ဘောပါ တစ်ခါထဲ ပျက်စီးဆုံးရှုံးသွားတယ်လို့ သတင်းရတာပဲ…"

⁂

ဤကိစ္စများ (ယင်းလယ်ရေနက်ဒေသအတွင်း စူးစမ်းလေ့လာမှုများ) နှင့် ပတ်သက်၍ အစိုးရ အသိအမှတ်ပြုပုံမှာ မှောင်ခိုလျက်ပင်ရှိနေသေး၏။ ကြေးနန်းပင် ကောလာဟလ သတင်းများ တစ်ခုပြီးလျှင်တစ်ခု ကြား၍နေခဲ့ သလောက်ရာ၊ ထို့ကြောင့်လည်း လူအများ၏ စိတ်ပါဝင်စားမှုမှာ လျော့ပေါ့သွားခြင်း မရှိသေးကြောင်းသိရ၏။ ထိုအကြောင်းနှင့်တကွ အခါအားလျော်စွာ ထူးဆန်း ထခြားဖြစ်လာသည့် ကိစ္စကလေးများကို ဆက်စပ်ကြည့်လိုက်သောအခါ အနီးအမြွက်ကို အတော်ထင်ရှားအောင် သိမြင်နိုင်တော့၏။ ကျွန်ုပ်တို့၏



www.burmeseclassic.com

www.burmeseclassic.com



ရေတာဝ်ဘက်ဆိုင်ရာ အဆက်အသွယ်များကလည်း ကွေ့လည်ကြောင်ပတ်လုပ်၍နေခဲ့သဖြင့် အတ္တလန္တိတ် သမုဒ္ဒရာတစ်ဘက်ရှိ ကျွန်ုပ်တို့ကဲ့သို့သော သူများမှာ ၎င်းတို့၏ရေတပ်များနှင့် အတော်ပင် အံကိုက်လျက်ရှိနေလေသည်။ ဖြစ်ရာအချက်တစ်ခုမှာ အကယ်၍ ၎င်းတို့တွင် တိုးတက်မှုတစ်စုံတစ်ရာရှိနေကထိုအကြောင်းကို ကျွန်ုပ်တို့လည်း ကြားတန်ကောင်းသဖြင့် ဤကဲ့သို့ ဘိတ်ဆိတ်၍နေခြင်းမှာ ၎င်းတို့သည် မလုပ်တတ် မကိုင်တတ် ဇဝေဇဝါဖြစ်နေခြင်းကြောင့်ဖြစ်သည်ဟု ကျွန်ုပ်တို့ယူဆလေသည်။

မီးလုံးကြီးများအား ပြည်သူလူထုက စိတ်ဝင်စားမှုသည် အနိမ့်ဆုံးအခြေအနေသို့ ရောက်ရှိလာခဲ့ရာ၊ လူအနည်းငယ်မျှသာ ကရိကထခံ၍ သတင်းများကို ဆက်လက်ပေးပို့နေခဲ့၏။ ကျွန်ုပ်သည် ဗိုင်တွဲများကို အသင့်ပြင်ဆင်ထားခဲ့သော်လည်း သတင်းများမှာ မည်မျှလောက် မစုံလင်သနည်းဆိုပါမူ ယင်းတို့မှာ မည်မျှအထိ မှန်ကန်သည်ကိုပင် မပြောနိုင်အောင် ရှိခဲ့လေသည်။

ကျွန်ုပ်သိသလောက် မျက်မြင်အားဖြင့် မြင်ရသည့် ထိုထူးခြားသောအရာနှစ်ခုမှာ ပြည်သူလူထု၏အမြင်တွင် မည်သည့်အခါမျှ ဆက်စပ်၍မရအဲ ယခုလောလောဆယ်အချိန်၌မူ ထိုအဖြစ်အပျက်နှစ်ခုစလုံးပင် သတင်းရှားပါးချိန်၌ မဟုတ်တရုတ် ထုတ်ပေးသည့် သတင်းမျိုးကဲ့သို့ ဖြေရှင်းစရာ မလိုတော့အဲ သူ့အရှိန်နှင့်သူ ပျောက်ပျက်သွားမည်ကဲ့သို့ ရှိနေတော့၏။

နောက် (၃) နှစ်အတွင်း ကျွန်ုပ်တို့ကိုယ်တိုင်ပင် ထိုအကြောင်းကိုလုံးဝစိတ်မဝင်စားသလောက်ရှိနေခဲ့၏။ အခြားကိစ္စများနှင့် အလုပ်လည်းရှုပ်၍နေခဲ့၏။ ကျွန်ုပ်တို့တွင် သားဦးကလေး 'ဝီလျံ'ကို ရရှိပြီးနောက် (၁၈) ... အကြာတွင် ထိုသားကလေးမှာ သေဆုံးသွားရှာ၏။ ထိုအတွက် ဖီလစ်အ... စိတ်ပြေလက်ပျောက်ဖြစ်စေရန် ကျွန်ုပ်သည် နယ်လှည့်သတင်းထောက် လုပ်... များကို မရရအောင် ကြံဖန်ပြီးလျှင် နေအိမ်ကိုလည်း ရောင်းချလိုက်ပြီးနော... အချိန်အတော်ကြာမျှ ကျွန်ုပ်တို့နှစ်ယောက်စလုံး ခရီးထွက်လျက်ရှိနေခဲ့... သည်။

အလုပ်မှာ ကျွန်ုပ်၏အလုပ်ဟုသာ ဆိုရသော်လည်း အီးဘီစီမှ ... များကျေနပ်နှစ်သိမ့်လောက်အောင် ဆောင်းပါးများကို အမှွမ်းတင်ပေးရ... အားလုံးလိုလိုပင် ဖီလစ်၏ လက်ရာများသာဖြစ်တော့၏။ ဖီလစ်မှာ ကျွန်ုပ်... စာမူများကို အချောကိုင်၍မနေသည့်အခါများ၌ သူကိုယ်တိုင် ဆောင်းပါး... ကို ရေးသားနေတတ်၏။ အိမ်သို့ ကျွန်ုပ်တို့ ပြန်ရောက်ကြသောအခါ ... မှာ ယခင်ကထက် ဂုဏ်တက်စရာအခြေအနေသို့ ရောက်ရှိကာ ... သည့် အလုပ်များကလည်း အတော်များပင်ရှိနေ၏။ ဤသို့ဖြင့် ကျွန်ုပ်တို့...



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးအခြေအနေမှာ ရှေ့တွင် အတည်တကျနေနိုင်ရန် အစပျိုး၍လာခဲ့လေပြီ။

ထို့နောက် မကြာမီပင် အမေရိကန်တို့သည် 'မာရီယာ' ကျွန်းစု အလွန်တွင် ကရူးဇ်သင်္ဘောတစ်စင်း ဆုံးရှုံးခဲ့ရပြန်လေသည်။ ထိုသတင်းမှာ အလွန်ပင် နည်းပါးလှ၍ သတင်းကိုယ်စားလှယ်ဌာနမှ ရရှိသော သတင်းဖြစ်ပြီးလျှင် သတင်းစာတိုက်သို့ ရောက်သောအခါမှ အတန်ငယ် ချဲ့ထွင်ရေးသားထားခြင်းမျိုးဖြစ်၏။ သို့သော် ထိုကိစ္စနှင့်ပတ်သက်၍ အယူအဆတစ်မျိုး ဖြစ်နေလေသည်။ ဖိလစ်သည် ထိုသတင်းကို သတင်းစာတွင် ဖတ်ရသောအခါ ဤကဲ့သို့ပင် ဖြစ်တော့၏။ သူသည် မြေပုံစာအုပ်ကို ထုတ်ယူပြီးနောက် မာရီယာကျွန်းစု အကြောင်းကို လေ့လာကြည့်ရှုလျက်ရှိလေ၏။

ဖိလစ်။ ။ "ကျွန်းရဲ့ သုံးဘက်စလုံးမှာ ရေအတော်နက်တယ်"

ကျွန်ုပ်။ ။ "ဒီသတင်းကို ရေးပုံဟာ ထုံးစံအတိုင်းမဟုတ်ဘူး၊ အတိအကျလက်ဆုပ်လက်ကိုင်လဲ မပြနိုင်ဘူး...အရေးအသားကလဲ တစ်မျိုးကြီးဘဲ"

ဖိလစ်။ ။ "ကျွန်မတို့ တီးတိုးဝါဒဖြန့်သမားတွေဆီ စုံစမ်းကြည့်ရင် ကောင်းမယ်"

သို့နှင့် ကျွန်ုပ်သည် အထက်ပါသတင်းနှင့်ပတ်သက်၍ စုံစမ်းကြည့်သော်လည်း အချည်းနှီးပင်ဖြစ်တော့၏။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ ကျွန်ုပ်တို့၏ အဆက်အသွယ်များက လျှို့ဝှက်ထားကြသောကြောင့်လည်း မဟုတ်ပေ။ တစ်နေရာ၌ သတင်းကို ကွယ်ဝှက်ထားဟန် လက္ခဏာရှိပြီးလျှင် သတင်းစာတွင် ပါသော လူသိနတ်ကြားသတင်းထက် တစ်စုံတစ်ရာပို၍ မသိရပေ။ 'ကီဝီနော်' အမည်ရှိ ကရူးဇ်သင်္ဘောသည် ရာသီဥတုကောင်းမွန်စွာရှိနေပါလျက် နစ်မြုပ်သွားခဲ့ရ၏။ လူ (၂၀) သာ ကယ်ဆယ်ရရှိခဲ့သည်ဆို၏။ အစိုးရပိုင်းကလည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ဦးမည်ဖြစ်လေသည်။

ဤသို့ ပြုလုပ်မည်ဖြစ်သော်လည်း ကျွန်ုပ်သည် စုံစမ်းစစ်ဆေးချက်များကို မည်သည့်အခါတွင်မျှ မသိခဲ့ရပေ။ 'ကမ်ချက်တကာ' ကျွန်းဆွယ်တောင်ဘက်ရှိ 'ကူရီ' ကျွန်းတန်း၏ အရှေ့ဘက်တွင် မည်သူမျှ မသိရသော တာဝန်အချို့ကို လျှို့ဝှက်စွာထမ်းဆောင်နေသည့် ရုရှသင်္ဘောတစ်စင်းသည်လည်း ခြေရှင်း၍ မရနိုင်အောင် ထူးဆန်းစွာ နစ်မြုပ်သွားပြန်ရာ၊ ထိုသတင်းသည် ထောမသတင်းကို တစ်နည်းအားဖြင့် ဖုံးလွှမ်းသွားခဲ့လေသည်။

ထို့နောက်တွင် သင်္ဘောအများအပြား နစ်မြုပ်ခဲ့ရပြန်၏။ သို့သော် ထိုသို့မည်ပုံဖြစ်ရသည်ကို အသေးစိပ်ဖော်ပြနိုင်ရန် ကျွန်ုပ်၌ မှတ်တမ်းများမရှိတော့ပေ။ ကျွန်ုပ်စိတ်ထင်အားဖြင့် အမေရိကန်တို့သည် ဖိလစ်ပိုင်ကျွန်းစုအလွန်



www.burmeseclassic.com

www.burmeseclassic.com



တွင် 'သမ္မာအရာသူတော်သနလုပ်ငန်း' များကို တစ်နည်းမဟုတ် တစ်စနည်းလုပ်ကိုင်နေကြဟန်တူသော သင်္ဘော ၅ စင်း ၆ စင်းတို့သည်လည်း ထူးဆန်းစွာပျောက်ကွယ်သွား၍ နစ်နာဆုံးရှုံးကြရပြန်လေသည်။ ထိုအကြိမ်တွင် အမေရိကန်တို့မှာ ဖျက်သင်္ဘောတစ်စင်း ပါဝင်ဆုံးရှုံးခဲ့ရလေရာ၊ သည်းမခံနိုင်လောက်ဖြစ်ခဲ့ကြတော့၏။

ရေနက်တွင် အဏုမြူဗုံးဖောက်ခွဲစမ်းသပ်မှု အဆင့်ဆင့် ပြုလုပ်ရန်အတွက် ကြံရွယ်ထားသော ဗီကီနီကျွန်းတစ်ဝိုက်ရှိ ရေပြင်မှာ တိမ်လွန်းသဖြင့် ဤသို့သော စမ်းသပ်မှုများပြုလုပ်ရန် နေရာကို အနောက်ဘက် မိုင်တစ်ထောင်ခန့် ကွာသောနေရာသို့ ရွှေ့ပြောင်းသွားမည်ဟူသော ဉာဏ်စွမ်းပြ ကြေညာချက်သည် ပြည်သူလူထု တစ်စိတ်တစ်ဒေသအား လှည့်စားနိုင်ကောင်း လှည့်စားနိုင်ပေမည်။ သို့သော် ရေဒီယိုနှင့် သတင်းစာလောက၌မူ အလုပ်တာဝန်များကို အလုအယက် တောင်းခံလာအောင် လှုံ့ဆော်ပေးလိုက်ခြင်းဖြစ်လေသည်။

ဖီလစ်နှင့် ကျွန်ုပ်တို့မှာ ယခုအခါ အမိုကောင်းရနေပြီဖြစ်သဖြင့်ကံလည်း ကောင်းတော့၏။ ထိုနေရာသို့ ကျွန်ုပ်တို့သည် လေယာဉ်ဖြင့်သွားရောက်ခဲ့ရာ နောက်ရက်အနည်းငယ်မျှအကြာတွင် မာရီယာနာ ကျွန်းစုအလွန်ကီဝိနော့သင်္ဘောနစ်မြုပ်သွားရာ ဒေသကို ဗဟိုပြုလျက် မလှမ်းမကမ်းတွင် ကျောက်ချထားသည့် သင်္ဘောများနှင့် လိုက်ပါခွင့်ရခဲ့ကြလေသည်။

အထူးတလည် စီမံထားသော ရေနက်ဗုံးကို ကျွန်ုပ်တို့မမြင်ခဲ့ရသောကြောင့် မည်ကဲ့သို့သော ပုံသဏ္ဌာန်မျိုးရှိသည်ကို မပြောနိုင်ပေ။ ဗုံးထည့်ထားသည့် ခပ်လုံးလုံးပုံသဏ္ဌာန် သတ္တုတဲတင်ထားသည့် ဖောင်ကိုသာ ကျွန်ုပ်တို့ကြည့်ခွင့်ရ၍ ထိုဗုံးမှာ သာမန်အဏုမြူဗုံးမျိုးနှင့် အလွန်တူသော်လည်း လိုအပ်လျှင် (၅) မိုင်အနက်ရှိ ဖိနှိပ်အားကိုပင် ခံနိုင်ရည်ရှိသော အိမ်အထူကြီးပါရှိသည့်ဗုံးဖြစ်သည်ဟုသာ ပြောပြလေသည်။

စမ်းသပ်မည့်နေရာတွင် အလင်းရောင်ပေါ်လာသည်နှင့် တစ်ပြိုင်နက်ဆွဲသင်္ဘောတစ်စင်းသည် မိုးကုပ်စက်ဝိုင်းဆီသို့ ထိုဖောင်ကို ဆွဲသွားလေသည်။ ထိုနောက်တွင်ကား ကျွန်ုပ်တို့သည် ဖောင်များပေါ်တွင် လူမပါဘဲ အလိုအလျောက် ရိုက်ကူးလျက်ရှိသော တယ်လီဗေးရှင်းကင်မရာများဖြင့်သာလျှင် ထောက်လှမ်းကြည့်ရှုနေခဲ့ကြရ၏။ ဤနည်းအားဖြင့် ဆွဲသင်္ဘောသည် ဖောင်ကိုဖြုတ်လွှတ်လိုက်ပြီးနောက် စက်ကုန်တင်လိုက်သည်ကို ကျွန်ုပ်တို့ တွေ့ရလေသည်။ ထို့နောက် ဆွဲသင်္ဘောသည် ဘေးကင်းရာသို့ အမြန်ခုတ်မောင်းသွားစဉ်ဖောင်သည်လည်း ကီဝိနော့နစ်မြုပ်သွားသည့် နေရာသို့ ရေစီးဖြင့် မျောပါသွား

www.burmeseclassic.com



တော့၏။ သုံးနာရီခန့်ကြာသည်အထိ မည်သို့မျှ မဖြစ်သေးဘဲ ဖောင်ပုံသဏ္ဌာန်ကိုသာ မြင်ကွင်းစကရင်များပေါ်၌ မလှုပ်မရှားဖြစ်နေသည်ကို တွေ့ရလေသည်။ ထို့နောက် အသံချဲ့စက်များမှတစ်ဆင့် ဗုံးသည် နောက်မိနစ် ၃၀ ခန့်အတွင်း ပေါက်ကွဲတော့မည်ဟု အသံတစ်ခုကပြောလေသည်။ ဆက်လက်၍လည်း တစ်မိနစ်ပြီး တစ်မိနစ် လေးလေးနှင့် မှန်မှန် ကြေညာခဲ့၏။ ကျွန်ုပ်တို့သည် 'စကရင်' မြင်ကွင်းများကို စိုက်ကြည့်လျက် အသံကိုလည်း နားထောင်နေသည့်အချိန်များတွင် လုံး၀ တိတ်ဆိတ်လျက်ရှိနေလေသည်။

"သုံး...နှစ်...တစ်...ကိုင်း"

နောက်ဆုံးစကားလုံးကို ပြောလိုက်သည်နှင့် ဒုံးပျံတစ်ခုသည် မီးခိုးအနီတန်းတစ်ခုဖြစ်စေလျက် ဖောင်ပေါ်မှ ထိုးတက်လာလေသည်။

အသံတစ်သံ။ ။ "ဗုံးပေါက်တော့မယ်"

ကျွန်ုပ်တို့သည် စိတ်အားထက်သန်စွာ စောင့်ဆိုင်းလျက်ရှိနေကြ၏။

အားလုံး တိတ်ဆိတ်ငြိမ်သက်နေသည်မှာ အချိန်အတော်ကြာသည်ဟု ထင်ရ၏။ မြင်ကွင်းများတစ်ပိုက်တွင် ရှိနေကြသူများသည်လည်း မည်သူမျှ စကားမပြောချေ။ လူတိုင်းသည် ပြန့်လွင့်၍ ပြာလဲ့နေသော ရေမျက်နှာပြင်ပေါ်တွင် တည်ငြိမ်စွာ မျောပါနေသော ဖောင်၏ပုံကို ပြနေသည့် မြင်ကွက်တစ်ခုတည်းကိုသာ စိုက်ကြည့်လျက်ရှိနေကြ၏။ ထိုနေရာတွင် တဖြည်းဖြည်း လွင့်သွားနေသော အနီရောင်မီးခိုးတန်းကလွဲ၍ တစ်စုံတစ်ရာ ဖြစ်ပျက်ခဲ့သည်ကို ဖော်ပြသော အခြားမည်သည့်လက္ခဏာကိုမျှ မတွေ့ရပေ။ မျက်လုံးနှင့်နားအတွက် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ တွေ့ထိခံစားချက်မှုကား ကမ္ဘာကြီးတစ်ခုလုံးကပင် အသက်အောင့်ထားသည်ဟု ထင်ရလေသည်။

ထို့နောက်တွင်ကား ပေါက်ကွဲတော့၏။ ငြိမ်သက်လျက်ရှိနေသော ခင်လယ်ရေမျက်နှာပြင်မှ ကြီးမားလှသော တိမ်ဖြူလုံးကြီးတစ်လုံးသည် ရုတ်တရက် ပေါ်ထွက်လာပြီးလျှင် တဖြည်းဖြည်းပြန့်ကားကာ ကောင်းကင်သို့ အလိပ်လိပ် တက်လာတော့၏။ သင်္ဘောတစ်ခုလုံးသည်လည်း သွက်သွက်ခါ၍ သွားလေတော့၏။

ကျွန်ုပ်တို့သည် ကြည့်ရှုနေသော တယ်လီဗစ်ရှင်းမြင်ကွင်းစကရင်မှ ထယ်ခွာလျက် သင်္ဘောလက်ရမ်းများဆီသို့ အပြေးအလွှားသွားကြလေ၏။ တိမ်လိပ်ကြီးကိုမူ အလွန်ဝေးကွာသောအရပ်၌ မြင်ရ၍ပင်နေသေး၏။ ၎င်းသည် ကြောက်မက်ဖွယ်ကောင်းသော ပုံသဏ္ဌာန်အမျိုးမျိုးဖြစ်ကာ ကောင်းကင်ဆီသို့ ထိုးတက်လျက်ရှိလေသည်။ ထိုအချိန်မှပင် အုန်းကနဲမြည်သော အလွန်ကြီးမားလှသည့် အသံကြီးကို ကြားလိုက်ရပြီးလျှင် နောက်အတန်ကြာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ဘက်သို့ တဟုန်ထိုးလာနေသည့် မည်းနက်သော အတန်းကြီးကဲ့သို့ရှိနေသော ဝထမလှိုင်းလုံးကြီးကို တွေ့လိုက်ရလေသည်။

*

ထိုနေ့ည ညစာစားပွဲ၌ ကျွန်ုပ်တို့သည် 'သိ-တိုက်ဒင်း' (The Tidings) သတင်းစာမှ 'မစ္စတာမာလာဗီ' နှင့် 'သိ-ဆီးနိတ်' (The Senate) သတင်းစာမှ 'မစ္စတာဗင်းနဲ' တို့နှင့်အတူ စားပွဲတစ်လုံးတည်းကျနေသဖြင့် စားသောက်ရ၏။ ကျွန်ုပ်သည် စိတ်ကူးကောင်းသဖြင့် ဖိလစ်အား လိမ္မာပါးနပ်စွာ လက်ထပ်ခဲ့၏။ သူကလည်း ကျွန်ုပ်လုပ်ကိုင်နိုင်စွမ်းရှိအောင် ကျွန်ုပ်ကို အသာထားပြီးလျှင် ရှေ့ကလမ်းခင်းပေး၏။ ကျွန်ုပ်သည် ထိုအချက်များကိုသာ ဂရုစိုက်၍ ယခုကဲ့သို့ ထင်ရှားသော အထက်တန်းလွှာ လူများထဲတွင် ပါဝင်နေရသည်ကို ဂုဏ်မယူလိုပေ။ ယခုပွဲသည်ကား သူကိုယ်တိုင် ကြီးမှူးဆောင်ရွက်ရမည့်ပွဲဖြစ်၏။ ၎င်းအတွက် ကျွန်ုပ်တို့မှာနည်းကောင်းတစ်ခုရှိ၏။ ကျွန်ုပ်သည် ဇနီးသည်၏ အစီအစဉ်ကို အနှောင့်အယှက်မဖြစ်စေဘဲ၊ သူတို့လူစုထဲတွင် ဝင်ဆန့်သည့် သဘောလောက်သာ ပြုပြီးလျှင်၊ နံဘေးမှ ခပ်ရှောင်ရှောင်နေခဲ့၏။ ကျန်အချိန်များ၌မူ သူတို့အား အသေအချာစောင့်ကြည့်ခြင်း၊ ချီးကျူးခြင်းတို့ဖြင့်သာ အချိန်ကို ကုန်စေခဲ့၏။ ဤကဲ့သို့ ပြုလုပ်ခြင်းမှာ 'စစ်တုရင်' ကစားရာတွင် အလွန်ကျွမ်းကျင်ခြင်းနှင့် မျက်လှည့်ပြရာတွင် အလွန်ကျင်လည်ခြင်းတို့ကို ပေါင်းစပ်ထားသည်နှင့်ပင် ခပ်ဆင်ဆင်တူတော့၏။ ဖိလစ်သည် မမျှော်လင့်သော အချက်များထဲမှ တစ်ဖန် ပြန်၍ရအောင် အဖတ်ဆယ်လိုက်ခြင်းတို့ကို ကြည့်ရသည်မှာ အလွန်ပင်ပျော်စရာကောင်းလှတော့၏။ သူသည် တစ်ခါတစ်ရံ၌ရှုံးနိမ့်ခဲ့၏။ ဤအကြိမ်၌မူ သူသည် မိမိလိုသောအကွက်သို့ ၎င်းတို့ဝင်လာအောင် အနည်းနှင့်အများ သိမ်းသွင်းနိုင်လေသည်။

မာလာဗီ။ ။ "အသိဉာဏ်ကို အမှန်ဖြစ်တယ်လို့ ယူဆတာက လည်း လုပ်ချင်တဲ့ဆန္ဒမရှိမှုဘဲဗျ၊ ဒါဟာ ခြေချော်တတ်တဲ့နေရာဘဲ...၊ နို့ပေမယ့် အခုနောက်ဆုံးကျတော့ ကျုပ်တို့မှာ တစ်ဝက်တစ်ပျက် လက်ခံမိလျက်သား ရှိနေပြီ"

ဗင်းနဲ။ ။ 'အဲဒီအသိဉာဏ်ကိုတော့ ကျုပ်စစ်တမ်းထုတ်ချင်သေးတယ်ဗျာ၊ အထူးသဖြင့် မိမိကိုယ်ကို ကာကွယ်မှုနဲ့ ပတ်သက်ပြီး အသိဉာဏ်အရ ဆောင်ရွက်တာနဲ့ ပင်ကိုယ်ဉာဏ်အရ ဆောင်ရွက်တာနှစ်ခုရဲ့ အလယ်မှာ ခြားနားနေတဲ့ မျဉ်းကြောင်းဟာ အင်မတန်မရေရာတာဘဲဗျ...၊ ဘာဖြစ်လို့ ဆိုတော့၊ နှစ်ခုစလုံးကလည်း ဒီအကျိုးအာနိသင်မျိုးကို ပေးချင်ပေးနိုင်မပေးနိုင်ရင် ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



မာလာဗီ။ ။ "ဒါပေမယ့် အကြောင်းအရာက ဘာပဲဖြစ်ဖြစ် ဒါဟာအကျိုးဖြစ်စေမယ့် အခြေအနေသစ်တစ်ခု ဖြစ်တယ်ဆိုတာကတော့ ခင်ဗျား မငြင်းနိုင်ဘူး"

ထိုနေရာသို့ရောက်လျှင် ဖီလစ်သည် သူတို့ချင်း ပြောလက်စအရှိန်မပျက်အောင် ကြိုးပမ်းလျက်ရှိရာမှ မိမိကိုယ်ကို သက်သောင့်သက်သာဖြစ်စေရန် နေရာကို ပြင်၍ထိုင်လိုက်ပြီးလျှင် ဆက်လက်နားထောင်နေသည်ကို ကျွန်ုပ်မြင်လိုက်ရ၏။

(ဗင်းနဲ)။ ။ "ကျုပ်ငြင်းနိုင်တယ်၊ အဲဒီအကြောင်းရင်းဟာ ဒီနေရာရေအောက်မှာ နှစ်ပေါင်းရာပေါင်းများစွာကပဲ ရှိနေချင်နေမယ်၊ နို့ပေမယ့် ကျုပ်တို့က ဒီဟာရဲ့ ပတ်ဝန်းကျင်ကို ဘာမှ အနှောင့်အယှက် မပြုလေတော့ ကျုပ်တို့မှာလဲ ဘာမှ စိတ်ဝင်စားမှု မရှိသေးဘူးပေါ့ဗျာ"

(မာလာဗီ)။ ။ "ခင်ဗျား ပြောနိုင်ပါတယ်... ဒါပေမယ့် ကျုပ်သာ ခင်ဗျားနေရာမှာရှိရင် ကျုပ်မပြောဘူး၊ နို့ပြီးအရည်ပျော်သွားတဲ့ သံကြီးတွေ အကြောင်းကိုလဲ ခင်ဗျား ဘာမှမပြောဘဲ လျစ်လျူရှုထားတယ်၊ ဒီဟာထဲမှာ ဘာမှ ဉာဏ်ဆိုတာပါတာမဟုတ်ဘူး၊ အင်မတန် သေချာတာဗျ..."

ဗင်းနဲ့သည် ပြုံးဖြီးဖြီး အမူအရာနှင့်...

"ဒါကတော့ ရုပ်ဆိုးတယ်ဆိုတာ ကျုပ်ဝန်ခံပါတယ်ဗျာ၊ ဒါပေမယ့် အခုအထိ ကျုပ်ကြားရသမျှ သဘောတရားတွေထဲမှာ ဒုက္ခပေးမယ့် အကြောင်းရင်းတွေက ဒါဇင်ဝက်လောက် ရှိနေမယ်ဗျ"

"နို့ပြီး ဟိုအမေရိကန် သင်္ဘောခတ်လိုက်သွားတာကကော... ဒါလဲ ဗဲ လေထုထဲမှာ လျှပ်စစ်ဓာတ်အားလှုပ်ရှားမှုကြောင့်ပဲ မဟုတ်လား"

"အင်း... မဟုတ်ဘူးလို့ ပြောရအောင်လဲ၊ ကျုပ်တို့ဟာ လုံလောက်တဲ့အကြောင်း အသေအချာရှိတယ်ဆိုတာသိလို့လား"

မာလာဗီသည် နှာခေါင်းမှလေကို ရှူးကနဲမှုတ်ထုတ်လိုက်၏။

"အလို ဘုရားရေ... ချော့သိပ်တယ်ဆိုတာ နို့စို့ကလေးတွေနဲ့ လူအနူတွေအတွက်ပါဗျ"

"ဩော်...ဩော် နို့ပေမယ့် ဒါကိုပဲ ရွေးမလား၊ ဗော့ကာရဲ့ အဆိုထိုးပဲ ရွေးမလားလို့ဆိုရင် ကျုပ်တော့ ဒါကိုဘဲ ရွေးမှာပဲ"

"ကျုပ်ကလဲ ဗော့ကာရဲ့ဘက်က ပြောမယ့်လူမဟုတ်ပါဘူးဗျ... သူ့ဗျာဖြေချက်ဟာ ကျုပ်အတွက် ရယ်စရာကောင်းတာထက် ခင်ဗျားအတွက် ပိုပြီးရယ်စရာကောင်းနေတယ်လို့ သံသယဖြစ်မိတယ်၊ ဒါပေမယ့် ကျုပ်တို့ ဘာတွေရင်ဆိုင်နေရသလဲဆိုတာ ကြည့်လိုက်စမ်းပါဦး၊ တစ်ခုထဲဖြစ်ဖြစ် တစ်ခုနဲ့တစ်ခု ဆက်စပ်လို့ပဲဖြစ်ဖြစ် ကျေနပ်စရာမရှိတဲ့ ဖြေရှင်းချက်တွေပဲ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား... ဒါမှမဟုတ် ဗော့ကာရဲ့ အဆိုပဲမဟုတ်လား၊ ဒါပေမယ့် အဲဒီအဆိုနဲ့ ဝတ်သက်ပြီးတော့ ကျုပ်တို့ ဘယ်လိုပဲသဘောထားထား သူဟာအကျိုးဖြစ်ထွန်းခဲ့အကြောင်းအရာတွေကို တခြားဘယ်သူထက်မဆို ပိုပြီးစုစည်းထားတယ်ဗျ"

"ဂျူးလ်(စ)ဗန်းလဲဘဲ ဒီလုပ်မယ်ဆိုတာ ယုံမှားစရာမရှိပါဘူးဗျာ"

ဤဗော့ကာ၏အဆို ပါဝင်လာရာတွင် ကျွန်ုပ်အဖို့ မည်သို့မျှ နားမလည်နိုင်အောင်ရှိ၍ ဖိလစ်သည်လည်း ထိုနည်းအတူပင် ဖြစ်ခဲ့လေသည်။ သို့သော် ဖိလစ်က အောက်ပါအတိုင်း ပြောလိုက်သည်ကို ထောက်သဖြင့် တွေးဆခန့်မှန်းရန် ခဲယဉ်းလှပေသည်။

ဖိလစ်က အတန်ငယ် မျက်မှောင်ကြုတ်လျက်။ ။

"အမှန်ပဲရှင့်၊ ဗော့ကာရဲ့အဆိုကိုလဲ လုံးလုံးကြီး မပယ်နိုင်ဘူး"

ဤသို့ပြောလိုက်ခြင်းမှာ အတော်ပင်ခရီးရောက်သွားတော့၏။ အချိန်အနည်းငယ်အတွင်း ဗေါ့ကာ၏ ထင်မြင်ယူဆချက် အတိုချုပ်ကို ကျွန်ုပ်တို့သိရပြီးလျှင် ကျွန်ုပ်တို့နှင့်ပတ်သက်၍ ပထမဆုံးအကြိမ် သူပါလာသည်ကို သူတို့နှစ်ယောက် မရိပ်မိကြပေ။

'အယ်လတ်စတဲယား ဗော့ကာ'၏ အမည်ကို ကျွန်ုပ်တို့သည် လုံးလုံးလျားလျား မသိမဟုတ်ပေ။ ဤအမည်မှာ ထင်ရှားသော ပထဝီဝင်ဆရာကြီးတစ်ဦး၏ အမည်ဖြစ်၍ ထုံးစံအတိုင်းဆိုသော် ထိုအမည်၏နောက်တွင် ဘွဲ့များတစ်သီတစ်တန်းကြီးပါလာတတ်၏။ သို့သော် သူ့အကြောင်းနှင့်ပတ်သက်၍ သိရှိရသည်မှာ ကျွန်ုပ်တို့အဖို့ အသစ်အဆန်းပင်ဖြစ်တော့၏။ ဤကဲ့သို့သိရှိရသည်မှာလည်း ဖိလစ်က လှုံ့ဆော်ပေးသဖြင့် ထွက်လာခြင်းဖြစ်၏။ ထိုအကြောင်း အရာများကို ပြန်လည်စီစဉ်ရေးသားရမည်ဆိုသော်...

လွန်ခဲ့သည့် တစ်နှစ်နီးပါးအချိန်က ဗော့ကာသည် သန်ဒန်မြို့ရှိ ရေတာပ်ဌာနချုပ်သို့ စာတမ်းတစ်စောင် တင်သွင်းခဲ့၏။ ဗော့ကာဟူသော အမည်ကြောင့်ပင် ထိုစာတမ်းမှာ အတော်အတန် အရေးပါသော အဆင့်အတန်းတွင် အရေးတယူ ဖတ်ရှုလေ့လာခြင်း ခံခဲ့ရလေသည်။ ထိုစာတမ်းတွင် တင်ပြထားချက် အတိုချုပ်မှာ အောက်ပါအတိုင်းဖြစ်၏။

သံကြိုးများ အရည်ပျော်သွားခြင်းနှင့် သဘော်အချို့ ဓာတ်လိုက်ခံရခြင်းတို့မှာ သမုဒ္ဒရာ၏ ပိုမိုနက်ရှိုင်းသော အချို့ဒေသတွင် တစ်စုံတစ်ခုသော အရာက ဉာဏ်ဖြင့် လုပ်ကိုင်နေသည်မှာ မငြင်းနိုင်သော သက်သေခံအထောက်အထားဖြစ်ကြောင်း ယူဆရပေမည်။

ထိုဒေသများရှိ ဖိနှိပ်မှုအင်အား အပူချိန်၊ အစဉ်အမြဲ မည်းမှောင်နေခြင်းစသည့် အခြေအနေတို့ကြောင့် ထိုဒေသများတွင် မည်သည့် သက်ရှိသတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com



မျိုးသော်မှ ဥဏ်စွမ်းထုတ်နိုင်မည်ဟု မယူဆနိုင်ပေ။ သူသည် ဤအဆိုအချက်ကို ထိရောက်သည့် ဆင်ခြေဆင်လက် မြောက်မြားစွာဖြင့် တင်ပြခဲ့လေသည်။

ထိုရေနက်ပိုင်းဒေသများတွင် အလုပ် လုပ်ကိုင်သွားနိုင်မည့် ကီရိုယာမျိုးကို မည်သည့်နိုင်ငံတကာမျှ ကြံစည်တေည်ဆောက်နိုင်စွမ်းရှိမည် မဟုတ်ပေ။ တည်ဆောက်လျှင်လည်း ရည်ရွယ်ချက်ဟူ၍ ရှိမည်မဟုတ်ဟု ယူဆရပေမည်။

အကယ်၍ ထိုရေနက်ပိုင်းဒေသများတွင် ဥဏ်စွမ်းထုတ်နိုင်မှုအင်အား ယခင်အထက်ထက်က မရှိခဲ့လျှင် အခြားတစ်နေရာမှ လာရောက်ခြင်းဖြစ်ရပေမည်။ ထို့ပြင်လည်း ၎င်းသည် စတုရန်း ၁ လက်မလျှင် ၂ တန်ဖိနှိပ်အား သို့မဟုတ် ထို့ထက် နှစ်ဆမျှလေးသည့် ဖိနှိပ်အားကို ခံနိုင်ရည်ရှိသော ရုပ်သဏ္ဌာန်တစ်ခုခုအတွင်းတွင် တည်ရှိနေရပေမည်။ သို့ဖြစ်ရကား ကမ္ဘာပေါ်၌ ဤမျှလောက် ဖိနှိပ်မှုအင်အားကို ခံနိုင်မှုရှိသည့် ရုပ်သဏ္ဌာန်တစ်ခုကို မည်သည့်နေရာတွင် တွေ့နိုင်အံ့နည်း။ ရှင်းလင်းစွာပြောရမည်ဆိုလျှင် မည်သည့်နေရာတွင်မျှ တွေ့မည်မဟုတ်ကြောင်း ထင်ရှားလေသည်။

ထိုသို့တပြီးကား အကယ်၍ ဤကမ္ဘာမြေကြီးပေါ်တွင် အစဦးအလာမရှိခဲ့လျှင် အခြားတစ်နေရတွင် ရှိနေပေမည်။ ပုံစံပြုရမည်ဆိုသော် ဖိနှိပ်မှုအင်အား အလွန်ကြီးမားသည့် ဂြိုဟ်ကြီးတစ်ခုခုတွင် ဖြစ်ရပေမည်။ ဤသို့ဆိုလျှင် အာကာသကောင်းကင်ကို မည်ကဲ့သို့ဖြတ်သန်း၍ ဤကမ္ဘာသို့ ရောက်လာလေသနည်း။

ထိုအခါ ဖော့ကာသည် လွန်ခဲ့သည့်နှစ် အနည်းငယ်အတွင်းကလူအများ စိတ်ကူးတည့်ရာ ပြောဆိုခဲ့သည့် ယခုပင် ရဖန်ရံခါ ပြောဆိုလျက်ရှိကြသေးသော 'မီးလုံးကြီးများ' ကို ညွှန်ပြလေသည်။ ထိုမီးလုံးကြီးများအနက် မည်သည့်မီးလုံးမျှ ကုန်းပေါ်သို့ ကျလာမည်ဟု မသိရှိရပေ။ စင်စစ်အားဖြင့် မည်သည့်မီးလုံးမျှလည်း အလွန်ရေနက်သည့် ဒေသများမှလွဲ၍ အခြားဒေသများတွင် ကျဆင်းခဲ့ခြင်းမရှိခဲ့ပေ။ ထိုမှတစ်ပါး ဒုံးယာဉ်များထိမှန်သွားသော မီးလုံးကြီးများသည် အလွန်ပြင်းထန်စွာ ပေါက်ကွဲသွားသောကြောင့် အလွန်ကြီးမားသည့် ဖိနှိပ်အားကို သယ်ဆောင်လာကြသည်ဟု ထင်စရာအကြောင်းဖြစ်လာလေသည်။

ထို့ပြင် ဤဖိုလ်မီးလုံးကြီးများသည် များသောအားဖြင့် ကမ္ဘာပေါ်၌ လူ့ပ်ရှားမှုနှင့် ကြီးမားသော ဖိနှိပ်အား ကိုက်ညီစွာရှိနိုင်သော နေရာဒေသများသို့သာ ကျဆင်းခဲ့သည်တို့မှာလည်း အလွန်ပင် ထူးခြားလှပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့ကိုယ်တိုင် တစ်စုံတစ်ရာ မသိပါဘဲလျက်၊ ဂြိုဟ်အချင်းချင်းတို့ ကျူးကျော်တိုက်ခိုက်နေသည်ကို ခံနေရပြီဟု ဖော့ကာက ထောက်ချက်ချခဲ့လေသည်။ အကယ်၍သာ သူ့အား ထိုကျူးကျော်တိုက်ခိုက်မှု



www.burmeseclassic.com

www.burmeseclassic.com



များ၏ အရင်းအစကို မေးခဲ့လျှင် ယင်းကဲ့သို့ ဖိနှိပ်မှုအင်အား အခြေအနေမျိုး အများဆုံးရှိနိုင်သည့် ကြာသပတေးဂြိုဟ်ကိုသာ ညွှန်ပြပေလိမ့်မည်။

သူတင်ပြသော စာတမ်းအဆိုအရ ဤကဲ့သို့ ဂြိုဟ်အချင်းချင်း ကျူးကျော်မှုမျိုးမှာ ရန်ပြုလို၍ ဖြစ်သည်ဟု သဘောထား၍ မဖြစ်နိုင်ကြောင်း ထင်မြင်ချက် ပေးပြီးလျှင် သူ၏စာတမ်းကို အဆုံးသပ်လေသည်။ သည်းမခံနိုင်လောက်သည့် အခြေအနေမျိုးသို့ရောက်လာသဖြင့် ထွက်ပြေးတိမ်းရှောင်လာခြင်းမျိုးလည်း ရှိ၏။ စတုရန်းတစ်လက်မလျှင် ဖိနှိပ်မှုအင်အား ၁၅ ပေါင်မျှရှိသည့် နေရာဒေသမျိုးတွင် တည်ဆောက်လာသော ဘဝမျိုးသည် တစ်လက်မလျှင် ဖိနှိပ်အင်အားတန်ချိန် အမြောက်အမြားလိုအပ်သည့် ရုပ်သဏ္ဍာန်တစ်ခုနှင့် အခွင့်အရေးချင်း ထွေးရောယှက်တင်ဖြစ်ရန် အကြောင်းမရှိလှဟု သူ၏အနေဖြင့် ထင်မြင်ယူဆခဲ့လေသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ရေနက်ပိုင်းဒေသများတွင် အသစ်လာရောက်နေထိုင်ကြသူများအား သိပ္ပံပညာချင်း ဖလှယ်မှုကို လွယ်ကူစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ကိုယ်ချင်းစာတရား ရှေ့ထား၍ ဆက်ဆံရန် နည်းလမ်းများကို ကြိုးပမ်းရှာဖွေသင့်ကြောင်းဖြင့် အဓိပ္ပာယ်အကျယ်ချဲ့ဆိုးသုံးကာ နှီးနှောတိုက်တွန်းခဲ့လေသည်။

ဤကဲ့သို့သော ရှင်းပြချက်များ၊ အကြံပေးချက်များနှင့် ပတ်သက်၍ ရေတပ်ဗိုလ်ချုပ်ကြီးများက ထုတ်ဖော်ပြောဆိုသည့် ထင်မြင်ယူဆချက်များကို လူအများသိအောင် မှတ်တမ်းတင်၍ မထားခဲ့ပေ။ သို့သော် နောက်မကြာမီ စောကာသည် ၎င်းတို့ထံမှ သူ၏စာတမ်းကို ပြန်လည်ရုပ်သိမ်းသွားသည်ဟု သိရှိရလေသည်။

ဗင်းနဲ့။ ။ "အဲဒီလို 'သီအိုရီ' (စာတွေ့သဘောတရား) တစ်ခုကို ခင်ဗျား ဘယ်လိုအသုံးပြုနိုင်မှာလဲ"

မာလာဗီ။ ။ "ကျုပ် ပြောခဲ့သလို သူဟာ တခြားလူတစ်ယောက်ယောက်ထက်တော့ အကြောင်းရင်းတွေကို ပိုပြီးထည့်နိုင်တယ်၊ အဲဒီလိုထည့်တဲ့ အထဲမှာ အကြောင်းရင်းတွေဟာ အများအားဖြင့်တော့ မယုံနိုင်စရာ ထူးထူးဆန်းဆန်းတွေဖြစ်မှာပဲ၊ ကျုပ်တို့ဟာ ဒီဟာကို အပြစ်တင်ပြီး ပြောချင်ပြောနိုင်တယ်၊ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ဒါထက်ပိုကောင်းတာပေါ်မလာသေးသမျှတော့ ကျုပ်တို့ ရှိသမျှထဲမှာ ဒါဟာ အကောင်းဆုံးပဲ မဟုတ်လား"

ဗင်းနဲသည် ဦးခေါင်းကို ခါရမ်းလိုက်၏။

"ခင်ဗျားဟာ အစကတည်းက တစ်ခုလုံးကို တထစ်ချယူလိုက်တာကိုး ဗျ၊ တကယ်လို့ ဟိုရေနက်ပိုင်းမှာ အသိဉာဏ်ရှိတဲ့ဟာ တစ်မျိုးမျိုးရှိနေတယ်လို့ အခိုက်အတန့်အားဖြင့် ကျုပ်က လျှော့ပေးတယ်ထားဦး၊ စတုရန်းတစ်လက်မမှာ ၁၅ ပေါင် ဖိနှိပ်အားရှိတဲ့နေရာမှာလို တစ်လက်မမှာ ဖိနှိပ်မှု



www.burmeseclassic.com

www.burmeseclassic.com



အား တန်ချိန်အတော်များများ ရှိနေတဲ့နေရာမှာလဲ ဒီအစွမ်းသတ္တိမျိုးဟာ အစဉ်အလာအရ မဖြစ်နိုင်ဘူးလို့ ခင်ဗျားမှာ အထောက်အထားအခိုင်အမာ မရှိဘူး… ခင်ဗျားကို ထောက်ခံတာ ဘာမှမရှိဘူး၊ နို့ပေမယ့် ဒါဟာ လေထက် ပိုပြီးလေးတဲ့ ယာဉ်ဟာ ဘယ်တော့မှ မပျံနိုင်ဘူးဆိုတဲ့ သာမန်အသိဉာဏ်မျိုး လို အသိဉာဏ်မျိုးဘဲ… ကဲလေ… ကျုပ်ကို သက်သေခံအထောက်အထား ပြပါ…”

“ဒါတော့ ခင်ဗျားမှားနေပြီ… အခုပြောတာက အသိဉာဏ်စွမ်းရှိတဲ့ အရာဟာ အင်မတန် ဖိနှိပ်အားကြီးတဲ့နေရာမှာ ဖြစ်ထွန်းလာရမယ်လို့ သူက အခိုင်အမာဆိုတာ… ဒါပေမယ့် ကျုပ်တို့ရဲ့ ရေနက်ပိုင်းဒေသမှာရှိနေတဲ့ အခြေအနေမျိုး မရှိတဲ့ တခြားနေရာမှာတော့ မဖြစ်ထွန်းနိုင်ဘူးလို့ ဆိုတာပေါ့… အဲဒီတော့ ခင်ဗျားဘယ်လိုပဲ အလျှော့ပေးပေး၊ ရေတာပ်အကြီးအကဲတွေက ဇော့ကာကို ဘယ်လိုပဲ ထင်ထင် အသိဉာဏ်ရှိတဲ့ တစ်စုံတစ်ခုဟာ အဲဟိုနေရာ မှာ… အချိန်အတော်ကြာကတည်းကပဲ ရှိနေတယ်လို့ သူတို့ယူဆထားတာ ကောင်းကောင်းကြီး ထင်ရှားနေတာပဲ… ခင်ဗျားဟာ ဟိုဖုံးလို စပယ်ရှယ်ဖုံး တစ်လုံးကို ၅ မိနစ် ပုံစံဆွဲပြီး လုပ်လို့မရဘူးဆိုတာ သိတယ်မဟုတ်လား၊ ဘာပဲပြစ်ဖြစ်၊ ဇော့ကာရဲ့အဆိုဟာ အလကားဟာဘဲ ဖြစ်ဖြစ်၊ မဖြစ်ဖြစ်၊ သူ့အတွက်တော့ အဓိကအချက် ဆုံးရှုံးသွားပြီ… ဒီဖုံးဟာ သူ့အကြံပေးတိုက် တွန်းထားသလို မိတ်ဖြစ် ဆွေဖြစ် ကိုယ်ချင်းစာနာပြီး ချဉ်းကပ်ဆက်ဆံတာမျိုး မဟုတ်ဘူးဗျို့”

မာလာဗီသည် ခေတ္တမျှ ရပ်နားလျက် ဦးခေါင်းကို ခါလိုက်၏။

“ကျုပ်ဟာ ဇော့ကာကို မကြာမကြာ တွေ့ဖူးတယ်ဗျ၊ သူဟာ ယဉ်ကျေးဖွယ်ရာရှိပြီး သဘောထားပြည့်ဝတဲ့ လူတစ်ယောက်ပဲ… သဘောထား ပြည့်ဝတဲ့ လူတွေရဲ့ ထုံးစံအတိုင်း တခြားလူတွေလဲဘဲ သဘောထားကြီး တယ်လို့ သူကထင်တယ်၊ သူဟာ စိတ်ဝင်စားတတ်တယ်၊ စူးစမ်းတတ်တဲ့ ညာဉ်လဲရှိတယ်၊ ဒါပေမယ့် သာမန်စိတ်သဘောထားမျိုးဟာ အသစ်အဆန်း တစ်ခုခုနဲ့ တွေ့ရင် ကြောက်ရွံ့သွားတတ်ပြီး ‘ဒီဟာကို မြန်မြန်ဖျက်ပစ်လိုက် ပါကွာ’ လို့ ပြောတတ်တယ်ဆိုတဲ့အကြောင်း ဘယ်တော့မှ သဘောမပေါက် ခဲ့ဘူး… ယော အခုတော့ သာမန်စိတ်သဘောထားဟာ ဘယ်လို အလုပ်လုပ်နေ ပြီဆိုတာ သူတွေ့ရပြီ”

(ဗင်းနဲ)။ ။ “ဒါပေမယ့် တကယ်လို့ ဒီသဘော်တွေ ပျက်စီးရ တာဟာ အသိဉာဏ်စွမ်း တစ်စုံတစ်ရာရှိတဲ့ဟာကြောင့် ဖြစ်ရတယ်လို့ အစိုးရ ဓိုင်းက အသိအမှတ်ပြုလာရင် ကြောက်စရာရှိလာပြီဗျ… ပြီးတော့ ဒီကနေ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက်တဲ့ ကိစ္စဟာလဲ လက်စားချေတဲ့ သဘောထက် ပြင်းပြင်းထန်ထန် ဖိုပြီး လုပ်လိုက်တာလို့ ခင်ဗျားမဆိုနိုင်ဘူး…”

မာလာဗီသည် ဦးခေါင်းကို ခါရမ်းလိုက်၏။

(မာလာဗီ)။ ။ “မိတ်ဆွေ ဗင်းနဲ့ရယ် ကျုပ်က ဆိုနိုင်ရုံမက ဘူး၊ ဆိုကိုဆိုတယ်ဗျာ… တကယ်လို့ အခုအာကာသကနေပြီး ကြီးတန်းလန်းနဲ့ တစ်ခုခုကျလာတယ်ဆိုပါတော့၊ နို့ပြီး အဲဒီအရာဝတ္ထုကလည်း ကျုပ်တို့ကို မသက်မသာ နေမထိထိုင်မသာဖြစ်အောင် ရောင်ခြည်တွေလွှတ်ပြီး နေတယ်ဆို ပါတော့၊ လူကိုတောင် နာကျင်ထိခိုက်အောင် လုပ်တယ်ဆိုပါတော့။ ကိုင်း ဒီလိုဆိုရင် ကျုပ်တို့ ဘာလုပ်မလဲ၊ ပြောပါဦး… ကျုပ်တို့ ပထမဆုံး လုပ်ရ မှာက အဲဒီဟာ ရပ်သွားအောင် ကြိုးကိုဖြတ်ချလိုက်ရမှာပဲ မဟုတ်လား… ဒီနောက်မှ ဒီထူးဆန်းတဲ့ အရာဝတ္ထုကို တတ်နိုင်သမျှ သူ့အကြောင်းကိုသိ အောင် လေ့လာစစ်ဆေးကြရလိမ့်မယ်…”

“ပြီးတော့ဗျာ တကယ်လို့ နောက်ထပ်ဖိုပြီး ထူးဆန်းတဲ့အရာဝတ္ထုတွေ တွဲလောင်းကျလာပြီး ကျုပ်တို့ တိုင်းသူပြည်သားတွေ အနေရအထိုင်ရခက် အောင် လုပ်တယ်ဆိုပါတော့၊ ကျုပ်တို့က ဒီလိုဆင်ခြေတက်ရလိမ့်မယ် “ဒါဟာ ကျူးကျော်ရန်စမှု တစ်မျိုးမျိုးပဲ၊ ဒါမှမဟုတ်ရင်လဲ ထောက်လှမ်းမှုတစ်မျိုးမျိုး နဲ့ တူတယ်၊ ကျုပ်တို့ကို နာကျင်အောင်လုပ်ရင် အခုလိုဖြစ်အောင် အပေါ်က လုပ်နေတဲ့ဟာကို ဘာပဲဖြစ်ဖြစ် ရပ်သွားအောင် လုပ်ရလိမ့်မယ်… အဲဒီတော့ ဒီလိုမဖြစ်ရအောင် ကျုပ်တို့ချက်ချင်းဆောင်ရွက်ရမယ် မဟုတ်လား… ဒါဟာ အနှောင့်အယှက်တစ်ခုခုကို ပျက်သွားအောင် လုပ်တာမျိုးလဲ ဖြစ်ချင်ဖြစ်မယ်… ဒါမှမဟုတ်လဲ ရန်ညှိုးထားပြီး လက်စားချေတဲ့ သဘောနဲ့ လုပ်တာမျိုးလည်း ဖြစ်ချင်ဖြစ်မယ်ပေါ့… ကိုင်း ဒီတော့ ကျုပ်တို့ကိုဘဲ အပြစ်ဆိုမလား၊ ဒါမှ မဟုတ် အပေါ်ကဟာကိုပဲ အပြစ်ဆိုမလား…”

“အခုကိစ္စမှာ အထူးသဖြင့် ဒီကနေ့လုပ်လိုက်တဲ့ အလုပ်က ပြဿနာ ကို သိရုံသဘောမျိုးလောက်ဘဲဗျ၊ ကျုပ်တို့ ဒီကနေ့ လုပ်လိုက်တာမျိုးကို ဘယ်အသိဉာဏ်ရှိတဲ့ အရာမျိုးကမှ မနစ်နာဘူးလို့ သဘောထားလိမ့်မယ်ဆိုတာ တော့ စဉ်းစားလို့ မရဘူး၊ ဒီရေနက်ဒေသ တစ်နေရာထဲမှာသာ ဒုက္ခရောက် တယ်ဆိုရင် ဒီဟာကို မနာကျည်းမဲ့၊ ဉာဏ်စွမ်းအင်အားရှိတဲ့ အရာတွေဟာ မကျန်တော့ဘူးပေါ့… နို့ပေမယ့် ခင်ဗျားသိတဲ့အတိုင်း ဒါက ဘယ်နည်းနဲ့မဆို ဒီတစ်နေရာထဲမှာသာ ရှိတာမဟုတ်ဘူးဗျ… ဒီတော့ သဘာဝအတိုင်း နာကျည်း မှုဟာ ဘယ်လိုပုံသဏ္ဌာန်မျိုးနဲ့ ကျန်ရစ်ခဲ့မလဲဆိုတာ ကျုပ်တို့စောင့်ကြည့်ဖို့ပဲ ရှိတော့တယ်…”



www.burmeseclassic.com

www.burmeseclassic.com



ဖိလစ်။ ။ "ဒါဖြင့် တာ်နည်းနည်းနဲ့ တုံ့ပြန်လိမ့်မယ်လို့ ရှင်ထင်သလားဟင်"

သူသည် ပခုံးကိုတွန့်လိုက်၏။ ထို့နောက်...

"ကျုပ်ပေးတဲ့ ဥပမာကိုပဲ ဆက်ရဦးမယ်... တကယ်လို့ ပြင်းပြင်းထန်ထန် ဖျက်ဆီးမယ့် အဖွဲ့အစည်းတစ်ခုခုဟာ အာကာသကနေပြီး ကျုပ်တို့မြို့ကြီးတွေပေါ် ကျလာတယ်ဆိုပါတော့... ကျုပ်တို့ ဘာလုပ်ရမလဲ"

"အင်း... ကျွန်မတို့ ဘာလုပ်နိုင်မလဲ"

မေးသင့်မေးထိုက်သည့် မေးခွန်းဖြစ်သည့်အတိုင်း ဖိလစ်က မေးလိုက်လေသည်။

"ကျုပ်တို့ နောက်ဖေးခန်းက ဆရာတွေ (သိပ္ပံပညာရှင်များကို ဆိုလိုသည်) နဲ့ လွှတ်ပေးရမှာပေါ့၊ တကယ်လို့ နောက်ထပ် တစ်ကြိမ်နှစ်ကြိမ် ဆိုသလို နည်းနည်းပါးပါး ဖြစ်လာရင်လဲ အဲဒီနောက်ဖေးခန်းက ဆရာတွေကိုပဲ ကျုပ်တို့အပြည့်အဝ ဦးစားပေးသင့်တာပေါ့"

ဖိလစ်။ ။ "တကယ်ပဲ နောက်ကျများနေပြီလားရှင်... ကျွန်မဆိုလိုတာက ဇော့ကာဖြစ်စေချင်တဲ့ ချဉ်းကပ်မှုမျိုးကို ဆိုလိုတာပါ၊ အခုဗုံးတစ်လုံးပဲရှိသေးတယ် မဟုတ်လား၊ ဒီတော့ နောက်ထပ်ဗုံးမခွဲရင် မီးတောင်ပေါက်လို့ သဘာဝ ပျက်စီးမှုတစ်ခုပဲလို့ သူတို့က ထင်ချင်ထင်နေမှာပါရှင်"

မာလာဗီသည် ဦးခေါင်းကို ရမ်းလိုက်၏။

"ဗုံးတစ်လုံးထဲလဲ ခွဲမှာမဟုတ်ပါဘူးကွယ်၊ နို့ပြီး နောက်ကျတယ်ဆိုတာကတော့ အမြဲပဲ သိပ်နောက်ကျနေပြီကွဲ့ သူငယ်မရဲ့၊ မင်းဘဲ စဉ်းစားကြည့်ပေတော့...အသိဉာဏ်စွမ်း ထုတ်နိုင်တဲ့ အရာတစ်ခုဟာ ပြိုင်ဘက်အနေနဲ့ ဒီမြေပေါ်ကို ဘယ်လိုနည်းနဲ့ပဲ ရောက်လာရောက်လာ ကျုပ်တို့သည်းခံနိုင်ပါ့မလားဆိုတာ မင်းတွေးကြည့်နိုင်တယ်...ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ အမျိုးတွေတွေ လူ့ထဲမှာလဲ အသေးငယ်ဆုံး သဘောထားကွဲလွဲမှုကလေးတွေကိုတောင် အချင်းချင်း သည်းမခံနိုင်ကြဘူး မဟုတ်လား"

သူသည် ဦးခေါင်းကိုခါလျက်... "မဖြစ်နိုင်ပါဘူးကွယ်၊ ဇော့ကာရဲ့ ချစ်ကြည်မိတ်ဆက်သဘောမျိုးဟာ မီးခိုးခေါင်းတိုင်ထဲက အလှေးအမှား တစ်ကောင်လို ဘယ်လိုမှ အခွင့်အလမ်းမသာနိုင်ပါဘူး"

*

မာလာဗီပြောသည်မှာ အလွန်တရာ မှန်ကန်လောက်သည်ဟု ကျွန်ုပ်ထင်မိ၏။ သို့သော် အကယ်၍ အခွင့်အလမ်း တစ်စုံတစ်ရာရှိခဲ့လျှင်သည်း အိမ်သို့ ကျွန်ုပ်တို့ရောက်သည့်အချိန်တွင် ရှိတော့မည် မဟုတ်ပေ။ ည်သို့ပင်ဖြစ်စေ ပြည်သူလူထုသည် နေ့ချင်းညချင်းဆိုသကဲ့သို့ နောက်ဆုံးတွင် တစ်



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းနှင့် ခိုင်းစားတွေးတောမိခဲ့ကြလေပြီ။ ရေနက်ဖုံးပေါက်ခွဲမှုသည် အဆင့်ဆင့်ခမ်းသပ်မှုများ၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း တင်ပြရန် စိတ်မပါလက်မပါ ကြိုးပမ်းဆောင်ရွက်ခဲ့မှုသည်လည်း လုံးလုံးလျားလျား ပျက်ပြား၍ သွားခဲ့လေပြီ။ 'ကီဝီနော' နှင့် အခြား သင်္ဘောများ ပျက်စီးဆုံးရှုံးရသည်ကို ထိတရားပဲ ယခင်က သင်္ဘောထားရာမှ ယခုအခါ စော်ကားမှု သဘောမျိုး အနေဖြင့် ဟုန်းကနဲ ပေါ်ပေါက်လာတော့၏။ ထိုပျက်စီးဆုံးရှုံးမှုများအတွက် လက်စားချေသည့်အနေဖြင့် ဆောင်ရွက်ခဲ့သည်ကို တိုင်းပြည်လူထုက အကျေနပ်ကြီး ကျေနပ်ကြပြီးလျှင် နောက်ထပ် ပိုမိုဆောင်ရွက်ရန် တောင်းဆိုလျက် ရှိကြကုန်၏။

ကျွန်ုပ်တို့သည် အပြန်ခရီးတွင် 'ကရာချိ' မြို့၌ တစ်ရက်မျှ ခရီးတစ်ထောက်နားနေစဉ် ကမ္ဘာနှင့် အဝှမ်းစိတ်လှုပ်ရှားထကြွမှုလှိုင်းတံပိုးကြီး၏ ရိုက်ခတ်ခြင်းကို ခံခဲ့ရ၏။ ကရာချိတွင် ပင်လယ်နဂါးစသည့် ရေသတ္တဝါကြီးများအကြောင်းနှင့်တကွ အာကာသမှ ရောက်ရှိလာသည့်အကြောင်းများပါ အနံ့အပြား သတင်းဖြစ်ပွားလျက်ရှိနေလေရာ၊ ဗော့ကာသည် သူ၏သဘောတရား ပြန်နှံ့မည့်အရေးကို မည်မျှပင် ကန့်သပ်ချုပ်ချယ်ထားခဲ့သော်လည်း သန်းပေါင်းများစွာသော လူများသည် အလားတူအဖြေမျိုးကို အခြားနည်းလမ်းများဖြင့် ရရှိနေကြလေပြီ။ သို့နှင့် ကျွန်ုပ်သည် အကြံရ၍လာပြီးလျှင် ယခုအခါ၌ ဗော့ကာသည် စိတ်ပြောင်း၍ တွေ့ဆုံခွင့်ပေးလေမည်လောဟု လန်ဒန်ရှိ အီးဘီစီမှ လူများအား တယ်လီဖုန်းဆက်၍ မေးလိုက်လေသည်။

အသေအချာ ရွေးချယ်ထားသည့် အဖွဲ့အစည်းအချို့မှ ကိုယ်စားလှယ်များအား သူသည် တကယ်ပင် တွေ့ဆုံခွင့်ပေးခဲ့၏။ သို့သော် ကရာချိမှ လန်ဒန်သို့ ကျွန်ုပ်တို့အပြန်တွင် ရေးသားခဲ့သည့်ဆောင်းပါးကိုမူ အချက်အလက် အနည်းငယ်မျှသာ ဖြည့်စွက်ပေးနိုင်ခဲ့လေသည်။ ကြင်နာစွာ ချဉ်းကပ်ရန်ဟူသော သူ၏ ထပ်တလဲလဲ တောင်းပန်းချက်မှာလည်း ပြည်သူလူထု၏ သဘောထားနှင့် အလွန်ဆန့်ကျင်၍ နေပြီးလျှင် အသုံးပြု၍ မရနိုင်အောင်ပင် ရှိတော့၏။

မည်သို့ပင်ဖြစ်စေ ရန်ပြုလိုသောအမျက်ထွက်မှုသည် ထိုးထိုးမတည်တံ့နိုင်သည့်အဖြစ်ကို နောက်တစ်ကြိမ် ကျွန်ုပ်တို့ တွေ့ရှိရပြန်၏။ အသင်သည် သဲအိတ်တစ်အိတ်ကိုအားကြိုးမာန်တက် လက်သီးဖြင့် အချိန်တာရှည်စွာ ထိုးနက်နေနိုင်မည် မဟုတ်သည့်ပြင် ထိုအခြေအနေကို သက်ဝင်လာအောင်လည်း အနည်းအကျဉ်းမျှသာ တတ်နိုင်ပေမည်။ ရက်သတ္တပတ်အချိန်များအတွင်း လုပ်ကိုင်ဆောင်ရွက်သမျှမှာ ပြည်သူလူထု၏ စိတ်ဓာတ်ကို လေးစားသည့်အနေဖြင့် ထက် သိက္ခာဆယ်သည့်သဘောမျိုးဖြင့် ရေတပ်မတော်သည် ဗုံးတစ်လုံးကို ဖောက်ခွဲလိုက်၏။ ကျွန်ုပ်သိနားလည်သမျှ ၎င်းသည် ထူးတူးခြားခြား ပေါက်ကွဲ



www.burmeseclassic.com

www.burmeseclassic.com


ခဲ့သော်လည်း မှတ်တမ်းတင်ရသည့် တစ်ခုတည်းသော အကျိုးမှာ တောင်ဘက် ဆင်းဒဝစ်ကျွန်းစုကမ်းခြေများတွင် မည်မျှလောက် ငါးသေငါးပုတ်များဖြင့် ပြည့်နှက်နေသနည်းဆိုပါမူ ရက်သတ္တပတ်ပေါင်းများစွာပင် အပုပ်နံ့တို့သည် ကောင်းကင်သို့ပင် မြင့်မားစွာ ထိုးတက်လျက်ရှိနေလေသည်။

*

(ဖိလစ်)။ ။ "ကျွန်မတို့အတွက် အခုတလော သတင်းအတော် ရှားနေတယ်နော်... နေရာတိုင်းမှာပဲ ငြိမ်သွားပြန်ပြီ... နို့ပေမယ့် ဘာမှဖြစ်မနေ ဘူးဆိုတာတော့ မဖြစ်နိုင်ပါဘူး မောင်ရယ်..."

(ကျွန်ုပ်) ။ ။ "ဒီလိုလည်း မဟုတ်ပါဘူးကွယ်... သတင်းစာ တွေကို သေသေချာချာ ဖတ်ကြည့်ရင် လွန်ခဲ့တဲ့ အပတ်တုန်းက နောက်ထပ် ဗုံး(၂)လုံး ခွဲကြသေးတယ်ဆိုတာ မင်းတွေ့ရလိမ့်မယ်၊ တစ်ခုက 'ကိုကိုးသဘော ကျင်း'လှိုဏ်ကြီးမှာ ပြီးတော့ နောက်တစ်ခုက 'ပရင့်အက်ဒွပ်ရေနက်ပိုင်း' မှာ..."

"ကျွန်မတော့ မတွေ့လိုက်မိဘူး..."

"လောလောဆယ် သတင်းတန်ဖိုးတော့ မရှိသလောက်ဘဲ၊ စာလုံး သေးတွေသာ ဖတ်ကြည့်ပေတော့..."

"သူတို့က အင်မတန်ခေါင်တဲ့ နေရာတွေမှာချည်း ချနေရင်လဲ ဘာအကြောင်း ထူးဦးမှာလဲ၊ လူတိုင်းကြားဖူးတဲ့ ရေနက်ပိုင်းဒေသတွေဆိုတာ က အများကြီးရှိတာပဲ..."

"ယဉ်ကျေးတဲ့ ဒေသတွေက သူတို့ရဲ့ အိမ်တံခါးဝမှာ ဒီလို ဗုံးတွေ လာချနေလို့ သည်းခံချင်မှ သည်းခံမယ်... ကဲ ဒီလိုဆိုရင် ဘယ်သူ့အပြစ်လဲ၊ ကိုယ်တော့ ငါးသေတွေ ကုဋေကုဋာနဲ့ ရေဒီယိုဓာတ်ငွေ့ဝင်နေတဲ့ ပင်လယ် ကမ်းခြေမျိုးကို စိတ်ကူးတောင် မထည့်ချင်ဘူး..."

"ဒါပေမယ့် ကိစ္စတစ်ခုလုံးကို သူတို့ချောင်ထိုးမထားသေးဘူးဆိုတာ တော့ သိတယ်မဟုတ်လား၊ ကျွန်မဆိုလိုတာက ရေတပ်ကို ပြောတာလေ..."

"အင်း... ချောင်ထိုးမထားသေးဘူးထင်ပါရဲ့ကွယ်..."

"ပိုက်တဟောကို နောက်ထပ်သွားပြီး မောင်ရဲ့ ရေတပ်ဗိုလ်ချုပ်ကို သွားတွေ့ရင် မကောင်းဘူးလားဟင်..."

"သူက ကပ္ပတိန်ပါ"

ဤသို့ပြန်ပြောလိုက်သော်လည်း ထိုအကြံကို... ကျွန်ုပ်စိတ်ကူးယဉ် နေမိ၏။ ထို့နောက် ကျွန်ုပ်က "အရင်တစ်ခါ သူနဲ့တွေ့တုန်းက ကိုယ်က ဟာန်မကျခဲ့ဘူး၊ သူက ဟာန်ကျတယ်ကွဲ့"


www.burmeseclassic.com

www.burmeseclassic.com



"အို... ဟုတ်ပါတယ်၊ ဒီဟာ ကျွန်မ သိပါတယ်... ဒါဖြင့် အင်္ဂါနေ့မှာ သူ့ကို ညစာဖိတ်ကျွေးရရင် မကောင်းဘူးလား"

"ထဲ... ဒါဖြင့် မင်းက ဖိတ်တယ်လို့ သူ့ကို ကိုယ်အကြောင်းကြားလိုက်မယ်လေ"

*

ကပ္ပတိန်ဝင်းတားသည် ဖိတ်ခေါ်ထားသည်အတိုင်း ညစာကို လာရောက်သုံးဆောင်ခဲ့လေသည်။

* * *

ဖီလစ်သည် လက်နှစ်ဘက်ကို ဦးခေါင်းနောက်သို့ပစ်ကာ ခေါင်းအုံးကိုမှီ၍နေ၏။

ကျွန်ုပ်။ ။ "မင်းမအိပ်ချင်သေးရင် မိုလ်ကြီးက ဘာတွေပြောသွားသလဲဆိုတာ ပြောစမ်းပါဦး"

သူက သိပ်လဲမပြောဘူး၊ ပြောတာကလဲ အားရစရာ မရှိလှပါဘူး၊ တချို့ဟာ အတော်ကြောက်စရာကောင်းတယ်"

"ကဲလေ... ပြောစမ်းပါဦး"

"အင်း... အရေးကြီးတဲ့ အခြေအနေက အပေါ်ယံမျက်နှာပြင်မှာတော့ အပြောင်းအလဲရှိပုံမရလှဘူး... ဒါပေမယ့် အောက်ဘက်မှာ ဘာဖြစ်နေသလဲဆိုတာနဲ့ပတ်သက်ပြီး သူတို့ဟာ တဖြည်းဖြည်း ပိုပြီး စိတ်ပူလာကြတယ်၊ အထိတ်တလန့် စိုးရိမ်နေကြတဲ့အတွက်လည်း အာကာပိုင်တွေမှာ အတော်ပဲ စိတ်အနှောင့်အယှက်ဖြစ်တယ်၊ ဒါဟာ လူတွေကို စိတ်မငြိမ်မသက်ဖြစ်အောင်လုပ်ပြီး အဲဒီစိတ်လှုပ်ရှားမှုက ကယောင်ချောက်ချား ကိုးယိုးကားယားဖြစ်လာမှာကို သူတို့စိုးရိမ်နေတယ်၊ သူပြောပုံကိုထောက်ရင် အားလုံးငြိမ်သက်သွားတာရဲ့ နောက်ကွယ်မှာ အစီအစဉ်အမျိုးမျိုး လုပ်နေတယ်လို့ ကျွန်မထင်တယ်...

"သူပြောတာက ဘယ်နည်းနဲ့မဆို အခုလောလောဆယ်မှာတော့ အနုမြူဗုံးတွေကို သုံးလို့မဖြစ်ဘူးလို့ ပြောတယ်၊ ဝေးဝေးလံလံ နေရာတွေမှာတော့ သုံးချင်သုံးနိုင်မယ်၊ ဒါတောင်မှဘဲ ရေဒီယိုဓာတ်လှိုင်းဓာတ်ငွေ့တွေဟာ အတော်ကျယ်ကျယ်ပြန့်ပြန့်ကြီး တက်ကြွလာတတ်တယ်။ ငါးတွေဟာ အလဟဿအကျိုးမဲ့ သေကြရပြီး ရေဒီယိုဓာတ်ခိုးဓာတ်ငွေ့တွေဟာလဲ နောက်ထပ်အများအပြား ဝင်လာမယ်၊ အတ္တလန္တိတ် သမုဒ္ဒရာ ကမ်းခြေနှစ်ဘက်စလုံးက ငါးလုပ်ငန်းပါရှင်တွေကလဲ အတော်ဘဲ ဆူပူနေကြတယ်၊ အခုလို ဗုံးတွေဖောက်ခွဲတဲ့အတွက် အချို့ငါးအုပ်တွေဟာ လာနေကျအချိန်မှာ လာနေကျနေရာတွေကို ပေါက်မလာကြတော့ဘူးတဲ့၊ သူတို့က ပြောနေတယ်၊ တချို့ ပါရှင်တွေကတော့



www.burmeseclassic.com

www.burmeseclassic.com


ဒီဖုံးတွေကြောင့်ဖြစ်ရတယ်ဆိုတာ အချက်အလက်မလုံလောက်လှသေးဘူးလို့ ပြောပေမယ့် တစ်ခုခုကြောင့် အဲဒီလိုဖြစ်တာတော့ အမှန်ပဲ၊ ပြီးတော့ ရိက္ခာ ထောက်ပံ့ရေးအတွက် အတော်ထိခိုက်ကောင်း ထိခိုက်လိမ့်မယ်လို့လဲ ပြောတယ်… ဒီတော့ ဖုံးတွေဖောက်ခွဲတာဟာ ငါးတွေအမြောက်အမြား အလဟဿ အကျိုးမဲ့သေရတယ်၊ စရိတ်စကလဲ အဆမတန်ကုန်ကျတယ်။ အဲဒါက လွဲပြီး ဘာများအသုံးကျသေးသလဲလို့ တိုင်းပြည်လူထုက သဘောမကျဖြစ်ပြီး အခု ဝဲ လူတွေက ပြောနေကြပြီ"

ကျွန်ုပ်။ ။ "ဒီဟာတွေအားလုံးလိုလို တို့သိပြီးသားပါကွယ်… ဒါပေမယ့် စီကာစဉ်ကာ ပြောလိုက်တော့ မဖြစ်နိုင်တာတွေဟာ ပိုထင်ရှားလာတာပဲ"

"အော်… ဒါနဲ့… မောင် မသိတာတစ်ခု ပြောရဦးမယ်… သူတို့ ချလိုက်တဲ့ ဖုံးတွေထဲက ၂ လုံးဟာ မကွဲဘူးတဲ့ မောင်…"

"အော် နို့ ဒီဟာကို သူတို့က ဘယ်လိုထင်သလဲ"

"ကျွန်မတော့ မသိဘူး… နို့ပေမယ့် ဒီအတွက် သူတို့ဟာ အင်မတန် စိတ်ပူနေကြတယ်၊ သူတို့လိုချင်တဲ့ ရေအနက်မှာ ဖုံးတွေဟာ ဖိနှိပ်အားနဲ့ပေါက်အောင် သူတို့စီမံထားတယ်… လုပ်ပုံကတော့ ရိုးရိုးနဲ့ အင်မတန် သေချာတဲ့ နည်းပဲ"

"ဒါဖြင့် အဲဒီဖုံးတွေဟာ ကိုယ်လိုချင်တဲ့ ဖိနှိပ်အားရှိတဲ့နေရာကို ရောက်ဘူးလို့ ဆိုချင်တာလား… အောက်ကိုချလိုက်တုန်းက တစ်နေရာရာမှာ ငြိတွယ်နေလို့ ဖြစ်ချင်ဖြစ်မှာပေါ့"

ဖိလစ်က ဦးခေါင်းကိုညိတ်လိုက်ပြီးနောက်

"အဲဒီလိုဆိုရင်တော်မှ အတော်ရှင်းပြဖို့လိုလိမ့်မယ်… ဒါပေမယ့် သူတို့ကို ပိုပြီးစိတ်ပူအောင် ပြုလုပ်နေတာကတော့ တကယ်လို့ ဖုံးဟာ ရေအောက်မှာရှိတဲ့ တောင်ကုန်းတစ်ခုပေါ်မှာဖြစ်စေ၊ ဒါမှမဟုတ်လဲ တခြားတစ်ခုခု အစ်ရာပေါ်မှာဖြစ်စေ ကျသွားရင် လိုလိုမယ်မယ်ရအောင် ဒုတိယခလုတ်တစ်ခု ထဲ သပ်သပ်တပ်ထားတာရှိသေးတယ်၊ အဲဒီခလုတ်က ကိုယ်လိုချင်တဲ့အချိန်မှာ ပေါက်နိုင်အောင် တပ်ထားတဲ့ 'အချိန်ခလုတ်' ပဲ၊ ဒါပေမယ့် အဲဒီခလုတ်နှစ်ခု စလုံးဟာ ဘာမှမဖြစ်ဘူး…"

"ဟာ… ဒါကတော့ အလွယ်သားဘဲ… မစ္စက်ဝပ်ဆန် အထဲကို ရောင်သွားပြီး နာရီစက်ရပ်သွားလို့ဖြစ်မှာပေါ့… "

"ဝပ်ဆန်လို့ အင်မတန် ခေါ်သင့်တာကတော့ မောင်ရဲ့ နာမည်ပါ… ကျွန်မကတော့ အခိုက်အတန့်သာ အဲဒီလို ကင်းပွန်းတပ်ထားလို့ ခေါ်ခဲ့ရ


www.burmeseclassic.com

www.burmeseclassic.com



တာပါ...ဒါပေမယ့် ဒီကိစ္စဟာ ဘယ်နည်းနဲ့မဆို မရှိဘူးမောင်... ဒါကြောင့် သူတို့ဟာ အင်မတန့်ကို စိုးရိမ်နေကြတယ်..."

"ဒါက ဖြစ်သင့်ဖြစ်ထိုက်ပါတယ်... ကျုပ်ကိုယ်တိုင် အဏုမြူဗုံး (၂) လုံးလောက် အချမှားသွားရင်လဲ...စိတ်ထဲမှာ ဘယ်ပျော်တော့မလဲ... ကဲလေ ဒီပြင် ဘာရှိသေးလို့လဲ..."

"ပြီးတော့ ရေအောက်ကြေးနန်းပြုပြင်ရေး သင်္ဘောသုံးစင်းဟာလဲ ဘယ်လိုအကြောင်းမှ မပြနိုင်ဘဲ ထူးထူးဆန်းဆန်း ပျောက်သွားတယ်... တစ်စင်းက ရေဒီယိုကနေပြီး သတင်းပို့နေတုန်း တန်းလန်းက အဆက်ပြတ်သွားတယ်... ဒီသင်္ဘောဟာ အစတုန်းက ပျက်စီးနေတဲ့ ကြေးနန်းကြိုးကို ပြင်ဖို့ ကြိုးစားနေတုန်း ဖြစ်သွားတယ်လို့ သိရတယ်..."

ကျွန်ုပ်။ ။ "အဲဒါ ဘယ်တုန်းကလဲ..."

"တစ်စင်းက လွန်ခဲ့တဲ့ (၆)လ လောက်တုန်းက၊ တခြားတစ်စင်းက လွန်ခဲ့တဲ့ (၃) ပတ်လောက်တုန်းက၊ ကျန်တစ်စင်းကတော့ လွန်ခဲ့တဲ့ အပတ်ကပဲ..."

"အဲဒါတွေက ဟိုကိစ္စနဲ့ ဆိုင်ချင်မှဆိုင်မှာပါ..."

"မဆိုင်ချင်လဲ မဆိုင်ဘူးပေါ့... နို့ပေမယ့် လူတိုင်းကတော့ ဆိုင်တယ်လို့ တပ်အပ်ပြောနေကြတယ်..."

"ဘယ်လိုပဲဖြစ်တယ်ဆိုတာ ပြောနိုင်အောင် တစ်ယောက်မှ မကျန်ရစ်ခဲ့ဖူး...ဟုတ်စ"

"တစ်ယောက်မှ မကျန်ရစ်ဘူး..."

ထို့နောက် ကျွန်ုပ်က "ပြီးတော့ နောက်ထပ်ဘာများရှိသေးလဲ..."

"အရေးကြီးဆုံးအချက်ကတော့ ကျွန်မကို 'အဏ္ဏဝါဇေပညာရှင် 'ဒေါက်တာမတီး' နဲ့ မိတ်ဆက်ပေးမယ်လို့ သူကပြောတာဘဲ..."

ကျွန်ုပ်သည် မတ်မတ်ထိုင်လိုက်၏။ ထို့နောက်..."

ကျွန်ုပ်။ ။ "ဒါပေမယ့် အချစ်ရယ်၊ အဏ္ဏဝါဇေဒအသင်းကဟို ကိုယ်တို့ရဲ့ နောက်ဆုံးအသံလွှင့်ဆောင်းပါး လွှင့်ပြီးကထဲက ကိုယ်တို့နဲ့ အဆက်အသွယ် လုပ်တဲ့လူမှန်သမျှကို သပိတ်မှောက်မယ်လို့ ခြိမ်းခြောက်ထားတယ်မဟုတ်လား... ဒါဟာလဲ ဇော့ကာသဘောတရားကို ဆန့်ကျင်တဲ့သူတို့ရဲ့ လုပ်ငန်းတစ်စိတ်တစ်ဒေသပေါ့..."

ဖိလစ်။ ။ "အင်း...ဒေါက်တာ မတီးဟာ ကုမ္ပဏီရဲ့မိတ်ဆွေတစ်ယောက်ပဲ...သူလဲပဲ မီးလုံးကြီးတွေကျတဲ့ နေရာတွေပြထားတဲ့ မြေပုံတွေကို တွေ့ပြီး သူကိုယ်တိုင်လဲ တစ်ဝက်တစ်ပျက်လောက်တော့ သဘောပေါက်နေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



နို့ပေမယ့် ဘာပဲဖြစ်ဖြစ်လေ ကျွန်မတို့ဟာ ဗေဒကာကို နှစ်နှစ်ကာကာ ယုံကြည်တဲ့သူ၊ လူတွေမှမဟုတ်ဘဲ...မဟုတ်ဘူးလား..."

"ကျုပ်တို့ကိုယ် ကျုပ်တို့ထင်တာဟာ... တခြားလူတွေက ကျုပ်တို့ကို ထင်နေတာနဲ့ တူဖို့လဲ မလိုပါဘူး... တကယ်လို့ သူက သဘောတူရင် ကိုယ်တို့သူနဲ့ ဘယ်တော့တွေ့မလဲ..."

"နှစ်ရက်သုံးရက်အတွင်း တွေ့နိုင်မယ်ထင်တာပဲ အချစ်ရယ်"

"ကိုယ်ကော... လိုက်သင့်တယ်လို့ မထင်ဘူးလား..."

"ဟင့်အင်း...ဒါပေမယ့် ကျွန်မကို အခုထက်ထိ မောင်က စိတ်မချသေးတာကတော့ မောင်ဟာ သိပ်ချစ်စရာ ကောင်းတာပဲ"

"နို့ပေမယ့်..."

"ဟင်းအင့်... ကဲ... အခု ကျွန်မတို့အိပ်ဖို့ အချိန်တန်ပြီ..."

▲

သူပြောပြချက်အရ ဖိလစ်သည် ဒေါက်တာမတီးနှင့် သွားရောက်တွေ့ဆုံရာတွင် အဦးအစဥ္ဆ ထုံးတမ်းစဥ်လာအတိုင်းပင် ဖြစ်တော့၏။

ဒေါက်တာမတီးသည် မျက်ခုံးများချလျက်... "အီးဘီစီလား ဗိုလ်ကြီးဝင်းတားက ကျုပ်ကို ဘီဘီစီလို့ ပြောသွားတယ်ထင်လို့ပါ..."

ဖိလစ်သည် အီးဘီစီက ထူးခြားပြောင်မြောက်စွာ ဆောင်ရွက်ခဲ့ပုံများကိုလည်းကောင်း၊ အီးဘီစီမှ ပုဂ္ဂိုလ်များအကြောင်းကို ၎င်းပြောပြ၍ ၎င်းတို့စိတ်အာရုံကို တဖြည်းဖြည်း ဆွဲဆောင်ခဲ့ရာ နောက်ဆုံးတွင် ကျွန်ုပ်တို့အား ဒုတိယတန်းစားသတင်းဌာနအဖြစ် မှတ်ယူခြင်းခံရသည့်အတွက် တပန်းရှုံးနေပုံများကို ယောက်ျားပီပီ ကျော်လွှားနိုင်အောင် ကြိုးစားနေသည့် လူကောင်းများဟု ထူဆလာသည့် အခြေသို့ ဆိုက်ရောက်ခဲ့လေသည်။ ထို့နောက် သူထုတ်ပေးမည့် အချက်အလက်ဟူသမျှမှာ မူရင်းကို လျှို့ဝှက်ထားကြောင်း ထင်ရှားပြီးလျှင် သူသည် အနည်းငယ်မျှသာ ဖွင့်၍ ပြောခဲ့လေသည်။

ဖိလစ်၏ ယူဆချက်အရ အခက်အခဲတွေ့ရသည်မှာ သူသည် ထူးဆန်းသော စကားလုံးများနှင့် များစွာသော သာဓကများကို ထည့်သွင်းကာ အဆင့်အတန်းမြင့်မြင့် ပြောခြင်းဖြစ်၍ ယင်းစကားလုံးများနှင့် သာဓကများကို မိမိနားလည်အောင် တတ်နိုင်သမျှ ဘာသာပြန်၍ ယူရခြင်းဖြစ်၏။ သို့သော်ညည်သို့ပင်ဖြစ်စေ၊ ဖိလစ်အား သူပြောသမျှ အတိုချုပ်မှာ အောက်ပါအတိုင်းဖြစ်ဟန်ရှိလေသည်။

လွန်ခဲ့သည့်တစ်နှစ်က သမုဒ္ဒရာရေစီးကြောင်းအချို့ အရောင်ပြောင်းသွားသည်ဟူသော သတင်းများစတင်ပေါ်ထွက်လာခဲ့၏။ ထိုသို့ပြောင်းလဲပုံကို ပထမဆုံး ပစိဖိတ်မြောက်ပိုင်းရှိ 'ကူရိုဆီဗို' ရေစီးကြောင်းတွင် တွေ့မြင်ရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယင်းမှာ အရှေ့မြောက်သို့ စီးသွားစဉ်း ထူးထူးခြားခြား ရွံ့နှစ်များနေရာ၊ အနောက်ကမ်း ရေစီးကြောင်းတစ်လျှောက်တွင် တဖြည်းဖြည်း ကျယ်ပြန့်သွားစဉ် တစ်စတစ်စ မသိသာတော့ဘဲ နောက်ဆုံးတွင် သာမန်မျက်စိဖြင့် ထင်ရှားစွာ မမြင်နိုင်တော့ပေ။

ဖိလစ်။ ။ "အဲဒါ အံ့ဩစရာဘဲ...မဟုတ်ဘူးလားဟင်... ဒီတော့ ဘာဖြစ်တတ်သလဲ..."

"အထင်ရှားဆုံး အကျိုးသက်ရောက်မှုတွေထက် ပိုပြီးတော့... ကြိုတင်ခန့်မှန်းနိုင်လိမ့်မယ်လို့ မမျှော်လင့်နိုင်ဘူး... ငါးတွေဟာ တစ်နေရာက တစ်နေရာကို ရွှေ့ပြောင်းတာတွေကတော့ ထင်ရှားတယ်၊ နို့ပြီးမျှော်လင့်ထားတဲ့အတိုင်းပဲ ပင်လယ်ထဲမှာပေါက်တဲ့ အပင်တွေလဲ လမ်းကြောင်းတစ်လျှောက်မှာ ပိုပြီး များပြားလာတယ်..."

သူသည် အတန်ကြာ ဆက်လက်ပြောဆိုလျက်ရှိရာ ဖိလစ်မှာ သူပြောသမျှကို အမှီလိုက်သော်လည်း မမှီနိုင်အောင်ပင် ရှိတော့၏။ နောက်ဆုံးတွင် သူက...

"ဒါဟာ အင်မတန် စိတ်ဝင်စားစရာကောင်းပြီး အရေးလဲအကြီးဆုံး ဖြစ်တယ်... နို့မှမယ့် သဘာဝအတိုင်း ကျုပ်တို့အတွက် စိတ်ဝင်စားစရာအကောင်း ဆုံးမေးခွန်းကတော့ ဒါဟာ ဘာဖြစ်လို့ ဖြစ်လာရသလဲ... နို့ပြီး ဘာဖြစ်လို့ ဆက်ဖြစ်နေရသလဲဆိုတာပဲ... ရေအနက်ဆုံး ဒေသတွေကနေပြီး အခုလို အံ့ဩစရာကောင်းလောက်အောင် ရေမျက်နှာပြင်ပေါ်ကို အနယ်အနှစ်တွေ ဒီလောက်များများကြီး တက်လာရအောင် အောက်ကနေပြီး တွန်းပို့တာဟာ... ဟိုမှာဘာတွေဖြစ်နေလို့လဲ..."

ထိုအကြိမ် ဖိလစ်သည် သူ၏စကားထဲသို့ ဝင်ရောက်စွက်ဖက်ပြောရန် သင့်သည်ဟု သဘောရသဖြင့်...

"အင်း... ဒါကတော့ မာရီယာနာကျွန်းစုမှာ ဟိုအဏုမြူဗုံးချထားတာလဲရှိသေးတယ်... ကျွန်မတော့ အောက်ပိုင်းမှာ မွှေလိုက်သလို အတော်လှုပ်လှုပ်ရှားရှားဖြစ်သွားတယ် ထင်ပါတယ်..."

ဒေါက်တာမတီးက ဖိလစ်အား လေးနက်သော အမူအရာဖြင့် ကြည့်လိုက်၏။

"အဲဒီဗုံးက အခုလို ဖြစ်ပျက်တဲ့ အပြောင်းအလဲတွေကို တွေ့ပြီးမှ ချထာပဲ... ဘာပဲဖြစ်ဖြစ် အဲဟိုနေရာမှာ လှုပ်လှုပ်ရှားရှားဖြစ်တဲ့ အကျိုးအာင်သင်ဟာ 'ကူရိုဆီဝို'မှာ လာပြီး စုရတယ်ဆိုတာ အတော်တော့ သံသယဖြစ်စရာကောင်းတယ်..."

ဖိလစ်။ ။ "ဪ..."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားသိတဲ့အတိုင်း အဲဒီနေရာဟာ အတော်မိုးတောင်ပေါ်တဲ့ နေရာဗျ၊ ဒီတော့သဘာဝအတိုင်းပဲ... လွှပ်ရှားမှုဟာ ပင်လယ်အောက်မျက်နှာပြင်မှာ အပေါက်သစ်တွေဖြစ်လာလို့ပဲလို့ လူတစ်ယောက်ဟာ သူထင်ရိုးထင်စဉ်အတိုင်း ထင်ဖို့ရှိတယ်...ဒါပေမယ့် ငလျင်လှုပ်မှတ်တမ်းတွေက ဒီပြင်ယူဆချက်ကို မထောက်ခံဘူး...ငလျင်အကြီးအကျယ်လှုပ်တယ်လို့လဲ ဒီမှတ်တမ်းတွေမှာ မရှိဘူး..."

သို့နှင့် သူသည် ငလျင်လှုပ်၍ ဖြစ်နိုင်ခြင်းမဟုတ်ကြောင်းများကို ရှင်းလင်းပြောပြလျက်ရှိလေရာ၊ ဖိလစ်ကလည်း သည်းခံ၍ နားထောင်ရလေသည်။ နောက်ဆုံးတွင် ဖိလစ်က....

"ဒါပေမယ့် တစ်ခုခုဟာ အဲဒီရေအောက်မှာ အရင်က ဖြစ်ခဲ့ရုံမကဘူး၊ အခုလဲ ဖြစ်နေဆဲပေါ့ ဟုတ်လား"ဟု မှတ်ချက်ချလိုက်၏။

"ဟုတ်တယ် တစ်ခုခုဖြစ်နေတယ်..."

ထိုနောက် သူသည် အခြားထွေရာလေးပါး စကားများသို့ ချက်ချင်းရောက်သွားပြီးလျှင် "ဒါပေမယ့် မင်းကို အရိုးအတိုင်း ပြောရမယ်ဆိုရင်တော့၊ ဒီဟာ ဘာလဲဆိုတာ ဘုရားသခင်ပဲ သိမယ်ကွဲ့" ဟု နောက်ဆုံးပြောလိုက်လေသည်။

*

ဖော့ကာ၏ အကြောင်းကို ကျွန်ုပ်ပြောရမည်ဆိုလျှင် သဘောတရားတစ်ခုကို သူ၏ ပါးစပ်နှင့်အပြည့်တင်ပြကာ ကိုယ်တိုင်လက်ခံပြီးနောက် လှုံ့ဆော်ကိုက်နည်းကြောင်း တွေ့ရသောအခါ ၎င်းကို စွန့်ပယ်ခြင်းမပြုခဲ့ပေ။ တစ်ချိန်တည်းမှာပင် သူသည် အပေါစားပြက်လုံးများဖြင့် ပစ်ခတ်ခြင်းခံရကာ မပြည့်သော အိုးများ၏ ဗောင်ဗင်ခတ်သံများအကြားတွင် နှစ်မြှုပ်ခြင်းခံရသည်အထိ နောက်ထပ် အရှုပ်အရှင်းထဲတွင် ပါဝင်လိုစိတ်များမရှိတော့ပေ။ ကျွန်ုပ်တို့ တွေ့ဆုံခဲ့စဉ်က ထိုအချက်ကို သူသည် ထင်ရှားစေခဲ့၏။ သူသည် ဦးခေါင်းကို တစ်ဘက်သို့ အတန်ငယ်စောင်းငဲ့ကာ ဆံပင်ဖြူတစ်ခွေက ရှေ့တွင် တွဲရရွဲကျ၍ နေလျက် သူ၏လက်နှစ်ဘက်ကို ပတ္တာဆက်ဆက်၍ ဆုပ်ထားရင်း ကျွန်ုပ်တို့အား စိတ်အားထက်သန်စွာ ကြည့်ရှုပြီးနောက် စဉ်းစားသည့်ဟန်ဖြင့် ဦးခေါင်းကို ညိတ်ပြီးလျှင်...

"ဒီသဘာဝတ္တုအကြောင်းကို ခင်ဗျားတို့ စဉ်းစားပြီး မဖြေရှင်းနိုင်လို့ ကျုပ်ဆီက သဘောတရားတစ်ခုကို လိုချင်တယ်ဆိုပါတော့...၊ ကဲ ကောင်းပြီ ခင်ဗျားတို့ ရစေမယ်။ ခင်ဗျားတို့ လက်ခံလိမ့်မယ်လို့တော့ ကျုပ်မထင်ဘူး... ဒါပေမယ့် အဲဒါကိုက်ခံရင် ကျုပ်နာမည်ကိုမဖော်စဲ သုံးပါလို့ တောင်းပန်ချင်တယ်၊ လူတွေဟာ ကျုပ်ရဲ့ ထင်မြင်ချက်ဘက်ကို ပြန်ပြီး စိတ်လည်လာရင်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကတော့ အဆင်သင့်ပဲ။ နို့ပေမယ့် စိတ်လှုပ်ရှားစရာ အပေါက်အစပ်တွေကိုထုတ်ပြပြီး ပြည်သူလူထုရှေ့မှာ ကျုပ်နာမည်ကို တင်ပြ ထားတယ်လို့တော့ အထင်မခံချင်ဘူး...။ ကဲ... ရှင်းပြီမဟုတ်လား..."

ကျွန်ုပ်တို့က ဦးခေါင်းကိုညိတ်လိုက်လေသည်။

"ကျွန်မတို့ ကြိုးစားနေတာက အစအနအများကြီးကို ပဟေဠိတစ်ခု ဖြစ်အောင် ဆက်စပ်နေတာပဲ၊ ရှင်က ကျွန်မတို့ကို ဘယ်ဟာကို ဘယ်နေရာမှာ ထည့်ရမယ်လို့ ပြနိုင်ရင် ကျွန်မတို့ အင်မတန် ကျေးဇူးတင်ရပါမယ်။ အဲဒါအတွက် ဂုဏ်မယူချင်ရင်လဲ ကောင်းပါပြီလေ။ ဒီဟာက ဆရာကြီးရဲ့ ကိုယ်ပိုင်ကိစ္စပါ...ကျွန်မတို့ကတော့ လေးစားရမှာပါဘဲ..."ဟု ဖိလစ်က ရှင်းလင်းပြောဆိုလေသည်။

"ဒီအတိုင်း အမှန်ပဲ... ကဲ ခင်ဗျားတို့ဟာ ရေနက်ပိုင်းကနေပြီး ဥဏ်စွမ်းထုတ်တဲ့ဟာတွေရဲ့ မူရင်းအစနဲ့ ပတ်သက်ပြီး ကျုပ်ရဲ့သဘောတရားကို သိထားပြီး အဲဒီတော့ ဒီကိစ္စကို အခု ပြန်မကောက်တော့ဘူး။ သူတို့ရဲ့ လောလောဆယ်အကြောင်းပဲ ပြောကြစို့၊ အဲဒါက ဒီလိုရှိတယ်၊ ဒီသတ္တဝါတွေဟာ သူတို့နဲ့အသင့်အလျော်ဆုံး ပတ်ဝန်းကျင်မှာ အခြေချပြီးတဲ့နောက် သူတို့ရဲ့ စိတ်ကူးက အဲဒီပတ်ဝန်းကျင်ကို ဘယ်ဟာဖြင့် သက်သက်သာသာရှိမယ်၊ ဘယ်ဟာဖြင့် စနစ်တကျဖြစ်မယ်ဆိုပါတော့ဗျာ။ ဘယ်ဟာဖြင့် ယဉ်ကျေးတဲ့ အခြေအနေရောက်မယ်ဆိုတဲ့ သူတို့သဘောထားကိုပြတာ ဖြစ်လိမ့်မယ်။ သူတို့ဟာ အမှန်တော့ ရှေ့ဆောင်လမ်းပြတွေ၊ နယ်သစ်ပယ်သစ် ရှာဖွေသမားတွေပဲဗျ။ သူတို့ ဒီနေရာကို သွားအန္တရာယ်မရှိဘဲ ရောက်လာပြီးတဲ့နောက် သူတို့ရဲ့ ပိုင်နက်အသစ်ကို တိုးတက်အောင် ပြုပြင်ဖို့ ရှာဖွေအမြတ်ထုတ်ဖို့ လုပ်တာပဲဗျ။ ကျုပ်တို့ အခုမြင်ရတာဟာ သူတို့အလုပ်စလုပ်နေလို့ဖြစ်လာတာတွေကို မြင်ရတာပဲဗျ..."

ကျွန်ုပ်။ ။ "ဘာကို လုပ်နေကြတာလဲ ခင်ဗျာ..."

သူသည် ပခုံးကို တွန့်လိုက်ပြီးနောက်...

"ဒီဟာတော့ ကျုပ်တို့ဘယ်သေသေချာချာပြောနိုင်မလဲ၊ ဒါပေမယ့် ကျုပ်တို့က သူတို့ကို လက်ခံပုံ လက်ခံနည်းကိုထောက်ပြီးတော့ သူတို့ရဲ့ အဓိကစိုးရိမ်မှုဟာ ကျုပ်တို့ရဲ့ရန်ကို တစ်နည်းနည်းနဲ့ ကာကွယ်ဖို့ပဲဖြစ်မယ်လို့ စဉ်းစားမိတယ်၊ အဲဒီအတွက် သူတို့ဟာ သတ္တုတွေ လိုကောင်းလိုလိမ့်မယ်။ အဲဒီတော့ ခင်ဗျားတို့ကို ကျုပ်တင်ပြချင်တာက 'မင်ဒါနာအို' ရေနက်ပိုင်းတစ်နေရာရာနဲ့ 'ကိုကိုးကီးလင်း' လျှိုကြီးရဲ့ အရှေ့တောင်ဘက်မှာရှိတဲ့ ရေနက်ပိုင်းတစ်နေရာရာမှာ ခင်ဗျားတို့ သွားကြည့်နိုင်မယ်ဆိုရင် သတ္တုတူး လုပ်ငန်းတွေ အခုတောင် စနေပြီဆိုတာတွေ တွေ့ရလိမ့်မယ်..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ ။ "ဟင်… ဒါပေမယ့် ဒီလိုအခြေအနေမျိုးမှာ သတ္တဝါတွေ တွေ့ဖော်ရမယ်ဆိုရင်…"

"ဒါကတော့ သူတို့မှာ ဘယ်လိုနည်းနိဿယမျိုးတွေရှိနေတယ်ဆိုတာ ကျုပ်တို့ ဘယ်တွေးနိုင်ပါ့မလဲ၊ ကျုပ်တို့ကိုယ်တိုင်တောင် စတုရန်းတစ်လက်မမှာ ဖလံထုဖိနှိပ်အား ၁၅ ပေါင်ထဲ ရှိတဲ့နေရာမှာ မဖြစ်နိုင်ဘူးလို့ ပထမထင်ရတဲ့ အရာတွေကိုတောင် လုပ်နိုင်ဖို့နည်းတွေ အများကြီးရှိသေးတာပဲ မဟုတ်လား… ကျုပ်တို့ မဖြစ်နိုင်ဘူးလို့ ထင်ရပေမယ့် ရေအောက်မှာ လုပ်နိုင်တဲ့အရာတွေ အများကြီးရှိတယ်"

ကျွန်ုပ်။ ။ "ဒါပေမယ့် ဖိနှိပ်အားက တန်နဲ့ချီပြီးရှိနေတဲ့အပြင် အမြဲတန်း မှောင်လဲနေတော့…"

ဖိလစ်သည် ကျွန်ုပ်အား နှုတ်ပိတ်ဆင်ခြေမတက်ရန် အချက်ပြသတိပေးသည့်အနေဖြင့် ကျွန်ုပ်ကို စိမ်းစိမ်းကြည့်ရင်း စကားကိုဖြတ်၍ ပြောလိုက်လေသည်။

"ဒီမှာရှင့်… ဒေါက်တာဖော့ကာရဲ့ အခုတင်က ပြောတဲ့ရေနက်ပိုင်းနှစ်ခုကို ဘာဖြစ်လို့ သီးခြားပြီး ပြောရတာပါလဲရှင်…"

သူသည် ကျွန်ုပ်ဘက်မှ ဖိလစ်ဘက်သို့ လှည့်လိုက်၏။

"ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ အဲဒီရေနက်ပိုင်းနှစ်ခုနဲ့ ပတ်သက်ပြီး အသင့်လျော်ဆုံးတစ်ခုတည်းသော ဖြေရှင်းချက်လို့ ကျုပ်ထင်လို့ပဲ၊ မစ္စတာဟုမ်းက တစ်ခါတုန်းက ခင်ဗျားရဲ့ ခင်ပွန်းသည်နဲ့ နာမည်တူကို ပြောခဲ့သလို အချက်အလက်တွေမရခင် စဉ်းစားဆင်ခြင်တာဟာ မဟာအမှားတော်ကြီးဖြစ်ကောင်းဖြစ်မယ်။ ဒါပေမယ့် ရပြီးထားတဲ့ အချက်အလက်တွေကို စိုးရွံ့နေပြန်ရင်လဲ ကိုယ်စိတ်ကိုယ်သတ်တာနဲ့ အတူတူပဲ အဆက်မပြတ် လေကိုမှုတ်ထုတ်နိုင်ပြီး အလွန့်အလွန် အင်အားကောင်းတဲ့ စက်မျိုးကလွဲလို့ ကျုပ်တို့ဆီမှာ ရှိနေတဲ့ဟာမျိုးကို ဖြစ်နိုင်တာ ကျုပ်သိလဲ မသိဘူး၊ စဉ်းလဲမစဉ်းစားနိုင်ဘူး…"

ကျွန်ုပ်တို့မှာ မစ္စတာဟုမ်း၏ တစ္ဆေအခြောက်ခံရသည်ကို ငြီးငွေ့သကဲ့သို့ ဖြစ်လာသဖြင့် အသံခပ်မာမာနှင့်ပင် "ဒါပေမယ့် ခင်ဗျားပြောသလို သတ္တဝါတွေနေတယ်သာဆိုရင် ဘာဖြစ်လို့ ကျောက်ဖြူးတွေကြောင့် မဟုတ်ဘဲ ရွံ့နှစ်တွေကြောင့် အရောင်ပြောင်းနေရသလဲဗျာ…"

"ပထမအချက်ကတော့ ကျောက်တွေဆီမရောက်ခင် ရွံ့နှစ်အပြောက်အခြားကို ရွေ့ပြောင်းပစ်ရမယ်၊ အနယ်ထိုင်နေတာလဲ အများကြီးရှိလိမ့်မယ်၊ ဒုတိယအချက်ကတော့ ရွံ့နှစ်ဟာ ရေထက် နည်းနည်းပဲ ပိုလေးပြီး ကျောက်ဖြူးက အများကြီးပိုလေးတော့ ဘယ်လိုပဲသေးသေး ရေမျက်နှာပြင်ဆီ မရောက်ခင်မှာဘဲ ပြန်ထိုင်ကျသွားတယ်…"



www.burmeseclassic.com

www.burmeseclassic.com



ဤပြောပြချက်ကို ကျွန်ုပ်ဆက်၍ မလိုက်နိုင်သေးမီ ဖိလစ်က ဖြတ်၍ မေးလိုက်၏။

“တခြားနေရာတွေကကော ဒေါက်တာ… ဘာကြောင့် ဒီနစ်ခု အကြောင်းပဲ ပြောရသလဲ…”

“တခြားနေရာတွေမှာလဲ သဲလွန်စတွေ့ဖူးတာကို ဖော်မပြဘူးလို့ ကျွန်ုပ်က မပြောရသေးပါဘူး… ဒါပေမယ့် သူတို့ရဲ့ တည်နေရာကို ထောက်ပြီးတော့ အခြားရည်ရွယ်ချက်တစ်ခု ရှိကောင်း ရှိမယ်လို့ ကျုပ် သံသယဖြစ်နေတယ်…”

“အဲဒါက…”ဟု ဖိလစ်က မိန်းကလေးပီပီ မျှော်လင့်တကြီးဖြင့် သူ့ကိုကြည့်ရင်း မေးလိုက်၏။

“ဆက်သွယ်ရေးလို့ ကျုပ်ထင်တယ်၊ ဥပမာ ပြောရမယ်ဆိုရင်… အရှောင်ပြောင်းလဲခြင်း စတင်ပေါ်ပေါက်ခဲ့တဲ့ အတ္တလန္တိတ်ရဲ့ အီကွေတာပိုင်း မှာရှိတဲ့ဒေသနဲ့ မလှမ်းမကမ်း အောက်ဘက်အတော်ကျကျမှာ ‘ရိုမာန်ချီ’ ရှိကျင်း ကြီးရှိတယ်ဗျ။ အဲဒါဟာ ရေအောက်မှာ နစ်မြုပ်နေတဲ့ အတ္တလန္တိတ်တောင်တန်း က တောင်တွေကို ဖြတ်သန်းသွားတဲ့ လျှိုကြီးပဲ၊ အဲဒီတော့ အတ္တလန္တိတ် အရှေ့ပိုင်းနဲ့ အနောက်ပိုင်းကို နက်နက်ကြီးဆက်သွယ်ထားတဲ့ တစ်ခုတည်း သော အဆက်အသွယ်ဖြစ်တာကို စဉ်းစားရင် အဲဒီနေရာမှာ လှုပ်ရှားမှုလက္ခဏာ တွေ ထွက်ပေါ်လာတာဟာ အကြောင်းတိုက်ဆိုင်မှုမျိုး မဟုတ်တော့ဘူးလို့ ထင်စရာပဲ၊ စင်စစ်တော့ အောက်မှာရှိတဲ့ တစ်စုံတစ်ခုဟာ အဲဒီကျင်းကြီးရဲ့ သဘာဝအခြေအနေကို မကျေမနပ်ဖြစ်နေတယ်လို့ ကျုပ်တော့ ပြင်းပြင်း ထန်ထန် သဘောပေါက်နေတာပဲ၊ အဲဒီကျင်းကြီးဟာ ဟိုနေရာ ဒီနေရာမှာ ကျောက်တွေပြိုကျပြီး ပိတ်ဆို့ချင်ပိတ်ဆို့နေမယ်၊ တချို့နေရာမှာ တိမ်လဲတိမ် ဖြစ်ချင်သလို ပုံပျက်ပန်းပျက် ဖြစ်ချင်ဖြစ်နေမယ်၊ ဒါကြီးကို အသုံးပြုမယ်လို့ အလားအလာရှိရင် အနယ်ထိုင်နေတဲ့ နွံနစ်တွေကို အောက်အမာခံရောက်တဲ့ အထိ ဖယ်ရှားပစ်ရင်ကောင်းမယ်ဆိုတာ သေချာသလောက်ဘဲ၊ အမှန်တော့ ကျုပ် မသိပါဘူး…ဒါပေမယ့် အဲဒီအချက်အချာ ကျင်းကြီးထဲမှာ တစ်ခုခုဖြစ် ပျက်နေတယ်ဆိုတာတော့ ယုံမှားစရာမရှိဘူး… ကျုပ်တို့ဟာ မျက်နှာပြင်ပေါ်မှာ လှုပ်ရှားသွားလာရေးအတွက် တိုးတက်ရာတိုးတက်ကြောင်း နည်းလမ်းတွေကို လုပ်နေသလို အောက်ဘက်မှာရှိတဲ့ဟာတွေကလဲ ရေနက်ထဲမှာ တိုးတက်အောင် လုပ်နေတယ်ဆိုတာ, ကျုပ်စိတ်ထဲမှာ သံသယမရှိသလောက်ဘဲ…”

ကျွန်ုပ်တို့သည် ထိုအချက်နှင့်တကွ ၎င်း၏ အကျိုးသက်ရောက်မှုများ ကို သဘောကျနေသည့်အခိုက်တွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေ၏။ ဖိလစ် က ပထမဦးစွာ စကားစလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ...တခြားနေရာကြီးနှစ်ခုကတော့၊ တစ်ခုက 'ကာရစ်ဖယန်' မှာ နောက်တစ်ခုက 'ဗွာတီမာလာ' ရဲ့ အနောက်ဘက်မှာလေ"

ဒေါက်တာဖော့ကာသည် ကျွန်ုပ်တို့အား စီးကရက်များ တည်ပြီးနောက် သူကိုယ်တိုင်လည်း တစ်လိပ်ညှိ၍ သောက်လိုက်၏။ ထို့နောက် သူသည် ကုလားထိုင်ကို ခပ်မှီမှီထိုင်လိုက်ပြီးလျှင်..."

"ကျွန်းဆက်ရဲ့ တစ်ဘက်တစ်ချက်မှာရှိတဲ့ ရေနက်ပိုင်းတွေကို ဆက်ပေးလိုက်တဲ့ လိုဏ်ခေါင်းတစ်ခုဟာ ရေနက်ပိုင်းမှာနေတဲ့ သတ္တဝါတစ်ကောင်အတွက် အကျိုးများနိုင်တာဟာ ပနာမာတူးမြောင်းရှိတဲ့အတွက် ကျုပ်တို့လက်တွေ့ခံစားနေရတာနဲ့ ထပ်တူထပ်မျှ ဖြစ်နိုင်တယ်လို့ ခင်ဗျားတို့ သဘောမပေါက်ဘူးလား"

*

လူများသည် ဖော့ကာအကြောင်းကို မိမိတို့ ထင်မြင်သလို ပြောနိုင်သော်လည်း အမှန်အားဖြင့်မူ သူ၏ ထင်မြင်ရည်မှန်းချက်များကိုမူ ယုတ်ညံ့သည်၊ သို့မဟုတ် သေးနုတ်သည်ဟူ၍ မည်သည့်အခါမျှ ပြောနိုင်မည်မဟုတ်ပေ၊ အမှန်လည်း မည်သူမျှ နောက်တစ်နေ့သတင်းတွက် အဆင်သင့်ဖြစ်၍ မနေပေ။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ကျွန်ုပ်တို့သည် ထိုနေ့ခပ်စောစော အိမ်မှထွက်ခဲ့ကြ၏။ ပစ္စည်းများ အသင့်တင်ထားသည့်ကားကို အပြင်ဘက်တွင် တစ်ညလုံးရပ်ထားခဲ့ပြီးနောက်၊ လမ်းများအသွားအလာမရှုပ်မီ အင်္ဂလန်တောင်ပိုင်းကို လွန်နိုင်သမျှ လွန်သွားရန် ရည်ရွယ်ချက်ဖြင့် ၅ နာရီထိုးပြီး၍ မိနစ်အနည်းငယ်အလွန်တွင် လမ်းပေါ်သို့ ရောက်ရှိနေကြလေပြီ။ ဖိလစ်သည် သူ၏အဒေါ် 'ဟယ်လင့်' ထံမှ ရရှိလိုက်သော အမွေအနှစ်အနည်းငယ်ဖြင့် ဝယ်ယူထားခဲ့သော အိမ်ကလေး၏ တံခါးဝသို့အရောက် ၂၆၈.၇ သို့မဟုတ် ၂၆၈.၉ မဟုတ်လျှင်လည်း ၂၆၈.၈ မိုင်ရှိ၏။

ကျွန်ုပ်အဖို့ လန်ဒန်မှ မိုင် ၅၀ သို့မဟုတ် ၅၀ ကျော်ကျော်မျှသာ ဝေးသည့် အိမ်ကလေးတစ်လုံးကို သဘောကျသော်လည်း ယခုအခါ ဖိလစ်၏ ကိုယ်ပိုင်ဖြစ်လာသော ငွေဖြင့် အမှတ်တရ ပြုလုပ်ပေးရမည့်သူမှာ ဖိလစ်၏ အဒေါ် ဖြစ်နေရကား ဤသို့အားဖြင့် ကျွန်ုပ်တို့သည် တယ်လီဖုန်းနံပတ် နာဗတ်စဂန် ၃၃၃ ဖြင့် ကွန်းဝေါနယ် ကွန်စတန်တိုင်၏အနီး ပင်လင်းမှ နှင်းဆီမြိုင် အိမ်ကလေး၏ ပိုင်ရှင်ဖြစ်လာခဲ့လေသည်။ အိမ်ကလေးမှာ 'ဟီသာ' ခေါ် တောရိုင်းပင်မျိုးများ ပေါ်ရောက်လျက်ရှိသည့် တောင်စောင်းတွင် ညိုမွဲရောင်ကျောက်တုံးများဖြင့် အရှေ့တောင်ဘက်သို့ ခပ်လျောလျောဆောက်လုပ်ထားသည့် ၅ ခန်းတွဲအိမ်ကလေးဖြစ်၏။ တံစက်မြိတ်များ မရှိသလောက် ဆောက်လုပ်ထားရာ ထိုအိမ်ကလေးမှာ ကွန်းဝေါအိမ်မျိုးဆန်ဆန် ခပ်ကုပ်ကုပ် ဝင်ဖြစ်လေသည်။ အိမ်၏အရှေ့ဘက်တည့်တည့်တွင် 'ဟဲလဖို့' မြစ်ကို လှမ်းဟာ မြင်နိုင်ပြီးလျှင် ထိုမှတစ်ဆင့် ညဥ့်အချိန်၌ 'လစ်ဇတ်' ဆိမှ မီးပြတိုက်သည် မီးတလက်လက်ဖြစ်နေသည်ကိုလည်း လှမ်းမြင်နိုင်လေသည်။ လက်ဝဲဘက်တွင်



www.burmeseclassic.com

www.burmeseclassic.com



'ဖါးလမောက်' ပင်လယ်အော်၏ တစ်ဘက်၌ ကမ်းရိုးတန်းသည် အပြတ်ပြတ်ဖြစ်ကာ တမျှော်တခေါ်ကြီးဖြစ်နေသည့် မြင်ကွင်းရှိနေပြီးလျှင် ကျွန်ုပ်တို့သည် ရှေ့သို့ ကိုက် ၁၀၀ ခန့် လျှောက်သွားမိလျှင် ကျွန်ုပ်တို့အား အနောက်တောင်လေပြင်းများမှ ကာကွယ်ပေးသည့် တောင်စောင်းရှိ၏။ ၎င်းကို ကျော်လွန်သွားလျှင် 'မောင့်' ပင်လယ်အော်ကိုဖြတ်၍ 'ဆီလီ' ကျွန်းများကိုလည်းကောင်း၊ ထိုမှတစ်ဆင့် အပြောကျယ်စွာသော အတ္တလန္တိတ်သမုဒ္ဒရာကိုလည်းကောင်း၊ လှမ်း၍ မြင်နိုင်လေသည်။ ဖားလမောက်သို့ ၇ မိုင်၊ ဟဲစတန်သို့ ၉ မိုင်၊ အမြင့်မှာ ပင်လယ်ပြင်အထက် ၃၃၂ ပေ၊ ရေမီးစသည့် ခေတ်မီအစီအမံများ အစုံအလင်မဟုတ်သော်လည်း အမြောက်အမြားရှိ၏။ ထိုနေရာသို့ရောက်လျှင် ၂၆၈.၈ သို့မဟုတ် ၂၆၈.၉ မိုင် ခရီးထွက်ခဲ့ရကျိုးနပ်ပေပြီဟု ယူဆရပေသည်။

ကျွန်ုပ်တို့သည် ထိုအိမ်သို့ အလှည့်ကျ သွားရောက်နေထိုင်ခဲ့ကြ၏။ အချိန်အနည်းမျှ နေထိုင်နိုင်ရန် ငွေကြေးအတော်အသင့်နှင့် အကြံများရသော အခါ ကျွန်ုပ်တို့သည် ထိုနေရာသို့ သွားရောက်ကာ ရက်သတ္တပတ်အနည်းငယ်မျှ အနှောင့်အယှက်တစ်စုံတစ်ရာမရှိဘဲ တိတ်ဆိတ်ငြိမ်သက်စွာ ကျွန်ုပ်တို့၏ ကလောင်များကိုနှင့်လျက် လက်နှိပ်စက်များကို တချောက်ချောက်ရိုက်၍နေကြ၏။ ထို့နောက် လန်ဒန်သို့ ခေတ္တပြန်ကြပြီးလျှင် ကျွန်ုပ်တို့၏ကုန်များ (စာမူများ) ကိုရောင်းချကာ အဆက်အသွယ်များ ပိုမိုမြဲမြံအောင် ပြုလုပ်၍ ထိုနေရာသို့ နောက်ထပ် အလုပ်ပုံကြီးနှင့် သွားလျှင်သင့်လျော်ပြီဟု ထင်သည်အထိ အလုပ်များကိုရှာကြပြန်လေသည်။ ထိုသို့မဟုတ်လျှင်လည်း သက်သက်အနားယူသည့်သဘောဖြင့် နေတတ်လေသည်။

ထိုနေ့နံနက်၌ ကျွန်ုပ်မှာ အချိန်အတော်ရခဲ့၏။ ကျွန်ုပ်၏ ပခုံးကိုမှီ၍နေသော ဖိလစ်၏ ဦးခေါင်းကို အသာအယာဖယ်ရှားလိုက်ပြီးနောက် "ယော့ အချစ် ထလေကွယ်...မနက်စာစားဖို့တောင် တော်ပြီ" ဟု နှိုးလိုက်သောအခါ အချိန်မှာ (၈) နာရီခွဲမျှသာရှိသေး၏။ နံနက်စာကို ကောင်းစွာမှာထားနိုင်ရန် သူ၏ကိုယ်ကို နေသားတကျ ပြုပြင်လျက်ရှိစဉ် ကျွန်ုပ်သည် သတင်းစာများကို သွားရောက် ဝယ်ခြမ်းလေသည်။ ပြန်ရောက်လာသောအချိန်၌ကား သူသည် ကောင်းစွာပြင်ဆင်ပြီးပြီဖြစ်၍ နံနက်စာကိုပဲစ၍ စားနေလေပြီ။ သူ့အား သတင်းစာကို လှမ်းပေးလိုက် ပြီးနောက် ကျွန်ုပ်ကိုယ်တိုင် တစ်စောင်ကို ဖတ်လျက်ရှိရာ သတင်းစာနှစ်စောင်စလုံး၌ပင် သင်္ဘောတစ်စင်း နစ်မြှုပ်ပျက်စီးသွားကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရ၏။ သင်္ဘောမှာ ဂျပန်သင်္ဘောဖြစ်၍ ဤသို့ဖော်ပြထားခြင်းကိုထောက်လျှင် အခြားနေရာများမှ သတင်းအနည်းငယ်မျှသာရကြောင်း ကောင်းစွာထင်ရှားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် သင်္ဘော၏ စာတက်ပုံအောက်မှ သတင်းကို အမှတ်မတင် ကြည့်လိုက်၏။ လူများစိတ်ဝင်စားစရာ သတင်းတစ်ပုဒ်တမောင်းကြီးထဲမှ ဂျပန် ပင်လယ်ကူးသင်္ဘော 'ယက်ဆူရှိရို' သည် နာဂါစကီမြို့မှ မော်အကပ်ကျွန်းစုရှိ 'အင်ဘွိုင်နား' မြို့သို့ အသွားတွင် နစ်မြုပ်သွားသည်ဟူသော အချက်ကိုရလိုက် ၏။ သင်္ဘောပေါ်ပါသွားသူ လူပေါင်း ၇၀၀ ခန့်အနက် အသက်မသေကျန်နေ သူ ၅ ဦးသာရှိသည်ဟု ဆိုလေသည်။

အခြားသော ကျွန်ုပ်တို့လူမျိုးအချင်းချင်းနှင့် အခြေခံခြင်းမတူ ကွဲပြား သော်လည်း ထိုသူအားလုံးကဲ့သို့ပင် 'အနောက်တိုင်းတွင် တည်ဆောက်တတ် ၏။ အရှေ့တိုင်းတွင်မူ ကြံဖန်တတ်၏" ဟူသော စကားအတိုင်း ကျွန်ုပ်လည်း ဤသို့ပင် ခံစားမိ၏။ သို့နှင့် အရှေ့တိုင်းတွင် တံတားပျက်ခြင်း၊ မီးရထား လမ်း ချော်ခြင်း၊ သို့မဟုတ် ယခုကိစ္စမျိုးကဲ့သို့ ထူးထူးခြားခြား မရှိလှပေ။ ထို့ကြောင့်မင် စိုးရိမ်သောကဖြစ်မှုလည်း နည်းပါးလှ၏။ ကျွန်ုပ်သည် ဤ အကြောင်းကို ကာကွယ်နေခြင်းမဟုတ်ပေ။ အပြစ်တင်ဖွယ်ဖြစ်သည်ဟုပင် သဘောထားခဲ့လေသည်။ သို့သော် ဤသို့ပင် ဖြစ်နေရကား ကျွန်ုပ်သည် ပျက်စီးမှုအတွက် အံ့သြခြင်းမဖြစ်လှဘဲ သတင်းစာကို နောက်စာမျက်နှာသို့ လှန်ပစ်လိုက်၏။ သို့သော် ခေါင်းကြီးပိုင်းကို ကျကျနန ဖတ်တော့မည်ဟု ပြင်နေဆဲတွင် ဖိလစ်သည် ရုတ်တရက် အော်လိုက်သဖြင့် အာရုံပြတ်သွားခဲ့ သည်။ ကျွန်ုပ်က လှမ်း၍ကြည့်လိုက်သောအခါ သူဖတ်နေသော သတင်းစာ တွင် သင်္ဘောစာတက်ပုံ မပါရှိသော်လည်း ၎င်းနစ်မြုပ်ရာ ဒေသတစ်ဝိုက်၏ မြေပုံကို အကြမ်းဖျင်း ဖော်ပြထားသည့် မြေပုံကလေးတစ်ခုပါလာသည့်ကို တွေ့ရ၏။ သူသည် မြေပုံပေါ်တွင် ကြက်ခြေခတ်ပြထားသည့်နေရာကို စိတ် အားထက်သန်စွာ လေ့လာကြည့်ရှုလျက်ရှိလေသည်။

ကျွန်ုပ်။ ။ "အဲဒါဘာလဲ... ဟင်..."

သူသည် မြေပုံပေါ်တွင် လက်ညှိုးဖြင့်ထောက်လိုက်၏။ "ကျွန်မ မှတ်မိသမျှ ပြောရမယ်ဆိုရင် ဒီကြက်ခြေခတ်ကို တစ်စုံတစ်ယောက်က သေသေ ချာချာ မှတ်ပြထားတယ်ဆိုရင်လဲ... ဒီသင်္ဘောမြုပ်တဲ့နေရာဟာ ကျွန်မတို့ မိတ်ဆွေဟောင်း 'မင်ဒါနာအို' အကျဉ်းကြီးနဲ့ နီးတယ်လို့ မဆိုနိုင်ဘူးလား..."

ကျွန်ုပ်သည် ထိုနေရာတစ်ဝိုက်တွင် သမုဒ္ဒရာ မြေမျက်နှာပြင်အောက် ခင်း၏ အနေအထားကို ပြန်လည်စဉ်းစားယင်း မြေပုံကိုကြည့်လိုက်၏။

ကျွန်ုပ်။ ။ "ဟုတ်တယ် သိပ်တော့မဝေးနိုင်ဘူး..."

ကျွန်ုပ်သည် မိမိသတင်းစာဘက်သို့ပြန်လည်လိုက်ရင်း ဖော်ပြထား သည့် အဖြစ်အပျက်ကို ပိုမိုဂရုစိုက် ဖတ်ကြည့်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"…နွေသာအခါ မိန်းမများက ငယ်သံပါအောင် အော်ဟစ်ကြွပုံရသည်။ ညဥ့်ဝတ်အင်္ကျီများ ဝတ်ဆင်ထားသည့် မိန်းမများသည် သူတို့၏ အခန်းများမှ ထွက်လာကြ၏။ မျက်လုံးမျက်ဆံပြူးကာ ထိတ်လန့်ကြောက်ရွံ့နေကြသော မိန်းမများသည် မိမိတို့၏ သားငယ်သမီးငယ်များအား အတင်းဆွဲကိုင်ထားလေသည်။ အိပ်ပျော်နေသော ပင်လယ်ကူး သင်္ဘောကြီးကို သေမင်းကလာ၍ တိတ်တဆိတ်စစ်ခင်းလိုက်သောအခါ မိန်းမများသည် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကြလျက်…" ဤသို့မိန်းမများအကြောင်း ဖော်ပြချက်များအစြင်ဝင်လယ်ပြင်အတွင်း ဘေးဒုက္ခတွေ့ကြုံရပုံနှင့် ဆီလျော်သော လန်ဒန်ရှိုးစ်၏ ကြွယ်ဝသော စကားလုံးတို့ကို ဖယ်ရှားလိုက်ပြီးနောက်တွင် သတင်းကိုယ်စားလှယ်ဌာနမှ အလွန်ရှင်းလင်းရိုးသားလှသည့် သတင်းသက်သက်ပေါ်လွင်လာလေသည်။ သတင်းစာကြီးနှစ်စောင်စလုံးကပင် ထိုသတင်းကို တစ်လက်မနှစ်လက်မမျှသာ နေရာပေး၍ အဘယ့်ကြောင့် အပြည့်အစုံမဖော်ပြသည်ကို ကျွန်ုပ်မှာ ပထမတွင် စဉ်းစား၍မရအောင် ဖြစ်ခဲ့၏။ နောက်ဆုံးတွင်မှ ဤကဲ့သို့ ဝေဝေဆာဆာဖော်ပြထားသည့် စကားလုံးများအောက်တွင် ပျောက်ကွယ်နေသော လျှို့ဝှက်သည့် ရှုထောင့်အမှန်ကို ကျွန်ုပ်တွေ့မြင်ရလေသည်။ ယင်းသည်ကား 'ယတ်ဆူရှိရို' သင်္ဘောသည် ကြိုတင်သတိပေးခြင်းမရှိ၊ ထင်ရှားသိသာသည့် အကြောင်းအချက် တစ်စုံတစ်ရာလည်း မရှိဘဲ၊ ကျောက်ခဲတစ်လုံးကဲ့သို့ ရုတ်တရက် ချက်ချင်းနစ်မြုပ်သွားခြင်းဖြစ်၏။"

နောက်တွင် ကျွန်ုပ်သည် သတင်းကိုယ်စားလှယ်ဌာနသတင်းလွှာကို ဖတ်ကြည့်ရာ၊ ညဥ့်ဝတ်အင်္ကျီများဖြင့် ပရမ်းပတာပြေးလွှားနေသည်ဟူသော ထိစ္စတစ်မျိုးထက် များစွာပိုမိုထိတ်လန့်ဖွယ်ကောင်း၍ ရုတ်ချည်းနိုင်လွန်းသည့် အဖြစ်မှာ ကွင်းကွင်းကွက်ကွက်ရှိလှကြောင်းတွေ့ရ၏။ အထိတ်တလန့် ပြေးလွှားအော်ဟစ်ရန်အတွက်လည်း အချိန်ရကြမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုသတင်းလွှာတွင် အချိန်နေရာစသည့်အချက်အလက်များကို ဖော်ပြပြီးနောက်…ဥတုရာသီသင့်သည်၊ ဝင်ရောက်တိုက်ခိုက်မှုမရှိ၊ ပေါက်ကွဲမှုမရှိ၊ အကြောင်းရင်းမသိရ၊ ကြိုတင်သတိပေးပြီး တစ်မိနစ်အတွင်း နစ်မြုပ်သည်။ မိုင်းရှင်များက မဖြစ်နိုင်ဆိုသည်" ဟု အကျဉ်းချုပ်ရေးသား၍ အဆုံးသပ်ထားသောကြောင့်ပေတည်း။

သို့ဖြစ်ရာ ထိုနေ့ညဥ့်တွင် စူးစူးရှရှအော်သံဟစ်သံများအနည်းအကျဉ်း ထောက်သာရှိနိုင်၏။ ကံဆိုးရှာကြသော ထိုဂျပန်အမျိုးသမီးနှင့် အမျိုးသားတို့မှာ အိပ်ရာမှနိုးချိန်ရခဲ့၍ အိပ်ချင်မူးတူးနှင့် စဉ်းစားချိန်အနည်းငယ်မျှ ရကောင်းရပေမည်၊ ထို့နောက် သူတို့အပေါ်သို့ ရေများလွှမ်းကာ မရှူနိုင် မမြင်နိုင်နစ်မွန်း၍ သေပွဲဝင်ကြရရှာလေသည်။ သူတို့သည် စူးစူးဝါးဝါးမအော်နိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



တော့တဲ တန်ချိန် ၁၉,၀၀၀ မျှလေးသည့် သံမဏိခေါင်းကြီးထဲတွင် လျှောင်ပိတ်ထား တဖြည်းဖြည်း နစ်မြုပ်သွားကြပြီးနောက် ထိုနေရာတွင် ရေမျက်အနည်း ငယ်မျှသာ ကျန်ရှိပေတော့၏။

ဖတ်စရာရှိသမျှကို ဖတ်ပြီးနောက် ကျွန်ုပ်သည် အပေါ်သို့ မော်ကြည့်လိုက်ရာ၊ ဖီလစ်သည် နံနက်စာစားသော စားပွဲကိုကျော်၍ လက်ပေါ်သို့မေးတင်ကာ ကျွန်ုပ်အား ကြည့်ရှုနေသည်ကို တွေ့ရ၏။ ကျွန်ုပ်တို့နှစ်ယောက်မှာ ခေည်သူမျှ စကားမပြောဘဲ တိတ်ဆိတ်လျက်ရှိနေကြလေသည်။ ထို့နောက် ဖီလစ်က

"ဟောဒီမှာ... 'ပစိဖိတ်သမုဒ္ဒရာရဲ့ အနက်ဆုံးအပိုင်းတစ်ခုထဲမှာ' လို့ ရေးထားတယ်၊ အဲဒါဟာ ဟိုဟာပဲလို့ထင်သလား 'မိုက်'ရယ်... မြန်လှချည့်ကလား"

ကျွန်ုပ်က စဉ်းစားပြီးနောက် "ပြောဖို့တော့ ခက်တယ်... တကယ်ဘဲ တစ်မိနစ်ထဲသာဆိုရင်ပေါ့လေ၊ ဟင့်...အင်း...ကိုယ် အဆုံးအဖြတ်မပေးချင်သေးဘူးကွယ်၊ နက်ဖန်ကိုယ်တို့ 'တိုင်း' သတင်းစာဖတ်ပြီးတော့ အမှန်စင်စစ် ဘယ်လိုဖြစ်တာလဲဆိုတာကို ရှာကြည့်ကြဦးမယ်... တကယ်လို့ တစ်ယောက်ယောက်က သိရင်ပေါ့လေ..."

ကျွန်ုပ်တို့သည် ကားကို ဆက်လက်မောင်းနှင်ခဲ့ရာ၊ အသွားအလာများသောလမ်းများတွင် ခရီးမတွင်လှဘဲ 'ဒတ်(ထ)မိုး' ရှိ စားနေကြဟိုတယ်ကလေးတွင် ခေတ္တရပ်နား၍ နေ့လည်စာ စားကြပြီးနောက်၊ နောက်ဆုံးတွင် ညနေခင်း အတော်နောက်ကျမှ ရောက်ရှိခဲ့လေသည်။ ဤအကြိမ်တွင် ၂၆၈.၇ မိုင်ဖြစ်၏။ ကျွန်ုပ်တို့မှာ တစ်ဖန် အိပ်ကလည်း အိပ်ချင်ပြန်၊ ဆာကလည်း ဆာပြန်ဖြစ်နေပြန်၏။ လန်ဒန်သို့ တယ်လီဖုန်းဆက်လိုက်သည့်အခါ သတင်းစာဖြတ်ပိုင်းများကို တောင်းရန်သတိရသော်လည်း ကမ္ဘာ၏ အခြားတစ်ဘက်မှ ယာတ်ဆူရှိရှိသော်၏ ကံကြမ္မာအတွက် ကွန်းဝေါနယ်မှ ညီညွှမ့်မှဲအိမ်ကလေးက စိုးရိမ်သောကဖြစ်ဖို့ရန်မှာ 'တိုက်တင်းနိစ်' သင်္ဘောကြီး ဆုံးရှုံးမှုကဲ့သို့ပင် မဆီမဆိုင် အလှမ်းကွာသကဲ့သို့ရှိတော့၏။ သို့သော် ဖီလစ်မှာ မျက်ရည်စကလေးများ ဝိုင်းလာသည်အထိ စိတ်ချောက်ချားလျက်ရှိရှာလေသည်။

*

ဖြေရှင်းချက် တစ်စုံတစ်ရာ ပေးရလိမ့်မည်ဟု ထင်နေခဲ့သည်မှာ ကျွန်ုပ်တစ်ယောက်တည်း မဟုတ်သည်မှာ ထင်ရှားခဲ့၏။ နောက်တစ်နေ့တွင် ဖြေရှင်းချက်များ ထည့်ပေးကြလေသည်။ သတင်းစာတိုင်းလိုလိုကပင် ထို အကြောင်းရှင်းပြခဲ့၍ သောကြာနေ့တွင် အပတ်စဉ်ထုတ်များကလည်း တစ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com


တနှား ဖော်ပြကြလေသည်။ ထိုအကြောင်းကို 'သတ္တုအားကုန်မှု'ဟူ၍ စာလုံး ၂ လုံးတည်းဖြင့် အကျဉ်းချုံးဖော်ပြလေသည်။

ဂျပန်စာတတ်ခွဲခန်းများတွင် မကြာမီကမှ စမ်းသပ်လုပ်ကိုင်ခဲ့သော ဝတ္တုစပ်အသစ်အချို့ကို ယတ်ဆူရှိရှိသင်္ဘောတည်ဆောက်ရာတွင် ပထမဆုံး အကြိမ် အတော်များများ အသုံးပြုပုံရခဲ့၏။ သတ္တုပါရဂူများက ထိုကဲ့သို့သော သတ္တုစပ်များသည် သင်္ဘောအင်ဂျင်များ၏ စိုးရိမ်ဖွယ်ကောင်းအောင် လည်ပတ်နေသည့် အကြောင်းကြောင့် သွက်သွက်ခါမျှ တုန်လှုပ်မှုများဖြစ်ပေါ်ခဲ့လျှင် ယင်းသတ္တုများအားကုန်လာပြီးနောက် ကျွတ်ဆတ်လာနိုင်စရာ အကြောင်းရှိသည်ဟု ဆို၏။ ဤကဲ့သို့ ကျွတ်ဆက်၍သွားသောအပိုင်းသည် အကယ်၍ ကွဲပြတ်သွားခဲ့သော် အခြားအပိုင်းများသို့ ရုတ်ချည်းဆောင့်၍ တင်းအောင်ဆွဲလိုက်ဘိသကဲ့သို့ ဖြစ်သွားလိမ့်မည်ဖြစ်ရာ၊ ၎င်းတို့အားနည်းနေသည့်အချိန်တွင် ထိုဒဏ်မျိုးကို ခံနိုင်လိမ့်မည်မဟုတ်ပေ။ သို့နှင့် ဒဏ်ပိနေသော အပိုင်းများ၏ ပြိုကွဲမှုသည် လျှင်မြန်စွာအဆက်မပြတ် တောက်လျှောက်ဖြစ်သွားပြီးနောက် အဆောက်အအုံကြီးတစ်ခုလုံး ရုတ်ချည်း ပြိုကွဲသွားနိုင်လေသည်။ သို့မဟုတ် တစ်နည်းအားဖြင့်ဆိုသော် ဦးထုပ်ကလေးတစ်လုံး ကျရှုံးမှုနှင့်ပင် သင်္ဘောကြီး တစ်စင်းလုံး အစိပ်စိပ်ပြိုကွဲသွားလိမ့်မည်ဟု ဆိုနိုင်ပေသည်။ အခိုက်အတန့်အား ဖြင့်ကား ထိုသင်္ဘောပျက်စီးရခြင်း၏ တစ်ခုတည်းသော အကြောင်းရင်းမှာ ဤအကြောင်းပင်ဖြစ်သည်ဟု အသေအချာမဆိုနိုင်သေးပေ။ အဘယ်ကြောင့်ဆို သော် ယခုလောလောဆယ်အားဖြင့် ထိုသင်္ဘော တည်ဆောက်ပုံကို အခြေအနေ အရ အသေးစိပ်လေ့လာရန် မဖြစ်နိုင်သေးသောကြောင့် ဖြစ်၏။ သို့မဟုတ် ရေကာလည်း ၅ မိုင်၊ ၆ မိုင် နက်သာကြောင့်ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ယတ်ဆူရှိရှိသင်္ဘောနှင့် ညီမတော် သင်္ဘောတည် ဆောက်လုပ်ငန်းအားလုံးကိုမူ တည်ဆောက်ရာတွင် အသုံးပြုရန် ရည်ရွယ်ထား သည့် သတ္တုစပ်များ ဖွဲ့စည်းတည်ရှိနေပုံနှင့် စပ်လျဉ်း၍ အစွမ်းကုန် စစ်ဆေး စမ်းသပ်မှုများ မပြုနိုင်သေးမီ ရပ်ဆိုင်းထားမည်ဟု ဆုံးဖြတ်ခဲ့ကြလေသည်။

ကျွန်ုပ်သည် သတင်းစာ အသီးသီးတွင် အလားတူ နီးစပ်စွာ ဖော်ပြ ထားချက်များကို ဖတ်ရှုပြီးနောက်... "အင်း... မျက်စိပြာအောင်လုပ်တဲ့ သိပ္ပံပညာအလင်းရောင်ပေါ့... အဲဒီသင်္ဘောကျဉ်းတော့ အတော်အကြပ်ရိုက်မယ် နဲ့ပြီး ကျန်ရစ်တဲ့ ဆွေမျိုးသားချင်းတွေကလဲ ဘယ်ကျေနပ်ကျမလဲ... ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အလုပ်ကောင်းတစ်ခုတော့ ဆိုရပေမပေါ့လေ..."ကျန်တဲ့ ကျွန်ုပ်တို့ အားလုံးအတွက်လဲ သိပ်အားတက်စရာကောင်းသဗျာ၊ ပိုကောင်းတဲ့အချက်တွေ ကိုလဲ ကြည့်လိုက်ပါဦး၊ ယေဘုယျအားဖြင့် သတ္တုအားကုန်မှုလဲ မဟုတ်ဘူး... 'စက်အား' ကုန်မှုလဲမဟုတ်ဘူး... ဒီလိုဆိုရင်လဲ သတ္တုကို မီးတိုက်ပြီးဆက်


www.burmeseclassic.com

www.burmeseclassic.com


ထားတဲ့ သဘော်တွေအားလုံးနဲ့ ပတ်သက်ပြီး လူတွေ စိုးရိမ်စရာဖြစ်နေပြီ၊ ဒါလဲမဟုတ်သေးဘူး၊ ဂျပန်သဘော်တစ်စင်းမှာ အသုံးပြုထားတဲ့ အမျိုးအမည် မသိရတဲ့ သတ္တုစပ်တစ်မျိုးနှစ်မျိုးဟာ အားကုန်လို့တဲ့လေ... ကြည့်ပါဦး... အဲဒီလိုကိစ္စကြောင့် တခြားသဘော်မှ ပျက်စရာအကြောင်းလဲ မရှိဘူး... တခြား ဘယ်သဘော်တွေဟာ အဲဒီရောဂါမျိုးစွဲပြီး အစိပ်စိပ်ကွဲသွားမှာကိုလဲ ပင်လယ် ကရီးသွား လူထုဟာ နည်းနည်းကလေးမှ စိုးရိမ်စရာမရှိဘူး... ကိုင်း...ပင်လယ် ကကော ပင်လယ်နဲ့ ဘာမှမဆိုင်ဘူးတဲ့ ပင်လယ်ဟာ အရင်ကလိုပဲ ဘာမှ စိုးရိမ်စရာမရှိဘူးတဲ့..."

"ဒါပေမယ့်... ဒီလိုပဲ... ဖြစ်နိုင်တယ်မဟုတ်လား မောင်..."

"အဲဒါပဲ ချစ်စရာကောင်းနေတာ... ဖြစ်နိုင်တာ တစ်ခုခုရှိရမယ် မဟုတ်လား... ရှိရုံပဲပေါ့လေ... နို့ပြီး သူတို့ဟာ ဒီဟာနဲ့ လွတ်သွားလိမ့်မယ် ကိုယ်ထင်တယ်... တိုင်းပြည်လူထုကလဲ လက်ခံမှာပဲ နို့ပြီး လုပ်ငန်းအတတ် ပညာရှင်တွေအတွက် ဒါကို အတိုက်အခံလုပ်နေလို့လဲ ဘာမှ အကြောင်းထူးမှာ မဟုတ်ဘူး...သူသိနတ်ကြားပေါ့လေ"

ဖိလစ်။ ။ "ကျွန်မလဲ ဒါကိုပဲ ယုံကြည်ချင်လာပြီ... တကယ် လို့သာ အပြစ်တင်လွယ်တတ်တဲ့ လူတစ်ယောက်ကို အလျော့မပေးခဲ့လို့ရှိရင် နို့ပြီး အဲဒီကိစ္စဟာ ခုဖြစ်နေတဲ့နေရာမှာ မဖြစ်ခဲ့လို့ရှိရင် ပြောတာပါ...ကျွန်မ ယုံကြည်ကောင်း ယုံကြည်လိမ့်မယ်ထင်တယ်"

ကျွန်ုပ်သည် စဉ်းစား၍ ကြည့်လိုက်၏။

ကျွန်ုပ်။ ။ "အခုလောလောဆယ်တော့ လူအများ ယုံကြည်မှုရှိ အောင် ရေကြောင်းအာမခံ နှုန်းထားတွေကို အခုအတိုင်းပဲ အတည်သတ်မှတ် ထားလိမ့်မယ်တင်တယ်... နို့ပေမယ့် သဘော်ကုမ္ပဏီရှယ်ယာဈေးနှုန်းတွေ ကို တိုယ်တို့မျက်ခြေမပြတ် စောင့်ကြည့်သင့်တယ်"

ဖိလစ်သည် ပြတင်းပေါက်ဆီသို့ထ၍ လျှောက်သွားလေ၏။ ပြတင်း ပေါက်နဘေးတွင် သူရပ်၍နေသောနေရာမှ မိုးကုပ်စက်ဝိုင်းအထိ ကျယ်ပြန့် သွားသော ပြာလဲ့လဲ့ရေပြင်ကြီးကို မြင်ရလေသည်။

ဖိလစ်။ ။ "မိုက်ရေ... ကျွန်မ မနေ့ညတုန်းက အတော်တုန်လှုပ် ချောက်ခြားသွားတာ ဝမ်းနည်းပါတယ်၊ ဒီသဘော်အခုလို နစ်မြုပ်သွားတာကို ရုတ်တရက် စိတ်ထိခိုက်သွားတယ်၊ အခုအချိန်ထိ ဒီကိစ္စဟာ စဉ်းစားကြံဆရတဲ့ ကစားနည်းတစ်မျိုးလို ပဟေဠိတစ်မျိုးလို ဖြစ်နေတယ်၊ ဗိုက်စမန်နဲ့ ထရန့်တို့ ပါသွားတဲ့ ဇက်သီစကုပ်ကြီး ဆုံးရှုံးခဲ့ရတာဆိုးသလို ရေတပ်သဘော်တွေ ဆုံးရှုံးခဲ့ရတာလဲ ဆိုးတာပဲ၊ ဒါပေမယ့် အခု အပြစ်ကင်းမဲ့တဲ့ သာမန်ယောကျ်ား မိန်းမနဲ့ ကလေးတွေ အေးအေးချမ်းချမ်း အိပ်ပျော်ပါလာတဲ့ ပင်လယ်ကူး


www.burmeseclassic.com

www.burmeseclassic.com


သဘော်ကြီးတစ်စင်း ညအချိန်မတော်ကြီးမှာ စက္ကန့်ပိုင်းအတွင်း ရုတ်တရက် ပျောက်ပျက်သွားရတာကတော့ မောင်ရယ်...ဘာလဲဖြစ်ဖြစ် အဆိုးရွားဆုံး ကိစ္စကြီးတစ်မျိုးပါဘဲ၊ ကျွန်မဆိုလိုတာ သဘောပေါ်က်ရဲ့လားဟင်... ရေတပ် ကလူတွေဟာ ကိုယ့်လုပ်ငန်းတွေ လုပ်ကိုင်ရင်း အမြဲတမ်းဖွန့်စားနေကြရတာပဲ၊ ဒါပေမယ့် ဟောဒီပင်လယ်ကူးသဘော်ပေါ်က ဒီလူတွေကတော့ ဘာမှလဲ မဆိုင်ပဲနဲ့ ဖြစ်ကြရရှာတာ"

အောက်မှာရှိနေတဲ့ 'ဟာ' တွေက အလုပ်လုပ်နေတယ်ဆိုတဲ့ အတွေး အဆကို ကျွန်မ မယုံနိုင်သလိုဖြစ်နေတုန်း အခုတော့ တကယ့်ကို ကြောက်စရာ ကောင်းအောင် ဖြစ်လာတယ်။ ဒီဟာကို ကျွန်မ မကြိုက်ဘူး 'မိုက်'၊ ဒီဟာ ကိုတွေးပြီး ကျွန်မဟာ ကြောက်သလိုဖြစ်လာဟယ်၊ ဘာပြုလို့လဲလိုတော့ မပြောတတ်ဘူး။

ကျွန်ုပ်သည် ဖိလစ်ရှိရာသို့ သွား၍ ၎င်းအား လက်တစ်ဖက်ဖြင့် သိုင်း၍ ဖက်ထားလိုက်၏။

'မင်းဆိုလိုတာ ကိုယ် သိပါတယ်ကွယ်... ဒီဟာက တစ်စိပ်တစ် ဒေသဘဲ ရှိပါသေးတယ်၊ ဒီဟာအတွက် စိတ်ပျက်စရာမဟုတ်သေးပါဘူး..."

*

ပျော်ပျော်ရွှင်ရွှင်နှင့်ပင် တစ်လခန့်မျှ အချိန်ကုန်လွန်၍သွားခဲ့၏။ အပြင်လောကမှာလည်း အနှောင့်အယှက်မရှိလှပေ။ ဖိလစ်သည် မည်သည့်အခါ မျှ ဆုံးမည့်လက္ခဏာမရှိသော ဝတ္ထုအတွက် လမ်းစဉ်များကိုပြန်၍ကောက်ခဲ့၏။ ကျွန်ုပ်ကလည်း အတော်အတန်ဖြေရှင်းပေးရန် ဆောင်းပါးတစ်စောင်နှစ်စောင် ကို ရှေ့မှ ကြိုတင်ရေးသားလျက်ရှိ၏။ အချိန်ဖြုန်းရန် သင့်လျော်မည့်နေ့များ၌ ကျွန်ုပ်တို့သည် ကမ်းခြေသို့ သွားရောက်ကာ အပျော်ရေချိုးခြင်း, ရွက်လှေငှား ၍ စီးခြင်းများဖြင့် အချိန်ကို ကုန်လွန်စေခဲ့၏။ သတင်းစာများသည် ယတ်ဆွဲရှိရှိ ကိစ္စကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြလေပြီ။ မကောင်းသော ကံကြမ္မာ ကြောင့် ပျက်စီးရခြင်းအမျိုးမျိုးကို ကာကွယ်သည့်အနေဖြင့် သတ္တုအားကုန် သည်' ဟု ဝေါဟာရများကိုလည်း လောလောဆယ် ပြောဆိုသုံးစွဲလာကြလေ သည်။ အလွန်နက်ရှိုင်းသော ပင်လယ်ကြီးနှင့်တကွ ယင်းကို အကြောင်းပြု၍ ပေါ်ပေါက်လာသော ကျွန်ုပ်တို့၏ တွေးခေါ်ကြံဆချက်အားလုံးသည်လည်း နောက်တွင် အတော်ဝေး၍ ကျန်ရစ်ခဲ့လေပြီ။

ထို့နောက် တစ်နေ့သော ဗုဒ္ဓဟူးနေ့ညဦး ၉ နာရီသတင်းလာခိုက် တွင် 'ကွင်းအင်နီ' သဘော်သည် ပင်လယ်ပြင်၌ နစ်မြုပ်ပျက်စီးသွားကြောင်း နှင့် ကြေညာလိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



သတင်းမှာ အလွန်တိုတောင်းလှ၏။ သာမန် အကျိုးအကြောင်းမျှ သာဖြစ်၏။ ထို့နောက်တွင် "အသေးစိပ်အချက်အလက်များကို မရနိုင်သေးသော်လည်း ပျောက်ဆုံးနေသည့် လူဦးရေစာရင်းမှာ အတော်ပင်များပြားလိမ့်မည်ဟု စိုးရိမ်ဖွယ်ရှိကြောင်း" ဟူ၍လည်း ပါလာလေသည်။ ထို့နောက် ၁၅ စက္ကန့်မျှ တိတ်ဆိတ်နေပြီးလျှင် သတင်းလွှင့်သူက ဆက်လက်၍ "အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကူးရာတွင် လောလောဆယ်အားဖြင့် စံချိန်တင်ထားသော 'ကွင်းအင်နီ' မှာ တန်ချိန် ၈၀,၀၀၀ ရှိသည့် သင်္ဘောဖြစ်ကြောင်း၊ ယင်းကို တည်ဆောက်ခဲ့သည်မှာ..."

ကျွန်ုပ်သည် ကိုယ်ကို ရှေ့သို့ကိုင်းညွတ်ကာ ရေဒီယိုကို ပိတ်လိုက်၏။ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး ထိုင်နေကြရာမှ ဖိလစ်၏ မျက်လုံးများတွင် မျက်ရည်များ ဝိုင်းလာသည်ကိုတွေ့ရ၏။ သူသည်လျှာဖျားဖြင့် နှုတ်ခမ်းများကို တံထွေးဆွတ်လိုက်၏။

ဖိလစ်။ ။ "ကွင်းအန်နီတက်... အလိုဘုရားရေ"

သူသည် လက်ကိုင်ပုဝါတစ်ထည်ကို ရှာ၍ ယူလိုက်ပြီးနောက်...

"ဒီသင်္ဘောက အင်မတန်လှတဲ့ သင်္ဘောကြီးပဲ မောင်ရယ်"

ကျွန်ုပ်သည် နံဘေးတွင် ဝင်၍ထိုင်ကာ သူ၏ကိုယ်ကလေးကို ဖက်၍ ထားလိုက်၏။ အခိုက်အတန့်အားဖြင့် သူသည် 'ဆောက်တင်ပတန်' မြို့မှ ထိုသင်္ဘော ထွက်ခွာသွားသည်ကို တွေ့ခဲ့စဉ်ကကဲ့သို့ သာမန် သင်္ဘောတစ်စင်းအနေဖြင့်သာ အမှတ်ထားခဲ့၏။ ၎င်းမှာ အနုပညာလက်ရာတစ်ခုနှင့် သက်ရှိတို့၏ စပ်ကြားတွင်တည်ရှိသော လုပ်ကိုင်ဖန်ဆင်းမှုတစ်ခုဖြစ်၍ နေရောင်ခြည်အောက်တွင် တပြောင်ပြောင် တလက်လက်နှင့် အလွန်လှပပြီးလျှင် ဝင့်ကြွားတည်ငြိမ်စွာ ထွက်ခွာလာခဲ့ရာ ၎င်း၏နောက်တွင် ဆွဲသင်္ဘောကလေး တစ်စုသည် ရေပြင်ပေါ်တွင် နိမ့်တုံမြင့်တုံဖြစ်၍ ကျန်ရစ်ခဲ့လေ၏။

ဤသို့ တွေ့မြင်နေရာမှ မိနစ်အနည်းငယ်အတွင်းတွင် သူကိုယ်တိုင် သင်္ဘောပေါ်သို့ ရောက်သွားသကဲ့သို့ ဒဏ္ဍာရီဆန်ဆန် ခမ်းနားဆန်းကြယ်စွာသော ပျော်ပွဲစားခန်းမဆောင်ထဲတွင် ညစာစား၍နေသကဲ့သို့လည်းကောင်း၊ ကပွဲခန်းတွင် က,ခုန်၍နေသကဲ့သို့လည်းကောင်း၊ သင်္ဘောကုန်းပတ်ပေါ်သို့ ရောက်ကာ သင်္ဘောနစ်မြုပ်နေသည်ကို ကြည့်ရှုတွေ့မြင်နေရသကဲ့သို့လည်းကောင်း၊ ထိုလူများ ခံစားနေရဘိသကဲ့သို့ ဖိလစ်၏စိတ်တွင် အာရုံများ ခံစားနေသည်ကို ကျွန်ုပ်ကောင်းစွာ သိရတော့၏။ ကျွန်ုပ်သည် ကျန်လက်တစ်ဖက်ဖြင့် သူ၏ကိုယ်ကလေးကို ဖက်ထားလိုက်ပြီးလျှင် ပိုမိုနီးကပ်လာအောင် ကျွန်ုပ်ဆီသို့ ဆွဲယူလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တွင်ရှိသော စိတ်ကူးစိတ်သန်းများမှာ ဤသို့ စိတ်ကာပတ်ကုံးဖြစ်အောင် ကဗျာမဆန်လှသည့်ပြင် အသည်းနှလုံးနှင့်လည်း ပိုမိုဝေးကွာနေသဖြင့် မိမိကိုယ်ကိုပင် မိမိ ကျေးဇူးတင်မိသေး၏။

*

နောက် နာရီဝက်ခန့်အကြာတွင် တယ်လီဖုန်းခေါင်းလောင်းခေါ်သံကြားရသဖြင့် သွားရောက်နားထောင်ရာ အသံကို ကျက်မိလိုက်သဖြင့် အတန်ငယ်အံ့အားသင့်၍ သွားမိ၏။

ကျွန်ုပ်။ ။ "အို ဟဲလို ဖရက်ဒီ ဘာလဲဗျို့"

ညဉ့် ၉ နာရီခွဲအချိန်တွင် အီး–ဘီ–စီ၏ ဟောပြောချက်နှင့် ဆောင်းပါးကဏ္ဍ ညွှန်ကြားရေးမှူးက ကျွန်ုပ်ထံ တယ်လီဖုန်းဖြင့် ခေါ်လိမ့်မည်ဟု မထင်မိပေ။

အသံ။ ။ "ကောင်းတယ်ဗျို့... ကျုပ်က ခင်ဗျားအပြင်များထွက်နေသလားလို့ စိုးရိမ်နေတယ်ဗျ... သတင်းကို ခင်ဗျားကြားပြီးပြီမဟုတ်လား..."

"ဟုတ်ကဲ့..."

"ဒီလိုဆိုရင် ခင်ဗျားရဲ့ ပင်လယ်ရေနက် အန္တရာယ်အကြောင်းနဲ့ ပတ်သက်ပြီး ကျုပ်တို့ ခင်ဗျားဆီက တစ်ခုခုလိုချင်တယ်၊ မြန်မြန်လဲ လိုချင်တယ်ဗျ... နာရီဝက်လောက်ဟာမျိုးပေါ့..."

"ဒါပေမယ့် နောက်ဆုံးခင်ဗျားတို့ ကျုပ်ကို ပြောထားတာက အဲဒီအကြောင်းကို စကားရိပ်တောင် မသန်းရဘူးဆို..."

"နို့ပေမယ် အစီအစဉ်က တစ်မျိုးပြောင်းလိုက်ပြီဗျ... ဒါဟာ လုပ်ကို လုပ်ရမယ်၊ သိပ်ပြီး စိတ်တက်ကြွလာအောင် မလုပ်ပေမယ့် ယုံကြည်အောင်လုပ်လို့ပဲ ရေအောက်မှာ တစ်ခုခုရှိနေတယ်ဆိုတာ တကယ် ယုံကြည်လာအောင် လုပ်ပေးပေါ့..."

"ဒီမှာ ဖရက်ဒီ... ဒါဟာ ခင်ဗျားသက်သက် နောက်ပြောင်နေတာများလားဗျာ..."

"မဟုတ်ဘူးဗျ... ဒါက အရေးပေါ်ကိစ္စဖြစ်နေတယ်"

"ဒါဖြင့်လဲ ကောင်းပါလေ့ဗျာ... သို့ပေမယ့် လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်လောက်ကစပြီး ရှုးနှမ်းနှမ်း အူကြောင်ကြောင် သဘောတရားတစ်ခုကို မစွန့်ပစ်နိုင်သေးတဲ့ လူအနူတစ်ယောက်ရယ်လို့ ကျုပ်ကို အထင်ခံနေရတယ်ဗျ...အခုတော့ ပျော်ပွဲစားပါတီတစ်ခုမှာ မိုက်မိုက်မဲမဲ အလောင်းအစားလုပ်ပြီး ဒီအချိန်ကျမှ ကျုပ်ကို ချက်ချင်းတယ်လီဖုန်းဆက်..."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာဗျာ၊ ကျုပ်ပါတီမှာ မဟုတ်ပါဘူးဗျ၊ ရုံးမှာပါ... ရုံးမှာ ကျုပ်တစ်ညလုံးရှိနေဖယ်"

"ကဲ...ဒါဖြင့် ရှင်းပြပါဦးဗျာ"

"ဒီလိုဗျ... ဒါကိုရုရှတွေကလုပ်တယ်ဆိုပြီး ဒီမှာ ကောလာဟလ သတင်းတစ်ခုဖြစ်နေတယ်၊ တိတ်ခွေသတင်းလွှင့်ပြီး မိနစ်ပိုင်းအတွင်းလောက်မှာ တစ်ယောက်ယောက်က စပေးလိုက်တာနဲ့ တူတယ်။ ဘာဖြစ်လို့ ဒီလို စလိုက်ရင် ကောင်းမယ်ထင်ပြီး စလိုက်သလဲဆိုတာတော့ ဘုရားသခင်မှသိမယ်... နို့ပေမယ့် လူတွေဟာ စိတ်လှုပ်ရှားထကြွနေလို့ရှိရင် ဘယ်လိုဖြစ်တတ်တယ်ဆိုတာ ခင်ဗျားလဲ အသိသားပဲ၊ ချပေးသမျှ ငါးစာကလိုတော့ သူတို့အတွင်းသားတပ်တော့မှာပဲဗျ၊ ကျုပ်စိတ်ထင်ကတော့ အင်အားစမ်းချင်နေတဲ့ အဖွဲ့က အခွင့်ကောင်းယူလိုက်တာလို့ထင်တယ်... လူမိုက်တွေပဲဗျာ၊ နို့ပေမယ့် ဘာပဲဖြစ်ဖြစ် ဒါကို ပိတ်ပစ်ရမယ်၊ မပိတ်နိုင်လို့ရှိရင် အစိုးရအဖွဲ့ကို ဖြုတ်ချနိုင်တဲ့အထိ အင်အားကောင်းလာအောင် လုပ်လာလိမ့်မယ်... ဒါကြောင့် ဒီဟာကို ပိတ်ကိုပစ်ရမယ်ဗျာ...ဒီတစ်ခါတော့ 'သတ္တုအားကုန်'တာနဲ့ မဟန်တော့ဘူးဗျ၊ အဲဒီတော့ ခင်ဗျားရဲ့ ပင်လယ်ရေနက်အန္တရာယ်အကြောင်းကို သုံးရလိမ့်မယ်၊ နက်ဖြန်ထွက်မယ့် သတင်းစာတွေကလဲ ဒီဟာကိုသုံးမယ်၊ ရေတပ်မတော်ဌာနချုပ်ကလဲ ဝင်ပါဖို့ သဘောတူတယ်... ကျုပ်တို့မှာ သိပ္ပံပညာရှင်ကြီးတွေအတော်များများ လက်ကိုင်ရတားပြီး ဘီဘီစီနဲ့ ကျုပ်တို့ရဲ့ နောက်သတင်းလွှာမှာ အစပျိုးနိုင်အောင် စကားရိပ်အတော်ကောင်းကောင်းပါလာလိမ့်မယ်၊ အမေရိကန် ရေဒီယိုအသိုင်းအဝိုင်းကြီးကတော့ စတောင်စနေကြပြီ၊ အဲဒီတော့ ခင်ဗျားကလဲ အဏုမြူဗုံးတွေကျလာမှာကို တားနိုင်အောင် တတ်စွမ်းသမျှ ပါဝင် ဆောင်ရွက်ချင်ရင် အခုတစ်ခါတည်း စပေတော့"

"ကောင်းပါပြီဗျာ အချိန် နာရီဝက်နော်... ဘယ်လိုရှထောင့်မျိုးလဲဗျ"

"အထူးသတင်းမျိုးပေါ့ဗျာ၊ ဣန္ဒြေရရ တည်တည်ခန့်ခန့်ပေါ့၊ ချက်ချင်းသွေးကြွလာစရာမဟုတ်ဘူး၊ လုပ်ငန်းသဘောလဲ မဆန်လွန်းစေနဲ့...အသိဉာဏ်ရှိတဲ့ သာမန်လမ်းပေါ်က လူတစ်ယောက် နားလည်နိုင်တဲ့ဟာမျိုးပေါ့၊ ဒါပေမယ့် ထိရောက်ပြီး ယုံကြည်စေရမယ်၊ ဒီဟာအချက်ပဲ၊ ကျုပ်တစ်ခုလမ်းကြောင်းပြီးပေးချင်တယ်ဗျာ၊ ဒီမှာ ကျုပ်တို့ မျှော်လင့်ထားတာထက်ပိုအရေးကြီးပြီး မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ်လာတဲ့ အန္တရာယ်တစ်ခုရှိနေတယ်ဗျ၊ ကျုပ်တို့ အခုအထိုးအနက် ခံလိုက်တာဟာ 'ပုါးလ်ဟာဗာ'တုန်းက အမေရိကန်တွေ ခံခဲ့ရသလို ကျုပ်တို့မှာ အသင့်ပြင်ဆင်ပြီးသားမရှိကြဘူး၊ နို့ပေမယ့် ဖြန်ချနိုင်မယ့်နည်းလမ်းတွေ ကျုပ်တို့ကို ပေးဖို့တော့



www.burmeseclassic.com

www.burmeseclassic.com


သိပ္ပံပညာရှင်တွေဟာ စစ်ပြင်နေကြပြီ၊ ဒီတော့ သတိနဲ့ ခပ်ထိန်းထိန်းလှုပ်ပေါ့ဗျာ၊ ကောင်းတဲ့ဘက်က မြင်နိုင်မယ့်ဟာမျိုးရေးပေါ့...ဟုတ်လား ဒိုကော..."

"ကျုပ် ကြိုးစားပါ့မယ်... နို့ပေမယ့် အကောင်းမြင်လာအောင် ဘာကို အခြေခံရမလဲဆိုတာတော့ ကျုပ်မသိဘူး..."

"ဒါအတွက် မပူပါနဲ့ဗျာ၊ ဖော်ပြရုံ ဖော်ပြရင် ပြီးတာပဲ...ခင်ဗျားရဲ့ အဓိကအလုပ်က သူတို့စိတ်ထဲမှာ ဒါဟာ တကဲ့ဖြစ်ရပ်တစ်ခုလို့ စွဲသွားအောင် လုပ်ဖို့ဘဲ၊ ဒါမှမဟုတ်မဟပ် ရှုရှုဆန့်ကျင်ရေး ကိစ္စတွေ ဝင်မလာနိုင်မှာဗျ၊ အဲဒီလို ကောင်းကောင်းကြီး အခြေချပြီးတဲ့နောက်တော့ ဒီအတိုင်း ဆက်သွားအောင်လုပ်ဖို့ ကျုပ်နည်းလမ်းတွေရှာနိုင်ပါတယ်..."

"နေပါဦး... ဒီလိုလုပ်ဖို့ကော လိုလိမ့်မယ်လို့ ထင်လို့လား"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ..."

"ဒီလိုဗျာ... 'ယတ်ဆူ' နောက်ကို အခုဒီကိစ္စက ပေါ်လာပြန်တယ်၊ ဒီတော့ အခြေအနေဟာ ထိုးစစ်ဆင်တဲ့ အခြေအနေမျိုးတောင် ရောက်လာပြီလားလို့ ထင်မိတယ်၊ နို့ပြီး ဒီနှစ်စင်းနဲ့တောင် နေချင်မှနေဦးမယ်..."

"ဒါဟာတော့ ကျုပ်မသိဘူး၊ နို့ပေမယ့် ခင်ဗျား အခုပဲ စလုပ်တော့မလား၊ ခင်ဗျားပြီးလို့ရှိရင် ချက်ချင်းကျုပ်တို့ဆီကို ဖုန်းဆက်လိုက်၊ ခင်ဗျာ့အတွက် ရီကော်ဒါတစ်လုံး အသင့်ဆက်ထားပေးမယ်၊ ပြီးတော့လဲ လိုအပ်ရင် နည်းနည်းပါးပါး ကျုပ်တို့ ပြုပြင်ပေးဖို့လဲ ခွင့်ပြုရမယ်နော်... ဘီဘီစီကလဲ ဒီအတိုင်းတစ်ခုခုတော့ လုပ်တော့မှာ အမှန်ပဲ..."

"ကောင်းပြီ ဖရက်ဒီ၊ ခင်ဗျားရစေမယ်..."

ဤသို့ သဘောတူပြီးနောက် ကျွန်ုပ်သည် တယ်လီဖုန်းကိုချလိုက်၏။

ကျွန်ုပ်သည် မီးဖိုခန်းတွင်းသို့ ဝင်ရောက်ကာ အမှတ်မထင်ပင် ကော်ဖီ၊ ပေါင်မုန့်မီးကင်နှင့် ကြက်ဥပြုတ်များကို ယူခဲ့ပြီးနောက် အပေါ်ထပ်သို့ မနိုင်မနင်း တက်လာသည့်အချိန်သည်ကား နောက်တစ်နေ့နံနက် ၁၁ နာရီပင် ထိုးခဲ့လေပြီ။

ထိုနေ့နံနက် ၅ နာရီထိုးပြီးချိန်တွင်မှ ကျွန်ုပ်နှင့် ဖိလစ်တို့နှစ်ယောက် ပေါင်း၍ ကြိုးစားရေးသားထားသော ဆောင်းပါးကို လန်ဒန်ရှိ အသံဖမ်းစက်သို့ နှုတ်တိုက်ချပေးရင်း ပြီးဆုံးသွားခဲ့၏။ ထိုအချိန်၌ ကျွန်ုပ်တို့နှစ်ယောက်စလုံးမှာ အတော့်ပင်ပန်းနွမ်းနယ်နေပြီဖြစ်သောကြောင့် ထိုဆောင်းပါးကောင်းသည် မကောင်းသည်ကိုပင် မသိကြချေ။ ဂရုလည်း မစိုက်နိုင်ကြပေ။

ဖိလစ်သည် ကော်ဖီတစ်ခွက် ထပ်၍ သောက်ပြီးနောက် ဓါးကန့်ကို တစ်လိပ်ကို မီးညှိလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com


"ကျွန်မတို့ ဒီနေ့ ဖါးလမောက်ကိုသွားလည်ရရင် ကောင်းမယ်ထင်တယ်..."

သို့နှင့် ကျွန်ုပ်တို့သည် ဖားလမောက်သို့ သွားရောက်ခဲ့ကြ၍ လုပ်ကိုင်စရာအလုပ်များကို ဝတ္တရားအရ လုပ်ကိုင်ဆောင်ရွက်ရင်း ဆိပ်ကမ်းတွင်နာမည်ရ အရက်ဆိုင်ကလေး ၄ ဆိုင်သို့လည်း ဝင်ရောက်ခဲ့ကြ၏။ ဖရတ်ဒီဗုစ်တီယာက ကျွန်ုပ်အား စောစောလျှင်လျှင် လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောဆိုသည်မှာ ချဲ့ထွင်ပြောဆိုခြင်းမဟုတ်ပေ။ ကွင်းအင်နီ ပျက်စီးဆုံးရှုံးခဲ့ရသည်မှာ ရှရှတို့၏ လက်ချက်ဖြစ်သည်ဟူသော ကောလာဟလသတင်းမှာလည်း ယာယီအားဖြင့် ပျံ့နှံ့လျက်ရှိနေခဲ့လေပြီ။ အထူးသဖြင့် စကော့ဝိစကီကို နှစ်ခွက်ဆင့်၍ သောက်ကြသူများအထဲတွင် ဘီယာတစ်ပိုင်းသောက်ထားကြသူများထက် ပိုမိုပျံ့နှံ့နေခဲ့လေသည်။

ဖီလစ်သည်သူ၏ ၄ ခွက်မြောက် ဂျင်နှင့်သံပုရာကို သောက်ရင်း "နက်ဖြန်ကျွန်မတို့ လန်ဒန်ကိုပြန်သွားရင်ကောင်းမယ်"ဟု ပြောလိုက်၏။

သူသည် ထိုသဘောထားကို ထုတ်ဖော်ပြောဆိုရာ၌ ကျွန်ုပ်ထက်လက်ဦးခဲ့၏။

နောက်တစ်နေ့ နံနက်၌ ကျွန်ုပ်တို့သည် ထုံးစံအတိုင်း ခပ်စောစောပင်ထွက်ခဲ့လေသည်။

ကျွန်ုပ်တို့ အိပ်ခန်းသို့ရောက်၍ ရေဒီယိုကိုဖွင့်လိုက်ရာ၊ လေယာဉ်တင်သင်္ဘော 'မယ်ရီတိုးရီးယပ်' နှင့် ပင်လယ်ကူးသင်္ဘော 'ကယ်ရစ်ပရင့်ဆက်' တို့ နစ်မြုပ်သွားသည့် သတင်းကို အချိန်မီ ကြားလိုက်ရလေသည်။

❋

'မယ်ရီတိုးရီးယပ်' သင်္ဘောသည် အတ္တလန္တိတ် သမုဒ္ဒရာ၏ အလယ်တွင် ကိတ်ဗတ်ကျွန်းစု၏ အနောက်တောင်ဘက် မိုင် ၈၀၀ ကွာ၌ နစ်မြုပ်ခဲ့၏။ 'ကယ်ရစ်ပရင့်ဆက်' မှာမူ ဆန်တီယာဂိုဒီကျူးဗားနှင့် မိုင် ၂၀ ခန့်အကွာ၌ နစ်မြုပ်ခဲ့လေသည်။ နှစ်စင်းစလုံးပင် နှစ်မိနစ် သုံးမိနစ်အချိန်အတွင်း နစ်မြုပ်သွားခဲ့ကြခြင်းဖြစ်၍ လူအနည်းငယ်မျှသာ အသက်မသေ လွတ်မြောက်ခဲ့လေသည်။ အသစ်စက်စက် ရေတပ်သင်္ဘောတစ်စင်း ဆုံးရှုံးခဲ့ရသဖြင့် ဗြိတိသျှတို့က ပိုမိုတုန်လှုပ်ချောက်ချားခဲ့လေသလောဟူ၍ကား၊ ပြောရန်ခဲယဉ်းပေ၏။ ဗြိတိသျှနှင့် အမေရိကန် နှစ်ဦးလုံးကပင် 'ကွင်းအင်နီ' ကြောင့် မှင်သက်မိသကဲ့သို့ဖြစ်ခဲ့ရလေပြီ။ အဘယ့်ကြောင့်ဆိုသော် အတ္တလန္တိတ်ပင်လယ်ကူးသင်္ဘောကြီးများအတွက် နှစ်ဦးနှစ်ဘက်စလုံးကပင် ဂုဏ်ယူနေခဲ့သောကြောင့်ဖြစ်၏။ ၎င်းနာကျည်းဖွယ်ကောင်းသော အမှုနှင့်စပ်လျဉ်း၍ ပြောကြပုံကွာခြားနေခဲ့သော်လည်း နှစ်ဦးစလုံးမှာ လူအုပ်ထဲတွင် နောက်ကျောကို အထိုးခံလိုက်ရသော


www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကဲ့သို့ မိမိက တစ်ယောက်ယောက်အား ပြန်၍ထိုးရန် လက်သီးနှစ်ဘက်ကို ကျစ်ကျစ်ပါအောင် ဆုပ်၍နေသူနှင့် အလားသဏ္ဌာန်တူတော့၏။

အမေရိကန်နိုင်ငံတွင်ရှိနေသော ရုရှလူမျိုးများက အလွန်အမင်း ထိတ်လန့်နေပါလျက်နှင့်ပင် အမေရိကန် အများအပြားက ပင်လယ်ရေနက် ဘေးအန္တရာယ်သဘောတရားကို ဗြိတိသျှတို့ထက်ပင် ပို၍ အလွယ်တကူ လက်ခံကြပြီးလျှင် ထိုကိစ္စကို ပြင်းပြင်းထန်ထန် ယတိပြတ်ဆောင်ရွက်ပေးရန် ဆူပူတောင်းဆိုမှုများ တိုး၍သာလာတော့၏။ ထိုအချက်သည် အင်္ဂလန်ပြည်တွင် အလားတူ ဆူပူမှုများ ပေါ်ပေါက်လာရန် ရှေ့ဆောင်လမ်းပြသဖွယ်ဖြစ်တော့၏။ သို့နှင့် အမေရိကန်တို့၏ တုံ့ပြန်မှုမှာ လွန်လွန်းရာ ရောက်လေသည်။

အောက်စဖို့လမ်းအလွန်မှ တစ်ခုသော အရက်ဆိုင်တစ်ဆိုင်တွင် ကျွန်ုပ်သည် အကြောင်းခြင်းရာ အလုံးစုံကို အကျဉ်းချုံး၍ အမှတ်မထင်ကြားသိရလေသည်။ စတိုးဆိုင်ကြီးတစ်ဆိုင်မှ အရောင်းစာရေးတစ်ယောက်ဖြစ်ဟန်တူသော ကိုယ်ခန္ဓာအလယ်အလတ်တန်းစားရှိ လူတစ်ယောက်သည် အသိအကျွမ်းဖြစ်သူအချို့အား သူ၏ ထင်မြင်ချက်များကို တင်ပြဆွေးနွေးလျက်ရှိလေသည်။

"ကောင်းပြီ၊ စကားအဖြစ်သူတို့ဟာ မှန်တယ်ပဲဆိုပါတော့ နို့ပြီး ဒီဘာမှန်းမသိတာတွေ ပင်လယ်အောက်မှာရှိတယ်ပဲဆိုပါတော့၊ ကျုပ်သိချင်တာက ဒီလိုဆိုရင် ဒီဟာတွေရဲ့ နောက်ကို ကျုပ်တို့ဘာဖြစ်လို့ ချက်ချင်းမလိုက်ကြသလဲဆိုတဲ့ အချက်ပဲ"

သူ့အနီးမှလူ။ ။ "မင်းသိချင်ရင် ဘာဖြစ်လို့လဲ ဆိုတာပြောပါ့မယ် သူငယ်ချင်းရာ... ကဲ ကိုယ်ပြောမယ်၊ ကိုယ့်တို့သင်္ဘောတွေဆုံးတယ်၊ ယန်ကီ (အမေရိကန်) တွေလဲ ဆုံးတယ်၊ ဂျပန်တွေလဲ ဆုံးတယ်၊ ဒါပေမယ့် ရုရှတွေတော့ သင်္ဘောတွေ ဆုံးသလားဟင်၊ ပြောစမ်းပါဦး.... သူတို့ကော ဆူဆူပူပူ လုပ်သလား...ဘာဖြစ်လို့ မလုပ်သလဲဆိုတာ ကိုယ်သိချင်တယ်ကွာ..."

ထိုအခါ တစ်စုံတစ်ယောက်က ကြားဖြတ်၍ မည်သို့ပင်ဖြစ်စေ၊ ရုရှတို့တွင် သင်္ဘောများများစားစား မရှိသောကြောင့် ဖြစ်ကောင်းဖြစ်လိမ့်မည် ဆင်ကြောင်းဖြင့် ပြောပြလေသည်။

နောက်တစ်ယောက် 'ကီဝိနော' နစ်မြုပ်ခဲ့စဉ်က ရုရှတို့လည်း သင်္ဘောတစ်စင်း နစ်မြုပ်ဆုံးရှုံးခဲ့ရာ၊ ၎င်းတို့သည် ဆိတ်ငြိမ်၍မနေခဲ့ကြောင်း ပြောလေသည်။

ဒုတိယလူ။ ။ "အဲလေ..."နို့ပေမယ့် ခိုင်လုံတဲ့ သက်သေ သက်ကတာယက ဘယ့်မလဲ...၊ ဒီဟာကတော့ သူတို့ဆီက မျှော်လင့်တဲ့ အပြုအမူဆောင်မှုတွေပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ စကားဝိုင်း၏ သဘောထားမှာ သူ၏ စိတ်နှင့် မကိုက်ညီခဲ့ပေ။ ထို့ပြင် ပထမဆုံးစကားပြောသူနှင့်လည်း မတူခဲ့ပေ။ တတိယလူကမူ ၎င်းတို့၏ အားလုံးအတွက်ပင် ပြောလိုက်ပုံရ၏။ သူပြောပုံမှာ...

"ဒါကတော့... တခြားကိစ္စတွေလိုမှာပဲ ခင်ဗျားတို့ ကြံဆရုံပေါ့... နို့ပေမယ့် ကျုပ်ပြောရမယ်ဆိုရင် ဒီမယ်အဘိုးကြီးတစ်ယောက်ယောက်က ဒီဟာအတွက် အမှန်ပဲ တစ်ခုခုလုပ်နေတယ်လို့ ကျုပ်ပြောရင် ခင်ဗျား စိတ်သက်သာရာ ရသွားမှာပဲဗျာ"

*

အမေရိကန်တို့သည် 'ကယ်ရစ်ပရင့်ဆက်' သင်္ဘောနစ်မြုပ်သည့် နေရာနှင့် ကပ်လျက်ရှိသော ''ကေမင်' ကျွင်းကြီးကို ရေနက်ဖုံးများ ဖောက်ခွဲရန် ဆုံးဖြတ်ခဲ့ရာ ဤသို့ပြုလုပ်ခြင်းမှာ အလားတူ ထင်မြင်ချက်ကို လိုက်လျောသည့် အနေမျိုးဖြင့် စတီမျှပြုလုပ်ခြင်း ဖြစ်ကောင်းဖြစ်ပေမည်။ မိုင် ၅၀ မျှ ကျယ်ပြန့်၍ မိုင် ၄၀၀ ခန့်ရှည်လျားသည့် ဤရေနက်ပိုင်းဒေသတစ်ခုကို ကြိုလိုသည့် နေရာ၌ ဖုံးကြဲချခြင်းမှာ ထိရောက်သော အကျိုးသက်ရောက်မှု တစ်စုံတစ်ရာ ရှိမည်ဟု မမျှော်လင့်နိုင်ပေ။

ထိုကိစ္စကို အတ္တလန္တိတ်သမုဒ္ဒရာ နှစ်ဘက်စလုံးရှိ သတင်းစာများက အကျယ်တဝင့် ရေးသားဖော်ပြကြ၏။ အမေရိကန် ပြည်သူပြည်သားများကလည်း ၎င်းတို့၏ စစ်တပ်အင်အားစုများက လက်စားချေရာတွင် ရှေ့ဆောင်လျက်ရှိသည်ကို ဂုဏ်ယူလျက်ရှိကြ၏။ ဗြိတိသျှတိုင်းသူပြည်သားများကမူ မကြာသေးမီက ၎င်းတို့၏ သင်္ဘောကြီးနှစ်စင်း နစ်မြုပ်သွားခဲ့သည့်အတွက် အဆောတလျင် အရေးယူဆောင်ရွက်ရန် အချက်ကောင်းပေါ်၍နေသော်လည်း သူတစ်ပါးတို့က ဆောင်ရွက်နေသည့်အခိုက် မည်သို့မျှ မလုပ်နိုင်ဘဲ လက်ပိုက်ကြည့်နေရသည်ကို မကျေမနပ်ဖြစ်ကာ ထိုမကျေနပ်မှုကို နှုတ်ဖြင့်သာ ကြွေးကြော်နေခဲ့၏။ သူတို့သည် မိမိတို့၏ ခေါင်းဆောင်များအား အပြစ်တင်သည့် အနေမျိုးဖြင့် အမေရိကန်တို့၏ ဆောင်ရွက်မှုကို ကျယ်လောင်စွာ ချီးကျူးဩဘာပေးရန် ဆုံးဖြတ်ကြလေသည်။ သို့နှင့် တာဝန်ယူဆောင်ရွက်မည့် သင်္ဘော ၁၀ စင်းပါဝင်သည့် သင်္ဘောစုတစ်စုသည် အလွန်ရေနက်သော ရေနက်ပိုင်းဒေသအတွက် အထူးတလည် စီမံပြုလုပ်ထားသော ပြင်းပြင်းထန်ထန် ပေါက်ကွဲနိုင်သည့် ဖုံးအနည်းငယ်နှင့် အဏုမြူဖုံးများ လာရောက်ခွဲဖောက်မည့် ကိစ္စကို ကန့်ကွက်ပြောဆိုနေသည့် ဆူပူသံများကို ဖုံးလွှမ်းနစ်မြုပ်စေပြီးနောက် ဩဘာသံများအကြား 'ချီတာပီ' ပင်လယ်အော်မှ ထိုသင်္ဘောစုသည် ထွက်ခွာသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုသင်္ဘောစုသည် ရွေးချယ်သတ်မှတ်ထားသောနေရာသို့ ချဉ်းကပ်လျက်ရှိစဉ် သင်္ဘောတစ်စင်းမှ အသံလွှင့်ချက်ကို ကြားရသူများသည် မည်သူမျှ ထိုအဖြစ်အပျက်ကို မေ့နိုင်မည်မဟုတ်ပေ။ အသံလွှင့်နေသူသည် ရှုမြင်ခင်း အကြောင်းကို ပြောပြနေရာမှ ရုတ်တရက် စကားဖြတ်လိုက်ပြီးလျှင် စူးစူးဝါးဝါး အသံနှင့်

"တစ်ခုခုဖြစ်နေတယ်… ဗျို့… အလိုဘုရားရေ သင်္ဘောပေါက်ကွဲသွားပြီ…"

ဤသို့ ပြောလိုက်သည့်ခဏ၌ပင် အုံးကနဲ ပေါက်ကွဲသံကြီးတစ်သံကို ကြားလိုက်ရ၏။ ထို့နောက် အသံလွှင့်သူ၏ ကတုံကရီနှင့် အဆီအငေါ်မတည့်သော ဗလုံးဗထွေးသံများကို ကြားရပြီးနောက် ဒုတိယအကြိမ် ပေါက်ကွဲသံကြီးတစ်သံကို ကြားလိုက်ရပြန်၏။ တစ်ဆက်တည်းမှာပင် ညီးညီးညံညံ ဗလုံဗထွေးအသံများ ဆူညံ့ဗွက် ဟစ်အော်ပြောဆိုသံများ၊ ခေါင်းလောင်းတီးသံများကိုလည်းကြားရ၏။ ထို့နောက် အသံလွှင့်သူသည် ပြတ်တောင်းပြတ်တောင်း အသက်ရှူကာ လေသံမမှန်ဘဲ စကားပြောပုံလည်း မြန်၍နေလေသည်။

"ခင်ဗျားတို့ ကြားလိုက်ရတဲ့ ပေါက်ကွဲသံဟာ ပထမအသံက ဖျက်သင်္ဘောကေဇော့တဲ့၊ အဲဒီသင်္ဘောဟာ လုံးလုံးပျောက်သွားပြီ၊ ဒုတိယအသံက ခရီဂိတ်သင်္ဘော 'ရက်(ဒ်)ဝု' အဲဒီသင်္ဘောလည်းပဲ ပျောက်သွားပြန်တယ်၊ အဲဒီ ရက်(ဒ်)ဝုမှာ အဏုမြူဗုံးတစ်လုံးပါတယ်၊ အဲဒီဗုံးလဲ သင်္ဘောနဲ့အတူတူ မြုပ်သွားပြီဗျ၊ အဲဒီဗုံးကို ရေအနက် ၅ မိုင်မှာ ဖိနှိပ်အားနဲ့ ဖောက်ခွဲဖို့ အစီအစဉ် လုပ်ထားတာပေါ့…

"တခြားသင်္ဘော (၈) စင်းဟာ ဘေးအန္တရာယ်ရှိတဲ့နေရာက လွတ်အောင် စက်ကုန်မောင်းပြီး ခုတ်ပြေးကြရတယ်… ရှင်းရှင်းလွတ်သွားအောင် မိနစ်ပိုင်းသာလိုမယ်။ ဘယ်လောက်ကြာမလဲတော့ ကျွန်တော်မသိဘူး၊ ဒီမှာရှိနေတဲ့ လူထဲက ဘယ်သူကမှလဲ မပြောနိုင်ဘူး၊ ကျွန်တော့် စိတ်ထင်တော့ မိနစ်နည်းနည်းလောက်ပဲထင်တယ်။ မြင်နေရတဲ့ သင်္ဘောသားတိုင်းဟာ ဗုံးပေါက်မပေါက်ခင် ဒီနေရာတစ်ဝိုက်ကလွတ်အောင် ရှိသမျှအင်အားကို အစွမ်းကုန် ညှစ်ထုတ်နေကြရတယ်၊ ကျွန်တော်တို့ အခုရပ်နေတဲ့ သင်္ဘောကုန်းပတ်ဟာလဲ တသွက်သွက်ခါနေတာပဲခင်ဗျ၊ ကျွန်တော်တို့လဲ အစွမ်းကုန်ခုတ်မောင်းနေတာပဲ၊ လူတိုင်း 'ရက်(ဒ)ဝု' မြုပ်သွားတဲ့နေရာကို အခုလှည့်ကြည့်နေကြပါတယ်။ ဟော့ ဒီမှာ အဲဒါကြီး ၅ မိုင်နစ်သွားဖို့ အချိန်ဘယ်လောက်များ ကြာမလဲဆိုတာ ဘယ်သူများ သိကြသလဲဟော့၊ အင်း… တစ်ယောက်ယောက်တော့ သိရမယ်လေ…၊ ကျွန်တော်တို့တော့ အားကုန်သုတ်နေတာပဲ၊ တခြားသင်္ဘောတွေလဲ ဒီလိုပါပဲခင်ဗျာ၊ အစွမ်းကုန်ခုတ်နေကြပါတယ်။ အားလုံးပဲ


www.burmeseclassic.com

www.burmeseclassic.com



မြန်နိုင်သမျှ မြန်မြန်ခုတ်မောင်းနေကြတယ်ခင်ဗျ၊ ဒါကြီးဟာ အကျယ်အဝန်း ဘယ်လောက်လောက် ပန်းထွက်သလဲဆိုတာ ဘယ်သူများသိသလဲ…ဟင်၊ ခရစ်တော်ရဲ့ မျက်နှာတော်ထောက်ပြီးဗျာ၊ ဒီအကြောင်းသိတဲ့ လူများ ဒီအနီး အနားမှာ မရှိကြဘူးလားဗျို့… ကျွန်တော်တို့ အခုဒီနေရာက လွတ်အောင် အပြင်းအထန် ခုတ်မောင်းနေကြပါတယ်။ တတ်နိုင်သမျှ မြန်မြန်ကြီး ခုတ်နေပါ တယ်ဗျာ…၊ ကျွန်တော်တို့ တတ်နိုင်ကောင်းပါရဲ့…၊ ဘယ်လောက်ကြာမလဲ ဆိုတာ ကျွန်တော် သိချင်လိုက်တာခင်ဗျာ၊ ဖြစ်နိုင်တယ်… ဖြစ်နိုင်တယ်… ဘုရားရှင်တန်ခိုးတော်နဲ့ မြန်မြန်လုပ်ပါခင်ဗျာ…"အစွမ်းကုန် ကြိုးစားလိုက် ကြစမ်းပါခင်ဗျာ၊ အင်း… အင်း… အစအနတွေဖြစ်အောင် ပစ်လိုက်စမ်းပါ၊ မဖြစ်မနေ တွင်တွင်ကြီးလုပ်လိုက်စမ်းပါ ခင်ဗျာ…။"

"အခု 'ရက်(ဒ)ဝု' နစ်သွားတာ ၅ မိနစ်ရှိသွားပြီခင်ဗျ၊ ၅ မိနစ် အတွင်းမှာ ဘယ်လောက်အနက်ရောက်သွားမလဲ မသိဘူး၊ ဘုရားသခင်မျက်နှာ တော် ထောက်ပြီးတော့ တစ်ယောက်ယောက်က ပြောကြစမ်းပါ၊ ဒီဟာကြီးဟာ ရေထဲနစ်သွားဖို့ ဘယ်လောက်ကြာမလဲလို့…"

"အခုသွားနေတုံး… ဆက်သွားနေတုံးပဲ၊ လွတ်အောင် အစွမ်းကုန် ပြေးနေတုံးပဲခင်ဗျ၊ အခုလောက်ဆို ပန်းထွက်တဲ့နေရာကို လွန်လာကောင်းပါရဲ့၊ အခွင့်သာလာပြီနဲ့ တူပါတယ်။ ဆက်ပြီး အခွင့်သာအောင် လုပ်နေပါတယ် ခင်ဗျာ သွားနေတုံး စက်ကုန်သွားနေတုံးပဲ၊ လူတိုင်း ပဲ့ဘက်ကို ကြည့်နေကြ တယ်၊ လူတိုင်း စောင့်ကြည့်နေကြတယ်ခင်ဗျ၊ နို့ပြီး ကျွန်တော်တို့ဟာ သွားနေ တုံးပဲ၊ ဒါဟာ ဘယ်လိုများ ဒီတစ်ချိန်လုံးနစ်မြုပ်နေနိုင်မှာလဲ။ ဒါပေမယ့် ဘုရားသခင် ကျေးဇူးတော်ကြောင့် ဒီအတိုင်းဖြစ်နေတယ်ခင်ဗျ၊ အခု ၇ မိနစ် ကျော်သွားပြီ။ ဘာမှ မဖြစ်သေးဘူး။ ဆက်သွားနေတုံးပဲ၊ နို့ပြီး တခြားသင်္ဘော တွေလဲ နောက်ပိုင်းတွေမှာ ရေတွေဖွေးဖွေးနဲ့ အပြင်းခုတ်မောင်းနေကြတယ်၊ ဆက်သွားတုံးပဲခင်ဗျ။ မပေါက်ကွဲဘဲ ရှူးသွားတာကြီးလဲ ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် ဒီနေရာတစ်ဝိုက် ၅ မိုင်မနက်လို့ဘဲ။ ဘယ်လောက်ကြာမယ်ဆိုတာ ဘာကြောင့် ဘယ်သူမှ မပြောနိုင်ရတာလဲ။ အဆိုးဆုံး အခြေအနေကတော့ အခုလွတ်သွားပြီထင်ပါရဲ့… တခြားသင်္ဘောတချို့ကို အခုအဖြူကွက်တွေပေါ် မှာ အမည်းစက်ကလေးတွေလောက်သာ မြင်ရတော့တယ်…သွားနေတုန်းပဲ ကျွန်တော်တို့ဟာ အစွမ်းကုန် ခုတ်နေတုန်းပဲ… အခုတော့ နေရာကျပြီထင်ပါ ရဲ့… ကျွန်တော်တို့ တကယ်ပဲ နေရာကျပြီလို့ ထင်တယ်… လူတိုင်း ပဲ့ဖက်ကို ကြည့်နေတုံးပဲခင်ဗျ၊ အလိုဘုရားရေ ပင်လယ်တစ်ခုလုံးဟာ…"

ဤနေရာတွင် အသံပြတ်သွားလေတော့၏။

*



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုရေဒီယိုအသံလွှင့်သူမှာ အသက်မသေဘဲ လွတ်မြောက်ကျန်ခဲ့၏။ သူ၏ သင်္ဘောနှင့် အခြားသင်္ဘော ၅ စင်းတို့သည် သင်္ဘောအုပ်စု ၁၀ စင်းထဲမှ လွတ်မြောက်သွားခဲ့လေသည်။ ၎င်းတို့သည် ရေဒီယိုတတ် အတန်ငယ် ထိခဲ့သည်မှအပ၊ အခြားသောအန္တရာယ်တစ်စုံတစ်ရာ မဖြစ်ကြပေ။ ထိုအသံလွှင့်သမားမှာ ဆေးဝါးကုသခြင်း ခံရပြီးနောက် သူ၏ ရုံးသို့ အလုပ်ပြန်ဝင်လာသောအခါ သူပထမဆုံး တွေ့ကြုံခံစားရသည်မှာ တတိယပညတ်ချက်အား လျစ်လျူပြုကာ အသံလွှင့်ရာတွင် ‘စကားပြော’ ဆန်လွန်းလှသော အသုံးအနှုန်းများကို အလွန်အမင်း အသုံးပြုခြင်းကြောင့် နားထောင်သူ သောတရှင် ခပ်များများက ပြစ်တင်ပြောဆိုခြင်း ခံရကြောင်း ကျွန်ုပ်ကြားသိရလေသည်။

ထိုနေ့သည်ကား စကားအခြေအတင် ငြင်းခုန်ပြောဆိုမှု ရပ်စဲသွားသောနေ့ဖြစ်၏။ ဝါဒဖြန့်ရန်လည်း မလိုတော့ပေ။ ‘ကေမင်’ ကျင်းကြီးတွင် ဆုံးရှုံးပျက်စီးခဲ့ရသော သင်္ဘော ၄ စင်းအနက် ၂ စင်းမှာ မုံးဒဏ်ကြောင့်ဖြစ်သော်လည်း အခြားနှစ်စင်း ဆုံးရှုံးခဲ့ရသည်မှာ ဝါဒဖြန့်ခြင်း၏ မျက်စိအောက်၌ပင် ဖြစ်ခဲ့ရကား မယုံလွယ်သူများနှင့် သတိတရား ရှိသူများအားလုံးကို အငိုက်ရိုက်လိုက်ခြင်းဖြစ်တော့၏။ နောက်ဆုံး၌ ပင်လယ်ရေနက်ပိုင်းဒေသတွင် တစ်စုံတစ်ရာ ထိုတစ်စုံတစ်ရာမှာလည်း အလွန် ကြောက်မက်ဖွယ်ကောင်းသည့် တစ်စုံတစ်ရာရှိနေသည်ဟူသောအချက်မှာ ယုံမှားသံသယမရှိလောက်အောင်ပင် အခြေခိုင်မြဲ၍ သွားလေသည်။

ကမ္ဘာတစ်ဝှမ်းလုံးတွင် ဤသို့ ထိတ်လန့်ဖွယ်ကောင်းသည့် ယုံကြည်ချက်များသည် လျှင်မြန်စွာ ပျံ့နှံ့လျက်ရှိရကား ရှုရှလူမျိုးများပင် ခပ်မဆိတ်မနေတော့ဘဲ ၎င်းတို့မှာလည်း ကုန်တင်သင်္ဘောတစ်စင်းနှင့် အမျိုးအမည် မခွဲခြားနိုင်သော ရေတပ်သင်္ဘောတစ်စင်း နှစ်စင်းလုံးပင် ကူရိကျွန်းများအလွန်၌လည်းကောင်း၊ နောက်ထပ် လေ့လာရေးရေယာဉ်တစ်စင်းကို ‘ကမ်ချက်တဘာ’ ကျွန်းဆွယ်အရှေ့ဘက်အလွန်တွင်လည်းကောင်း နစ်မြုပ်ဆုံးရှုံးခဲ့ရသည်ဟု ဝန်ခံလာခဲ့လေသည်။ ထိုအကြောင်းခြင်းရာများကို အထောက်အထားပြုလျက် သူတို့သည်လည်း ကမ္ဘာ့ငြိမ်းချမ်းရေးကိုငဲ့ကွက်ကာ ဤရေအောက်အန္တရာယ်ကြီးကို နှိမ်နင်းရာတွင် အခြားနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုလားလျက်ရှိကြောင်းဖြင့် ထုတ်ဖော်ပြောဆိုလေသည်။

နောက်တစ်နေ့တွင် ဗြိတိသျှအစိုးရက ထိုပြဿနာကို ပဏာမစစ်ဆေးလေ့လာရန်အတွက် အပြည်ပြည်ဆိုင်ရာရေတပ်များ၏ ကွန်ဖရင့် အစည်းအဝေးကြီးတစ်ခု လန်ဒန်မြို့တွင် ကျင်းပသင့်ကြောင်း အကြံပေးခဲ့၏။ ဖိတ်ခေါ်ခြင်းခံရသော နိုင်ငံအချို့က ကွန်ဖရင့်ကျင်းပမည့်နေရာနှင့်ပတ်သက်၍ အငြင်းပွားလိုကြသေးသော်လည်း ပြည်သူလူထု၏ အားမနာတမ်းအလောသုံး



www.burmeseclassic.com

www.burmeseclassic.com



ဆယ် တောင်းဆိုနေကြသည်ကို ထောက်ထား၍ ကြေညာပြီးသည့်နောက် (၃) ရက်အတွင်းတွင် ကွန်ဖရင့်ကို 'ဝက်စမင်စတာ' ဘုရားရှိခိုးကျောင်းတွင် ကျင်းပခဲ့ရာ၊ အင်္ဂလန်ပြည်အတွက် စောလွန်းသည်ဟု မဆိုသာချေ။ ထို(၃) ရက်အတွင်း ဗင်လယ်ရေကြောင်း ခရီးသွားလာမှု အစီအစဉ်များကို အများအပြား ဖျက်သိမ်းကြရာ လေကြောင်းသယ်ယူပို့ဆောင်ရေး ကုမ္ပဏီတို့မှာလည်း မနိုင်မနင်းဖြစ်ကာ ဦးစားပေးသည့် အစီအစဉ်များကို ပြုလုပ်ကြရတော့၏။ ဆီအမျိုးမျိုး ရောင်းချရေးကိုလည်း အစိုးရက လျှင်မြန်စွာ ချုပ်ကိုင်ရပြီးလျှင် မရှိမဖြစ်ဝန်ထမ်းကိစ္စများအတွက် ရာရှင်စနစ်ကို ကျင့်သုံးရ၏။ ရေကြောင်းသယ်ယူပို့ဆောင်ရေးလောကတွင် ဈေးများကျဆင်းသွားလျက် အစားအစာဈေးနှုန်းများသည်လည်း နှစ်ဆတိုး၍သွားပြီးလျှင် ဆေးလိပ်သောက်ဆေးအမျိုးမျိုးတို့မှာ ကောင်တာများအောက်တွင် ပျောက်ကွယ်၍ သွားကြကုန်၏။

ကွန်ဖရင့် အစည်းအဝေးမဖွင့်လှစ်မီ တစ်နေ့၌ ဖိလစ်နှင့် ကျွန်ုပ်တို့သည် နေ့လည်စာ အတူစားသောက်လျက်ရှိစဉ် ဖိလစ်က –

"မောင် အောက်စဖို့လမ်းကို သွားကြည့်ဖို့ကောင်းတယ်... လူတွေဟာ အလန့်တကြား ဝယ်ခြမ်းနေတဲ့ အကြောင်းကိုပဲ ပြောနေကြတယ်... အထူးသဖြင့် ချည်ထည်တွေပေါ့..၊ အရင်ကရောင်းဖို့ မမျှော်လင့်တဲ့ ကုန်တွေတောင် နှစ်ဆဈေးနဲ့ အခုရောင်းလို့ ကုန်နေပြီ၊ လွန်ခဲ့တဲ့ အပတ်က ရောင်းလို့မစွန်တဲ့ ပစ္စည်းတွေအတွက် တစ်ယောက်လည်ပင်းကို တစ်ယောက် လိမ်းနေကြတယ်... ဝယ်ပျော်တဲ့ ပစ္စည်းမှန်သမျှဟာလဲ ပျောက်ကုန်တာ လျောင်တဲ့လူတွေလက်ထဲရောက်ကုန်ကြပြီ ထင်ပါရဲ့... လျှော့ဈေးလုပ်တာထက်တောင် သာတဲ့တကဲ့ပွဲတော်ကြီးပါပဲရှင်"

ကျွန်ုပ်။ ။ "မြို့တော်အကြောင်း ကိုယ်ကြားရတာလဲ ဒီအတိုင်းပါပဲ၊ သင်္ဘောလုပ်ငန်းတစ်ခုကို ငွေနည်းနည်းပါးပါးပေးဝယ်တောင် ရမယ်ထင်တယ်၊ ဒါပေမယ့် လေယာဉ်နဲ့သက်ဆိုင်သမျှ လုပ်ငန်းရှုယ်ယာတစ်ခုကိုတော့ ရှိသမျှ စည်းစိမ်ပုံပေးဝယ်လို့တောင် မရနိုင်ဘူး၊ သံထည်တွေဆိုတာလဲ နေရာတကာတိုင်းမှာ မပြောနဲ့တော့၊ ရော်ဘာကုန်ပစ္စည်းတွေလဲ ဒီအတိုင်းပဲ၊ ပလတ်စတစ်ဈေးတွေကလဲ ခေါင်ခိုက်နေပြီ၊ အရက်ချက်စက်ရုံတွေတော့ ကျနေတယ်၊ ဘယ်လိုမှ မထိခိုက်တာကတော့ ဖြစ်ချက်တဲ့ ရုံတွေနဲ့ပဲ တူတယ်..."

*

နောက် ရက်အနည်းငယ်အတွင်းတွင် ဖိလစ်နှင့် ကျွန်ုပ်တို့သည် ဝတ္ထုရားများကို ထိန်းထိန်းချုပ်ချုပ်နှင့် အစွမ်းကုန်ဆောင်ရွက်လျက်ရှိကြ၏။ ထို့ပြင် "ရေဒါအက်စ်ဒစ်" (ရေငုပ်သင်္ဘောရှာ ကိရိယာ) နှင့် အခြားအပြည့်ဖွယ်ကိရိယာများကို တီထွင်ပေးခဲ့သော နောက်ဖေးခန်းဆရာများ (သိပ္ပံပညာရှင်



www.burmeseclassic.com

www.burmeseclassic.com



များ) ကလည်း "တကယ်ပါဗျာ ကျုပ်တို့ကို စဉ်းစားဖို့ ရက်နည်းနည်းသာပေး စမ်းပါ၊ ဒီကိစ္စကြီးတစ်ခုလုံးကို အရင်းကဖြိုပြီး ရှင်းပစ်နိုင်တဲ့ ကိရိယာမျိုးကို ကျုပ်တို့လုပ်ပြမယ်" ဟု ယုံကြည်စွာ ဦးခေါင်းတညိတ်ညိတ်ဖြင့် ပြောဆိုလျက်ရှိကြ၏။ ဤသို့ဖြင့် ကျေနပ်လောက်သော ယုံကြည်စိတ်ချမှုကို တဖြည်းဖြည်း ပြန်၍ ရခဲ့လေသည်။

▲

အလွန်နက်ရှိုင်းသော ရေနက်ပိုင်းဒေသများသို့ ဖြတ်သန်းသွားခြင်းမှ ရှောင်ရှားရန်ဆုံးဖြတ်ချက်မှာ အလွန်လိမ္မာပါးနပ်သော ဆုံးဖြတ်ချက်တစ်ခု ဖြစ်ခဲ့၏။ ရက်သတ္တပတ်ပေါင်းများစွာ ကြာရှိသည့်တိုင်အောင် သင်္ဘောတစ်စင်းတလေမျှ နစ်မြုပ်ဆုံးရှုံးခဲ့သည်ဟူ၍ မကြားရပေ။ ဈေးနှုန်းများလည်း တည်ငြိမ်သွား၍ ယုံကြည်စိတ်ချမှုသည်လည်း ပြန်လည်နာလန်ထလာတော့၏။ ခရီးသွားစာရင်းများမှာ ခပ်ဆိုင်းဆိုင်းပင် ဖြစ်လင့်ကစား ပြန်၍ ပြည့်လာတော့၏။ နှောင့်နှေးကြန့်ကြာမှုနှင့် ကုန်များ သယ်ဆောင်ခနှုန်းကြီးမြင့်မှုတို့မှာ ယခင်ကကဲ့သို့ပင် ဆက်လက်ရှိနေသေး၏။ မည်သို့ပင်ဖြစ်စေ အချိန်ကြာမြင့်စွာ ဒုက္ခခံခဲ့ရသည့် ပြည်သူလူထုသည် စိတ်လှုပ်ရှားထကြွမှုကြောင့် အလန့်တကြားဖြစ်လာသော စိတ်ဓာတ်ပေါ်ပေါက်လာရာ၊ ဂျာနယ်တိုက်များမှ ကြော်ငြာဌာနများကလည်း တက်တက်ကြွကြွ ယုံကြည်မှုကို ဆက်လက်ထိန်းသိမ်းမထားသမျှ အကောက်ခွန်ဝင်ငွေများ လျော့ပါး ကျဆုံးသွားမည်ဖြစ်ကြောင်း ပြင်းပြင်းထန်ထန် ရေးသားလျက်ရှိကြလေသည်။

ဤအချိန်များအတွင်း နောက်ဖေးခန်းများ (သိပ္ပံဓာတ်ခွဲခန်းများ) တွင် ဦးနှောက်များ ခမ်းခြောက်လောက်အောင် ပင်ပန်းကြီးစွာ လုပ်ကိုင်လျက်ရှိနေခဲ့ကြရာ (၄) လခန့်ကြာပြီးနောက် ရေတပ်ဌာနမှ ရေတပ်ဆိုင်ရာ ရေယာဉ်အချို့ကို တန်ပြန်ကိရိယာအသစ်များ တပ်ဆင်ပြီးသောအခါ 'ကွင်းအင်နီ' နစ်မြုပ်ခဲ့သော နေရာအနီးရှိ 'ရေ့(စ်)' အငူ၏ တောင်ဘက်မှ ရေနက်ပိုင်းဒေသအဆင့်ဆင့်နှင့် အနီးတစ်ဝိုက်တွင် စမ်းသပ်အသုံးပြုကြည့်မည်ဟု ထုတ်ပြန်ကြေညာနိုင်ခဲ့လေသည်။

သတင်းစာဆရာများကို ထိုစမ်းသပ်ရေးအဖွဲ့က ချန်လှပ်ထားခဲ့ခြင်းမှာ မိမိတို့၏ အခွင့်အရေးများကို တောင်းဆိုရာ၌ စိတ်ပါလက်ပါမရှိခြင်းကြောင့် ဖြစ်နိုင်၏။ စင်စစ် ကျွန်ုပ်နှင့် သိကျွမ်းသူ မည်သည့်ကိုယ်စားလှယ်တစ်ဦးမျှ လိုလိုချင်ချင် လိုက်ပါလိုခြင်းမရှိခဲ့ပေ။ ဤသို့မဟုတ်လျှင်လည်း အာဏာပိုင်များက လိုအပ်သည်ထက် ပိုမို၍ တာဝန်မယူလိုသောကြောင့်လည်း ဖြစ်တန်ရာ၏။ မည်သို့ပင်ဖြစ်စေ အရံထားသော သင်္ဘောများကိုကျော်လွန်၍ ရှေ့သို့ရောက်သော သတင်းထောက်ဟူ၍ မရှိခဲ့ချေ။ မျက်မြင်သတင်းများအတွက်ကိုမူ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် လိပ်ပတ်မလည်လှသည့် တိုက်ရိုက် အသံလွှင့်ချက်နှင့် စမ်းသပ်ရေးသင်္ဘောများတွင် ပါသွားသူများက နောင်အခါမှ ပြောပြသည့် ပြောပြချက်များကိုသာ အားကိုးခဲ့ရလေသည်။

ဖီလစ်သည် လူရွယ်ရေတပ်ဗိုလ်ကလေး 'ရှိုက်' ဆိုသူနှင့် အသိအကျွမ်း ဖြစ်ခဲ့၍ ထိုသူ့ကိုယ်ပင် အားထားခဲ့ရ၏။ သူပြန်လာသောအခါ ညစာစားရန် ကျွန်ုပ်တို့က ဖိတ်ခေါ်သွား၍ အရက်များတိုက်ပြီးနောက် သူ့ပြောပြသည်ကို နားထောင်ရ၏။

ဗိုလ်။ ။"ဒါက အတော်လွယ်ပါတယ်ဗျာ... နို့ပေမယ့် ကျုပ်တို့အားလုံးလိုလိုပဲ ဒီဟာကို ကြုံပြီး အတော်လန့်ကြတယ်ဗျ၊ အဲဒီလို လန့်တာ ဝန်ခံဖို့လဲ ဝန်မလေးပါဘူး"

"ကျုပ်တို့တတွေ အတူတူ ခုတ်မောင်းသွားပြီးတော့ နောက် ရေနက်ပိုင်းဒေသတွေနဲ့ မိုင် ၅၀ လောက် ဝေးသေးတဲ့နေရာမှာ ရပ်လိုက်ကြတယ်။ အဲဒီနောက် ကျုပ်တို့လူစုက ဒီကိရိယာတွေကို အသင့်ပြင်ဆင်နေကြရတယ်"

"တုန်လှုပ်ခြင်းကို ရပ်တန့်နိုင်တဲ့ 'တုန်ခါတန့်' ကိရိယာဟာ ပထမတော့ နည်းနည်းပျက်နေတယ်၊ စင်စစ်တော့ တန့်တယ်ဆိုတဲ့စကားလုံးကိုတောင် ကျုပ်မသုံးချင်လှပါဘူး၊ ဘာပြုလို့လဲဆိုတော့ တစ်ဝက်တစ်ပျက်အာရုံခံစားနိုင်တယ်၊ တစ်ဝက်တစ်ပျက် ညည်းသံမျိုးတွ အဆက်မပြတ် ထွက်နေလို့ပဲ၊ နို့ပေမယ့် အချိန်အတော်ကြာတော့လဲ ကျင့်သားရသွားတာပါပဲဗျာ..."

"နောက် ကိရိယာတစ်ခုက အပေါ်ကနေ လှမ်းပစ်ရတဲ့ သံဖြူငါးပဲဗျ... သူတို့က ဒီဟာကို 'ဒေါ်လဖင်'လို့ ခေါ်ကြတယ်... အဲဒါက လှမ်းပစ်လိုက်ရင် ရေ့ကို ချက်ချင်းပြေးသွားတယ်၊ နို့ပြီး သင်္ဘောနဲ့ ပေ ၂၀၀ လောက်အကွာမှာ ရေအောက် ခေါင်းလဲလောက်နစ်သွားပြီး ရေထဲကနေ ရှေ့ကို ဆက်သွားတယ်၊ အထိန်းတော့ပါတာပေါ့ဗျာ၊ ဒါပေမယ့် တစ်စုံတစ်ခုကို တွေ့လို့ရှိရင် စကားရင်မြင်ကွင်းပေါ်မှာ အချက်လာပြပြီး အလိုအလျောက် အဲဒီဟာရှိရာကို ဆက်သွားတော့တာပဲ၊ ဒီကိရိယာက ဘယ်လောက်အထိ လှမ်းတွေ့နိုင်တယ်၊ ဘယ်လိုတွေ့တယ်၊ နို့ပြီး ဘာဖြစ်လို့ဟိုဟိုဒီဒီ မရိုက်မိဘဲ ပစ်လိုက်တဲ့ သင်္ဘောဆီကို ပြန်လှည့်မလာတယ်ဆိုတာတွေကို ကျုပ်အလုပ်မဟုတ်လို့ မသိဘူးဗျ၊ အဲဒီအကြောင်း သိချင်လို့ရှိရင် 'ဗော့ဖင်' (သိပ္ပံရှင်တွေ) ကိုသာ မေးကြည့်ပေတော့၊ ဒါပေမယ့် အကြမ်းဖျဉ်း ပြောမယ်ဆိုရင် ဒီအတိုင်းပါပဲဗျာ..."

"...ဒါနဲ့ အားလုံး စိစဉ်ပြီးလို့ ဗော့ဖင်တွေကလဲ လှုပ်လှုပ်ရှားရှားနဲ့ အလုပ်များနေပြီး သူတို့တွေ့မြင်တဲ့ အရာအားလုံးကို စမ်းသပ်စစ်ဆေးပြီးတဲ့နောက် ကျုပ်တို့ သင်္ဘောဟာလဲ ပျားအုံကြီးလို တဒီဒီနဲ့ ဆက်မောင်းသွားတယ်၊ သင်္ဘောရှေ့မှာ ဒေါ်လဖင်က လမ်းပြသလို သွားနေတော့၊ ကျုပ်တို့အားလုံးဟာ



www.burmeseclassic.com

www.burmeseclassic.com



လဲ တယ်ပြီး စိတ်မချမ်းသာလှဘူးဗျ…၊ ဘာပဲဖြစ်ဖြစ် ကျုပ်တော့ စိတ်ချေချမ်းသာတာ အမှန်ပဲ၊ လူတိုင်းလဲ အသက်ကယ်အင်္ကျီတွေ ဝတ်ထားကြတယ်။ အောက်မှာ တာဝန်ကျတဲ့ လူအားလုံးလဲ ကုန်းပတ်ပေါ်ကို လိုလိုမယ်မယ် တက်နေကြရမယ်လို့ အမိန့်ထုတ်လိုက်တယ်…၊ နောက် သုံးနာရီလောက် အထိတော့ ဘာမှမဖြစ်ဘူး။ နို့ပြီး ပင်လယ်ပြင်ကလဲ တခြား ပင်လယ်ပြင်တွေ အတိုင်းပဲ၊ အဲဒီနောက် ကျုပ်တို့ဟာ ဒီကိစ္စတစ်လုံး ထင်တိုင်းပေါက်ချင်မှ ပေါက်မှာပဲလို့ တွေးနေတုန်းမှာပဲ၊ အကြောင်းရှိရင် အော်ပြီး အချက်ပေးဖို့ ထားတဲ့ လူဆီက အသံတစ်သံ ကြားလိုက်ရတယ်။

"နံပတ် ၁ ဒေါ်လဖင်လိုက်နေပြီ၊ နံပါတ် ၂ ဒေါ်လဖင် အသင့်ပြင်ထား"

"ဒေါ်လဖင် အဖွဲ့ဟာ နံပါတ် ၁ ဒေါ်လဖင်က ပစ်မှတ်ကို သွားထိတဲ့အခါမှာ နံပါတ် ၂ ဒေါ်လဖစ်ကိုပစ်လွှတ်ဖို့ အချိန်မီကလေးပဲ ဖြစ်သွားတယ်။ အဲဒီ နံပါတ် ၁ ဒေါ်လဖင်ကကော ပစ်မှတ်ကို ထိသတဲ့လား။ မှတ်တမ်းအရ ဆိုတော့ ၃၅ ဖါသမ် လောက်မှာ သူလိုက်နေတဲ့ အရာဝတ္ထုနဲ့ သွားတိုးတာပဲ၊ ပေါက်ကွဲသွားတဲ့အခါ သင်္ဘောဦးရဲ့ ဝဲဘက်ကျကျမှာ ပင်လယ်ပြာဟာ ကော အတော်များများမှာ ရေတွေဟာ လေထဲပန်းထွက်သွားတယ်၊ ကျုပ်တို့လဲ ဝမ်းမြောက်ဝမ်းသာ အော်လိုက်ကြတယ်…။

"ဒီနောက် အချက်ပြတဲ့ လူကတစ်ခါ…

"နံပါတ် ၂ ဒေါ်လဖင်ကို ချလိုက်တော့၊ နံပါတ် ၃ ဒေါ်လဖင် အသင့်ပြင်ထားလို့ အော်လိုက်ပြန်တယ်…

"နံပါတ် ၂ ဒေါ်လဖင်ဟာ သူ့ကိုပစ်တဲ့ လောက်လွှဲကနေ အောက်ကို ထိုးချပြီး ရှေ့ကိုထွက်သွားတယ်၊ နို့ပြီး နံပါတ် ၃ ရဲ့ လောက်လွှဲကို အဆင်သင့် ထားလိုက်ကြတယ်…"

"ကျုပ်အနီးမှာ ရပ်နေတဲ့ ဗော့ဖင်တစ်ယောက်ကတော့ သူ့ကို သူ အတော်ကျေနပ်နေပုံရတယ်ဗျ၊ သူက ဘာပြောသလဲဆိုတော့

"အင်း အဲဒါ ဘာပဲဖြစ်ဖြစ် အဲဟိုနေရာမှာ ဖိနှိပ်အား အတော်အတန် ရှိတယ်ဗျ၊ ဒေါ်လဖင်တစ်ခုဟာ သူ့အလိုအလျောက် ပေါက်ကွဲတာဆိုရင် အခုလိုပေါက်ကွဲအားရဲ့ လေးပုံ တစ်ပုံလောက်ပဲရှိတယ်" လို့ ပြောတယ်

"ကျုပ်တို့ဟာ မောင်းနေကျလမ်းအတိုင်းပဲ မှန်မှန်ဆက်မောင်းသွားတော့ လူတွေအားလုံးလဲ သိန်းငှက်တွေလို မျှော်ကြည့်နေကြတယ်၊ ဒါပေမယ့် ဘာမှ မမြင်ရပါဘူး၊ နောက် (၅) မိနစ်လောက်ကြာတော့ အော်ပြီး အချက်ပေးတဲ့လူက 'ဒေါ်လဖင်လိုက်နေပြီး၊ နံပါတ် (၃) ဒေါ်လဖင်ကို အသင့်ပြင်ထား' လို့ ပြောလိုက်တယ်…"

www.burmeseclassic.com



"ဒီတစ်ခါတော့ သိပ်မကြာဘူးဗျို့၊ နောက်တစ်ခါ အုံးကနဲမြည်ပြီး ရေတွေလဲ အများကြီး ပန်းတက်လာတယ်၊ နံပါတ် (၃) ဒေါလဖင်ကိုလဲ ဝစ်ချလိုက်တယ်...

"အဲဒီနောက်တော့ အချိန်အတော်ကြာ ဘာမှုမဖြစ်ပြန်ဘူး၊ နောက်တစ်ခါ ကျုပ်တို့ အကျင့်ရနေလို့ အမှတ်တမဲ့ဖြစ်နေတဲ့ တဒီဒီ တညည်းညည်း အသံဟာ ကျယ်စပြုလာတာနဲ့ ကျုပ်တို့ သတိထားမိတယ်။ ကျုပ်အနားမှာရှိနေတဲ့ ဗော့ဖင်ဟာ တစ်ချက်ညည်းလိုက်ပြီးတော့ ကုန်းပတ်ပေါ်မှာ ယာယီလုပ်ထားတဲ့ ရေပေါ်ကီရိယာခန်းထဲကို ကမန်းကတန်း ပြေးသွားတယ်၊ ကုန်းပတ်ဟာလဲ တုန်နေပြီး တညည်းညည်းအသံကြီးဟာလဲ ကျယ်သည်ထက် ကျယ်လာတယ်။ နို့ပြီး လှတိုင်းဟာ ကိုယ့်အသက်ကယ်အင်္ကျီကို ကိုယ်ပြန်ပြင်ဝတ်သူက ဝတ်နဲ့၊ တစ်ခုခုဖြစ်တော့မလို အသင့်ပြင်ထားကြတယ်။

"ဖြစ်လာတာကတော့ ကျုပ်တို့ရဲ့ အရှေ့တော်တော်ဝေးဝေးမှာရှိတဲ့ ဒေါလဖင်နံပါတ် ၃ ဟာ ပေါက်ကွဲသွားတာပဲ။ နို့ပေမယ့် တခြားနှစ်ခုနဲ့စာရင် ပေါက်ကွဲမှုဟာ မပြင်းထန်လှဘူး၊ အဲဒီတော့ တုန်ခါမှုကြောင့် ပေါက်ကွဲတာပဲလို့ ထင်ကြတယ်။ တကယ်လဲ ဘာမှမဖြစ်ဘဲနဲ့ ပေါက်မှာတော့ မဟုတ်ဘူး မဟုတ်လားဗျ။ ဒီနောက် အချက်ပြအော်ဟာစ်တဲ့လူက နံပါတ် (၄) ဒေါလဖင်ကို လွှတ်ဖို့အော်နေတုံးမှာပဲ စိတ်လှုပ်ရှားနေတဲ့ ဗော့ဖင်တစ်ယောက်ဟာ ကီရိယာခန်းထဲက ခုန်ထွက်လာပြီးတော့ ရေနက်ဗုံးချဲတဲ့ကရိယာကို စပြီးသုံးဖို့ အမိန့်ပေးလိုက်တယ်။ အဲဒီ ကီရိယာက လုံးလုံးကြီး ၂ ခုကို လွှင့်ပစ်ချလိုက်တာ၊ တစ်ခါထဲ မြုပ်သွားတယ်၊ ကျုပ်တို့ဟာ ဒိန်းကနဲ နှစ်ချက်လောက်မြည်မယ့် အသံကို စောင့်ပြီး နားထောင်နေလိုက်ကြတာ၊ မြည်တော့မှာတောင်မဟုတ်တော့ဘူးလို့ နောက်ဆုံး ထင်ရတာပဲဗျာ၊ အကြမ်းသဘောကတော့ ကျုပ်အခုပြောတဲ့ အတိုင်းပါပဲ...

"နောက် ခဏလောက်ကြာတော့ တညည်းညည်းအသံဟာ အရင်က အတိုင်း ပြန်ငြိမ်သွားပြီး ဗော့ဖင်တွေဟာလဲ ကီရိယာအခန်းထဲမှာ ကျယ်ကျယ်လောင်လောင်ဆူဆူညံညံနဲ့ တစ်ယောက်ကျောကို တစ်ယောက်ပုတ်ခတ်တောင် နေကြသေးတယ်...

ကျုပ်တို့ သင်္ဘောဟာ မြောက်ဘက်ကို လမ်းကြောင်းပြောင်း ခုတ်သွား တယ်၊ တစ်နာရီလောက်ကြာတော့ နံပါတ် ၄ ဒေါလဖင်ဟာလဲ အုံးကနဲ ခပ်အုပ်အုပ် အသံကြီးနဲ့ ပေါက်သွားတယ်၊ အဲဒီအချိန်မှာ အားလုံးလိုလို အတော်အရက်မူးနေကြတဲ့ ဗော့ဖင်တွေဟာ ကုန်းပတ်ပေါ်ထွက်လာကြပြီးတော့ ဩဘာပေးကြတယ်ဗျ၊ 'မီးသင်္ဘော ဗိလိ' ဆိုတဲ့ သီချင်းကိုလဲ ဆိုကြတယ်၊ အဲဒါကတော့ ပြီးဆုံးပုံနဲ့တူပါတယ်၊ ကျုပ်တို့ အဲဟိုနေရာက ကျော်လာပြီလို့



www.burmeseclassic.com

www.burmeseclassic.com



တွက်မိတဲ့အခါမှာ နံပါတ် ၅ ဒေါ်လဖင်ဟာ ကျုပ်တို့ရဲ့ရှေ့ကနေ ငြိမ်ငြိမ်ကလေးပြေးနေတုံးပဲဗျ...”

လက်ဖတင်နင် စစ်ဗိုလ်ကလေး ‘ရှိုက်’ မှာ လူကောင်းကလေးတစ်ယောက်ဖြစ်သော်လည်း လုပ်ငန်းနှင့်ပတ်သက်သည့် သတင်းများကို များစွာပေးနိုင်သည့်သူကားမဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့လိုက်နေသောသတင်းများမှာ မျက်မြင်သတင်းမျိုး ဖြစ်ရပေမည်။ ကျွန်ုပ်တို့ သိရှိရသည့်သတင်းများမှာ ယေဘုယျအားဖြင့် ဒေါ်လဖင်တို့ မင်းသို့လုပ်ကိုင်ဆောင်ရွက်သည်ကို သိရ၍ မိုင်းချသော ကိရိယာဖြင့် ပစ်လွှတ်ခဲ့သော အလုံးကြီးများမှာ ‘တုန်လှုပ်ခါရမ်းမှုများ’ မှုလဖြစ်ပေါ်လာရာကို ဖြို့ခွင်းရန်အတွက်ဖြစ်ကြောင်း၊ ယင်းတို့မှာ ဒေါ်လဖင်များထက် ရေပိုနက်သောဒေသများသို့ ရောက်နိုင်စွမ်းရှိကြောင်း စသည်တို့ဖြစ်၏။ ထိုအလုံးကြီးများ ထိုနေရာသို့ မည်သို့မည်ပုံရောက်ရှိသွားသည်ကို အကယ်၍ ကျွန်ုပ်တို့အား သေချာစွာ ရှင်းလင်းပြောပြစေကာမူ ကျွန်ုပ်တို့ ကောင်းစွာနားလည်နိုင်မည်မဟုတ်ပေ။

စမ်းသပ်မှုများ အောင်မြင်လာသဖြင့် ချက်ချင်းလိုပင် အကျိုးသက်ရောက်မှုများ ရရှိလာတော့၏။ လူများသည် ထိုကာကွယ်ရေးကိရိယာကို လိုလိုချင်ချင် ဖြစ်လာကြ၍ သင်္ဘောကုမ္ပဏီအစုရှယ်ယာများသည်လည်း ပြန်၍နလံထူစပြုလာတော့၏။ သို့သော် ကုန်များသယ်ယူပို့ဆောင်ခများမှာမူ ကြီးမြင့်နေဆဲပင်ဖြစ်လေသည်။ ကာကွယ်ကိရိယာများအတွက်လည်းကောင်း၊ ဒေါ်လဖင်များအတွက် လည်းကောင်း၊ စရိတ်စကအကုန်အကျခံရဦးမည်ဖြစ်ရာ၊ ကုန်သင်္ဘောများအားလုံးကို ယင်းကိရိယာတန်ဆာပလာများ တပ်ဆင်ပြီးနောက် ယခင်က သွားရိုးသွားစဉ်လမ်းအတိုင်း ပြန်လည်ခုတ်မောင်းနိုင်ရန် အချိန်အတော်ကြာဦးမည်ဖြစ်သဖြင့် အစစအရာရာ ဈေးများတက်နေခြင်းဖြစ်လေသည်။

ကာကွယ်ကိရိယာထုတ်လုပ်မှုများကလည်း တိုးတက်နေပြီဖြစ်သဖြင့် နောက် ၆ လခန့်ကြာရှိသောအခါ လန်ဒန်နှင့် ဝါရှင်တန်တို့မှ အကောင်းဆုံးမျှော်လင့်နိုင်ပြီဖြစ်ကြောင့်ဖြင့် ပြောဆိုနိုင်ပေပြီ။ ဗြိတိသျှ နန်းရင်းဝန်ကြီးသည် အောက်လွှတ်တော်တွင် အောက်ပါအတိုင်း ထုတ်ပြန်ကြေညာခဲ့၏။

“ရေနက်ပိုင်းဒေသတိုက်ပွဲကို အောင်မြင်ခဲ့ပေပြီ။ လမ်းလွှဲ၍ ခုတ်မောင်းနေခဲ့ရသော ကျွန်ုပ်တို့၏ သင်္ဘောများသည် ယင်းတို့ ယခင်သွားနေကြ ခရီးလမ်းကြောင်းအတိုင်း တစ်ဖန်သွားလာ ခုတ်မောင်းနိုင်ပြီဖြစ်၏။ သို့သော် ကျွန်ုပ်တို့သည် ရှေ့ကတွေ့ကြုံခဲ့ရဖူးသည့်အတိုင်း တိုက်ပွဲတစ်ခုအောင်မြင်ခြင်းဖြင့် စစ်ပွဲကြီးတစ်ခုလုံးကို မအောင်မြင်နိုင်သေးကြောင်း ကျွန်ုပ်တို့သတိပြုရပေမည်။ ကျွန်ုပ်တို့၏ အသက်သွေးခဲတမျှ အရေးပါသော ပင်လယ်

www.burmeseclassic.com

www.burmeseclassic.com



ရေကြောင်းလမ်းများတွင် ကာလအတန်ကြာပင် ပင်လယ်ဓားပြများသဖွယ် ပြုမူနေခဲ့သော ဤအန္တရာယ်များကြောင့် ကျွန်ုပ်တို့မှာ အကြီးအကျယ် နစ်နာ ဆုံးရှုံးခဲ့ရ၍ ဤဓားအန္တရာယ်များသည် ဆက်လက်ရှိနေဆဲပင်ဖြစ်၏။ ယင်းတို့ ရှိနေသမျှ ဓားဒုက္ခတစ်ခုလည်း အလားအလာရှိနေလေသည်။

"ကျွန်ုပ်တို့သည် ယင်းတို့၏ အကြောင်း၊ ယင်းတို့၏သဘာဝတွေ၊ ယင်းတို့၏ စွမ်းအားသတ္တိ၊ အရေးအကြီးဆုံးအနေဖြင့် ယင်းတို့၏ ချွတ်ယွင်း ချက်များကို ပိုမိုသိလာသောအခါ ကျွန်ုပ်တို့၏ သင်္ဘောများနှင့် သင်္ဘောသား များသည် ၎င်းတို့ မိဘဘိုးဘွားများ ယခင်က အစဉ်အလာ ကြုံတွေ့ခဲ့ရသည့် အန္တရာယ်မျိုးများကိုသာ ရင်ဆိုင်လျက် ကမ္ဘာ့ပင်လယ်ပြင်တစ်ခွင်တွင် လွတ်လပ်စွာခုတ်မောင်းသွားလာနိုင်သည်အထိ ထိုအန္တရာယ်များကို လုံးဝပျက်စီး သွားအောင် တိုက်ခိုက်နိုင်ကြပေလိမ့်မည်..."

သို့သော် နောက်တစ်လအကြာတွင် သင်္ဘောအရွယ်အစား တစ်ဒါ ဇင်ခန့်မျှ ရက်သတ္တတစ်ပတ်အတွင်း နစ်မြုပ်သွားခဲ့ရာ၊ ၄ စင်းမှာ ယခင်က နစ်မြုပ်သွားသည့် သင်္ဘောများမှ အသက်မသေ ကျန်ရစ်နေသူများအား ကယ် ဆယ်ရန် ကြိုးပမ်းရာတွင် နစ်မြုပ်သွားခဲ့ခြင်းဖြစ်၏။ ထိုအထဲမှ လွတ်မြောက် လာသော လူအနည်းငယ်ကလည်း မည်သို့မျှ 'မယ်မယ်ရရ' မပြောနိုင်ခဲ့ပေ။ သူတို့ပြောပြချက်များအရဆိုသော် ဒေါ်လဖင်များကို အသုံးပြု၍ ဟန်ကျပုံရခဲ့ သော်လည်း အခြား ကိရိယာကမူ မည်သို့သော အကြောင်းကြောင့်ဟူ၍မသိ၊ ၎င်းတို့ စီးနင်းလိုက်ပါလာသော သင်္ဘောများ အစိပ်စိပ်မွှာမွှာဖြစ်မသွားစေရန် မကာကွယ်နိုင်ကြချေ။

အစိုးရပိုင်းသက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်၍ မပြီးသေးမီ ရေနက်ပိုင်းဒေသကြီးများအားလုံး၏ အနီးအနားတစ်ဝိုက်ကို ရှောင်ကွင်းရန် တစ်ဖန်ထုတ်ပြန်ကြေညာခဲ့ရလေသည်။

ထို့နောက် ဆက်တိုက်လိုပင်၊ ပထမ 'ဆက်ဖီရာ' ၏ သတင်းများကို လည်းကောင်း၊ ထို့နောက် 'ဧပြီ' ကျွန်း၏ သတင်းများကိုလည်းကောင်း ကြားသိရတော့၏။ သို့သော် ထိုစဉ်က ထိုသတင်းများ၏ ထူးခြားချက်ကို ရုတ်တရက် မသိခဲ့ကြပေ။

✧ ✦ ✧

အတ္တလန္တိတ် သမုဒ္ဒရာအတွင်းရှိ ဗရာဇီးပိုင် 'ဆက်ဖီရာ' ကျွန်းသည် အီကွေတာ၏ တောင်ဘက်အနည်းငယ်ကျ၍ 'ဖာနန်ဒိုဒီနိုရွန်ဟာ' ကျွန်းကြီး၏ အရှေ့တောင်ဘက် မိုင် ၄၀၀ ခန့်အကွာတွင်တည်ရှိ၏။ ထိုထီးထီးကြီးရှိနေ သော နေရာတွင် လူတစ်ရာ သို့မဟုတ် လူတစ်ရာကျော်ကျော်ခန့်ဒို့သည် ရှေးခေတ်လူများ အနေအထိုင်မျိုးအတိုင်း နေထိုင်လျက်ရှိကြ၏၊ သူတို့သည်



www.burmeseclassic.com

www.burmeseclassic.com


များသောအားဖြင့် မိမိတို့ လုပ်ကိုင်ရရှိသမျှတို့ကိုသာ စားသောက်ကာ မိမိတို့ သဘောအလျောက် ကျေနပ်နှစ်သိမ့်စွာနေထိုင်လျက် ပြင်ပလောကကြီး အကြောင်းကိုလည်း အနည်းအကျဉ်းမျှသာ စိတ်ပါဝင်စားကြလေသည်။ မူလက အခြေစိုက်နေထိုင်ခဲ့ကြသူများမှာ (၁၈)ရာစုနှစ်အတွင်း တစ်ချိန်က သင်္ဘော တစ်စင်းပျက်ခဲ့၍ ထိုကျွန်းသို့ ရောက်လာကာ အခြေအနေအရ နေထိုင်ခဲ့ကြရ သည့် လူနည်းစုကလေးပင်ဖြစ်သည်ဟု အဆိုရှိလေသည်။ ၎င်းတို့အား ပြန် လည်တွေ့ရှိသွားသောအခါ ၎င်းတို့သည် ကျွန်းပေါ်တွင် အသားကျလျက် ရှိနေကြလေပြီ။ ထို့နောက် ထိုအကြောင်းကို မသိဘဲလျက်သော်လည်းကောင်း၊ သို့မဟုတ် ဂရုမစိုက်ဘဲသော်လည်းကောင်း၊ ၎င်းတို့သည် ပေါ်တူဂီနိုင်ငံသား အဖြစ်မှ ရုပ်စဲကာ ဗရာဇီးနိုင်ငံသားများအဖြစ်သို့ ရောက်ရှိလာခဲ့ကြလေသည်။ သို့နှင့် သူတို့သည် မွေးစားမိခင်ဖြစ်သော တိုင်းပြည်နှင့် ဆက်သွယ်သည်ဆိုရုံမျှ 'စတီ' သဘော ဆက်သွယ်ကြပြီးလျှင် ၆ လလျှင်တစ်ကြိမ်ခန့် သင်္ဘောတစ် စင်းလာရောက်၍ ကုန်ချင်းဖလှယ်မှုများကို ပြုလုပ်ခဲ့ကြလေသည်။

သာမန်အားဖြင့် ကျွန်းသို့ရောက်လာသော သင်္ဘောသည် ဥသြကိုသာ ဆွဲပေးလိုက်ရ၍ ဆက်ဖီရန်း (ဆက်ဖီရာကျွန်းသားများ) များသည် ၎င်းတို့၏ တဲအိမ်များမှထွက်ကာ ငါးဖမ်းလှေအနည်းငယ်ဆိုက်ကပ်ထားသော ရေဆိပ်သို့ အရောက် အပြေးအလွှား လာရောက်ကာ သင်္ဘောကို ဆီးကြိုတက်ကြ၏။ ဤကဲ့သို့ ဆီးကြိုသူများမှာ ထိုကျွန်းရှိ လူအားလုံးလိုလိုပင် ဖြစ်လေသည်။ သို့သော် ဤအကြိမ်၌မူ သင်္ဘောဥသြသံသည် ပင်လယ်အော်ကလေးအတွင်း၌ လှုံးလာခဲ့ကာ ပဲ့တင်ထပ်မျှရှိနေခဲ့၍ ပင်လယ်ငှက်တို့ အုပ်လိုက်ချီ၍ အထိတ် တလန့် ဝဲပျံနေကြသော်လည်း မည်သူသည့် ဆက်ဖီရန်မျှ တဲအိမ်တံခါးဝမှ ထွက် လာသည်ကို မတွေ့ရချေ။ သင်္ဘောသည် တစ်ဖန် ဥသြဆွဲလိုက်ပြန်၏။ သို့သော် လူတစ်ယောက်၏ အရိပ်အယောင်ကိုမျှ မတွေ့ရပေ။ ပင်လယ်ငှက် များမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့မြင်ရပေ။

ဆက်ဖီရာကျွန်း၏ကမ်းခြေမှာ မတ်စောက်၏။ သင်္ဘောသည် ကမ်း ခြေနှင့် သံကြိုးတကမ်းအထိသာ ချဉ်းကပ်လာနိုင်၏။ သို့သော်လည်း မည်သူ့ ကိုမျှ မတွေ့ရသည့်ပြင် ပို၍ နိမိတ်မကောင်းစရာ ဖြစ်နေရသည်မှာ တဲအိမ်မီးခိုး ခေါင်းတိုင်များ၌ မီးခိုးများကို အရိပ်အငွေ့မျှပင် မတွေ့ရခြင်းဖြစ်လေသည်။

လှေတစ်စင်းကိုချ၍ ကပ္ပတိန်၏လက်ထောက် သင်္ဘောမာလိန် ခေါင်းဆောင်သည့် လူတစ်စုလိုက်ပါလျက် ကမ်းခြေသို့ လှော်ခတ်သွားကြ၏။ သူတို့သည် ကြိုးချည်သောဂွမ်း၌ လှေကိုချည်ထားလိုက်ပြီးလျှင် ရေဆိပ်ကလေး ၏ ကျောက်လှေကားထစ်များမှ တက်သွားကြပြီးလျှင် ရေဆိပ်ပေါ်တွင် ခဏမျှ တစ်ဝေးတည်း ရပ်ကာ အခြေအနေကို အကဲခပ်လျက်ရှိကြ၏။ သို့သော်


www.burmeseclassic.com

www.burmeseclassic.com


ဝင်လယ်ငှက်များ၏ အော်သံနှင့် ကမ်းခြေကို ရေတဖျပ်ဖျပ်ရိုက်ခတ်သံများက လွဲ၍ မည်သည့်အသံကိုမျှ မကြားရပေ။

(သင်္ဘောသားတစ်ယောက်) "အားလုံးထွက်ပြေးကုန်ကြပြီထင်ပါရဲ့၊ သူတို့လှေတွေလဲ မရှိတော့ဘူး"

သင်္ဘောမာလိန်က ဟင်းကနဲ သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်ပြီး နောက် သင်္ဘော၏ ဥဩသံထက် သူ၏ အဆုတ်များကို ပိုမိုယုံကြည်အားထားရသကဲ့သို့ ကျယ်လောင်စွာအော်၍ခေါ်လိုက်၏။

သူတို့သည် ပြန်၍ထူးမည့်အသံကို နားထောင်နေကြသော်လည်း ဝဲတင်ထပ်သွားသည့် မာလိန့်အသံကလွဲ၍ မည်သည့်အသံကိုမျှ မကြားရပေ။

(မာလိန်) "ကိုင်း... သွားကြည့်ကြရအောင်ဟေ့..."

သူတို့လူစုမှာ အားလုံးပင် စိတ်မလုံသကဲ့သို့ ဖြစ်နေကြသောကြောင့် တစ်ယောက်နှင့် တစ်ယောက်မခွဲဘဲ နီးကပ်စွာရှိနေကြ၏။ မာလိန်သည် ကျောက်တုံးများဖြင့် ဆောက်လုပ်ထားသည့် အိမ်ကလေးများအနက် အနီးဆုံး အိမ်တစ်လုံးရှိရာသို့ သွားရောက်ရာသင်္ဘောသားများသည် ၎င်းနောက်မှ လိုက်ပါသွားကြလေသည်။ အိမ်တံခါးမှာ အတန်းငယ်ဟနေသဖြင့် သူသည် တံခါးကို တွန်းဖွင့်လိုက်ပြီးလျှင် ပါးစပ်မှလည်း ဖူးကနဲလေကို မှုတ်ထုတ်လိုက်၏။ အိမ်တွင်း၌ကား ပုတ်နေသည့် ငါးအမြောက်အမြားကို တွေ့ရ၍ တစ်အိမ်လုံး အပုတ်နံ့လှိုင်၍နေသောကြောင့် ဖြစ်လေသည်။ ဤကဲ့သို့ တွေ့ရသည်ကလွဲလျှင် ဆက်ဖိရန်းလူမျိုးတို့၏ ထုံးစံအရ အထိုက်အလျောက် သန့်သန့်ရှင်းရှင်းနေတတ်သည့်အတိုင်း အိမ်ကလေးမှာ သပ်သပ်ယပ်ယပ်ရှိနေသည်ကို တွေ့ရ၏။ ရုန်းရင်းဆန်ခတ်ဖြစ်သည့် လက္ခဏာများသော်လည်းကောင်း သို့မဟုတ် ကမန်းကတန်း ထုပ်ပိုးသယ်ဆောင်သွားသည့် လက္ခဏာများလည်းကောင်း မရှိပေ။ အတွင်းခန်းရှိ အိပ်ရာများမှာ အဆင့်သင့်အိပ်ရန် ခင်းထား၍ ပုတ်နေသော ငါးများနှင့် အေးစက်နေသည့် ကိုင်းမြက်ခြောက်ပြာများသာမရှိပါက အိပ်ရာတွင် အိပ်နေသူသည် လွန်ခဲ့သော နာရီပိုင်းအနည်းငယ်ကမှ အိပ်ရာမှ ထသွားသည် ဟုပင် ထင်နိုင်ပေ၏။

ဒုတိယနှင့် တတိယအိမ်များတွင်လည်း အလားတူပင် ကြိုတင်ကြံစည်ခြင်းမရှိဘဲ လူများပျောက်ကွယ်နေသည့် ပုံမျိုးကို တွေ့ရ၏။ စတုတ္ထအကြိမ်၌မူ အတွင်းခန်းရှိ ပုခက်တစ်လုံးအတွင်း၌ ကလေးငယ်တစ်ယောက် သေနေသည်ကို တွေ့ရလေသည်။ သင်္ဘောသားများသည် ဦးနှောက်ရှုပ်ကာ တိတ်ဆိတ်ငြိမ်သက်လျက် သင်္ဘောသို့သာ ပြန်လာကြရလေ၏။

အဖြစ်အပျက်အခြေအနေကို 'ရိုင်အိုဲ' မြို့သို့ ရေဒီယိုဖြင့် အစီရင်ခံလိုက်ရာ ရိုင်အိုမှ အကြောင်းပြန်ရာတွင် ကျွန်းတစ်ခုလုံးကို စေ့စပ်သေချာစွာ


www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေရန် အကြံပေးလိုက်၏။ သဘော်သားများမှာ စိတ်ပါလက်ပါမရှိလှဘဲ ရှာဖွေရေးအုပ်စုများကို တစ်စုနှင့်တစ်စု ဝေးဝေးလံလံမခွဲဘဲ၊ တာဝန်ဝတ္တရားများကို ထမ်းဆောင်ကြ၏။ သို့သော် ထိတ်လန့်ကြောက်ရွံ့စရာဟူ၍ မည်သို့မျှ ပေါ်မလာသဖြင့် တဖြည်းဖြည်းပြန်၍ စိတ်ချလက်ချဖြစ်လာခဲ့လေသည်။

သူတို့သည် ကျွန်းပေါ်တွင် သုံးရက်မျှ ရှာဖွေခဲ့ရာ ဒုတိယနေ့တွင် တောင်စောင်းတစ်ခုရှိ ဂူနှစ်ခုထဲတွင် မိန်းမ ၄ ယောက်နှင့် ကလေး ၆ ယောက်တို့ကို တွေ့ရ၏။ အားလုံးပင် ငတ်မွတ်ခေါင်းပါးခြင်းကြောင့် လွန်ခဲ့သော ရက်သတ္တပတ် အတန်ကြာကပင် သေဆုံးနေခဲ့သည်ဟု ထင်ရလေသည်။ တတိယနေ့ကုန်လွန်သောအခါ သူတို့သည် အကယ်၍ တစ်စုံတစ်ယောက်သာ အသက်မသေ ရှင်ကျန်နေခဲ့လျှင်လည်း ထိုသူသည် တမင်ပုန်းရှောင်နေလိမ့်မည်ဟု ကျေနပ်ခဲ့ကြရ၏။ ထိုအခါတွင်မှ အချင်းချင်း မှတ်စုများကို နှိုင်းယှဉ်ကြည့်ပြီးနောက် တစ်ကျွန်းလုံး၌ အစဉ်အမြဲအားဖြင့်ရှိနေတတ်သည့် ရာပေါင်းများစွာသော တိရစ္ဆာန်များအနက် ကျန်ရှိနေသမျှမှာ သိုးတစ်ဒါဇင်ခန့်နှင့် ဆိတ်နှစ်ဒါဇင်၊ သုံးဒါဇင်ထက် ပိုမည်မဟုတ်ပေ။

သူတို့သည် တွေ့ရသမျှသော အသေကောင်များကို မြှုပ်နှံလိုက်ပြီးလျှင် ရိုင်အိုမြို့သို့ အပြည့်အစုံ ဝိုင်ယာလက်ဖြင့် အစီရင်ခံလိုက်ပြီးနောက် ဆက်ဖီရာကျွန်းမှ ပြန်လည်ထွက်ခွာလာခဲ့ကြလေသည်။

များမကြာမီ သတင်းကိုယ်စားလှယ်များမှတစ်ဆင့် ထိုကျွန်း၏ သတင်းများကို ရရှိလာရာ၊ သတင်းစာများတွင် တစ်လက်မ နှစ်လက်မမျှ ဖော်ပြပါရှိခဲ့၏။ သတင်းစာနှစ်စောင်က 'ဆက်ဖီရာ' ကျွန်းကို 'မာရီဆက်လက်စတီ' (ပင်လယ်ပြင်တွင် လူတစ်ယောက်မျှမပါဘဲ တွေ့ရသော သင်္ဘောတစ်စင်း၏ အမည်) ကျွန်းဟုပင် အမည်ပေးခဲ့၏။ ထိုစဉ်က ထိုကိစ္စကို ဆက်လက်စုံစမ်းလေ့လာခြင်းလည်း မပြုခဲ့ပေ။

✧ ✦ ✧

ပြေကျွန်းကိစ္စမှာ တစ်မျိုးတစ်ဖုံဖြစ်၍ အကယ်၍သာ ထိုနေရာအကြောင်းကို အစိုးရပိုင်းမှ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် သဘောမျိုးဖြစ်သည်ဟု စိတ်ပါဝင်စားခြင်းမရှိခဲ့ပါမူ ထိုကိစ္စကို ကာလအတန်ကြာ မသိဘဲရှိကောင်းရှိနေပေမည်။

ဤစိတ်ပါဝင်စားမှုမှာ ပုန်ကန်ပုန်စားလုပ်လိုသူ ဂျားဗားလူမျိုးတစ်စုကြောင့် ဖြစ်ပေါ်လာရ၏။ ထိုသူတို့ကား ကုန်ခိုးသွင်းသူများ၊ အကြမ်းဖက်သမားများ၊ ကွန်မြူနစ်များ မျိုးချစ်များ၊ တဲယူသန်သမားများ၊ လူဆိုးဂိုဏ်းဝင်များ၊ သို့မဟုတ် သူပုန်များသာဖြစ်သည်ဟု အခေါ်ခံရသူဖြစ်၏။ သူ့ဆက်အသွယ် မည်သို့ပင်ရှိစေ ၎င်းတို့သည် အနှောင့်အယှက် ပေးနေကြသည့်သူသာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



၏။ မကြာမီ အင်ဒိုနီးရှားရဲအဖွဲ့က ၎င်းတို့အား ခြေရာခံမိပြီးနောက် ၎င်းတို့၏ ဌာနချုပ်ကို ဖျက်ဆီးပစ်လိုက်ရာ ဤကဲ့သို့ ဌာနချုပ်ဆုံးရှုံးခဲ့ရသဖြင့် စတုရန်းမိုင်ပေါင်း အမြောက်အမြား ကျယ်ပြန့်သည့် နယ်ပယ်ဒေသအတွင်း အနိုင်အထက် ရယူခဲ့သော စိုးမိုးမှုနှင့် ဂုဏ်သိက္ခာလည်း အတော်ပင် ကျဆုံးခဲ့လေသည်။ လူစုကွဲ၍သွားပြီးနောက်၊ နောက်လိုက်ငယ်သားအားလုံးလိုလိုပင် ရိုးရာအလုပ်အကိုင်များကို ပြန်လည်လုပ်ကိုင်သွားသော်လည်း အသီးသီးဆုငွေ အချိုးမျိုးထုတ်ထားခြင်းခံရသည့် ခေါင်းဆောင်ပိုင်းမှ လူနှစ်ဒါဇင်ခန့်အတွက် ဤသို့ ကိုယ်ရောင်ဖျောက်၍ သွားရန်မလွယ်ကူလှပေ။

ရေမြေ အနေအထားအားဖြင့် ခဲခက်သည့်အပြင် မိမိတို့တွင်လည်း တိုက်ခိုက်ရန်အင်အားစုကလေးများသာ ရှိနေသဖြင့် အင်ဒိုနီးရှားအာဏာပိုင်တို့ကလည်း ၎င်းတို့နောက်သို့ ဆက်၍မလိုက်တော့ဘဲ အနေးနှင့်အမြန်ရောက်လာမည့် သတင်းပေးသူကိုသာ စောင့်မျှော်လျက်ရှိနေခဲ့လေသည်။ လအနည်းငယ်အတွင်း သတင်းပေးသူ အမြောက်အမြားပင် ရောက်လာကြ၏။ သို့သော်မည်သူမျှ ဆုငွေများရ၍ မသွားကြချေ။ အကြောင်းမူ အစိုးရဘက်မှ ရောက်သွားသည့်အခါတိုင်းပင် ဥပဒေမဲ့သမားများသည် ပြောင်းရွှေ့သွားပြီးဖြစ်သည်ကိုသာ တွေ့ရသောကြောင့်ဖြစ်၏။ ဤကဲ့သို့ အကြိမ်ပေါင်းမြောက်မြားစွာ ဖြစ်ခဲ့ပြီးသည့်နောက်တွင်ကား သတင်းပေးမှုများ နည်းပါးသွားလေတော့၏။ အနှောင့်အယှက် ပေးသူများအကြောင်းကိုလည်း နောက်ထပ်မကြားရသောကြောင့် ၎င်းတို့သည် အပြီးတိုင် ပျောက်ကွယ်သွားပြီဟူ၍သာ ထင်ရလေတော့၏။

ထိုသူများ အုပ်စုကွဲသွားပြီးနောက် တစ်နှစ်ခန့်အကြာတွင် ကုန်သင်္ဘောတစ်စင်းသည် ဂျာကာတာသို့ရောက်လာရာ သင်္ဘောပေါ်တွင် အာဏာပိုင်များအား ပြောပြရန် စိတ်ဝင်စားဖွယ်ကောင်းသော သတင်းတစ်ရပ်ကို ယူဆောင်လာသော တိုင်းရင်းသားတစ်ဦးပါလေသည်။ သူသည် 'ဆန်ဒါ' ရေလက်ကြား၏ တောင်ဘက်၌ တည်ရှိ၍ ဗြိတိသျှပိုင် 'ခရစ္စမတ်' ကျွန်းနှင့်လည်း များစွာ မကွာလှမ်းသော ပြေါကျွန်းမှ လာခဲ့သည်ဟုဆို၏။ သူ၏ပြောပြချက်အရ ပြေါကျွန်းတွင် လူများသည် ရှေးယခင် ယခင်က နေရိုးနေစဉ်အတိုင်း မပင်မပန်းလုပ်ကိုင်စားသောက်နေထိုင်ခဲ့ကြရာ လွန်ခဲ့သည့် ၆ လခန့်အတွင်းက လူ (၁၈) ယောက်ပါဝင်သည့် လူတစ်စုသည် မော်တော်ကလေးတစ်စင်းဖြင့် ရောက်လာခဲ့၏။ ထိုသူတို့သည် ချက်ချင်းပင် မိမိတို့ကိုယ်ကို မိမိတို့ကျွန်းကို အုပ်ချုပ်မည့်လူသစ်များဟုပြောကာ တစ်ခုတည်းသော ရေဒီယိုအသံလွှင့်စက်ကို သိမ်းယူ၍ ဥပဒေသစ်များကိုထုတ်ပြန်ခဲ့၏။ သူတို့အတွက် အိမ်များကိုလည်း သိမ်းယူကြ၏။ ၎င်းကို ကန့်ကွက်ပြောဆိုသူအချို့အားလည်း



www.burmeseclassic.com

www.burmeseclassic.com



မှတ်သားလောက်အောင် သေနတ်ဖြင့် ပစ်သတ်ပြီးနောက် ပိုမိုပြင်းထန်သည့်ခံ ကျွေးချစနစ်မျိုးကိုလည်း ကျင့်သုံးလာခဲ့ကြရာ ယခုသတင်းပေးသူ သိရှိသရွေ့ အရ ထိုအတိုင်း ကျင့်သုံးဆဲပင်ဖြစ်၏။ ထိုသူတို့သည် မကြာခဏ ရောက်လာ တတ်သည့် သဘော်များကြောင့် မိမိတို့ တွေ့ကြုံရမည့် အခက်အခဲမျိုးကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ကျွန်းသားအတော်များအား ရိုင်ဖယ်သေနတ် များဖြင့်ချိန်ကာ ဓားစာခံများအဖြစ် ချုပ်နှောင်တတ်သေး၏။ ထိုကျူးကျော် လာရောက်သူများမှာ အလွန်လက်'ယဉ်'သူများဖြစ်၍ ထစ်ခနဲဆိုလျှင် ဒိုင်း ကနဲပစ်တတ်သူများဖြစ်သည်ကို ကောင်းစွာ သိရှိကြပြီးဖြစ်သည့်အတိုင်း တုတ် တုတ်မျှမလှုပ်ဝံ့ကြချေ။ သဘော်များသည်လည်း ကုန်းပေါ်တွင် ဖြစ်ပျက်နေ သည့် မတော်မတရားမှုများကို စိုးစဉ်းမျှမသိဘဲ ပြန်လည်ထွက်ခွာသွားတတ်ကြ လေသည်။

သတင်းပေးသူကိုယ်တိုင်ပင် ဖုက်၍ထားသော လှေငယ်တစ်စင်းဖြင့် ညဥ့်အချိန်တိတ်တဆိတ် ထွက်ပြေးလွတ်မြောက်လာခဲ့လေသည်။ ဤသို့ လူထုသဘောမကျသည့် အုပ်ချုပ်မှုမျိုးကို အထက်အာဏာပိုင်များက ခွင့်ပြုထား သည် မထားသည်ကို စုံစမ်းရန် ကုန်းမကြီးသို့ရောက်အောင် သက်စွန့်ကြိုး ပမ်းလာခိုက်တွင်ယခု သဘော်နှင့်တွေ့၍ လိုက်ပါလာခဲ့ခြင်းဖြစ်လေသည်။

၎င်းအား မေးခွန်းအနည်းငယ်မျှ မေးမြန်း၍ထိုကျူးကျော်သူများ၏ ဖိုမှန်းသဏ္ဌာန်ကိုသိရသောအခါ ဂျာကာတာအာဏာပိုင်များသည် မိမိတို့အား ဖိုနှိစား ပုန်ကန်ပြုသူများကို တစ်ဖန်ခြေရာခံမိလေပြီဟု ကျေနပ်ခဲ့ကြ၏။ သို့နှင့်' အင်ဒိုနီးရှားသမ္မတနိုင်ငံအလံကို လွှင့်ထူထားသည့် အမြောက်တင် သဘော်ကလေးတစ်စင်းကို ထိုပုန်စားသူများကိစ္စအတွက်ဆောင်ရွက်ရန် တာဝန် ပေးစေလွှတ်လိုက်လေသည်။ ထိုကျွန်းရှိ အပြစ်မဲ့လူအမြောက်အမြားမှာ ဓား စာခံအဖြစ်ရှိနေကြသောကြောင့် ၎င်းတို့သေကြေပျက်စီးကြမည့် ဘေးရန်မှ ကာကွယ်နိုင်ရန် ထိုသဘော်ကလေးသည် ဧပြီကျွန်းသို့ ညဥ့်အချိန်တွင်ချဉ်းကပ် လာခဲ့၏။ ကြယ်ရောင်များအောက် ထိုအမြောက်တင်သဘော်သည် ရွာကြီးမှ ထုန်းစွန်းကလေးတစ်ခု ခြားနေသည့် လူသွားလူလာနည်းပါးလှသော ပင်လယ် အော်ကလေးအတွင်းသို့ တိတ်တဆိတ်ကျဉ်းနင်းဝင်ရောက်လာခဲ့၏။ ထိုနေရာ သို့ရောက်လျှင် လက်နက်အပြည့်အစုံ ဆွဲကိုင်ထားသည့် လူတစ်စုကို လမ်းပြ အဖြစ် ဆောင်ရွက်မည့် သတင်းပေးသူနှင့်အတူ ရွာကိုအလစ်ဝင်၍စီးနင်း တာဝန်ပေးလျက် ကမ်းပေါ်သို့ စေလွှတ်လိုက်၏။ ထိုနောက် သဘော်သည် ပင်လယ်အော်အတွင်းမှထွက်၍ ကမ်းခြေတစ်လျှောက် အတန်ငယ်နုတ်မောင်း သွားကာ 'ကမ်းတက်အဖွဲ့' အခြေအနေကို ကူညီထိန်းသိမ်းပေးရန် ၎င်းတို့ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ယူမည့် အချိန်ကို စောင့်ရင်း ကုန်းစွန်းထိပ်၏နောက်တွင် ပုန်းကွယ်နေခဲ့လေသည်။

ကုန်းပေါ်သို့ စေလွှတ်လိုက်သော 'ကမ်းတက်အဖွဲ့' အားကျွန်းဆက်ကို ဖြတ်ကျော်ရန် အချိန် ၄၅ မိနစ် ခန့်မှန်းပေးထား၍ ထိုရှေ့ဘက်ရွာကို ဝိုင်းရန်အတွက် ၁၀ မိနစ်သို့မဟုတ် ၁၅ မိနစ်ခန့် အချိန်ပေးထား၏။ ထို့ကြောင့် မိနစ် ၄၀ မျှကြာပြီးသောအချိန်တွင် အမြောက်တင်သင်္ဘောမှ လူများသည် မောင်းပြန်သေနတ်ပစ်ခတ်သံများကို ပထမဆုံးတစ်ချိန်ကြားရပြီးနောက် အချိန်များစွာ ဆက်ကာဆက်ကာ ကြားရပြန်သောအခါ စိုးရိမ်မကင်းဖြစ်ကြရတော့၏။

ရွာကို အလစ်တွင်ဝင်စီးရန် မဖြစ်တော့ကြောင်းသိရ၍ သင်္ဘောဦးစီးသည် သင်္ဘောကိုအမြန်ဆုံးခုတ်မောင်းရန် အမိန့်ပေးလေ၏။ သို့သော် ဤကဲ့သို့ အပြင်းခုတ်မောင်းလျက်ရှိစဉ် ပစ်ခတ်သံများသည် အုံးကနဲ ခပ်အုပ်အုပ်မြည်ဟီးသွားသော အသံကြီးတစ်ခုအောက်တွင် နစ်မြုပ်ကွယ်ပျောက်သွားလေသည်။ သင်္ဘောသားများသည် မျက်ခုံးများချီလျက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ ကမ်းတက်အဖွဲ့တွင် မောင်းပြန်ရိုင်ဖယ်များနှင့် လက်ပစ်ဗုံးများကလွဲ၍ အခြားလက်နက်ကြီးများပါ၍ မသွားခဲ့ပေ။ ခေတ္တရပ်နားပြီးနောက် မောင်းပြန်ရိုင်ဖယ်များက စတင်ပစ်ခတ်ပြန်ရာ ဤအကြိမ်တွင် အချိန်ကြာကြာ အဆက်မပြတ် ပတ်ခတ်ပြီးနောက် နောက်ဆုံးတွင် အုံးကနဲ မြည်သံမျိုးဖြင့် အဆုံးသတ်ခဲ့ပြန်လေသည်။

အမြောက်တင် သင်္ဘောသည် ကုန်းစွန်းကိုပတ်လိုက်၏။ ခပ်မှိန်မှိန် အလင်းရောင်အောက်တွင် နှစ်မိုင်ကွာဝေးသောရွာ၌ ဖြစ်ပျက်နေသမျှကို အထင်အရှားမမြင်နိုင်ပေ။ ထိုနေရာ၌ကား အခိုက်အတန့်တွင် အားလုံးမှောင်၍နေ၏။ ထို့နောက် လက်ကနဲ လက်ကနဲဖြစ်သွားကာ ပစ်ခတ်သံများကို ကြားရပြန်လေသည်။ အမြောက်တင်သင်္ဘောသည် ဆက်လက်အမြန်ခုတ်မောင်းရာမှ မီးမောင်းကိုဖွင့်လိုက်၏။ ရွာနှင့်တကွ ရွာ၏နောက်ဘက်ရှိ သစ်ပင်များသည် ပုံတူအသေးစားအနေမျိုးဖြင့် ရုတ်တရက် ပေါ်လာလေသည်။ အိမ်များထဲတွင် လူတစ်ဦးတစ်ယောက်ကိုမျှ မမြင်ရပေ။ တစ်ခုတည်းသော လှုပ်ရှားမှုလက္ခဏာမှာ ရေစပ်မှ ကိုက်အနည်းငယ်အကွာ ရေပြင်၌ အမြှုပ်များထကာ မငြိမ်မသက်ဖြစ်နေခြင်းပင်ဖြစ်၏။ နောင်အခါ အချို့က ထိုနေရာ၏ လက်ယာဘက်တွင် ရေပေါ်၌ ပေါ်နေသော မည်းမည်းခုံးခုံးသဏ္ဍာန်တစ်ခုကို တွေ့မြင်လိုက်ရသည်ဟု ဆိုလေသည်။

အမြောက်တင်သင်္ဘောသည် ပုံ့ပိုင်းဖြင့် ကမ်းဘက်သို့ ဦးနိုင်သမျှနီးအောင် ခုတ်မောင်းသွားပြီးနောက် အလျင်စလို ရပ်လိုက်၏။ အိမ်များနှင့်



www.burmeseclassic.com

www.burmeseclassic.com



တကွ အနီးအနားပတ်ဝန်းကျင်ကို မီးမောင်းဖြင့် အပြန်ပြန်အလှန်လှန် ထိုးကြည့်လေသည်။ မီးရောင်အောက်တွင် ပေါ်လာသမျှသော အရာဝတ္ထုတိုင်းမှာ အထင်းသားဖြစ်နေ၍ ထူးထူးခြားခြား တောက်ပြောင်သည့် အရောင်တစ်မျိုးဖြင့် ပြောင်လက်တောက်ပနေသည်ကို တွေ့မြင်ကြရ၏။ အမြောက်သမားသည်လည်း ခလုတ်များပေါ်တွင် လက်ကိုအသင့်တင်ထားလျက် မီးရောင်သွားသည့်အတိုင်း အမြောက်ပြွန်ကို လိုက်၍ ချိန်နေလေသည်။ မီးရောင်သည် နောက်ထပ် အကြိမ်အနည်းငယ်မျှ ခပ်ဖြည်းဖြည်း လှည့်ပတ်ထိုးလိုက်ပြီးလျှင် ရပ်ထားလိုက်၏။ ထိုအခါ ရေစပ်သောင်ပြင်ပေါ်တွင် အငယ်စားစက်သေနတ် အငယ်စား အမြောက်အမြားကို မီးရောင်ဖြင့် တည့်တည့်ကြီး ထိုးမိလေသည်။

သို့ရှိစဉ် အော်ဟစ်၍ အချက်ပေးသူသည် ကျယ်လောင်သောအသံဖြင့် ကမ်းတက်အဖွဲ့အား ပုန်းကွယ်သောနေရာမှ ထွက်လာရန် အော်၍ပြောလိုက်၏။ သို့သော် မည်သို့မျှ လှုပ်လှုပ်ရှားရှား မတွေ့ရချေ။ မီးမောင်းကြီးသည် တဲအိမ်များအကြားသို့ လည်းကောင်း၊ သစ်ပင်များအကြားသို့ လည်းကောင်းလှည့်ပတ်ထိုးပေးလိုက်ပြန်၏။ ထိုနေရာများတွင်လည်း မည်သည့်အရာမျှလှုပ်ရှားသည်ကို မတွေ့ရချေ။ သောင်ပြင်တလျောက်ထိုး၍ကြည့်လိုက်ပြီးလျှင် မီးမောင်းသည် စွန့်ပစ်ထားသော လက်နက်များပေါ်တွင် ချိန်၍ထိုးထားလိုက်၏။ ထိုအချိန်ယခင်ကထက်ပင်ပို၍ တိတ်ဆိတ်နေပုံရလေသည်။

သင်္ဘောကို အုပ်ချုပ်သူ သင်္ဘောဦးစီးမှူးသည် မိုးလင်းသည့်အထိ မည်သူတစ်စုံတစ်ယောက်အားမျှ ကမ်းပေါ်သို့ တက်ခွင့်မပြုချေ။ အမြောက်တင်သင်္ဘောသည် ထိုနေရာ ကျောက်ချပြီးလျှင် ထိုညဉ့်ကုန်လွန်သည်အထိ ရပ်နေခဲ့၏။ မီးမောင်းထိုးထားသဖြင့် ရွာကလေး ရှုမြင်ခင်းမှာ တစ်ချိန်ချိန်တွင် ပြိုမည့်သူများ ပေါ်ကောင်း ပေါ်လာမည့် ဓာတ်ခုံနှင့်ပင် တူ၍နေတော့၏။

သို့သော် မည်သူမျှ ပေါ်၍မလာချေ။

နံနက်လင်းလာသည်နှင့်တစ်ပြိုင်နက် ပထမအရာရှိသည် သင်္ဘောမှ အမြောက်များ၏ အကာအကွယ်ကိုယူပြီးလျှင် လှေကလေးဖြင့် လက်နက်ကိုင် ၅ ဦးပါဝင်သော လူစုကို ခေါင်းဆောင်ကာ ကမ်းဆီသို့ သတိကြီးစွာဖြင့် လှော်ခတ်သွားလေ၏။ သူတို့သည် စွန့်ပစ်ထားသော လက်နက်များအနီးမှ ကမ်းပေါ်သို့ တက်ခဲ့ရာ၊ စုံစမ်းစစ်ဆေးရန် ယင်းလက်နက်များကို ကောက်ယူကြည့်ရှုသောအခါ လက်နက်အားလုံးမှာ ရွှံ့စေးပြစ်ချွဲချွဲဖြင့် ခပ်ပါးပါး လိမ်းကျံလျက်ရှိနေသည်ကို တွေ့ရှိရ၏။ လက်နက်များကို လှေထဲသို့ ယူခဲ့ပြီးနောက် လက်များကိုပင် အတော်ဆေးကြော၍ ယူရလေသည်။

သဲသောင်ပြင်ပေါ်ခြကား ရေစပ်မှ တဲအိမ်များရှိရာဘက်သို့ ဦးတည်နေသည့် ကျယ်ပြန့်သော ထွန်ကြောင်းရာကြီးများကဲ့သို့ အစင်းအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးများကို (၄) နေရာတွင် တွေ့ရှိရ၏။ ၎င်းတို့မှာ (၈) ပေကျော်ကျော်ခန့် ကျယ်ပြန့်၍ အကောက်အကွေ့များလည်း ဖြစ်နေပြီးလျှင်၊ ထွန်ကြောင်းရာ၏ အလည်အကျဆုံးနေရာ၌ အနက်မှာ ၅ လက်မ ၆ လက်မခန့်ရှိလေသည်။ အနားဘက်များ၌ကား သဲများမှာ အတန်ငယ်ခပ်မို့မို့ဖြစ်၍နေလေသည်။ ပထမ အရာရှိ၏ ထင်မြင်ချက်မှာ 'ဘွိုင်လာ' (ရေနွေးအိုး) ကြီး တစ်ခုကို ကမ်းခြေ တစ်လျှောက် ဆွဲ၍လာခဲ့လျှင် ဤကဲ့သို့သော လမ်းကြောင်းမျိုးထင်၍ ကျန်ရစ် နိုင်ကြောင်း ထင်မြင်ချက်ပေး၏။ ထိုအစင်းအကြောင်းကြီးများကို နီးကပ်စွာ လေ့လာကြည့်ရှုပြီးနောက် သဲများ၏ အနေအထားကိုထောက်၍ လမ်းကြောင်း တစ်ခုသည် ရေစပ်သို့ ဦးတည်၍သွားနေသော်လည်း ကျန် ၃ ခုမှာမူ ရေထဲမှ ထွက်၍လာကြောင်း ယုံမှားဖွယ်မရှိဟု ဆုံးဖြတ်လေသည်။ ဤသို့ တွေ့မြင်သိရှိ ရပြီးနောက် သူသည် ပိုမိုသတိထားကာ ရွာကိုကြည့်လိုက်ရာ၊ မီးမောင်း၌ ထူးထူးခြားခြား ပြောင်လက်တောက်ပနေသည့် မြင်ကွင်းမှာ ယခုလည်း ထူးခြား စွာပင် တောက်ပနေသည့်အဖြစ်ကို သတိပြုမိလေသည်။ သူသည် မိနစ်အနည်း ငယ် စူးစူးစိုက်စိုက် ဆက်လက်ကြည့်နေသေး၏။ သို့သော် အကြောင်းမထူး သဖြင့် ပခုံးများကိုပင် တွန့်လိုက်လေသည်။ ထို့နောက် သူ၏ အငယ်စား ပြောင်းတိုစက်သေနတ်ဒင်ကို ညာဘက်လက်မောင်းအောက်တွင် သက်တောင့် သက်သာ ညှပ်ကာ မည်သည့်လှုပ်ရှားမှုကိုမဆို တစ်ချက်မျှ အလစ်မပေးဘဲ မျက်လုံးများကို ဘယ်ညာလှည့်ပတ်ကြည့်ရှုရင်း သူ၏ အဖွဲ့ကို သောင်ပြင်ပေါ် သို့ ခေါင်းဆောင်၍ ခေါ်သွားလေသည်။

ရွာရှိတဲအိမ်များမှာ အရွယ်အစား အမျိုးမျိုးဖြစ်၍ လခြမ်းသဏ္ဌာန်ရှိ ကွက်လပ်တစ်ခုကို ဝိုင်းရံကာ စီတန်းဆောက်လုပ်ထား၏။ အဖွဲ့သည် ရွာနှင့် ပို၍နီးလာသောအခါ ဤကဲ့သို့ ထူးတူးခြားခြားတောက်ပနေခြင်း၏ အကြောင်း ရင်းမှာ ပို၍ထင်ရှားလာတော့၏။ ယင်းသည်ကား အခြားမဟုတ် မြေပြင်၌ လည်းကောင်း၊ အိမ်များနှင့်ပတ်ဝန်းကျင်ရှိ သစ်ပင်များ၌လည်းကောင်း၊ စွန့် ပစ်ထားသော စက်သေနတ်များပေါ်တွင် တွေ့ရသမျှကဲ့သို့ ရွှံ့စေးနှင့်တူသော ပြစ်ချွဲချွဲအရာများဖြင့် ခပ်ပါးပါး လိမ်းကျံလျက်ရှိနေသည်ကို တွေ့ရခြင်းဖြစ် လေသည်။

၎င်းတို့လူစုသည် ခပ်ဖြည်းဖြည်း ခပ်မှန်မှန် လျှောက်၍သွားရာ နောက်ဆုံးတွင် ကွက်လပ်၏ အလယ်ဗဟိုသို့ ရောက်လာကြ၏။ ထိုနေရာတွင် သူတို့သည်အပြင်သို့မျက်နှာမူကာ တစ်စုတစ်ဝေးတည်းရပ်နေကြလျက် ဖုံးကွယ် နိုင်သည့် အနေရာမှန်သမျှကို စေ့စပ်သေချာစွာ စစ်ဆေးကြည့်ရှုလျက်ရှိလေ သည်။ သို့သော် မည်သည့်အသံကိုမျှ မကြားရဘဲ နံနက်ခင်းတွင် လေပြည် လေညင်းတိုက်ခပ်သဖြင့် အသာအယာလှုပ်ရှားလျက်ရှိနေသောသစ်ရွက်များ



www.burmeseclassic.com

www.burmeseclassic.com



မှလွဲ၍ မည်သည့် လှုပ်ရှားမှုကိုမျှမတွေ့ရပေ။ သို့နှင့် လူများမှာ ယခင်ကထက် အသက်ကိုမှန်မှန်ရှူ၍ လာနိုင်ကြလေသည်။

ပထမ အရာရှိသည် တဲများကို ငေးမောကြည့်ရှုလျက်ရှိရာမှ မျက်နှာလွှဲလိုက်ပြီးလျှင် သူတို့ အနီးပတ်လည်ရှိ မြေကြီးကို အသေအချာကြည့်ရှုမိ၏။ မြေပြင်တစ်ခုလုံးမှာ သတ္တုအစအနကလေးများဖြင့် ပြန့်ကြဲလျက်ရှိရာ သတ္တုအစအနကလေးများမှာ ကောက်ကွေးလျက်ရှိနေ၍ အားလုံးပင်ပြစ်ချွဲချွဲ အရေများဖြင့် ပြောင်လက်လျက်ရှိနေသည်ကို တွေ့ရလေသည်။ အရာရှိသည် သတ္တုစကလေးတစ်ခုကို ၎င်း၏ ဘွတ်ဖိနပ်ဦးဖြင့်ထိုးကာ လှန်၍ကြည့်လိုက်၏။ သို့သော် မည်သည့်အရာဖြစ်သည်ကို မသိရပေ။ ထို့နောက် သူသည် ၎င်းတို့အား ကြည့်ရှုလျက်ရှိရာမှ အကြီးဆုံးသော တဲအိမ်တစ်ခုသို့ သွားရောက်ရန် စိတ်ကိုပိုင်းဖြတ်လိုက်လေသည်။

အရာရှိ။ ။ "တို့တတွေ အဲဒီတဲကို ရှာကြည့်ရမယ်ဟေ့"

တဲ၏မျက်နှာတစ်ခုလုံးသည် စေးကပ်ကပ်ဖြင့် ပြောင်လက်၍နေ၏။ သူသည် ကန့်လန့်ထိုး၍မထားသော တံခါးကို ခြေထောက်ဖြင့် ကန်၍ဖွင့်လိုက်ပြီးလျှင် အတွင်းသို့ရှေ့ဆောင်ကာ ဝင်သွားလေသည်။ အတွင်းသို့ရောက်သောအခါ ခွေးခြေနှစ်လုံး လဲကျနေသဖြင့် လူများသည် အပြင်ဘက်သို့ ကမန်းကတန်း ထွက်ပြေးကြသည်ဟု ယူဆရန်ရှိသည်မှတစ်ပါး ရုန်းရင်းဆန်ခတ်ဖြစ်သည့်လက္ခဏာမရှိသလောက်ပင်ဖြစ်၏။ လူသူဟူ၍လည်း အသေအရှင်မတွေ့ရပေ။

သို့နှင့် သူတို့လူစုသည် အိမ်ထဲမှပြန်၍ ထွက်လာကြ၏။ ဦးစီးအရာရှိသည် နောက်တဲအိမ်တစ်လုံးကို လှမ်း၍ကြည့်လိုက်ပြီးလျှင် ခေတ္တရပ်နားကာ တစ်ဖန် ပိုမိုစေ့စပ်စွာ ကြည့်လိုက်ပြန်လေသည်။ ထို့နောက် သူသည် ပထမဝင်ခဲ့သော တဲအိမ်၏ဘေးဘက်ကို ကြည့်ရှုရန်လှည့်၍ လျှောက်သွားရာ ထိုနေရာရှိ တဲအိမ်၏ နံရံမှာ ခြောက်သွေ့လျက်ရှိနေပြီးလျှင် ချွဲပြစ်သော အရည်များလည်း ကပ်၍မနေသည်ကို တွေ့ရပြန်လေသည်။ သူသည် ပတ်ဝန်းကျင်ကို တစ်ဖန်ကြည့်လိုက်ပြန်၏။

ရှိ။ ။ "ဒါဟာ ကွက်လပ်အလယ်ခေါင်ကနေပြီး အားလုံးအရာတွေကို တစ်စုံတစ်ခုက ဖျန်းလိုက်တာနဲ့ တူတယ်..."

အသေးစိပ်ထပ်မံကြည့်ရှုသောအခါ ၎င်း၏ထင်မြင်ချက်ကို ထောက်ခံလျက်ရှိကြောင်းတွေ့ရှိရ၏။ သို့သော် နောက်ထပ် မည်သို့မျှ ပို၍မသိခဲ့ရပေ။

အရာရှိသည် စဉ်းစားလျက်ရှိရာမှ "နို့ပေမယ့်ဖျန်းတာက ဘယ်လိုဖျန်းတယ်၊ နို့ပြီး ဘာကဖျန်းတယ်၊ ဘာကြောင့် အဲဒီလိုဖျန်းကြတယ်...



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လူများထဲမှ လူတစ်ယောက်က စိတ်မကောင်းသည့် အမူအရာဖြင့် ရေပြင်ဘက်သို့ လှည့်၍ကြည့်ပြီးလျှင် "တစ်ခုခုဟာ ပင်လယ်ထဲက တက်လာမှာပဲ..."

ရှိ။ ။ "တစ်ခုမဟုတ်ဘူးကွဲ... သုံးခု သုံးခု..."

သူတို့သည် ကွက်လပ်အလယ်သို့ ပြန်၍သွားကြရာ လူသူလေးပါး ဟု၍လည်း မရှိသဖြင့် လောလောဆယ်အားဖြင့် မည်သို့မျှ အကြောင်းထူးမည် မဟုတ်ပေ။

"ကိုင်း ပောဒီ သတ္တုစကလေးတွေ နည်းနည်း ကောက်ခဲ့ကြပေ့ တစ်ယောက်ယောက်အတွက်တော့ အခိပ္ပာယ် ရှိကောင်းရှိပါလိမ့်မယ်" ဟု ပထမ အရာရှိက ညွှန်ကြားလိုက်၏။ သူကိုယ်တိုင်လည်း တဲတစ်လုံးဆီသို့ လျှောက်သွားပြီးလျှင် ပုလင်းတစ်လုံးကိုရှာဖွေကာ၊ ထိုပြစ်ချွဲသော အစေးရည် အနည်းငယ်ကို ပုလင်းထဲသို့ခြစ်၍ထည့်လိုက်ပြီးနောက် ဘူးဆို့ဖြင့် ပိတ်လိုက်၏။ ဒါတွေဟာအခု နေပူလာတော့ နံစော်စော်ဖြစ်လာပြီ၊ ကဲလေ ကျုပ်တို့အားလုံး ပြန်ကြတာပေါ့၊ ဒီမှာနေလို့လဲ အကြောင်းမထူးပါဘူး"

သင်္ဘောပေါ်သို့ ပြန်ရောက်သောအခါ သောင်ပြင်ပေါ်မှ ထွန်ကြောင်းရာများကို ဓာတ်ပုံရိုက်၍ ယူထားရန် ဓာတ်ပုံဆရာတစ်ယောက်ကို စေလွှတ်သင့်ကြောင်းဖြင့် အကြံပေးလိုက်ပြီးနောက် သင်္ဘောဦးစီးမှူးအား သူယူဆောင်လာခဲ့သည့် ပစ္စည်းများကို ပြလေသည်။ ထိုပစ္စည်းများမှာ အချွဲရည်များမရှိအောင် စင်ကြယ်စွာ ဆေးကြောထားပြီးဖြစ်လေသည်။

သူသည် အရောင်ခပ်မွဲမွဲဖြစ်သည့် သတ္တုစထုထူတစ်ခုကို လက်ဖြင့်ကိုင်၍ပြလိုက်ရင်း... "အတော်ဆန်းတဲ့ ပစ္စည်းကလေးတွေပဲဗျ၊ ဒါတွေဟာ တစ်ခါထဲပြန့်ကြဲနေတယ်"ဟု ပြောကာ သူ၏ လက်ခေါက်နှင့်ခေါက်ကြည့်လိုက်၏။ "ခဲအသံနဲ့ တူတယ်၊ ဒါပေမယ့် ပေါ့တာတော့ ငှက်မွေးလိုဘဲ၊ ကြည့်ရတာကတော့ သွန်းထားတာနဲ့တူတယ်၊ ဒါမျိုးများ တွေ့ဘူးပါသလား ခင်ဗျာ"

သင်္ဘောဦးစီးသည် ဦးခေါင်းကို ခါရမ်းလိုက်၏။ သူ၏ အမြင်မှာ ယခုခေတ်၌ ကမ္ဘာပေါ်တွင် အလွန်ထူးဆန်းသည့် သတ္တုစပ်အမျိုးမျိုးရှိနေကြောင်းကိုသာ တွေးဆမိလေသည်။

မကြာမီ ဓာတ်ပုံဆရာသည် ကမ်းစပ်မှ ပြန်၍ ရောက်ရှိလာလေ၏။

မှူး။ ။ "ကဲ... ဒီတော့ ကျုပ်တို့ ဒီလိုလုပ်ကြမယ် ပထမညြိုသံနှစ်ချက်သုံးချက်ပေးမယ်... ပေးပြီးလို့ နာရီဝက်အတွင်းမှာ ဘယ်သူမှပေါ်မလာရင် တခြားတစ်နေရာရာကနေပြီး ကမ်းပေါ်တက်မယ်၊ ပြီးတော့ ဒီအဖြစ်အပျက်



www.burmeseclassic.com

www.burmeseclassic.com


ကို ပြောနိုင်မယ့် တိုင်းရင်းသား ကျွန်းသားတစ်ယောက်တလေ တွေ့လို့တွေ့ငြား ရှာကြည့်ရုံရှိတာပဲ။

နောက် နှစ်နာရီခန့်အကြာတွင် အမြောက်တင် သင်္ဘောသည် ဧပြီကျွန်း၏ အရှေ့မြောက်ဘက်ကမ်းခြေရှိ ပင်လယ်အော်တစ်ခုအတွင်းသို့ ဝင်သွားလေ၏။ ရေစပ်အနီးရှိ ကွက်လပ်တစ်ခုတွင် ယခင်ရွာနှင့် အလားတူ ရွာကလေးတစ်ရွာကို တွေ့ရ၏။ သို့သော် ထိုရွာကလေးမှာ ယခင်တွေ့ခဲ့ရသော ရွာကြီးလောက် မကြီးချေ။ အလားတူ တွေ့ရပုံမှာသက်ရှိဟူ၍ လုံးဝကင်းမဲ့လျက်၊ သဲသောင်ပြင်တွင် ရေစပ်အထိ ရှိနေသည့် ခပ်ကျယ်ကျယ်တွန်ကြောင်းရာလေးခုတို့ကို စိတ်မသက်သာဖွယ် တွေ့ရှိရခြင်းဖြစ်လေသည်။

သို့သော် ၎င်းတို့အား ပိုမိုနီးကပ်စွာ ကြည့်ရှုလေ့လာသောအခါ ခြားနားချက်အချို့ကိုလည်းတွေ့ရ၏။ ယင်းသည်ကား တွန်ကြောင်းရာ လေးခုအနက် နှစ်ခုမှာ တစ်စုံတစ်ခုသော အရာဝတ္ထုသည် အောက်သို့ဆင်းသက်လာဟန်ရှိ၍ အခြားနှစ်ခုမှာ အပေါ်သို့တက်သွားဟန် လက္ခဏာရှိလေသည်။ လူသူကင်းမဲ့သော ရွာအတွင်း၌သော် လည်းကောင်း၊ အနီးတစ်ဝိုက်၌သော် လည်းကောင်း၊ ပြစ်ချွတ်သောအစေးအရည်များ အစအနမျှပင် မရှိချေ။

သင်္ဘောဦးစီးမှူးသည် မျက်မှောင်ကြုတ်ကာ သူ၏မြေပုံ (ပင်လယ်ရေမြေပုံ) များကိုကြည့်ကာ နောက်ထပ်ပင်လယ်အော်တစ်ခုကို ညွှန်ပြလျက်...

"ကဲ ကောင်းပြီ ကျုပ်တို့ ဒီနေရာကို စမ်းကြည့်ဦးမယ်"

ဤအကြိမ်၌မူ သောင်ပြင်ပေါ်တွင် တွန်ကြောင်းရာများကို မတွေ့ရချေ။ သို့သော် ရွာမှာယခင်ကကဲ့သို့ပင် အလားတူ လူသူကင်းမဲ့လျက်ရှိနေ၏။ သို့နှင့်အမြောက်တင်သင်္ဘောသည်ကြေကွဲဝမ်းနည်းသည့်ဥဩသံမျိုးပေးလိုက်ပြီးလျှင်မြင်းကွင်းကိုမှန်ပြောင်းများဖြင့် ကြည့်ရှုလျက်ရှိလေသည်။ ပထမအရာရှိသည် အနီးအနားတစ်ဝိုက်ကို အတော်ကျယ်ကျယ်ပြန့်ပြန့် ကြည့်ရှုလိုက်ပြီးနောက် "ယောဟိုတောင်ကုန်းပေါ်မှာ တိုင်းရင်းသားတစ်ယောက် ခင်ဗျ၊ ရှပ်အကျီလား မသိဘူး၊ တစ်ခုခုနဲ့ ဇွေ့ရမ်းပြနေတယ်..."

ဦးစီးမှူးသည် မှန်ပြောင်းဖြင့် ထိုနေရာသို့ ကြည့်လိုက်လေသည်။

"သူ့ဝဲဘက်မှာလဲ နှစ်ယောက်သုံးယောက် ရှိသေးတယ်"

သင်္ဘောသည် ဥဩနှစ်ချက်ဆွဲလိုက်ပြီးလျှင် ကမ်းဘက်သို့ တိုး၍ ချဉ်းကပ်သွားကာ လှေတစ်စင်းကိုလည်း ချပေးလိုက်လေသည်။

ဦးစီးမှူး။ ။ "သူတို့လာတဲ့အထိ ခပ်လှမ်းလှမ်းက စောင့်နေကြ သူတို့နဲ့ အဆက်အသွယ်မလုပ်ခင် ကူးစက်တတ်တဲ့ ရောဂါတစ်မျိုးမျိုးဖြစ်ခဲ့သလားဆိုတာလဲ စုံစမ်းကြည့်ဦး"


www.burmeseclassic.com

www.burmeseclassic.com


သူသည် သဘော်ပဲ့ကိုင်နေရာမှ လှမ်းကြည့်နေ၏။ များမကြာမီ *လှ(၈) ယောက် (၉) ယောက်ခန့်ပါဝင်သော ကျွန်းသားတစ်စုသည် ရွာ၏* အရှေ့ဘက် ကိုက် ၂၀၀ ခန့်အကွာရှိ သစ်ပင်များအကြားမှ ထွက်လာကာ လှေကိုလှမ်း၍ ခေါ်လေသည်။ လှေသည် သူတို့ရှိရာသို့ လှော်ခတ်သွားလေ၏။ လှနှစ်စု အပြန်အလှန် အော်ဟစ်သံများကို ကြားလိုက်ရပြီးနောက်၊ လှေသည် ကမ်းသို့ထိုးဆိုက်လိုက်လေသည်။ ပထမ အရာရှိသည် ကျွန်းသားတို့အား လက်ပြခေါ်လိုက်သော်လည်း ၎င်းတို့သည် သစ်ပင်များတစ်ဝိုက်တွင် သာတုန့်နေကြ၏။ နောက်ဆုံးတွင် ပထမအရာရှိသည် ကမ်းပေါ်သို့ ခုန်တက်လာကာ သူတို့နှင့် စကားပြောရန် သောင်ပြင်ကိုဖြတ်၍ လျှောက်သွားကာ စိတ်အားထက်သန်စွာ လှုပ်လှုပ်ရှားရှား ဆွေးနွေးပြောဆိုလျက်ရှိကြ၏။ မကြာမီ ပထမအရာရှိသည် ကမ်းစပ်သို့ တစ်ယောက်တည်း ဆင်းလာပြီးလျှင် ကမ်းတက်အဖွဲ့လည်း ပြည့်၍ လှည့်လာခဲ့လေသည်။

လှေသည် သင်္ဘောကို ပြန်၍တက်မိသောအခါ သဘော်ဦးစီးမှူးက

"ဟိုမှာ ဘာဖြစ်နေကြတာလဲဗျ"

"သူတို့ မလာဘူးတဲ့၊ ခေါင်းကို မော်၍ကြည့်လိုက်ပြီးနောက်။

"နေပါဦး... ဘယ်လိုဖြစ်ကြတာလဲ"

"သူတို့ဘာမှ မဖြစ်ပါဘူး ခင်ဗျာ၊ ဒါပေမယ့် ဟင်လယ်ဟာ စိတ်မချရဘူးလို့ ပြောနေတယ်ခင်ဗျ"

"ကျုပ်တို့တော့ ဘာမှမဖြစ်ပါကလား၊ သူတို့အမြင်ဘဲ... နေပါဦး သူတို့က ဘာဆိုလိုတာလဲ"

"သူတို့အပြောကတော့ ကမ်းခြေဖက်ရွာ အမြောက်အမြားပဲ အတိုက်အခိုက်ခံခဲ့ရသတဲ့။အဲဒီတော့ သူတို့ရွာလဲပဲ အချိန်မရွေး အတိုက်ခံကြရလိမ့်မယ်လို့ ထင်နေကြတယ်"

"အတိုက်ခံရတယ် ဟုတ်လား...ဘယ်သူက လာတိုက်တာလဲဗျ..."

"ဟာ... ဦးစီးမှူးကိုယ်တိုင်သွားပြီး သူတို့နဲ့ ပြောကြည့်ရင်"

"နေပါဦး၊ ကျုပ်ဆီကို သူတို့လာနိုင်အောင် လှေတစ်စင်းလွှတ်လိုက်ပြီ မဟုတ်လားဗျ... ဒါက သူတို့အတွက် ပိုပြီး မကောင်းပေဘူးလား..."

"အတင်းအကြပ်မလုပ်ဘဲနဲ့ သူတို့တော့ လာမယ်မထင်ဘူး ခင်ဗျ..."

ဦးစီးမှူးက မျက်ခုံးချီလျက်...

"ဒီလောက်တောင်ပဲ၊ သူတို့ကြောက်နေရသလားဗျာ၊ ဘာကများ သူတို့ကို လာတိုက်နေတာလဲ..."

ပထမအရာရှိသည် သူ၏ နှုတ်ခမ်းများကို လျှာဖြင့် တံတွေးဆွတ်လိုက်၏။ သူ၏ မျက်လုံးသို့ မျက်နှာလွှဲလိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com


"အင်း... သူတို့ပြောတာက၊ အင်း ဝေလငါးတွေတဲ့ခင်ဗျ"

ဦးစိုးမှူးသည် အရာရှိအား စိုက်၍ကြည့်လိုက်ပြီးနောက်...

"ဘာတဲ့ဗျ... သူတို့ပြောတာ..."

(ပထမ အရာရှိက စိတ်မကောင်းသည့် မျက်နှာဖြင့်)။

"အင်း... ကျွန်တော်တော့ သိပါတယ်ခင်ဗျာ၊ ဒါပေမယ့် သူတို့က ဒီလိုချည်း ပြောနေတာပဲ ခင်ဗျ... အဲ... ဝေလငါးကြီးတွေတဲ့ပဲ၊ အင်မတန်ကြီးတဲ့ ပင်လယ်ရှုကြီးတွေတဲ့၊ ဦးစိုးမှူးကိုယ်တိုင် သူတို့နဲ့သွားပြီး စကားပြောကြည့်ရင် ကောင်းလိမ့်မယ်ထင်ပါတယ် ခင်ဗျာ..."

✧ ✧ ✧

အတိအကျပြောရမယ်ဆိုသော် ပြေကျွန်း၏ သတင်းကို လမ်းရိုးလမ်းစဉ်အတိုင်း ကြားသိရသည်မဟုတ်ပေ။ မြေပုံစာအုပ်အားလုံး၌ အများအားဖြင့် မတွေ့ရသည့် ကျွန်းတစ်ကျွန်းပေါ်တွင် ထူးထူးခြားခြား ဖြစ်ပျက်ခဲ့ပုံအကြောင်းမှာ အပေါ်ရံအားဖြင့် သတင်းတန်ဖိုးမရှိလှဘဲ စာတစ်ကြောင်းနှစ်ကြောင်းဖြင့်သာ ဖော်ပြထားသည်မှာလည်း မကြာမီပင် မေ့လျော့သွားကြ၏။ အကယ်၍သာ ဂျာကာတာတွင် အမှတ်မထင်ရောက်ရှိနေခဲ့သော အမေရိကန်သတင်းစာ ဆရာတစ်ဦးက ပြေကျွန်းသို့ သူကိုယ်တိုင်သွားရောက်စုံစမ်းကာ အပတ်စဉ်ထုတ်မဂ္ဂဇင်းတစ်စောင်တွင် ရေးသားအကြံပြုပါက လူအများသိမည်မဟုတ်သည့်ပြင်၊ နောင်အချိန်ကာလအတန်ကြာမှလည်း ပြန်လည် အမှတ်ရစရာ အကြောင်းမရှိပေ။

ယင်းဆောင်းပါးကို ဖတ်လိုက်ရသော သတင်းစာဆရာ တစ်ဦးသည် ဆက်ဖီရာအဖြစ်အပျက်ကို ပြန်လည်သတိရကာ ထိုအဖြစ်အပျက်နှစ်ရပ်ကို ဆက်စပ်ပြီးနောက် တနင်္ဂနွေနေ့ထုတ် သတင်းစာတစ်စောင်တွင် 'အန္တရာယ်သစ်' တစ်ခုအကြောင်းဟူ၍ ဆောင်းပါးရေးလိုက်လေသည်။ ထိုဆောင်းပါးက သတင်းစာတွင် ရှုတ်တရက် စော၍ပါပြီးနောက်၊ နောက်တစ်နေ့၌ပင် အမြိတမ်း ဆောင်ရွက်ရေးကော်မတီက စိတ်လှုပ်ရှားဖွယ်အကောင်းဆုံး ကြေညာချက်တစ်ခုကို ထုတ်ပြန်ခဲ့ရာ၊ ထိုအကြောင်းကြောင့်ပင် ရေနက်ဒေသပိုင်းအကြောင်းများသည် သတင်းစာများတွင် ခေါင်းစီးမဲကြီးများဖြင့် ပါရှိလာလေသည်။ ထို့ပြင် 'ရေနက်ပိုင်း' ဟူသော ဝေါဟာရသည်လည်း ယခင်ကထက်ပင် အဓိပ္ပာယ်ပိုမို ကျယ်ပြန့်လာခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သောလအတွင်းက သင်္ဘောများ နစ်မြုပ်ဆုံးရှုံးရခြင်း အလွန်များပြားပြီးလျှင် ဤသို့ ဆုံးရှုံးရသည့် နေရာဒေသများမှာလည်း ယခင်ကထက် ကျယ်ပြန့်လာသဖြင့် ပိုမိုထိရောက်သော ကာကွယ်ရေး အစီအမံတစ်ရပ် မပြုလုပ်ရသေးမီ သင်္ဘော



www.burmeseclassic.com

www.burmeseclassic.com



အားလုံးသည် ရေနက်ပိုင်းဒေသများကို ဖြတ်သန်းခုတ်မောင်းခြင်းမှ ရှောင်ရှားရန်နှင့် ကမ်းဦးရေတိမ်ပိုင်းများတွင်သာ တတ်နိုင်သမျှ ခုတ်မောင်းကြရန် ပြင်းပြင်းထန်ထန် အကြံပေးခဲ့သောကြောင့် ဖြစ်လေသည်။

ဗုဒ္ဓဟူးနေ့တွင် ကျွန်ုပ်သည် ဖီလစ်ထံသို့ တယ်လီဖုန်းဆက်လိုက်၏။

ကျွန်ုပ်တို့သည် လန်ဒန်တွင် လိုအပ်သည်ထက်ပို၍ အနေကြာလာသောအခါ ဖီလစ်သည် အပန်းဖြေ အနားယူခြင်းမပြုဘဲ ယဉ်ကျေးမှုလောက၏ ဒဏ်ကို မခံနိုင်အောင် ရှိတော့၏။ အကယ်၍ ကျွန်ုပ်အလုပ်အားခဲ့လျှင် သူနှင့်အတူ လိုက်ပါခွင့်ရမည်ဖြစ်၏။ မအားခဲ့လျှင်လည်း ဖီလစ်သည် တစ်ယောက်တည်း သူ၏သဘောအတိုင်း သဘာဝ၏အရသာကို ခံစားရန် သွားလေ့ရှိ၏။ ပြုလုပ်နေကြအတိုင်းဆိုပါမူ သူသည် ရက်သတ္တတစ်ပတ်နေ၍သော်လည်းကောင်း၊ သို့မဟုတ် တစ်ပတ်အတွင်းသော်လည်းကောင်း စိတ်လက်ဆေါ့ပါး၍ရွှင်လန်းစွာဖြင့် ပြန်လာလေ့ရှိ၏။ ယခုအကြိမ်၌မူ ရက်သတ္တ နှစ်ပတ်နီးပါးမျှ ကြာခဲ့ပြီဖြစ်သော်လည်း သူမလာမီ 'ခေါင်းတစ်လုံး နှာတစ်ဖျား' အသာမျိုးဖြင့် ကြိုတင်ရောက်ရှိလာတတ်သော ပို့စကတ်၏ အရိပ်အရောင်ကိုပင် မတွေ့ရသေးပေ။ ယင်း ပို့စကတ်မှာ တစ်ခါတစ်ရံ သူရောက်လာပြီး နောက်တစ်နေ့မှာပင် ရောက်လာတတ်ချေသေး၏။

နှင်းဆီမြိုင် တဲအိမ်ကလေး၌ တယ်လီဖုန်းသည် အချိန်အတန်ကြာမျှ နားငြီးစရာကောင်းလောက်အောင် မြည်၍နေ၏။ သူသည် တယ်လီဖုန်းမှ စကားပြန်၍ ပြောလိုက်သောအခါ ကျွန်ုပ်သည် စိတ်ပျက်ပျက်နှင့် ဖြတ်လိုက်တော့မည်ပြုစဉ်

သူ။ ။ "ဟဲလို... ဒါလင်"

ကျွန်ုပ်။ ။ "ကိုယ်ပါ...အမဲသားသည် မဟုတ်ပါဘူး... အမြတ်တော်ကြေးဘက်ကလဲ မဟုတ်ဘူး"

"သူတို့သာဆိုရင် စောစောကထဲက လိုက်မှာပေါ့၊ ချက်ချင်း စကားပြန်မပြောနိုင်တာ စိတ်မရှိပါနဲ့၊ မောင်ကျွန်မ အပြင်ဘက်မှာ အလုပ်ရှုပ်နေလို့ပါ"

"ဥယျာဉ်ထဲမှာ တူးဆွနေလို့လား"

"မဟုတ်ပါဘူး၊ ကျွန်မ အုတ်စီနေတယ်"

"ဒီလိုင်းက စကားပြောရတာ သိပ်မကောင်းဘူး၊ နားထဲမှာ အုပ်စီနေတယ်လို့ ကိုယ်ကြားနေရတယ်"

"ဟုတ်ပါတယ် မောင်ရဲ့..."

"အို... အုတ်စီနေတယ် ဟုတ်စ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ကြည့်ရင်တော့ အတော်စိတ်ဝင်စားစရာကောင်းတယ်၊ အုတ်စီနည်းအမျိုးမျိုးရှိတယ် မောင်ရဲ့၊ ဖလင်းမစ်စီနည်း၊ အင်္ဂလိပ်စီနည်းအမျိုးမျိုးပေါ့လေ... နို့ပြီး ကန့်လန့်စီနည်းနဲ့ တခြား..."

"အဲဒါ ဘာလုပ်ဖို့လဲ ဒါလင်၊ လက်နက်ကိရိယာထားတဲ့ ရုံကလေးလား၊ ဒါမှမဟုတ် ဘာ့အတွက်လဲ... ဟင်"

"ဟင့်အင်း ဗားလဗတ်နဲ့ မစ္စတာချာချီတို့လို နံရံတစ်ခုဖြစ်အောင် စီနေတာ၊ မစ္စတာချာချီဟာ အတော်စိတ်ပင်ပန်းတဲ့ အချိန်မျိုးမှာ အဲဒီလို အုတ်စီနေရရင် စိတ်တည်ငြိမ်မှုရတာကို တွေ့ရတယ်လို့ တစ်နေရာရာမှာ ကျွန်မဖတ်ဖူးတယ်၊ အဲဒီတော့ မစ္စတာချာချီလို လူမျိုးတောင် စိတ်တည်ငြိမ်စေတဲ့ အလုပ်မျိုးကို လိုက်နာကျင့်သုံးကောင်းတယ်လို့ ကျွန်မထင်တယ် မောင်"

"အင်း... ဒါဖြင့် စိတ်ပင်ပန်းမှု ပျောက်သွားပြီပေါ့လေ"

"ပျောက်သွားပါပြီ၊ မပျောက်တောင် အတော်သက်သာရပါတယ်။ အုတ်ကိုစီချလိုက်တော့ ဖြန့်ခင်းထားတဲ့ မဆလာတွေ ဘေးပြန့်ထွက်လာတာ ကျွန်မတော့ သိပ်ကြည့်လို့ ကောင်းနေတယ် နို့ပြီး..."

"အချစ်ရယ်၊ အချိန်အတော်ကုန်သွားပြီ၊ မင့်ကို ပြန်လာစေချင်ကြတယ်ဆိုတဲ့ အကြောင်း ကိုယ်ပြောမလို့ အခု တယ်လီဖုန်း ဆက်တာပဲ"

"ဒါတွေကြောင့် မောင်ဟာ ချစ်စရာကောင်းတာ၊ ဒါပေမယ့် အလုပ်ကို တစ်ဝက်တစ်ပျက်ကြီး ထားခဲ့ရင်"

"ကိုယ်က ပြန်လာစေချင်တာ မဟုတ်ဘူး၊ ကိုယ်ပြောချင်တာက ကိုယ်ကချည်းပြန်လာစေချင်နေတာ မဟုတ်ဘူး၊ အီးဘီစီက ကိုယ်တို့နဲ့ စကားပြောချင်လို့တဲ့..."

"ဘာကိစ္စတဲ့လဲ"

"ကိုယ်တော့ သေသေချာချာ မသိဘူးကွယ်...၊ သူတို့က လျှို့ဝှက်ထားတယ်၊ နှစ်ယောက်စလုံးစုံမှ ပြောမယ်လို့ ဆိုတာပဲ"

"နေပါဦး... ကျွန်မတို့ကို ဘယ်တော့ တွေ့ချင်သတဲ့လဲ..."

"ဖရက်ဒီက၊ သောကြာနေ့ ညစာ စားရင်းပေါ့လို့ ပြောတယ်၊ မင့် အတွက် ဖြစ်နိုင်ပါ့မလား..."

တစ်စကောမျှ တိတ်ဆိတ်သွား၏။

"ဖြစ်နိုင်ပါတယ်၊ ကျွန်မ အပြီးသတ်နိုင်ပါလိမ့်မယ်... ကောင်းပြီလေ ကျွန်မ 'ပက်ဒင်တန်'ဘူတာကို ၆ နာရီဝင်မဲ့ ရထားနဲ့ လိုက်လာမယ်..."

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် မိနစ် ၂၀ မျှသာ နောက်ကျခဲ့သော်လည်း၊ 'ဖရက် ဒီဗုစ်တီယာ' သည် ကျွန်ုပ်တို့ကို အရက်သောက်ခန်းသို့ ကမန်းကတန်း ခေါ်ဆောင်သွားသည်ကိုထောက်၍ နာရီပေါင်း အတော်ကြာကပင် သေလုမျော ဝါး ရှေ့ထွက်နေခဲ့ကြောင်း ထင်ရလေသည်။ သူသည် ကောင်တာရှိ လူအုပ်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားပြီးနောက် လင်ပန်းတစ်ချပ်ထဲတွင် ရှယ်ရီအရက်ပုလင်း အကောင်းစားများကို ထည့်လျက်ပြန်ထွက်လာခဲ့၏။

(ဖရက်ဒီ)။ ။ "ကိုင်း ခပ်ပြင်းပြင်းကို ပထမသောက်လိုက်ကြစို့..."

မကြာမီပင် သူသည် အာဝဇ္ဇန်းရွှင်လာလျက် ထိုအခါမှပင် နေသား ထိုင်သားလည်း ကျသွားပြီးလျှင် အစစအရာရာ သတိပြုလာလေသည်။ သူသည် ဗိလစ်၏ လက်များကိုလည်း သတိပြု၍ ကြည့်လိုက်၏။ ဗိလစ်၏ လက်ယာဘက် လက်ဆစ်များမှာ ပွန်းပဲ့နေ၍ ဝဲဘက်လက်တွင် ပလာစတာ တစ်ခု ကပ်ထားလေသည်။ သူသည် မျက်မှောင်ကြုတ်ကာ တစ်စုံတစ်ရာ ပြောမည်ပြုပြီးမှ မပြောဘဲ နေလိုက်ပြီးလျှင် ကျွန်ုပ်၏ မျက်နှာနှင့်လက်များ ကိုလည်း တိတ်တခိုးကြည့်နေသည်ကို ကျွန်ုပ်သတိပြုလိုက်၏။

ကျွန်ုပ်။ ။ "ကျွန်ုပ်ရဲ့ စနီးက တောဘက်ရောက်နေတယ်ဗျ၊ အုတ်စီတဲ့ ရာသီအစဆိုပါတော့ဗျာ..."

သူသည် စိတ်ပါဝင်စားလာမည့်အစား ထိုအခါမှ သက်သာရာရသွား ဟန်တူလေသည်။

ဖရက်ဒီ။ ။ "တက်ညီလက်ညီသဘောမျိုးတော့ ပျောက်ပျက်မသွား သေးဘူးထင်ပါရဲ့..."

သူသည် ရိုးရိုးလေသံမျိုးဖြင့် ပြောလိုက်၏။

ကျွန်ုပ်တို့က ဦးခေါင်းကို ခါလိုက်လေသည်။

ဖရက်ဒီ။ ။ "ဒီလိုဆို ကောင်းပါတယ်ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့နှစ်ယောက်စလုံးအတွက် ကျုပ်မှာ အလုပ်တစ်ခုရှိနေတယ်ဗျ..."

ဖရက်ဒီက ရှင်းလင်းပြောပြသည်မှာ အီးဘိစ်ကို အမြဲတမ်းထောက်ပံ့ အားနေကြသူများအနက် ပုဂ္ဂိုလ်တစ်ဦးက ၎င်းတို့အား အကြံတစ်ခုပေးကြောင်း၊ ထိုပုဂ္ဂိုလ်က ရေနက်ပိုင်းဒေသရှိ သတ္တဝါများအကြောင်းနှင့်ကကွ ယင်းသတ္တဝါ တို့၏ ဓာတ်ပုံများ၊ ယင်းတို့၏ သဘောဝတ္တုစသည့် တိကျသော အထောက် အထားများကို ထုတ်ဖော်ပြသရန်မှာ အချိန်ပင် အတော်နှောင်းနေပြီထင်ကြောင်း ဖြင့် ထိုပုဂ္ဂိုလ်က ပြောပြလေသည်။

ကျွန်ုပ်။ ။ "အမျှော်အမြင်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးပေပဲဗျာ... လွန်ခဲ့တဲ့ ၅ နှစ် ၆ နှစ်အတွင်းက..."

ဗိလစ်။ ။ "တိတ်စမ်းပါ... မိုက်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖရက်။ ။ "သူ့သဘောက ဒီလိုဗျာ… သူ့ငွေကို တန်ဖိုးရှိတဲ့နေရာမှာ သုံးမယ်ဆိုပြီးလုပ်တာပဲ၊ ဒီလို သုံးလိုက်ရင် တန်ဖိုးရှိတဲ့ သတင်းရနိုင်မယ်တဲ့… နို့ပြီးတော့လဲ ဒီလို အဖိုးတန်တဲ့ သတင်းရလာရင်၊ သူ့အတွက် အကျိုးမရှိစရာ အကြောင်းမရှိဘူးတဲ့… ဒါကြောင့် တတ်နိုင်သမျှ ရှာဖွေစုံစမ်းဖို့ အဖွဲ့တစ်ဖွဲ့လွှတ်မယ်လို့ အကြံပေးတာကိုးဗျ၊ နို့ပေမယ့် ကိစ္စတစ်ခုလုံးဟာ 'မူပိုင်ခွင့်' ကိစ္စတွေ ဘာတွေလဲ အကြုံးဝင်ရမယ်ပေါ့လေ၊ ဒါနဲ့ စကားမစပ် အခုကိစ္စက လျှို့ဝှက်ထားရမယ့် ကိစ္စဗျနော်… ဘီဘီစီက လက်ဦးပြီးမသွားစေချင်ဘူး"

ကျွန်ုပ်။ ။ "ဒီမှာ ဖရက်ဒီ၊ ဘီဘီစီကို ထားပါဦး… အခုအချိန်အထိ လူတိုင်းလူတိုင်းပဲ ဒီကိစ္စကို ကြိုးစားကြံစည်နေတာ နှစ်ပေါင်းကြာပြီ မဟုတ်လားဗျ… ဒီနောက် ဘယ်လို…"

"ဘယ်ကိုသွားမှာလဲ" ဟု ဖိလစ်က လက်တွေ့မေးလိုက်၏။

ဖရက်ဒီ။ ။ "အဲဒီမေးခွန်းကိုပဲ ကျုပ်တို့ ပထမဆုံးမေးခဲ့တာပေါ့၊ ဒါပေမယ့် သူလဲမသိဘူး၊ ဘယ်နေရာ ဆိုတာနဲ့ ပတ်သက်လို့ ဆိုတာက ဇော့ကာ လက်ထဲမှာဗျ"

ကျွန်ုပ်။ ။"ဇော့ကာ–ဟုတ်လား… သူ့ကိုအခု အတော်လေးလေးစားစားရှိလာကြပြီလား၊ နို့မဟုတ်ရင်လဲ သူဟာတစ်ခုခုဖြစ်လို့ လားဗျ…"

ဖရက်ဒီ။ ။ "သူ့သိက္ခာကို အတော်အဖတ်ဆယ်မိနေပါပြီ၊ နို့ပြီး အဲဟိုလူပြောသလိုပေါ့၊ တကယ်လို့ ဇော့ကာရဲ့ ပြောပြချက်တွေထဲက အာကာသနဲ့ ပတ်သက်တဲ့ မဟုတ်တရုတ် ကိစ္စတွေကို ဖယ်ထုတ်လိုက်ရင် ကျန်တာတွေဟာ တန်ဖိုးအတော်အတန်ရှိတယ်ဗျ၊ ဘာပဲဖြစ်ဖြစ် တခြားလူတွေဟာ ထက်တော့ တန်ဖိုးရှိတာ အမှန်ပဲ၊ ဒါနဲ့ သူဟာ ဇော့ကာဆီသွားပြီး 'ဆက်ဖီရာ' နဲ့ 'ဧပြီ' ကျွန်းပေါ်တက်လာတာချည်းတွေဟာ နောက်တစ်ခါ ဘယ်နေရာများတက်လာကြလိမ့်ဦးမယ်လို့ ခင်ဗျားထင်သလဲ" လို့ သွားမေးတာကိုးဗျ ဇော့ကာကတော့ ဘာမှမပြောပါဘူး၊ ဒါပေမယ့် သူတို့ချင်း အတော်ကြာကြာ စကားပြောနေကြပြီး နောက်ဆုံး အဲဒီလူက ဇော့ကာကိုယ်တိုင် ရွေးချယ်ပေးမယ့် ဒေသတစ်ခုကို သွားရောက်စုံစမ်းဖို့ စီစဉ်တယ်ဗျ၊ ဒီအဖွဲ့ကိုလဲ ဇော့ကာကိုယ်တိုင် လိုက်မယ့်လူတွေကို ရွေးချယ်ပြီး သူကိုယ်တိုင် လိုက်ရမယ်တဲ့၊ ဇော့ကာကိုယ်တိုင် ခေါင်းဆောင်မယ့် အဲဒီစုံစမ်းရေးအဖွဲ့အတွက် လူတွေထဲမှာ ခင်ဗျားတို့ကလဲ သဘာတူမယ်, အီးဘီစီကလဲ စောင်မမယ်ဆိုရင် ခင်ဗျားတို့နဲ့ ယောက်စလုံး ပါနိုင်တာပေါ့"

ကျွန်ုပ်။ ။ "ဒီလို စဉ်းစားတဲ့အတွက် ခင်ဗျားကို အများကြီး ချီးကျူး ကျေးဇူးတင်ပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်း ဒါဖြင့် နက်ဖြန် ဗော့ကာဆီသွားပြီး ပြောပြပေတော့၊ နို့ပြီးတော့ ကျူပ်ရုံးကို ပြန်လာခဲ့၊ စာချုပ်ဖို့ကိစ္စနဲ့ တခြားကိစ္စကလေးတွေ လုပ်ရဦးမယ်..."

ဖီလစ်သည် ထိုနေ့ တစ်ညနေလုံး မကြာခဏ စဉ်းစားနေဟန် လက္ခဏာရှိလေသည်။ အိမ်သို့ပြန်ရောက်ကြသောအခါ ကျွန်ုပ်က "မင်း... ဒီကိစ္စကို သဘောမကျဘူးဆိုရင်လဲ..."

"အလကားဟာတွေ ပြောမနေစမ်းပါနဲ့ မောင်ရယ်...ကျွန်မတို့ သွားမှာပါ... ဒါပေမယ့် သူက စရိတ်စကခံမယ်ဆိုတော့ ကျွန်မတို့ကို သင့်လျော်တဲ့ အဝတ်အစားတွေနဲ့၊ ပစ္စည်းတွေလဲ ထောက်ပံ့ပေးလိမ့်မယ်လို့ မောင်ထင်သလား..."

✧ ✧ ✧

ကျွန်ုပ်သည် ရှုမြင်ခင်းကိုကြည့်လိုက်ပြီးနောက် "အိမ်နဲ့ အလကားစားသောက်နေရပေမယ့်လဲ ငြီးငွေ့လာနိုင်တာမျိုးပဲ"ဟု ပြောလိုက်၏။

ဖီလစ်။ ။ "ကျွန်မတော့ အလကားနေရတာ ကြိုက်တယ်၊ နေမှ ထဲမှာဆိုပါတော့..."

သို့နှင့် ကျွန်ုပ်တို့သည် လွန်ခဲ့သော ရက်သတ္တပတ် အနည်းငယ်အတွင်းကလိုပင် ပျင်းပျင်းရိရိ ငေးမြော်ကြည့်ရှုနေခဲ့လေသည်။

ကျွန်ုပ်တို့သည် ထူးထူးဆန်းဆန်း "ဂရင်းဟော်တယ် ဗရစ်တန်နီးယားယီးလာဂျမ်စတိက" ဟု မှည့်ခေါ်ထားသော ဟော်တယ်ရှေ့ ထီးတစ်လက်စိုက်ထူထားသည့် စားပွဲတစ်လုံးတွင် ထိုင်နေခဲ့ကြ၏။ ထိုနေရာမှနေ၍ တိတ်ဆိတ်ငြိမ်သက်မှုကိုဖြစ်စေ၊ သို့မဟုတ် လှုပ်ရှားမှုကိုဖြစ်စေ လှမ်းမြော်ကြည့်ရှုနိုင်လေသည်။ လက်ယာဘက်တွင် တိတ်ဆိတ်ငြိမ်သက်မှုရှိ၏။ အပြာရင့်ရောင် ရေပြင်သည် မိုးကုပ်စက်ဝိုင်းအထိ မိုင်ပေါင်းများစွာ တောက်ပြောင်လျက် ရှိနေ၏။ လေးကိုင်းသဖွယ် ကွေးကောက်နေသော ပင်လယ်ကမ်းခြေသည် အုန်းထန်းပင်များပေါက်နေသော ကုန်းစွန်းတစ်ခုတွင် အဆုံးသပ်လျက်တည်ရှိ၏။ ထိုကုန်းစွန်းသည် အပူရှိန်အောက်တွင် ဇာလျှပ်သဖွယ် တုန်ခါလျက်ရှိလေရာ၊ ဤဒေသသည် ပင်မစပိန်နိုင်ငံကြီးနှင့် တစ်ဆက်တည်းဖြစ်ခဲ့စဉ်ကလည်း မြင်ကွင်းမှာ ထိုအတိုင်းပင် ဖြစ်ခဲ့ဟန်တူလေသည်။

ဝဲဘက်တွင် 'အက်စကွန်ဒီဒါ' ကျွန်း၏ တစ်ခုတည်းသော မြို့နှင့် မြို့တော်၏ ဘဝလှုပ်ရှားတည်နေပုံကို ဖော်ပြလျက်ရှိလေသည်။

ကျွန်း၏အမည်မှာ 'ကေမင်'၊ ကျွန်းတစ်ကျွန်းကျွန်းသို့ သင်္ဘောများ များယွင်းရောက်ရှိလာတတ်သည်အထိ မရေမရာရှိလှပြီးလျှင် ရှေးခေတ်ရှေးအခါက သင်္ဘောလွှင့်မှုအတတ်ပညာကြောင့် ထိုအမည်ကို ရခဲ့ခြင်းဖြစ်ဟန်တူ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုဒေသတစ်ဝိုက် အနီးပတ်ဝန်းကျင်တွင် မည်မျှလောက် အပြောင်းအလဲပြင်ရှိစေကာမူ၊ ထိုအမည်ကိုသာမက စပိန်ဆန်မှုကိုလည်း ဆက်လက်ထိန်းသိမ်းထားခဲ့လေသည်။ အိမ်များမှာ စပိန်ဆန်လျက် လူတို့စိတ်နေသဘောထားလည်း စပိန်ဆန်လှ၏။ ဘာသာစကားတွင် အင်္ဂလိပ်စကားလုံးများထက် စပိန်စကားလုံးများက ပိုမိုပါရှိလေသည်။ 'ပလာဇာ' သို့မဟုတ် 'စကွဲယား' ဟူ၍ပင် မည်သို့ပင်ခေါ်စေ၊ ထိုကွက်လပ်၏ ထောင့်တစ်နေရာတွင် ကျွန်ုပ်တို့ထိုင်နေရာမှ ကောင်းစွာမြင်ရပြီးလျှင် ရှေ့ဘက်တွင်ဆိုင်ခန်းများရှိ၍ တစ်ဘက်စွန်းမှ ဘုရားရှိခိုးကျောင်းသည်လည်း အသေအချာ စပိန်ဆန်လေသည်။ သို့သော် လူများမှာမူ ထိုမျှလောက် စပိန်မဆန်လှပဲ နေလောင်ထားသော အသားဖြူမျိုးမှ အစပြု၍ ကျောက်မီးသွေးတမျှ မည်းနက်သည်အထိ အသားရောင် အမျိုးမျိုးအစားစား ဖြစ်လေသည်။ အနီရောင် တောက်ပနေသည့် ဗြိတိသျှစာတိုက်ပုံးတစ်ခုရှိသောကြောင့် ထိုဒေသကို 'စမစ်တောင်း' ဟု ခေါ်ကြောင်း တအံ့တသြသိရှိရ၏။ ထိုအမည်ကို သိရပြီးနောက် အထိမ်းအမှတ်အပြုခံရသူစမစ်မှာလည်း အလွန်ကြွယ်ဝချမ်းသာသည့် ပင်လယ်ဓားပြတစ်ဦးဖြစ်ကြောင်း သိရသောအခါ စိတ်ကူးယဉ်စရာတစ်ခုပင် ဖြစ်၍နေပြန်လေသည်။

ကျွန်ုပ်တို့၏ နောက်ဘက်၊ အမှန်အားဖြင့် ဟော်တယ်၏ နောက်ဘက်တွင် 'အက်စကွန်ဒီဒါ' ကို မတ်စောက်အောင် ဖန်တီးပေးခဲ့သော တောင်နှလုံးရှိရာ၊ ယင်းတို့အနက်တစ်လုံးသည် တောင်တစ်တုံးတောင်ထိပ်တစ်ခုဖြစ်၍ အပေါ်သို့ အတော်မြင့်မားစွာ ထိုးထွင်းလျက်ရှိပြီးလျှင် ၎င်း၏ အလယ်ပိုင်း၌ စိမ်းလန်းစိုပြည်သော သစ်ပင်များ ပေါက်ရောက်ရှိ၏။ တောင်ခြေနှင့် ပင်လယ်ရေပြင်အကြားတွင် အဖျားရှူး၍သွားသော ကျောက်ဆောင်ကုန်းမြင့်တစ်ခုရှိရာ မြို့သည် ထိုကုန်းမြင့်၏ ကျယ်ပြန့်သောအပိုင်းတွင် တည်ရှိလေသည်။

ထိုနေရာတွင် ဖော့ကာ၏ အဖွဲ့သည် ရက်သတ္တ ၅ ပတ်ကြာမျှ စခန်းချလက်ရှိရ၏။

ဖော့ကာသည် ဖြစ်နိုင်ကောင်းသည့် စနစ်တစ်ခုကို သူကိုယ်တိုင်ကြံဖန်စီစဉ်ပြီးလျှင် မဖြစ်နိုင်သည်များကို ဖယ်ထုတ်ပစ်ခဲ့၏။ နောက်ဆုံးတွင် (ဘေးအန္တရာယ်များ တိုက်ခိုက်ခြင်းခံရစရာ အကြောင်းရှိသည့် ကျွန်း (၁၀) ကျွန်းကို ရွေးချယ်စာရင်းပြုလုပ်ခဲ့ရာ၊ ယင်းတို့အနက် (၄) ကျွန်းမှာ 'ကာရစ်ဘီယန်' နယ်ပယ်ဒေသတွင် တည်ရှိ၏။ ထို့ကြောင့်လည်း ထိုဒေသသို့သွားရန် ခရီးစဉ် သတ်မှတ်ခဲ့ခြင်းဖြစ်လေသည်။

သူသည် စာရွက်ပေါ်တွင် ဤသို့ သတ်မှတ်ခဲ့ပြီးနောက် ကျွန်ုပ်တို့အားလုံး ဂျမေးကားကျွန်းရှိ ကင်းစတန်မြို့သို့ ရောက်ရှိသွားခဲ့၏။ 'ကင်းစတန်' မြို့တွင် ကျွန်ုပ်တို့သည် ဓာတ်ပုံဆရာတက်(ဒ)ဂျာဗီ၊ ဟော်တမ်းဆရာ



www.burmeseclassic.com

www.burmeseclassic.com



'လက်စလီဇရေး' လုပ်ငန်းလက်ထောက် အတတ်ပညာရှင်တစ်ဦးဖြစ်သူ 'မျူရီယယ်ဖလင်း' တို့နှင့်အတူ ရက်သတ္တတစ်ပတ်ခန့် နေထိုင်ခဲ့ရ၏။ ဗော့ကာ ကိုယ်တိုင်မှာမူ သူ၏ ယောက်ျားလက်ထောက် နှစ်ယောက်နှင့်အတူ အာဏာပိုင်များက ပေးထားသော လက်နက်အပြည့်အစုံ တပ်ဆင်ထားသည့် ကမ်းစောင့် လေယာဉ်ပျံတစ်စင်းဖြင့် အနီးအနားတစ်ဝိုက် ပျံသန်းကာ 'ဂရေးကေမင်' 'လစ်တဲကေမင်' 'ကေမင်ဗရက်' နှင့် 'အက်စကွန်ဒီဒါ' တို့တွင် သင့်လျော်မည့်နေရာကို ရှာဖွေကြည့်ရှုခဲ့လေသည်။ ထို့နောက်'အက်စကွန်ဒီဒါ'ကို အပြီးသပ်ရွေးချယ်လိုက်ခြင်းမှာ ယုံမှားဖွယ်မရှိ အလွန်ကောင်းလှပေတော့၏။ သို့သော် ကျွန်ုပ်တို့အား ပစ္စည်းများနှင့်တကွ 'စမစ်တောင်း' မြို့သို့ လေယာဉ်ပျံဖြင့် အခေါက်ခေါက် သယ်ဆောင်ပေးခဲ့ရာ၊ ထိုကိစ္စပြီးသည့်နောက် (၂) ရက်အကြာတွင် 'ဂရင်းကေမင်' ရွာကြီးတစ်ရွာမှာ တိုက်ခိုက်ခြင်းခံခဲ့ရသဖြင့် ထိုနယ်ပယ်ဒေသများတွင် ပထမဆုံးအကြိမ်ခံရခြင်းဖြစ်သောကြောင့် အလွန်ပင် သနားဖွယ်ကောင်းလှပေတော့၏။

ကျွန်ုပ်တို့မှာ စိတ်ပျက်ရသည်နှင့်အမျှ အထင်လည်းကြီး၍လာခဲ့မိ၏။ ဗော့ကာသည် အဆင့်အတန်းမြင့်သည့် 'အီးနီ–မီးနီး–မင်းနီမိုး' ကစားနည်းမျိုး ထက်မက လုပ်ဆောင်ခဲ့သဖြင့် သီသီကလေးမျှ ကပ်၍လွဲသွားခြင်းမှာ ထင်ရှားလေသည်။

သတင်းရလျှင်ရခြင်း ကျွန်ုပ်တို့ ၄ ယောက်တို့သည် လေယာဉ်ပျံဖြင့် ထိုနေရာသို့ သွားရောက်ခဲ့၏။ သို့သော် ကံမကောင်းအကြောင်းမလှသဖြင့် အနည်းငယ်မျှသာသိခဲ့ရ၏။ သောင်ပြင်ပေါ်တွင် အစင်းကြောင်းကြီးများ ထင်၍ ကျန်ရစ်ခဲ့သော်လည်း ကျွန်ုပ်တို့ ရောက်သွားချိန်တွင် ယင်းတို့အား လူအများက နင်းထားကြပြီဖြစ်လေသည်။ ရွာသား ၂၅၀ ခန့်ရှိသည့်အနက် ၂၀ ခန့်သာလျှင် မြန်စွာထွက်ပြေးလွတ်မြောက်သွားခဲ့ရာ ကျန်လူများမှာ ပျောက်ကွယ်သွားလေသည်။ ထို့ပြင် အမှောင်ထဲ၌ ဖြစ်ပျက်ခဲ့သဖြင့်လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ ရေရေရာရာ တွေ့မြင်ခဲ့ခြင်း မရှိပေ။ အိုသက်မသေ ကျန်နေသူတစ်ဦးစီကို မေးလိုက်လျှင်လည်း မေးမြန်းသူအဖို့ ငွေကုန်ကျိုးနပ်အောင် ပြောပြသည်ချည်းသာဖြစ်၍ ထိုအဖြစ်အပျက်တစ်ခုလုံးသည်ပင် ရိုးရာပုံပြင်ဆန်၍ နေခဲ့လေပြီ။

ဗော့ကာကမူ ကျွန်ုပ်တို့ရောက်ရှိသည့် နေရာ၌သာနေသင့်ကြောင်းဖြင့် ကြေညာလိုက်၏။ ထိုထိုဤဤ ရောက်တက်ရာရာသို့ သွားရောက်နေထိုင်ခြင်းဖြင့် မည်သို့မျှ အကျိုးထူးမည် မဟုတ်ပေ။ ဤသို့ပြုလုပ်က အခွင့်ကြုံမည့်အစား လက်လွတ်၍သွားရန်သာရှိ၏။ ထို့ပြင် 'အက်စကွန်ဒီဒါ' မှာ အခြားသော အရည်အချင်းများအပြင် မြို့တစ်မြို့တည်းသာ ရှိနေသည့် ကျွန်းလည်းဖြစ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com


အကယ်၍ လာရောက်တိုက်ခိုက်ချင်း တိုက်ခိုက်လျှင်လည်း (အနေးနှင့်အမြန်မှုချတိုက်ခိုက်လိမ့်မည်ဟု သူအမှန်ယုံကြည်၏။) စမစ်တောင်းမြို့ကိုသာ လာရောက်တိုက်ခိုက်ပေလိမ့်မည်။

သူကိုယ်တိုင် လုပ်နေသည်ကို သူသိလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်သော်လည်း နောက်ရက်သတ္တ ၂ ပတ်ကြာသောအခါ သံသယဖြစ်၍ လာမိကြတော့၏။ ၈၂ ကြိမ်မျှ တိုက်ခိုက်ခြင်းခံရကြောင်းဖြင့် ရေဒီယိုမှ သတင်းလွှင့်ခဲ့ရာ အိုးကျွန်းတွင် အနည်းအကျဉ်း ဖြစ်ပွားခဲ့သည်မှတစ်ပါး၊ အားလုံးပင် ပစိဖိတ်သမုဒ္ဒရာအတွင်း၌ ဖြစ်ပွားခဲ့၏။ ကျွန်ုပ်တို့အဖို့ကား ကမ္ဘာ၏အခြားဘက်တစ်ခြမ်းတွင် တလွဲတချော်ရောက်၍ နေပြီလောဟု စိတ်ပျက်စပြုလာမိ၏။

'ကျွန်ုပ်တို့' ဟုသာ ပြောရသော်လည်း အဓိကအားဖြင့် ကျွန်ုပ်သာ ဖြစ်ကြောင်း ဝန်ခံရပေမည် အခြားသူများကမူ သတင်းများကို ထေပန်ဆန်းစစ်၍ ပြင်ဆင်မှုများကို အခိုင်အမာ ဆက်လက်ပြုလုပ်ခဲ့ကြလေသည်။ တစ်ချက်ထူးခြားမနေသည်မှာ တစ်ကြိမ်တစ်ခါမျှ နေ့အချိန်များတွင် လာရောက်မတိုက်ခိုက်ခြင်းဖြစ်၏။ ထို့ကြောင့် မီးများလိုပေမည်။ မြို့ကောင်စီအတွက် မည်သို့မှ စရိတ်စက ကုန်ကျမည်မဟုတ်ဟု သဘောပေါက်သွားပြီးနောက် ကျွန်ုပ်တို့အားလုံး စမစ်တောင်းတစ်မြို့လုံးရှိ သစ်ပင်များ၊ တိုင်များနှင့် အဆောက်အဦးများ ထောင့်များတွင် ယာယီမီးမောင်းများ တပ်ဆင်ခြင်းလုပ်ငန်းများကို စိတ်ပါလက်ပါ လုပ်ဆောင်ခဲ့ကြရာ ရေစပ်သို့ သွားရာတစ်လျှောက်တွင်မူ မီးမောင်းများ အများအပြားပို၍ တပ်ဆင်ကြ၏။ ယင်းတို့အားလုံးကို 'မစ္စတာတက်' ၏ ကင်မရာများအတွက် တပ်ဆင်ပေးရခြင်းဖြစ်၍ သူ၏ ယော်တယ်ခန်းထဲတွင် ထိုမီးများအတွက်မီးခလုတ်အိမ် 'ခွတ်ဘုတ်' တစ်ခုလည်း တပ်ဆင်ပေးထားရလေသည်။

ဤကဲ့သို့ပြုလုပ်ခြင်းမှာ ပွဲတော်တစ်ခု ကျင်းပရန်အတွက် ပြင်ဆင်နေသည်ဟု မြို့သူမြို့သားများက မှတ်ယူခဲ့၍ ကောင်စီကမူ ဘေးမရှိသော အရူးထခြင်းတစ်မျိုးဟု သဘောထားခဲ့သော်လည်း ကျွန်ုပ်တို့ အပိုသုံးသည့် ဓာတ်စစ်ဓာတ်အားအတွက် အခကြေးငွေရသောကြောင့် ကျေနပ်ကြလေသည်။ ကျွန်ုပ်တို့အားလုံးလိုလိုကပင် တဖြည်းဖြည်း အပြစ်ပြောလိုလာခဲ့ကြရာ 'ဂလိုးကျွန်း' တွင် ကိစ္စတစ်ခုဖြစ်ပွားသည့် အချိန်တိုင်အောင် ဖြစ်လေသည်။ ဂလိုးကျွန်းမှာ 'ဗဟားမား' ကျွန်းစုတွင် ပါဝင်သော်လည်း ဂလိုးကျွန်းကိစ္စသည် ဆရေဗိယန်တစ်ခုလုံးသို့ ပျံ့နှံ့သွားလေသည်။

ဂလိုးကျွန်းမှ မြို့ကြီးဖြစ်သော 'ပိုအန်နီ' မြို့နှင့် ကမ်းခြေတစ်လျှောက်ရှိ ရွာကြီး (၃) ရွာမှာ တစ်ညဉ့်အတွင်း တိုက်ခိုက်ခြင်းခံခဲ့ရ၏။ ပိုအန်နီမြို့မှ လှည်းရေထက်ဝက်ခန့်မှာ ကျေးရွာများမှ အချိုးအစားအားဖြင့် လူဦးရေအတော်


www.burmeseclassic.com

www.burmeseclassic.com



များမှာ လုံးဝပျောက်ကွယ်သွားလေသည်။ မိမိတို့အိမ်များကို တံခါးများပိတ်ထားကြသူများ၊ သို့မဟုတ် ထွက်ပြေးသွားကြသူများသာ အသက်မသေကျန်ရစ်ခဲ့ရာ ယခုအကြိမ်တွင်မူ စစ်ဘက်မှ တင့်ကားများနှင့်တူသော်လည်း ပိုမိုကြီးမားသည့် တင့်ကားကဲ့သို့သော အရာဝတ္ထုကြီးများသည် ရေထဲမှထွက်ကာ သောင်ပြင်များပေါ်သို့ ဒရွတ်တိုက်လာသည်ကို တွေ့မြင်ရကြောင်းဖြင့် လူအများက ပြောဆိုကြလေသည်။ မှောင်နေသဖြင့်လည်းကောင်း၊ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေသောကြောင့်လည်းကောင်း၊ ထိုအကြောင်း ပြန်ပြောသူများကိုယ်တိုင် သေပြေးရှင်ပြေးပြေးကာ ပုန်းအောင်းနေခဲ့ကြရသောကြောင့်လည်းကောင်း ဤသို့ပင်ပင်လယ်ထဲမှ တက်လာသော တင့်ကားကြီးများက မည်သို့လုပ်ခဲ့သည်ဆိုသည့်အချက်ကိုမူ စိတ်ကူးဖြင့်သာ ပြောပြနိုင်ကြလေသည်။ သို့သော် မေးမြန်းစစ်ဆေးကြည့်သဖြင့် သေချာသော အချက်တစ်ချက်မှာ လေးဘက်လေးတန်မှ ညှိ၍အချိန် တိုက်ခိုက်ခြင်းခံခဲ့ရရာတွင် စုစုပေါင်း လူတစ်ထောင်ကျော်ခန့် ပျောက်ကွယ်သွားရသည်ဟူသော အချက်ပင် ဖြစ်လေသည်။

ထိုဒေသတစ်ဝိုက်တွင် လူတို့၏ စိတ်ဓာတ်လည်း ရုတ်ချည်းပြောင်းလဲသွားတော့၏။ ကျွန်းအားလုံးပေါ်ရှိ ကျွန်းသူ ကျွန်းသားတိုင်းပင် လစ်လျူရှုလိုသည့်သဘောနှင့် လုံခြုံစိတ်ချသည့်စိတ်များမရှိတော့ဘဲ နောက်တစ်ကြိမ်၌ မိမိ၏ အိမ်သည်ပင် တိုက်ခိုက်ခြင်းခံရတော့မလောက် စိတ်ထဲတွင် ထင်၍နေ၏။ သို့နှင့် ရှေးကျ၍ ခေတ်မမီသော လက်နက်များကို ဘီရိုများထဲတွင် ယခင်က ထည့်သွင်းသိမ်းဆည်းထားခဲ့ရာမှ အပြင်သို့ထုတ်ယူကာ တိုက်ချုတ်ဆေးကြော ပြင်ဆင်ကြကုန်၏။ ကင်းအဖွဲ့များကိုလည်း စီစဉ်ကြပြီးလျှင် ပထမတစ်ည နှစ်ညခန့်မှ ဟိတ်ဟန်နှင့် ကင်းများပင် လှည့်ကြသေး၏။ တစ်ကျွန်းနှင့်တစ်ကျွန်း အချင်းအချင်း လေယာဉ်ပျံဖြင့် ဆက်သွယ်ရန် ငါ ကွယ်ရေး စနစ်တစ်ခုကိုပင် ပြုလုပ်ထားရန် အကြံပေးကြလေသည်

သို့သော် ထိုဒေသတစ်ဝိုက်တွင် နောက်ထပ်တစ်စုံတစ်ရာ ဖြစ်ပွားခြင်းမရှိသဖြင့် ရက်သတ္တတစ်ပတ်ခန့် ကုန်လွန်သွားသောအခါ စိတ်အားထက်သန်မှုများလည်း လျော့ပါး၍သွားခဲ့လေသည်။ အမှန်အားဖြင့်လည်း ထိုတစ်ပတ်အတွင်း၌ နေရာအားလုံးတွင် ပင်လယ်အောက် လှုပ်ရှားမှုများလည်း ရပ်တန့်၍သွားခဲ့၏။ တိုက်ခိုက်ခြင်းခံရသည်ဆိုသော တစ်ခုတည်းသော သတင်းမှာ 'ကုရီ' ကျွန်းမှ ပေါ်ထွက်လာခဲ့သော်လည်း 'ဆလဗ်' လူမျိုးတို့၏ ထုံးစံအတိုင်း မည်သည့်နေ့ရက်တွင် ဖြစ်ပွားခဲ့သည်ဟု မပါရှိခဲ့ချေ။ ထိုသတင်းမှာ လုံခြုံမှုရှိရာ ရှထောင့်များမှ အသေးစိပ် စစ်ဆေးနေသဖြင့် ဤကဲ့သို့ ဖြစ်ရသည်ဟု ထင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ အထိတ်တလန့် ဖြစ်ခဲ့ရပြီးနောက် ၁၀ ရက်ခန့်ကြာသောအခါ ပျင်းရိပျင်းတွဲနေတတ်ကြသည့် အက်စကွန်ဒီဒါကျွန်း၏ ပင်ကိုယ်သဘာဝ စိတ်ဓာတ်သည် ခေါင်းထောင်၍ ထလာပြန်တော့၏။ ညဉ့်အချိန်တွင်လည်း ကောင်း၊ ညနေခင်းများတွင်လည်းကောင်း အိပ်မောကျ၍ နေတတ်ကြပြီးလျှင် ကျန်အခြားအချိန်များ၌ ငိုက်မျဉ်း၍နေတတ်ကြရာ ထိုအထဲတွင် ကျွန်ုပ်တို့ လည်း အပါအဝင်ဖြစ်လေသည်။ ထိုနေရာ၌ ကျွန်ုပ်တို့သည် နှစ်ပေါင်းများစွာ နေသွားနိုင်မည်မဟုတ်ကြောင်း ယုံကြည်သဖြင့်လည်း ကျွန်ုပ်တို့လူစုထဲမှ အချို့ မှာ ယခင်အတိုင်းပင် နေသားကျ၍ သွားကြရတော့၏။ 'မျူရီယတ်'သည် ကျွန်းရှိ သစ်ပင်ပန်းမန်အကြောင်းများကို ပျော်ရွှင်စွာလေ့လာနေခဲ့၏။ အမြဲတန်း တာဝန်ချထားပေးခြင်းခံရသော လေယာဉ်မောင်းသမား 'ဂျွန်နီတာလတန်'သည် ကဖီး ပျော်ပွဲစားရုံတစ်ခုတွင် ချောမောလှပသော အမျိုးသမီးတစ်ဦးထံမှ ဒေသန္တရဘာသာစကားကို သင်ယူရင်း အချိန်ဖြုန်း၍နေခဲ့၏။ 'လက်ီစလ'မှာ လည်း ဂီတာတစ်လုံးနှင့် ကျွန်းသားတစ်ယောက်ဖြစ်၍နေပြီ။ ကျွန်ုပ်တို့အပေါ် ထပ်ရှိသူ၏အခန်း ပြတင်းပေါက်မှနေ၍ တကျွီကျွီ ဂီတာတီးသံကို ကြား၍နေရ လေသည်။ ဖီလစ်နှင့် ကျွန်ုပ်မှာမူတတ်နိုင်က ဆက်လက်ရေးသွားမည့် စာမူ များအကြောင်းကို တစ်ယောက်နှင့် တစ်ယောက် ဆွေးနွေးနေတတ်ကြ၏။ ဇော့ကာနှင့် သူ၏ အရင်းနှီးဆုံး လက်ထောက်နှစ်ဦးဖြစ်သော 'ဗီလီဝေးမန်း' 'အယ်လ်လဖရက်ဟော့ဂ်' တို့သာ အကယ်ပင် အလုပ်ကို စိတ်ဝင်စားနေသည့် သဘောမျိုး ရှိကြလေသည်။ ကျွန်ုပ်တို့၏ စွန့်စားရှာဖွေရေးအဖွဲ့ကို ငွေကြေး ထောက်ပံ့အားပေးခဲ့သူသာ ကျွန်ုပ်တို့အား အကယ်၍ တွေ့မြင်သွားပါက သူ ငွေကုန်ခံရကျိုး နပ်မှနပ်ပါမည်လောဟုပင် သံသယဖြစ်မိကောင်း ဖြစ်မိပေ လိမ့်မည်။

✧ ✧ ✧

"အချစ်ရေ... လကို ကြည့်ပြီးတော့ စိတ်ညစ်မနေပါနဲ့ကွယ်... လာအိပ်ပါတော့လား..."

"စိတ်မပါဘူးလေ... အဲဒါက ဒုက္ခတစ်ခုပဲ၊ ကျွန်မဟာ မောင့်ကို ဘာကြောင့် လက်ထပ်မိပါလိမ့်မလဲလို့ တစ်ခါတစ်ခါ စဉ်းစားမိတယ်..."

"စိတ်ပါလွန်းဖို့ဆိုတာကလဲ... မဖြစ်နိုင်ဘူးလို့ မဆိုနိုင်ဘူး မဟုတ် လား"

ကျွန်ုပ်သည် ထ၍ ပြတင်းပေါက်တွင် သူနှင့်အတူ သွား၍ ရပ်လိုက် ၏။

သူ။ ॥ "ကြည့်လိုက်စမ်း... သင်္ဘောတစ်စင်း၊ ကျွန်းကလေးက တစ်ကျွန်း တံစဉ်ကွေးနဲ့တူတဲ့ လကလေး... ကြည့်ရတာ နှန်းနယ်နယ်နိုင်



www.burmeseclassic.com

www.burmeseclassic.com


ထမယ့် ထာဝရသာဘောကို ဆောင်နေတယ်.... ချစ်စရာမကောင်းဘူးလား... ဟင်..."

ကျွန်ုပ်တို့သည် လူသူကင်းမဲ့လျက်ရှိသော ပလာဇာနှင့် အိပ်မောကျနေပြီဖြစ်သော အိမ်များကိုကျော်လျက် ငွေရောင်တောက်နေသည့် ပင်လယ်ပြင်ကို ငေးမောကြည့်ရှုလျက်ရှိလေသည်။

သူ။ ။ "ကျွန်မတော့ သဘောကျတယ် ကျွန်မအဖို့ အမှတ်တရဖြစ်တတ်တာတွေဟာ ဒါမျိုးတွေပဲ..."

မျက်နှာချင်းဆိုင် အိမ်များ၏ နောက်ဘက်၊ ရေစပ်ဆီမှ ဂီတာတီးနေသံကို ခပ်သဲ့သဲ့ ကြားရ၏။

ဖိလစ်။ ။ "အို မိုက်ရယ်..."

ထို့နောက် အဝေးမှ ဂီတာတီးနေသူသည် မိမိဂီတာကို ဂွမ်ကနဲမြည်အောင် ရုတ်တရက် လွှတ်ချလိုက်၏။

ထိုအချိန်တွင် ရေစပ်ဆီမှ အသံတစ်ခု ထွက်ပေါ်လာ၏။ အသံမှာ မသဲမကွဲလှသော်လည်း အလန့်တကြားဖြစ်သည့် အသံမျိုးဖြစ်လေသည်။ ထို့နောက် အခြားအသံများကို ကြားရပြန်၏။ အမျိုးသမီးတစ်ယောက်သည် ကြောက်လန့်တကြား ဟစ်အော်လိုက်ရာ ကျွန်ုပ်တို့သည် ဆိပ်ကမ်းကလေးအား ကွယ်နေသည့် အိမ်များကို လှည့်၍ ကြည့်လိုက်မိလေသည်။

ဖိလစ်။ ။ "နားထောင်စမ်း... မိုက်...၊ ရှင်... ဘယ်လိုထင်သလဲ..."

သို့ရှိစဉ် သေနတ်သံတစ်ချက်နှစ်ချက် ကြားလိုက်ရသဖြင့် ဖိလစ်သည် ပြောလက်စ စကားကို ဖြတ်လိုက်၏။ ထို့နောက် ဆက်လက်၍...

"ဒါဘဲဖြစ်ရမယ်... မိုက် သူတို့လာနေပြီထင်တယ်..."

အဝေးဆီတွင် ရုန့်ရင်းဆံခတ်ပို၍ ဖြစ်နေ၏။ ကွက်လပ်၌ အိမ်တံခါးများပွင့်လာပြီးလျှင် တစ်ဦးနှင့်တစ်ဦး မေးမြန်းပြောဆိုနေသံကြားရ၏။ လူတစ်ယောက်သည် တံခါးပေါက်တစ်ခုမှ ပြေးထွက်လာကာ လမ်းထောင့်တစ်ခုကို ချိုးလိုက်၍ ရေစပ်သို့ရောက်သည့် လမ်းတိုကလေးတစ်လျှောက် ပြေးသွားရင်း ပျောက်ကွယ်သွားလေ၏။ ထိုအချိန်တွင် အော်ဟစ်သံများ အလန့်တကြားမည်တမ်းသံများ ပိုမိုများပြားလာတော့၏။ ထိုအထဲတွင် သေနတ် ၃-၄ ချက်ပစ်ခတ်သံများကိုလည်း ထပ်မံကြားလိုက်ရပြန်လေသည်။ ကျွန်ုပ်သည် ပြတင်းအနီးမှ ထွက်ခဲ့ပြီးလျှင် အခြားတစ်ဘက်ခန်းနှင့် ခြားထားသည့် ရိုကို တအုံးအုံးနှင့် ထုပြီးနောက် "ဟေး... တက်(ဒ)...မီးတွေဖွင့်လိုက်စမ်း... ဟု ဟစ်အော် ပြောဆိုလိုက်လေသည်။ ရေစပ်သွားတဲ့ မီးတွေလဲ ဖွင့်လိုက်စမ်း... ဟု ဟစ်အော် ပြောဆိုလိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



တက်(ဒ)၏ 'ကောင်းပြီ' ဟု ပြောသံကို ခပ်တိုးတိုးကြားရ၏။ သူသည် အိပ်ရာမှ နိုးနေပုံရ၏။ အဘယ်ကြောင့်ဆိုသော် ပြတင်းပေါက်သို့ ကျွန်ုပ်ပြန်ရောက်၍ ရောက်လျှင်ရောက်ခြင်း ခေတ်မီးများမှာ တစ်သုတ်ပြီး တစ်သုတ်စ၍ ပွင့်လာသောကြောင့် ဖြစ်လေသည်။

ကွက်လပ်ကို ဖြတ်ကာ သဘော်ဆိပ်ဆီသို့ ခဲလုံးများဖြင့် လှမ်း၍ ပေါက်နေသော လူပေါင်းတစ်ဒါဇင်ကျော်ကျော်မှလွဲ၍ မည်သို့မျှ ထူးထူးခြားခြား မတွေ့ရပေ။

တဖြည်းဖြည်းတိုး၍ ကျယ်လာသောအသံသည် မြို့ကနဲ ရပ်တန့်သွားပြန်၏။ တက်(ဒ)၏ တံခါးဂျုံးကနဲ ပိတ်သံကို ကြားလိုက်ရ၏။ ကျွန်ုပ်တို့၏ အခန်းကိုဖြတ်ကာ စကြိန်တစ်လျှောက် လျှောက်သွားသော သူ၏ဘွတ်ဖိနပ်သံများကို ကြားရ၏။ အိမ်များတွင် စူးစူးဝါးဝါးအော်သံများနှင့် အော်ဟစ်မြည်တမ်းသံများ ထပ်မံပေါ်လာပြီးလျှင် ယခင်ကထက်ပင် ကျယ်သည်ထက် ကျယ်လာသောကြောင့် ခေတ္တရပ်သွားရာမှ ပိုမိုအားကောင်းလာပြန်လေပြီလောဟု ထင်ရလေသည်။

"အင်း... ကိုယ်လဲသွားမှ..."

ကျွန်ုပ်သည် ဤသို့ပြောပြီးနောက် လှည့်၍ကြည့်လိုက်ရာ၊ အနီးတွင် ဖီလစ်မရှိတော့သဖြင့် စကားကို ရပ်လိုက်ရ၏။

အခန်းကိုဖြတ်၍ ကြည့်လိုက်သောအခါမှ ဖီလစ်မှာ တံခါးကို သော့ခတ်လျက်ရှိနေကြောင်း တွေ့ရလေသည်။ သို့နှင့် ကျွန်ုပ်လည်း ၎င်းထံသို့ သွားရောက်ကာ

"ကိုယ်လဲ... ဟိုကိုသွားရမယ်၊ ဘာဖြစ်နေသလဲဆိုတာကိုယ်"

"ဟင့်... အင်း"

သူသည် နောက်သို့လှည့်ကာ တံခါးကျောနှင့်ကပ်ထားလိုက်၏။ မျက်နှာကို ခပ်တင်းတင်းထားလျက် လမ်းကို ပိတ်ဆို့ထားသည့် ကောင်းကင်တမန်တစ်ဦးနှင့်ပင် တူ၍နေတော့၏။ သို့သော် ကောင်းကင်တမန်များမှာ နိုင်လွန်ညဝတ်အင်္ကျီများ မဝတ်ဘဲ ဣန္ဒြေရသော ချည်ထည်ညဝတ်အင်္ကျီများကိုသာ ဝတ်ဆင်သည်ဟု အများက ယူဆသဖြင့် ဤအချက်၌သာ ကွာခြားခြင်းရှိလေသည်။

"ဒါပေမယ့် ဖိုးရယ်... ဒါဟာအလုပ်ပဲကွဲ့... ဒီဟာလုပ်ဖို့ ကိုယ်တို့ ဒီကိုရောက်လာကြတာ မဟုတ်လား..."

"ဘာဖြစ်သေးသလဲ ကျွန်မ ဂရုမစိုက်ပါဘူး... ခဏစောင့်ကြဦးမှလား"



www.burmeseclassic.com

www.burmeseclassic.com



ဖိုလစ်သည် မလှုပ်မယှက် ရပ်လျက်ရှိ၏။ မျက်နှာထားမှာလည်း ကောင်းကင်တမန်၏ တင်းမာသော မျက်နှာထားမျိုးမှ ခေါင်းမာသည့် မိန်းကလေးတစ်ဦး မျက်နှာထားမျိုးသို့ ပြောင်းသွားလေသည်။ ကျွန်ုပ်က လက်ထမ်းလိုက်ပြီးနောက်…

"ဖီးရယ်… ကိုယ့်ကို သော့ပေးစမ်းပါကွယ်…"

"ဟင့်အင်း မပေးဘူး"

သို့ပြောရင်း ဖိလစ်သည် အခန်းကို ကျော်ကာ သော့ကို ပြတင်းပေါက်မှ လွှင့်ပစ်လိုက်ရာ၊ သော့ကလေးသည် အပြင်ဘက်အုတ်ခုံပေါ်သို့ ချွတ်ကနဲမြည်ကာ ကျသွားလေတော့၏။ ကျွန်ုပ်သည် သူ့အား တအံ့တဩငေးမော ကြည့်ရှုလျက်ရှိနေ၏။ ဖိလစ်သည် တစ်ကြိမ်တစ်ခါမျှ ဤကဲ့သို့မလုပ်ခဲ့ဖူးပေ။ ထိုအချိန်၌ မီးများထိန်ထိန်လင်းနေသော ကွက်လပ်ထဲတွင် လူများသည် မျက်နှာချင်းဆိုင်ဘက်ရှိ လမ်းဆီသို့ ကမန်းကတန်း စုပြုံသွားလျက်ရှိကြလေသည်။ ကျွန်ုပ်က ဖိလစ်ဘက်သို့ပြန်၍ လှည့်လိုက်ပြီးနောက်…

"ဖီး… တံခါးဝက ဖယ်ပေးစမ်းပါကွယ်…"

သူသည် ခေါင်းခါလိုက်၏။

"မရူးစမ်းပါနဲ့ မိုက်ရယ်… မောင့်လုပ်စရာ အလုပ်ရှိတယ်"

"အဲဒါကြောင့် ကိုယ်…"

"ဟင့်အင်း…. ဒါမဟုတ်ဘူး… မောင်မသိဘူးလား… ကျွန်မတို့ဆီကို သတင်းပို့တဲ့ လူတွေဟာ ကမန်းကတန်းနဲ့ ရှေ့လောကြီးပြီး သွားမကြည့်တဲ့လူတွေ၊ ပုန်းရင်လဲပုန်းနေတဲ့လူတွေ၊ ဒါမှမဟုတ် ထွက်ပြေးလို့ လွတ်သွားတဲ့ လူတွပဲ မဟုတ်လား"

ကျွန်ုပ်သည် သူ့အား စိတ်ဆိုးခဲ့သော်လည်း သူပြောသည့် စကားသဘောကို ရိပ်စားမိလာ၍ အလွန်အမင်း ဒေါသမထွက်ဘဲ ရပ်တန့်သွားရလေသည်။ ဖိလစ်က ဆက်လက်၍–

"ကျွန်မတို့ ဒီကိုလာတာဟာ ကျွန်မတို့ပြန်သွားပြီးနောက် သူတို့ကို အရေးကြီးတဲ့ အချက်အလက်တွေ ပြန်ပြောဖို့ပဲလို့ ဖရက်ဒီက ပြောလိုက်တယ် မဟုတ်လား…"

"ဒါကတော့… ဟုတ်ပါပြီလေ နို့ပေမယ့်…"

"ဟင့်အင်း… ဒီမှာကြည့်စမ်း"

သူသည် ပြတင်းပေါက်ဆီသို့ သွားပြီးလျှင် ဦးခေါင်းကိုဆတ်၍ ပြလိုက်၏။

လူများသည် ရေစပ်သို့သွားသော လမ်းဆီသို့ စုရုံးသွားနေကြလျက်ပင် ရှိကြသေး၏။ သို့သော် သူတို့သည် လမ်းထဲသို့ ဝင်မသွားကြတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com

လမ်းဝတွင် စုပြုံလျက်ရှိလေသည်။ ထို့နောက် ကျွန်ုပ်ကြည့်နေဆဲမှာပင် ထောင်မြင်ပုံမျိုးနှင့်မတူဘဲ၊ ပြောင်းပြန်ဖြစ်၍ သွားတော့၏။ လူအုပ်ကြီးသည် နောက်သို့ဆုတ်လာရာမှ အပြင်ပိုင်းတွင် ပြိုကွဲစပြုလာလေ၏။ လမ်းထဲမှ ယောက်ျားမိန်းမ အမြောက်အမြား နောက်ထပ်ထွက်လာသဖြင့် လူအုပ်ကြီးအား နောက်သို့ တွန်းထုတ်ပေးသကဲ့သို့ ရှိလေရာ၊ ကွက်လပ်သို့အရောက်တွင် လူအုပ်ကြီးသည် ကစင်ကလျားဖြစ်ကာ ဖရိုဖရဲကွဲ၍ သွားလေတော့သည်။

ကျွန်ုပ်သည် ပြတင်းပေါက်ဆီသို့ နီးကပ်စွာ သွားရောက်ကြည့်ရှုလျက်ရှိရာ ဖိလစ်သည်လည်း တံခါးဆီမှ ကျွန်ုပ်ဆီသို့ ရောက်လာပြီးလျှင် နံဘေးချင်းကပ်၍ ရပ်လိုက်၏။ မကြာမီ လက်ထဲတွင် မှန်အဆင့်ဆင့်တပ်ထားသည့် ရုပ်ရှင်ကင်မရာကိုကိုင်လျက် ကမန်းကတန်း ပြန်၍ ပြေးလာသော တက်(ဒ)ကို လူအုပ်ထဲတွင် တွေ့လိုက်ရ၏။ သို့နှင့် ကျွန်ုပ်က...

"ဘာဖြစ်တာလဲဗျ" ဟု လှမ်း၍ မေးလိုက်လေသည်။

"ဘုရားမှ သိမယ်ဗျို့... လူအုပ်ထဲလဲ မတိုးနိုင်ဘူးဗျ၊ ဟောဟိုလမ်းဆီမှာ လူတွေဗရမ်းဗတာဖြစ်နေတယ်၊ သူတို့တတွေကတော့ အဲဒါကြီး ဒီလမ်းအတိုင်းလာနေပြီလို့ ပြောနေကြတယ်။ အဲဒါကြီးက ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ လာလို့ရှိရင်တော့ ကျုပ်ပြတင်းပေါက်ကနေပြီး ရအောင်ရိုက်ယူလိုက်မယ်။ လူအုပ်ထဲမှာတော့ ဒီဟာနဲ့ ရိုက်လို့မရဘူးဗျ"

သူသည် နောက်သို့ ပြန်၍ လှည့်ကြည့်ပြီးနောက် ကျွန်ုပ်တို့အောက်ဘက်ရှိ ဟော်တယ်တံခါးပေါက်အတွင်းသို့ ဝင်ကာ ပျောက်ကွယ်သွားလေသည်။

လူများသည် ကွက်လပ်ထဲသို့ အတင်းဒလကြမ်း တိုးဝင်လာကြပြီးလျှင် ပြေးလွှားရန် နေရာတွေ့သည်နှင့် တစ်ပြိုင်နက် ခြေဦးတည့်ရာ ပြေးကြလေတော့၏။ နောက်ထပ် သေနတ်သံများကိုလည်း မကြားရတော့ချေ။ သို့သော် လမ်းတိုကလေး၏ အခြားဘက်ကျွန်ုပ်တို့မမြင်ရသော လမ်းအဆုံးဆီမှ အော်သံဟစ်သံများကို အချိန်မှန်မှန်လိုလို ကြား၍နေရလေသည်။

ဟော်တယ်သို့ ပြန်လာကြသူများအထဲတွင် ဒေါက်တာ ဗော့ကာနှင့် ဆေးယာဉ်မောင်းသမား ပွန်နီတာလ်တန်တို့လည်းပါရှိ၍ ဗော့ကာသည် အောက်၌ ရပ်လိုက်ပြီးနောက် အပေါ်သို့လှမ်း၍ ခေါ်လိုက်လေသည်။ ထိုအခါ ပြတင်းပေါက် အသီးသီးမှ ဦးခေါင်းများ ပြူထွက်လာလေရာ သူသည် ဦးခေါင်းများကို လှည့်ပတ်ကြည့်ရှုလိုက်ပြီးနောက်...

"အယ်လ်ဖရက်တစ်ယောက် ဘယ်မှာလဲ"

မည်သူတစ်ဦးတစ်ယောက်မျှ သိပုံမပေါ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်ယောက်ကများ သူ့ကို တွေ့လို့ရှိရင် အထဲကို ခေါ်ထားလိုက်စမ်းပါ၊ ကျုန်တဲ့လူတွေ အားလုံးကိုယ့်နေရာမှာ ကိုယ်နေကြ။ တတ်နိုင်သရွေ့လဲ အကဲခတ် လေ့လာကြည့်ကြ၊ ဒါပေမယ့် နောက်ထပ်ဘာမှ အကျိုးအကြောင်း မသိရသေးခင်၊ သိပ်ပြီး အတင့်မရဲကြနဲ့နော်... တက်(၁) မင်းမီးတွေ အားလုံး ဖွင့်လိုက်စမ်းကွယ်... လက်စလီ..."

"ကျွန်တော် ခရီးဆောင်ရကော်ဒါကလေးနဲ့ အခုသွားမယ်လို့ ဆဲဆဲပဲ ဒေါက်တာ" ဟု လက်စလီက ပြန်ပြောလိုက်၏။

"ဟင့်အင်း... မင်းသွားဖို့ မလိုဘူး၊ မင်း သဘောကျရင် အသံချဲ့စက်ကို ပြတင်းပေါက် အပြင်ဘက်မှာ တွဲလောင်းချထားပေါ့၊ ဒါပေမယ့် မင်းကတော့ အကွယ်အကာယူထားနော်၊ အခု လောလောဆယ် ဒီအတိုင်းပဲ၊ အားလုံး အကာအကွယ်ယူ ထားကြပါ"

"နို့ပေမယ့် ဒေါက်တာ... အဲဒါဘာလဲ... ဘာလဲ..."

"ကျုပ်တို့ မသိဘူးလေ ဒါကြောင့် လူတွေဟာ ငယ်သံပါအောင် ဘာဖြစ်လို့ အော်နေကြသလဲဆိုတဲ့အကြောင်း မသိရသေးခင် အတွင်းမှာပဲ ကျုပ်တို့ နေရမယ်လို့ ပြောတာပေါ့။ မစ္စဖလင်းကော ဘယ်ရောက်နေသလဲ ဟင်...၊ အော် လက်စသပ်တော့ မင်းက ဟိုမှာကိုး...၊ အင်း ကောင်းပြီ၊ ကဲ... ဆက်သာကြည့်နေပေတော့ မစ္စဖလင်း..."

သူသည် ဂျွန်နီဘက်သို့လှည့်၍ စကားအနည်းငယ် ပြောဆိုနေခဲ့သော်လည်း ကျွန်ုပ်တို့ မကြားရပေ။ ဂျွန်နီသည် ဦးခေါင်းကို ညိတ်လိုက်ပြီးနောက် ဟော်တယ်၏နောက်ဘက်သို့ လှည့်ဝင်သွားလေသည်။ ဗော့ကာကိုယ်တိုင်လည်း ကွက်လပ်ကို ကျော်၍ တစ်ဖန်လှမ်းကြည့်လိုက်ပြီးနောက် အထဲသို့ ဝင်လာ၍ တံခါးကို ပိတ်လိုက်လေသည်။

ကွက်လပ်ကြီးတွင် အဖက်ဖက်သို့ ပြေးလွှားနေသူများ၊ ကမန်းကတန်း လျှောက်သွားနေသူများနှင့် ဖရိုဖရဲဖြစ်ကာ ရှုပ်ထွေးလျက်ရှိနေတော့၏။ သို့သော် လမ်းထဲမှ လူများထွက်ပေါ်လာသည်ကို မတွေ့ရတော့ပေ။ အခြားတစ်ဖက်မှ ဆေးရာသို့ ရောက်သွားကြသူများသည် အကယ်၍ လိုအပ်လျှင် အလွယ်တကူလျင်မြန်စွာ ခုန်၍ဝင်နိုင်ရန် တံခါးပေါက်အနီးတွင် ဖြစ်စေ၊ သို့မဟုတ် လမ်းကြားများ အနီးအနားတွင်ဖြစ်စေ ငေးတေးတေး ယောင်တောင်တောင် လုပ်ကာ နောက်သို့ ပြန်၍လှည့်ကြည့်လျက်ရှိကြ၏။ သေနတ်များ သို့မဟုတ် ရိုင်ဖယ်များကို ကိုင်ဆွဲထားသော လူ ၆ ယောက်တို့သည် အုတ်များစီထားသည့် လမ်းပေါ်တွင် အလျားမှောက်ချလိုက်ပြီးနောက် လက်နက်များအားလုံးကို လမ်းထိပ်သို့လှည့်၍ ချိန်ထားကြ၏။ အားလုံးပင် ယခင်ကထက် ပို၍ ငြိမ်သက်လာတော့၏။ ငိုရှိုက်သံအနည်းငယ်မှတစ်ပါး တစ်စုံတစ်ရာကိုမျှ



www.burmeseclassic.com

www.burmeseclassic.com



အောင့်အီးနေဘိသကဲ့သို့ မြင်ကွင်းတစ်ခုလုံးသည် တိတဆိတ်ငြိမ်သက်လျက် ရှိနေလေသည်။ ထို့နောက်၌ နောက်ဘက်ဆီတွင် တစ်စုံတစ်ရာကို ကြိတ်ချေ ကုတ်ခြစ်နေသံများကို ကြား၍လာရလေသည်။ ထိုအသံများမှာ ကျယ်ကျယ် လောင်လောင်မဟုတ်သော်လည်း ကြား၍လာတော့၏။

ဘုရားရှိခိုးကျောင်းအနီးရှိ အိမ်ကလေးတစ်လုံးမှ တံခါးပွင့်လာပြီး နောက် အမည်းရောင် ဝတ်လုံရှည်ကြီး ဝတ်ဆင်ထားသော ဘုန်းတော်ကြီးတစ်ပါး ထွက်လာလေသည်။ ထိုအခါ အနီးအနားတွင်ရှိနေသော လူအတော်ခပ်များများသည် သူ့ဆီသို့ ပြေးသွားပြီးနောက် ၎င်း၏ ပတ်လည်တွင် ဒူးထောက်လိုက်ကြ၏။ ဘုန်းတော်ကြီးသည် လူအားလုံးအား ကာကွယ်ပေးမည့် လက္ခဏာမျိုးဖြင့် သူ၏ လက်နှစ်ဖက်ကို ဆန့်တန်းလိုက်လေသည်။

လမ်းကျဉ်းကလေးမှ ထွက်လာသောအသံမှာ လေးလံသော သတ္တုထည်ကြီးတစ်ခုကို ကျောက်တုံးပေါ်တွင် ဒရွတ်တိုက် ဆွဲလိုက်သဖြင့် ထွက်ပေါ်လာသော အသံမျိုးဖြစ်၏။

ရိုင်ဖယ်သုံးလေးလက်ကို ရုတ်တရက် ပြိုင်တူလိုလိုပင် ပစ်ခတ်လိုက်၏။ ကျွန်ုပ်တို့၏ ရှုထောင့်မှနေ၍ သူတို့ပစ်ခတ်နေသည့်အရာကို မတွေ့နိုင်သေးသော်လည်း သူတို့သည် သေနတ်တစ်လက်လျှင် ကျည်ဆံအတော်များများဆီ ပစ်ခတ်ခဲ့ကြလေသည်။ ထိုနောက် လူများသည် ခုန်ထကာ နောက်သို့ ပြန်ဆုတ်ပြေးလာကြပြန်ရာ ကွက်လပ်အတွင်းသို့ပင် ရောက်လုနီးနီးဖြစ်နေတော့၏။ ထိုနေရာတွင် သူတို့သည် ပြန်၍လှည့်ကာ သေနတ်များကို ထပ်မံ ယမ်းထိုးကြပြန်လေသည်။

လမ်းဆီးမှ သစ်သားများ ကျိုးပဲ့သံနှင့် အုတ်များ မှန်များ ပြိုလဲကျွံ ရွှသံများ ပေါ်လာတော့၏။

ထို့နောက်တွင်ကား ကျွန်ုပ်တို့သည် 'ပင်လယ်တင့်ကား' ကြီးတစ်စင်းကို ပထမဆုံးအကြိမ် တွေ့မြင်ကြရတော့၏။ ခပ်မွဲမွဲမီးခိုးရောင်ဖြစ်၍ ခပ်ကုန်းကုန်း ခပ်ခုံးခုံးရှိနေသည့် သတ္တုထည်အရာဝတ္ထုကြီးတစ်ခုသည်ကား မည်သည့်နေရာကိုမျှ ဂရုမစိုက်သကဲ့သို့ အုတ်များစီထားသည့် လမ်းတစ်လျှောက် ကြိတ်ချေကုပ်ခြစ်ကာ ခပ်ဖြည်းဖြည်း ခပ်လေးလေးလာလျက်ရှိလေသည်။ ၎င်းသည် ကျွန်ုပ်တို့ရှိရာမှ လက်ယာဘက်ဖြစ်သော ဘုရားရှိခိုးကျောင်းဘက်သို့ အတန်ငယ် ယိမ်းယိုင်ကာ ထောင့်အိမ်တစ်အိမ်ကို နောက်ထပ် တိုက်ဖျက်သယ်ယူသွားပြန်ရာ အင်္ဂတေများ, အုတ်ခဲများနှင့် ထုပ်လျှောက်များပါ ၎င်း၏အပေါ်သို့ ကျရောက်ပြီးနောက် နံဘေးမှ လျောကျသွားလေ၏။ သို့သော် အရာဝတ္ထုကြီးကား မည်သို့မျှမဖြစ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ၎င်းအား ကြည်ဆံအတော်များ လာရောက်ထိမှန်ပြန်၏။ အချို့ ကျည်ဆံများလည်း ဝိုးကနဲတောက်၍ မှန်သွား၏။ သို့သော် ၎င်းသည် ခပ်မှန်မှန်လာရာမှ တစ်နာရီလျှင် ၃ မိုင်ထက်လျော့သောနှုန်းထားဖြင့် ကွက်လပ်အတွင်းသို့ တိုးဝင်၍ လာနေရာ တွန်းလှန်၍ မရနိုင်အောင်ပင် ထုထယ်အင်အားကြီးမားလှပါပေသည်။ မကြာမီ ကျွန်ုပ်တို့သည် ၎င်း၏ ကိုယ်ထည်ကြီးတစ်ခုလုံးကို ကောင်းစွာတွေ့မြင်နိုင်ခဲ့လေပြီ။

အလျားရှည်သည့် ဥတစ်လုံးကို အရှည်လိုက် ထက်ခြမ်းခြမ်းလိုက်ပြီးနောက် အချွန်ပိုင်းကို ရှေ့ဘက်တွင်ထား၍ ဖြတ်ရာရှိအပိုင်းကို မြေပေါ်၌ချထားသည့် ပုံသဏ္ဍာန်ကို စိတ်ကူး၍ ကြည့်ပါလေ။ ဥလုံးကြီးမှာ ပေ ၃၀ နှင့် ၃၅ ပေအကြားတွင်ရှိ၍ အရောင်အဆင်းမှ ခပ်မှိန်မှိန် ခပ်မွဲမွဲ ခဲရောင်မျိုးရှိသည်ဟု ဆက်လက်တွေးကြည့်လျှင် ကျွန်ုပ်တို့မြင်ရသော ပင်လယ်တင့်ကားကြီး၏ အသွင်သဏ္ဍာန်ကို အသင့်အတင့် သဘောပေါက်ပေလိမ့်မည်။

၎င်းအား မည်ကဲ့သို့ ထိန်းသိမ်းခုတ်မောင်းသွားသည်ကို ကျွန်ုပ်တို့ တွေ့မြင်ခွင့်မရခဲ့ပေ။ အောက်ဘက်တွင် ဒလိမ့်တုံးများ ရှိကောင်းရှိမည် ဖြစ်သော်လည်း အသံမြည်ခြင်းမှာ သတ္တုဝမ်းပိုက်ဖြင့် ရှေ့သို့ပွတ်တိုက် တွန်းတိုးသွားနေသောကြောင့် ဖြစ်ဟန်တူ၏။ စက်ကိရိယာသံကြောင့်လည်း မဟုတ်ပေ။ ၎င်းသည် တင့်ကားကဲ့သို့ ဆတ်ခနဲလှည့်၍ မသွားသည့်ပြင်၊ မော်တော်ကားကဲ့သို့လည်း လက်ကိုင်ဘီးဖြင့် ထိန်းပေးခြင်းမျိုးလည်း မရှိပေ။ ၎င်း၏နောက်တွင် နောက်ထပ်တစ်စင်း လိုက်ပါလာရာ၊ ထိုတစ်စင်းမှာလည်း ပထမအစင်းကဲ့သို့ပင် တိတိကျကျ ပုံတူပြုလုပ်ထားသည့် အစီအမံမျိုးပင် ဖြစ်လေသည်။ ၎င်းသည် ကျွန်ုပ်တို့ရှိရာ လက်ဝဲဘက်သို့ တိမ်းစောင်းရွေ့လျားလာရာ၊ ပို၍ နီးကပ်သော လမ်းထောင့်ချိုးရှိ အိမ်များကျက်နှာစာကို တိုက်ဖျက် သယ်ယူလာပြန်၏။ တတိယအစင်းကမူ ကွက်လပ်၏အလည်သို့ တည်းတည့်ကြီး ထိုးဝင် ရွေ့လျားလာပြီးနောက် ရပ်သွားလေသည်။

အဝေးဘက်အစွန်းတွင် ဘုန်းကြီး၏ပတ်လည်၌ ဝိုင်းရန် ဒူးထောက်နေကြသော လူအုပ်သည်လည်း ကမန်းကတမ်းထ၍ ထွက်ပြေးကြလေ၏။ ဘုန်းကြီးသည် ထိုတင့်ကားကြီးလာသည့် လမ်းမှ ရပ်တန့်ကာဆီး၍ နေသကဲ့သို့ရှိနေ၏။ သူသည် လက်ဝါးကပ်တိုင် ကိုင်ထားသော လက်ယာဘက်လက်ကို ဆန့်တန်းကာ လက်ဝဲဘက်လက်ကိုမူ တင့်ကားကြီးအား ရပ်တန့်စေလိုသည့် လက္ခဏာဖြင့် မြှောက်ပြထား၏။ သို့သော် ထိုအရာဝတ္ထုကြီးသည် ထိုနေရာတွင် လူမရှိသကဲ့သို့ မြန်လည်းမမြန်၊ နှေးလည်းမနှေးဘဲ လာမြဲလာလျက် ရှိလေသည်။ ၎င်းသည် ထိုနေရာသို့အရောက်၌ ခပ်ခုံးခုံးရှိနေသော [illegible]အားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးအား ဝင်၍ တိုက်မိသဖြင့် အတန်ငယ်လွင့်စင်သွား၏။ ထို့နောက် တင့်ကားကြီးလည်း ရပ်သွားလေသည်။

စက္ကန့်အနည်းငယ်မျှကြာသောအခါ ကွက်လပ်မှ ကျွန်ုပ်တို့ဘက်သို့ အတန်ငယ်ရောက်ရှိနေသော ပင်လယ် တင့်ကားသည် အချက်ပြ၍ ထားသကဲ့သို့ ရပ်သွားပြန်လေသည်။

သို့နှင့် ကွက်လပ်အတွင်းတွင် တစ်ခုနှင့်တစ်ခု အကွာအဝေး ခပ်ညီညီ ရပ်လျက်ရှိကြသော တင့်ကားများကိုကြည့်ရင်း ကျွန်ုပ်က... "တပ်သားတွေကတော့... သူတို့ ဗထမဆုံးတိုက်မယ့်နေရာကို တိုက်ဖို့ ရင်ဘောင်တန်းနေကြတာပဲ ဒါဟာ အမှတ်တမဲ့ လုပ်တဲ့ကိစ္စမဟုတ်ဘူး ကဲ... ဒီတော့ ကိုယ်တို့ ဘာလုပ်ကြမလဲ"ဟု ဖီလစ်အား ကျွန်ုပ်က လှမ်း၍ ပြောလိုက်၏။

မိနစ်ဝက် နီးပါးမျှကြာသည့်တိုင်အောင် တစ်စုံတစ်ရာ ဖြစ်ပေါ်လာခြင်းမရှိပေ။ ကြိုးကြား သေနတ်ဖြင့် ပစ်ခတ်မှုများလည်း ယခင်ကထက် အတန်ငယ် ပိုမိုများပြားလာ၏။ လူများသည် ပြတင်းပေါက်များမှနေ၍ ပစ်ခတ်လျက်ရှိကြရာ ကွက်လပ်ပတ်ဝန်းကျင်ရှိ ပြတင်းပေါက်များမှာ ပစ်ခတ်သူများ ကြည့်ရှုသူများနှင့်ပြည့်နှက်လျက် ရှိလေသည်။ ပစ်ခတ်သမျှသည်လည်း တစ်စုံတစ်ရာ အကျိုးမရှိဘဲ ကျည်များ ပြန်၍ထွက်စင်လာသည့် ဘေးအန္တရာယ်ကိုပင် ကြောက်၍နေရတော့၏။

"ကြည့်စမ်း... ကြည့်စမ်း... ဟောဒီဟာကြီး ပူထွက်လာနေတယ်"ဟု ဖီလစ်က အလန့်တကြား ပြောလိုက်၏။

သူသည် အနီးဆုံး တင့်ကားကို ညွှန်ပြပြောဆိုခြင်းဖြစ်၏။ တင့်ကားကြီးမှာ ယခင်က ရှေ့ပိုင်းမှ နောက်ပိုင်းအထိ ခပ်ပြေပြေရှိနေရာမှ အလည်တည့်တည့်တွင် ခပ်ခုံးခုံး စူထွက်လာသည်ကို တွေ့မြင်ရ၏။ ထိုနေရာ အောက်ဘက်ရှိ သတ္တုရောင်ထက် အတန်ငယ်ဖျော့တော့ပြီးလျှင် အလင်းရောင်ကို တစ်ဝက်တစ်ပျက် ပိတ်လျက် ခပ်ဖြူဖြူ ခပ်ဝါးဝါးရှိနေ၏။ ထို့ပြင်လည်း မီးမောင်းများအောက်တွင် စေးထန်းထန်း အရည်များဖြင့် သုတ်လိမ်းထားသကဲ့သို့ ပြောင်လက်လျက် ရှိနေလေသည်။ ကျွန်ုပ်တို့ ကြည့်နေဆဲမှာပင် ထိုအခုံးကြီးသည် တဖြည်းဖြည်း ဖောင်းပွကြီးမား၍ လာလေသည်။

ဖီလစ်။ ။ "အားလုံး ဒီလိုချည်းဖြစ်လာတယ်၊ ကြည့်စမ်း"

ထိုအချိန်တွင် သေနတ်သံတစ်ချက် ကြားလိုက်ရ၏။ စူထွက်လာသော အခုံးကြီးသည် ဆက်လက်ကြီးထွားမြဲ ကြီးထွားလျက်ရှိ၏။ ယခုအချိန်၌မူ အလွန်လျှင်မြန်စွာ ကြီး၍လာနေ၏။ ထိုအချိန်၌ကား ၎င်းမှာ ခပ်ခုံးခုံးမဟုတ်တော့ဘဲ ခပ်လုံးလုံးဖြစ်လာ၍ တင့်ကားသတ္တုပြင်နှင့် လည်ပင်းကလေးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်သာ ဆက်၍နေပြီးလျှင် မီးပုံပျံကဲ့သို့ ဖောင်းပွ၍လာကာ ထိုမှဤမှ အတန်ငယ် လှုပ်ရှားလျက်ရှိနေလေသည်။ ဖိလစ်က စိုးရိမ်တကြီးဖြင့် –

"ဟော ပေါက်တော့မယ် ကြည့်"

ကျွန်ုပ်။ ။ "အဲဒါကြီး နောက်ဘက်ကလဲ တစ်ခုတက်လာပြန်ပြီ နောက်ထပ်လဲ နှစ်ခုတောင်မှပါကလား ကြည့်လိုက်စမ်း"

ပထမဆုံး စူထွက်လာသည့် အရာသည် ပေါက်ကွဲ၍ မသွားချေ။ ယခုအချိန်တွင် အချင်း ၂ ပေခွဲခန့်ပင် ရှိနေပြီဖြစ်သော်လည်း ဆက်လက်၍ ကြီးထွားနေဆဲပင်ဖြစ်၏။

"မကြာခင် ကွဲတော့မှာပါဘဲ" ဟု ဖိလစ်သည် တစ်ကိုယ်တည်း ရေရွတ်လိုက်၏။ သို့သော် တစ်စုံတစ်ရာ ပေါက်ကွဲခြင်း မရှိသေးဘဲ အချင်း ၅ ပေခန့်အထိ ဆက်လက်ကြီးထွားလာလေသည်။ ထိုခဏတွင် ကြီးသွားခြင်း ရပ်သွားလေရာ၊ ၎င်းမှာ စက်ဆုပ် ရွံရှာဖွယ်ကောင်းသော ဘောလုံးဗလာဒါကြီးနှင့်ပင် တူ၍နေတော့၏။ နောက်ဆုံးတွင် အရင်းမှပြတ်ထွက်သွားကာ ပေါက်ကွဲလုမတတ် ဖြစ်နေသော ဘူပေါင်းကြီးတစ်လုံးကဲ့သို့ ဒယိမ်းဒယိုင် ပိန်ချည်ဖောင်းချည်ဖြင့် လေထဲသို့ ထိုးတက်သွားလေသည်။

ဘူပေါင်းကြီးသည် သက်ရှိရုပ်ကာလပ်များ စုဝေးနေသည့် အစုအဝေး တစ်ခုသဖွယ် ကောင်းကင်သို့ ၁၀ ပေ သာသာခန့် ယိမ်းထိုးလျက်ရှိနေရာမှ ငြိမ်သက်သွားပြီးလျှင် အတိအကျ ဝိုင်းဝန်းသော အလုံးကြီးတစ်ခု ဖြစ်သွားတော့၏။ ထို့နောက်၌ကား ၎င်းမှာ ရုတ်တရက် တစ်စုံတစ်ရာ ဖြစ်လာတော့၏။ ပေါက်ကွဲ၍လည်း မည်သည့်အသံမျှလည်း ထွက်မလာဘဲ ရုတ်ခြည်းပွင့်အာလာပြီးလျှင် အဖြူရောင် 'ဆီလီယာ' ခေါ် မြောက်မြားစွာသော အမွေးအမြှင်များ နေရာတိုင်းသို့ ပြန့်ထွက်၍လာလေသည်။

ကျွန်ုပ်တို့နှစ်ယောက်စလုံးပင် ထိုအရာကြီးမှ ဝေးသည်ထက်ဝေးအောင်နောက်သို့ ပြန်၍ခုန်လိုက်ကြ၏။ ဤကဲ့သို့ ပြုလုပ်ခြင်းမှာ ဝမ်းထဲမှ အသိစိတ်က အလိုအလျောက် ပြုလုပ်မိကြခြင်းဖြစ်လေသည်။ အဖြူရောင် ကြာပွတ် ကြိုးရှည်များနှင့် တူသော အမွေး ၄–၅ ချောင်းသည် ပြတင်းမှ တိုးဝင်လာပြီးနောက် ကြမ်းပေါ်သို့ ကျသွား၏။ ၎င်းတို့သည် ကြမ်းပြင်နှင့် ထိမိလျှင် ထိမိချင်း နောက်သို့ပြန်၍ ကြွသွား၏။ ဖိလစ်သည် စူးစူးဝါးဝါး တစ်ချက်အော်လိုက်သဖြင့် ကျွန်ုပ်က လှည့်ကြည့်လိုက်ရာ 'ဆီလီယာ' ကြိုးမျှင်များ အားလုံးသည် ကြမ်းပေါ်တွင်မကျဘဲ၊ ကြိုးမျှင်တစ်ချောင်း၏ ၆ လက်မခန့်ရှိသော အဖျားပိုင်းသည် ဖိလစ်၏ ညာဘက်လက်မောင်းကို ရုတ်တရက် လာ၍ထိကပ်လေသည်။ ကြိုးမျှင်ကပြန်၍ ကြွးယူဆွဲငင်လိုက်ရာတွင် ဖိလစ်၏ လက်မောင်းမှာ ပြတင်းပေါက်ဆီသို့ ဒရွတ်ဆွဲကာ ပါသွားလျက်ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com


ဖိလစ်သည် နောက်သို့ပြန်၍ ရုန်းနေရုံမျှမက အခြားလက်တစ်ဖက်ဖြင့်လည်း ကြိုးမျှင်ကို လက်မောင်းမှ ခွာပစ်ရန် ရုန်းကန်ကြိုးစားလျက်ရှိနေ၏။ သို့သော် ၎င်းနှင့်ထိသော လက်ချောင်းများမှာ ထိမိလျှင်ထိမိချင်း ကပ်၍ နေပြန်တော့၏။

"ဖိလစ်သည် "မိုက်... မိုက်... လုပ်ပါဦး" ဟု အလန့်တကြား ဟစ်အော်လိုက်၏။

သက်ရှိကြိုးမျှင်များမှာ ဖိလစ်အား အတင်းထုတ်ဆွဲလျက်ရှိလေရာ တင်း၍နေသော လေးညို့နှင့်ပင် တူ၍နေတော့၏။ သူသည် ပြတင်းပေါက်ဘက်သို့ နစ်လုမ်းသုံးလှမ်းမျှပါ၍သွားလေရာ ထိုအခါမှ ကျွန်ုပ်လည်း ၎င်းထံသို့ ဒိုင်ဗင်ထိုး၍ ဝင်ရောက်ဖမ်းလိုက်နိုင်တော့၏။ ဖိလစ်မှာ ကျွန်ုပ်ခုန်၍ ဖမ်းလိုက်သော အရှိန်ကြောင့် အခန်းဘက်သို့ ပြန်၍ ရောက်သွားလေသည်။ သို့နှင့်ပင် လွတ်ထွက်မသွားသေးချေ။ သို့သော် ပြတင်းပေါက်မှ တည့်တည့် မဆွဲနိုင်တော့ဘဲ ဒေါင့်ချိုးတစ်ခုကို ပတ်၍ ဆွဲနေရသဖြင့် အနေအထားပျက်၍ သွားကာ တိုက်ရိုက်ဆွဲအားမရှိတော့ပေ။ သို့တိုင်အောင် အတင်းဆွဲလျက်ပင် ရှိနေသေး၏။ ထိုအခါ ကျွန်ုပ်မှာကြမ်းပြင်ပေါ်တွင် လဲကျနေပြီဖြစ်ရာ၊ ပို၍ အားယူနိုင်ရန် ခုတင်ကို တကောက်ကွေးဖြင့် ချိတ်ထားလိုက်ပြီးနောက် အင်အား ရှိသမျှ အစွမ်းကုန်တောင့်၍ထားလိုက်၏။ အကယ်၍ ဖိလစ်ကိုရွေ့လျားစေ လိုက ကျွန်ုပ်နှင့်တကွ ခုတင်ကိုပါ ပါအောင်ဆွဲယူရမည်ဖြစ်၏။ ထိုခဏ၌သို့ပင် ဆွဲယူလေမည်လောဟု ထင်မိ၏။ ဖိလစ်သည် ငယ်သံပါအောင် အော်လိုက်ပြီးနောက် ရုတ်ခြည်းပင် တောင့်တင်းမှုမရှိတော့ဘဲ ပျော့ခွေ၍သွား လေတော့၏။

ကျွန်ုပ်သည် ပြတင်းပေါက်မှ နောက်ထပ် တစ်စုံတစ်ရာ ဝင်လာ ဦးမည့်လမ်းမှ လွတ်အောင် အခြားတစ်ဘက်သို့ တွန်းလှိမ့်ပေးလိုက်၏။ ဖိလစ် ထား မေ့၍နေရှာလေပြီ။ သူ၏ လက်ယာဘက်လက်မောင်းမှ အရေပြားမှာ ၆ လက်မမျှ စုတ်ပြတ်ပါသွားပြီးလျှင် လက်ဝဲဘက် လက်ချောင်းများမှလည်း အရေပြားများ စုတ်ပြတ်သွားလေရာ အရေပြား ကွာသွားသောနေရာများမှ အသားပေါ်တွင် သွေးများထွက်လျက်ရှိနေ၏။

အပြင်ဘက် ကွက်လပ်ဆီ၌ကား လူများအော်ဟစ်မြည်တမ်းကာ ရှုန်းရင်းဆန်ခတ်ဖြစ်နေကြ၏။ ကျွန်ုပ်သည် အရဲစွန့်၍ ပြတင်းပေါက်မှ ခေါင်း ပြူ၍ကြည့်လိုက်ရာ၊ ပေါက်ကွဲသော အရာသည် လေထဲတွင် မရှိတော့ချေ။ ၎င်းမှာ ယခုအခါ ကြိုးမျှင်များ ဖြာထွက်ဝိုင်းရံလျက်ရှိသော အချင်း ၂ ပေ ခန့်ထက် မပိုသည့် ဝိုင်းဝန်းသော ကိုယ်ထည်ကြီးတစ်ခုသာ ဖြစ်၍နေတော့၏။ ၎င်းသည် ဆွဲယူဖမ်းမိသမျှသော အရာဝတ္ထုများနှင့်တကွ သက်ရှိကြိုးမျှင်များကို ၎င်းဆီသို့ ပြန်၍ဆွဲယူနေလျက်၊ တင်း၍ထားရသည့်အားကြောင့် မြေကြီးမှ


www.burmeseclassic.com

www.burmeseclassic.com



အတန်ငယ် လွတ်ထွက်လျက်ရှိ၏။ ရစ်ပတ်ဆွဲယူခြင်း ခံရသော လူအချို့မှာ အော်ဟစ် ရုန်းကန်နေဆဲပင်ဖြစ်ရာ အချို့မှာမူ အငတ်ထုတ်ကြီးများပမာ မလှုပ်မယှက် ရှိနေကြ၏။

ထိုလူများထဲတွင် ကျွန်ုပ်သည် သနားဖွယ်ကောင်းသော မျှုရိုယယ် ဇလင်းကို မြင်လိုက်ရ၏။ မိန်းကလေးမှာ ပက်လက်လန်လျက်ရှိရာမှ ၎င်း၏ နီရဲသော ဆံပင်များကို သက်ရှိမှာမောင်းမြင်များက အုပ်စီးထားသော လမ်းတစ် လျှောက် ဒလကြမ်းဆွဲယူသွားလျက် ရှိနေလေသည်။ သူသည် ပြတင်းပေါက်မှ ဆွဲယူခြင်း ခံရလိုက်ရသည့်အချိန်ကပင် အောက်သို့ လိမ့်ကျသွားပြီးနောက် အတော်ပင် ထိခိုက်ဒဏ်ရာရခဲ့ရာ၊ ဤကဲ့သို့ ဆွဲသွားခြင်းခံရစဉ်၌ပင် ကြောက် လန့်တကြား ဟစ်အော်ငိုကြွေးလျက် ရှိလေ၏။ 'လက်စလီ' မှာမူ သူနှင့် အတူ ယှဉ်လျက် ဆွဲယူသွားခြင်းမခံရသော်လည်း ပြတင်းပေါက်မှ အောက် သို့လိမ့်ကျစဉ်ကပင် ဇက်ကျိုး၍ သွားခဲ့ပုံရလေသည်။

အဝေးဘက်တွင် လူတစ်ယောက်သည် ရှေ့သို့အတင်းတိုးထွက်လာ ကာ ဟစ်အော်မြည်တမ်းလျက်ရှိသော မိန်းမတစ်ယောက်အား အတင်းပြန်၍ ဆွဲယူရန် ကြိုးစားလျက်ရှိနေသည်ကို မြင်ရ၏။ သို့သော် ထိုသူသည် ထိုမိန်းမ ကို ဆွဲထားသည့် သက်ရှိကြိုးမျှင်များကို ထိမိသည်နှင့်တစ်ပြိုင်နက် သူ၏လက် သည်လည်း ကပ်ငြိသွားပြီးနောက် သူတို့နှစ်ယောက်စလုံးပင် တစ်ပါတည်း ဆွဲယူသွားခြင်း ခံရလေသည်။

ရစ်ပတ်ဆွဲငင်လျက်ရှိနေသော စက်ဝိုင်းသည် တဖြည်းဖြည်း ကျဉ်း လာရာ၊ အဖြူရောင် 'ဆီလီယာ' သက်ရှိ ကြိုးမျှင်များသည်လည်း တစ်ခုနှင့် တစ်ခု ပိုမိုနီးကပ်သွားကြကုန်၏။ လှုပ်ရှားရုန်းကန်လျက်ရှိနေကြသူများသည် လည်း နောက်ထပ် ကြိုးမျှင်များနှင့် ထိကပ်မိပြန်သောအခါ ယခင်ကထက် ပို၍ ကပ်ငြိရှုပ်ထွေးသွားပြီးလျှင် မည်သို့မျှ မတတ်နိုင်အောင်ရှိနေတော့၏။ ၎င်းတို့သည်ကား ယင်ဖမ်းသောစက္ကူချပ်ပေါ်တွင် ယင်ကောင်များကဲ့သို့ ရုန်း ကန်လှုပ်ရှားလျက် ရှိနေကြပြန်၏။ ထိုအဖြစ်အပျက်များမှာ မကြည့်ရက်စရာ ရက်ရက်စက်စက် နိုင်ရုံမျှမက နေးကွေးလေးကန်စွာ ဖြစ်ပျက်ခဲ့သောကြောင့် အနေးရိုက် ကင်မရာဖြင့် ပိတ်ကားပေါ်တွင် ကြည့်နေရသည့်အလား အသည်း နှလုံး တုန်လှုပ်ချောက်ချားဖွယ် ကောင်းလှတော့၏။

ထို့နောက် ပုံပန်းမကျသော ဘူပေါင်းကြီးတစ်ခုသည် ပိန်ချည်ဖောင်း ချည်ဖြင့် လေထဲသို့ တက်သွားပြန်ရာ ကျွန်ုပ်လည်း ထိုအလုံးကြီး ကွဲမသွားမီ နောက်သို့ဆုတ်ကာ အိမ်ထဲသို့ ပြန်၍ ဝင်လိုက်ရတော့၏။

နောက်ထပ် ကြိုးမျှင်အဖြူရောင် သုံးချောင်းသည် ပြတင်းပေါက်မှ တိုးဝင်လာပြီးလျှင် ကြမ်းပြင်ပေါ်သို့ ကျလာပြီးနောက် တဖြည်းဖြည်း နောက်



www.burmeseclassic.com

www.burmeseclassic.com



သို့ပြန်၍ ဆုတ်သွားကြ၏။ ၎င်းတို့ ပျောက်ကွယ်သွားသောအခါ ကျွန်ုပ်လည်း ပြတင်းပေါက်မှထွက်၍ အပြင်သို့ ကြည့်လိုက်ပြန်လေသည်။ ကွက်လပ်တစ်ခိုက်ရှိ နေရာအနှံ့အပြားတွင် လူများဖြင့် ထွေးလုံးရစ်ပတ်နေသည့် အထုံးကြီးများ၌ကား လူများသည် မည်သို့မျှ မတတ်နိုင်ဘဲ အပြင်းအထန် ရုန်းကန်လှုပ်ရှားနေဆဲပင်ရှိနေ၏။ ကျွန်ုပ်တို့နှင့် အနီးဆုံးရှိနေသည့် အထုံးကြီးမှာ လူကောင်းများကို တင်းကြပ်သည်ထက် တင်းကြပ်အောင် အတွင်းသို့ ကြုံဝင်ဆွဲယူလျက်ရှိလေရာ ထိုအလုံးကြီးမှ အနည်းငယ်မျှသော လက်နှင့် ခြေထောက်များသည် အပြင်သို့ ပရမ်းပတာ မွေ့ယမ်းလျက်ပင် ရှိနေသေး၏။ ထို့နောက် ကျွန်ုပ်ကြည့်နေခိုက်တွင်ပင် လူကောင်းများ စုရုံးမိပြီဖြစ်သော အလုံးကြီးသည် ကွက်လပ်ကို ကျော်ဖြတ်ကာ ပင်လယ်တင့်ကားကြီးများ တက်လာခဲ့သည့် လမ်းဆီသို့ လိမ့်၍ သွားလေတော့၏။

စက်များ သို့မဟုတ် မည်သည့် အရာဝတ္ထုဟူ၍ မသိရသည့် အရာများသည် ရပ်ထားသည့်နေရာများ၌ပင် ရှိနေကြသေး၏။ ၎င်းတို့မှာ ပုံသဏ္ဌာန်အားဖြင့် မွဲပြာရောင်ရှိနေသော ပက်ကျိကြီးများနှင့်ပင် စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့် ဘူပေါင်းကြီးများကိုလည်း တသုတ်ပြီးတစ်သုတ် မှုတ်ထုတ်လျက်ရှိကြလေသည်။

နောက်ထပ်တစ်ခုကွဲ၍ သွားပြန်ရာ ကျွန်ုပ်သည် နောက်သို့ဆုတ်၍ တိမ်းရှောင်လိုက်သော်လည်း ဤတစ်ကြိမ်တွင် ပြတင်းပေါက်ဆီသို့ ချည်သည့်အရာမျှ ပေါ်၍မလာတော့ချေ။ သို့နှင့် ကျွန်ုပ်လည်း ခေတ္တမျှ အရဲစွန့်ပြီးလျှင် ကိုယ်တစ်ပိုင်းကို အပြင်သို့ထွက်၍ ခေါက်မုန့်တံခါးများကိုချကာ အချိန်မီ ဆွဲပိတ်လိုက်လေ၏။ ကြိုးမျှင် ၃–၄ ချောင်းမျှ မုန့်များကို အရှိန်ပြင်းစွာဖြင့် လာရောက်ရိုက်ခတ်လေရာ မုန့်တစ်ချပ်ပင် အက်၍သွားလေသည်။

ထိုအခါ ကျွန်ုပ်လည်း ဖီလစ်ကို ပြုစုနိုင်တော့၏။ ၎င်းအား အိပ်ရာပေါ်သို့ မွေ့တင်ကာ သူ၏ လက်များကို ပတ်တီးစီးပေးရန် အိပ်ရာခင်းမှ အစတစ်စကို ဆွဲ၍ဆုတ်လိုက်၏။

အပြင်ဘက်၌ကား စူးစူးဝါးဝါး အော်ဟစ်သံများနှင့် အုန်းအုန်းထွက်ကျွက်ပင် ရှိနေသေး၍ ဤကဲ့သို့ရှိနေသည့်အထဲမှ သေနတ်သံ အနည်းငယ်ကိုပင် ကြားလိုက်ရလေသည်။

ဖီလစ်၏ လက်ကို ပတ်တီးစီးပြီးနောက် ကျွန်ုပ်သည် အပြင်သို့ ထွက်ကြည့်လိုက်ပြန်၏။ ထိုအချိန်၌ကား တင်းကြပ်စွာ ထုပ်စီးထားသည့် ထုန်ထုပ်လုံးကြီးများနှင့်တူသော အရာဝတ္ထုကြီး ၆ ခုသည် ဧရာပ်သို့သွားရာ လမ်းဆီသို့ တလိမ့်လိမ့်သွားနေသည်ကို တွေ့မြင်ရလေသည်။ ဖီလစ်ရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာခဲ့ပြီးနောက် ၎င်း၏ လက်ဝဲဘက်လက်ကို စီးရန် ကျွန်ုပ်လည်း အဝတ်စတစ်စကို ဆုတ်လိုက်ပြန်၏။

ဤသို့ လုပ်ကိုင်လျက်ရှိစဉ် ဟစ်အော်ဆူညံသံများကို ဖုံးလွှမ်းသွားသည့် အသံတစ်သံကို ကြားလိုက်ရသဖြင့် ကျွန်ုပ်လည်း ပိတ်စကိုချခဲ့၍ ပြတင်းပေါက်သို့ အပြေးအလွှားသွား၍ ကြည့်ရှုလိုက်ရာ အချိန်မီပေါ်နိမ့်နိမ့် ပျံသန်းလာသော လေယာဉ်ပျံတစ်စင်းကို ရိပ်ကနဲ တွေ့မြင်လိုက်ရလေသည်။ တောင်ပံများရှိ အမြောက်ပြောင်းသည် ဝင်းကနဲဖြစ်၍ သွားသဖြင့် ကျွန်ုပ်လည်း ဘေးကင်းအောင် နောက်သို့ လှဲချလိုက်၏။ ထိုတစ်ခဏ၌ အုံးကနဲ ပေါက်ကွဲသံကြီး ပေါ်ထွက်လာပြီးလျှင် ပြတင်းပေါက်များမှ လေများ အပြင်းတိုးဝင်လာ၍ မီးများလည်း ငြိမ်းသွားတော့၏။ တစ်စုံတစ်ခုမှ အစအနများသည် ဗိုးကနဲ ပြတ်၍သွားကာ အချို့အစအနများလည်း အခန်းတစ်ခန်းလုံးတွင် ပြန့်ကြဲသွားလေတော့၏။

ကျွန်ုပ်သည် နေရာမှ ထလိုက်၏။ ကွက်လပ်ကြီး၏ ကျွန်ုပ်တို့ဘက်ပိုင်း တစ်လျှောက် အပြင်မီးများမှာ ငြိမ်း၍သွားသဖြင့် ထိုနေရာတစ်ဝိုက်တွင် သဲသဲကွဲကွဲ မမြင်ရတော့ပေ။ သို့သော် အခြားတစ်ဘက်၌ကား ပင်လယ်တင့်ကားကြီး တစ်စင်းသည် ရွေ့လျားစပြုနေသည်ကို တွေ့မြင်ရ၏။ ၎င်းသည် ယခင်ကကဲ့သို့ နောက်သို့ ရွေ့လျား ပြန်ဆုတ်လျက်ရှိ၏။ ထိုအချိန်၌ လေယာဉ်ပျံပြန်၍ လှည့်လာသံကို ကြားလိုက်ရပြန်သဖြင့် ကြမ်းပေါ်သို့ မှောက်၍ ချလိုက်ရပြန်တော့၏။

နောက်တစ်ကြိမ် အုံးကနဲ မြည်သံကြားလိုက်ရပြန်၏။ သို့သော် ထိုတစ်ကြိမ်၌မူ ကျွန်ုပ်တို့မှာ တုန်လှုပ်မှုကို မည်သို့မျှ မခံစားရပေ။ အပြင်ဘက်၌မူ အရာဝတ္ထုများ ပြန့်ကြဲကျသွားသံကို ကြားလိုက်ရ၏။

"မိုက်" ဟု အိပ်ရာဆီမှ ဖိလစ်၏ အထိတ်တလန့် ခေါ်သံကို ကြားရလေသည်။

မိုက်။ ။ "ကိစ္စမရှိပါဘူး အချစ်ရယ်... ကိုယ်ဒီမှာရှိပါတယ်..."

အချိန်မှာ လသာနေဆဲဖြစ်၍ ကျွန်ုပ်သည် ယခုမှ ပိုမိုကောင်းစွာ မြင်နိုင်လေသည်။

ဖိလစ်။ ။ "ဘာဖြစ်တာလဲ... ဟင်"

"သူတို့သွားကုန်ပြီ၊ ဂျွန်နီက လေယာဉ်ပျံနဲ့ သူတို့ကို လိုက်ခဲ့နေတယ်ကွဲ့... ကိုယ်တော့ ဂျွန်နီလို့ ထင်တာပဲလေ၊ အခု အားလုံးနေရာကျသွားပါပြီ..."

"မိုက်ရယ် ကိုယ့်လက်တွေက သိပ်နာတာပဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဖြစ်နိုင်ရင် ဖြစ်နိုင်ချင်း ဆရာဝန် ခေါ်ပေးဝါ့မယ်ကွယ်... အချစ်ရယ်..."

"ကျွန်မကို ထိသွားတာ ဘာလဲ ဟင် အင်း မောင်ကသာ ဆွဲမထားရင်..."

"အခု အားလုံးပြီးပါပြီ အချစ်ရယ်..."

"ကျွန်မ..."

ဖိလစ်သည် နောက်တစ်ကြိမ် လေယာဉ်ပြန်၍ လှည့်လာသံကိုကြားလိုက်ရသဖြင့် စကားကို ဖြတ်လိုက်ပြီးလျှင် ကျွန်ုပ်တို့သည် လေယာဉ်ဖျံသံကို နားထောင်လျက်ရှိကြ၏။ နောက်ထပ် အမြောက်ပစ်ခတ်သံများ ကြားလိုက်ရသော်လည်း၊ ဤတစ်ကြိမ်တွင်မူ ပေါက်ကွဲမှုများ မရှိခဲ့ချေ။

ဖိလစ်။ ။ "မိုက် ဟောဒီမှာ စေးကပ်ကပ်နဲ့ သွေးများလားဟင်... မောင့်ကိုတော့ မထိဘူး မဟုတ်လား..."

ကျွန်ုပ်။ ။ "ဟင် အင် ဒီဟာဘာလဲဆိုတာ ကိုယ်တော့ မသိဘူး အဲဒါ အရာဝတ္ထုတိုင်းပေါ်မှာ ရှိနေတယ်..."

ဖိလစ်။ ။ "မောင်ဟာ တုန်တုန်ရီရီဖြစ်နေတယ်..."

ကျွန်ုပ်။ ။ "ဝမ်းနည်းပါတယ်ကွယ်၊ ကိုယ်တော့ မတတ်နိုင်တော့ဘူး... အိုဖိရယ်... အချစ်ဖိရယ်... ဒါလောက်တောင် ဖြစ်တာများ မင်းသာ သူတို့ကို မြင်ရရင် မျူရီရယ်နဲ့ တခြား လူတွေကိုပေါ့၊ ဒီလိုများဆိုရင်တော့..."

ဖိလစ်က ကျွန်ုပ်အား ၆ နှစ်သားကလေးအရွယ် ထင်၍ နေလေသလောမသိ၊ "ဒီမှာ... ဒီမှာ... မငိုပါနဲ့ မစ်ကီရယ်၊ အခု ဘာမှုမဖြစ်တော့ဘူး မဟုတ်လား"ဟု ပြောကာ သူ၏ ကိုယ်ကလေးကို လှုပ်ရှားလိုက်၏။ "အို... မိုက်ရေ... ကိုယ့်လက်က နာလိုက်တာကွယ်"

ကျွန်ုပ်။ ။ "ငြိမ်ငြိမ် အိပ်ရာပေါ် လှဲနေစမ်းပါအချစ်ရယ်၊ ကိုယ် ဆရာဝန် ခေါ်လာပါ့မယ်"

ကျွန်ုပ်သည် သော့ခတ်ထားသော တံခါးကို ကုလားထိုင်တစ်လုံးဖြင့် ရိုက်ချိုး ဖွင့်လိုက်သောအခါ ကျွန်ုပ်၏ စိတ်လည်း အတော်သက်သာရာ ရ၍သွားလေသည်။

✧ ✧ ✧

နောက်တစ်နေ့နံနက်၌ ကျွန်ုပ်တို့အဖွဲ့တွင် ကျန်သမျှ ဗော့ကာတက် (၁) ဂျာဗီနှင့် ကျွန်ုပ်တို့ ဇနီးမောင်နှံ နှစ်ယောက် အားလုံးတို့သည် စရုံးမီကြ၏။ ဂျွန်နီသည် ဖလင်များနှင့် ကျွန်ုပ်၏ မျက်မြင်ကိုယ်တွေ့ ပြောပြချက်ပင် ဖြည့်စွက်ပါဝင်သည့် အသံသွင်းပြောပြချက်များကို ယူဆောင်ကာ ကျွန်ုပ်တို့ အရင် 'ကင်စတန်' သို့ ထွက်ခွာသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဗိလစ်၏ ဝဲယာလက်မောင်းနှစ်ဘက်ကို ပတ်တီးများဖြင့် စည်းနှောင်ထားရ၏။ သူသည် ဖျော့တော့နေပုံရသော်လည်း အိပ်ရာထဲတွင် လှဲနေရန် တိုက်တွန်း၍ မရချေ။ ဗော့ကာ၏ မျက်လုံးများသည်လည်း ခါတိုင်းကဲ့သို့ တလက်လက် တောက်ပခြင်း မရှိတော့ပေ။ ဖွာရရာကျနေသော သူ၏ အဖြူရောင်ဆံခွေတစ်ခုသည် ယမန်နေ့ကထက်ပင် ပို၍အရေးအကြောင်းများထင်ကာ ပို၍ အိုစာနေခဲ့သော သူ၏ မျက်နှာပေါ်တွင် ဝဲကျလျက်ရှိနေ၏။ သူသည် အနည်းငယ် ခြေထော့နဲ့ ဖြစ်နေသဖြင့် တုတ်တစ်ချောင်းကို အားပြု၍နေရလေသည်။ တက်(ဒ)နှင့် ကျွန်ုပ်တို့မှာကား မည်သို့မျှ မဖြစ်ခဲ့ပေ။ သူသည် ဗော့ကာကို တစ်စုံတစ်ရာ မေးလိုက်ဟန်ဖြင့် ကြည့်ရှုလျက် ရှိလေသည်။

တက်(ဒ)။ ။ "တဆိတ်လောက် တတ်နိုင်ရင်ပေါ့ခင်ဗျာ... ကျွန်တော်တို့ ဒီနေရာက ပထမဆုံး ခွာဖို့လုပ်ရင် ကောင်းပါလိမ့်မယ်"

ဗော့ကာ။ ။ "အင်းလေ လုပ်ရမှာပေါ့၊ ဒီထက်တော့ ပိုပြီး မဆိုးနိုင်ပါဘူး၊ မြန်လေ ကောင်းလေပါဘဲ"

ဤသို့ ပြောဆိုပြီးနောက် သူသည် နေရာမှထပြီးလျှင် လှေလာသည့်ဘက်သို့ ရှေ့ဆောင်၍ ထွက်သွားလေသည်။

ကွက်လပ်အတွင်း အုတ်ခင်းများနှင့် အနီးတစ်ဝိုက်တွင် ပြန့်ကြဲနေသည့် သတ္တုအပိုင်းအစများ၊ ပတ်လည်ရှိ အိမ်များ၊ ဘုရားရှိခိုးကျောင်းနှင့် မြင်ရသမျှ အရာဝတ္ထုတို့မှာ ပြိစ်ချွဲသည့် အရာများဖြင့် ပေရေလိမ်းကျံလျက်ရှိသဖြင့် ပြောင်လက်နေ၏။ ကွက်လပ်ကို မျက်နှာပြုထားသည့် မမြင်ရသော အခန်းတိုင်း၌လည်း ထိုပြစ်ပြစ်ချွဲချွဲ အရည်များပို၍ ရှိနေလေသည်။ ယမန်ညဦးက ငါးနံ့ကဲ့သို့ ခပ်ညှီညှီအနံ့များ ရခဲ့ရာ၊ နေပွင့်၍ ပူစပြုလာသည်နှင့် တစ်ပြိုင်နက် ဟောင်စော်စော်နံ၍လာပြီးလျှင် မခံမရပ်နိုင်အောင် အနံ့အသက်များ ဆိုးဝါးလာတော့၏။ ကိုက် (၁၀၀) ခန့် သွားမိလျှင်ပင် အနံ့အသက် အလွန်ကွာခြား၍ နောက်ထပ် ကိုက် (၁၀၀ မျှ) သွားမိသောအခါ အနံ့အသက်ဆိုးများမှ လွတ်ကင်း၍ သွားတော့၏။ သို့နှင့် ကျွန်ုပ်တို့သည် ဆိပ်ကမ်းတစ်ဘက်ရှိ မြို့မှ ကမ်းခြေတစ်လျှောက် စီတန်းပေါက်ရောက်နေသော အုန်းပင်၊ ထန်းပင်များအကြားသို့ ရောက်သွားလေသည်။ ထိုအချိန်က လေပြည်လေညင်းသည် ထိုစဉ်ကလောက် ကြည်လင်လတ်ဆတ်နေသည်ကို ကျွန်ုပ်သည် တစ်ခါတစ်ရံသာ တွေ့ဖူးလေသည်။

ဗော့ကာသည် သစ်ပင်တစ်ပင်ကိုမှီကာ ထိုင်၍ ချလိုက်သဖြင့် ကျွန်ုပ်တို့လည်း အသီးသီးနေရာယူ၍ ထိုင်လိုက်ကြပြီးလျှင် သူပြောမည့်စကားအရိပ်အကဲကို စောင့်ဆိုင်းလက် ရှိကြလေသည်။ အတန်ကြာ စကားမပြောဘဲ



www.burmeseclassic.com

www.burmeseclassic.com



မလှုပ်မရှက် ထိုင်၍နေပြီးနောက် သူသည်ပင်လယ်ဘက်သို့ကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်၏။

ဇော့ကာ။ ။ 'အယ်လဖရက်ရယ်ဇီရယ်၊ မျှရီရယ်ရယ် လက်စလီရယ်... ခင်ဗျားတို့အားလုံးကို ဒီခေါ်ခဲ့တယ်၊ ခင်ဗျားတို့ရဲ့ လုံခြုံမှုအတွက် ကျုပ်ဟာ မစဉ်းစားခဲ့သလို ဖြစ်နေတယ်"

ဖိလစ်သည် ကိုယ်ကို ရှေ့သို့ ကိုင်းညွတ်လိုက်သည်။

ဖိလစ်။ ။ "ဒီလိုလဲ မစဉ်းစားသင့်ပါဘူး၊ ဒေါက်တာဇော့ကား ရှင်သိတဲ့အတိုင်း ကျွန်မတို့အထဲက ဘယ်သူမှ အတင်းအကြပ်ခေါ်လို့ လိုက်လာခဲ့ရတာ မဟုတ်ပါဘူး... ရှင်က ကျွန်မတို့ကို လိုက်ချင်ရင် လိုက်နိုင်တဲ့ အခွင့်အရေးပေးလို့ ကျွန်မတို့က ဒီအခွင့်အရေးကို ယူခဲ့ကြတာပါ၊ တကယ်လို့များ ကျွန်မဟာ အဲဒီလိုပဲ ဖြစ်များသွားခဲ့လို့ရှိရင် မိုက်ကယ်က ရှင့်ကိုအပြစ်တင်လိမ့်မယ်လို့ ကျွန်မတို့ မထင်ပါဘူးရှင်... ဘယ့်နှယ်လဲ မောင်ကလေး အပြစ်တင်မှာလား... ဟင်၊ မိုက်ကယ်"

ကျွန်ုပ်။ ။ "ဟင့်အင်း ကိုယ်တော့ ဘယ်သူ့ကိုမှ အပြစ်တင်စရာ မရှိဘူးဆိုတာ ကောင်းကောင်းသိပါတယ်ကွယ်"

ဖိလစ်။ ။ ကျွန်မကလည်း အပြစ်မတင်ပါဘူး၊ တခြားလူတွေလဲ ဒီလိုပဲ ရှိမှာပဲလို့ ကျွန်မယုံကြည်ပါတယ်ရှင်..."

သူသည် ဤသို့ပြောရင်း ဒဏ်ရာမရသော သူ၏လက်ကို ဇော့ကာ၏ ရှပ်အင်္ကျီလက်ပေါ်တွင် တင်ထားလိုက်၏။

ဇော့ကာသည် မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း အောက်သို့ငုံ့လိုက်ပြီးနောက် မျက်လုံးများကို ခေတ္တမျှ မှိတ်၍ထားလိုက်၏။ ထို့နောက် မျက်လုံးများကိုဖွင့်ကာ ဖိလစ်၏ လက်ကိုဆုပ်ကိုင်လျက် လက်ကောက်ဝတ်ဆီမှ အပေါ်ပိုင်း ပတ်တီးများ စည်းထားသည့်နေရာအထိ ငေးမောကြည့်ရှုလျက် ရှိလေသည်။

"မင်းဟာ ကျုပ်အပေါ်မှာ အတော်ကောင်းပါတယ်ကွယ်"

သူသည် လက်ကို အသာပွတ်သပ်လိုက်၍ ကိုယ်ကို မတ်မတ်ဖြစ်အောင် ပြင်ကာ အားတင်းလိုက်လေသည်။ ထို့နောက် လေသံကို တစ်မျိုးပြောင်းလျက် -

"ကျုပ်တို့ အကျိုးရှိသလောက်တော့ ရှိပါတယ်၊ မျှော်လင့်ထားသလို ယတိပြတ်တော့ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် အနည်းဆုံး အကောင်အထည် အထောက်အထား တချို့တော့ ရလိုက်ပါတယ်၊ တက်ဒ်ရဲ့ရဲ့ ဈေးခိုးကြောင့် ကျုပ်တို့ဆီက လူတွေဟာ ကျုပ်တို့တတွေ ဘာတွေကို ရင်ဆိုင်နေရတယ်ဆိုတာ တွေ့နိုင်မြင်နိုင်တော့မယ် နို့ပြီး သူ့ကျေးဇူးကြောင့်ပဲ ကျုပ်တို့ ဝေဒနာခံ စံနမူနာကို ရလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖိုလစ်။ ။ "နမူနာ ဟုတ်စ... ဘာနမူနာလဲဟင်"

တက်(၁)။ ။ "သတ္တဝါတစ်ကောင်ရဲ့ နှာမောင်းကလေးကို အမျှင်တစ်ခုရဲ့ တစ်ပိုင်းတစ်စပေါ့"

ဖိုလစ်။ ။ "အလို ဘုရားရေ... ဘယ်လိုများရပါလိမ့်မယ်"

တက်(၁)။ ။ "တကယ်တော့ ကံကောင်းလို့ ရတာပါ၊ ခင်ဗျားသိတဲ့အတိုင်း ပထမဟာကြီး ပေါက်ကွဲလိုက်တော့... ကျုပ် ပြတင်းပေါက်ဆီကို ဘာမှရောက်မလာဘူး၊ ဒါပေမယ့် တခြားနေရာတွေမှာ ဘာဖြစ်နေတယ်ဆိုတာကိုတော့ တွေ့နိုင်တယ်... အဲဒီတော့ ကျုပ်လဲ မောင်းချတားကို အသာဖွင့်ပြီး လိုလိုမယ်မယ် ပြတင်းပေါင်ပေါ်မှာ အဆင်သင့် တင်ထားလိုက်တယ်၊ နောက်တစ်ချီပေါက်တဲ့အခါ အမျှင်တစ်ခုဟာ ပြတင်းပေါက်က ဝင်လာပြီး ကျုပ်ပခုံးပေါ် ကန့်လန့်လာကျတော့၊ မောင်းချတားကို အသာပြန်ဆွဲပြီး ဖြတ်ချလိုက်တာပဲ၊ အဲဒီတော့ ၁၈ လက်မလောက် ပြတ်ကျန်ရစ်ခဲ့တယ်လေ... အဲဒါလဲ တစ်ခါထဲ ကြမ်းပေါ်ကျသွားရာက တစ်ချက် နှစ်ချက် တွန့်လိမ်ပြီး လိပ်သွားတော့တာပါပဲ၊ အဲဒါကို ဂျွန်နီနဲ့ပဲ ပို့လိုက်ပြီ"

ဖိုလစ်က ဟာ ဟု သက်ပြင်းတစ်ချက် ချလိုက်၏။

ကျွန်ုပ်။ ။ "နောက်ဆိုရင် ကျုပ်တို့လဲ မောင်းချတား ဆောင်ထားမှပဲ"

တက်(၁)။ ။ "ထက်မှလဲ ဖြစ်မယ်နော်၊ အတော် တောင့်ပြီး ပြင်းတွဲတွဲ နိုင်တဲ့ဟာတွေဗျ"

ဖော့ကာ။ ။ "နောက်ထပ် တစ်စ ရနိုင်မယ်ဆိုရင်တော့ ကျုပ် စစ်ဆေးကြည့်ဖို့ လိုချင်တယ်ဗျာ၊ ဒါပေမယ့် တစ်ခုထဲဆိုတော့ ပါရဂူတွေဆီ ပို့သင့်တယ်လို့ ကျုပ်တို့တော့ ဆုံးဖြတ်လိုက်တာပဲ၊ ဟိုဟာတွေနဲ့ ပတ်သက်လို့ အလွန်ကို ထူးခြားနေတဲ့ အချက်တစ်ခုခုရှိနေတယ်၊ အခြေခံကတော့ ထင်ရှားပါတယ်၊ ပင်လယ်မှိုကောင်တစ်မျိုးလိုပဲပေါ့ဗျ၊ ဒါပေမယ့် ဒါတွေကို မွေးယူတာပဲလား ဒါမှမဟုတ် အခြေခံ ပုံစံတစ်ခုပေါ် မူတည်ပြီး တစ်နည်း တစ်ဖုံ တည်ဆောက်ထားတာပဲလား"

ဖော့ကာသည် စကားကို အဆုံးမသတ်သေးပဲ ပခုံးများကို တွန့်လိုက်ပြီးနောက် ဆက်လက်၍

"ကျုပ်တော့ စိတ်ရှုပ်စရာ ကောင်းတဲ့အချက်တွေ အများကြီးတွေ့ရတယ်၊ ပုံပြရမယ်ဆိုရင် သက်မဲ့ အရာတွေကို သွားပြီး မကာပ်ဘဲနဲ့၊ သက်ရှိတွေကိုတော့ အပေါ်က အဝတ်အစားဖုံးထားရက်နဲ့တောင် လာပြီး ကပ်နိုင်ဖမ်းနိုင်အောင် ဘယ်လိုလုပ်ထားသလဲ။ ပြီးတော့ ဒီဟာတွေကို အနီးဆုံး ကမ်းက



www.burmeseclassic.com

www.burmeseclassic.com



မပြုန်စေဘဲ သူတို့လာတဲ့ လမ်းကပဲ ပြန်သွားအောင် ဘယ်လိုများ လုပ်နိုင်သလဲ...

"အဲဒီအထဲမှာ ပထမမေးခွန်းက ပိုပြီးထူးခြားတယ်၊ အဲဒါ သိဖို့ ရည်ရွယ်ချက်ရှိရမယ်၊ ဒီဟာတွေကို အသုံးပြုတာက လက်နက်တွေကို သာမန် အသုံးပြုရသလို ပြုတာမဟုတ်ဘူးဗျ... ဆိုလိုတာက ဖျက်ဆီးရုံအတွက် သတ် သက်မဟုတ်ဘူး၊ ဒီဟာကြီးတွေဟာ ထောက်ချောက်တွေနဲ့ ပိုတူနေတယ်..."

ကျွန်ုပ်တို့သည် ခေတ္တမျှ စဉ်းစားကြည့်လိုက်မိ၏။

ဖိလစ်။ ။ "ဒေါက်တာဆိုလိုချင်တာက ရည်ရွယ်ချက်က လူတွေကို ဖမ်းပြီး စုဖို့ဆိုပါတော့ရှင်... ကျွန်မတို့ကို ပုဇွန်ဆိတ်တွေဖမ်းသလို ဖမ်းတယ်ဆိုတာပေါ့..."

ဗော့ကာ။ ။ "အဲဒီလိုဟာမျိုးပဲ၊ မူလရည်ရွယ်ချက်ကတော့ ဖမ်းဆီးဖို့ဆိုတာ ထင်ရှားတယ်... ဒါပေမယ့် နောက်ထပ် ဘယ်လိုလုပ်ဖို့ ဖမ်းဆီးသလဲ၊ ဒါမှမဟုတ် ဖမ်းဆီးချင်လို့ပဲ ဖမ်းဆီးသလားဆိုတာတော့ မပြောနိုင်ဘူးပေါ့"

ကျွန်ုပ်တို့သည် ထင်မြင်ချက်ကိုလည်း ကြေညက်အောင် စဉ်းစား၏။ ကျွန်ုပ်တို့အဖို့ ဖိလစ်သည် ပုဇွန်ဆိတ်ဖမ်းနည်းအစား အခြားဥပမာတစ်ခုကို ပေးလျှင် ကောင်းလေစွဟု တွေးမိ၏။ မကြာမီ ဗော့ကာက စက်လက်၍

"သာမန် ရိုက်ဖယ်နဲ့ ပစ်တာဟာ 'ပင်လယ်တင့်ကား' တွေကိုပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် ပေါဒီလက်တွေ အများကြီးနဲ့ ဟာတွေကိုပဲဖြစ်ဖြစ် ဘယ်လိုမှ ဖြစ်ပုံမရဘူး၊ ဒါကတော့ ကျုပ်တို့ မတွေ့ရတဲ့ ပျောကွက်တွေ မရှိရင်ပေါ့လေ၊ ဒါပေမယ့် ပေါက်ကွဲခဲ့တဲ့ အမြောက်ကျည်ဆံတွေကတော့ အပေါ်က အထပ်ကွဲသွားအောင် တတ်နိုင်တယ်။ အဲဒီနောက်မှာ ပြိုကွဲသွားပုံဟာ အတော်ပြင်းထန်တဲ့ ဒဏ်ကို ခံနေရတာနဲ့တူတယ်၊ လုံးလုံးပြိုကွဲကြေမွမယ့် နေရာနဲ့လဲ သိပ်မဝေးတော့ဘူးလို့ ယူဆနိုင်တယ်၊ ကျုပ်တို့ဟာ အဲဒီအချက်ကို ထောက်ပြီးတော့ ပြေကျွန်းကိစ္စမှာတုံးက ကံကောင်းထောက်မလို့ ထိသွားတယ်၊ ဒါမှမဟုတ် လက်ပစ်ဗုံးတစ်လုံးကို အသုံးပြုခဲ့တယ်လို့ ယူဆနိုင်တယ်၊ ကျုပ်တို့ မနေ့ညက တွေ့ခဲ့တာတွေဟာ ကျွန်းသားတွေက ဝေလငါးကြီးတွေ၊ ပင်လယ်ချူကြီးတွေလို့ ပြောပြခဲ့တာ တကယ်ပဲ ရှင်းနေတာပဲ၊ ဒီ 'ပင်လယ်တင့်ကား' တွေကို ခပ်လှမ်းလှမ်းကနေကြည့်ရင် ဝေလငါးတွေလို့ လွယ်လွယ်ထင်ကြမှာ အမှန်ပဲ၊ နို့ပြီး 'ပင်လယ်ချူကြီး'တွေလို့ ဆိုပြန်တာကလဲ သိပ်ပြီးမဝေးလှဘူး၊ ဒါတွေဟာ 'ဆီလင်ထရိတ်' တွေနဲ့ နီးနီးစပ်စပ် ဆက်နွယ်ရမယ်ဆိုတာ သံသယဖြစ်ဖို့ မလိုဘူး..."

"ပင်လယ်တင့်ကားကြီးတွေနဲ့ ပတ်သက်လို့ အထဲမှာပါတဲ့တွေဟာ အပြင်းထန်ဆုံး ဖိနှိပ်ထည့်သွင်းထားတဲ့ အေးရင်အရည်ပျော်သွားနိုင်တဲ့ တိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလို အနိုင်အခဲတွေဖြစ်ပုံရတယ်… နို့ပေမယ့် ဒီလိုထင်တဲ့အတိုင်းလဲ ဖြစ်နိုင်တယ်လို့ ပြောဖို့ အခက်သားကလား… တခြား စဉ်းစားစရာ အချက်တွေထားဦး၊ အလွန့်အလွန်လေးတဲ့ ကိုယ်ထည်ကြီးတွေကို ထိန်းသိမ်းပံ့ကိုင်ပေးဖို့အတွက် ထဲ စက်ယန္တရားတစ်ခုခုရှိရမယ်ပုံ ပေါ်နေတယ် ဒီကနေ့မနက်ဘဲ ဒီဟာကြီးတွေ သွားတဲ့ လမ်းကြောင်းရာတွေကို ကျုပ်သွားကြည့်ခဲ့ပြီ၊ တချို့အုတ်ခဲတွေဟာ ကြေမွပြီး အမှုန့်ဖြစ်သွားတယ်၊ တချို့လည်း အအေးဒဏ်ကြောင့် အလွှာလွှာ ကွဲသွားတယ်၊ ဒါပေမယ့် တင့်ကားရာတွေတော့ မတွေ့ရဘူး…ပြီးတော့ ကျုပ်တွေးသလို အဲဒါတွေဟာ ကုတ်ကုတ်ပြီး ဒရွတ်ဆွဲသွားတဲ့ ပုံမျိုးလဲ မဟုတ်ဘူး ကျုပ်တို့ဟာ အဲဒီနေရာမှာပဲရှေ့ကို ဆက်မစဉ်းစားနိုင်လောက်အောင် ဖြစ်နေတယ်။

"…အသိဉာဏ်တစ်မျိုးမျိုးရှိတယ်ဆိုတာကလဲ ယုံမှားစရာမရှိဘူးဗျ၊ ဒါပေမယ့် အဆင့်အတန်း မြင့်ပုံတော့ မရလှပါဘူး၊ ဒါမှမဟုတ်လဲ ကောင်းအောင် ညှိနှိုင်းတိုင်ပင်ထားပုံမရဘူး… နို့ပေမယ့် ဘာပဲဖြစ်ဖြစ် ဒီဟာကြီးတွေကို ရေစပ်ကနေပြီး သူတို့အလုပ်လုပ်ဖို့ အကောင်းဆုံး နေရာဖြစ်တဲ့ ကွက်လပ်ကို ရောက်အောင် ဦးဆောင်လာတာပဲ တော်လှပြီ"

ကျုပ်။ ။ "ကျုပ်ကတော့ စစ်ဖက်က တင့်ကားတွေ အိမ်ထောင့်တွေကို ဒီလိုပဲ တိုက်ဖျက်ချပြီး သယ်သွားတာ မြင်ဖူးပါတယ်"

ဇော့ကာ။ ။ "အဲဒါဟာ ပူးပေါင်းညှိနှိုင်းမှု ညံ့ဖျင်းတာကို ပြတဲ့ အချက်တစ်ချက်ပေါ့… ကိုင်း အခု ကျုပ်ပြောတာရဲ့အပြင် ကျုပ်တို့အတွေ့အမြင်ထဲက နောက်ထပ် ပြောစရာ ဘာများရှိသေးသလဲ"

သူသည် ဤသို့မေးရင်း နံဘေးသို့ လှည့်ပတ်ကြည့်လိုက်၏။ ထိုအခါ တက်(ဒ)က ခေတ္တမျှ ခပ်ဆိုင်းဆိုင်း ရှိနေပြီးနောက် ပြောလိုက်လေသည်။

"အင်း ကျွန်တော်တော့ ဒီပင်လယ်ခူကောင်လိုဟာတွေ အားလုံးဟာ တစ်မျိုးတစ်စားထဲ မဟုတ်ဘူးလို့ ထင်တယ်၊ နောက်ဟာတွေက အလှမ်းပိုတိုတယ်၊ မြန်မြန်လဲ ပြန်မကြွနိုင်ဘူး၊ ကွက်လပ်တစ်ဘက်မှာရှိတဲ့ 'ပင်လယ်တင့်ကား'တစ်ခုဟာ စပြီးဆွဲမယူနိုင်သေးခင် စက္ကန့်နှစ်ဆယ်လောက် နှာမောင်းမျှင်တွေကို လိပ်လိုက်လိမ်လိုက်နဲ့ပဲ ရှိနေသေးတယ်"

ဇော့ကာသည် တက်(ဒ) ဘက်သို့ လှည့်လိုက်၏။

"ဒီအမျှင်တွေက တကယ်ပဲလိုက်ရှာနေကြတယ်လို့ ဆိုချင်တာလား"

တက်(ဒ)။ ။ "အဲဒီအထိတော့ မဟုတ်ပါဘူးခင်ဗျာ… ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အဲဒါကို လက်ဆွဲကင်မရာနဲ့ တစ်ပုံရိုက်ယူထားလိုက်တယ် အဲဒီတော့ ကျွန်တော်တို့ လေ့လာကြည့်နိုင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဇော့ကာ။ ။ "အင်း ဖလင်တွေ ကြည့်ပြီး အတော်များများ လေ့လာနိုင်လိမ့်မယ်လို့ မျှော်လင့်ရတာပဲ...ကဲ နောက်ထပ်ပြောစရာ ဘာများ ရှိကြသေးသလဲ၊ ပြီးတော့ ပစ်လိုက်တာတွေဟာ ဒီအမှုင်လိုဟာတွေကို ထိသွား ပုံရတာ ဘယ်သူများ တွေ့မိလိုက်ကြသလဲ"

တက်(ဒ)။ ။ "ကျွန်တော် တွေ့မြင်ရသလောက်တော့ ပစ်တာက ညံ့လို့ရင်လဲ ဖြစ်မယ်၊ ဒါမှမဟုတ်လဲကျည်ဆံတွေဟာ ဒီဟာကြီးတွေကို ဖောက် ထွက်သွားပေမယ့် ဘာမှ မဖြစ်လို့ရင်လဲ ဖြစ်မယ်"

နောက်ထပ် မည်သူမျှ စကားမပြောဘဲ ရှိနေကြလေ၏။ ကျွန်ုပ်တို့ လေးယောက်သားသည် အပြစ်ကင်းစင်သည့် အပြာရောင် ပယ်လယ်ပြာကြီးကို လှမ်းမျှော်ကြည့်ရှုရင်း ထိုနေရာ၌ပင် ဆက်လက်၍ ထိုင်နေကြလေသည်။

✧ ✧ ✧

ကျွန်ုပ်တို့သည် လန်ဒန်လေဆိပ်သို့ ပြန်၍ဆိုက်ရောက်လာသောအခါ သတင်းစာဆရာများက ဇော့ကာအား ဝိုင်းအုံနေကြသည့်အခိုက် ဖိလစ်နှင့် ကျွန်ုပ်တို့သည် အလစ်တွင် အမှတ်မဲ့ ထွက်လာခဲ့ကြ၏။ နောက်ရက်အနည်း ငယ်အတွင်းတွင် ကျွန်ုပ်သည် အီးဘီစီအတွက် စာများရေးရန် အခြေတကျဖြစ် အောင် ပြင်ဆင်လျက်ရှိစဉ်၊ လူများသည် ကျွန်ုပ်အလုပ်လုပ်နေသည့် အခန်း ထဲသို့ မကြာခဏ ခေါင်းပြူ၍ ဝင်ရောက်လာပြီးလျှင် 'စစ်မျက်နှာ' (အခင်း ဖြစ်ပွားသည့်နေရာ) မှ နောက်ဆုံးသတင်းများကို လာရောက်ပေးတတ်ကြ၏။ အထူးသဖြင့် သတင်းစာ တိုက်ပွဲများ ဆင်နွှဲနေသည့်အခိုက်တွင် ဤသဘောမျိုး ကို ထည့်သွင်းသင့်သည်ဟူ၍လည်းကောင်း၊ ထိုသဘောမျိုးကို နှုတ်ပယ်သင့် သည်ဟူ၍လည်းကောင်း အကြံပေးတတ်ကြ၏။ ထိုအချိန်အတွင်း ဘီဘီစီက မျက်မြင်သက်သေတစ်ယောက်၏ ဆောင်းပါးကို အသံလွှင့်ကာ ကျွန်ုပ်တို့ဘက် မှ မိုးလားကဲလား ပြောထားချက်များကို ပျက်စီးအောင် ပြုလုပ်လေမည်လော ဟု အချိန်မရွေး စိုးရိမ်၍ နေရတော့၏။ ၂ ရက်တိုင်တိုင် ဤအခြေအနေမျိုး ၌ လုပ်ကိုင်၍ နေခဲ့ရပြီးနောက် ကျွန်ုပ်သည် အိမ်မှာပင် အလုပ်လုပ်တော့ မည်ဟု ဆုံးဖြတ်လိုက်၏။

သို့သော် တယ်လီဖုန်းမှ အကြံပေးခြင်းများနှင့် ပေါ်လစီ ရုတ်ချည်း ပြောင်းလဲမှုများအတွက် အကြောင်းကြားခြင်းတို့ကို ဆက်လက်ဆောင်ရွက်ကာ အစွမ်းကုန် ကြိုးစားလျက်ရှိနေကြလေသည်။ အားလုံးအဖွဲ့အစည်းများ ကျေနပ် မှုရစေရန် ကျွန်ုပ်တို့သည် ဆောင်းပါးကို ရေးလိုက်၊ ပြန်၍ ရေးလိုက်လုပ်ခဲ့ကြ ရ၏။ ဇော့ကာနှင့်လည်း နှစ်ကြိမ်သုံးကြိမ်မျှ ကမန်းကတန်း ဆွေးနွေးခဲ့ရ ဇော့ကာကိုယ်တိုင်မှာ ယမ်းပုံမီးကျ ဖြစ်၍နေတော့၏။ ဘီဘီစီက သူ့အား ပြောင်ပြောင်ကြီးပင် တိုက်ရိုက်အသံလွှင့်ခွင့်မပေးဘဲ၊ ကြိုးခွေဖြင့် အသံသွင်း



www.burmeseclassic.com

www.burmeseclassic.com


ထေးရန်သာ အတင်းအကြပ် တောင်းဆိုနေသဖြင့် ကိစ္စတစ်ခုလုံးကို တစ်ခါတည်း စွန့်ပစ်လိုက်တော့မည်ဟုပင် အချိန်ရှိသမျှ ခြိမ်းခြောက်၍ နေခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ နောက်ဆုံးတွင် ဆောင်းပါးစာမူများကို ရေးသားပြီးစီးသွားတော့၏။ ကျွန်ုပ်တို့သည် ယင်းတို့အား အလွန်ငြီးငွေ့နေပြီဖြစ်၍ မည်သို့မျှ နောက်ထပ် ငြင်းခုန်လိုခြင်း မရှိတော့ပေ။ နောက်ဆုံးတွင် ပထမဆုံး ဆောင်းပါးကို လေလျှိုင်းမှ အသံလွှင့်လိုက်သောအခါ ကလေးခန်းမှနေရာများ၌ ရောက်လာသည့် တစ်စုံတစ်ရာနှင့်ပင် တူ၍နေသည်ဟု ကျွန်ုပ်တို့ သဘောရနေ၏။ ကျွန်ုပ်တို့လည်း ပစ္စည်းကလေးများကို ကမန်းကတန်း ထုပ်ပိုးကာ ကွန်းဝေါသို့ ထွက်လာခဲ့ကြလေသည်။

✧ ✧ ✧

ဤအကြိမ်တွင် ၂၈၆.၆ မိုင်ခရီးဖြင့် ကျွန်ုပ်တို့ 'နှင်းဆီ' တဲအိမ်ကလေးသို့ ဆိုက်ရောက်သွားကြသောအခါ အသစ်အဆန်းတစ်ခုကို ပထမအကြိမ် တွေ့မြင်ရတော့၏။

ကျွန်ုပ်။ ။ "အလို… ဘုရားရေ ကိုယ်တို့မှာ တကယ်ကောင်းတာတစ်ခု အိမ်ထဲမှာ အရှိသားဘဲ မဟုတ်လား… တကယ်လို့ မြေညြဓာလောက်ဘဲ စိတ်ကူးနေတတ်တဲ့ မင့် မိတ်ဆွေတွေကြောင့် ကိုယ်သာ ဒီလိုလေတိုက်ထဲမှာ လာပြီး နေရမယ်ဆိုရင်"

"ဒါဟာ ပန်းရုံတစ်ခုပါ မောင်ရဲ့" ဟု ဖိလစ်က ခပ်အေးအေးပင် ပြန်၍ ပြောလိုက်၏။

ကျွန်ုပ်လည်း ထိုအရာကို ဂရုတစိုက် ကြည့်လိုက်မိ၏။ ဆောက်လုပ်ပုံ လက်ရာမှာ ထူးခြားပြီးလျှင် နံရံတစ်ခုမှာ အတန်ငယ်ယိုင်၍ နေသည်ဟုပင် ထင်ရ၏။

ကျွန်ုပ်။ ။ "ကိုယ်တို့အဖို့ ပန်းရုံ ဘာလုပ်ဖို့လဲ"

ဖိလစ်။ ။ "အင်း… ပူအိုက်တဲ့ တစ်နေ့မှာ ကျွန်မတို့ တစ်ယောက်ယောက် ဒီမှာ အလုပ်လုပ်ချင်ရင် လုပ်ရအောင်လို့ပေါ့ မောင်ရဲ့၊ ဒီဟာက လေလုံကွယ်တယ်… စာရွက်တွေလဲ လွင့်မသွားနိုင်ဘူး…"

ကျွန်ုပ်။ ။ "အို…"

သူသည် ကာကွယ်သည့် သဘောမျိုးဖြင့် ဆက်လက်၍…

"ဘာပဲဖြစ်ဖြစ် အုတ်စီရင်း တစ်ခုခုတော့ ဆောက်ရမယ် မဟုတ်ဘူးလား"

သူ၏ စကားများမှာ အကျိုးအကြောင်း ဆီလျော်၍ ယထာဘူတကျလှသည်ဟု ကျွန်ုပ်ထင်မိ၏။ သို့သော် ထိုကိစ္စမှာမူ မှန်သော အခြေခံဖြင့်


www.burmeseclassic.com

www.burmeseclassic.com



အစပျိုးခဲ့ခြင်း မဟုတ်ဟု သဘောရသဖြင့် စိတ်ချောက်ချားခြင်း ဖြစ်လေသည်။ ကျွန်ုပ်က သူ့အား ပန်းရုံဆိုလျှင်လည်း အလွန်ကောင်းမွန်သော ပန်းရုံတစ်ရုံ ဖြစ်ကြောင်း၊ ကျွန်ုပ်က ပန်းရုံတစ်ခုဟု မထင်သဖြင့် ထိုသို့ပြောလိုက်မိခြင်း ဖြစ်ကြောင်း ပြောလိုက်လေသည်။

"နိုပေမယ့် အကြင်နာတရားဖက်တဲ့ ကောက်ချက်ချတာမျိုးတော့ မဟုတ်ဘူး"

ကျွန်ုပ်တို့ ခနီးမောင်နှံသည် တစ်ခါတစ်ခါတွင် ကျွန်ုပ်ဖြစ်ချင်သလို မျှော်လင့်ထားသည့်အတိုင်း စိတ်သဘောချင်း တိုက်ဆိုင်ပါ၏လောဟု စဉ်းစားမိ၏။ ပုံစံပြရမည်ဆိုသော် အခြေအနေအရ "အကြင်နာတရား" ဟူသော စကားလုံးကို အသုံးပြုခြင်းမျိုး ဖြစ်၏။ သို့သော် သူသည် အလွန်ပင်ပါးနပ် လိမ္မာသည်ဟု ကျွန်ုပ်ထင်ကြောင်းဖြင့် အသေအချာ ပြောပြ၏။ အကယ်လည်း ကျွန်ုပ်ထင်ခဲ့၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်ကိုယ်တိုင် အုတ်တစ်ချပ်နှင့် တစ်ချပ် ကပ်၍နေအောင် မလုပ်တတ်သောကြောင့်ပင် ဖြစ်လေသည်။

✧ ✧ ✧

ဤကဲ့သို့ ပြန်လည်ရောက်ရှိလာခဲ့သည့်အတွက် စိတ်သက်သာမှုရရှိခဲ့၏။ ကမ္ဘာပေါ်တွင် 'အက်စကွန်ဒီဒါ' ကဲ့သို့ နေရာမျိုးရှိသည်ကိုပင် ယုံကြည်ရန် ခဲယဉ်းလှလေသည်။ ထို့ထက်ယုံကြည်ရန် ခဲယဉ်းသည်မှာ အတု‌အယောင်ပင် ဖြစ်စေကာမူ ပင်လယ်တင့်ကားများနှင့် အဆမတန် ကြီးမားသော 'ဆီလင်ထရိတ်' အကောင်မျိုးကြီးများ ရှိနေခြင်းပင်ဖြစ်၏။ သို့သော် မည်သို့ပင်ဖြစ်စေ ကျွန်ုပ် မျှော်လင့်သည့်အတိုင်း ကျွန်ုပ်ကိုယ်တိုင် သက်တောင့်သက်သာဖြစ်အောင် မလုပ်နိုင်သည်ကို တွေ့ရှိရလေသည်။

ပင်လယ်ကမ်းခြေနိုင်ငံများ၏ နောက်ဖေးခန်းများ (သိပ္ပံဓာတ်ခွဲခန်းများ) တွင် ချာတိတ်များ (သိပ္ပံပညာရှင်များ) သည် အပြင်းအထန် လုပ်ကိုင်လျက်ပင် ရှိနေကြသေး၏။ ရက်သတ္တပတ်တိုင်းတွင် ကိရိယာအသစ်အဆန်းများ ထွက်ပေါ်လာတတ်၍ အချို့မှာ ထုတ်လုပ်နိုင်သည်အထိပင် အောင်မြင်ခဲ့၏။ သို့သော် ထိုကဲ့သို့ အောင်မြင်ခဲ့သည့် ကရိယာသစ်များသည် အကယ်ပင် ဆန့်ကျင်ဘက် မဖြစ်သည့်တိုင် တစ်မျိုးတစ်ဖုံအားဖြင့် စိတ်မချရသည်ကို တွေ့ရသောအခါ ယင်းကိရိယာများကို ထုတ်လုပ်ရန် ရပ်ဆိုင်းထားရလေသည်။ သို့သော် မျက်လှည့်ဆရာများပင် တစ်ခါတစ်ရံ အပေါက်အလမ်း မတည့်ဖြစ်တတ်သဖြင့် သိပ္ပံစိတ်လွှမ်းမိုးလျက်ရှိသော ခေတ်ကြီးကမူ အသိအမှတ်ပြုလေသည်။ ဗေဒင်များသည် တစ်နေ့နေ့တွင် အဖြေအပြည့်အစုံကို ရရှိ၍ အောင်မြင်လာလိမ့်မည်ဟု သံသယဖြစ်ရန်မရှိပေ။ ထိုတစ်နေ့နေ့ဆိုသည်မှာလည်း နက်ဖြန်ပင် ဖြစ်ကောင်း ဖြစ်နိုင်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်တင်ကားများနှင့် ပတ်သက်၍ တက်တက်ကြွကြွရှိနေသည့် သတင်းစာများအနေနှင့် အခွင့်အရေးရှိခိုက်တွင် ဝိရိယရှိကြ၍ ရုပ်ရှင်သတင်းကားများကလည်း ထိုနည်းတူပင်ရှိခဲ့ကြ၏။ ဘီဘီစီမှ အသံလွှင့်ခဲ့သည့် ကျွန်ုပ်တို့ ဆောင်းပါးများတွင် လက်ရွေးစင် အက်စကွန်ဒီဒါဖလင်ကား အချို့ကို ထည့်သွင်းဖော်ပြခဲ့၏။ ဘီဘီစီသို့လည်း ၎င်း၏ သတင်းခန်းတွင် အသုံးပြုရန် ဖလင်ပေးအနည်းငယ်ကို မေတ္တာလက်ဆောင် ပေးခဲ့သဖြင့် ကျေးဇူးတင်ကြောင်း ထုတ်ဖော်ပြန်ကြားခြင်းပင် ခံရလေသည်။ အမှန်အားဖြင့်ဆိုသော် အထိတ်တလန့်ဖြစ်စေသည်အထိ လုပ်ကိုင်ဆောင်ရွက်နေကြသော သဘောကို ကျွန်ုပ်အနေဖြင့် နားမလည်နိုင်အောင်ဖြစ်ခဲ့၏။ အချို့နေရာများ၌ ပြည်တွင်းဒုက္ခများမှ အာရုံလွှဲပြောင်းပေးနိုင်မည့် မည်သည့်အရာမျိုးကိုမဆို အားပေးအားမြှောက်ပြုလုပ်ခြင်းဖြစ်ကြောင်း နောက်ဆုံးတွင်မှ ကျွန်ုပ် တွေ့ရှိရလေသည်။ ဤကိစ္စအတွက် ပင်လယ်တင်ကားများသည် အထူးသင့်လျော်၍နေ၏။ ယင်းတို့သည် အာရုံဆွဲဆောင်ရာတွင် အလွန်တန်ဖိုးရှိလှသဖြင့် ပြည်ပမငြိမ်သက်မှုများမှ တစ်ခါတစ်ရံ ဖြစ်လာတတ်သော စိတ်အနှောင့်အယှက်ဖြစ်မှုများလည်း မပါချေ။

သတင်းများကို အချိန်မိပြည့်ပြည့်စုံစုံလေ့လာခဲ့ရာ၌ ထိုကိစ္စအရေးကြီးပုံကို ကျွန်ုပ်သည် ကောင်းစွာ သဘောပေါက်ခဲ့၏။ ပိုမို တာဝန်မဲ့သော သတင်းစာများကို ဖတ်နေသူများက ထိုကိစ္စနှင့်ပတ်သက်၍ သဘောထားနေသကဲ့သို့ ကျွန်ုပ်ကိုယ်တိုင်ပင် သဘောထားနေသည့် အဖြစ်ကို နားလည်ခဲ့၏။ ကျွန်ုပ်အဖို့ ယခင်တစ်ခါက စိတ်ကူးမထည့်ခဲ့ဘူးသော ပိုမိုကျယ်ပြန့်သော အသွင်သဏ္ဍာန်တစ်မျိုးကိုလည်း တွေ့မြင်စပြု၍လာတော့၏။ ထိုပင်လယ်တင့်ကားကြီးများသည် ရာနှင့်ချီ၍သာမက ထောင်နှင့်ချီ၍ပင် ရှိကြောင်း သတင်းများက အခြေအတင် အငြင်းအခုန်ရှိခဲ့ကြရာ ဤသို့ဆိုလျှင် လျှပ်တစ်ပြက် တိုက်ခိုက်မှုမျိုးလောက်သာ မဟုတ်တော့ဘဲ တိုက်ပွဲကြီးတစ်ခု ဆင်နွှဲရတော့မည်ဟု သဘောပေါက်၍ နေလေသည်။

ကျွန်ုပ်။ ။ "အစိုးရက ကာကွယ်ရေး အစီအမံတွေကို လုပ်ပေးရမယ်။ ဒါမှမဟုတ်လဲ မမိကိုယ်မိမိ ကာကွယ်ဖို့ နည်းလမ်းတွေ ချပေးရမယ်။ လူတွေဟာ ပင်လယ်ကမ်းခြေအနားကို သွားဖို့ ကြောက်လန့်နေတဲ့ နေရာမျိုးမှာ ချွေတာနေလို့ မဖြစ်ဘူး... အဲဒီနေရာတွေဟာ ဘယ်လိုပဲဖြစ်ဖြစ် လူတွေသွားပြီး အလုပ်လုပ်ကိုင်နိုင်အောင်နဲ့ နေထိုင်နိုင်အောင် လုပ်ပေးရမယ်"

ဖိလစ်။ ။ "ပင်လယ် တင့်ကားတွေဟာ နောက်တစ်ကြိမ် ဘယ်နေရာကို တက်လာဦးမလဲဆိုတာ ဘယ်သူမှ မသိဘူးနော်... အဲဒီတော့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



တက်လာရင် ဒီကပြန်လုပ်မှုဖြစ်မယ်၊ အဲဒီလိုဆိုတော့ လူတွေကို လက်နက်ကိုင်စေမှုဖြစ်မယ်...”

“ကောင်းပြီ ဒီလိုဆိုရင် လက်နက်တွေပေးရမှာပေါ့၊ နို့ပေမယ့် ပြည်သူလူထုရဲ့ ကိုယ်ပိုင်ကာကွယ်ခွင့် ဆုံးရှုံးအောင် လုပ်တာက အစိုးရရဲ့ အလုပ်မဟုတ်ဘူးကွဲ့...”

“မဟုတ်ဖူးလား... ဟုတ်လား...”

“မင်းဘာဆိုလိုတာလဲ...”

“တစ်ခါတလေ ကျွန်မတို့ရဲ့ အစိုးရတွေအားလုံးဟာ လူထုဆန္ဒအရ အုပ်ချုပ်နေတယ်လို့ အာဝေါင်အာရင်းသန်သန်နဲ့ ပြောနေပေမယ့်၊ ကိုယ့်လူတွေကိုတော့ လက်နက်ပေးမယ့်အစား၊ ဘယ်လို့စွန့်စားမှုမျိုးကိုမဆို လုပ်ကြတာဟာ ဆန်းတယ်လို့များ တစ်ခါတလေ မောင်မထင်မိဘူးလား... ဟင်... လူတွေဟာ မိမိတို့ ကိုယ်ကို မိမိတို့ ကာကွယ်ခွင့်တော့ မရဘဲနဲ့၊ ကိုယ့်အစိုးရကိုတော့ ကာကွယ်ပေးနေရတာဟာ အခြေခံသဘောတရားတစ်ခုလို ဖြစ်နေပြီမဟုတ်လား၊ ကျွန်မသိသမျှတော့ ကိုယ့် အစိုးရရဲ့ စိတ်ချယုံကြည်ခြင်းခံရတဲ့ လူတွေဟာ ဆွစ်လူမျိုးတွေဘဲ... ဒါပေမယ့် သူတို့နိုင်ငံက ကုန်းတွင်းနိုင်ငံတစ်ခုဖြစ်နေတဲ့အတွက် ဒီကိစ္စထဲမှာတော့ သူတို့မပါဘူး...”

ကျွန်ုပ်သည် ကြံရာမရဖြစ်နေခဲ့၏။ တုံ့ပြန်မှုမှာ ခါတိုင်းနည်းမျိုးကဲ့သို့ မဟုတ်ပေ။ ထို့ပြင် သူသည် ပင်ပန်းနွမ်းနယ် နေပုံလည်းရလေသည်။

“ဒါပေမယ့်... အချစ်ရယ်...”

ဖီလစ်။ ။ “မောင် ဘာပြောမယ်ဆိုတာ ကျွန်မသိပါတယ်၊ မိုက်ရယ်၊ နို့ပေမယ့် ကျွန်မ ကြောက်နေတယ် မောင်ရဲ့... တကယ့် တကယ်ဆိုတော့ ဘယ်သူမှ ဘာတစ်ခုမှ မယ်မယ်ရရ မလုပ်ဘူး။ ဘယ်သူမှလဲ သဘောမပေါက်ဘူး၊ ဒါကို ရင်ဆိုင်ဖို့အတွက် လမ်းစဉ်ပြောင်းဖို့ကိုလဲ ဘယ်သူကမှ ရိုးရိုးသားသားနဲ့ မဆောင်ရွက်ကြဘူး၊ သင်္ဘောတွေဟာလဲ ပင်လယ်နက်ပိုင်းတွေက နှင်အထုတ်ခံခဲ့ရပြီ၊ ဒီပင်လယ်ဖင်ကားကြီးတွေဟာ လာတိုက်ပြီးတော့ လူတွေကို ဖမ်းယူသွားဖို့ ဘယ်လောက်များ အသင့်ပြင်နေသလဲဆိုတာ ဘုရားမှ သိမှာပဲ၊ သူတို့အပြောကတော့ “အမယ်လေး...၊ အမယ်လေး... ကုန်သွယ်ရေးတော့ အတော်ထိခိုက်နေပြီ” တဲ့၊ နို့ပြီး စကားတွေကလဲ တပြောထဲ ပြောနေလိုက်ကြတာ၊ ဒီလို သူတို့လေရှည်ကြီး ပြောနေရင် နောက်ဆုံးမှာ အားလုံး အားလုံး ကောင်းသွားတော့မယ့် အတိုင်းဘဲ၊ ဖော့ကာလိုမျိုး တစ်ယောက်ယောက်က တစ်ခုခုလုပ်ဖို့များ ပြောလိုက်ရင် အဲဒီလူကို တစ်ခါထဲ ဝိုင်း‘အာ’ လိုက်ကြတာပဲ၊ နို့ပြီး ‘အထူးအဆန်းဖြစ်အောင် လုပ်တဲ့လူ... အထိတ်တလန့်ဖြစ်အောင် လုပ်တဲ့လူ’ လို့ ဝိုင်းသံမှတ်လိုက်ကြတာပဲ၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု အသေအချာမလုပ်ခင် လူဘယ်လောက်များများ အဆုံးခံရမယ်လို့ ထင်နေကြသလဲ မသိပါဘူး…”

ကျွန်ုပ်။ ။ “နို့ပေမယ့်…သူတို့လဲ ကြိုးစားလုပ်နေကြတာပဲ မဟုတ်လား…. ဖီးရယ်…”

ဖီလစ်။ ။ “ဪ… သူတို့လုပ်နေကြတယ်ဟုတ်လား ကျွန်မကတော့ သူတို့ဟာ အချိန်ရှိသရွေ့ စဉ်းစားချိန်ဆနေကြတာပဲလို့ ထင်တယ်။ အခု လောလောဆယ်ဆယ် အခြေအနေမျိုးမှာ နိုင်ငံရေးအံဆောက်အအုံကို ထိန်းသိမ်းထားနိုင်ဖို့အနည်းဆုံး ကုန်ကျစရိတ်ဟာ ဘယ်လောက်လဲ… လူတွေဟာ ဒီကိစ္စအတွက်နဲ့ ကြောက်စရာကောင်းမလာသေးခင် လူအသက် ဘယ့်လောက်များများ အဆုံးခံနိုင်ကြမလဲ၊ စစ်ဥပဒေ ထုတ်ပြန်ရရင် ကောင်းမလား၊ မကောင်းဘူးလား၊ ဒါမှမဟုတ်ရင်လဲ ဘယ်အခြေမျိုးမှာထုတ်ပြန်ရမလဲ စသည်ဖြင့်ပေါ့လေ အန္တရာယ်ရှိတယ်ဆိုတာ ဝန်ခံမဲ့အစား၊ အလုပ်လုပ်မယ့်အစား စဉ်းစားနေကြတာပဲ၊ အို… ကျွန်မ လုပ်နိုင်တယ်…”

သူသည် စကားကို ရုတ်တရက် ရပ်လိုက်ပြီးလျှင် မျက်နှာထားလည်း ပြောင်းသွားလေသည်။ “စိတ်မရှိပါနဲ့ မိုက်ရယ်… ကျွန်မဟာ ဒီလိုစကားလက်လွတ် ဖြစ်မသွားသင့်ပါဘူး၊ ကျွန်မဟာ အတော် ကိုယ်ပန်းစိတ်ပန်းဆိုသလို တစ်ခုခုဖြစ်နေလို့ ပြောမိတာပါ…”

ဤသို့ ပြောပြီးနောက် သူသည် နောက်ထပ် မဆက်လိုတော့သည့်သဘောမျိုးဖြင့် စကားကို ဖြတ်လိုက်လေသည်။

ဤကဲ့သို့ သူပွင့်ပွင့်လင်းလင်း ပြောသဖြင့် ကျွန်ုပ်မှာ အတော်ပင် စိတ်အနှောင့်အယှက်ဖြစ်ခဲ့၏။ ဤကဲ့သို့သော အမူအရာမျိုးကို နှစ်ပေါင်းများစွာ မတွေ့မြင်ခဲ့ဘူးပေ။ ကလေးမဆုံးမီကလည်း မတွေ့ခဲ့ရချေ။

နောက်တစ်နေ့နံနက်သို့ ရောက်လာသော်လည်း ကျွန်ုပ်အဖို့ မည်သို့မျှ အားတက်လာအောင် မလုပ်ချေ။ ကျွန်ုပ်တို့၏ တဲအိမ်ထောင့်ကို ချိုး၍ လျှောက်သွားရာ၊ ဖီလစ်အား သူ၏ထူးဆန်းသော ပန်းခြံအတွင်း၌ ထိုင်နေသည်ကို တွေ့ရ၏။ သူသည် လက်နှစ်ဖက်စလုံးကို သူ၏ရှေ့ရှိ စားပွဲပေါ်၌တင်ကာ လက်ပေါ်တွင် ဦးခေါင်းကိုတင်ထား၏။ သူ၏ခေါင်းမှ ဆံပင်များမှာ ပြန့်ကြဲလျက်ရှိနေသော ဝတ္ထုစာရွက်ပေါ်တွင် ဖွာရရာကျလျက် ရှိနေလေရာ၊ အတော်ပင် စိတ်သောကရောက်နေသည့်ဟန်ဖြင့် ငို၍ နေလေသည်။

ကျွန်ုပ်သည် သူ၏ မေးစေ့ကို ဆွဲ၍မော့ နမ်းရှုပ်လိုက်၏။

“အချစ်ရယ်… ဘယ်လိုများ ဖြစ်ရနေတာလဲကွယ်…”

ပါးပြင်များပေါ်တွင် မျက်ရည်များ စီးကျလျက်နှင့်ပင် ကျွန်ုပ်အား လှည့်၍ကြည့်လိုက်၏။ ထို့နောက် စိတ်ပျက်လက်ပျက် ဖြစ်နေသည့်ဟန်ဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မလုပ်နိုင်တော့ဘူး မိုက်ရယ်... လုပ်လို့ကို မရတော့ဘူး..."

သူသည် ရေးပြီး စာမျက်နှာများကို သနားဖွယ်သော မျက်နှာငယ်ကလေးဖြင့် ကြည့်လိုက်၏။ ကျွန်ုပ်လည်း သူနှင့် နံဘေးချင်းယှဉ်၍ ထိုင်လိုက်ပြီးလျှင် လက်တစ်ဘက်ဖြင့် သူ့အား ဖက်ထားလိုက်လေသည်။

"မပူပါနဲ့ အချစ်ရယ်... ဖြစ်လာမှာပေါ့ကွယ်..."

"ဖြစ်လာမှာ မဟုတ်ဘူး မိုက်ရဲ့... ကျွန်မ ကြိုးစားကြည့်တိုင်း တခြားစိတ်ကူးတွေပဲ ပေါ်ပေါက်လာတယ်၊ ကျွန်မတော့ ကြောက်နေပြီ..."

သူ၏ မျက်နှာမှာ ထူးထူးခြားခြား တင်းမာလျက်ရှိ၏။ ကျွန်ုပ်သည် သူ့အား ပိုမိုတင်းကြပ်စွာ ဖက်ထားလိုက်လေသည်။

"ဘာမှ ကြောက်စရာမရှိပါဘူး၊ အချစ်ရယ်..."

သူသည် ကျွန်ုပ်ကိုသာ ဆက်လက်၍ စိုက်ကြည့်နေခဲ့၏။ ထို့နောက် "မောင် မကြောက်ဘူးလား... ဟင်..." ဟု ထူးထူးဆန်းဆန်း မေးလိုက်လေသည်။

"ကိုယ်တို့ဟာ လန်းလန်းဆန်းဆန်းမရှိ၊ နွမ်းနယ်နေလို့ပါ၊ ဟိုစာမူတွေအတွက် ကိုယ်တို့ အကော်ပြင်းပြင်းထန်ထန် အလုပ်လုပ်ခဲ့ကြတယ် မဟုတ်လား၊ ကိုင်း... ဒီတော့ မြောက်ဘက်ကမ်းခြေကို သွားလည်ရအောင်၊ ဒီကနေ့ လှိုင်းလျှောစီးရရင် ကောင်းလိမ့်မယ်"

သူသည် မျက်ရည်များကို သုတ်လိုက်ပြီးနောက် "အကောင်းသားပဲ" ဟု ထူးထူးခြားခြား သိမ်မွေ့စွာဖြင့် ပြန်၍ ပြောလိုက်လေသည်။

ထိုနေ့မှာ အတော်ပင် သာယာသောနေ့ ဖြစ်၏။ လေများ လှိုင်းများနှင့် ကိုယ်လက် လှုပ်ရှားမှုတို့ကြောင့် သူ၏ ပါးများသည် အနီရောင်သန်း၍ လာရာ၊ ကျွန်ုပ်တို့နှစ်ယောက်စလုံးပင် နေ့လည်စာကို တို့ကနန်းဆိတ်ကနန်း မဟုတ်တော့ဘဲ မြိန်ရှက်စွာ စားကြ၏။ ကျွန်ုပ်သည် ဖိလစ်အား ဆရာဝန်တစ်ဦးဦးထံ သွားရောက်ပြသင့်ပြီဟု အကြံပေးနိုင်သည့်အချိန်သို့ ရောက်ရှိလာခဲ့လေပြီ။ သို့သော် သူသည် ထိုအကြံပေးချက်ကို ခါးခါးသီးသီး ငြင်းပယ်ခဲ့၏။ အတော်လည်း နေထိုင်ကောင်းလာပြီဖြစ်သပြင့် တစ်ရက်နှစ်ရက်အတွင်းတွင် အရာရာ ချောချောမောမောပင် ဖြစ်သွားပေလိမ့်မည်။

✧ ✧ ✧

"ကျုပ် သူ့ကို အိပ်ဆေးထိုးပေးခဲ့ပြီ... အခုပဲ အိပ်သွားပါလိမ့်မယ်... သူဟာ အလုပ်က လုံးလုံးကြီး အနားယူပြီး အပြောင်းအလဲ တစ်ခုခုလုပ်ဖို့ ဖြစ်မယ်" ဟု ဆရာဝန်က ကျွန်ုပ်အား ပြောပြ၏။

ကျွန်ုပ်။ ။ "ဒီအတိုင်း ကျုပ်တို့ လုပ်နေကြတာပါပဲဗျာ..."

သူသည် စဉ်းစားသည့်အနေဖြင့် ကျွန်ုပ်အား ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ကိုယ်တိုင်လဲ ဒီလိုလုပ်မှ ဖြစ်မယ်လို့ ကျုပ်ထင်တယ်..."

ကျွန်ုပ်။ ။ "ကျုပ်ကတော့ ဘာမှမဖြစ်ပါဘူးဗျာ... ကျုပ်ဟာ အဲဒါကိုပဲ နားမလည်နိုင်အောင် ဖြစ်နေတယ်... သူဟာ အထိတ်တလန့် ဖြစ်ခဲ့တယ်၊ ပြီးတော့ ဒဏ်ရာလဲရခဲ့တယ်၊ နို့ပေမယ့် အဲဒါက ဟိုအစကနဦးက ဖြစ်တဲ့ကိစ္စပါ... နောက်ပြီး သူဟာ သတိလဲ လစ်သွားသေးတယ်... နို့ပေမယ့် မကြာခင်ပဲ သတိပြန်ရလာပြီး ဒါကို ခံနိုင်ရည် ရှိသွားပုံရပါတယ်။ ဒီနောက် ဖြစ်တဲ့အဖြစ်အပျက်တွေကိုတော့ သူဟာ ရုပ်ရှင်ကားတွေကို ကြည့်ရတဲ့လူတွေထက် ဘာမှပိုပြီး တကယ်ပဲ မသိခဲ့ပါဘူးဗျာ၊ တစ်ခုရှိတာက ကျုပ်တို့ဟာ ဒီကိစ္စကိုပဲ ထပ်တလဲလဲ စဉ်းစားပြီး နေတာတော့ ရှိတယ်ဗျ..."

ဆရာဝန်သည် ကျွန်ုပ်အား တည်ငြိမ်လေးနက်သော မျက်နှာထားဖြင့် ကြည့်လိုက်၏။

ဝန်။ ။ "ဒါဖြင့် ခင်ဗျားအားလုံးမြင်ခဲ့တာပေါ့၊ နို့ ဒီအကြောင်း အိပ်မက်ကော မမက်ဘူးလား..."

ကျွန်ုပ်။ ။ "မက်တာပေါ့ဗျာ..."

သူသည် ဦးခေါင်းကို ညိတ်လိုက်၏။ ထို့နောက်...

"ဒါတွင် မကသေးဘူး အိပ်ရင်း ဒီဟာတွေကိုပဲ ထပ်တလဲလဲ မျက်စိထဲ ပြန်မြင်နေတယ် မဟုတ်လား၊ အထူးသဖြင့် မျှရိုယယ်ဆိုတဲ့ လူတစ်ယောက်ရော၊ ပြီးတော့ အပိုင်းပိုင်းအပြတ်ပြတ် ဖြစ်သွားတဲ့ လူတစ်ယောက်ရော၊ သူတို့က ခင်ဗျားနဲ့ ပတ်သက်နေတယ် မဟုတ်လားဗျ..."

"ဟုတ်ပါတယ်...ဒေါက်တာ... ဒါပေမယ့် သူ့ကို ဒီအကြောင်းတွေ မပြောပါဘူးဗျာ... ကျုပ်ဟာ မေ့မေ့ပျောက်ပျောက် နေခဲ့ပါတယ်..."

"တချို့လူတွေဟာ ဒီလိုဟာမျိုးတွေကို အလွယ်တကူနဲ့ မေ့ပစ်လို့ မရဘူးဗျ၊ အဲဒါတွေက အိပ်နေတုန်းမှာလဲ ဝင်လာတတ်တယ်..."

"ကျုပ်ဟာ အိပ်နေတုန်း... ရောင်နေတယ်လို့ ဆိုချင်တာလား..."

"ကျုပ်သိရသမျှတော့ အများကြီးပါ"

"အင်း... ဒါကြောင့် သူဟာ..."

"ဟုတ်တယ် အခု ခင်ဗျားကို 'ဟာလီ' လမ်းက ကျုပ်ရဲ့ မိတ်ဆွေ တစ်ယောက်ရဲ့ လိပ်စာပေးပစ်ခဲ့မယ်၊ ခင်ဗျားစို့ နှစ်ယောက်စလုံးဟာ နက်ဖန် လန်ဒန်သွားပြီး နောက်တစ်နေ့ အဲဒီလူနဲ့ သွားတွေ့စေချင်တယ်... ခင်ဗျားတို့ အတွက် ကျုပ် စီစဉ်ပေးပါ့မယ်..."

"ကောင်းပါပြီခင်ဗျာ၊ အမှန်တော့ ဒီကိစ္စက တော်တော်ပါ၊ ကျုပ် တို့ကို ဒုက္ခပေးခဲ့တာက အဲဒီနောက်မှာ ဆောင်းပါးတွေကို အဆိုနိုမ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြိုးပမ်းပမ်း လုပ်ခဲ့ရတဲ့ ဒဏ်တွေပါ… အခု တော်တော် သက်သာသွားပါပြီ…”

“ဒီဟာကြောင့် ဖြစ်ချင်လဲ ဖြစ်မှာပေါ့၊ နို့ပေမယ့် ဘာပဲဖြစ်ဖြစ်သေခင်ဗျားတို့ သွားတွေ့သင့်တယ်လို့ ကျုပ်ထင်တယ်”

“ကျွန်ုပ်တို့တွင် တစ်စုံတစ်ရာချို့ယွင်းနေပြီကို ကျွန်ုပ်သိ၏။ ကျွန်ုပ်သည် ဆရာဝန်အား ဖွင့်၍ မပြောခဲ့သော်လည်း ဟာလီလ်းမှ လူကိုမူ ဖွင့်၍ပြောပြ၏။ ဆံပင်ကို ဆွဲသွားခြင်းခံရသူမှာ မျုရိုယယ်ဖြစ်ရမည့်အစား အကြိမ်ပေါင်းများစွာပို၍ ဖိလစ်ဖြစ်နေတတ်ကြောင်းကိုလည်းကောင်း၊ အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်သွားသူမှာလည်း အမည်မသိ ယောကျ်ားတစ်ဦး ဖြစ်ရမည့်အစား အကြိမ်ပေါင်းများစွာ ပို၍ ဖိလစ်ဖြစ်နေတတ်သည်ကိုလည်းကောင်း၊ ကျွန်ုပ်မြင်ရကြောင်း ပြောပြခဲ့လေသည်။ ဖိလစ်ကလည်း အပြန်အလှန်ကဲ့သို့ ညဥ့်ပေါင်းများစွာပင် ကျွန်ုပ်အိပ်နေရာမှ ယောင်ရမ်းပြောဆိုနေသမျှကို နားထောင်ကာ အိပ်မက်ထဲမှ အပြစ်အပျက်များကို တားဆည်းရန် ကျွန်ုပ်အိပ်ရာမှ ယောင်၍ ပြတင်းပေါက်မှ ခုန်ချမည်ပြုတိုင်း၊ လိုက်၍ ဆွဲရသည့်အဖြစ်ကို ကျွန်ုပ်အား ပြောပြဘူး၏။

ထို့ကြောင့် ကျွန်ုပ်လည်း အချိန်အတော်ကြာ အနားယူရန် သဘောတူလိုက်ရလေသည်။

✧ ✧ ✧

နိဗ္ဗာန်၏ ငြိမ်းချမ်းမှုအရသာသည် လူအနည်းငယ်အတွက်သာ ဖြစ်၏။ သို့သော် ဆရာဝန်၏ အကြံပေးချက်အရ ကျွန်ုပ်ရောက်သွားခဲ့ရသော ယော့ရှိုင်ယာရှိ လယ်တောအိမ်အိုကြီးမှာ ကျွန်ုပ်အဖို့ လက်ခံနိုင်လောက်သည့် ယာယီအစားထိုးစရာတစ်ခု ဖြစ်၍နေလေသည်။ ပထမ ရက်အနည်းငယ်အတွင်း သတင်းစာများလည်း မရှိ၊ ရေဒီယိုလည်း မရှိ၊ စာများလည်း မရသောကြောင့် သည်းမခံနိုင်စရာ ငရဲလေးတစ်ခုပမာ ဖြစ်နေခဲ့၏။ သို့သော် ထိုနောက်တွင်ကား တင်း၍နေသော သံပတ်များ လျော့သွားသကဲ့သို့ ကျွန်ုပ်၏ ကိုယ်ခန္ဓာမှာ သက်သာ၍ သွားတော့၏။ အလေသုံးဆယ် လုပ်လိုသောစိတ် လျော့ပါးသွားသည့်အခါ ကျွန်ုပ်၏ တန်ဖိုးများနှင့် အမြင်သည်လည်း ပြောင်းလဲသွားတော့၏။ လေ့ကျင့်ခန်းယူခြင်း၊ လေကောင်းလေသန့်ရှူရခြင်းသည်ဖြင့် ပုံစံများ လုံးဝပြောင်းလဲသွားသောကြောင့်၊ ဂီယာအသစ်ပြောင်းထိုက်သည့်သဘောမျိုး ဖြစ်လာလေသည်။ အင်ဂျင်စက်သည် ပို၍ သက်တောင့်သက်သာရှိသော အပြေးနှုန်းတွင် စတင်အခြေတည်မိခဲ့ပြီဖြစ်ရာ၊ သိသိသာသာကြီး ရှင်းလင်းသွားတော့၏။ အတွင်းစိတ်ဓာတ်သည်လည်း ပိုမိုလန်းဆန်း၍ ပိုမိုသန့်ရှင်းလာပြီးလျှင် တည်ကြည်ငြိမ်သက်၍ လာတော့၏။ တည်ငြိမ်မှု



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်အသစ်လည်း ဖြစ်ပေါ်လာ၏။ အလွန် သက်သောင့်သက်သာရှိလှ၍ တဖြည်းဖြည်း အကျင့်ရလာပြီဟု ကျွန်ုပ်ထင်မိ၏။

အမှန်ပင် ကျွန်ုပ်သည် ရက်သတ္တ (၆) ပတ်အတွင်း အကျင့်ရ၍ သွားပြီဖြစ်ရာ အကယ်၍သာ ကျွန်ုပ်သည် အရက်သောက်ချင်စိတ်ပေါ်လာ၍ မိုင် ၂၀ အကွာရှိဆိုင်ကလေး တစ်ဆိုင်သို့ တစ်နေ့သော ညနေခင်း ၆ နာရီ ထိုးခါနီးအချိန်၌ ရောက်၍မသွားခဲ့ပါမူ ဤအတိုင်းပင် ဆက်လက်၍ နေကောင်းနေနေပေလိမ့်မည်။

ကျွန်ုပ်သည် အရက်ဆိုင်တွင် မတ်တတ်ရပ်ကာ နောက်ထပ် တစ်ခွက်သောက်လျက်ရှိစဉ် ဆိုင်ရှင်သည် ဘီဘီစီမှ သတင်းအစုံလွှင့်ချက်ကို နားထောင်ရန် ရေဒီယိုကိုဖွင့်လိုက်၏။ ပထမဆုံးကြားလိုက်ရသော သတင်းကပင် ကျွန်ုပ်တဖြည်းဖြည်း တည်ဆောက်လျက်ရှိသော ဆင်စွယ်မျှော်စင်ကြီး (ပျော်ရွှင်မှုအခြေအနေ) ကို အစိပ်စိပ်အမြွာမြွာ ဖျက်ဆီးပစ်လိုက်သည်နှင့်တူတော့၏။ သတင်းလွှင့်ကြေညာချက်မှာ အောက်ပါအတိုင်းဖြစ်၏။

"အိုဗိဘိဒို ဆန့်တန်ဒါ" ခရိုင်တွင် ပျောက်ဆုံးနေသူများ၏ စာရင်းမှာ မပြည့်စုံသေးဘဲ၊ စပိန်အာဏာပိုင်များကလည်း ထိုစာရင်းသည် မည်သည့်အခါတွင်မျှ အတိအကျ ပြည့်စုံလိမ့်မည်မဟုတ်ဟု ထင်မြင်လျက်ရှိသည်။ အစိုးရပိုင်းမှ ပြောရေးဆိုခွင့်ရှိသူများက ယောကျ်ား မိန်းမနှင့် ကလေးများ အပါအဝင် သေကြေပျက်စီးသူ ၃၂၀၀ ဟု ခန့်မှန်းသည်မှာ သင့်ရုံမျှသာ ဖြစ်သေးကြောင်း၊ ထိုဂဏန်းမှာ အကယ်ဆုံးရှုံးခဲ့သည့် ဂဏန်းအောက် ၁၅ ရာခိုင်နှုန်း၊ သို့မဟုတ် (၂၀) ရာခိုင်နှုန်းခန့်ပင် လျော့ကောင်းလျော့ဦးမည် ဖြစ်ကြောင်း ဝန်ခံလေသည်။

'ဝမ်းနည်းကြေကွဲကြောင်း သဝဏ်လွှာ' များကား ကမ္ဘာအရပ်ရပ်မှ မက်ဒရစ်မြို့တော်သို့ ရောက်လာမစဲ ရှိနေလေသည်။

"ယနေ့ အောက်လွှတ်တော်တွင် အတိုက်အခံခေါင်းဆောင်က နန်းရင်းဝန်ကြီး၏ ထုတ်ဖော်ပြောဆိုခဲ့သော စပိန်အမျိုးသားများအတွက် ဝမ်းနည်းကြေကွဲကြောင်း သဘောထားများကို သူ၏ ပါတီကိုယ်စား ထောက်ခံပြောဆိုရာတွင် "စီထွမ်"၌ တတိယအကြိမ်မြောက် တိုက်ခိုက်ခြင်းခံခဲ့ရသဖြင့် သေကြေပျက်စီးသူဦးရေမှာ အကယ်၍သာ လူထုက မိမိတို့သဘောအတိုင်းခုခံကာကွယ်ခြင်းမပြုခဲ့လျှင် ပိုမိုများပြားလိမ့်မည်ဟု ဆိုလေသည်။ သူက လူထုတွင် အကာအကွယ်တောင်းခံနိုင်ခွင့်ရှိကြောင်း၊ လူထုကို အကာအကွယ်ပေးရန်မှာ အစိုးရ၏ လုပ်ငန်းတစ်စိတ်တစ်ဒေသဖြစ်၍ အကယ်၍ တစ်စုံတစ်ရာသော အစိုးရသည် ထိုတာဝန်ကို လစ်ဟင်းခဲ့လျှင် လူထုသည် မိမိတို့ကိုယ်ကို မိမိ



www.burmeseclassic.com

www.burmeseclassic.com


တို့ ကာကွယ်ရန် အရေးယူဆောင်ရွက်ခြင်းအတွက် မည်သူကမှ အပြစ်တင်နိုင်မည်မဟုတ်ကြောင်းနှင့်လည်း ပြောပြခဲ့လေသည်။

"ဤကဲ့သို့ ဝမ်းနည်းကြေကွဲကြောင်း ထုတ်ဖော်ပြောဆိုသည့်အတွက် နန်းရင်းဝန်ကြီးက အတိုက်အခံဘက်ကို ကျေးဇူးတင်ကြောင်း ပြောကြားရာတွင် အစိုးရသည် အခြေအနေကို မျက်ခြည်မပြတ် စောင့်ကြည့်နေသည်ကို စိတ်ချစေလိုကြောင်း၊ လိုအပ်လျှင် လုပ်ကိုင်ဆောင်ရွက်သွားရမည့်လမ်းများမှာ မည်သို့သော နည်းလမ်းများ အတိအကျဖြစ်မည်ဟူသော အချက်မှာ ပေါ်ပေါက်လာမည့် အရေးတကြီးအခြေအနေ အမျိုးအစားပေါ်တွင် တည်နေကြောင်း၊ ဗြိတိသျှကျွန်းစုသည် ရေတိမ်ပိုင်းတွင် ရှိနေသည့်အဖြစ်ကို စဉ်းစားမိလျှင် များစွာ စိတ်သက်သာရာရမည်ဖြစ်ကြောင်းနှင့်လည်း ပြောပြခဲ့လေသည်..."

"လန်ဒန်မြို့တော်ဝန်က ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးရန်ပုံငွေစာရင်းတွင် ဘုရင်မကြီး၏အမည်သည် ထိပ်ဆုံးမှ ပါဝင်လျက်"

ဆိုင်ရှင်သည် ရေဒီယိုကို လှမ်း၍ ပိတ်လိုက်၏။

"ဟင်... စိတ်မချမ်းသာစရာ ကောင်းလိုက်တာနော်"

ကျွန်ုပ်သည် သူ့အား အရက်တစ်ခွက်တိုက်ကာ ကျွန်ုပ်မှာ ရက်ပေါင်းများစွာ သတင်းနှင့် ဝေးနေခဲ့၍ မည်သို့ဖြစ်ပျက်နေသည်ကို ပြောပြရန် သူ့အား တောင်းပန်လိုက်၏။ နောင်အခါ ကျွန်ုပ်စုဆောင်းရရှိခဲ့သော သတင်းများနှင့် ဖြည့်စွက်လိုက်လျှင် အောက်ပါအတိုင်းဖြစ်လေသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း တိုက်ခိုက်ခြင်းခံရသော နယ်ပယ်များသည် အပူပိုင်းဒေသများကို ကျော်လွန်ကာ ကျယ်ပြန့်လာခဲ့၏။ အနောက်ပိုင်း ဩစတြေးလျပြည်နယ်ရှိ 'ဖရီးမန်တယ်' မြို့မှ တောင်ဘက် မိုင် ၁၀၀ ဝေးသော 'ဗန်ဗာရီ' မြို့တွင် တစ်စုံတစ်ရာ ကြိုတင်သတိမပေးနိုင်မီ ပင်လယ်တင့်ကားအစင်း ၅၀ ခန့်သည် ကမ်းပေါ်သို့တက်ကာ မြို့တွင်းသို့ ဝင်ရောက်လာခဲ့လေသည်။ နောက် ညဥ့်အနည်းငယ်အကြာတွင် ချီလီနိုင်ငံရှိ 'လာဆီရီနာ' မြို့သည်လည်း အလားတူပင် အဝိုက်မိသွားခဲ့၏။ တစ်ချိန်တည်းမှာပင် အမေရိကတိုက်အလယ်ပိုင်းဒေသတွင် ကျွန်းများကိုသာ တိုက်ခိုက်မနေတော့ဘဲ ပစိဖိတ်နှင့် ပင်လယ်အော်ကမ်းခြေနှစ်ခုစလုံးသို့ ပင်လယ်တင့်ကားဦးရေ အနည်းနှင့်အများဆိုသကဲ့သို့ အကြိမ်အတော်များများ တက်ရောက်တိုက်ခိုက်ခဲ့၏။ အတ္တလန္တိတ်သမုဒ္ဒရာတွင်ကား 'ကိပ်ဗါဒီ' ကျွန်းများမှ ဆက်ကာဆက်ကာ တိုက်ခိုက်ခြင်းခံခဲ့ရ၍ မြောက်ဘက်သို့ 'ကနေရီ' 'မဒီရာ' ကျွန်းများအထိ ပြန့်နှံ့သွားခဲ့လေသည်။ အာဖရိကတိုက် အပြင်သို့ စူထွက်နေသော အပိုင်း၏ ကမ်းခြေတစ်လျှောက်တွင်လည်း အကြိမ်အနည်းငယ်မျှ ပင်လယ်တင့်ကား အချို့ဖြင့် တိုက်ခိုက်ခြင်း ခံရလေသည်။


www.burmeseclassic.com

www.burmeseclassic.com

ဥရောပတိုက်မှာမူ စိတ်ပါဝင်စားသည့် ပွဲကြည့်သမားတစ်ဦးအဖြစ် ဖြင့်သာ ရှိနေခဲ့၏။ ရင်းတွင် နေထိုင်သူများ၏ ထင်မြင်ချက်အရ၊ ဥရောပ တိုက်သည် အမြဲတမ်းပင် တည်ငြိမ်ငြိမ်းချမ်းမှု၏ တည်ရာဖြစ်၏။ လေမုန်တိုင်း များ၊ ဒီရေလွှမ်းမိုးမှုများ၊ ငလျင်ကြီးများတို့မှာ တိုင်းတစ်ပါးဆန်လှ၍ အသိ ဉာဏ် မှိုမှိန်နည်းပါးသေးသည့် ကမ္ဘာ့အစိတ်အပိုင်းများ၌သာ ဖြစ်ပွားစေရန် ကောင်းကင်အုံမှ ညွှန်ကြားပေးလိုက်သည့် အပိုဖြစ်ရပ်များဖြစ်၍ ဥရောပတိုက် မှ အရေးတကြီး စုံးရှုံးပျက်စီးမှုအားလုံးတို့မှာ အစဉ်အလာအားဖြင့် အချိန်မှန် အရှုးထသည့် လူများကိုယ်တိုင် ပြုလုပ်ခဲ့ခြင်းများ ဖြစ်ပေသည်။ ထို့ကြောင့် ဘေးအန္တရာယ်သည် မဒီရာထက် သို့မဟုတ် ရာဗတ်၊ သို့မဟုတ် 'ကာဆန် ဗလန်ကာ' ထက် ပိုမိုနီးကပ်စွာ ဆိုက်ရောက်လာလိမ့်မည်ဟု အရေးတကြီး မျှော်လင့်ရန်မရှိပေ။

ဤသို့ဖြင့် လွန်ခဲ့သော ၅ ညဉ့်က ပင်လယ်တင့်ကားများသည် ရွှံ့တောထဲမှ တရွေ့ရွေ့သွားလာ၍ ပင်လယ်ကမ်းစပ်ကို ကျော်ဖြတ်ကာ 'ဆန် တန်ဒါ' ရှိ လျှောလမ်းများတစ်လျှောက်မှ တက်လာပြီးနောက် မြို့တစ်မြို့သို့ ဝင်ခဲ့၏။ ထိုမြို့မှာ တစ်စုံတစ်ရာ ပြင်ဆင်မှုမရှိဘဲ အမှတ်မဲ့ ဖြစ်နေရုံသာမက ထိုတင့်ကားများအကြောင်းကိုလည်း မည်မည်ရရ မသိဘဲ ရှိနေခဲ့လေသည်။

နောက်တစ်နေ့ ညဉ့်တွင် ဆန်တန်ဒါ၏ နောက်ဘက်ရှိ မြို့ကလေး များနှင့် ကျေးရွာအမြောက်အမြားတွင် စောင့်ကြည့်နေသူများသည် ဒီရေတက် နေဆဲ အချိန်တွင် ခုတစ်ပိုင်းပြတ် ပုံသဏ္ဌာန်များသည် ကမ်းစပ်သို့ တွားတက် လာနေသည်ကို တွေ့ကြရ၏။ မြို့သူမြို့သားများနှင့် ရွာသူရွာသားများ အားလုံး လိုလိုဝင် အချိန်မီနီးကာ လွတ်ရာသို့ထွက်ပြေးရန် အချိန်ရခဲ့လေသည်။ စပိန် လေတပ်မှ တပ်စုတစ်စုသည်လည်း အသင့်ရှိနေသဖြင့် မီးကျည်များ အမြောက် အမြားဖြင့် တိုက်ခိုက်ခဲ့၏။ 'ဆန်ဗင်းဆင့်' တွင် ပထမအကြိမ် တိုက်ခိုက်ခဲ့စဉ် က ပင်လယ်တင့်ကား ၆ စင်းကို ပစ်ခတ်ဖောက်ခွဲ ပစ်လိုက်၍ ကျန်အစင်းများ ကို ရပ်တန့်သွားစေခဲ့၏။ ဒုတိယအကြိမ် တိုက်ခိုက်ရာ၌မူ နောက်ထပ် ပင်လယ်တင့်ကား အမြောက်အမြား ပျက်စီးသွားရာ ကျန်အစင်းများသည် ပင်လယ် ဘက်သို့ ပြန်၍ လှည့်သွားကြလေသည်။ နောက်ဆုံးအသုတ် ပင် လယ်တင့်ကားများကိုကား ရေထဲတွင်မပေါ်တပေါ်မြုပ်နေသည့် အခိုက်၌ပင် တိုက်လေယာဉ်များက တိုက်ခိုက်ဖျက်ဆီးလိုက်လေသည်။ အခြား ၄ နေရာတွင် လည်း ကာကွယ်ရေးဘက်မှ အလားတူအောင်မြင်နိုင်ခဲ့၏။ 'ဆီလင်ထရိတ်' ၃–၄ ခုလောက်သာ လွတ်သွား၍ ရွာသူရွာသား တစ်ဒါဇင်ခန့်သာ ဖမ်းမိသွား လေသည်။ တက်လာသည့် ပင်လယ်တင့်ကား ၅၀ ခန့်အနက် ရေနက်ပိုင်း သို့ ဘေးမသိရန်မခဘဲ ပြန်ဆင်းသွားနိုင်ခဲ့သော ဤရေမှာ ၄–၅ စင်းထက်


www.burmeseclassic.com

www.burmeseclassic.com



ပိုမည်မဟုတ်ဟု ခန့်မှန်းရ၏။ ယင်းတိုက်ပွဲမှာ အောင်ပွဲတစ်ရပ်ဖြစ်သည့်အတိုင်း ထိုအောင်ပွဲအကြောင်းပြု၍ ဝိုင်အရက်များ ချောင်းစီးခဲ့လေသည်။

ဆိုင်ရှင်ထံမှ ထိုအကြောင်းကို ပထမ ကြားသိရသောအခါ တိုတို တုတ်တုတ်ပင်ဖြစ်သော်လည်း အမိက အချက်အလက်များပါရှိသဖြင့် သူက လည်း သူ၏ထင်မြင်ချက်ကို အောက်ပါအတိုင်း ပြောပြပြန်လေသည်။

ဆိုင်ရှင်။ ။ "သူတို့က နှစ်ညဥ့်အတွင်း ပျက်စီးသွားတာ တစ်ရာ ကျော်မယ်လို့ တွက်တယ်ဗျ၊ နို့ပြီး တခြားနေရာတွေမှာ တက်လာတာတွေကလဲ ရှိသေးတယ်... အဲဒီတော့ ပင်လယ်အောက် တစ်ပြင်လုံးမှာ အဲဒီကမြင်းမသား တွေဟာ ထောင်ပေါင်းများစွာရှိနေမှာပဲ၊ ကျုပ်ပြောချင်တာက ဒီဟာတွေအတွက် တစ်ခုခုလုပ်ပေးဖို့ အချိန်တော်ပြီလို့ ပြောချင်တယ်... နို့ပေမယ့်၊ မဟုတ်ဘူး တဲ့ဗျာ... အစိုးရက ပြောတာက 'စိုးရိမ်စရာမရှိဘူးတဲ့'

"ဟား... ဟား ရီချင်သဗျာ၊ အဲဒီလို ပြောတဲ့ စကားလုံးတွေဟာ သံစလုံနဲ့ တစ်လုံးအပြည့်ဘဲဗျ... နောက်ဆုံးတစ်နေရာမှာ လူတွေ သုံးလေး ရာလောက် ဒီပင်လယ်ချူကြီးတွေက အမြင်နဲ့ ရစ်ပတ်ဖမ်းဆီးသွားတဲ့ အချိန် အထိ သူတို့က စိုးရိမ်နေစရာ မရှိဘူးလို့... တစ်ပြောတည်း ပြောနေဦးမှာပဲ အဲဒီအခါကျမှ အရေးပေါ် အမိန့်တွေထုတ်၊ လူတွေလဲ ဇရမ်းဇတာ ဖြစ်ကုန်ပါ လိမ့်မယ်ဗျာ၊ ခင်ဗျား စောင့်သာကြည့်ပါ..."

ကျွန်ုပ်။ ။ "ဇစ်စကေး ပင်လယ်အော်ဟာ အတော်နက်တယ် ဗျ... ကျုပ်တို့ ပတ်ပတ်လည်မှာရှိတဲ့ နေရာတွေထက် ပိုနက်တယ်..."

"အဲဒီတော့ ဘာဖြစ်သလဲ..."

ထိုမေးခွန်းကို ကျွန်ုပ်ပြန်၍ စဉ်းစားကြည့်သောအခါ အသေအချာ မေးသင့် မေးထိုက်သော မေးခွန်းဖြစ်သည်ကို တွေ့ရ၏။ ဘေးအန္တရာယ်၏ တကယ့် အခြေအမြစ်များသည် ပိုမိုနက်ရှိုင်းသော ရေနက်ပိုင်းဒေသ၏ အောက် ဖက်တွင်ရှိနေသည်မှာ ယုံမှားဖွယ်မရှိသည့်ပြင် ပထမဆုံး ရေမျက်နှာပြင်သို့ တက်ရောက်တိုက်ခိုက်မှုများသည်လည်း အားလုံးပင်၊ ပင်လယ်ရေနက်ပိုင်းကြီး များ၏ အနီးအပါးတွင် ဖြစ်ပွားခဲ့၏။ သို့သော် ပင်လယ်တင့်ကားများသည် ရေနက်ပိုင်းတစ်ခု၏ အနီးအပါးတွင်သာ တိုက်ခိုက်သည်ဟုလည်း ယူဆရန် အကြောင်းမရှိလှပေ။ စင်စစ်သော်ကား လုပ်ငန်းသဘော သက်သက်အရဆိုလျှင် ယင်းတို့အဖို့ ခပ်ပြေပြေ တက်ရခြင်းမှာ မက်စောက်စောက် တက်ရခြင်းထက် ပိုမိုလွယ်ကူရပေမည်။ ထိုအတိုင်းလည်း ဖြစ်သင့်သည် မဟုတ်ပါလော။ ထို့ပြင်၊ ပိုမိုနက်ရှိုင်းသော အပိုင်းတွင် ယင်းတို့ရောက်၍ နေလေလေ ယင်းတို့၏ အလေးချိန်ကို ရွှေ့ပြောင်းရန်အတွက် စွမ်းအားကို ပိုမိုနည်းပါးစွာ အသုံးပြု လေလေ ဖြစ်၏။ တစ်ဖန် ကိစ္စတစ်ခုလုံးကို ခြုံ၍ ကြည့်လိုက်လျှင် ကျွန်ုပ်


www.burmeseclassic.com

www.burmeseclassic.com



တို့သည် တန်ဖိုးရှိသည့် ကြိုတင်ခန့်မှန်းချက်များကို ပြုလုပ်နိုင်ရန်မှာလည်း ယင်းတို့၏ အကြောင်း ယင်းတို့၏ သဘာဝကို အနည်းအကျဉ်းမျှသာ သိရှိထားသေး၏။ ဆိုင်ရှင်သည် အခြားလူတစ်ဦးတစ်ယောက်ကဲ့သို့ပင် မှန်ကောင်း မှန်နေပေမည်။

ကျွန်ုပ်သည် သူ့အား ဤသို့ပြောခဲ့သော်လည်း သူပြောသည်မှာ မမှန်ပါစေနှင့်ဟု ဆုတောင်းမျှော်လင့်ကာ အရက်များကို သောက်ကြ၏။ အရက်ဆိုင်မှ ထွက်လာသောအခါ ကျွန်ုပ် မှင်သက်မိနေခြင်းမှ ပျက်ပြယ်၍ သွားခဲ့လေပြီ၊ ကျွန်ုပ်သည် ရွာထဲသို့ ခေတ္တဝင်၍ ကြေးနန်းတစ်စောင် ရိုက်လိုက်ပြီးနောက် ပစ္စည်းများကို အသင့်ထုပ်ပိုးရန် တည်းအိမ်သို့ပြန်ခဲ့၏။ တည်းအိမ်သို့ ရောက်သောအခါ နောက်တစ်နေ့တွင် ကျွန်ုပ် ပြန်တော့မည့် အကြောင်း ပြောလိုက်လေသည်။

◇ ◇ ◇

လန်ဒန်သို့ ပြန်ရောက်သောအခါ ကျွန်ုပ်သည် တယ်လီဖုန်းကို ကောက်၍ ကိုင်လိုက်၏။

ဤကဲ့သို့ ကျွန်ုပ်ပြန်၍ ထူထူထောင်ထောင် ဖြစ်လာသည်ကို 'ဖရက်ဒီဝှစ်တီယာ' က စိတ်ရောကိုယ်ပါ ပြောပြသဖြင့်လည်း ၎င်းအား ကျေးဇူးတင်ရသေး၏။ ထုံးစံအတိုင်း ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်ကြပြီးနောက် ကျွန်ုပ်က 'ဒီမှာဗျ ကျုပ်ဟာ တစ်ကိုယ်တည်း ဘယ်လောက်များ ငြီးငွေ့စရာဖြစ်နေသလဲဆိုတာ ကျုပ်မိန်းမတောင် ဆုံးရှုံးသွားရသလို ထင်နေမိတယ်ဗျို့... ခင်ဗျား ရှင်းပြနိုင်မလား..."

ဖရက်ဒီက အံ့အားသင့်သည့် လေသံဖြင့်...

"ဘာဗျ... ဘာဆုံးရှုံးတယ်"

ကျွန်ုပ်။ ။ "မိန်းမ ဖိလစ်လေ"

"အို...သူဘာမှမဖြစ်ပါဘူး၊ ဘာဖြစ်လို့လဲ၊ လွန်ခဲ့တဲ့ နှစ်ရက်လောက်က ဖော့ကာနဲ့ လိုက်သွားတာပဲ"

"ဟာ... ခရီးရောက်မဆိုက် ဒီလိုပြောလို့ ဘယ်ဖြစ်မလဲဗျ၊ နေပါဦး 'ဖော့ကာနဲ့ လိုက်သွားတယ်' ဆိုတာက ဘာကိုဆိုလိုတာလဲ'

"စပိန်ကိုလေ အဲဒီကို သွားပြီး ဗက်သီထောင်ချောက်တွေဆိုလား ဘာဆိုလား သွားချကြတယ်ဗျ၊ တကယ်ပြောရရင် သူ့ဆီကစာကို အချိန်မရွေး ကျုပ်တို့ မျှော်လင့်နေကြတယ်"

"သူဟာ ကျုပ်အလုပ်ကို ခိုးလုပ်နေတာပေါ့"

"ခင်ဗျားအတွက် အစပျိုးထားတာပါဗျာ ခိုးမှာတခြားလူတွေပါ ဒါနဲ့ ခင်ဗျားပြန်လာတာ ကောင်းတယ်ဗျို့..."



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်ုပ်တို့သည် ဆက်လက် စကားပြောဆိုလျှက်ရှိကြရာ ဖီလစ်သည် ရက်သတ္တတစ်ပတ်မျှသာ ကောင်းစွာ အနားယူခဲ့၍ ထိုနောက်တွင် လန်ဒန်သို့ ပြန်၍ ရောက်ရှိလာကြောင်း သိရ၏။

အိမ်ခန်းမှာ စိတ်ပျက်စရာ ကောင်းလှသဖြင့် ကျွန်ုပ်သည် ကလပ်သို့ သွား၍ တစ်ညနေလုံး အချိန်ဖြုန်း၍ နေခဲ့ရ၏။

အိပ်ရာအနီးရှိ တယ်လီဖုန်းမြည်သံကြောင့် ကျွန်ုပ်သည် အိပ်ရာမှ လန့်နိုးပြီးလျှင် ခလုတ်မီးကို ထ၍ ဖွင့်လိုက်၏။ အချိန်မှာ နံနက် ၅ နာရီမျှသာ ရှိသေး၏။ ကျွန်ုပ်သည် အိပ်ချင်မူးတူး အသံဖြင့် 'ဟယ်လို' ဟု တယ်လီဖုန်းမှ ပြန်၍ ခေါ်လိုက်ရာ၊ တစ်ဖက်မှ စကားပြောနေသူမှာ ဖရက်ဒီဖြစ်ကြောင်း သိရ၏။ သူဖြစ်ကြောင်း သိလိုက်ရသောအခါ ကျွန်ုပ်၏ စိတ်ထဲတွင် ဒိတ်ကနဲ ဖြစ်သွားမိလေသည်။

ဖရက်ဒီအသံ။ ။ "မိုက်လား… ကောင်းတယ်ဗျို့…ခင်ဗျား ဦးထုပ် နဲ့ ရီကော်ဒါ အဆင့်သင့်ယူထား၊ ခင်ဗျားဆီကို အခု ကားတစ်စီးလွှတ်လိုက်ပြီ"

ကျွန်ုပ်က အိပ်ချင်မူးတူးနှင့် ဇဝေဇဝါ ဖြစ်နေဆဲပင်ဖြစ်၏။

ကျွန်ုပ်။ ။ "ကားလွှတ်လိုက်တယ် ဟုတ်လား… ဖီများ ဘာဖြစ်"

"ဖီး… ဟုတ်လား… အိုဘုရားရေ… သူဘာမှ မဖြစ်ပါဘူးဗျာ၊ သူ့ဆီက ၉ နာရီလောက်က တယ်လီဖုန်းလာတယ်ဗျ… ကျွန်ုပ်ရဲ့ ညွှန်ကြားချက်အတိုင်း ခင်ဗျားက နှုတ်ဆက်လိုက်တဲ့အကြောင်း သူ့ကို ပြောလိုက်ကြတယ်၊ ကိုင်း… စ,လုပ်ပေတော့ အဘိုးကြီးရေ၊ ကားဟာ ခင်ဗျားနေရာကို အချိန်မရွေး ရောက်လာလိမ့်မယ်"

"ဒါပေမယ့် ဒီမှာ အဲလေ… ရီကော်ဒါ ဒီမှာ မရှိဘူးဗျ… သူယူသွားပြီထင်တယ်"

"ဟာ… ဒီလိုဆိုရင် လေယာဉ်ပျံပေါ် အချိန်မီရောက်အောင် ကျုပ်ကပဲ တစ်လုံးရှာပြီး ပေးလိုက်မယ်ဗျာ"

"လေယာဉ်ပျံ… ဟုတ်စ"

သို့သော် တယ်လီဖုန်းမှ အသံပြတ်၍ သွားလေသည်။

ကျွန်ုပ်သည် အိပ်ရာမှ လူးလဲထကာ အဝတ်အစားများ လဲလျှက်ရှိရာ၊ အဝတ်အစားလဲ၍မပြီးသေးမီ၊ တံခါးခေါက်သံ ကြားလိုက်ရ၏။ တံခါးခေါက်သူမှာ အီးဘီစီမှ ကားမောင်းနေကျ ကားမောင်းသမားတစ်ဦး ဖြစ်၏။ သူ့အား အကျိုးအကြောင်း မေးကြည့်သော်လည်း 'နော့သဟို့' သို့ သွားရန် အတွက် အထူးလေယာဉ်ပျံတစ်စင်း ငှားထားကြောင်းကိုသာ သူသိခဲ့ရကြောင်း ပြောပြသဖြင့် ကျွန်ုပ်၏ နိုင်ငံကူးလက်မှတ်ကို ဆွဲယူပြီးလျှင် နှစ်ဦးသား ထွက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်… ကျွန်ုပ်အဖို့ နိုင်ငံကူးလက်မှတ် ယူလာရန်ပင် မလိုတော့ပေ။ ထိုအကြောင်းကို ညှော်ခန်းတွင် ကော်ဖီသောက်ရင်း စုရုံးနေကြသော ‘ဗိုလစ်’ လမ်းမှ အိပ်ချင်မူးတူးဖြစ်နေကြသည့် သတင်းစာဆရာများနှင့် ဆုံမိကြမှ သိရှိရပေသည်။

ကျွန်ုပ်။ ။ “ဒါက ဘယ်လိုသဘောလဲ ဆရာတို့ရဲ့ ဘယ့်နှယ်ဗျာ တစ်ယောက်ထဲ ထွေးထွေးနွေးနွေး အိပ်နေတုန်း ညကြီးမင်းကြီး အိပ်ရာထဲက နှိုးခေါ်လာတာ… ဟာ ကျေးဇူးဘဲဗျို့… ကော်ဖီလေး တစ်ကျိုက်နှစ်ကျိုက်လောက် သောက်လိုက်ရရင် အတော် နေသာထိုင်သာတော့ ရှိသွားမှာပဲ”

အကူအညီပေးသူသည် ကျွန်ုပ်အား စိုက်၍ကြည့်လိုက်၏။

ထိုသူ။ ။ “ခင်ဗျား တကယ့်ကို မကြားသေးဘူးလား”

ကျွန်ုပ်။ ။ “ဘာကို ကြားရမှာလဲဗျ”

“ဗက်သီတွေ အကြောင်းပေါ့ ဆရာရဲ့၊ ဒိုနီဂယ်ခရိုင်က ‘ဗန်ကာရတ်’ ဆိုတဲ့ အရပ်မှာလေ…၊ ကျုပ် သဘောအရတော့ အင်မတန် သင့်လျော်ပါတယ်ဗျာ၊ ဒါတွေဟာ ‘လက်ပရီချွန်’ တို့ ဗန်ရှည်’ တို့ နာနာဘာဝ တွေကြားထဲမှာ နေသားတကျ ဖြစ်နေမှာပေါ့…၊ ဒါပေမယ့် အဲဒီက တိုင်းရင်းသားတွေကတော့ အင်္ဂလန်ပြည်ကို ပထမဆုံးအကြိမ်တက်မဲ့ နေရာဟာ ‘အိုင်ယာလန်’ ပဲလို့ ပြောပြီး၊ ဒါဟာ နောက်ထပ်မတရားတာလို့ ပြောနေမှာ မြင်ယောင်သေးသဗျာ၊ ဒီအတိုင်း ပြောလဲပြောမှာဘဲဗျ”

✧ ✧ ✧

အိုင်းရစ်ရွာကလေး တစ်ရွာတွင် အလားတူ ပုတ်အဲ့အဲ့နှင့် ငါးညှီနံ့ကဲ့သို့ ညှီစို့စို့အနံ့တစ်မျိုး ရနေသည်မှာ အမှန်ပင်ထူးဆန်းလှတော့၏။ အက်စကွန်ဒီဒါကိစ္စမှာ အထူးအဆန်းဖြစ်၍ မဖြစ်နိုင်သည့်သဘောမျိုးလည်း အတန်ငယ် သက်ရောက်လျက် ရှိနေလေသည်။ သို့သော် စိမ်းနုရောင်သန်းလျက် ပြာလဲ့အုပ်ဆိုင်းနေသော ဒေသမျိုးတွင် အလားတူ တိုက်ခိုက်ခြင်းခံရလျက်၊ ပင်လယ် တင့်ကားများသည် မွဲပြာရောင် တဲအိမ်စုကလေးများဆီသို့ တရွေ့ရွေ့ ရောက်လာကာ၊ ၎င်းတို့၏ နှာမောင်းကဲ့သို့ ကြိုးမျှင်ရှည်ကြီးများကို ဖြန့်ထုတ်လိုက်ခြင်းတို့မှာ လုံးဝဖြစ်နိုင်ပုံမရချေ။

သို့သော် ဆိပ်ကမ်းကလေးတွင်ရှိ ‘လျှော’ လမ်းတွင် ကျောက်တုံးများ ကြေမွနေ၍ ဆိပ်ကမ်းတံတိုင်းနံဘေးရှိ ကမ်းခြေတွင်လည်း လမ်းကြောင်းရာများရှိနေ၏။ တဲအိမ် ၄ လုံးမှာ ဖျက်ဆီးခြင်းခံရပြီးလျှင် ဆီလီယာကြိုးမျှင် ပိုက်ကွန်များတွင် ယောကျ်ားအချို့ ဖမ်းမိသွားသဖြင့်၊ ပူဆွေး ဒုက္ခရောက်နေသည့် မိန်းမများကိုလည်းတွေ့ရ၏။ ထို့ပြင် အပြစ်အခွဲ့ရှည်များလည်း အနံ့



www.burmeseclassic.com

www.burmeseclassic.com



အပြားဖုံးအုပ်လျက်ရှိနေရာ ၎င်းတို့မှ အလားတူအန္တရာယ်မျိုးလည်း ထွက်လျှော့ရှိလေသည်။

သူတို့ ပြောပြချက်အရ ပင်လယ်တင့်ကား အရေအတွက် ၆ စင်းဖြစ်သည်ဆို၏။ ချက်ချင်းပင် တယ်လီဖုန်းဖြင့် အကြောင်းကြားလိုက်ရာ၊ တိုက်လေယာဉ် ၂ စင်း အလျင်အမြန် ရောက်ရှိလာရလေသည်။ ထိုလေယာဉ်ပျံများက ပင်လယ်တင့်ကား ၃ စင်းကို တိုက်ခိုက်ပျက်ဆီးလိုက်၍ ကျန်အစင်းများမှာ ရေထဲသို့ ပြန်၍ ဆုတ်ခွာသွားလေသည်။ သို့သော် ၎င်းတို့ ပြန်၍ ဆုတ်မသွားမီပင် ရွာရှိ လူဦးရေ ထက်ဝက်ခန့်မှာ ကြိုးမျှင်နှာမောင်းများအကြားတွင် လုံးထွေးရစ်ပတ်ပါသွားခဲ့လေပြီ။

နောက်တစ်နေ့ညဦး၌ ထိုနေရာထက် တောင်ဘက်ကျသော 'ဂဲလဝေး' ပင်လယ်အော်တွင် ၎င်းတို့၏ တိုက်ခိုက်ခြင်းကို ခံခဲ့ရ၏။

✧ ✧ ✧

လန်ဒန်သို့ ကျွန်ုပ်ပြန်ရောက်သွားသောအခါ တိုက်ပွဲအစီအစဉ်စတင်လျက် ရှိနေလေပြီ။ ဤနေရာတွင် အသေးစိပ်ဖော်ပြရန်မဖြစ်ပေ။ အစိုးရအစီရင်ခံစာ မိတ္တူအများအပါးရှိနေမည်ဖြစ်သဖြင့် ၎င်းတို့မှာ အလွန်တိကျသေချာရကား ကျွန်ုပ်၏ အရောရောအထွေထွေ မှတ်ချက်များထက် ပို၍ အသုံးဝင်ပေလိမ့်မည်။

ဖိလစ်နှင့် ဖေ့ာကာတို့သည် စပိန်မှ ပြန်ရောက်လာပြီဖြစ်၍ ဖိလစ်နှင့်ကျွန်ုပ်မှာ နှစ်ယောက်သား လုပ်ငန်းတို့ စတင်ကြရတော့၏။ လုပ်ငန်းမှာ တစ်မျိုးတစ်ဖုံ ဖြစ်လာ၏။ အဘယ်ကြောင့်ဆိုသော် နေ့စဉ်နှင့်အမျှ ပင်လယ်တင့်ကားများ၏ တိုက်ဖျက်မှုများလည်း ယခုအခါ သတင်းကိုယ်စားလှယ်နှင့် ဒေသဆိုင်ရာ သတင်းထောက်များ၏ ကိစ္စများသာ ဖြစ်လာသောကြောင့်ဖြစ်၏။ ကျွန်ုပ်တို့မှာ အီးဘီစီနှင့် စစ်တပ်များအကြားတွင် ဆက်သွယ်ရေးလုပ်ငန်းကို လုပ်ကိုင်နေရသည့် အနေမျိုးဖြစ်နေ၍ အီးဘီစီနှင့် ဖေ့ာကာတို့အကြားတွင်လည်း ထိုနည်းအတူ လုပ်ကိုင်ပေးနေရသည့် ပုံမျိုးဖြစ်နေခဲ့၏။ အနည်းဆုံး ဤသို့ဖြစ်နေသည်ဟုပင် ကျွန်ုပ်တို့ ထင်မြင်သဘောရရှိခဲ့၏။ သောတရှင် လူထုကြီးကိုမူ သူတို့အတွက် မည်သို့ဆောင်ရွက်လျက် ရှိနေသည်ကို တတ်နိုင်သမျှ ပြောပြ၍ နေရလေသည်။

အတော်များများလည်း ဆောင်ရွက်ပေးခဲ့၏။ အိုင်ယာလန်သမ္မတနိုင်ငံသည် အခိုက်အတန့်အားဖြင့် အတိတ်ကို ပြည်ဖုံးကားချလိုက်ပြီး ရှင်မိုင်းဗုံးများ၊ ဗဒ္ဒကာနှင့် စိန်ပြောင်းအမြောက်အမြားကို ချေးငှားခဲ့၏။ ထို့နောက် ယင်းလက်နက်များကို ကောင်းစွာပစ်ခတ်တတ်သည့် အရေးအကျွမ်းကျင်သူများကိုလည်း ငှားရမ်းလက်ခံခဲ့ရ၏။ အိုင်ယာလန်နိုင်ငံ၏ အနောက်ဘက်နှင့်

www.burmeseclassic.com



တောင်ဘက်ကမ်းခြေများတစ်လျှောက်တွင် လူများသည် အစုလိုက်ကာကွယ်သည့်သဘောဖြင့် ရေပေါ်သို့ ထိုးထွက်လျက်ရှိသော ကျောက်ဆောင်များမရှိသည့် နေရာများတွင် ဒီရေမျဉ်းကြောင်း အမှတ်အသားအပေါ်ဘက်၌ မိုင်းဖိုးများကို ချလျက်ရှိကြ၏။ ကမ်းခြေရှိ မြို့များတွင် ဗုံးပစ်လက်နက်များ စွဲကိုင်ထားသည့် လူစုတို့သည် ညဥ့်လုံးပေါက် ကင်းလှည့်၍စောင့်နေကြ၏။ အခြားနေရာများ၌မူ လေယာဥ်ပျံများ၊ ဂျစ်ကားများနှင့် သံချပ်ကာ ကားများသည် အသင့် စောင့်ဆိုင်းလျက် ရှိနေကြလေသည်။

ဗော့ကာ၏ ထင်မြင်ယူဆချက် အဆိုအရ 'ရှောကာ'၏ တောင်ဘက်ရေနက်ပိုင်းဒေသတစ်နေရာတွင် ၎င်းတို့၏ အခြေခံစခန်းတစ်ခု ရှိနေ၍ ထိုနေရာမှ လာရောက်တိုက်ခိုက်သည်ဟု အဆိုရှိရာ၊ ဥရောပတိုက် မြောက်ပိုင်းအား တိုက်ခိုက်လျက်ရှိနေသည့် ဒဏ်တစ်ခုလုံးလုံးကို အိုင်းရစ်လူမျိုးတို့က ခါးစည်း၍ ခံနေရသည်ဆို၏။ အိုင်းရစ်တို့သည် လျင်မြန်စွာ တိုးတက်လာ၍ ၎င်းတို့နှင့် တိုက်ခိုက်ရာတွင် မည်မျှ ကျွမ်းကျင်သနည်းဆိုပါမူ တင့်ကားတစ်စင်းတလေမျှ လွတ်သွားရခြင်းကိုပင် ဂုဏ်ပျက်စရာ ကိစ္စတစ်ခုအနေနှင့် ယူဆလေသည်။ စကော့တလန်ပြည်၌မူ 'အောက်တား' ကျွန်းများတွင်သာ အနည်းအကျဉ်းမျှ လာရောက်တိုက်ခိုက်ခြင်းခံရ၏။ သို့သော် လူတစ်ဦးတစ်ယောက်မျှ သေကြေပျက်စီးခြင်းမရှိခဲ့ချေ၊ အင်္ဂလိပ်ပြည်တွင်မူကား၊ 'ကွန်းဝေါ' နယ် တစ်နည်းတည်းသာလျှင် တိုက်ခိုက်ခြင်းခံခဲ့ရ၍ အများအားဖြင့် မပြောပလောက်သည့် ကိစ္စကလေးများသာ ဖြစ်၏။ တစ်ခုတည်းသော ချွင်းချက်မှာ 'ဖားလမောက်' ဆိပ်ကမ်းတွင် ပင်လယ်တင့်ကားအချို့၊ ဖျက်ဆီးခြင်းမခံရမီ ဒီရေတက်အမှတ်ကိုပင် အနည်းငယ် ကျော်လွန်ကာ တက်ရောက်လာကြ၏။ သို့သော် အတော်များများမှာ ကမ်းခြေသို့ မရောက်နိုင်သေးမီပင် ရေမြှုပ်ဗုံးများ၏ ချေမှုန်းဖျက်ဆီးခြင်းကို ခံခဲ့ရသည်ဟု ဆိုလေသည်။

ဖားလမောက်တွင် တိုက်ခိုက်ခြင်း ခံရပြီးနောက် ရက်အနည်းငယ်မျှအကြာတွင် တိုက်ခိုက်မှုများ ရပ်ဆိုင်းသွားလေတော့၏။ ယင်းတို့မှာ ရုတ်ခြည်းရပ်စဲသွားခြင်းပြစ်၍ ကုန်းပေါ်သို့ အင်အားကြီးမားစွာ အစုလိုက်တိုက်ခိုက်ခြင်းများ လုံးဝရပ်စဲသွားလေသည်။

နောက် ရက်သတ္တတစ်ပတ်ခန့်အကြာတွင် တစ်စုံတစ်ယောက်က ပြောင်လှောင်၍ နာမည်ပေးထားသော 'အနိမ့်ပိုင်း အုပ်ချုပ်မှု' က တိုက်ခဲ့အစီအစဉ်ကို ဖျက်သိမ်းလိုက်ပြီဟု ဆိုသည့်အတိုင်း တစ်စုံတစ်ရာ သံသယဖြစ်ရန် မရှိတော့ပေ။ ကမ္ဘာပေါ်ရှိ တိုက်ကြီးများ၏ ပင်လယ်ကမ်းခြေများမှာ တိုက်ခိုက်ရန် အလွန်ခဲယဉ်းသဖြင့် ၎င်းတို့၏ ကြိုးပမ်းမှုတို့မှာလည်း ဟန်ကျဟန်မတူ။ ပင်လယ်တင့်ကားများသည် ဘေးအန္တရာယ် ရှိမှုနည်းပါးသော



www.burmeseclassic.com

www.burmeseclassic.com


နေရာအစိတ်အပိုင်းများသို့ ဆုတ်ခွာသွားကြရာ သို့စဉ်လျက်ပင် ငှင်းတို့၏ ဆုံးရှုံးမှုမှာ ရာခိုင်နှုန်းအားဖြင့် တိုးတက်လာလျက် ထွက်ပြေးလွတ်မြောက် သွားသည့် ရာခိုင်နှုန်းမှာမူ ယုတ်လျော့လာခဲ့လေသည်။

နောက်ဆုံး တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ရက်သတ္တနှစ်ပတ်ခန့် အကြာတွင် အရေးတကြီး အခြေအနေကို ရုပ်သိမ်းလိုက်သည့် ကြေညာချက် တစ်ရပ် ထုတ်ပြန်ခဲ့၏။ နောက် တစ်ရက် နှစ်ရက်အကြာတွင် ဇော့ကာသည် အခြေအနေနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အသံလွှင့်ကာ ဝေဖန် ပြောဆိုခဲ့ လေသည်။

"ကျွန်ုပ်တို့အထဲက လူအချို့… ကျွန်ုပ်တို့ အထဲက အမြော်အမြင် ပိုပြီးရှိတဲ့ လူမဟုတ်တဲ့ လူအချို့ဟာ မကြာခင်ကပဲ အောင်ပွဲတစ်ရပ် ကျင်းပ ခဲ့တယ်။ အဲဒီလူတွေကို ကျုပ်ပြောချင်တာကတော့ လူသားစား လူရိုင်းတွေဟာ လူသားတွေကို ပြုတ်စားဖို့ မီးထည့်နေတုန်းမှာ သူတို့ မွေးတဲ့မီးဟာ အိုးဆူလာ နိုင်အောင် မပူသေးခင်တော့ အစားခံရမယ့် လူဟာ အတော်အတန် သက်သာ ရာရနေဦးမှာပဲ၊ ဒါပေမယ့် သူ့အဖို့တော့ အစားခံရမယ့် ကိစ္စကို တစ်ခါအောင် မြင်သွားပြီ… အောင်ပွဲရသွားပြီလို့တော့ မဆိုနိုင်သေးဘူး၊ စင်စစ်တော့ သူဟာ လူသားစား လူရိုင်းတွေက ပိုမိုအင်အားကောင်းတဲ့ မီးမျိုးကို မထည့်နိုင်သေးခင် တစ်ခုခုမလုပ်ခဲ့ရင် သူ့ရဲ့အခြေအနေဟာ ဘယ်လိုမှ ကောင်းလာမယ် မဟုတ် ဘူး"

"အဲဒီတော့ ကျုပ်ဟို့ 'အောင်ပွဲ' ကို ဒီလိုကြည့်ကြစို့… ကျုပ်တို့ ပင်လယ်ပိုင်းလူမျိုးတွေဟာ ကမ္ဘာအနှံ့အပြားအကြိုအကြားတွေပါမကျန် သင်္ဘော တွေနဲ့ လွှင့်ခဲ့ကြလို့ တန်ခိုးကြီးလာကြတယ်၊ နို့ပေမယ့် အခု ပင်လယ်ပြင်မှာ လွတ်လွတ်လပ်လပ်သွားလာရေးကိစ္စ ဆုံးရှုံးနေရပြီ။ ကျုပ်တို့အတွက် ကိုယ်ပိုင် လုပ်ထားခဲ့နေရာက ကန်အထုတ်ခံရပြီ၊ ကျုပ်တို့ရဲ့ သင်္ဘောတွေဟာ ကမ်းခြေ တစ်လျှောက်က ရေပြင်တွေနဲ့ ပင်လယ်တိမ်တွေမှာလောက်သာ သွားကင်းနေ ကြတယ်၊ နို့ပြီး အဲဒီနေရာတွေမှာလဲ သူတို့ဟာ ဘယ်လောက်ကြာအောင်ဆက် ပြီး သည်းခံနေဦးမယ်ဆိုတာ ဘယ်သူက ပြောနိုင်သလဲ၊ ကျုပ်တို့ဟာ စစ် အတွင်းက ကြုံခဲ့ရတာမျိုးထက် ပိုမိုထိရောက်ခဲ့တဲ့ ပိတ်ဆို့မှုမျိုးနဲ့ ကြုံနေရတော့ အသက်ရှင်ရေးအတွက် အစားအစာကိုတောင်မှ လေကြောင်းက သယ်ယူနေ ရတယ်၊ ကျုပ်တို့ဒုက္ခတွေရဲ့ အခြေအမြစ်တွေကို လေ့လာဖို့ ကြိုးပမ်းနေတဲ့ သိပ္ပံပညာရှင်တွေတောင်မှ သူတို့လုပ်ငန်းကို လုပ်ရအောင် ရွက်သင်္ဘောတွေနဲ့ သွားရမလိုဖြစ်နေတယ်၊ ဒါဟာ အောင်ပွဲလား။

"ကျုပ်တို့ဟာ ရေနက်ပိုင်းဒေသတွေမှာ လှုပ်ရှားမှုနဲ့ စပ်လျဉ်းပြီး နောက်ဆုံး သိလာပြီးတဲ့နောက်မှ ကျုပ်က အဲဒါတွေနဲ့ နာလည်းမှုအောင်


www.burmeseclassic.com

www.burmeseclassic.com



မရမနေ ကြိုးပမ်းရမယ်လို့ တိုက်တွန်းထားခဲ့တာကို အချို့မှတ်မိကောင်း မှတ်မိပါလိမ့်မယ်၊ အဲဒါကို စမ်းမကြည့်ခဲ့ကြဘူး၊ ဖြစ်နိုင်စရာ အကြောင်းမရှိဘူးလို့ ထင်လို့လဲ ဖြစ်ကောင်းဖြစ်မယ်၊ ဒါပေမယ့် ကျုပ်တို့ ရှောင်နိုင်လိမ့်မယ်လို့ ကျုပ်မျှော်လင့် အားထားတဲ့ အခြေအနေမျိုးဟာ အခုထက်ထိ ရှိနေတယ်ဆိုတာတော့ ဘာမှ သံသယဖြစ်စရာမလိုဘူး... အဲဒီ အခြေအနေဟာလဲ ပြေလည်စပြုလာနေပြီ။ အသိဉာဏ်ရှိတဲ့ သက်ရှိအသွင်သဏ္ဍာန်နှစ်ခုဟာ တစ်ခုနဲ့တစ်ခု သည်းမခံနိုင်အောင် ဖြစ်နေကြတယ်၊ အခုတော့ ဘယ်လိုလဲ ချစ်ကြည်အောင်လုပ်ပေမယ့် အောင်မြင်မှာတော့မဟုတ်ဘူးလို့ ကျုပ်ယုံကြည်လာတယ်၊ ဘဝဆိုတာ ဘယ်လို အသွင်ပုံသဏ္ဍာန်မျိုးမှာဘဲဖြစ်ဖြစ် လုယက်ဘက်ပြိုင်မှု၊ အံတုမှု၊ ဂုဏ်ပြိုင်မှုရှိကြတာဘဲ၊ ယှဉ်ပြိုင်ဘက်တွေဟာ ညီမျှနေလေလေ တိုက်ပွဲဟာ ခက်ခဲပြင်းထန်လေလေပဲ၊ တန်ခိုးအကြီးဆုံး လက်နက်ကတော့ အသိဉာဏ်ပဲ၊ အသိဉာဏ်ရှိတဲ့ ဘယ်သက်ရှိ အသွင်သဏ္ဍာန်မျိုးမဆို အသိဉာဏ်က အုပ်စိုးနေလေတော့ အသိဉာဏ်ကြောင့်ဘဲ အသက်ရှင်ပြီး ကျန်ရစ်ခဲ့ရတယ်၊ ယှဉ်ပြိုင်ဘက် သက်ရှိအသွင်သဏ္ဍာန်တစ်ခုရှိလာရင်လဲ အဲဒီလိုရှိလာတဲ့အတွက် အနိုင်ယူလွှမ်းမိုးပြီး တစ်ခါထဲ ပျက်သုဉ်းသွားအောင်လုပ်ဖို့ ခြိမ်းခြောက်လာတော့တာပဲ၊ ဘယ်သက်ရှိအသွင်သဏ္ဍာန်မျိုးမဆို ချုပ်ချယ်ကန့်သတ်မှုမရှိ သူ့ဟာနဲ့ သူကိုယ်ပိုင်ထာဝရ ပြည့်စုံမှုရှိရမယ်၊ နို့ပေမဲ့ နှစ်ခုတော့ မရှိနိုင်ဘူး...

"အခု ကျုပ်ပြောချင်တာက ကျုပ်တို့ဟာ နည်းလမ်းတွေကို မြင်နိုင်သမျှ မြင်အောင် ရှာဖွေပြီး လုံးလုံးအမြစ်က ပြုတ်သွားအောင် တတ်နိုင်သမျှ မြန်မြန်ကြီး တိုက်ခိုက်ရမယ်လို့ဆိုတာပဲ၊ ဒီဟာတွေဟာ ဘာတွေပဲဖြစ်နေနေ သူတို့နေရာကနေပြီး ကျုပ်တို့ကို လွယ်လွယ်ကူကူ တိုက်ထုတ်ပစ်နိုင်ရုံသာ မကေသေးဘူး ကျုပ်တို့ရဲ့ ပိုင်နက်တွေမှာတောင် သူတို့ကလာပြီး တိုက်ပွဲဆင်စ ပြုနေပြီ။ အခိုက်အတန့်မှာ သူတို့ကို ကျုပ်တို့က တွန်းလှန်လိုက်ပေမယ့် သူတို့ဟာ ပြန်လာကြဦးမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ကို တွန်းပေးနေတဲ့ စေ့ဆော်မှုလို အလားတူ စေ့ဆော်မှုကလဲ သူတို့ကို တွန်းပေးနေတာပဲ၊ ဒီဟာ ဘာလဲဆိုတော့ ပြုတ်အောင်ရင်လဲပဲ တိုက်ရမယ်၊ ဒါမှမဟုတ်ရင် အပြုတ်ရင်လဲ ခံရလိမ့်မယ်၊ နို့ပြီး ကျုပ်တို့က လာခွင့်ပေးလို့ သူတို့ နောက်တစ်ခါ ထပ်လာရင်တော့ သူတို့ဟာ အခုထက် ပိုကောင်းတဲ့ လက်နက်တွေ အပြည့်အစုံ တပ်ဆင်ပြီး လာကြတော့မှာဘဲ...။

"အဲဒါကြောင့် အခုလို အခြေအနေမျိုးဟာ 'အောင်ပွဲ' မဟုတ်ဖူးလို့ ကျုပ်ပြောချင်ပါတယ်..."

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

## (ဒေါက်တာဇော့ကား အသံလွှင့် သတိပေးပြီးနောက် လပေါင်းများစွာ ကြာခဲ့လေပြီ)

တစ်စုံတစ်ခုသောအရာက ကျွန်ုပ်တို့ကို တားဆီးလိုက်၏။ တုံ့ကနဲ ခြစ်မသွားသော်လည်း အတန်ငယ် ပွတ်တိုက်သွားသံမျိုးဖြင့် အသာအယာရပ်သွားလေသည်။ ကျွန်ုပ်သည် လှေဝမ်းဗိုက်၏ ပဲ့တွင် ထိုင်ကာ လှော်တက်ဖြင့် အသံမပြည်စေဘဲ ပဲ့ကိုင်လျက် လှေကို အနည်းငယ်ရှေ့သို့ ရွေ့လျားသွားစေ၏။ ရှေ့သို့ လှမ်းကြည့်လိုက်သောအခါ မှောင်ထဲတွင် မည်သည့်အရာကိုမျှ မမြင်ရဘဲ ကျွန်ုပ်တို့လှေသည်လည်း ကမ်းနှင့် တိုက်မိပုံမပေါ်ပေ။

"ဘာဖြစ်လဲ ဟင်" ဟု ကျွန်ုပ်က တီးတိုးမေးလိုက်၏။

ဖိလစ်သည် ရှေ့သို့တွားသွားစဉ် လှေကလေးသည် လှုပ်ခါသွား၏။ ကျွန်ုပ်တို့၏ ဂီယာ တစ်စိပ်တစ်ဒေသသည် ပြုတ်ထွက်သွားရာမှ ဒုတ်ကနဲ မြည်သံ ခပ်သဲ့သဲ့ ထွက်ပေါ်လာ၏။ မကြာမီ သူသည် လေသံဖြင့်...

"ပိုက်တစ်ခုပဲ တော်တော်ကြီးတယ်"

"မင်း မလို့မရဘူးလား"

သူသည် မလိုက်၏။ လှေသည် တစ်ဖန် လှုပ်ခါသွားပြန်ပြီးလျှင် တစ်ခဏမျှ စောင်းသွားလေသည်။ ထိုနောက်မှပြန်၍ တည့်သွားတော့၏။

"ဟင့်အင်း... သိပ်လေးတယ်"

ဤကဲ့သို့ ရပ်တန့်သွားလိမ့်မည်ဟု ကျွန်ုပ် မမျှော်လင့်ခဲ့ပေ။ လွန်ခဲ့သည့် နာရီအနည်းငယ်က နေ့ခင်းအချိန်တွင် ကျွန်ုပ်သည် ဘုရားရှိခိုးကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ကျောင်း၏ မျှော်စင်မှ မှန်ပြောင်းဖြင့် လမ်းကြောင်းကို မှန်းဆကြည့်ခဲ့၏။ အနောက်မြောက်ဘက်တွင် တောင်ပူစာနှစ်လုံးအကြား၌ အပေါက်ကျဉ်းတစ်ခု ရှိ၍ ထိုမှလွန်သော် ရေပြင်သည် ရေအိုင်တစ်ခုကဲ့သို့ ကျယ်ပြန့်သွားရာ ကျွန်ုပ် မခြင်နိုင်သည်အထိ ဖြစ်လေသည်။ အကယ်၍သာ ထိုအပေါက်ကျဉ်းကလေး ကို ကျော်လွန်၍ သွားနိုင်ခဲ့လျှင် ကမ်းခြေအနီးသို့ များစွာမကပ်ရဘဲ အတော် ဝေးသွားနိုင်မည့် လက္ခဏာရှိ၏။ ကျွန်ုပ်သည် အပေါက်အထိ သွားရမည့်လမ်း ကြောင်းကို မှန်းဆကြည့်ကာ စိတ်ထဲတွင် အသေအချာ မှတ်သားပြီးနောက် မျှော်စင်ပေါ်မှ ပြန်၍ ဆင်းလာခဲ့၏။ ဒီရေပြန်တက်စ ပြုလာချိန်တွင် လုံးလုံး မမှောင်သေးချေ။ ကျွန်ုပ်တို့သည် နောက်ထပ် နာရီဝက် စောင့်မေပြီးနောက် ရေတက်အလိုက် လှော်ခတ်ရင်းထွက်လာခဲ့ရာ အပေါက်ကို ရှာဖွေရသည်မှာ မခက်ခဲလှပေ။ အကြောင်းမူကား တောင်ပူစာနှစ်လုံး၏ အရိပ်များကို ကောင်း ကင် နောက်ခံဖြင့် ခပ်မှိန်မှိန် တွေ့နေရသောကြောင့် ဖြစ်ပေသည်။ ကျွန်ုပ် သည် ပဲ့ပိုင်းသို့ရွေ့သွားကာ လှေကို ဒီရေနှင့် တိတ်ဆိတ်ငြိမ်သက်စွာ မျောပါစေ ရန် အသာလွှတ်၍ ပေးလိုက်၏။ ယခုသော် ပိုက်နှင့်လာ၍ တိုးနေချေပြီ။

ကျွန်ုပ်သည် လှေကိုလှည့်ပေးလိုက်ရာ၊ ရေစီးကြောင့် လှေသည် အတားအဆီးနှင့် ကန့်လန့်ဖြတ်သွား၍ တိုးမိခြင်းဖြစ်၏။ ကျွန်ုပ်သည် လှော် တက်ကို သတိနှင့် လှေပေါ်တွင် ချထားကာ ပိုက်ကို လက်ဖြင့်စမ်း၍ ဆွဲကြည့် လိုက်၏။ ထိုပိုက်မှာ လက်မဝက်ခန့်တုပ်သည့် ကြိုးဖြင့်ပြုလုပ်ထားရာ၊ အကွက် များမှာ ၆ လက်မခန့်စီ ရှိမည်ထင်ရ၏။ သို့နှင့် ကျွန်ုပ်လည်း မောင်းချဓား ကို စမ်း၍ ရှာလိုက်မိ၏။

"အသာကိုင်ထားစမ်း ကိုယ် အပေါက်တစ်ခုခုရအောင် ဆွဲဖြတ်လိုက် မယ်" ဟု ကျွန်ုပ်က လေသံဖြင့် ပြောလိုက်လေသည်။

ကျွန်ုပ်သည် မောင်းချဓားကို ဖွင့်လျက်ရှိစဉ် ဖျောက်ကနဲမြည်သံ၏ နောက်တွင် ဗိုးကနဲ မြည်သံကိုပါ ဆက်၍ ကြားလိုက်ရ၏။ အပေါ်ဘက်တွင် မီးကျည်တစ်ခု လင်း၍လာရာ ကျွန်ုပ်တို့အနီးတစ်ဝိုက်ရှိ မြင်ကွင်းများမှာ ရုတ်ခြည်းပင် ထင်းကနဲဖြစ်သွားပြီးနောက် ကျွန်ုပ်တို့သည် ထိန်လင်းနေသော မီးရောင်အောက်တွင် ရေလယ်၌ လှေပေါ်တွင် ထိုင်လျက်သား ရောက်ရှိနေလေ သည်။

ဝဲဘက်ရှိ တောင်ကုန်းအနိမ့်ကလေးမှာ မြက်ပင်များဖြင့် ဖုံးအုပ်နေ၍ ကောက်ကောက်ကွေးကွေး သွားနေသည့် လမ်းကြောင်းများအကြားတွင် ချုံဖုတ် အနည်းငယ်ရှိ၏။ ညာဘက်တွင် ရေပြင်ထက် ပေအနည်းငယ်မြင့်သော အိမ် တန်းတစ်ခုရှိ၏။ ယင်းတို့၏ ရှေ့တွင် နီးကပ်စွာ ဆောက်ထားသော အခြား အိမ်တန်းတစ်ခုရှိရာ တောင်နံဘေးခပ်စောင်းစောင်း၌ တည်ဆောက်ထားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်ယာဘက်အစွန်းရှိ အိမ်မှာ အတော်မြင့်သဖြင့် ၎င်း၏ခေါင်းမိုးထပ်ခုလုံးကို ရေပြင်၏အထက်တွင် မြင်နေရ၏။ အနီးရှိ အိမ်များကား တဖြည်းဖြည်း နိမ့်၍နိမ့်၍သွားရာ အချို့မှာ မီးခိုးခေါင်းတိုင်များကိုသာ မြင်နေရရာမှ နောက်ဆုံး အိမ်ကိုမူ လုံးဝမမြင်ရတော့ချေ။

အထက်ပိုင်း အိမ်တန်းရှိ အိမ်တစ်အိမ်မှ ရိုင်ဖယ်သေနတ်သံတစ်ချက်ရုတ်တရက် ထွက်ပေါ်လာ၏။ ဝင်းကနဲ လက်သွားသည်ကို ကျွန်ုပ်တို့၏ခေါင်းများနှင့် များစွာမဝေးလှသောနေရာတွင် ဗိုးကနဲ ဖြတ်သွားလေသည်။ ကျွန်ုပ်သည် လှေဝမ်းအောက်ဘက်သို့ မောင်းချအားကို ပစ်ချလိုက်ပြီးလျှင် လက်နှစ်ဖက်စလုံးကို မြှောက်လိုက်၏။ မှောင်မည်းနေသော ပြတင်းပေါက်တစ်ခုဆီမှ ထင်ရှားပြတ်သားသော အသံတစ်သံ ထွက်ပေါ်လာလေသည်။

"ခင်ဗျား လာတဲ့ဆီကို ပြန်သွားဗျို့... မိတ်ဆွေ"

ကျွန်ုပ်သည် လက်များကိုချကာ ဖိလစ်ကို ကြည့်လိုက်ပြီးနောက် ပခုံးများကို တွန့်လိုက်မိ၏။

"ကျွန်မတို့ အိမ်ရောက်အောင် ဖြတ်သွားချင်လို့ပါ၊ ကျွန်မတို့ ဒီမှာလဲမနေပါဘူး၊ ဘာမှလဲ မတောင်းပါဘူးရှင်..."

"ဖိလစ်သည် မမြင်ရသူအား လှမ်း၍ ပြန်ပြောလိုက်သည်။

"ဒီလိုပဲ လူတိုင်းကပြောနေတာပဲ၊ အိမ်က ဘယ်မှာလဲဗျ"

"ကွန်းဝေါ်မှာပါရှင်"

ထိုသူသည် ရယ်လိုက်လျက်။ ။ "ကွန်းဝေါ်...ဟုတ်လား...ခင်ဗျားတို့မှာ မျှော်လင့်စရာရှိလို့လား"

"မှန်ပါတယ်ရှင်"

"မှန်ချင်လဲ မှန်မပေ့ါ၊ ဒါပေမယ့် ဘယ်လိုမှ မဖြစ်နိုင်ဘူးဗျ၊ နို့ပြီး ကျုပ်တို့ကို အမိန့်ပေးထားတယ်ဗျ၊ ပြန်လှည့်ရင်လှည့် မလှည့်ရင်တော့ နာလိမ့်မယ်၊ ကိုင်း ဒီတော့ သွားကြပါတော့ဗျာ"

ကျွန်ုပ်သည် ဖိလစ်အား ခေါင်းခါပြလိုက်၏။ ကျွန်ုပ်ကို ပြောလိုက်သည့် အတိုင်းဆိုသော် လူမြင်မခံဘဲ ဖြတ်သန်းသွားနိုင်မှ အခွင့်သာမည်ဖြစ်သည့်အပြင် စားနပ်ရိက္ခာ ပါလာသည်ကိုလည်း လူသိခံ၍ မဖြစ်ပေ။

"ကောင်းပြီလေ၊ ကျုပ်တို့ ပြန်လှည့်သွားပါမယ်" ဟု ကျွန်ုပ်သည် ပင်ပန်းကြီးစွာ ပြန်၍ပြောလိုက်၏။

တိတ်ဆိတ်သွားရန် မလိုတော့ပြီဖြစ်သဖြင့်။ ကျွန်ုပ်လည်း ပဲ့ချိတ်စက်ကို ရေထဲသို့ ချလိုက်ပြီးလျှင် ကြိုးဖြင့်ပတ်လိုက်၏။

"ခင်ဗျားတို့က နားလည်မှုရှိတာပဲဗျ၊ နို့ပေမယ့် နောက်ခါတော့ မကြိုးစားပါနဲ့တော့ဗျာ၊ ကျုပ်ကတော့ ရှေးဆန်တယ်ဗျို့၊ ပြောလိုက်လို့ ရလွယ်



www.burmeseclassic.com

www.burmeseclassic.com



မယ့် လူမျိုးကိုမပစ်ချင်ပါဘူး။ ဒါပေမယ့် တခြားလူတွေကတော့ ဒီလိုမဟုတ်ဘူး ဗျ။ အဲဒီတော့ သွားပါတော့ မိတ်ဆွေရယ်"

ကျွန်ုပ်သည် ကြိုးကို ဆွဲလိုက်ရာ စက်နိုးသွား၏။ ကျွန်ုပ်တို့သည် မိုက်နှင့် လွတ်အောင် လှေကို တွန်းထုတ်လိုက်ပြီးမှ 'ဒီရေ' ကို ဆန်လျက် ချောင်းရိုးတစ်လျှောက် တချုတ်ချုတ် စုန်ဆင်းလာခဲ့လေသည်။ ကျွန်ုပ်တို့၏ နောက်ဘက်တွင် မီးကျည်သည် တဖြည်းဖြည်းကျသွား၍ ငြိမ်းသွားလေရာ၊ ယခင်ကထက် ပို၍ မှောင်သည့် အမှောင်ထုကြီး လွှမ်းလာလေသည်။

ဖိလစ်သည် ဂီယာကိုကျော်ကာ တဖြည်းဖြည်း သွားလာပြီးနောက် ကျွန်ုပ်၏ နံဘေးတွင် ယှဉ်ကပ်၍ထိုင်လိုက်၏။ လက်အိတ်စွပ်ထားသော လက်ဖြင့်လည်း ကျွန်ုပ်၏ ဒူးခေါင်းကို ခပ်ဖိဖိကလေး ကိုင်လိုက်လေသည်။

ကျွန်ုပ်။ ။ "ဝမ်းနည်းပါတယ် အချစ်ရယ်..."

ဖိလစ်။ ။ "ဒါတော့ ဘယ်တတ်နိုင်မလဲ မိုက်ရယ်... ကျွန်မတို့ တခြားတစ်နေရာရာမှာ ကြိုးစားကြည့်သေးတာပေါ့၊ တတိယအကြိမ်တော့ ကံကောင်းပါလိမ့်မယ်"

"အခု အကြိမ်မှာလဲ ကံကောင်းတာပဲ၊ သူက တမင်ချော်ပစ်လိုက်တာကွယ့်၊ သူ ဒီလိုမလုပ်သင့်ဘူး"

"ပိုက်နဲ့ အစောင့်တစ်ယောက် ချထားတယ်ဆိုတော့... ဒီနေရာမှာ လူတွေအတော်များများ ကြိုးစားနေတယ်ထင်ပါရဲ့၊ ကျွန်မတို့ အခု ဘယ်ရောက်နေသလဲဟင်"

ကိုယ်တော့ အသေအချာ မသိဘူး၊ မြေပုံကြည့်ပြီး ပြောဖို့တော့ ခက်တယ်၊ ဒါပေမယ့် 'စတိန်းဝေးဗရစ်' ဒေသတစ်နေနေရာမှာ ရောက်နေတယ် ထင်တယ်၊ အခု ပြန်လှည့်ရတာ ဆိုးတယ်ကွယ်"

"အပစ်ခံရမှာက ပိုဆိုးဦးမှာ"

ကျွန်ုပ်တို့သည် အတားအဆီးများ ရှိမရှိကို လက်နှိပ်ဓာတ်မီးဖြင့် တစ်ချက်တစ်ချက် ထိုးကြည့်ကာ ဆက်လက်ခုတ်မောင်းသွားကြ၏။

ဖိလစ်။ ။ "ကျွန်မတို့ ဘယ်ရောက်နေတယ်ဆိုတာမသိရင် ကျွန်မတို့ ဘယ်သွားနေတယ်လို့ကော သိနိုင်မှာလဲ"

ကျွန်ုပ်။ ။ "ကိုယ်တော့မသိဘူး... ဟိုလူ ပြောသလို ဆက်သွားနေတာပဲ၊ သူ့နယ်က လွတ်သွားရင် ကောင်းတာပဲ မဟုတ်လား"

မကြာမီ တိမ်တိုက်များအကြားမှ လထွက်၍လာပြီးလျှင် ပြတ်တိ ပြတ်တောင်း လင်းလျက်ရှိလေ၏။ ဖိလစ်သည် သူ၏ အင်္ကျီကို ငင်းကြပ်စွာ ဆွဲလိုက်ပြီးလျှင် အတန်ငယ် တုန်ရီ၍ နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိလစ်။ ။ " ဒီလို ရည်ရွယ်ချက်မရှိဘဲ ကျွန်မတို့ ဆက်သွားနေလို့ ဖြစ်ပါ့မလား မိုက်ရယ်... ကျွန်မတို့ ထွေးထွေးနွေးနွေး နေရအောင် အိပ်လဲ အိပ်ရအောင် တစ်နေရာရာ ရှာကြစို့လား မောင်"

"အင်းလေ ရှာတာပေါ့"

ကျွန်ုပ်သည် စတီရာရင် လီဗာကို အတန်ငယ် မြှင့်၍ ပေးလိုက်၏။

တစ်မိုင်ခန့် အဝေးတွင် အိမ်များ ပြောက်တိပြောက်ကြားရှိနေသည့် ကုန်းမြင့်ကလေးတစ်ခုရှိရာ ထိုနေရာမှာ ကျွန်းတစ်ကျွန်း ဟုတ်သည် မဟုတ်သည်ကို မပြောနိုင်သော်လည်း ထိုနေရာနှင့် ကျွန်ုပ်တို့အကြား ရေထဲတွင် ခပ်တိမ်တိမ် တစ်မျိုး ခပ်နက်နက်တစ်မျိုး နစ်မြုပ်နေကြသော အိမ်များရှိလေသည်။ သို့နှင့် ကျွန်ုပ်တို့သည် ရှုမြင်နိုင်သည့်အပေါ်ထပ်များ ရှိခြင်းကို ထောက်သဖြင့် ဂျော့ဂျီယန်ခေတ်က ဆောက်လုပ်ထားခဲ့ဟန်တူသည့် တောင့်တင်းပုံရသော အိမ်ဖြူဖြူတစ်လုံးကို မြင်လိုက်ရသောကြောင့် ထိုအိမ်ဆီသို့ ရောက်အောင် လှေကိုပဲ့ကိုင်၍ ပေးလိုက်လေသည်။

တံခါးဆောင်၏ သစ်သားမှာ အတော်ပွနေ၍ ဆွဲ၍မရအောင် ရှိသောကြောင့် ကျွန်ုပ်တို့မှာ လှော်တက်ဖြင့် ကလန့်၍ တွန်းဖွင့်ပြီးနောက်မှ အိမ်တွင်းသို့ ဝင်နိုင်လေ၏။ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရာ အိပ်ခန်းတစ်ခု ဖြစ်သည်ကို တွေ့ရ၏။ တစ်ကြိမ်က အလွန်သပ်သပ်ရပ်ရပ် ရှိခဲ့သော်လည်း ယခုအခါ၌မူ နံရံများအလယ်ဆီလောက်တွင် ဒီရေတက်ခဲ့ဖူးသည့် အမှတ်အသား တစ်ခုရှိနေ၏။ ကျွန်ုပ်သည် ကော်ဇောကို တစ္ပပ်စ္ပပ် နင်းကာဖြတ်၍ လျှောက်သွားပြီးလျှင် တံခါးကိုခပ်လွယ်လွယ်နှင့်ပင် ဖွင့်လိုက်၏။ အပြင်ဘက် အတက်အဆင်းနေရာတွင် ရေသည် အပေါ်ဆုံးလှေကားအထစ်နှင့် လက်မ အနည်းငယ်သာ ကွာတော့လျက် အပေါ်ထပ် ကြမ်းပြင်နှင့်မူ ကောင်းစွာလွတ်လေသည်။ သက်တောင့်သက်သာ နေထိုင်ရန်အတွက်လည်း အတော်ပင် ပြည့်ပြည့်စုံစုံရှိလေသည်။

"ဒါလောက်ဆို တော်ပါပြီ" ဟု ဖိလစ်က ပြောလိုက်၏။

သူသည် ဖယောင်းတိုင် နှစ်တိုင်ကို ထွန်းညှိလျက် သူရွေးချယ်သော အခန်းတွင် အရာရာပြန်လည်နေသားတကျဖြစ်အောင် ပြင်ဆင်လုပ်ကိုင်လျက် ရှိလေသည်။ ကျွန်ုပ်သည် အောက်သို့ပြန်၍ ဆင်းသွားပြီးနောက် လှေထဲမှ အိပ်ရာလိပ်များနှင့် အခြားလိုရမယ်ရပစ္စည်းများကို ထုတ်ယူပြီးလျှင် လှေကို ဒီအရေအတက်အကျနှင့် သင့်လျော်အောင် ချိန်ဆလျက် အသေအချာ ချည်နှောင်ထားခဲ့လေသည်။

ပစ္စည်းများကို အပေါ်သို့ သယ်ယူသွားသောအခါ ဖိလစ်သည် ကုတ်အင်္ကျီကို ချွတ်ထားလိုက်ပြီဖြစ်၍ လေခံဝတ်စုံတစ်မျိုးကို ဝတ်လျက် အခြားတစ်



www.burmeseclassic.com

www.burmeseclassic.com



ခန်းမှ သက်တောင့်သက်သာ ထိုင်နိုင်သော ကုလားထိုင်များကို သယ်ယူကာ အလုပ်ရှုပ်လျက် ရှိနေ၏။ ကျွန်ုပ်ကလည်း မီးဖိုတွင် မီးထည့်ရန် လှေကားလက်တန်းနှင့် လက်ရမ်းများကို ရိုက်ချိုးဖျက်ချလိုက်လေသည်။

ခန်းဆီးအဝတ်များမှာ ချည်စများဖြစ်သောကြောင့် စောင်များဖြင့် ထပ်၍အုပ်ထားလိုက်ရ၏။ မီးရောင်ကိုမြင်လျှင် တစ်စုံတစ်ယောက်က လာ၍ စုံစမ်းမည်ကို မစိုးရိမ်လှသော်လည်း အကယ်၍ စုံစမ်းလျှင် အစောင့်မရှိသည့်လှေကို မုချကေန် ယူသွားပေလိမ့်မည်။ ထို့နောက်တွင် ကျွန်ုပ်တို့သည် မီးကိုမပြတ်အောင် ထည့်ပေးရင်း အခန်းထဲတွင် ထွေးထွေးနွေးနွေး ရှိနေခဲ့ကြလေသည်။

ကျွန်ုပ်တို့၏ ညစာမှာ ဘီစကွတ်၊ ဝက်အူချောင်းနှင့် လက်ဖက်ရည်တို့ဖြစ်၏။ ဝက်အူချောင်းကို ခွက်ထဲ၌ ထည့်ကာ နွေးရ၍ ခရင်းတစ်ချောင်းဖြင့် စားရပြီးလျှင် လက်ဖက်ရည်ကိုမူ ပုလင်းဖြင့် ထည့်လာသော မိုးရေနှင့် ရောစပ်ကာ၊ နို့ဆီဖြင့် ဖျော်ရလေသည်။ အစားအသောက်မှာ ခမ်းခမ်းနားနား မဟုတ်ပေ။ သို့သော် ဤကဲ့သို့သော အိမ်မျိုး၏ နက်ရှိုင်းသော နေရာတစ်ခု၌ ကျွန်ုပ်တို့ လက်လှမ်းမမီသည့်နေရာတွင် ပိုမိုစိတ်တက်ကြွစရာ စားကောင်းသောက်ဖွယ်များ ရှိရမည်ဟု တွေးမိရင်း စိတ်မကောင်းဖြစ်ရသော်လည်း ဤမျှနှင့်ပင် ကျေနပ်ကြရလေသည်။

စားသောက်ပြီးကြသောအခါ ကျွန်ုပ်တို့သည် ချွေတာရေး သဘောဖြင့် ဖယောင်းတိုင်များကို ငြိမ်းလိုက်၍ မီးဖို၌ ထင်းများထပ်၍ထည့်ကာ မီးလျှံရင်း ထွေးနွေးသည့် အရသာကို ခံယူလျက်ရှိကြ၏။ စီးကရက်တစ်ဝက်မျှ ကုန်သွားသည်အထိ တိတ်ဆိတ်နေကြပြီးနောက် ဖီလစ်က...

"အင်း... အခုအထိတော့ သိပ်မကောင်းလှသေးဘူး၊ ကဲ... အခု ဘာလုပ်ကြမလဲဟင်" ဟု မေးလိုက်၏။

ကျွန်ုပ်၏ စိတ်သဘောထားမှာလည်း အတိုချုပ်အားဖြင့် ဤသို့ပင် ဖြစ်၏။

ကျွန်ုပ်။ ။ "ကိုယ်တော့ တာဝန်မခံချင်သေးဘူးကွယ်... ဒါပေမယ့် ကွန်းဝေါ်သွားဖို့ကိုတော့ ဖျက်ရမဲ့ပုံပေါ်နေပြီ"

ဖီလစ်။ ။ "ဟိုလူကတောင် အဲဒီကိစ္စအတွက် သရော်လိုက်သေးတယ် မဟုတ်လား၊ အဲ့... ဒါကတော့ ကျွန်မတို့ကို မယုံလို့ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်"

"သူက လမ်းမှာ အတားအဆီးတွေ အတော်များများ ကြိုတင်တွေ့ထားတဲ့ သဘောမျိုးနဲ့တူကယ်။ သူကိုယ်တိုင် ပထမဆုံးတွေမှာပေါ့၊ ကိုယ်တို့ဟာ သီးခြားလွတ်လပ်တဲ့ နယ်အတော်များများ ဖြတ်သွားရမယ့် လက္ခဏာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ကျွန်မတို့ဟာ လန်ဒန်ကို ပြန်သွားနိုင်ရင်လဲ အဲဒီကာ မကြာခင်တစ်နည်းနည်း အနေးနဲ့အမြန် ထွက်ရဖို့ ကိန်းကြုံနေဦးမှာပဲ၊ ဒါက တော့ ဟိုမှာ ကျွန်မတို့ ပစ်အသတ်မခံရရင်ပေါ့လေ၊ တစ်ချိန်လုံး အခြေအနေ ဟာ ဆိုးသထက် ဆိုးလာမှာပဲ တောဘက်မှာဆိုရင် အနည်းဆုံးစိုက်လို့ ပျိုး လို့ရသေးတယ်။ ဟိုမှာ အခွင့်အရေးရှိသေးတယ်။ မြို့ကြီးဆိုတာက တောဘက် မှာဆိုရင် အနည်းဆုံးစိုက်လို့ ပျိုးလို့ရသေးတယ်။ ဟိုမှာ အခွင့်အရေးရှိသေး တယ်။ မြို့ကြီးဆိုတာကတော့ အုတ်တွေနဲ့ ကျောက်တုံးတွေသာရှိတဲ့ ကန္တာရ တစ်မျိုးဘဲ၊ ဟိုမှာရှိတဲ့ဟာကို စားသုံးလို့ ကုန်သွားပြီးရင် ဒုက္ခရောက်မှာ အမှန်ဘဲ"

"ကျွန်ုပ်သည် 'နှင်းဆီ' အိမ်ကလေးကို စဉ်းစားကြည့်၏။ ထိုနေရာ တွင် အကယ်၍ မြေများကျန်နေသေးသည့်တိုင် စိုက်ပျိုးဖြစ်ထွန်းမည့် မြေ ကောင်းများပေါ်တွင် လက်သင့်ခံလိုမည် မဟုတ်သည်မှာလည်း ထင်ရှားလှ၏။ မြို့ကြီးများတွင် သိုသန့်လှောင်ထားသမျှ စားသုံး၍ ကုန်သွားလျှင် အထီးကျန် ဖြစ်နေမည်ဟု ပြောခြင်းမှာမှန်၏။ 'ကွန်းဝေါတွင်လည်း' ကျွန်ုပ်တို့အား လက် သင့်ခံလိုမည် မဟုတ်သည်မှာလည်း ထင်ရှားလှ၏။ မြို့ကြီးများတွင် သိုသန့် လှောင်ထားသမျှ စားသုံး၍ ကုန်သွားလျှင် အထီးကျန်ဖြစ်နေမည်ဟု ပြော ခြင်းမှာမှန်၏။ 'ကွန်းဝေါတွင်လည်း' ကျွန်ုပ်တို့အား လက်သင့်လက်ခံမှုခံပါ မည်လောဟု သံသယဖြစ်မိ၏။ သို့သော် နှင်းဆီအိမ်ကလေး၌မူ အကယ်၍ ထိုအိမ်တွင် အခြားသူ တစ်ဦးဦး ရောက်၍မနေနှင့်ဘဲ ကျွန်ုပ်တို့ကလည်း မရောက်ရောက်အောင် သွားနိုင်ခဲ့လျှင် အခွင့်သာကောင်း သာပေလိမ့်မည်။

ကျွန်ုပ်တို့သည် ရှေ့လာမည့် အလားအလာများကို တစ်နာရီကျော် ကျော်ခန့်မျှ အခြေအမြစ်မရှိ ရောက်တတ်ရာရာ ဆွေးနွေးပြောဆိုလျက်ရှိကြ၏။ သို့သော် မည်သို့မျှ အကြောင်းမထူးသည့်ပြင် နောက်ထပ် အကြံဉာဏ်လည်း ထွက်ပေါ်မလာခဲ့သဖြင့် ဆက်လက် မဆွေးနွေးတော့ဘဲ မီးရောင်ကိုသာ တိတ် ဆိတ်စွာ ငေးမောကြည့်ရှုနေခြင်းဖြင့် အဆုံးသတ်ခဲ့လေသည်။ ဖီလစ်သည် တစ်ချက်သမ်းဝေလိုက်၏။ ကျွန်ုပ်တို့သည် အိပ်ရာများပေါ်မှ စိုစွတ်ထိုင်းမှိုင်း နေသည့် အဝတ်များကို ဖယ်ကာ မွေ့ရာများပေါ်တွင် အရိပ်ရာလိပ်များကို ဖြန့်၍ခင်းလိုက်၏။ ထို့နောက် မီးကိုပြန်၍ မွှေးပြီးလျှင် ပြောင်းတိုသေနတ်ကို လက်လှမ်းမှီသည့်နေရာ၌ အသင့်ထားကာ အပ်ရာသို့ ဝင်ကြလေ၏။

စည်းကမ်းနည်းလမ်းအတိုင်း ပြောရမည်ဆိုလျှင် ကျွန်ုပ်တို့သည် အကြံသစ် ဉာဏ်သစ်များကို နောက်တစ်နေ့တွင်မှရသည်ဟု ပြောရပေလိမ့်မည်။ သို့သော် နောက်တစ်နေ့ဟူသည်မှာ နံနက်စာ စားချိန်မှသာ အမှန်တင်သည် ဟု ကျွန်ုပ်၏စိတ်ထဲတွင် အမြဲလိုပင် ရှိနေ၍ ထိုအကြံကိုလည်း နံနက် စ


www.burmeseclassic.com

www.burmeseclassic.com



နာရီထိုးအချိန်တွင်မှ ရခဲ့လေသည်။ ၎င်းသည် ကျွန်ုပ်အား အိပ်ရာမှ လန့်နိုးစေလျက် ဒိန်းကနဲမြည်ကာ ဆိုက်ရောက်လာခဲ့လေသည်။

ကျွန်ုပ်သည် အိပ်ရာမှ လုံးလုံးနိုးလာပြီဖြစ်၍ ဖျပ်ဖျပ်လပ်လပ်ပင် ထ၍ထိုင်လိုက်ရာ နားထဲတွင် ဝုန်းကနဲ မြည်သံကို ကြားနေဆဲပင်ဖြစ်၏။ မီးဖိုမှ မီးမှာ ကျသွားပြီဖြစ်၍ ပြာပူမျှသာ ကျန်တော့သဖြင့် အခန်းထဲတွင် မှောင်လျက်ရှိ၏။ သို့ရှိစဉ် အပြင်ဘက်နံရံဆီမှ ယခင်အသံလောက်ပင် မကျယ်လှသော်လည်း ဝုန်းကနဲ မြည်သံတစ်သံ ထွက်ပေါ်လာပြန်ရာ၊ တစ်စုံတစ်ယောက်က နံရံကို ဆွဲခြစ်ပွတ်သပ် သွားသကဲ့သို့ အသံမျိုးကိုလည်း ကြားလိုက်ရလေသည်။ သို့နှင့် ကျွန်ုပ်လည်း ပြောင်းတိုသေနတ်ကို ကောက်၍ကိုင်လိုက်ပြီးလျှင် အိပ်ရာမှခုန်၍ထကာ၊ အနီးဆုံးပြတင်းပေါက်မှ စောင်နှင့်ခန်းဆီးများကို နဘေးသို့ ဆွဲ၍ဖယ်လိုက်၏။ ထိုအခါ တဲငယ်ကလေးများ၊ ကြက်အိမ်များ၊ အိမ်ထောင်ပရိဘောဂများ၊ သစ်တုံးများနှင့် အခြားအသေးအဖွဲ့ပစ္စည်းအမျိုးမျိုး စသည်ဖြင့် ရေမြောကမ်းတင်ပစ္စည်း အမြောက်အမြားရှိနေသည်ကို တွေ့ရလေရာ၊ ယင်းပစ္စည်းများအနက် တစ်ခုခုကလာ၍ အိမ်ကိုတိုက်မိနိုင်၏။ ထို့ပြင် ထိုအသံမှာ ကျွန်ုပ်တို့၏ လှေကို တွေ့သွားသူတစ်ဦးဦးက ပြုလုပ်သည့် အသံမျိုးလည်း ဖြစ်နိုင်သဖြင့် အကယ်၍ လှေသာ ဆုံးရှုံးခဲ့ရပါမူ အတော်ပင် ဒုက္ခရောက်ရပေတော့မည်။

ကျွန်ုပ်သည် အပြင်ဘက်သို့ လှမ်းမျှော်၍ ကြည့်လိုက်၏။ လဝန်းကြီးသည် အတော်ပင် ကျသွားပြီဖြစ်သော်လည်း ထွန်းလင်းတောက်ပနေဆဲပင်ဖြစ်ရာ လှေမှာလည်း အောက်ဘက်တွင် မည်သို့မျှမဖြစ်ဘဲ ယခင်ကအတိုင်းရှိနေလေသည်။ ထိုအချိန်၌ ကုတ်ခြစ်သံတစ်သံသည် တစ်ဖက်နံရံမှ ထွက်ပေါ်လာပြန်ရာ ကျွန်ုပ်လည်း ပြန်၍လှည့်လိုက်ပြီးလျှင် အိပ်ရာနှစ်ခုကြားရှိ စားပွဲပေါ်မှ လက်နှိပ်ဓာတ်မီးကို လှမ်းယူလိုက်လေသည်။

ဖိလစ်၏အသံဖြင့် "ဘာဖြစ်တာလဲဟင်" ဟု လှမ်းမေးလိုက်၏။ သို့သော် ကျွန်ုပ်မှာ ကမန်းကတန်းဖြစ်နေသဖြင့် ပြန်၍မပြောအားပေ။ လက်တစ်ဘက်တွင် သေနတ်ကိုကိုင်ကာ အခြားလက်တစ်ဘက်တွင် လက်နှိပ်ဓာတ်မီးကို ကိုင်လျက် တစ်ဘက်ခန်းသို့ ပြေးသွားလေ၏။ ထိုအခန်း၏ ပြတင်းတစ်ခုသည် မြောက်ဘက်သို့ မျက်နှာမူ၍နေသဖြင့် ကျွန်ုပ်လည်း လက်နှိပ်ဓာတ်မီးကို အသာချထားလိုက်ပြီးလျှင် တံခါးရွက်ကို ပင့်တင်ပြီးနောက် သေနတ်ဖြင့် ချိန်ရင်း အပေါ်မှ စီး၍ကြည့်လိုက်၏။ အောက်ဘက်တွင် အခန်းတစ်ခန်းပါသော မော်တော်ဘုတ်ကလေးတစ်စင်းသည် နံရံတစ်လျှောက် ဦးဖြင့်လာ၍ တိုက်နေပြီးလျှင် မော်တော်ဝမ်းအတွင်း၌ လဲနေသော မိန်းမတစ်ယောက်၏ ဖုံးသကွာန်ကို ငေးမောကြည့်ရှု၍နေမိသည်မှာ တစ်ခဏမျှသာဖြစ်၏။ အဘယ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဆိုသော် မော်တော်ဘုတ်သည် အိမ်ထောင့်စွန်းကို ချိုးသွား၍ ချောင်းမြောင်း အခြားတစ်ဘက်သို့ ရောက်သွားပြီးလျှင် မျောပါသွားခဲ့သောကြောင့်ပင် ဖြစ်လေသည်။ ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီးကို ကောက်ယူလိုက်၏။

အိပ်ခန်းတံခါးကို ကမန်းတကန်း ဖြတ်ကျော်သွားစဉ် ဖိလစ်က "ဘာလဲဟင်" ဟု မေးလိုက်သေး၏။

ကျွန်ုပ်ကလည်း လှေကားမှ ပြေးဆင်းသွားရင်း "လှေတစ်စင်းကွဲ" ဟု ပြန်၍ပြောလိုက်၏။ အောက်ထပ်၌ ရေသည် ထိုအချိန်တွင် ခါးဆစ်အထိပင် နက်၍နေသဖြင့် ရေခဲကဲ့သို့ အေးစက်လှပေ၏။ သို့သော် ကျွန်ုပ်မှာ အလောသုံးဆယ်နိုင်လှသဖြင့် များစွာ အရေးထား၍ မနေနိုင်ခဲ့ပေ။ ရေအတော်နက်နေပြီဖြစ်သဖြင့် လှေကို မမျှောက်စေဘဲ လှေပေါ်သို့တက်ရန် ခက်ခဲလှသော်လည်း ကျွန်ုပ်မှာ တတ်နိုင်သမျှ ကြိုးစား၍တက်ခဲ့၏။ သို့သော် ပဲ့ချိတ်စက်ကို ရုတ်တရက် နှိုးမရဘဲရှိနေပြန်ရာ ၄–၅ ကြိမ်ခန့် နှိုးမှ စက်နိုး၍လာလေသည်။ ထိုအချိန်၌ ကျွန်ုပ်မှာ မျောပါသွားသည့် မော်တော်ဘုတ်ကို မျက်ခြေပြတ်သွားပြီဖြစ်၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်လည်း ရေကြောင်းထဲသို့ တိုးဝင်ကာ ၎င်းနောက်မှ လိုက်ပါသွားလေသည်။

ကျွန်ုပ်တို့အဖို့ ထိုမော်တော်ဘုတ်ကို လုံးဝမမီတော့ဘဲ ချောင်းရိုးအတိုင်း အချည်းနှီး ခုတ်မောင်းသွားရမည့်အဖြစ်မျိုးမှ ကံကောင်းထောက်မသဖြင့်သာ လွတ်မြောက်ခဲ့ရ၏။ မော်တော်ဘုတ်သည် ရေစီးဖြင့် မျောပါသွားရာမှ ရေအောက်တွင် မြုပ်နေသည့် ချုံပုတ်တစ်ခုနှင့် ငြိတွယ်လျက်ရှိလေရာ ကျွန်ုပ်လည်း ထိုနေရာကို ဖြတ်သွားခိုက် ရှုပ်ထွေးသော သစ်ကိုင်းများအကြားတွင် ငြိတွယ်သွားသည်ကို ရိပ်ကနဲ မြင်လိုက်လေသည်။ မော်တော်ဘုတ်ကလေးမှာ ယခုခေတ် အခြား မော်တော်ဘုတ်များနည်းတူ အပြကောင်းရန်မျှသာ ဆေးသုတ်ထားခြင်းမဟုတ်ဘဲ အသုံးတည့်ရန် ရည်ရွယ်ချက်ဖြင့် ဆေးသုတ်ထားခြင်းဖြစ်၏။

မော်တော်ဘုတ်ပေါ်သို့ ကျွန်ုပ် ရောက်သွားသောအခါ အခန်းကလေး၏ တံခါးများမှနေ၍ အတွင်းဘက်သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။ အခန်းတွင်း၌ကား မည်သူမျှ မရှိချေ၊ မော်တော်ဝမ်းထဲ၌မူ မိန်းမတစ်ယောက် လဲကျလျက်ရှိရာ ၎င်းမှာ လည်ပင်းတွင် တစ်ချက်၊ ရင်ဘတ်တွင် တစ်ချက် သေနတ်ဖြင့် ပစ်ခတ်ထားသည့် ဒဏ်ရာနှစ်ချက်ရှိနေ၍ နာရီပေါင်း အတန်ကြာကပင် သေဆုံးခဲ့ဟန် လက္ခဏာရှိ၏။ ကျွန်ုပ်လည်း အလောင်းကို ဆွဲ၍ချီကာ ရေထဲသို့ ပစ်ချလိုက်လေသည်။

ကျွန်ုပ်သည် ဒီရေနှင့် ရေစီးကိုဆန်ကာ မော်တော်ဘုတ်ကို ချိတ်စက်ဖြင့် ပြန်လည်ဆွဲယူသွားရန် မျှော်လည့်ချက်မရှိပေ။ ၎င်းကို ဖုတ်မောင်း



www.burmeseclassic.com

www.burmeseclassic.com


ယူသွားရန်မှာလည်း ကျွန်ုပ်၏ တစ်ကိုယ်လုံး အအေးဒဏ်ကြောင့် ထုံကျင်နေသဖြင့် ကြိုးစားရာတွင် အချိန်ကုန်မခံနိုင်ပေ။ သို့နှင့်ကျွန်ုပ်သည် ၎င်းအားနောက်ထပ်မြောပါမသွားစေရန် အသေအချာစီမံထားခဲ့ခြင်းသာလျှင် အကောင်းဆုံးဖြစ်သည်ဟု ယူဆမိ၏။ သို့မှုလည်း နံနက်လင်း၍ ကျွန်ုပ်ပြန်ရောက်မလာမီ အခြားမည်သူမျှ တွေ့မြင်လိမ့်မည်မဟုတ်ဟု မျှော်လင့်ရပေသည်။ ၎င်းမှာ စွန့်၍လုပ်ရသည့် အလုပ်တစ်ခုပင် ဖြစ်၏။ မည်သည့် လှေသမ္ဗန်မျိုးမဆို တန်ဖိုးမဖြတ်နိုင်အောင် ရှိနေသည်မှန်၏။ သို့သော် ဤသို့မျှ မလုပ်ခဲ့လျှင် နျူမိုးနီးယား ရောဂါရမည်မှာ မုချဖြစ်ပေတော့၏။ နောက်ထပ် အချိန်ဆွဲ၍လည်း မနေဝံ့ပေ။ အဘယ်ကြောင့်ဆိုသော် လ,ဝင်၍သွားလျှင် အိမ်ကိုတစ်ဖန်ပြန်၍ ရှာရန် လွယ်ကူလိမ့်မယ် မဟုတ်သောကြောင့်ပင်တည်း။

ဖီလစ်သည် အသစ်တစ်ဖန် ပြန်၍ မီးမွှေးထားသော မီးဖိုတွင် ကျွန်ုပ်အတွက် စောင်တစ်ထည်ကို မီးကင်လက်ရှိ၏။ ရေစိုနေသော ညဦဝတ်အကျီကို ချွတ်လိုက်ပြီးနောက် ထိုစောင်ကို ခြုံလိုက်သောအခါ ကျွန်ုပ်မှာ အတန်ငယ် သွေးပူ၍လာလေတော့၏။

ဖီလစ်။ ။ "ပင်လယ်သွား မော်တော်ဘုတ် တစ်စင်းများလား..."

ကျွန်ုပ်။ ။ "အင်း... ဦးမော့မျိုးပဲ၊ ဒါပေမယ့် 'ရေပေါ်ကား'လို ဟာမျိုးတော့ မဟုတ်ဖူး... အဲဒီတော့ ပင်လယ်အတွက် လုပ်ထားတာပဲလို့ ထင်ရတာပဲ၊ ဒါပေမယ့် ငယ်တော့ ငယ်တယ်"

"စိတ်ဆိုးမနေပါနဲ့ဦးလေ...ကျွန်မဆိုလိုတာကို မောင်ကောင်းကောင်းကြီး သိပါတယ်၊ အဲဒါက ကျွန်မတို့ကို ကွန်းဝေါ်အရောက်ပို့နိုင်ပါ့မလားလို့..."

"ဒီဟာတွေအကြောင်း သိသလောက်ဆိုရင် ဒါကို ကိုယ်တို့က ကွန်းဝေါ်ကို ယူသွားနိုင်ပါ့မလား..."ဆိုတာက ပြဿနာဘဲ... နို့ပြီး... ကျုပ်ထင်ချက်ဟာ မင်းရဲ့ ထင်ချက်ထက် ပိုပြီး တန်ဖိုးမရှိပါဘူးကွယ်၊ ကဲလေ ကိုယ်တို့ ကြိုးစားကြည့်တာပေါ့၊ ကြိုးစားကြည့်တာ ကောင်းပါတယ်၊ မော်တော်ဘုတ်ကို ကြည့်ပြီးမှ မင်းဘယ်လို သဘောရသလဲဆိုတာ ပြောတာပေါ့"

မည်သို့ပင်ဖြစ်စေ သူမည်ကဲ့သို့ သဘောရမည်ကို ကျွန်ုပ် သံသယမဖြစ်ပေ။ အကယ်၍သာ ကျွန်ုပ်က မဖျက်ခဲ့လျှင် ကျွန်ုပ်တို့သည် 'ဖိုက်ဗာ' မှန်လှေကလေး ဖြင့် ပင်လယ်ကမ်းခြေကို လျှောက်သွားမိကောင်း သွားမိပေလိမ့်မည်။

ဖီလစ်။ ။ "ကျွန်မတော့ တစ်ခုခုကို စွန့်စားပြီး လုပ်ချင်သလိုလို ဖြစ်နေတယ်မောင်"

ကျွန်ုပ်။ ။ "မော်တော်ဘုတ်ဟာ ကောင်းမကောင်း သိရလဲအထိ ခဏသည်းခံစမ်းပါဦးကွယ်၊ အခက်အခဲတွေ အများကြီးရှိနိုင်သေးတယ်ကွဲ့"


www.burmeseclassic.com

www.burmeseclassic.com

အပြင်တွင် အအေးဒဏ်ကို ခံခဲ့ရပြီးနောက် ယခုအခါ မှုန်ရွေသွားပြီ ဖြစ်သဖြင့် ကျွန်ုပ်မှာ အိပ်ချင်၍လာတော့၏။ သို့နှင့် မော်တော်ကားထဲကို အခြားသူတစ်ယောက်ယောက် တွေ့မသွားမီ ကျွန်ုပ်တို့ ရောက်သွားနိုင်ရန် အလင်းရောင်လာသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်အား အိပ်ရာမှ နှိုးရန် ဖီလစ်အား ပြောရလေသည်။

ထို့နောက် ကျွန်ုပ်လည်း လွန်ခဲ့သော ရက်သတ္တပတ်များကထက် ပိုမိုစိတ်လက်ပေါ့ပါးစွာ အိပ်လိုက်ရာ တစ်ခါတည်း အိပ်ပျော်၍သွားတော့၏။ ကျွန်ုပ်တို့သည် ကွန်းဝေါတွင် မည်သည့်အရာကို တွေ့သည်ဖြစ်စေ၊ ပျောက်ပွဲစား ထွက်မှုမျိုးဖြစ်မည် မဟုတ်သည်ကိုသိ၏။ တစ်ဘက်တွင် လန်ဒန်မှာလည်း တဖြည်းဖြည်း ပိတ်၍လာနေသည့် ထောင်ချောက်တစ်ခုဖြစ်နေ၏။ ထောင်ချောက်၏ ဖိညှပ်ခြင်းမခံရမီ ထွက်ခွာသွားသင့်သော နေရာတစ်ခု ဖြစ်နေလေပြီ။

✧ ✧ ✧

ဖော့ကာသည် အသံလွှင့် သတိပေးခဲ့စဉ်က ထိုအကြောင်းကို သတိမထားခဲ့သောလည်း တိုက်ခိုက်နည်းအသစ်မှာ စတင့်၍ နေခဲ့လေပြီ။ သို့သော် နောက်ထပ် ၆ လကြာသော အခါမှသာ ၎င်းမှာ ထင်ရှားသိသာလာခဲ့လေသည်။

ပင်လယ်ကူး သင်္ဘောများသည် သွားရိုးသွားစဉ် လမ်းများအတိုင်းသာ သွားနေခဲ့လျှင် လူများသည် ခပ်စောစောကပင် ထိုအကြောင်းကို သိရှိစေဖန် လာကြမည် ဖြစ်သော်လည်း အတ္တလန္တိတ် သမုဒ္ဒရာဖြတ်သန်းမှုများကို လေကြောင်းမှသာ ပြုလုပ်နေခဲ့ကြသဖြင့် အတ္တလန္တိတ်သမုဒ္ဒရာ အနောက်ပိုင်းတွင် ထူထပ်သော မြူများသည် ထူးထူးခြားခြား မှောင်ပိန်းကာ အနှံ့အပြားကျရောက် လျက်ရှိကြောင်း လေယာဉ်မောင်းသမားများ၏ အစီရင်ခံချက်များကို မှတ်သား ရုံသာ မှတ်သားထားလိုက်ကြရ၏။

အမှန်လည်း အင်္ဂလန်ပြည်၏ နွေရာသီမှာ အေးလျက်၊ ဆီးနှင်းများ ကျလွန်းသည့်အဖြစ်ကို မကြာခဏ ဝေဖန်ပြောဆိုခဲ့ကြသော်လည်း ယင်းကဲ့သို့ ပြောဆိုခြင်းမှာ တအံ့တသြ ပြောဆိုခြင်းမျိုးမဟုတ်ဘဲ သာမန် အမှတ်မထင် ပြောဆိုခြင်းမျှသာ ဖြစ်လေသည်။

အတ္တလန္တိတ်တွင် မိုးလေဝသ သင်္ဘောများသည် ၎င်းတို့၏ လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်နေဦးမည်ဆိုက ထိုအရေးပေါ်သည့် အချက် အလက်များကို ခပ်စောစောကပင် ရရှိစရာအကြောင်းရှိပေ၏။ သို့သော် ယခင် ကာလအတန်ကြာက ထိုကဲ့သို့သော သင်္ဘောမျိုး နှစ်စင်းနစ်မြုပ်ခြင်း ခံရပြီး နောက် ၎င်းတို့အား ယာယီအားဖြင့် ရုပ်သိမ်းခဲ့လေသည်။ ထို့ကြောင့်လည်း ရောက်တတ်ရာရာ တွေးထင်မှန်းဆ၍ ပြောဆိုနေကြသည်များကို တစ်နည်းအား ဖြင့် ရှင်းလင်းပစ်လိုက်သော ပထမဆုံး သတင်းတစ်ရပ်သည် ဂရင်းလန်ကျွန်းရှိ



www.burmeseclassic.com

www.burmeseclassic.com


ဂေါ့ထပ်' နယ်မှ ပေါ်ထွက်လာခဲ့လေသည်။ ထိုသတင်းမှာ ဇတ်ဖင်ပင်လယ် အော်ဘက်မှ 'ဒေးဗစ်' ရေလက်ကြားကို ရေများ ပိုမိုဖြတ်သန်းစီးဆင်းလာ၍ ထိုရေထဲတွင်လည်း ထူးထူးခြားခြား အချိန်အခါ မဟုတ်ပါပဲလျက် ရေခဲတုံး အကျိုးအပဲ့များလည်းပါလာကြောင်းဖြင့် ဖော်ပြထားလေသည်။ နောက် ရက် အနည်းငယ်ခန့်အကြာတွင် 'လစကာ'၊ မြို့နယ်မှလည်း 'ဘဲရင်း' ရေလက် ကြားတွင် အလားတူအခြေအနေမျိုး ဖြစ်နေကြောင်း သတင်းပေးပို့ရရှိခဲ့၏။ ထို့နောက် 'စပစ်ဗာဂျင်' မှလည်း ရေများ ပိုမိုစီးဆင်းလာ၍ အပူချိန်များ ကျဆင်းသွားကြောင်း သတင်းများ ပေးပို့ရရှိခဲ့ပြန်လေသည်။

ထိုအကြောင်းကပင် နယူးဖောင်လန်ကျွန်းနှင့် အခြားဒေသများ အလွန်၌ ဆီးနှင်းများ အဆမတန်ကျနေသည့်အဖြစ်ကို တိတိလင်းလင်း သိသာ ထင်ရှားစေခဲ့၏။ အကယ်၍ အခြားတစ်နေရာ၌ ဖြစ်ခဲ့ပါမူ၊ ရေနက်ပိုင်းတွင် စီးဆင်းနေသော ရေအေးစီးကြောင်းများသည် ရေအောက် နစ်မြုပ်နေသည့် တောင်တန်းများနှင့် တွေ့ဆုံမိရာတွင် ပူနွေးသော အပေါ်ပိုင်း ရေပြင်ဆီသို့ ထိုးတက်လာရခြင်းပြစ်သည်ဟု သဘောပေါက်အောင် ပြောပြနိုင်ပေမည်။ အမှန်အားဖြင့်သော် ဤသို့ ရေအေးများ ထူးခြားစွာ ပိုမိုစီးဆင်းလာသည့်အချက် မှတစ်ပါး အခြား မည်သည့်အရာကိုမဆို ရိုးရိုးသော်လည်းကောင်း၊ ခက်ခဲ နက်နဲစွာသော်လည်းကောင်း ရှင်းလင်းပြနိုင်ပေမည်။

ထို့နောက် ဂရင်လန်ကျွန်း၏ အနောက်ဘက်ကမ်းခြေမှ 'ဂေါ့ထပ်' ၏ မြောက်ဘက်ရှိ 'ဂေါ့ဟော့ဗင်' မှ မကြုံဘူးအောင် များပြားလှသည့် ရေခဲ တောင်များကို တွေ့ရ၍ တစ်ခါတစ်ရံ ထိုရေခဲတောင်များသည် ထူးထူးခြားခြား ကြီးမားလှကြောင်းဖြင့် သတင်းတစ်ရပ်ကဖော်ပြ၏။ အမေရိကန်တို့၏ အာ တိတ်အခြေခံစခန်းများမှ စုံစမ်းစစ်ဆေးရေးအဖွဲ့များကို လေယာဉ်ပျံများဖြင့် စေလွှတ်စုံစမ်းစေခဲ့ရာ၊ အထက်ပါသတင်းမှာ အမှန်ဖြစ်ကြောင်း တွေ့ခဲ့ရ၏။ သူတို့၏ ပြောပြချက်အရဆိုသော် 'ဇတ်ဖင်' ပင်လယ်အော်၏ မြောက်ဘက်ရှိ ပင်လယ်ပြင်တွင် ရေခဲတောင်များဖြင့် ပြွတ်သိပ်ပြည့်ကြပ်လျက်ရှိနေသည်ဟု ဆိုလေသည်။

လေယာဉ်ပျံဖြင့် လိုက်ပါသွားသူတစ်ဦးက အောက်ပါအတိုင်း ရေး သားခဲ့၏။

"လတ္တီတွဒ် ၇၇,၆၀ ဒီဂရီ အနောက်ဘက်တွင် ကျွန်ုပ်တို့သည် ကမ္ဘာပေါ်၌ ကြောက်မက်ဖွယ်အကောင်းဆုံး မြင်ကွင်းကို တွေ့ခဲ့ရ၏။ ဂရင်လန် ရေခဲလွှင်ပြင်မြင့်ကြီးထိပ်ဆီမှ ထိုးကျလာသော ရေခဲမြစ်ကြီးများသည် ပုံကျပြို လျက်ရှိ၏။ ကျွန်ုပ်သည် ယခင်က ရေခဲတောင်များဖြစ်ပေါ်ပုံကို တွေ့ဖူးခဲ့သော် လည်း ထိုနေရာတွင် ဖြစ်ပေါ်နေသကဲ့သို့ တစ်ခါဖူးမျှ ကြီးကြီးကျယ်ကျယ်


www.burmeseclassic.com

www.burmeseclassic.com



မတွေ့မြင်ဖူးခဲ့ပေ။ ပေပေါင်း ရာပေါင်းများစွာ မြင့်သည့် ရေခဲကျောက်ဆောင်ကြီးများတွင် အက်ကြောင်းများ ရုတ်တရက်ပေါ်လာပြီးနောက် အလွန်ကြီးမားသော အပိုင်းသည် အိကျလာ၍ တဖြည်းဖြည်း လျှောကျသွား၏။ ရေထဲသို့ ထိုးကျသွားသောအခါ ကြီးမားသော ရေပန်းများ ဖွားကနဲ ထ၍လာပြီးနောက် ပတ်ဝန်းကျင်တစ်ပြင်လုံးသို့ ပျံ့နှံ့သွား၏။ ရေများပန်းတက်သွားသည့်နေရာသို့ နံဘေးပတ်ဝန်းကျင်မှ ရေများသည် လှိုင်းကြီးများထလျက် ဒလဟော စီးဝင်လာရာ၊ အရှိန်ချင်း တွေ့ဆုံရိုက်ခတ်မိသောအခါ ဖွားကနဲ ပန်းထွက်လာပြန်၍ ၎င်းတို့အကြားတွင် ကျွန်းငယ်ကလေးတမျှ ကြီးမားသော ရေခဲတောင်တစ်ခုသည် တလူးလူးတလိမ့်လိမ့် ဖြစ်နေရာမှ တဖြည်းဖြည်း တည်ငြိမ်၍သွားတော့၏။ ပင်လယ်ကမ်းခြေ အထက်အောက် မိုင်တစ်ရာခန့်အတွင်း ဤကဲ့သို့ ရေပန်းများထလျက်ရှိသည်ကို တွေ့မြင်ခဲ့ရ၏။ မကြာခဏလည်း ရေခဲတောင်တစ်ခုသည် အခြားတစ်နေရာသို့ မြောပါမသွားနိုင်သေးမီ အခြားရေခဲတောင် အသစ်တစ်ခုက ၎င်း၏အပေါ်သို့ အရှိန်ပြင်းစွာဖြင့် ထပ်၍ကျလာ၏။ အတိုင်းအဆကား အလွန်ကြီးမားလွန်းလှသဖြင့် ပြောနိုင်ရန် ခဲယဉ်းလေသည်။ ကျလာပုံများမှာ နှေးကွေးပုံရနေသောကြောင့်လည်းကောင်း၊ ရေပန်းကြီးများသည် လေထဲတွင် ပန်းဆိုင်းဆွဲကသဲ့သို့ တည်ရှိနေပုံကြောင့်လည်းကောင်း၊ အထူးသဖြင့် မဟာဆန်ဆန် လေးလေးကန်ကန်ကြီး ဖြစ်နေ၍သာ ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်များ၏ ကြီးကျယ်ပုံကို ကျွန်ုပ်တို့ ပြောပြနိုင်ခြင်း ဖြစ်ပေသည်။"

ပြည်သူလူထုကလည်း မည်သို့မျှ တုန်လှုပ်ခြင်းမရှိဘဲ ထိုသတင်းကို ခပ်အေးအေးပင် လက်ခံခဲ့၏။ ရေခဲတောင်ကြီး ဖြစ်ပေါ်နေပုံ ဓာတ်ပုံကြီးများကို ပထမဆုံးအကြိမ် တွေ့မြင်ကြရစဉ်က စိတ်ဝင်စားခဲ့သော်လည်း ရေခဲတောင်တစ်ခုနှင့်တစ်ခုသည် လုံးဝမတူသည့်တိုင် ဖြစ်ပေါ်ရာတွင် တူညီနေပုံမှာကား ထင်ရှားလှ၏။ သို့နှင့် အချိန်အနည်းငယ်မျှသာ တအံ့တသြ ဖြစ်ကြရပြီးနောက် ရေခဲတောင်များ ရာသီဥတုစသည်တို့၏အကြောင်း ဥသုံကို သိပ္ပံပညာကြောင့် ရရှိသည်မှာ ကောင်းသည်မှန်သော်လည်း ထိုအရာဝတ္ထုများအကြောင်းနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ အကျိုးသက်ရောက်အောင် မပြုနိုင်ခဲ့လျှင်လည်း သာမန်သိနေရုံမျှဖြင့် ရေကျိုးမရှိလှသေးဟူသော အတွေးအခေါ်မျိုးက နောက်ဆက်တွဲအဖြစ်ဖြင့် ပေါ်လာလေသည်။

ငြိမ်းဌေ့ဖွယ်ကောင်းသည့် နွေရာသီကုန်ဆုံးသွား၍ ပိုမို ငြိမ်းဌေ့ဖွယ်ကောင်းသော ဆောင်းကူးရာသီသို့ ရောက်လာခဲ့၏။ သို့တစေလည်း မည်သူ့မျှ မည်သူကမျှ တစ်စုံတစ်ရာမဆောင်ရွက်နိုင်သေးဘဲ ထိုသဘောတရားကို ညည်းညည်းညူညူနှင့်သာ လက်သင့်ခံခဲ့ကြရလေသည်။

www.burmeseclassic.com



ကမ္ဘာကြီး၏ အခြားဘက် အစွန်းတွင်ကား နွေဦးပေါက်ရာသီဖြစ်၏။ ထိုနောက် နွေရာသီရောက်လာ၍ ဝေလငါးဖမ်းရာသီ စလာခဲ့လေသည်။ သို့သော် ဝေလငါးဖမ်းသင်္ဘောပိုင်ရှင်များထဲမှ မိမိတို့သင်္ဘောများကို စွန့်စားအသုံးပြုရဲသူများမှာ အလွန်နည်းပါးလှ၍ မိမိတို့ အသက်များကို စွန့်ဝံ့သည့် သင်္ဘောသားများလည်း သာ၍ပင် နည်းပါးလျက်ရှိနေရကား ဝေလငါးဖမ်းရာသီဟုပင် မခေါ်နိုင်သလောက်ပင် ဖြစ်ခဲ့လေသည်။ သို့တိုင်အောင် 'ဗက်သီ' များနှင့် ရေနက်ပိုင်း၏ အခြားသောအန္တရာယ်များကို အနည်းငယ်မျှ ပမာမထားသူအချို့ကို အလွယ်တကူ ရှာဖွေရရှိနိုင်သေးရကား ငါးဖမ်းသင်္ဘောအချို့ ထွက်နိုင်ခဲ့၏။ အန္တာတိတ်ဒေ သဒ္ဒ နွေရာသီအကုန်တွင် ဝိတိုရိယကုန်းမြေရှိ ရေခဲမြစ်များမှ ရေခဲတောင် အမြောက်အမြားဖြစ်ပေါ်ကာ 'ရော့စ' ပင်လယ်တွင်းသို့ ကျနေသည့် အကြောင်းနှင့် 'ရော့စ' ရေခဲတန်းကြီးသည်ပင် ပြိုကွဲစပြုကောင်း ပြုလိမ့်မည်ဟူသော သတင်းများသည် နယူးဇီးလန်ကျွန်းမှတစ်ဆင့် ရောက်လာခဲ့လေသည်။

သဘာဝနှင့်ပတ်သ်၍ ယဉ်ကျေးဖွယ်ရာ ကူညီရိုင်းပင်းလိုသည့် စိတ်ဓာတ်သည်လည်းကောင်း၊ သဘာဝက လူသားတစ်ရပ်လုံးကို ဆုံးမသွန်သင်ပျော်တော်ဆက်ရန်အတွက် ပြုလုပ်ပေးခဲ့သော ပရိယာယ်များလှသည့် ၎င်း၏ လှည့်ကွက်များကို စိတ်ရင်းစေတနာကောင်းဖြင့် တအံ့တဩ သည်းခံကာ လက်သင့်ခံကြခြင်းသည်လည်းကောင်း၊ အကယ်၍သာ ဒေါက်တာ ဗော့ကာက ဝင်ရောက်စွက်ဖက်ခြင်း မပြုခဲ့လျှင် လပေါင်းအတော်ကြာမျှ တစ်စုံတစ်ရာ အနှောင့်အယှက်မရှိဘဲ ဆက်လက်တည်ရှိကောင်း တည်ရှိပေလိမ့်မည်။

"သိ, ဆန်းအေးတိုက်ဒင်း" သတင်းစာသည် လွန်ခဲ့သော နှစ်ပေါင်းအတော်ကြာကပင် အသိဉာဏ် လှုံ့ဆော်အားပေးမှုဝါဒကို ကျင့်သုံးလာခဲ့ရာ သက်ဆိုင်ရာဆောင်းပါးများ အဆက်မပြတ်ရရှိရန်မှာ မလွယ်ကူကြောင်း တွေ့ရ၏။ သို့နှင့် ထိုဝါဒကျင့်သုံးခဲ့ရာတွင် ရွေးချယ်သတ်မှတ်ထားသည့် အဆင့်အတန်းမျိုးနှင့် ကိုက်ညီသည့် ပစ္စုပ္ပန်ခေတ်ရေးရာ ဆောင်းပါးများ မရနိုင်သည့်အခါ စိတ်ပျက်ဖွယ်ရာ ပြတ်တီပြတ်တောင်း ဖြစ်နေခဲ့၏။ ထို့ကြောင့် ၎င်း၏ ကော်လံများတွင် ဗော့ကာကို ရေးခွင့်ပေးခဲ့ခြင်းမှာ အချိန်ကာလရှည်ကြာစွာ ပြတ်တီပြတ်တောင်း ဖြစ်နေရခြင်းအတွက် ကြံရာမရဖြစ်လာသောကြောင့်သာ ဖြစ်ရမည်ဟု စိတ်ကူးဖြင့် သိနိုင်ပေသည်။

အယ်ဒီတာဖြစ်သူက ထိုဆောင်းပါး၏ အကျိုးသက်ရောက်မှုအတွက် နိုးရိမ်မကင်းဖြစ်နေသည်ကို မှုံမှုံတတ ဖြစ်စေလိုသည့် သဘောမျိုးဖြင့် သူ၏ သတင်းစာတွင် ယခု ထည့်သွင်းပုံနှိပ်ထားသည့် ဆောင်းပါးနှင့်ပတ်သက်၍



www.burmeseclassic.com

www.burmeseclassic.com



တာဝန်မယူကြောင်း လက်ရေးစောင်းဖြင့် ဆောင်းပါးအစတွင် နိဒါန်းထိုး၍ ဖော်ပြထားခြင်းကို တောက်၍သိနိုင်ပေသည်။

ဤသို့သော အစကောင်းဖြင့် "ရေနက်ပိုင်းများနှင့် မကောင်းဆိုးဝါး" ဟု ခေါင်းစီးတပ်လျက် ဗော့ကာသည် အောက်ပါအတိုင်း ရေးသားလေသည်။

"နော်သေည် သူ၏ သင်္ဘောကို ဆောက်လုပ်နေသည့် ရှေးပဝေသဏီ အချိန်မှစ၍ လွန်ခဲ့သည့် နှစ်ကကဲ့သို့ တညီတညွတ်တည်း လျစ်လျူပြု နေတတ် ကြပုံမျိုးသည် တစ်ခါဖူးမျှ မရှိခဲ့ဖူးပေ။ ထိုကဲ့သို့လည်း ဆက်လက် မသွားနိုင် ပေ။ ယခု မကြာမီပင် ရှည်လျားသည့် အတိတ်ညဥ့်သည် ကုန်ဆုံးတော့မည် ဖြစ်၍ စုံစမ်းထောက်လှမ်းမှုကို တစ်ဖန် ပြုလုပ်နိုင်ပေတော့မည်။ ထိုအခါ မည်သည့်အခါတွင်မျှ ပိတ်မထားသင့်သော မျက်လုံးများကို ဖွင့်ပေးရပေဦးတော့ မည်..."

"ထိုသို့သောအစကို ကျွန်ုပ်မှတ်မိသော်လည်း အကိုးအကားများ မရှိဘဲ ပြောဆို ရေးသားရမည်ဆိုလျှင် မှတ်မိသမျှ အချက်အလက်နှင့်တကွ အကျဉ်းချုပ်မျှသာ ဖော်ပြနိုင်ပေမည်။

ဗော့ကာက ဆက်လက်၍ "ယခုအဖြစ်မျိုးသည် 'ယက်ဆူရှီရို'နှင့် 'ကီဝိနော' တို့ နစ်မြုပ်ခြင်းနှင့် ထိုထက် အလျှင်စောသည့်အချိန်အထိ အချည်း အနှီးဖြစ်မှုနှင့် မအောင်မြင်မှု ဇာတ်လမ်းရှည်ကြီး၏ နောက်ဆုံးအခန်းဖြစ်၏။ ထိုမအောင်မြင်မှုကြောင့် ကျွန်ုပ်တို့သည် ပင်လယ်များမှ မောင်းထုတ်ခြင်း ခံခဲ့ရပြီးလျှင် ယခုအခါ ကုန်းပေါ်သို့ပင် လာရောက်ခြိမ်းခြောက်ခြင်းခံနေရလေ ပြီ။ ကျွန်ုပ်သည် မအောင်မြင်မှုကို ထပ်မံပြောလိုပါသည်။

"ယခုအချိန်အထိ လွန်ခဲ့သည့် ၅ နှစ်အတွင်း ကမ္ဘာပေါ်တွင် အကောင်းဆုံး အဖျတ်လပ်ဆုံး အတီထွင်နိုင်ဆုံးသော ဦးနှောက်များသည် ကျွန်ုပ်တို့၏ ရန်သူနှင့် နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်နိုင်ရေး ပြဿနာအတွက် လုံးပန်းနေကြ၏။ သို့တိုင်အောင် သူတို့အဖို့ စတင်ဆောင်ရွက်ခဲ့သည့် အချိန်က ထက် ဖြေရှင်းရေးပြဿနာနှင့် ပိုမိုနီးစပ်ခြင်း မရှိခဲ့သေးပေ။ ၎င်းတို့၏ လောလောဆယ် တွေ့ရှိထားချက်များအရဆိုသော် ကျွန်ုပ်တို့သည် ပင်လယ်ပြင် များတွင် ဘေးရန်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ဦးမည့် အရိပ်အယောင် မျှကိုပင် မတွေ့ရသေးပေ။

"အရင်းခံပြဿနာကို မေ့လျော့ လျစ်လျူပြုထားသည်ဟု ကျွန်ုပ်ဆို လိုခြင်းကား မဟုတ်ပေ။ ထိုသို့ပြောရန်ကား ဝေးသေး၏။ ကျွန်ုပ်တို့၏ ရေနက်ပိုင်းများရှိ ရန်သူကို ထောက်လှမ်းရှာဖွေ၍ ချေမှုန်းပစ်ရန် နည်းလမ်းများ ကို အပင်ပန်းအဆင်းရဲခံကာ လုပ်ကိုင်ဆောင်ရွက်နေကြသူများမှာ ယခင်က လည်း ရှိခဲ့ကြ၍ ယခုလည်း ရှိနေဆဲပင်ဖြစ်၏။ ကျွန်ုပ် ပြောလိုသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့သည် နည်းလမ်းတစ်ခုကို ရှာဖွေမတွေ့နိုင်သေးသဖြင့် ယခုအခါတွင် အပြင်းထန်ဆုံးသော တိုက်ခိုက်မှုနှင့် ကျွန်ုပ်တို့ ရင်ဆိုင်နေရလေသည်။

"ယခုအကြိမ် တိုက်ပွဲသည်ကား ကျွန်ုပ်တို့တွင် တစ်စုံတစ်ရာ ခုခံကာကွယ်ရန်မရှိသည့် တိုက်ပွဲဖြစ်၏။ ၎င်းသည် တိုက်ရိုက်တိုက်ခိုက်ခြင်းကဲ့သို့လည်း မသိသာလှပေ။ ၎င်းကို ဟန့်တားနိုင်ရန်မှာ ရေနက်ပိုင်းဒေသများတွင် ရှိနေသည့် ၎င်းတို့၏ ဌာနချုပ်အား ချေမှုန်းဖျက်ဆီးပစ်ရန် နည်းလမ်းများကို ရှာဖွေတွေ့ရှိမှသာ ဖြစ်နိုင်ပေမည်။

"မည်သို့မျှ ကျွန်ုပ်တို့ တန်ပြန် ဟန့်တားခြင်း မပြုနိုင်သည့်-လက်နက်မျိုးကား မည်ကဲ့သို့သော လက်နက်မျိုးပေနည်း..."

"၎င်းမှာ အာတိတ်ရေခဲများနှင့် အတ္တလန္တိတ်ရေခဲအတော်များများကို အရည်ပျော်စေခြင်းပင်ဖြစ်၏

"၎င်းကို အလွန်ဆန်းကြယ်လှသည်၊ အလွန်ကြီးကျယ်လွန်းလှသည်ဟု သင်တို့ထင်နေသလော၊ သို့သော် မဟုတ်ပါချေ။ ၎င်းမှာ အကယ်၍ ကျွန်ုပ်တို့လုပ်လိုခဲ့လျှင် အနုမြူဓာတ်အားကို ထုတ်ယူနိုင်ခဲ့ပြီးနောက် မည်သည့်အချိန်မဆို ကျွန်ုပ်တို့ကိုယ်တိုင် အခါမရွေးလုပ်ကိုင်နိုင်သည့် လုပ်ငန်း တစ်ရပ်ဖြစ်၏။

"ဆောင်းရာသီတွင် အလွန်မှောင်၍နေသဖြင့် အာတိတ်မြူခိုးပြင်များအကြောင်းကို မကြာမီကမှ အနည်းအကျဉ်းသိခဲ့ရ၏။ အာတိတ် နွေဦးပေါက်ရာသီတွင် ၂ ခုမျှသာ ရှိခဲ့သော်လည်း အာတိတ် နွေရာသီကုန်ဆုံးသည့်အချိန်သို့ ရောက်သောအခါ ကျယ်ပြန့်လာ၍ ၈ ခုမျှ တစ်သီးတခြား ဖြစ်လာသည်ကို လူများ မသိကြချေ။ သင်တို့ သိရှိကြသည့်အတိုင်း မြူများသည် ရေပူနှင့်ရေအေး တွေ့ဆုံကြသည့်အခါ၌လည်းကောင်း ဖြစ်ပေါ်လာ၏။ သီးခြားရေပူကြောင်းအသစ်တစ်ခုသည် အာတိတ်သမုဒ္ဒရာတွင် မည်ကဲ့သို့ ရုတ်တရက် ပေါ်ပေါက်လာနိုင်လေသနည်း။

"အကျိုးသက်ရောက်မှုများကား မည်သို့ပေနည်း 'ဘဲရင်း' ပင်လယ်နှင့် ဂရင်လန် ပင်လယ်များအတွင်းသို့ ရေခဲအပိုင်းအစများသည် တစ်ကြိမ်တစ်ခါမျှ မကြုံဖူးအောင် မျောပါလာခဲ့၏။ အထူးသဖြင့် ဤဒေသနှစ်ခုတွင် သာမန် နွေဦးပေါက်ရာသီ၌ အများဆုံးရှိတတ်သော နေရာ၏ မြောက်ဘက်မိုင်ပေါင်းရာပေါင်းများစွာအကွာတွင် ထုထဲသော ရေခဲပြင်ကြီးရှိနေ၏။ အခြားနေရာများတွင်ကား ပုံစံပြုရမည်ဆိုသော် နော်ဝေးနိုင်ငံ၏ တောင်ဘက်အဝေးကျကျတွင် ရှိနေ၏။ ကျွန်ုပ်တို့ ကိုယ်တိုင်ပင် မကြုံစဖူး ထူးထူးခြားခြားအေးမြ၍ စိုစွတ်သည့် ဆောင်းရာသီမျိုးကို ခံစားနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ထို့ပြင် ရေခဲတောင်များ၏ အကြောင်းကား မည်သို့ပေနည်း။ များမကြာမီက ကျွန်ုပ်တို့အားလုံးသည် ထိုရေခဲတောင်များအကြောင်းကို အများအပြားပင် ဖတ်ရှုခဲ့ရ၍ ၎င်းတို့၏ ဓာတ်ပုံများကိုလည်း တွေ့မြင်ခဲ့ရပြီးဖြစ်၏။ အဘယ်ကြောင့်ပေနည်း၊ ရေခဲတောင်များ အရေအတွက်မှာ ယခင်အခါများကထက် အလွန့်အလွန် ပိုမိုများပြားလာသောကြောင့် ဖြစ်ကြောင်း ထင်ရှားလှ၏။ သို့သော် မည်သူတစ်ဦးတစ်ယောက်မကမျှ လူသိနတ်ကြား ဖြေဆိုခြင်း မပြုခဲ့သေးသည့် မေးခွန်းမှာ "အဘယ်ကြောင့် ရေခဲတောင်များ ပိုမိုများပြားလာရလေသနည်း" ဟူသော မေးခွန်းပင်ဖြစ်၏။

"၎င်းတို့ မည်သည့်နေရာမှလာသည်ကို လူတိုင်းပင်သိ၏။ ဂရင်းလန်ကျွန်းသည် ကြီးမားသော ကျွန်းကြီးတစ်ကျွန်းဖြစ်၏။ ဗြိတိသျှကျွန်းစု အရွယ်အစားပမာဏထက် ၉ ဆမျှမက ကြီး၏။ သို့သော် ၎င်းမှာ ထို့ထက်ပင် ကြီးသေး၏။ ထို့ပြင်လည်း တိမ်ကောသွားပြီဖြစ်သော ရေခဲခေတ်၏ နောက်ဆုံး ခြေကုပ်ကြီးလည်းဖြစ်၏ ...

"ရေခဲသည် အကြိမ်ပေါင်းများစွာ တောင်ဘက်သို့ စီးဆင်းလာခဲ့ရာ၊ ဥရောပတိုက် တစ်လျှောက်လုံး ထက်ဝက်နီးပါးမျှသော ခရီးတွင် တောင်များကို ကြိတ်ချေဖယ်ရှားကာ ချောမွတ်အောင် ပြု၍လာရ၏။ လမ်းခရီးတစ်လျှောက်တွင် ချိုင့်ဝှမ်းကြီးများကို ဖောက်ထွင်း၍လာရ၏။ ရေခဲခံကတုတ်ကြီးများ မှန်ကဲ့သို့ ကြည်လင်၍ စိမ်းလဲ့ပြောင်လက်နေသည့် မြင့်မားသော ရေခဲကျောက်ဆောင်များကို တိုက်စား၍လာရ၏။ ထို့နောက်တွင်မှ ဖြည်းညှင်းစွာ ရွေ့လျားနေသည့် ရေခဲမြစ်ကြီးအဖြစ်သို့ ရောက်ရှိလာလေသည်။ ထို့နောက် ရာစုနှစ်ပေါင်းများစွာအတွင်း နောက်သို့ တဖြည်းဖြည်း ဆုတ်၍ဆုတ်၍ သွားခဲ့၏။ ရေခဲကျောက်ဆောင်ကြီးများနှင့် ရေခဲတောင်ကြီးများသည် တစ်နေရာမှလွဲ၍ တရွေ့ရွေ့ ယုတ်လျော့ ကုန်ခမ်းသွားကာ အရည်ပျော်သွားပြီးနောက် ၎င်းတို့အား ထပ်မံမတွေ့ရတော့ပေ။ ဂရင်းလန်ကျွန်းကြီးတွင်သာ ရှေးပဝေသဏီကပင် ရှိနေခဲ့သည့် ရေခဲထုကြီးသည် ပေပေါင်း ၉၀၀၀ မျှ ကောင်းကင်သို့ မားမား စွင့်စွင့် ထိုးတက်လျက်ရှိနေပြီးလျှင် မည်သူတစ်ဦးတစ်ယောက်မျှ မရောက်နိုင်ဘဲ ရှိနေ၏။ ၎င်း၏ နံဘေးများမှ ရေခဲမြစ်များ စီးဆင်းနေရာ၊ ၎င်းမှ ရေခဲတောင်များကို ပေါက်ဖွားပေးလေသည်။ ၎င်းတို့သည် တစ်ရာသီပြီးလျှင် တစ်ရာသီ ပင်လယ်အတွင်းသို့ ရေခဲတောင်များကို အနှံ့အပြား ကြဲချလျက်ရှိရာ ထိုအကြောင်းကို လူများစ၍ မသိမီအချိန်ကပင် ဖြစ်လေသည်။ သို့သော် ယခုနှစ်တွင်မှ ၎င်းတို့သည် အဘယ်ကြောင့် ယခင်ကထက် ဆယ်ဆ အဆ နှစ်ဆယ်မျှ ရုတ်တရက် ပေါက်ဖွားပေးခဲ့လေသနည်း... ၎င်း၌ အကြောင်းတစ်ခု တစ်ရာ ရှိရပေမည်။ အကြောင်းကား ဤသို့ပေတည်း...



www.burmeseclassic.com

www.burmeseclassic.com



"အာတိတ် ရေခဲများကို အရည်ပျော်စေသော နည်းလမ်းအချို့ သို့မဟုတ် နည်းလမ်းအမြောက်အမြားကို အသုံးပြုခဲ့လျှင် အကျိုးသက်ရောက်မှုများ သိသာထင်ရှား၍ မလာသေးမီ အချိန်အနည်းငယ်မျှ ကုန်ပေလိမ့်မည်။ ပထမတွင် တစ်စက်တစ်စက်ကျလျက်ရှိနေရာမှ ပေါ်ထွက်၍လာပြီးနောက် တစ်ဟုန်ထိုး စီးဆင်းလာခြင်းမျိုး ဖြစ်၏။

"အကယ်၍သာ ဝင်ရိုးစွန်းမှ ရေခဲများ အရည်ပျော်သွားခဲ့လျှင် ပင်လယ်ရေမျက်နှာပြင်သည် ပေ ၁၀၀ မျှ တက်လိမ့်မည်ဟူသော 'ခန့်မှန်းချက်'များကို ကျွန်ုပ်တွေ့မြင်ပြီးဖြစ်၏။ ၎င်းကို ခန့်မှန်းချက်ဟု ခေါ်ခြင်းသည်ပင် မဟုတ်မဟပ်နိုင်လွန်းလှ၏။ ၎င်းမှာ ကိန်းပြည့်ဖြစ်အောင် ပြုလုပ်သည့် မှန်းဆချက်မျိုးဖြစ်၏။ ၎င်းသည် အတော်ကောင်းမွန်သည့် မှန်းဆချက်တစ်ရပ် ဖြစ်လျှင်သော်ဖြစ်မည်၊ သို့မဟုတ် တစ်ဘက်မှကြည့်လျှင်လည်း အကြီးအကျယ် မှားယွင်းသော မှန်းဆချက် ဖြစ်ပေမည်။ သို့သော် တစ်ခုသေချာသည်မှာ ပင်လယ်ရေမျက်နှာပြင်သည် အမှန်ပင် မြင့်တက်လာပေလိမ့်မည်။

✧ ✧ ✧

အထက်ပါ ဆောင်းပါးကို ဖတ်ရှုပြီးသောအခါ ဖီလစ်က "အို အချစ်ရယ် ကျွန်မတို့ သူနဲ့ သွားတွေ့ကြစို့လား" ဟု ပြောလိုက်လေသည်။

နောက်တစ်နေ့ နံနက်တွင် ကျွန်ုပ်တို့သည် ဇော့ကာထံ တယ်လီဖုန်းဆက်သောအခါ ဆက်၍မရစေကာမူ မအံ့ဩမိပေ။ သို့သော် ကျွန်ုပ်တို့ ကိုယ်တိုင် သွားရောက်သည့်အခါ အိမ်တွင်းသို့ ဝင်ခွင့်ရခဲ့၏။ ဇော့ကာသည် စာများဖြင့် ပြန့်ကြဲနေသည့် စားပွဲမှထလျက် ကျွန်ုပ်တို့အား နှုတ်ဆက်လေသည်။

သူသည် သွားကိုဖြီး၍ပြလိုက်ပြီးမှ ရုတ်တရက်မျက်နှာပိုးသပ်လျက်...

"ဒီတစ်ခါတော့ အတော့်ကို ကြီးရလိမ့်မယ်"

ကျွန်ုပ်နှင့် ဖီလစ်က ပြိုင်တူပင်။ ။ "ကျွန်တော်တို့ သိချင်တာက တော့"

ဖီလစ်။ ။ "မောင့်အလှည့် မိုက်ရေ့"

ကျွန်ုပ်။ ။ "ကျွန်တော် သိချင်တာက အဲဒါကို ဘယ်လိုလုပ်တယ်လို့ ခင်ဗျားထင်သလဲ၊ အာတိတ်ကို အရည်ဖျော်တယ်ဆိုတာက အတော်ကြီး ကျယ်တဲ့ ယူဆချက် ဖြစ်ပုံရနေတယ်"

ဇော့ကာ။ ။ "မှန်းဆချက်တွေကတော့ အတော်များပါတယ်ဗျာ၊ အပူပိုင်းက ရေမှုကို ပိုက်နဲ့ သွယ်ယူတယ်ဆိုတဲ့ မဖြစ်နိုင်စရာ လုပ်ငန်းမျိုးအဲ နေပြီးတော့ ကမ္ဘာ့အလယ်ဗဟိုက အပူရှိန်ကို ထုတ်ယူတယ်ဆိုတဲ့ မှန်းဆချက်မျိုးအထိ အစားစားပဲ၊ ကမ္ဘာ့အလယ်ဗဟိုက ထုတ်ယူတယ်ဆိုတာကလဲ ကျုပ်အဖို့ မပြစ်နိုင်စရာပဲလို့ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com


သူ့တွင် တစ်စုံတစ်ရာ ယူဆချက်မရှိဟု မယုံနိုင်စရာ ဖြစ်နေသဖြင့် ဤကဲ့သို့ မေးလိုက်ခြင်းဖြစ်၏။

ဗော့ကာ။ ။ "အင်း… ကျုပ်ကတော့ ဒီလိုလုပ်ရင် ကောင်းမယ်ထင်တယ်၊ သူတို့မှာ ရေကို အတော်အားကောင်းကောင်းနဲ့ မန်းထွက်လာအောင် လုပ်နိုင်တဲ့ ကိရိယာတစ်ခုရှိတယ်လို့ ကျုပ်သိရတယ်၊ အောက်က အနယ်အနှစ်တွေဟာ ရေမျက်နှာပြင်က ရေစီးကြောင်းတွေထဲ အဆက်မပြတ် ရောက်လာတာကို ကြည့်ရင် ကောင်းကောင်းကြီး သိနိုင်တာပဲ၊ ဒါဖြင့်ရင် ကောင်းပြီ၊ အဲဒီလို ကိရိယာမျိုးကို ဆိုပါတော့ အနုမြူ(အက်တမ်) ဓာတ်ပြုတဲ့စင်လို အပူပေးကရိယာတစ်မျိုးနဲ့ ပေါင်းပြီးတော့ အသုံးပြုလိုက်ရင် အတော့်ကိုဖူတဲ့ ရေစီးကြောင်းတစ်ခုကို ဖန်တီးပေးနိုင်စွမ်း ရှိကောင်းတယ်၊ အဲဒီမှာ သိသိသာသာ အခက်တွေ့နေတာက သူတို့မှာ အနုမြူ (အက်တမ်) ကွဲခြင်းရှိမရှိ ကျုပ်တို့မသိရတာ တစ်ခုဘဲ၊ အခုအထိတော့ သူတို့မှာ ရှိတယ်ဆိုတာ အရိပ်အယောင်တောင် မတွေ့ရသေးဘူး၊ ကျုပ်တို့ပစ်ချလိုက်တဲ့ အထဲက မပေါက်တဲ့ အနုမြူဗုံးတစ်လုံးကို ထည့်တွက်ရင်တော့ မပြောတတ်ဖူးပေါ့လေ။ ဒါပေမယ့် တကယ်လို့ သူတို့မှာရှိခဲ့ရင် ဒါဟာ အဖြေဘဲလို့ ကျုပ်ထင်တယ်…"

ကျွန်ပ်။ ။ "တကယ်လို့ ကျုပ်တို့ ဒီဟာကို တားဆီးနိုင်တဲ့ နည်းလမ်းတစ်ခုခုကို မတွေ့နိုင်လို့ရှိရင် ကျုပ်တို့ တကယ်ဒုက္ခမတွေ့ရခင်အထိ ဘယ်လောက်များ ကြာဦးမယ်လို့ ခင်ဗျားထင်သလဲ…"

သူသည် ပခုံးကို တွန့်လိုက်၏။

"ကျုပ် ဘယ်လိုမှ မပြောနိုင်ဘူး၊ ရေခဲမြစ်တွေ ရေခဲပြင်တွေနဲ့ ပတ်သက်လို့တော့ ဒီဟာတွေကို ဘယ်လောက် ပြင်းပြင်းထန်ထန် လုပ်ကိုင်သွားသလဲ ဆိုတဲ့ အပေါ်မှာ တည်နေပုံရတယ်၊ ဒါပေမယ့် ရေပူကြောင်းတွေကို ရေခဲပြင်ကြီးတွေဘက် ဦးတည်ပေးလိုက်ရင် အစတော့ နည်းနည်းလောက်သာ အကျိုးရှိပြီး အာကာသကိန်းစဉ်သဘောမျိုးနဲ့ မြန်မြန်ကြီး တိုးတက်လာမှာပဲ၊ အခြေခံအချက်အလက် လုံးဝမရှိဘဲနဲ့ မှန်းဆရတာဟာ အချည်းနှီးဖြစ်တတ်တာထက်တောင် ဆိုးပါသေးတယ်ဗျာ…"

ဖိလစ်။ ။ "ဒီကိစ္စဟာ လူထုရဲ့ ခေါင်းထဲရောက်သွားရင်တော့ ဘယ်လို အကောင်းဆုံးလုပ်ရမလဲဆိုတာ သိချင်လာကြတော့မှာပဲ၊ အဲဒီတော့ ဘယ်လိုများ အကြံပေးချင်ပါသလဲ"

ဗော့ကာ။ ။ "ဒါဟာ အစိုးရအလုပ် မဟုတ်လားဗျ၊ တစ်ခုခု အကြံပေးဖို့ အချိန်တန်ပြီလို သူတို့ထင်လို့ပဲ ကျုပ်တို့က လျှို့ဝှက်ချက်ကို အံ့ထုတ်လိုက်ရတာပေါ့၊ ကျုပ်ရဲ့ ကိုယ်ပိုင်အကြံဉာဏ်ကတော့ လုပ်လို့ ဖြစ်မယ်ထင်လို့ တန်ဖိုးရှိလှမယ် မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဖိလစ်။ ။ "အဲဒါ့ ဘာလဲ ဟင်"

"သူများကို အားမကိုးရဘဲ ဖွလုံတဲ့ တောင်ထိပ် ကောင်းကောင်း တစ်ခုကို ရှာပြီးတော့ လုံခြုံအောင် အခိုင်အမာ ကုပ်ထားပေါ့' ဟု ဖေဖော့ကာက ရိုးရိုးပင် ပြောလိုက်လေသည်။

✧ ✧ ✧

အင်္ဂလန်ပြည်တွင် ဧပြီလ ဒီရေတက်ချိန်၌ 'ဝက်စမင်တာ'ရှိ ရေကာ တံတိုင်းကြီးကို ရေလွှမ်းမိုးသွားသောအခါ တိုက်တွန်းလှုံ့ဆော်မှုများ ပြုလုပ်လာ၏။ ဤကဲ့သို့ပင် အကြိမ်ကြိမ်ဖြစ်ခဲ့ဖူး၍ ယခုတစ်ကြိမ်ဖြစ်သည်မှာ မည်သို့မျှ ထူးခြားခြင်းမရှိကြောင်းနှင့် အခိုင်အမာ ပြောဆိုချက်များကိုလည်း လက်မခံဘဲ ပယ်ရှားကြကုန်၏။ 'ဗက်သီတွေကို ဖုံးကြီးလော့' ဟူသော ကဿောင်ကတန်း ပြောဆိုချက်သည် အတ္တလန္တိတ်သမုဒ္ဒရာ ကမ်းနှစ်ဘက်စလုံးမှ ထွက်ပေါ်လာ၍ တစ်ကမ္ဘာလုံး ပျံ့နှံ့သွားတော့၏။

နေရာတိုင်းတွင် ပင်လယ်ပိုင်း ကာကွယ်ရေးများကို အင်အားဖြည့်တင်းလျက်ရှိကြကုန်၏။ လန်ဒန်မြို့တွင် မြစ်ကမ်းတစ်လျှောက်ရှိ တံတိုင်းများကို အင်အားဖြည့်ပေး၍ သဲအိတ်များဖို့ကြရ၏။ ကြိုတင်ကာကွယ်သည့်အနေဖြင့် ယာဉ်အသွားအလာများကို ရေကာတံတိုင်းတစ်လျှောက်မှ လွှဲပြောင်းပေးခဲ့သော်လည်း လူအုပ်ကြီးများသည် ခြေလျင်ရောက်လာကြ၍ တံတိုင်းတစ်လျှောက်နှင့် တံတားပေါ်တွင် စည်ကားလျက်ရှိလေသည်။ ရဲအဖွဲ့က ထိုသို့မသွားရန် အစွမ်းကုန် ကြိုးစားတားမြစ်ခဲ့သော်လည်း ဖြည်းညှင်းစွာ တက်လာနေသည့် မြစ်ရေကိုကြည့်ကာ လမ်းမျက်နှာပြင်၏အပေါ်သို့ပင် ရောက်လျက်ရှိသည့် မြစ်ရေပြင်တွင် ခုတ်မောင်းသွားလာနေကြသော ဆွဲသင်္ဘောများနှင့် တွဲသမ္ဗာန်များမှ သင်္ဘောများကို လက်ပြရင်း တစ်နေရာသို့ ပျင်းပျင်းရိရိ သွားလာလျက်ရှိကြ၏။ ၎င်းတို့သည် ရေများကျော်တက်လာလျှင် သည်းမခံနိုင်တော့မည့်ပုံပေါ်နေသကဲ့သို့ မည်သို့မျှ မဖြစ်လျှင်လည်း စိတ်ပျက်တော့မည့်မည့်ပုံမျိုးပေါ်၍နေလေသည်။

သူတို့ကား စိတ်မပျက်ကြပေ။ ရေသည် တဖြည်းဖြည်းနှင့် တံတိုင်းရင်တားကို ကျော်၍ သဲအိတ်များကိုပင် တဖျတ်ဖျတ် ရိုက်ခတ်လာတော့၏။ နေရာ အနှံ့အပြားမှလည်း လမ်းနဘေး ခြေလျင်လမ်းခင်းများပေါ်သို့ ရောက်အောင် စိမ့်ဝင်စပြုလာ၏။ မီးသတ်သမားများ၊ မြို့ပြကာကွယ်ရေးဝန်ထမ်းများနှင့် ရဲသားများသည် မိမိတို့နှင့် သက်ဆိုင်ရာများကို စိုးရိမ်တကြီး စောင့်ကြပ်ကြည့်ရှုရင်း ရေစိမ့်၍ဝင်နေသည့် နေရာများ တဖြည်းဖြည်းကျယ်လာလျှင် သဲအိတ်များကို ကမန်းကတန်း သယ်ယူဖို့ကြရ၍ အားနည်းနေပုံရသော နေရာများတွင်လည်း သစ်သားထောက်များဖြင့် ထောက်ကန်ပေးကြရ၏။ တဖြည်း


www.burmeseclassic.com

www.burmeseclassic.com



ဖြည်းနှင့် အဖြစ်အပျက်များသည် လျှင်မြန်စွာ ဖြစ်ပျက်လာတော့၏။ ရပ်၍ ကြည့်နေသူများသည် ကူညီစပြု၍ အပေါက်သစ်များပေါ်လာသည်နှင့်မျှ တစ်နေရာမှ တစ်နေရာသို့ အပြေးအလွှားသွား၍ နေကြရလေသည်။ မကြာမီဝင်မည်ကဲ့သို့ ဖြစ်တော့မည်ကို ယုံမှားဖွယ်မရှိ သိရှိလာကြသဖြင့် ကြည့်နေကြသော လူအုပ်အချို့သည် ပြန်သွားကြ၏။ သို့သော် အများအပြားဝင် ချိုတုံချတုံဖြစ်ကာ စိတ်ဝင်စားလျက် နေရပ်ခဲ့ကြသေး၏။ ကျိုးပေါက်သွားသည့်အခါတွင်ကား မြောက်ဘက်ကမ်းတွင် တစ်ဆယ့်နှစ်နေရာ၌ တစ်ပြိုင်တည်းလိုပင် ကျိုးပေါက်သွားခဲ့လေသည်။ ရေပန်း၍ ထွက်လာရာတွင် ပထမ၌ တဲအိမ် တစ်လုံးစနှစ်လုံးစ ရွှေ့လျားသွား၍ ထိုနောက်၌ကား ရုတ်တရက် ပြိုကျသွားကာ ဆည်ပေါ်သို့ ရေများ ဒလဟော ဝင်နိုင်သည့် ကိုက်ပေါင်းများစွာ ရှည်လျားသော အပေါက်ကြီးတစ်ခု ဖြစ်သွားလေသည်။

ထိုအချိန်မှစ၍ ရေများသည် ဝင်လာမစဲဖြစ်နေတော့၏။ တောင်ဘက်ကမ်းခြေ၌ ရေများသည် 'လမ်းဗက်(သ)'၊ 'ဆောက်သဝပ်'နှင့် 'တမွန်ဒဆေး' လမ်းများမှ နေရာအများအပြားတွင် လမ်းများပေါ်သို့ ရေများထိုးဝင်လျက် ရှိကြကုန်၏။ မြစ်အထက်ပိုင်းတွင် 'ချစ်စဝစ်' ၌ ရေများအကြီးအကျယ် လွှမ်းမိုးလျက်ရှိ၏။ မြစ်အောက်ဘက်တွင် 'လိုင်းမပောက်' ၌လည်း အလားတူပင် ဆိုးဆိုးရွားရွား ရေလွှမ်းမိုးခြင်း ခံနေရပြီးလျှင် နောက်ထပ်နေရာအများအပြားတွင်လည်း ရေကာတာများကျိုးပေါက်သွားသည့် အတင်းများကို အဆက်မပြတ်ကြားနေခဲ့ရာ၊ နောက်ဆုံးတွင် ကျွန်ုပ်တို့ရှာ မျက်ခြေပြတ်၍သွားလေတော့၏။ တစ်ကြိမ်ရန်လည်း အနည်းအကျဉ်းမျှသာ ရှိတော့သဖြင့် နောက်တစ်ကြိမ် ဒီရေတက်လျှင် ခံနိုင်ရန်အတွက် ပြင်ဆင်ထားတန်သည်တို့ကို ကမန်းကတန်းပြင်ဆင်ကြပြီးလျှင် ဒီရေအကျကိုသာအသင့်စောင့်၍ နေကြရလေသည်။

✧ ✧ ✧

တစ်ကမ္ဘာလုံးတွင် ဤကြောက်မက်ဖွယ်ကောင်းသော ခြိမ်းခြောက်မှုသည် အလားတူပင် ဖြစ်လေသည်။ အဓိကအားဖြင့် ကွာခြားချက်မှာ ပိုမိုတိုးတက်ဖွံ့ဖြိုးသည့် နိုင်ငံများတွင် ရနိုင်သမျှသော မြေသယ်စက်ကိရိယာများဖြင့် နေ့ရောညပါ အလုပ်လုပ်ကြရ၍ ခေတ်နောက်ကျသော နိုင်ငံများ၌မူ၊ ထောင်ပေါင်းများစွာသော ယောက်ျားမိန်းမတို့သည် ချေးများ တရွှဲရွှဲဖြင့် ပင်ပန်းကြီးစွာ ကြိုးပမ်းလျက် မြေကတုပ်ကြီးများနှင့် တံတိုင်းကြီးများကို ဆောက်လုပ်ဖို့ဆေးလျက်ရှိကြရ၏။

သို့သော် နှစ်နိုင်ငံစလုံးအတွက် တာဝန်မှာ ကြီးလွန်းလှ၏။ ရေချက်ချင်း မြင့်တက်၍လာလေလေ၊ သောမှ ပန်း၍တက်လာမည်ကို တားဆီးရန် အကွယ်ရေးအစီအမံများကို တိုးချဲ့ရလေလေ ဖြစ်လေသည်။ ထိုးဝင်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



ဒီရေကြောင့် မြစ်များသည်လည်း ရေပြည့်လျှံ၍လာရာ၊ ထိုရေများမှာ ပတ်ဝန်းကျင်ရှိ တောနယ်ဒေသတစ်ဝိုက်ကို လွှမ်းမိုးရန်ကလွဲ၍ အခြား စီးဆင်းစရာ နေရာမရှိတော့ပေ။ ထို့ပြင် တစ်ချိန်လုံးမှာပင် အညစ်အကြေး ပိုက်များနှင့် ရေမြောင်းများမှ လှန်တက်လာသည့် ရေများဖြင့် လွှမ်းမိုးမည့်အရေးကိုကာကွယ်ရန် ပြဿနာများမှာလည်း ဖြေရှင်းရန် ပိုမိုခက်ခဲလာလေ၏။ အောက်တိုဘာလ၌ 'ဗလက်ဖရိုင်ယာ' အနီးတွင် ရေကာတံတိုင်း ကျိုးပေါက်သွားသောကြောင့် ပထမဆုံးအကြိမ် အကြီးအကျယ် ရေလွှမ်းမိုးခြင်းမခံရမီကပင် လူသာမန်တစ်ယောက်အနေဖြင့် တိုက်ပွဲမှာ မနိုင်တော့ကြောင်း ရိပ်စားလာမိတော့၏။ စဉ်းစားဉာဏ်လည်းရှိ နည်းလမ်းများလည်းရှိသူများမှာ ဒေသများမှ စတင်ထွက်ခွာ၍ နေကြလေပြီ။ ထို့ပြင်လည်း ၎င်းတို့ အများအပြားမှာ အရှေ့ပိုင်းကောင်တီ(နယ်) များနှင့် ပိုမိုတိုက်ခိုက်ရလွယ်ကူသော ပင်လယ်ကမ်းခြေရှိ အခြားမြို့များမှ ဒုက္ခသည်များက ၎င်းတို့၏ အကြံကို လက်ဦးသွားပြီဖြစ်ကြောင်း တွေ့ရလေသည်။

ဗလက်ဖရိုင်ယာတွင် ကျိုးပေါက်မသွားမီ အချိန်အနည်းငယ်အတွင်းက အီးဘီစီရှိ လက်ရွေးစဉ် အမှုထမ်းများနှင့် ကျွန်ုပ်တို့ကဲ့သို့ ကန်ထရိုက်သဘော အမှုထမ်းသည့် အမှုထမ်းများအား လျှို့ဝှက်မှတ်တမ်းတစ်စောင် ဝေငှလေသည်။ ကျွန်ုပ်တို့အဖို့ လူထုစိတ်ဓာတ်ကြံ့ခိုင်ရေးအတွက် ဝါဒရေးရာကိစ္စတစ်ရပ်အနေဖြင့် အကယ်၍ အချို့သော အရေးပေါ် အစီအမံများကို လုပ်ကိုင်သွားရန် လိုအပ်ခဲ့လျှင် ဤသို့ ဤပုံစံသည်ဖြင့် လုပ်ဆောင်သွားရန် ဆုံးဖြတ်ကြောင်း သိခဲ့ရ၏။ မှတ်တမ်းတစ်စောင်လုံးမှာ ဖူးစကာက်စာရွက်နှစ်ရွက်နှစ်မျက်နှာရှိ၍ ဤသတင်းအားလုံးလိုလိုကိုပင် အဓိပ္ပာယ်ကို နှိုက်၍ဖော်ယူရမည်ဖြစ်လေသည်။

ယင်းသည်ကား...

"သတိ... အားလုံး သတင်းများအရ ဤကိစ္စသည် အရေးတစ်ကြီးဖြစ်လာလိမ့်မည်၊ ဘီဘီစီက နေမြဲနေရန် အမိန့်များထုတ်ထားပြီးဖြစ်၏။ ထိုကြောင့် သိရှိဆည်သော သဘောဖြင့် ကျွန်ုပ်တို့လည်း အလားတူပင် ပြုလုပ်ရပေမည်။ သို့နှင့် ဌာနတစ်ခုလုံးကို ဂုဏ်ဖြန့်မပျက် ဦးစီးလုပ်ကိုင်သွားရန် ဆော်လန်ဒီယာများ အလိုရှိရာ၊ အကယ်၍ သင်သည်လည်း ထိုဆော်လန်ဒီယာများထဲတွင် တစ်ဦးတစ်ယောက်အဖြစ် ပါဝင်လိုက ကျွန်ုပ်တို့ ဝမ်းမြောက်ဝမ်းသာလက်ခံပါမည်၊ သင့်လျော်သော အစီအစဉ်များကိုလည်း ပြုလုပ်ပေးပါမည်။ ဘောနပ် (အပိုကြေး) လည်း ပေးမည်ဖြစ်ရာ အကယ်၍ တင်းမံတစ်ရာဖြစ်ခဲ့လျှင် အသင့်အား ကျွန်ုပ်တို့ ကြည့်ရှု စောင့်ရှောက်မည်ကို စိတ်ချယုံကြည်စေလိုပါသည်။ သဘောကျပါရဲ့လား..."



www.burmeseclassic.com

www.burmeseclassic.com

အကာယ်၍ အထက်ပါအတိုင်း ရေးသားလျှင် ပို၍ ရှင်းလင်းပေလိမ့်မည်။

ဖိလစ်နှင့် ကျွန်ုပ်တို့သည် အချင်းချင်းဆွေးနွေးကြည့်ကြ၏။ အကယ်၍ ကျွန်ုပ်တို့တွင် သားသမီးများသာရှိခဲ့လျှင်… မည်ကဲ့သို့ အကောင်းဆုံးဖြစ်လာလိမ့်မည်ဟူသော သိနိုင်စွမ်းရှိခဲ့သော်၊ ကျွန်ုပ်တို့သည် သူတို့အတွက် တတ်နိုင်သမျှ အကောင်းဆုံးပြုလုပ်ပေးမည်ဟု ဆုံးဖြတ်လိုက်၏။ သို့သော် ကျွန်ုပ်တို့တွင် သားသမီးများ မရှိရကား မိမိတို့ အလုပ်လုပ်ရင်း ဆက်လက်နေထိုင်သွားရန် ဤသို့ အကျဉ်းချုပ် ပြောပြလေသည်။

"ကိုယ့်ကိုယ်ကို အကျင့်ကောင်း မကောင်းသိတဲ့စိတ်ရယ်၊ သစ္စာရှိမှုရယ်၊ တခြားစဉ်းစားထိုက်သမျှဟာတွေရယ် ထားလိုက်ပါဦး… တကယ်လို့ အခြေအနေဟာ ဆိုးဆိုးဝါးဝါးကြီး ဖြစ်လာရင်၊ တခြားနေရာမှာ ဘာဖြစ်မယ်ဆိုတာ ဘုရားသခင်မှသိမှာပဲ ဘာပဲဖြစ်ဖြစ် ထွက်ပြေးတယ်ဆိုတာ တစ်ခါတလေသာ အပေါက်အလမ်းတည့်တတ်တာမျိုးပဲ အဲဒါတောင်မှ ဘယ်ကိုသွားမယ်ဆိုတာ မူလက ကြိုတင်ပြီး အတော်အတန် စီစဉ်ထားမှဖြစ်တာ… ဒီတော့ ဒီမှာပဲနေပြီး ဘာဖြစ်မယ်ဆိုတာ စောင့်ကြည့်ဖို့ဘက်က ကျွန်မတော့ မဲပေးချင်တယ်"

သို့နှင့် ကျွန်ုပ်တို့၏ နာမည်များကို စာရင်းသွင်းလိုက်၏။ ဇရက်ဒီဝှစ်တီယာနှင့် သူ၏ဇနီးတို့ကလည်း ကျွန်ုပ်တို့ကဲ့သို့ပင် အလားတူ စာရင်းပေးကြကြောင်း ဝမ်းမြောက်ဝမ်းသာ တွေ့ရလေသည်။

ထို့နောက်၌ကား ဌာနဆိုင်ရာ လိမ္မာပါးနပ်မှုများကြောင့် အချိန်အတန်ကြာသည့်တိုင် မည်သို့မျှ မဖြစ်သကဲ့သို့ ထင်ခဲ့ရ၏။ ရက်သတ္တပတ်ပေါင်း မြောက်မြားစွာ ကြာပြီးနောက် အီးဘီစီသည် 'မာဘာယ်အာ့ခ်' အနီးရှိ ကုန်ပဒေသာတိုက်ကြီးတစ်ခု၏ အပေါ်ထပ်နှစ်ထပ်ကို ငှားရမ်းကာ ထိုအခန်းများကို တတ်နိုင်သမျှ ဖွဲလုံသည့် ကိုယ်ပိုင်စခန်းတစ်ခုအဖြစ် ပြောင်းလဲ၍ အစွမ်းကုန် ဆောင်ရွက်နေကြောင်း ကျွန်ုပ်တို့ သတင်းကြားရလေသည်။

ထိုသတင်းကို ကြားရသောအခါ ဖိလစ်က "ကျွန်မသဘောပြောရရင်တော့ 'ဟာင်းစကက်' လို၊ ဒါမှမဟုတ် 'ဟိုက်ဂိတ်' လို အတော်မြင့်တဲ့နေရာမျိုးက ပိုကောင်းလိမ့်မယ် ထင်တယ်" ဟု ကျွန်ုပ်အား ပြောပြ၏။

ရေကာတာများ မကျိုးပေါက်မီ ရက်သတ္တပတ်များအတွင်း လန်ဒန်မြို့တွင် နေထိုင်ရသည်မှာ ဘဝနှစ်ထွေ နေရသကဲ့သို့ဖြစ်နေ၏။ အဖွဲ့အစည်းအသင်းအပင်းများသည် ဟိတ်ဟန် မလုပ်နိုင်တော့ဘဲ၊ ပြင်ဆင်မှုများကို လှို့ဝှက်ကိုင်ဆောင်ရွက်လျက်ရှိနေကြ၏။ အရာရှိများသည် အများပြည်သူတို့အတွင်း စိမ်ကိန်းများကို 'လိုလိုမယ်မယ်' ပြုလုပ်ထားရန် လိုအပ်ကြောင်း အမှတ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

သဘောမျိုးဖြင့် ပြောသကဲ့သို့ ပြောဆိုနေခဲ့ကြပြီးနောက်၊ ၎င်းတို့၏ ရုံးခန်းများအတွင်း၌မှ အစီအစဉ်များကို အလေးသုံးဆယ်ပြန်၍ လုပ်ကိုင်လျက်ရှိကြ၏။ စိတ်အားတက်စေမည့် လေသံမျိုးဖြင့်လည်း ကြေညာချက်များကို ဆက်လက် ထုတ်ဝေလျက်ရှိကြ၏။ အလုပ်လုပ်နေကြသူများမှာ မိမိတို့ လုပ်ငန်းနှင့် စပ်လျဉ်း၍ နာခေါင်းရှုံ့ကာ အချိန်ပိုလုပ်ခများ ရသည့်အတွက် ဝမ်းသာနေ ဖုံရပြီးလျှင် အများအားဖြင့် ထူးထူးဆန်းဆန်းပင် ယုံကြည်မှုမရှိဘဲ ဖြစ်နေလေသည်။ ထိုကိစ္စမှာ မိမိတို့အတွက် ကောင်းကောင်းအကျိုးရှိသည့် 'စတန့်' ထွင်ခြင်းတစ်မျိုးဟုပင် ထင်မှတ်နေပုံရလေသည်။ အလုပ်အချိန်အပြင်အပ၌ပင် ဘောအန္တရာယ် အမှန်ရှိသည်ဟူ၍ စိတ်ကူး ပေါက်မိကြပုံမရပေ။ ရေကာတာများ ကျိုးသွားပြီးသည့်နောက်၌ပင် တိုက်ရိုက်ခံစားနေရသူများသာ ထူးထူးခြားခြား အလန့်တကြား ဖြစ်ခဲ့ကြလေသည်။ တံတိုင်းကြီးကို အဆောတလျင် ပြင်ဆင်ပြီးနောက် ထွက်ပြေးတိမ်းရှောင်သူများသည်လည်း အနည်းအကျဉ်းမျှသာ ရှိခဲ့၏။ နောက်တစ်ကြိမ် နွေဦးပေါက်ရာသီ ဒီရေထချိန်၌ကား အကယ်ပင် ဒုက္ခနှင့်ရင်ဆိုင်တွေ့ရတော့၏။

ပထမနေ့သည် ဘေးရန်မရှိ ကုန်လွန်သွားခဲ့၏။ ဒီရေ အမြင့်ဆုံးတက်သည့် ညပိုင်းတွင် လန်ဒန်မြို့ရှိ လူအများအပြားသည်ပင် စိတ်လက်မကြည်မသာဖြင့် သန်းကောင်အချိန်တွင် အရေးအကြီးဆုံး အခြေအနေ ကုန်ဆုံးကျော်လွန်သွားရန်ကိုသာ ငြိမ်သက်စွာ စောင့်ဆိုင်းနေခဲ့ကြ၏။ လမ်းများပေါ်တွင် ဘတ်စ်ကားအားလုံး မရှိတော့ဘဲ မြေအောက်မီးရထားများသည်လည်း ည၌ (၈) နာရီအချိန်မှစ၍ မပြေးတော့ချေ။ သို့သော် လူအများအပြားပင် အပြင်၌ ရှိနေကြ၍ ၎င်းတို့သည် မြစ်ဘက်သို့သွားရောက်ကာ တံတားများပေါ်မှနေ၍ တစ်စုံတစ်ရာ မြင်ရလို မြင်ရငြား ကြည့်ရှုလျက်ရှိနေကြ၏။ သူတို့မြင်လိုသမျှကိုလည်း မြင်ခဲ့ရလေသည်။

ငြိမ်သက်လျက် ဆီများ ဝေ့နေသည့် မြစ်ရေပြင်သည် တံတားများ၏ တိုင်မကြီးများနှင့် အောက်ခံနံရံများကို နစ်မြှုပ်စေပြီးနောက် တဖြည်းဖြည်း တက်၍လာတော့၏။ ရွံ့နွံအတိပြီးသော ရေသည် အနည်းငယ်မျှအသံမပြုဘဲ ဆန်တက်လာရာ လူအုပ်ကြီးများသည် လုံးဝ တိတ်ဆိတ်ငြိမ်သက်ကာ ဤကဲ့သို့ တက်လာသည်ကို စိုးရိမ်တကြီး ငုံ့ကြည့်လျက်ရှိကြ၏။ ရေတက်မည်ဟု ခန့်မှန်းထားအသည်မှာ ၂၃ ပေနှင့် ၄လက်မဖြစ်၍ ရင်တားအသစ်၏ ထိပ်အထိ ၄ ပေမျှ ဆရာစားအဖြစ် ချန်ထားသည့် ကွက်လပ်ရှိနေသေး၏။ စိုးရိမ်နေရသည်မှာကား ဖိနှိပ်အားပင်ဖြစ်တော့၏။

ထိုအကြိမ်တွင် ကျွန်ုပ်တို့ရှိနေသည့် 'ဝါတာလူး' တန်တားကြီး၏ မြောက်ဘက်အစွန်းမှနေ၍ တံတိုင်းနံရံထိပ်တစ်လျှောက်လုံးမှ လှမ်းမျှော်ကြည့်


www.burmeseclassic.com

www.burmeseclassic.com



ရှုနိုင်ရာ ၎င်း၏တစ်ဘက်တွင် ရေသည် တဖြည်းဖြည်းမြင့်တက်လာ၍ အခြားတစ်ဘက် ရေကာတာ လမ်းတစ်လျှောက်တွင်ကား လမ်းမီးများ ထင်နေသော်လည်း ယာဉ်တစ်စီး တစ်လေမျှကိုသော်လည်းကောင်း၊ လူတစ်ဦးတစ်ယောက်မျှကိုသော်လည်းကောင်းမတွေ့ရပေ။ အနောက်ဘက် အတော်ခပ်လှမ်းလှမ်းတွင် ပါလီမန် အဆောက်အဦ နာရီစင်ရှိ နာရီလက်တံများသည် မီးထွန်းထားသော နာရီဒိုင်ကွက်ကို တဖြည်းဖြည်း လှည့်ပတ်လျက်ရှိနေ၏။ နာရီလက်တံများသည် မီးထွန်းထားသော နာရီဒိုင်ခွက်ကို တဖြည်းဖြည်း လှည့်ပတ်လျက်ရှိနေ၏။ နာရီ လက်တံကြီးသည် ပျင်းရိဖင့်နွဲ့စွာဖြင့် ၁၁ နာရီဆီသို့ ရွေ့လျားတက်သွားနေခိုက်တွင် ရေသည် တက်လာတော့၏။ တိတ်ဆိတ်ငြိမ်သက်လျက် ရှိသော လူအုပ်ကြီးများသည် 'ဘစ်ဘင်' နာရီထိုးသံကို လေသင့်သဖြင့် ထင်ထင်ရှားရှား ကြားလိုက်ရလေသည်။

တိုအသံကြောင့် လူများသည် အချင်းချင်း တစ်ဦးနှင့်တစ်ဦး တီးတိုးပြောလိုက်ကြပြီးလျှင် တစ်ဖန်တိတ်ဆိတ်ငြိမ်သက်သွားပြန်၏။ နာရီလက်တံသည် တဖြည်းဖြည်း ရွေ့ဆင်းလာစ ပြုခဲ့ရာ ၁၀ မိနစ်၊ ၁၅ မိနစ်၊ မိနစ် ၂၀၊ ၂၅ မိနစ်ရှိလာပြီးနောက် နာရီဝက်မျှမရှိသေးမီပင် မြစ်အထက်ပိုင်းလောက်ဆီမှ တဝေါဝေါမြည်သံ ရုတ်တရက်ထွက်ပေါ်လာ၏။ လူအုပ်ကြီးမှတစ်စည်းတစ်လုံးတည်းထွက်ပေါ်လာသော အသံမျိုးကဲ့သို့ အသံကြီးတစ်ခုကို လေသင့်သဖြင့် ကျွန်ုပ်တို့ကြားလိုက်ရလေသည်။ ကျွန်ုပ်တို့အနီးတစ်ဝိုက်ရှိ လူများသည် မိမိတို့၏ လည်ပင်းများကို စောင်းငဲ့ကြည့်လိုက်ကြပြီးလျှင် တီးတိုးပြောလိုက်ကြပြန်လေသည်။ တစ်ခဏမျှအကြာတွင် ရေများစီးလာသည်ကို တွေ့ရတော့၏။ ရေများသည် ကျွန်ုပ်တို့ဘက်သို့ ရေကာတံတိုင်းတစ်လျှောက်မှ ရွှံ့နှစ်အတိဖြင့် အမှိုက်သရိုက်များနှင့် ချုံပုတ်ကလေးများကိုပါ သယ်ဆောင်ကာ ကျယ်ပြန့်စွာ စီးဆင်းလာပြီးနောက် ကျွန်ုပ်တို့၏အောက်မှ လျင်မြန်စွာ စီးဆင်းလာပြီးနောက် ကျွန်ုပ်တို့၏အောက်မှ လျင်မြန်စွာ စီးဆင်းသွားလေသည်။ လူအုပ်ကြီးဆီမှ ညည်းသံကြီးတစ်သံ ထွက်ပေါ်လာ၏။ ရုတ်တရက်လိုပင် အက်ကွဲသံကြီးတစ်ခုနှင့် ယခင်က 'ဒစ်စကာဗာရီ' အမည်ရှိ ရွက်သင်္ဘောကြီး ကျောက်ချထားသည့်နေရာ အနီးမှ ရေကာတံတိုင်း တစ်စိပ်တစ်ဒေသသည် ပြိုလဲကျသွားသဖြင့် ကျွန်ုပ်တို့နောက်ဘက်ဆီမှ အုတ်အင်္ဂတေများ ဝေါကနဲ ထိုးကျသွားသံများကို ကြားရလေသည်။ ရေများသည် ကျိုးပေါက်သွားသည့်နေရာမှ ဒလဟော ထိုးဝင်လာရာ၊ အင်္ဂတေတုံးကြီးများပင် ပြုတ်ထွက်ပါသွားသဖြင့် ကျွန်ုပ်တို့ မျက်စိရှေ့မှာပင် တံတိုင်းကြီးပြိုကျသွားပြီးနောက် ရေများသည်လည်း ရွှံ့နွံရေတံခွန်ကြီးသဖွယ် လမ်းပေါ်သို့ ထိုးကျသွားတော့၏။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် ဒီရေမတက်မီ အစိုးရသည် မင်းသားခေါင်းကို ဆောင်းထားရာမှ ချွတ်ချလိုက်တော့၏။ (မူလရုပ်ပေါ်လာသည်ဟု ဆိုလိုသည်) နိုင်ငံတော်တွင် အရေးတကြီး အခြေအနေတို့ ရောက်ရှိလာပြီဟူသော ကြေညာချက် တစ်စောင်ထုတ်ပြန်ပြီးသည့်နောက်တွင် ငြိမ်သက်စွာရှိနေကြရန် အမိန့်နှင့် စနစ်တကျ ရွှေ့ပြောင်းရေးစီမံကိန်းအတွက် ကြေညာချက်တစ်ရပ်လည်း ထွက်ပေါ်လာလေသည်။ ယင်းစီမံကိန်းအား ပျက်ပြားစေသည့် နှောင့်နှေး ကြန့်ကြာမှုများနှင့် အမှားအယွင်းများအကြောင်းကိုမူ ကျွန်ုပ်ရေးသားဖော်ပြမည် မဟုတ်ပေ။ ထိုစီမံကိန်းကို မူလစတင်ချထားခဲ့သူများကပင်လျှင် ၎င်းကိုစိတ်ပါလက်ပါ ဆောင်ရွက်ကြ သည်ဟု ယုံကြည်ရန်ခဲယဉ်းလှ၏။ အစကနဦးကပင် ထိုကိစ္စ တစ်ခုလုံးကို နှစ်နှစ်ကာကာ ယုံကြည်သဘောပေါက်ပုံ လက္ခဏာမရှိဘဲ အလုပ် မှာလည်း လုပ်ကိုင်ရန်မဖြစ်နိုင်ပေ။ အကယ်၍ တစ်မြို့တစ်လေမျှသာဖြစ်ခဲ့လျှင် တစ်စုံတစ်ရာ ဆောင်ရွက်ပေးနိုင်ကောင်း ပေးနိုင်မည်ဖြစ်သော်လည်း၊ တစ်နိုင်ငံ လုံးရှိ လူဦးရေ သုံးပုံနှစ်ပုံကျော်ကျော်မှာ ကုန်းမြင့်ပိုင်းများသို့ ရွှေ့ပြောင်းရန် ဆန္ဒရှိနေသဖြင့် အကြမ်းတမ်းဆုံး နည်းလမ်းများဖြင့်သာ ဖိနှိပ်တားဆီးနိုင်မည် ဖြစ်၏။ သို့စေကာမူ အချိန်ကာလ တာရှည်စွာ အောင်မြင်နိုင်မည် မဟုတ်ပေ။

ဤနေရာ၌ ဆိုးဝါးလျက်ရှိနေသည်ဟု ဆိုရသော်လည်း အခြားနေရာ များတွင် ပို၍ ဆိုးဆိုးဝါးဝါး ဖြစ်နေတော့၏။ ဒတ်ချတို့သည် ရာစုနှစ်ပေါင်း များစွာ ပင်လယ်နှင့် မိမိတို့ စစ်ခင်းခဲ့ရာတွင် ရှုံးခဲ့ရကြောင်း သဘောပေါက် နားလည်လျက် ဘေးအန္တရာယ်ရှိသော ဒေသများမှ အချိန်မီ ဆုတ်ခွာခဲ့ကြ၏။ ရိုင်းနှင့် မား(စ)မြစ်တို့သည် လျှံတက်လာ၍ ပတ်ဝန်းကျင်တစ်ဝိုက် စတုရန်း မိုင်ပေါင်းများစွာ ရေလွှမ်းမိုးသွား၏။ ထိုဒေသများမှ လူထုတစ်ရပ်လုံးသည် တောင်ဘက်ရှိ 'ဘဲလဂျီယံ' ပြည်သို့လည်းကောင်း၊ အရှေ့တောင်ဘက်ရှိ ဂျာမနီသို့လည်းကောင်း အစုလိုက်အပြုံလိုက် ပြောင်းရွှေ့သွားကြ၏။ မြောက် ပိုင်း ဂျာမနီလွင်ပြင်မှာလည်း အခြေအနေ အသင့်အတင့်မျှသာရှိ၏။ 'အမ်း' နှင့် 'ဗီဇာ' မြစ်များသည် ပိုမိုကျယ်ပြန့်လာ၍ လူများသည် မိမိတို့ မြို့များနှင့် ခြံမြေများကို စွန့်ပစ်ကာ အုပ်နှင့်ချီလျက် တောင်ဘက်သို့ ထွက်ပြေးခဲ့ကြရ လေသည်။ ဒိန်းမတ် နိုင်ငံ၌ကား ရသမျှ လှေငယ်တက်စင်းတို့ဖြင့် အိမ်ထောင် စုများကို ဆွီဒင်နိုင်ငံနှင့် ထိုနိုင်ငံရှိ ကုန်းမြင့်ရာဒေသများသို့ သယ်ယူပို့ဆောင် ပေးလျက်ရှိနေကြလေသည်။

လန်ဒန်မြို့တွင်း၌လည်း ကြီးကြီးကျယ်ကျယ်ပင် မဟုတ်စေကာမူ အခြေအနေမှာ အလားတူ ပုံစံမျိုးပင်ဖြစ်နေတော့၏။ 'လီချိုင့်ဝှမ်း' 'ဝက်စ မင်စတာ' 'ချယ်လဆီ' နှင့် 'ဟင်းမားစမစ်' တို့တွင် နေထိုင်ကြသူများသည် အများအားဖြင့် အချိန်နှောင်းမှ မိမိတို့ နေအိမ်များကို စိတ်လက်မပါ စွန့်ခွာ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြရ၏။ သို့သော် ရေမှာ ဆက်လက်တက်မြဲ တက်နေသဖြင့် ထင်ရှားလှသည့် ကူသော 'ဟင်းစတက်' နှင့် 'ဟိက်ဂိတ်' ရှိ ကုန်းမြင့်ပိုင်းများဆီသို့သာ ဦးတည်၍ သွားကြရတော့၏။ ထိုအပိုင်းများသို့ ရောက်လျှင် လမ်းများပေါ်၌ အတားအဆီးများနှင့် တွေ့စပြုပြီးလျှင် လက်နက်များနှင့်လည်း ရင်ဆိုင်ရတော့၏။ ရပ်တန့်ခြင်းခံရသည့် နေရာများတွင် သူတို့သည် လက်နက်များကို လုယက်ရှာဖွေယူကြပြီးနောက် အကယ်၍ လက်နက်များရရှိခဲ့လျှင် အိမ်အပေါ်ထပ် ပြတင်းပေါက်များမှသော်လည်းကောင်း၊ အိမ်မိုးများပေါ်သို့ တက်၍သော်လည်းကောင်း၊ ချောင်းမြောင်းပစ်ခတ်ကြတော့၏။ သို့နှင့် ခုခံကာကွယ်သူများအား ၎င်းတို့၏နေရာများမှ မောင်းထုတ်ပြီးနောက် အတင်းထိုးဖောက် ဝင်ရောက်ကြလေသည်။

မည်သို့မျှ မဖြစ်သေးသည့် လန်ဒန်မြို့ အလယ်ပိုင်းတွင် တနင်္ဂနွေနေ့များတွင် ဖြစ်ပေါ်လေ့ရှိသည့် ချိတုံချတုံ အပြုအမူ အနေအထိုင်သဘောမျိုး ရက်ပေါင်းများစွာ ဖြစ်၍နေတော့၏။ လူအများအပြားပင် အခြားမည်သို့လုပ်ရမည် မသိသဖြင့် ယခင်က အပြုအမူ အနေအထိုင်မျိုးကဲ့သို့ လုပ်ကိုင်လျက် ရှိနေကြရ၊ ရဲများကလည်း ကင်းလှည့်မြဲ လှည့်လျက်ရှိကြ၏။ မြေအောက်မီးရထားလမ်းများမှာ ရေလွှမ်းမိုးလျက်ရှိနေသော်လည်း လူအမြောက်အမြားပင် မိမိတို့ လုပ်ငန်းဆောင်တာများရှိရာသို့ ဆက်လက်သွားလာနေဆဲပင်ဖြစ်၍ အကျင့်ပါနေသောကြောင့်လည်းကောင်း သို့မဟုတ် အရှိန်ရသောကြောင့်လည်းကောင်း ဖြစ်ဟန်တူလေသည်။ ထို့နောက်တွင်ကား တရားဥပဒေကို လက်လွှတ်စပယ်ပြုမှုများသည် ဆင်ခြေဖုံး ရပ်ကွက်များမှ အတွင်းဘက်သို့ တဖြည်းဖြည်း စိမ့်ဝင်လာလျက် ပျက်စီးကြရတော့မည်ဟူသော စိတ်ဓာတ်သည် ညနေခင်းတွင် အရေးပေါ်ပေးနေသည့် လျှပ်စစ်ဓာတ်အား ပြတ်သွားသဖြင့် တစ်ညဉ့်လုံး မှောင်နှင့် မည်းမည်းဖြစ်၍သွားရာ၊ ယင်းသည်ကား စည်းကမ်းသေဝပ်မှု၏ ဓာတ်သိမ်းပင် ဖြစ်ပေတော့၏။ ထိုအချိန်၌ ဆိုင်များ အထူးသဖြင့် စားသောက်ဆိုင်များကို စတင်လုယက်လာကြရာ၊ ရဲဘက်နှင့် စစ်ဘက်တို့ကပင် ထိန်းသိမ်း၍မရနိုင်အောင် အနှံ့အပြား ဖြစ်ပွားသွားလေတော့၏။

ကျွန်ုပ်တို့အဖို့ အိမ်ခန်းကို စွန့်ခွာ၍ အီးဘီစီ၏ စခန်းသစ်တွင် သွားရောက်နေထိုင်ရန် အချိန်တော်ပြီဟု ဆုံးဖြတ်လိုက်ကြ၏။

ကျွန်ုပ်တို့သည် လှိုင်းတိုအသံလွှင့်ချက်များအရ အနိမ့်ပိုင်းဒေသမြို့များတွင် ဖြစ်ပျက်နေပုံများမှာ တစ်နေရာနှင့် တစ်နေရာ မည်သို့မျှ များစွာခြားနားခြင်းမရှိလှကြောင်း သိရှိရ၏။ သို့သော် အချို့နေရာများတွင်ကား ပို၍ချင်းလိုပင် ဥပဒေလက်လွှတ်ဖြစ်ခဲ့ကြလေသည်။ အသေးစိတ် အချက်အလက်များမှာ



www.burmeseclassic.com

www.burmeseclassic.com



မြောက်မြားလှစွာသော အစိုးရမှတ်တမ်းများတွင် မှချဖော်ပြပါရှိမည်ဖြစ်သဖြင့် ကျွန်ုပ်ရေးသားဖော်ပြခြင်း မပြုတော့ပေ။

ပါလီမန် လွှတ်တော်သည် ယော့ရှိုင်ယားခရိုင်ရှိ 'ဟဲရိုးဂိတ်' မြို့သို့ ရွှေ့ပြောင်းအခြေစိုက်ရန် ရွေးချယ်ခဲ့ခြင်းမှာ ဟိုတယ်အမြောက်အမြားရှိခြင်းနှင့် သာခန်ပင်လယ်မျက်နှာပြင်အထက် ပေ ၇၀၀ ခန့် မြင့်ခြင်းတို့ကြောင့် ဖြစ်ပေမည်။ ထိုနေရာတွင် အဆောတလျင် အစည်းအဝေး ပြုလုပ်သည်မှာ အခြားတစ်သီးပုဂ္ဂလများအား တိုက်တွန်းစေ့ဆော်နေသည့် စိတ်ဓာတ်မျိုးကြောင့်ဖြစ်၏။ သူတို့အားလုံးတွင် အခြားသူများက လက်ဦးသွားလိမ့်ဟူသော စိုးရိမ်မှုရှိနေ၏။ ဝက်စမင်စတာတွင် ရေလွှမ်းခဲ့ပြီးနောက် နာရီအနန်ငယ်အတွင်းမှာပင် ထိုရှေးဟောင်းအဖွဲ့အစည်းကြီးသည် ၎င်း၏ ဌာနချုပ်အသစ်၌ ယခင်ကကဲ့သို့ပင် သွက်လက်စွာစခန်းသွားသည်ဟု အပြင်လူတစ်ယောက်အနေဖြင့် ထင်မိပေလိမ့်မည်။ အာတိတ်သမုဒ္ဒရာတွင် 'ဗက်သီများ ဗုံးကြဲရေးဝါဒ' နှင့် စပ်လျဉ်း၍လည်းကောင်း၊ ထိုဒေသတွင် ဟိုက်ဒရိုဂျင်ဗုံးများနှင့် အခြားပေါက်ကွဲစေနိုင်သော ပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့သောကြောင့်၊ အနှောင့်အယှက်စတင်ဖြစ်ပွားခဲ့သည့် အရင်းအမြစ်များကို မည်သို့မျှ ထိရောက်စွာ တားဆီးနိုင်ခြင်းမရှိဘဲ ရေခဲပြင်များကို လျင်မြန်စွာ ပြိုကွဲအောင် ပြုခဲ့သည်မဟုတ်ပါလော ဟူ၍လည်းကောင်း၊ မေးခွန်းများကိုမေးကြ။ စင်စစ်သော်ကား ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို အကျိုးမယုတ်စေရန် ထိုနေရာတွင် လုပ်ကိုင်နေကြသည် မဟုတ်ပါလော၊

ကျွန်ုပ်တို့သည် 'ဟဲရိုးဂိတ်' နှင့် ထိုခရိုင်အကြောင်းကို အတော်ခပ်များများ စတင်ကြားသိခဲ့ရ၍ ထိုဒေသတွင် အကြီးအကျယ် ပြင်ဆင်လုပ်ကိုင်ထားသည်မှာ ထင်ရှားလာခဲ့၏။ ကျွန်ုပ်တို့၏ အီးဘီစီအုပ်ချုပ်ရေးအဖွဲ့ ဌာနချုပ်မှာ ထိုနေရာရှိ အသစ်ပြန်လည်ပြုပြင်ထားသော စစ်စခန်းတစ်ခုတွင် ရှိနေသဖြင့်၊ ကျွန်ုပ်တို့ထံ သတင်းပေးပို့သူများ၏ အဆိုအရ၊ မြို့မှအတော်အလှမ်းဝေး၍နေသောကြောင့် တစ်ခုတည်းသော အပျင်းပြေအလုပ်မှာ ချိုင့်ဝှမ်း၏ အခြားတစ်ဘက်တွင် အလားတူ တည်ရှိနေသော ဘီဘီစီ ဌာနချုပ်ကို အဝေးမှ မှန်ပြောင်းဖြင့် ချောင်းမြောင်းကြည့်ရှုခြင်းဖြစ်လေသည်။

ကျွန်ုပ်တို့ကိုယ်တိုင်အတွက်မှာကား လုပ်ငန်းသည် တဖြည်းဖြည်း နေသားတကျ ဖြစ်လာခဲ့လေပြီ။ ကျွန်ုပ်တို့ နေအိမ်ခန်းများမှာ အပေါ်ထပ်တွင်ရှိ၍ အခြားရုံးခန်းများ၊ စတူဒီယိုအခန်းများ၊ လုပ်ငန်းဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ အားပေးစက်များ၊ သိုလှောင်ပစ္စည်းများ စသည်တို့မှာ အောက်ထပ်အခန်းတွင် တည်ရှိ၏။ ဒီဇယ်ဆီများနှင့် ဓာတ်ဆီအမြောက်အမြားကို မြေတိုက်အခန်းတွင်းရှိ သံစည်ကြီးများ (တိုင်ကီ) များတွင် သိုလှောင်ထားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အသုံးလိုသည့်အခါတွင် ပိုက်များဖြင့် စုပ်ယူအသုံးပြုကြ၏။ ကျွန်ုပ်တို့၏ ကောင်းကင်ကြီးများကို စုတ်ယူအသုံးပြုကြ၏။ ကျွန်ုပ်တို့၏ ကောင်းကင်ကြီးများကို ရပ်ကွက်နှစ်ကွက်မျှခြားသော နေရာရှိ တိုက်များ၏ ခေါင်မိုးများပေါ်တွင် တပ်ဆင်ထား၍ ထိုနေရာသို့ ရောက်အောင် စပ်ကြည့်ရှိသော လမ်းများကို အတော်မြင့်မြင့်တွင် သွယ်တန်းထားသည့် ကြိုးတံတားများဖြင့် သွားရောက်ရ၏။ ကျွန်ုပ်တို့ တိုက်အမိုးကို 'ဟယ်လီကော်ပတာ' လေယာဉ် ဆင်းနိုင်ရန်အတွက်လည်းကောင်း၊ မိုးရေများခံယူနိုင်ရန်အတွက် လည်းကောင်း ရှင်းလင်းထား၏။ ကျွန်ုပ်တို့သည် ထိုနေရာတွင် တဖြည်းဖြည်း နေတတ်ထိုင်တတ် ရှိလာကြသောအခါ အတော်အသင့် ပြည့်ပြည့်စုံစုံရှိနေပြီဟု အောက်မေ့ရ၏။

သို့စေကာမူ ကျွန်ုပ်မှတ်မိနေခဲ့သည်မှာ ပထမရက်အနည်းငယ်အတွင်း လူတိုင်းသည် ရိက္ခာဌာနမှ ပစ္စည်းများကို တခြားတစ်နေရာသို့ ရောက်ရှိပျောက်ပျက်မသွားသေးမီ ကျွန်ုပ်တို့နေသည့်အခန်းသို့ ရွှေ့ပြောင်းသယ်ယူခြင်းအားဖြင့် အားလပ်သည့်အချိန်အားလုံးလိုလိုပင် ဖြုန်းတီးခဲ့လေသည်။

✧ ✧ ✧

ကျွန်ုပ်သည် နောက်တစ်နှစ်တွင် ဖြစ်ပျက်ခဲ့သမျှကို အသေးစိတ်ဖော်ပြရန် မကြံရွယ်ပေ။ ၎င်းမှာ အချိန်ကာလ ရှည်ကြာသည့် ယိုယွင်းပျက်စီးမှုအကြောင်းပင် ဖြစ်၏။ ဆောင်းရာသီမှာ ရှည်ကြာအေးမြလှ၍ ထိုအတွင်း ရေသည် ကျွန်ုပ်တို့ မှျော်လင့်ထားသည်ထက်ပင် လမ်းများပေါ်သို့ လျင်မြန်စွာ တဖျတ်ဖျတ်စီးဝင်၍ လာတော့၏။ ထိုအချိန်တွင် လက်နက်ကိုင်လူစုများသည် လက်ဖျားနှင့်ပင် မတို့ရသေးသည့် သိုလှောင်ထားသော စားနပ်ရိက္ခာများကို လှည့်လည်ရှာဖွေနေတတ်ကြ၍ နေ့ည၌မဟူ အချိန်မရွေး အုပ်စုနှစ်စု ဆိုင်မိကြလျှင် ပစ်သံခတ်သံများ ထွက်ပေါ်လာသည်ကို ကြားရတတ်လေသည်။ ကျွန်ုပ်တို့ကိုယ်တိုင်မှာမူ ဒုက္ခအနည်း အကျဉ်းသာ တွေ့ကြုံခဲ့ရ၏။ ကျွန်ုပ်တို့အား တိုက်ခိုက်ရန် တစ်ကြိမ်နှစ်ကြိမ်မျှ ကြိုးပမ်းခဲ့ပြီးနောက် ကျွန်ုပ်တို့မှာ ခုခံကာကွယ်ရန် အသင့်ရှိနေသည်ဟူသော သတင်းများထွက်လာသောကြောင့်လည်းကောင်း၊ အတန်ငယ် စွန့်စား၍ဖြစ်စေ၊ မစွန့်စားပဲဖြစ်စေ တိုက်ခိုက်ရယူနိုင်သော အခြားသိုလှောင်ပစ္စည်းများ အများအပြားရှိနေသဖြင့် ကျွန်ုပ်တို့ကို နောက်အချိန်အထိ လွှတ်ထားခြင်းဖြစ်ပေလိမ့်မည်။

တစ်နေ့တွင် ကျွန်ုပ်တို့သည် 'ထရာဖယ်လဒါ' ပန်းခြံသို့ လှော်ကြသွားကြ၏။ ဒီရေတက်ချိန်ဖြစ်သဖြင့် ရေလည်အမျိုးသား ပန်းချီတိုက်အောက်ဘက်ရှိ တံတိုင်း၏ မြောက်ဘက်ပိုင်း ထိပ်သို့ပင် ရောက်လုနီးပါးရှိနေ၏။ ကျွန်ုပ်တို့သည် လက်ရမ်းကိုမှီလျက် လန်းဒဆီယား ခြင်္သေ့ရုပ်များ



www.burmeseclassic.com

www.burmeseclassic.com



ပတ်လည်တွင် ရေများလာ၍ ဦးတိုက်နေသည်ကို ကြည့်ရင်း စိတ်ထဲတွင် ရေတစ်ဗိုလ်ချုပ်ကြီး နယ်လဆင်သည် အကယ်၍သာ သူ၏ ရုပ်တုမြင်ကွင်း ယခုကဲ့သို့ ဖြစ်နေသည်ကို တွေ့ရလျှင် မည်သို့ သဘောရလိမ့်မည်နည်းဟု တွေးတော၍ပင် နေမိလေသည်။

ကျွန်ုပ်တို့၏ ခြေထောက်များအနီး ဒီရေအစပ်၌ အမှိုက်သရိုက်များနှင့် စိတ်ဝင်စားဖွယ်ကောင်းသည့် အမျိုးအစားစုံလင်သော ရေမျောကမ်းတင် ပစ္စည်းများနှင့် ဒိုက်သရောများသည် အစီအရီဖြစ်နေကြ၏။ ထိုမှ ခပ်လှမ်းလှမ်းတွင် ရေပန်းများ၊ မီးတိုင်များ၊ လမ်းအချက်ပြမီးတိုင်များနှင့် ရုပ်တုများသည် ဟိုဟိုဒီဒီ နေရာအနှံ့အပြားတွင် ထိုးထိုးထောင်ထောင် ပေါ်ထွက်လျက်ရှိနေကြ၏။ အဝေးဘက်တွင် 'ပိုက်တဟော' ကို မြင်နိုင်သမျှ မြင်ရသည့်နေရာအထိ တစ်လျှောက်လုံး၌ ရေမျက်နှာပြင်မှာ တူးမြောင်းတစ်ခုကဲ့သို့ ချောမွတ်ငြိမ်သက်စွာရှိနေ၏။ သစ်ပင်အနည်းငယ်မျှသာ မားမားမတ်မတ် ရှိနေပြီးလျှင် ထိုသစ်ပင်များပေါ်၌ စာကလေးများသည် အော်မြည်လျက်ရှိကြကုန်၏။ ပျံလွှားငှက်များသည် 'စိန့်မာတင်' ဘုရားရှိခိုးကျောင်းကို စွန့်ခွာမသွားသေးသော်လည်း ခိုများကား တစ်ကောင်မျှ မရှိတော့ပေ။ ယင်းတို့ အမြဲတစေ နားနေတတ်သည့် နေရာများတွင် စင်ရော်ငှက်များ ရောက်၍နေလေသည်။

✧ ✧ ✧

နှစ်သစ်ကူးပြီးသည့်နောက်တွင် အရာရာ ကြပ်တည်းလာပြီဟူသော အသိတရားသည် ထင်ရှား၍လာကာ ကျွန်ုပ်တို့အပေါ်တွင် တဖြည်းဖြည်း ဖိနှိပ်၍ လာသကဲ့သို့ရှိတော့၏။ ဒီရေ အတက်အကျ အမှတ်အသားအပေါ်ဆုံး အထစ်မှာ ယခုအခါ ၇၅ ပေနှင့် နီးကပ်လျက်ရှိနေလေပြီ။ ရာသီဥတုမှာ သဘာဝထက် ကျော်လွန်ကာ ရေခဲတမျှ အေးမြလာတော့၏။ အနောက်တောင်ဘက်မှ ဓလအေးလေပြင်း မတိုက်ကတ်သည့်ညဥ့်ဟူ၍ တစ်ညဥ့်မျှမရှိပေ။ အချိန်အတန်ကြာမျှ လေငြိမ်၍ နေသည့်အခါများ၌ အိမ်မိုးပေါ်မှနေ၍ ကြည့်လျှင် မီးခိုးခေါင်းတိုင် အတော်များများမှ မီးခိုးများ တလူလူထွက်နေသည်ကို အံ့သြစွာတွေ့မြင်ရ၏။ သို့သော် လမ်းများပေါ်၌မူ လူတစ်ယောက်တလေကိုမျှ တွေ့မြင်ရန် ခဲယဉ်းလှတော့၏။ မီးခိုးခေါင်းတိုင်များမှ ထွက်နေသည့် မီးခိုးများမှာအားဖြင့် သစ်သားမီးခိုးများဖြစ်၍ အိမ်ထောင်ပရိဘောဂများနှင့် အခြားအတိုအစများကို မီးဆိုက်ထားဟန်တူ၏။ အဘယ်ကြောင့်ဆိုသော် လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် မီးရထားဝင်းများအတွင်း၌ သိုလှောင်ထားသည့် ကျောက်မီးသွေးများမှာ လွန်ခဲ့သော ဆောင်းရာသီကပင် အားလုံး ပျောက်ကွယ်၍ သွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့သဘောအားဖြင့်ဆိုသော် ပြည်တွင်းရှိ အခြားသည့်သူတော်ကျွန်ုပ်တို့လူစုထက် ပို၍ အခွင့်အလမ်းသာမှ သာဝါမည်လော။ သို့သော်ကံ့လုံပြည့်ဝမှ ပြည့်ဝပါမည်လောဟု ကျွန်ုပ်သံသယဖြစ်မိ၏။ မူလက တောင်းဆိုထားသည့် စားနပ်ရိက္ခာများနှင့် နောက်ထပ်ရရှိသော ရိက္ခာများကို ပေါင်းစပ်လိုက်သောအခါ လူပေါင်း ၁၆ ယောက်အတွက် နှစ်အတန်ကြာပင် စားသုံးသွားနိုင်ရန် ကောင်းစွာဖူလုံလေပြီ။ ဒီဇယ်ဆီနှင့် ဓာတ်ဆီလည်း ပြောက်ပြားစွာရှိနေ၏။ ပစ္စည်းဥစ္စာမှာလည်း ကျွန်ုပ်တို့သည် လူဦးရေပိုမိုများပြားနေနိုင်စေသော လွန်ခဲ့သည့် နှစ်ကထက်ပင် ပိုမိုကြွယ်ဝနေ၏။ သို့ရာတွင် ကျွန်ုပ်တို့သည် 'ပေါင်မုန့်ချည်းသာ အားထားရာ' ဟူသော အချက်နှင့် စပ်လျဉ်း၍ အခြားသူများနည်းတူ လူတစ်ဦးတစ်ယောက်သည် လုံလောက်သည့် စားနပ်ရိက္ခာထက် ပို၍ လိုအပ်ကြောင်း သိရှိနားလည်ခဲ့ရ၏။ ဖေဖော်ဝါရီလအကုန်၌ ရေများသည် ပထမဆုံးအကြိမ်ကျွန်ုပ်တို့၏ တံခါးများသို့ပင် ရောက်ရှိပုတ်ခတ်လာ၍ အဆောက်အအုံ တစ်ခုလုံးသည် မြေအောက်အခန်းများထဲသို့ ရေများ ဒလဟော ထိုးဆင်းနေသံများဖြင့် ဆူညံနေသောအခါ ကျွန်ုပ်တို့မှာ လူသူမနီး ထီးထီးနေရသည့်အဖြစ်ကို သတိရလျက် စိတ်များ ပိုမိုလေးလံ၍ လာခဲ့ကြရလေသည်။

✧ ✧ ✧

နေသာလျက်ရှိသော်လည်း ပူနွေးခြင်းမရှိသည့် မေလ၏ သာယာသော နေ့တစ်နေ့ နံနက်ခင်းတွင် ကျွန်ုပ်သည် ဖိလစ်အား မတွေ့ရဘဲရှိနေခဲ့၏။ လိုက်လံ မေးမြန်းစုံစမ်းကြည့်ရာမှ နောက်ဆုံးတွင် အိမ်အမိုးပေါ်သို့ သွားရောက်ရှာဖွေ၍ တွေ့ရလေသည်။ အိမ်ခေါင်မိုး၏ အနောက်တောင်ဘက်ထောင့်တွင် ဖိလစ်သည် တစ်စုံတစ်ရာကို ငေးမောကြည့်လျက်ရှိနေ၏။ သူကြည့်နေသော နေရာမှာ ယခင်က 'ဟိုက်ဒီပတ်' ဥယျာဉ်ရှိသောနေရာတွင် ရေအိုင်ကြီးတစ်ခု ဖြစ်နေ၍ ထိုနေရာမှ ကြိုးတိုးကြဲတဲ ပေါက်ရောက်နေသည့် သစ်ပင်များထိုးထွက်နေသော နေရာဖြစ်လေသည်။ ဖိလစ်မှာ ငိုယိုနေသဖြင့် ကျွန်ုပ်သည် အနီးရှိလက်ရမ်းကိုမှီကာ ၎င်းအား လက်တစ်ဘက်ဖြင့် လှမ်း၍ဖက်ထားလိုက်၏။ မကြာမီ သူသည် အငိုတိတ်သွားပြီးနောက် မျက်စိနှင့် နှာခေါင်းများကို ပွတ်သပ်လျက်ရှိလေသည်။

"နောက်ဆုံးကျတော့ ကျွန်မဟာ ခံနိုင်ရည် မရှိတော့ဘူး... နောက်ထပ်ကြာကြာ နေနိုင်တော့မယ်မဟုတ်တော့ဘူး... မိုက်... ဒီတော့ ကျွန်မတို့ တစ်နေရာရာ ခေါ်သွားပါတော့လား မောင်ရယ်"

ကျွန်ုပ်။ ။ "ဒီတော့ ဘယ်ကိုသွားမှာလဲ၊ တကယ်လို့သွားနိုင်တယ် ပဲထားပါဦး..."



www.burmeseclassic.com

www.burmeseclassic.com



ဖိလစ်။ ။ "ကျွန်မတို့နေတဲ့ တဲအိမ်ကလေးကိုပဲပေါ့... အဲ ဟိုမှာဆိုရင် တောင်ပိုင်းဖြစ်လို့ ဘယ်နည်းနဲ့မှ ဒီလောက်တော့ ဆိုးမယ် မထင်ဘူး... မိုက်ပျိုးထားတာတွေလဲ ရှိမယ်... ဒီမှာလို အစစအရာရာ ပျက်စီးနေမှာလဲ မဟုတ်ဘူး၊ ဒီမှာတော့ ဘာမျှော်လင့်စရာမှ မရှိဘူး၊ အဲဒီလို မရှိဘူးဆိုရင်တော့ ယောဒီ အုတ်နံ့ရုံပေါ်ကနေပြီး ခုန်ချလိုက်ရုံပဲ ရှိတော့တယ်"

ကျွန့်ပ်သည် ထိုကိစ္စကို အချိန်အတန်ကြာမျှ လေးနက်စွာ ခေါင်းစားလျက်ရှိနေ၏။

ကျွန့်ပ်။ ။ "နို့ပေမယ့် ကိုယ်တို့ ဟိုမှာရောက်နိုင်တယ်ပဲ ထားဦး... အသက်မွေးဝမ်းကျောင်းအတွက်က ရှိသေးတယ်... စားဖို့သောက်ဖို့ စာရေးရိက္ခာလိုမယ်... ထင်းမီးလိုမယ် အို ဘာမဆို လိုတာချည်းပ"

ဖိလစ်။ ။ "ဟိုမှာတော့..."

ဖိလစ်သည် ဤသို့စကားကို စလိုက်ပြီးနောက်မှ ခပ်ဆိုင်းဆိုင်းဖြစ်၍ သွားပြီးလျှင် စိတ်ပြောင်းသွားလေသည်။ ထို့နောက်မှ စကားလက်စကို ဆက်၍...

"ကျွန်မတို့ ဟိုမှာ စိုက်နိုင်ပျိုးနိုင်တဲ့ အချိန်အထိ ကိုယ့်ဝမ်း ကိုယ် ကျောင်း သွားနိုင်ဖို့ဖြစ်နိုင်ပါတယ်။ နို့ပြီး... ဟိုမှာ ငါးတွေလဲ အင်မတန်ပေါ တယ်၊ ထင်း၊ မီး၊လောင်စာအတွက်လဲ အပျက်အစီး အတိုအစတွေ အများကြီး ရှိတာပဲ... ဒီတော့ ကျွန်မတို့ဟာ ဘယ်နည်းနဲ့မဆို တစ်နည်းနည်းနဲ့ နေထိုင်သွားနိုင်ပါတယ်၊ နည်းနည်း အခက်အခဲကလေးတွေတော့ ရှိချင် ရှိမပေါ့လေ ကျွန်မတော့ ယောဒီ သုဿန်တစ်စပြင်ကြီးမှာ တာရှည်ဆက်မနေနိုင်တော့ဘူး မိုက်ရယ်... တကယ်ပဲ မနေနိုင်တော့ဘူး..."

"ဒါနဲ့ ပြောလက်စနဲ့ ဆက်ပြောရဦးမယ် ကျွန်မတို့ ဒီလိုခံစားရအောင် ဘာတွေများ ကျွန်မတို့ လုပ်ခဲ့မိလို့လဲဟင် ကျွန်မတို့အားလုံးလိုလိုဟာ သိပ်ပြီး မကောင်းကြပါဘူး၊ နို့ပေမယ့် အခုလို ခံစားရလောက်အောင် မဆိုးသေးပါဘူးရှင့်၊ ပြီးတော့ ဘယ်လိုအခွင့်အရေးမှလဲ မရခဲ့ဘူး အကောင်းအထည်နဲ့ ဆိုရင်လဲ ကျွန်မ တိုက်နိုင်ပါသေးရဲ့... အခုတော့ ဧရနစ်ခံရမယ်၊ အစာငတ်ခံ ရမယ် ပြီးတော့ ကိုယ့် အသက်ရှင်ရေးအတွက် တစ်ယောက်ကို တစ်ယောက် ဖျက်စီးအောင် လုပ်ရမယ်၊ နို့ပြီး ကျွန်မတို့ကို ဒီလိုဖြစ်အောင်လုပ်တဲ့ အရာတွေကိုလဲ ဘယ်သူကမှ မမြင်ဖူးဘူး၊ ဒီအရာတွေဟာ လက်လှမ်းမမီနိုင်တဲ့ နေရာမှာပဲ ရှိနေသေးတယ်..."

"ကျွန်မတို့ အထဲက တချို့ လူတွေလဲ ဒီအဆင့်ကို ကျော်သွားမှာ တော့ အမှန်ပဲ၊ ခံနိုင်ရည်ရှိတဲ့ လူတွေကို ကျွန်မက ပြောတာပါ နို့ပေမယ့် ဟိုအောက်မှာရှိနေတဲ့ ဟာတွေက နောက်ထပ် ဘာများလုပ်ဦးမလဲ မသိဘူး..."



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ အဲဒါတွေဟာ မှောင်မိုက်နေတဲ့ ချိုင့်ဝှမ်းကြီးတွေထဲမှာ လှုံလျှောင်းနေကြတာကို ကျွန်မ အိပ်မက်မက်တယ်… နို့ပြီး တစ်ခါတစ်ခါလဲ အဲဒါကြီးတွေဟာ အင်မတန်ကြီးမားတဲ့ ကင်းမွန်ကြီးတွေ ဒါမှမဟုတ်လဲ ပင်လယ်ပက်ကျိကြီးတွေနဲ့တူနေတယ်၊ …တစ်ခါတစ်ခါတော့လဲ [illegible] ဆောင်ခန်းကြီးတွေမှာ တွဲလဲကျနေတဲ့ အရောင်တောက်ပတဲ့ အလေါက်ကြီးတွေလို အခန်းကြီးတွေလို အိပ်မက်ထဲမှာ မြင်ရတယ်… တကယ့် တကယ်ဆို တော့ သူတို့ဟာ ဘယ်လိုပုံပန်းသဏ္ဌာန်ရှိတယ်ဆိုတာတော့ ကျွန်မတို့ သိရတော့မှာ မဟုတ်ဘူးလို့ ထင်တာပဲ… ဒါပေမယ့် ဘာပဲဖြစ်ဖြစ် သူတို့ဟာ တစ်ချိန်လုံး ဟိုမှာရှိနေပြီး ကျွန်မတို့ကို တစ်ခါတည်းမျိုး ပြုတ်အောင် တိုက်ဖို့ကြိုးစည်းနေကြ တာပါဘဲမောင်ရယ်…။

"…ကျွန်မဟာ အဲဒီပင်လယ်ရေပြင်နဲ့ အောက်ခံအကြောင်းကို အိပ် မက်မက်တယ်… အဲဒီအောက်ခံမြေပြင်ပေါ်မှာ အင်မတန် ကျယ်ပြန့်တဲ့ လွင် ပြင်ကြီးတွေ၊ သွားတွေ၊ အကြေးခံတွေ၊ အရိုးအစအနတွေ၊ ယောက်သွားခွံ တွေ၊ ကုဋေကုဋာရှိနေတဲ့ အမှုံကောင်ကလေးတွေဟာ ရာစုနှစ်ပေါင်းများစွာက တည်းက အမြဲမွမွကြဲနေခဲ့တယ်၊ လွင်ပြင်တွေကနေပြီး အပေါ်ကို ထိုးတက် လာတဲ့ တောင်တန်းတွေလဲရှိတယ်၊ တချို့နေရာတွေမှာလဲ ကွေ့ကွေ့ကောက် ကောက် ဖြစ်နေတဲ့ ရိုးကြီးတွေက ချောက်ကမ္ဘာကြီးတွေကို အပြတ်ပြတ်မြင် အောင် ဖြတ်ထားတယ်… နို့ပြီး အောက်မှာရှိတဲ့ 'ဟာ' တွေက ပင်လယ်တင် ကားတွေကို တပ်ရင်းအလိုက် လွင်ပြင်တွေကို ဖြတ်ပြီး လွှတ်လိုက်တယ်၊ တပ်ရင်းတွေက အတန်းတွေခွဲလိုက်ပြီး အဲဒီအတန်းတွေက ရိုးကြီးတွေထဲကို ဝင်သွားတယ်… နို့ပြီးတော့ တသီတန်းကြီး ကျွန်မတို့ကို ရှာရအောင် ကွေ့ ကောက်ပြီး အပေါ်တက်လာကြတယ်၊ ရိုးကြီးတွေကနေပြီး တစ်ခါ ရေတိမ်ထဲ ကိုလာတယ်… အဲဒီနောက် ပင်လယ်ရေအောက်နေတဲ့ မြို့တွေကိုဖြတ်ပြီး ကျွန်မတို့ကို လိုက်ရှာနေကြမှာပေါ့…"

"တစ်ခါတလေတော့လဲ ဖော့ကာက ဘယ်လိုပဲပြောပြော၊ အဲဒီ'ဟာ' တွေကိုယ်တိုင် ပင်လယ်တင်ကားကြီးတွေထဲမှာ ပါလာတယ်လို့ ကျွန်မထင် တယ်… နို့ပြီး တကယ်လို့သာ တစ်စင်းလောက် ကျွန်မတို့ ဖမ်းနိုင်ပြီး စစ်ဆေးကြည့်ရရင် နောက်ဆုံး သူတို့ ဘယ်လို တိုက်ခိုက်ရမယ်ဆိုတာ သိ ရမှာပဲ… ကျွန်မ ထပ်ခါ ထပ်ခါ အိပ်မက်မက်တာ တစ်ခုက ကျွန်မတို့ဟာ အဲဒါကြီးတစ်ခု ဖမ်းမိပြီး ဒါဟာ ဘယ်လိုလုပ်ထားတာလဲဆိုတာ သိရအောင် စိမ်ကြတယ်… ဒီဟာကို ဖော့ကာကလွဲလို့ ဘယ်သူမှ မယုံဘူး… [illegible] သူ့ကို ကျွန်မတို့ ပြောပြလိုက်တဲ့ အချက်တွေနဲ့ သူဟာ ဒီအကောင်ကြီးတွေကို တစ်ခါထဲ မျိုးပြုတ်အောင် အင်မတန် ထူးဆန်းအံ့ဩဖို့ကောင်းတဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆန်းတစ်မျိုးကို လုပ်ဖို့ အကြံဉာဏ်ရသွားတယ်… အဲဒီလို အိပ်မက် မကြာ မကြာ မက်တာပဲ…

"ဒီဟာတွေဟာ အမှန်တော့ ရူးမိုက်တဲ့ အလုပ်တွေမှန်း ကျွန်မသိပါတယ်… ဒါပေမယ့် အိပ်မက်ထဲမှာ အင်မတန်ကို အံ့ဩစရာကောင်းတယ်… နို့ပြီး အိပ်မက်မက်လို့ အိပ်ရာက လန့်နိုးလာတော့လဲ ကျွန်မတို့ဟာ ကမ္ဘာကြီး တစ်ခုလုံးကို ထမင်းလုံးတစ္ဆေ အခြောက်ခံနေရတဲ့ ဘဝက တစ်ခါထဲ ကယ်တင်နိုင်ခဲ့ရတယ်ဆိုပြီး သိပ်ကျေနပ်နေတာပဲ… အဲဒီနောက် ဒီလမ်းပေါ်မှာ ရေတွေက နံရံတွေကို တဖျပ်ဖျပ် လာရိုက်နေတဲ့ အသံတွေကို ကြားလိုက်ရတော့မှ သြော် ဒီကိစ္စကြီးဟာ မပြီးသေးဘဲ ဆက်ပြီး ဖြစ်နေတုန်းပါကလားဆိုတာကို သတိရမိတော့တယ်…

"အဲဒါကြောင့် ကျွန်မဖြင့် ဒီဟာကို သည်းမခံနိုင်တော့ဘူး မောင်ရယ်… ကျွန်မတို့ ပတ်ပတ်လည်မှာရှိနေတဲ့မြို့ကြီးဟာ တဖြည်းဖြည်း လုံးပါးပါးပြီး ဝိညာဉ်ချုပ်နေတဲ့ အချိန်မှာ ကျွန်မတို့က ဒီမှာ ဘာမှ နောက်ထပ် အလုပ် မလုပ်ရဘဲ ထိုင်နေရမယ်ဆိုရင် ရူးသွားလိမ့်မယ်… ကွန်းဝေါမှာပဲဖြစ်ဖြစ် တခြား တောနယ် ဘယ်နေရာမှာပဲဖြစ်ဖစ် တစ်မျိုးတစ်ဖုံတော့ ဖြစ်နေမှာပဲ… ကျွန်မတော့ အခု ဒီမှာ ငြိမ်းငြိမ်းချမ်းချမ်းဘာမှ အလုပ်မလုပ်ရဘဲ အခုလို ထိုင်နေမယ့်အစား ကျွန်မတို့ အသက်ရှင်ဖို့ နေ့ရောညရော အလုပ်လုပ်ရမယ်ဆိုရင်တောင် လုပ်နေချင်ပါတယ်… ပြီးတော့လဲ လွန်ခဲ့တဲ့ ဆောင်းရာသီလို ဆောင်းရာသီမျိုးနဲ့ နောက်ထပ်ရင်ဆိုင်ရမယ့်အစား ကျွန်မတော့ ပြေးရင်းလွှားရင်းပဲ သေချင်သေပါစေတော့လို့ အောက်မေ့ပါတယ်…"

ကျွန်ုပ်သည် ဤမျှလောက် အခြေအနေ ဆိုးဝါးနေသည်ကို သဘောမပေါက်ခဲ့ပေ။ ဤကိစ္စမှာ အခြေအတင် ပြောနေရမည့် ကိစ္စမျိုးလည်း မဟုတ်ပေ။

ကျွန်ုပ်။ ။ "ကောင်းပါပြီ အချစ်ရယ်… ကိုယ်တို့ သွားကြတာပေါ့…"

✧ ✧ ✧

ကျွန်ုပ်တို့ ကြားသိခဲ့ရသည့် သတင်းများအရ ဆိုသော် ဤနေရာမှ သာမန် နည်းလမ်းများဖြင့် ထွက်ခွာသွားဖို့ လုံ့လမထုတ်ရန် သတိပေးသကဲ့သို့ ရှိနေတော့၏။ ပစ်ကွင်း ကောင်းကောင်းရစေရန် အားလုံးသောအရာများကို ရှင်းလင်းဖယ်ရှားထားသည့် နေရာများရှိကြောင်း၊ ထောက်ချောက် မိုင်းဖုံးများနှင့် အချက်ပေးကိရိယာများသာမက အစောင့်အရှောက်များလည်း ရှိကြောင်းဖြင့် ကျွန်ုပ်တို့အား သတိပေးပြောကြားကြ၏။ ထိုအပိုင်းကြီးများကို ကျော်လွှန်သွားမိသောအခါ သီးခြားခရိုင်တစ်ခုစီတွင် လူဦးရေ မည်မျှသာ လက်ခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



မည်ဟု အားနာခြင်းကင်းမဲ့စွာ တစ်ကိုယ်ကောင်းဆန်ဆန် ပြုလုပ်ထားသည့် နေရာများလည်း ရှိသည်ဟုဆို၏။ ခရိုင်အတွင်းရှိ မူလနေထိုင်သူများသည် အစုအဝေး ဖွဲ့စည်းကာ ဒုက္ခသည်များနှင့် မိမိတို့ထံမှ အသုံးမကျသူများအား အနိမ့်ပိုင်းဒေသများသို့ မောင်းထုတ်ခဲ့ရာ ၎င်းတို့မှ ထိုနေရာများတွင် ကြိုးစန် နေထိုင်ကြရလေသည်။ နယ်ပယ်ဒေသတိုင်း၌ ကျွေးရမည့် ပါးစပ်ပေါက် တစ်ပေါက် အကယ်၍ တိုးလာခဲ့လျှင် အားလုံးအတွက် ရှားပါးမှုပို၍လာမည် ကို ကောင်းစွာသိပြီး ဖြစ်နေကြလေသည်။ အမှတ်မထင် ခိုးဝင်လာသော သူစိမ်းတစ်ယောက်အတွက် လူမသိဘဲ တာရှည်စွာနေသွားရန် မျှော်လင့်စရာ မရှိပေ။ အကယ်၍ တွေ့ရှိသွားခဲ့ပြန်လျှင်လည်း ၎င်းအပေါ်တွင် ရက်စက်စွာ ပြုမူဆက်ဆံကြ၏။ ယင်းကဲ့သို့ ပြုမူခြင်းမှာလည်း မိမိတို့၏ သေရေးရှင်ရေး အတွက် တစ်မျိုးတစ်ဖုံ ကြိုးစားရမည်ကဲ့သို့ ဖြစ်နေလေသည်။

ရေပြင်သည် ကျယ်သည်ထက် ကျယ်ပြန့်လာ၍ အထွင်းဘက်သို့ နက်ရှိုင်းစွာ ဝင်သည်ထက် ဝင်နေသော ဝင်ပေါက်များတစ်လျှောက် ရေကြောင်း များမှ ဝင်ရောက်သွားနိုင်ခဲ့ပါမူ ပိုမိုအခွင့်သာစရာ အကြောင်းရှိ၏။ သို့နှင့် ကျွန်ုပ်တို့သည် ပုံချိတ်တစ်စင်းရအောင် ရှာဖွေလေရာ၊ ဤကဲ့သို့ ရှာဖွေရာတွင် အခက်အခဲများ စိတ်ပျက်ဖွယ်များနှင့် တွေ့ကြုံခဲ့ရ၏။ ဖိုက်ဘာပြားမှန်ဖြင့် ပြုလုပ်ထားသော လှေဝမ်းပြားထက် ပို၍ အခြားမည်သည့်အရာကိုမျှ မတွေ့ နိုင်ခဲ့ပေ။ သို့နှင့် ဘေးအန္တရာယ်မရှိဘဲ သွားလာနိုင်အောင် အကျိုးပြုကောင်း ပြုမည်ဟု မျှော်လင့်ရသည့် ရိက္ခာ, ပစ္စည်းများကို ထိုလှေထဲတွင် သိုလှောင်ထား ခဲ့၏။

ကျွန်ုပ်တို့သည် ယခုထက် ရာသီဥတုပိုမိုပူနွေး၍ လာလိုလာငြား အချိန်ကို မျှော်လင့် စောင့်စားလျက်ရှိနေခဲ့သောကြောင့် အတန်ငယ် အချိန် နှောင်း၍ သွားသော်လည်း ဇွန်လနှောက်ပိုင်း၌မူ ထိုမျှော်လင့်ချက်ကို စွန့်ကာ မြစ်ကိုဆန်တက် ထွက်ခဲ့ကြလေသည်။

◇ ◇ ◇

ကျွန်ုပ်တို့သည် ကံကောင်းထောက်မသဖြင့် ကြံ့ခိုင်တောင့်တင်း သည့် မော်တော်ဘုတ်ကလေး 'မစ်(၇)'ကို ရရှိခဲ့ရာ အကယ်၍သာ ထိုမော်တော် ဘုတ်ကလေးကို မရခဲ့လျှင် မည်သို့ဖြစ်မည်ကို မသိရပေ။ သို့နှင့် နောက် တစ်ကြိမ် မြစ်ကို ဆန်တက်သွားမိပြန်သဖြင့် သေနတ်နှင့် အပစ်ခံရကောင်း ခံရလေမည်လောဟု ထင်မိသေး၏။ သို့သော် မစ်(၇) ကြောင့်ပင် အခြေအနေ တစ်ခုလုံး ပြောင်းလဲသွားလေသည်။ နောက်တစ်နေ့တွင် ကျွန်ုပ်တို့သည် ၎င်းကို လန်ဒန်သို့ပြန်၍ယူခဲ့ကြ၏။ ရေလွှမ်းသဖြင့် ပိုမိုနက်ရှိုင်းသည့် မြစ်များ တစ်လျှောက် ခုတ်မောင်းယူဆောင်သွားရသည်မှာ ပင်ပန်းလှပေ၏။ တောင်မင်း



www.burmeseclassic.com

www.burmeseclassic.com



တိုင်များသည် လမ်းများ၏ အလယ်၌ပင် ရှိလေသလော၊ သို့မဟုတ် လမ်းဘေးတစ်လျှောက်တွင် ရှိလေသလောဟူ၍ ကောင်းစွာ မမှတ်မိသောကြောင့် ကျွန်ုပ်တို့ ခုတ်မောင်းရသည်မှာ စမ်းတဝါးဝါးဖြစ်၍ နေပြီးလျှင် ဓာတ်မီးတိုင်တစ်ခုခုနှင့် တိုက်မိုက်စူးဝင်ကာ မော်တော်ဘုတ် ပေါက်ကွဲသွားမည်ကို အမြဲမိုးရိပ်မိ၍နေရသဖြင့် သတိကြီးစွာဖြင့် ခုတ်မောင်းသွားနိုင်၏။ 'ဟိုက်ပတ်' ခေါ်တွင် ကျွန်ုပ်တို့သည် ဒီရေအတက်ကို စောင့်ကာ ၂ နာရီမျှ ရပ်နားနေခဲ့ရပြီးနောက် ရေအတက်တွင်မှ အောက်စဖို့လမ်းအတွင်းသို့ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝင်လာနိုင်ခဲ့လေသည်။

မော်တော်ဘုတ်ပေါ်တွင် နေရာထိုင်ခင်းရှိသေးသဖြင့် အချို့သူများသည် ကျွန်ုပ်တို့နှင့်အတူ လိုက်ချင်ကောင်း လိုက်ပေလိမ့်မည်ဟူ၍လည်းကောင်း၊ အချို့ကလည်း အတင်းအကြပ်ပင် ပြောကောင်း ပြောပေလိမ့်မည်ဟူ၍လည်းကောင်း စိတ်ထဲတွင် မသက်မသာ ဖြစ်ခဲ့ခြင်းမှာ နောက်ဆုံး၌ အချည်းနှီးပင်ဖြစ်တော့၏။ လူတိုင်းကပင် ကျွန်ုပ်တို့အား စိတ်နောက်၍ပင် နေပြီလောဟု ထင်မှတ်ကြ၏။ လူအများကပင် ကျွန်ုပ်တို့အား တစ်ယောက်စီ ကြုံဖန်တွေ့ဆုံကာ ကျွန်ုပ်တို့သည် ပူနွေး၍ သက်တောင့်သက်သာရှိလှသော အခန်းများကို စွန့်ခွာလျက် အေးမြ၍ ဘေးအန္တရာယ် ထူပြောမည့်ခရီးကို ဆင်နွှဲကာ အခြေအနေ ပို၍ ဆိုးဝါးနိုင်သော နေရာများသို့ သွားရောက်ခြင်းမှာ စိတ်လိုက်မာန်ပါ ပြုလုပ်ခြင်းသာ ဖြစ်ကြောင်းဖြင့် သတိပေးစကားပြောကြား၏။ သူတို့သည် ကျွန်ုပ်တို့၏ မော်တော်ဘုတ်ကလေး မစ်(ဂျ)ကို ထင်းမီး လောင်စာများ သိုလှောင်ပစ္စည်း စာရေးရိက္ခာများ ဖြည့်တင်းပေးရာတွင် ကူညီကြရာ၊ မော်တော်ဘုတ်ကလေးမှာ ရေပေါ်တွင် တစ်လက်မခန့်သာ ပေါ်နိုင်တော့၏။ သို့သော် သူတို့အထဲမှ တစ်ယောက်မျှပင် ကျွန်ုပ်တို့နှင့်အတူ လိုက်ပါရန် တိုက်တွန်းပြောဆို၍မရပေ။

ကျွန်ုပ်တို့သည် လိုအပ်သည်ထက် ပိုသော ဘေးအန္တရာယ်မျိုးနှင့် မတွေ့လိုသဖြင့် မြစ်ကို ခပ်ဖြည်းဖြည်းပင် သတိကြီးစွာထား၍ စုန်ဆင်းခဲ့ကြ၏။ ကျွန်ုပ်တို့ ထပ်တလဲလဲ တွေ့ကြုံခဲ့ရသော အဓိက ပြဿနာမှာ ညဉ့်အချိန်များတွင် မည်သည့်နေရာ၌ အိပ်စက်နားနေမည်ဟူသော အချက်ပင်ဖြစ်၏။ ကျွန်ုပ်တို့အနေဖြင့် ပိုင်နက်အတွင်းသို့ ဝင်ရောက်ကျူးလွန်သူများ ဖြစ်နေမည်ကိုလည်းကောင်း၊ ကျွန်ုပ်တို့တွင် ပါလာသော ပစ္စည်းများနှင့်တကွ မစ်(ဂျ)မှာ သွားရည်ယိုစရာ ဖြစ်၍နေသည်ကိုလည်းကောင်း အလွန်သတိထား၍ နေကြ၏။ ကျွန်ုပ်တို့ ကျောက်ချရပ်နားလေ့ရှိသည့် နေရာများမှာ ရေလွှမ်းမိုးနေသည့် အချို့မြို့များမှ အကာအကွယ်ကောင်းသော လမ်းများပင်ဖြစ်၏။ အကြီးဆောင်းများစွာပင် လေပြင်းတိုက်ခတ်နေသဖြင့် ထိုကဲ့သို့သော နေရာများတွင်



www.burmeseclassic.com

www.burmeseclassic.com



ရက်ပေါင်းများစွာ 'ခို' ၍ နေခဲ့ကြရ၏။ အစိက ပြဿနာဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ထားခဲ့သည့် သောက်ရေ (ရေချို) ကို ရှာရန်လည်း ဘာမှ လောက် မခဲယဉ်းကြောင်း တွေ့ရ၏။ တစ်ဝက်တစ်ပျက် နစ်မြုပ်လျက်ရှိသည့် အိမ်ခေါင်းမိုးများပေါ်မှ တိုင်ကီများတွင် ရေချိုများကို အမြဲတမ်းလိုလိုဝင်တွေ့ နိုင်လေသည်။ အလုံးစုံခြုံ၍ ပြောရမည်ဆိုသော် ကုန်းလမ်းအားဖြင့် ၂၆၈၃ (သို့မဟုတ် ၉) မိုင်ရှိသော ခရီးကို ကျွန်ုပ်တို့သည် ရေကြောင်းမှ တစ်လ ကျော်ကျော်ခန့် သွားခဲ့ရလေသည်။

အင်္ဂကို ဖြတ်ကျော်ပြီးနောက် ရေလက်ကြားကြီးအတွင်းသို့ ဝင်မိသောအခါ ရေပြင်ပေါ်မှနေ၍ ကြည့်လိုက်က ရေလွှမ်းမိုးနေသည့် အဖြစ်ကို ပင် မယုံကြည်နိုင်လောက်အောင်ဖြစ်ကာ ဖြူဖွေးနေသော ကျောက်ခေတင်များကို ယခင်အတိုင်းလိုလို တွေ့မြင်ရလေသည်။ မြို့များရှိရမည့် ကွက်လပ်နေရာများကို ပိုမိုနီးကပ်စွာ ကြည့်မှသာလျှင် ရေလွှမ်းနေသည့်အဖြစ်မှာ ထင်ရှားသိသာနိုင်တော့၏။ နောက်အတန်ငယ်ကြာသောအခါ ရေခဲတောင်များကို ပထမတွေ့မြင်လိုက်ရသဖြင့် ယခင်က အခြေအနေမျိုးမဟုတ်တော့သည့်အဖြစ်ကိုသိရတော့၏။

ခရီးလမ်းဆုံးသို့ ရောက်လုကာနီးတွင် သတိကောင်းစွာထားရတော့၏။ ကျွန်ုပ်တို့သည် ခရီးစဉ်အတိုင်း ခုတ်မောင်းလာခဲ့စဉ်က ကမ်းခြေတစ်လျှောက်ကို အကဲခတ်လေ့လာကဲ့ရာ၌ ပိုမိုမြင့်မားသော ကုန်းပိုင်းများတွင် ထနဖျင်း တဲစုကလေးများကို မကြာခဏ တွေ့ခဲ့ရ၏။ ကုန်းမြေ မတ်စောက်စွာ ထိုးတက်နေသည့် နေရာများတွင် မြို့များနှင့် ရွာများကို ရံဖန်ရံခါတွေ့ရလေ၏။ မြို့မြင့်သော အပိုင်းများရှိ အိမ်များတွင် လူများနေထိုင်လျက်ရှိသေးသော်လည်း အောက်ဘက်ကျသော အိမ်များမှာမူ ရေအောက်တွင် နစ်မြုပ်လျက် ရှိနေလေပြီ။ အများအားဖြင့် 'ပင်နလင်' တွင်လည်းကောင်း၊ အထူးသဖြင့် 'နှင်းဆီ' တဲ အိမ်ကလေးတွင်လည်းကောင်း မည်ကဲ့သို့ အခြေအနေမျိုးရှိနေမည်ကို ကျွန်ုပ်တို့ စိတ်ကူး၍မရပေ။

ကျွန်ုပ်သည် ပြောင်းတိုသေနတ်များကို လက်လှမ်းမီ၍ အသင့်ထားရှိကာ 'မစ်(ဂျ)'ကို 'ဟဲလဖို့' မြစ်တွင်းသို့ ဂရုတစိုက် ခုတ်မောင်းသွားလေသည်။ နေရာအနှံ့အပြားရှိ တောင်စောင်းများပေါ်မှ ကျွန်ုပ်တို့အား လူအနည်းငယ် ချောင်းကြည့်လျက်ရှိသော်လည်း ၎င်းတို့သည် ကျွန်ုပ်တို့အား သေနတ်များဖြင့် တစ်စုံတစ်ရာ ပစ်ခတ်ခြင်းမပြုသည့်ပြင် လက်များကိုလည်း ဝှေ့ရမ်းပြခြင်းမပြုကြချေ။ ကျွန်ုပ်တို့၏ မော်တော်ဘုတ်ကို ထင်းမီးရှိသေးသဖြင့် ခုတ်မောင်းသွားလာနေနိုင်သေးသော ၎င်းတို့ဒေသရှိ မော်တော်ဘုတ်အနည်းငယ်အနက် တစ်စင်းဖြစ်သည်ဟု ထင်မှတ်နေကြကြောင်း နောင်အခါမှ ကျွန်ုပ်တို့ သိရှိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် မြစ်မကြီးမှ မြောက်ဘက်သို့ ချိုးဝင်လိုက်၏။ ရေမှာ ယခုအခါ ပေ ၁၀၀ အမှတ်နှင့်ပင် နီးကပ်လျက်ရှိနေပြီဖြစ်ရာ ရေကြောင်းများမှာလည်း အရှုပ်ရှုပ်အထွေးထွေးဖြစ်အောင် အလွန်များပြား၍ နေလေသည်။ ကျွန်ုပ်တို့သည် မြောက်ကြိမ်မျှ လမ်းမှားခဲ့ပြီးနောက် လုံးဝအသစ်ဖြစ်သော ဝင်ပေါက်တစ်ခုမှ ထောင့်ချိုးတစ်ခုကို ကွေ့မိမှသာလျှင် ကျွန်ုပ်တို့ တွေ့မြင်နေကျ မတ်စောက်သော တောင်စောင်းမှ တဲအိမ်ကို အပေါ်ဘက်တွင် တွေ့လိုက်ရလေသည်။

လူအတော်များများပင် ထိုနေရာသို့ ရောက်ရှိနေထိုင်သွားကဲ့သည်ဟု ကျွန်ုပ်ထင်မိ၏။ အိမ်မှာ အတော်ပင် ဖရိုဖရဲဖြစ်နေသော်လည်း အပျက်အစီးကား မများလှပေ ထိုသူများသည် အများအားဖြင့် စားဖွယ်သောက်ဖွယ်များကိုသာ အဓိကလိုချင်ကြောင်း ထင်ရှားလှတော့၏။ စဖိုခန်းတွင် အသင့်ဆောင်ထားသည့် ပစ္စည်းများမှာလည်း နောက်ဆုံး ငံပြာရည်ပုလင်းနှင့် ငြုပ်ကောင်းမှုန့်ထုပ်များပင် ရှိတော့ချေ။ ဆိပ်ပုံး၊ ဖယောင်းတိုင်များနှင့် အနည်းငယ် သို လှောင်ထားသည့် ကျောက်မီးသွေးများကိုလည်း မတွေ့ရတော့ချေ။

ဖိလစ်သည် အပျက်အစီးများကို လျင်မြန်စွာ လှမ်းကြည့်လိုက်ပြီးနောက် မြေတိုက်ခန်းထဲသို့ ဆင်းသွားလေသည်။ တစ်ခဏမျှအကြာတွင် ပြန်ထွက်လာ၍ ဥယျာဉ်တွင်းရှိ သူဆောက်လုပ်ထားခဲ့သော ပန်းရုံဆီသို့ ပြေးထွက်သွားပြန်၏။ သူသည် ပန်းချုံ၏အခင်းကို ဂရုတစိုက် စစ်ဆေးကြည့်ရှုနေသည်ကို ပြတင်းပေါက်မှလှမ်း၍ ကျွန်ုပ်မြင့်လိုက်ရပြီးလျှင် မကြာမီ သူပြန်၍ ရောက်လာလေသည်။

ဖိလစ်။ ။ "ဘုရားမလို့ အားလုံးနေသားတကျဘဲ"

ဤအချိန်အခါမျိုး၌ကား ပန်းချုံများကို ဂရုတစိုက် လုပ်နေရမည့် အချိန်အခါမျိုး မဟုတ်ချေ။

ကျွန်ုပ်။ ။ "ဘာများနေသားတကျ ဖြစ်နေရတာပဲ"

စားနပ်ရိက္ခာတွေပေါ့၊ ကျွန်မ မသိရသေးသမျှ ဒီအကြောင်း မောင့်ကို မရေပြောချင်သေးလို့ တကယ်လို့သာ မရှိတော့ရင်တော့ ဒုက္ခပဲ..."

"ဘာစားနပ်ရိက္ခာလဲ" ဟု ကျွန်ုပ်သည် ဇဝေဇဝါဖြစ်နေသဖြင့် မေးလိုက်၏။

"မောင် ဘယ်လိုမှ အစရှာမရဘူး မဟုတ်လား... ကျွန်မလိုလူ တစ်ယောက်ဟာ အပျော်သက်သက် အုတ်စီလိမ့်မယ်လို့ မောင်က တကယ် ထင်နေသလား ဟင်... ကျွန်မဟာ စားနပ်ရိက္ခာတွေအပြည့်နဲ့ မြေတိုက်ခန်း တစ်ဝက်ကို အုတ်စီပြီး ပိတ်ထားခဲ့တယ်... နို့ပြီး ပန်းရုံအောက်မှာလဲ အများကြီးရှိသေးတယ်လေ..."



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ မင်းဆိုလိုတာက ဒါကကြာပဲ ကြာလှပြီ မဟုတ်လား၊ ရေတွေ မလွှမ်းမိုးခင်ကလေ"

"ဟုတ်ပါတယ် ဒါပေမယ့် သဘော်တွေကို မြန်မြန်ကြီး မနစ်မြုပ်သေးခင်ကပေါ့၊ အဲဒီတုန်းက ကျွန်မစိတ်ထဲမှာ အခက်မကြုံသေးခင် ပစ္စည်းတွေ သိုလှောင်ထားရင် ကောင်းလိပ်မယ်လို့ အောက်မေ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ နောင်အကြပ်အတည်းနဲ့ ကြုံတော့မယ်ဆိုတာ သေချာနေတာပဲ။ အဲဒီတော့ လိုလိုမယ်မယ် ဒီမှာ သိုလှောင်ထားရရင် ကောင်းလိပ်မယ်ထင်ပြီး ထားခဲ့တယ်။ ဒါပေမယ့် မောင့်ကို ပြောရင်တော့ မကောင်းဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအတွက် မောင်ဟာ ဟန်ကြီးပန်ကြီး ဖြစ်လာမှာ စိုးလို့ပေါ့"

ကျွန်ုပ်သည် ထိုင်လိုက်ပြီးမှ သူ့အား လေးစားစွာ ကြည့်လိုက်၏။

"ဟန်ကြီးပန်ကြီး ဖြစ်မယ်... ဟုတ်လား"

"အင်း တချို့လူတွေကတော့ လုပ်သင့်လုပ်ထိုက်တာတွေကို ကြိုတင်လုပ်ဆောင်ထားမယ့်အစား၊ မှောင်ခိုဈေးမှာ ဈေးကြီးကြီးနဲ့ ဝယ်ယူရတာကိုပဲ ကောင်းတယ် ထင်နေကြတယ်"

ကျွန်ုပ်။ ။ "အို ဒါဖြင့် မင်းကိုယ်တိုင်လုပ်ခဲ့တာပေါ့"

ဖိလစ်။ ။ "အင်း... ကျွန်မကလဲ ဒီအနားအနား တစ်ဝိုက်က တခြားလူတွေ မသိစေချင်တာနဲ့ ကိုယ်တိုင်ပဲ လုပ်ရတော့တယ် မဟုတ်လား၊ ဒါပေမယ့် ဖြစ်လာပုံက စားနပ်ရိက္ခာတွေကို လေယာဉ်ပျံနဲ့ သယ်ယူတဲ့ကိစ္စဟာ မျှော်လင့်ထားတာထက်တောင် ပိုပြီးစနစ်တကျဖြစ်နေလို့ ဒါကို ကျွန်မတို့ အသုံးမလိုခဲ့ဘူးပေါ့၊ နို့ပေမယ့် အခုတော့ အသုံးကျလာပြီလေ"

"ဘယ်လောက်များများ ရှိသလဲ"

ဖိလစ်သည် စဉ်းစားလျက်ရှိ၏။

"ကျွန်မအဖို့တော့ မသေချာလှဘူး၊ ဒါပေမယ့် ကားတစ်စီးတိုက်လောက်တော့ရှိတယ်၊ နို့ပြီး ကျွန်မတို့ မစ်(ဂျ)နဲ့ သယ်လာခဲ့တာတွေလဲ ရှိသေးတယ် မဟုတ်လား"

ကျွန်ုပ်သည် ထိုကိစ္စကို ရှုထောင့်အမျိုးမျိုးမှ တွေ့မြင်နိုင်သော်လည်း ထိုစဉ်က ထုတ်ဖော်ပြောပြခဲ့လျှင် ရင့်ရင့်သီးသီး ကျေးဇူးဗွပ်ရာကျမည်ဖြစ်သောကြောင့် ထိုကိစ္စနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ထုတ်ဖော်မပြောဘဲ အသာထားလိုက်ပြီးလျှင် အိမ်ကလေးကို ရှင်းလင်းသုတ်သင်ခြင်း၊ ပစ္စည်းများကို သယ်ယူရွှေ့ပြောင်း၍ နေသားတကျသိုခြင်း စသည်တို့ဖြင့် ကျွန်ုပ်တို့မှာ အလုပ်များလျက်ရှိကြလေ၏။

ကျွန်ုပ်တို့ တဲအိမ်ကလေးတွင် အဘယ်ကြောင့် လူများမနေထိုင်ကြသည်ကို မကြာမီပင် ကျွန်ုပ်တို့ သိနားလည်ခဲ့ကြ၏။ တောင်ထိပ်သို့တက်၍



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သောအခါ ကျွန်ုပ်တို့၏ တောင်ကုန်းမှာ ကျွန်းတစ်ကျွန်းဖြစ်လာတော့မည်ကို ကောင်းစွာသိနိုင်ပေ၏။ နောက် ၄ လအကြာ၌ ဤအတိုင်းပင်ဖြစ်လာလေသည်။

ဤနေရာတွင်လည်း အခြားနေရာများမှာကဲ့သို့ လူများသည် ပထမတွင် ရေများတက်စပြုလာသောအခါ သတိဝိရိယနှင့် ဆတ်ခွာသွားကြ၏။ နောင်အခါ၌မူ ထိုထက်မြင့်သော ကုန်းမြင့်ပိုင်းတွင် နေရာကျန်သေးသည့်အခိုက် တစ်နေရာရရန် အလုအယက် အပြေးအလွှား သွားရောက်ကြလေသည်။ ကျန်၍နေရစ်ခဲ့သူများမှာ ခေါင်းမာသူများ နှေးကွေးလေးကန်သူများနှင့် နောက်ထပ်ရေတက်တော့မည်မဟုတ်ဟု အမြဲ ထင်မှတ်နေသူများ ဖြစ်လေသည်။ နောက်ချန်နေရစ်ခဲ့သူများနှင့် ထွက်သွားသူများမှာ တစ်ဘက်နှင့်တစ်ဘက် ခိုက်ရန်ဖြစ်ပွားသည်မှာ ထင်ရှားလှတော့၏။ ကုန်းမြင့်ပိုင်းများ၌ နေထိုင်သူများသည် အစားအသောက်များကို လှူဦးရေနှင့်လိုက်၍ ချင့်ချိန်တိုင်းတာ၍ နေထိုင်ရသဖြင့် မိမိတို့ နယ်ပယ်အတွင်းသို့ လူသစ်များ အဝင်မခံလိုပေ၊ မြေနိမ့်ပိုင်းမှ လူများကလည်း မိမိတို့၏ လယ်ကွင်းများကို လာရောက်တိုက်ခိုက်ခြင်းမပြုနိုင်ရန် သေနတ်များကို ဆောင်ထားလျက်၊ ထောင်ချောက်များကိုလည်း ထောင်ထားကြလေသည်။ အခြေအနေအရ ကျွန်ုပ်အနေဖြင့် မည်မျှမှန်ကန်သည်ဟု မဆိုနိုင်သော်လည်း 'ဒီဗွန်း' နယ်နှင့်တကွ အရှေ့ဘက် ပို၍ကျသော အခြားနေရာများနှင့် နှိုင်းယှဉ်လျှင် ဤနေရာက ပို၍ကောင်းမွန်သေးသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် လူအတော်များများပင် တစ်ကြိမ် ထွက်ပြေးသည်နှင့်တစ်ပြိုင်နက် မြေရိုင်းကွင်းပြင်များကိုကျော်ကာ ပို၍ စိမ်းလန်းစိုပြည်သော နယ်မြေဒေသများဆီသို့သာ ဆက်လက်သွားသောကြောင့်ဖြစ်၏။ 'ဒီဗွန်း' ဆန်းမားဆက်နှင့် 'ဒေါ်ဆက်' နယ်တို့တွင် ဝော်ပြတ်နေသော လူစုအချင်းချင်း ပြောက်ကြား စစ်ဆင်တိုက်ခိုက်လျက်ရှိကြောင်းဖြင့် ကြောက်မက်ဖွယ်ကောင်းသည့် သတင်းများကိုကြားရ၏။ သို့သော် ဤနေရာ၌မူ တစ်ခါတစ်ရံ ပစ်ခတ်မှုများ အနည်းအကျဉ်းမျှသာ ဖြစ်ပွားခဲ့လေသည်။ ကျွန်ုပ်တို့သည် ကောလာဟလသတင်းများကို တစ်စွန်းတစ်စမျှ ရံဖန်ရံခါ ကြားရသည်မှလွဲ၍ သီးသီးခြားခြားဖြစ်နေခဲ့ကြရခြင်းကို သည်းခံရန်ခဲယဉ်းလှတော့၏။ ကျွန်ုပ်တို့၏ နိုင်ငံအကြောင်း မဟုတ်စေကာမူ ကမ္ဘာပေါ်ရှိ ကျန်အပိုင်းများပင် မည်သို့မည်ပုံ ဖြစ်နေကြသည်ကို သိနိုင်စွမ်းရှိသည့် 'ရေဒီယို' မှာလည်း ဤနေရာသို့ ကျွန်ုပ်တို့ရောက်၍ ရက်သတ္တပတ်အနည်းငယ်အကြာတွင် ပျက်သွားခဲ့၏။ ၎င်းကိုပြင်ဆင်ရန်လည်း လက်နက်ကိရိယာများ မရှိသည့်ပြင် အစားထိုးရန် အပိုပစ္စည်းများလည်း မရှိချေ။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်တို့၏ ကျွန်းကလေးမှာ ကံကောင်းထောက်မ၍ လူရှားသော ရည်ယိုစရာ မဖြစ်သောကြောင့် မည်သို့မျှ အနှောင့်အယှက်ပေးခြင်း မခံခဲ့ရပေ။ ဤနေရာတစ်ဝိုက်၌ နေထိုင်ကြသူများသည် လွန်ခဲ့သော နှစ်ရာသီတွင် စားနပ်ရိက္ခာများ အလုံအလောက် စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသဖြင့် ဤနေရာတွင် ပေါများလှသည့် ငါးများနှင့် ရောစပ်ဖက်တွဲကာ အစားအသောက်အတွက် ကောင်းစွာဖူလုံတော့၏။ ထို့ပြင် ကျွန်ုပ်တို့မှာ သူစိမ်းတစ်ရံခံများလည်း လုံးလုံး မဟုတ်သဖြင့် ကျွန်ုပ်တို့က တောင်းခံခြင်းလည်းမပြု၊ အတောင်းပန်ခံယူခြင်း လည်း မပြုမိရန် အတော်ပင် သတိထား၍ နေခဲ့ကြရ၏။ မစ်(ဂျ) ဖော်တော် ဘုတ်ကလေးဖြင့် သယ်ယူလာသမျှ စားနပ်ရိက္ခာများနှင့် ငါးများကိုသာ စားသောက်နေတိုင်ကြသည်ဟူ၍လည်းကောင်း၊ ဤသို့ဖြင့် ယခုအချိန်တွင် လုယက်တိုက်ခိုက်ယူရလောက်အောင် များများစားစား ရှိတော့မည်မဟုတ်ဟူ၍ လည်းကောင်း၊ ကျွန်ုပ်တို့အပေါ်တွင် ထင်မှတ်နေသည်ဟု ယူဆမိ၏။ အကယ်၍သာ လွန်ခဲ့သည့် နှစ်ရာသီက ကောက်ပဲသီးနှံ အထွက်ပိုမို ညံ့ဖျင်းခဲ့လျှင် ကား တစ်မျိုးတစ်ဖုံ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

✧ ✧ ✧

ကျွန်ုပ်သည် ဤမှတ်တမ်းကို နိဝင်ဘာလအစတွင် စတင်ရေးသားခဲ့၏။ ယခု ဇန်နဝါရီလပင် ကုန်ခဲ့လေပြီ။ ရေသည် အတန်ငယ် ဆက်လက်၍ တက်နေခဲ့သော်လည်း ခရစ္စမတ်ပွဲတော်အချိန်လောက်မှစ၍ တိုင်းတွာ၍ ရနိုင်လောက်အောင် တိုးမလာခဲ့ပေ။ ရေတက်ခဲ့သည်မှာ အမြင့်ဆုံးအခြေသို့ရောက်ပြီဟု ကျွန်ုပ်တို့အဖို့ မျှော်လင့်ရတော့၏။ ရေလက်ကြားကြီးအတွင်း၌ ရေခဲတောင်များကို တွေ့၍နေရသေးသော်လည်း ယခင်ကထက် နည်းပါးလာပုံရလေသည်။

ပင်လယ်တင့်ကားများ၏ တိုက်ခိုက်မှုများကလည်း မကြာခဏ ဖြစ်ပွားလျက်ရှိနေသေးသဖြင့် တစ်ခါတစ်ရံ တစ်စင်းချင်း လာရောက်၍ တိုက်ခိုက်ခဲ့သော်လည်း များသောအားဖြင့် ၄ စင်းတွဲ သို့မဟုတ် ၅ စင်းတွဲ လာရောက်တိုက်တတ်၏။ အမှန်အားဖြင့်ဆိုသော် ယင်းတို့သည် အန္တရာယ်ပြုနိုင်သည်ထက် အနှောင့်အယှက် ပေးနိုင်ရုံသာ ဖြစ်နေခဲ့၏။ အဘယ်ကြောင့်ဆိုသော် လူများသည် ကြိုတင်သတိပေးနိုင်ရန်အတွက် ရေစပ်တွင် ကင်းများချထားခဲ့သောကြောင့်ဖြစ်၏။ ပင်လယ်တင့်ကားများသည် ကုန်းမြင့်ပေါ်သို့ တက်၍ မလာတော့ဘဲ ရေစပ်မှလည်း မိုင်တစ်စိပ်ထက်ပို၍ စွန့်စားတက်ရောက်ခြင်း မပြုကြချေ၊ ၎င်းတို့ တိုက်ခိုက်ရမည့် လူများကို မတွေ့ရသောအခါ ချက်ချင်း လိုပင် ပြန်၍ လှည့်သွားတတ်ကြလေသည်။

ကျွန်ုပ်တို့ ရင်ဆိုင်ခဲ့ရသမျှတွင် အဆိုးရွားဆုံးမှာ ဆောင်း[illegible]၏ ပြင်းပြင်းထန်ထန် အေးမြခြင်းပင်ဖြစ်၏။ ကျွန်ုပ်တို့၏ အခြေအနေ[illegible] ကွာခြား


www.burmeseclassic.com

www.burmeseclassic.com

နေသည်ကို ထားဘိဦး၊ ဤနှစ်ဆောင်းရာသီမှာ ယမန်နှစ်ဆောင်းရာသီထက် များစွာ ပိုအေးမြလှသည်ဟု ထင်မိ၏။ ကျွန်ုပ်တို့၏ ဝင်ပေါက်မှာ ရက်သတ္တ ပတ်ပေါင်းများစွာ ရေခဲနေသဖြင့် လေငြိမ်သည့် ရာသီဥတုမျိုး၌ ပင်လှယ်ရေပြင် ပင်လျှင် ကမ်းခြေမှ အတော်အလှမ်းကွာသော နေရာအထိ ရေခဲ၍ နေတတ်လေ သည်။ သို့သော် များသောအားဖြင့် လေငြိမ်နေသည်ဟူ၍ မရှိလှပေ။ ရက်ပေါင်း များစွာ ကြာသည်အထိ အဆက်မပြတ် လေပြင်းများ တိုက်ခတ်၍နေတတ်ပေ ရာ အတွင်းဘက်သို့ လွင့်ပါလာသည့် ရေမြှာရေပန်းများကြောင့် အားလုံးအရာ များပင် ရေခဲဖြင့်ဖုံးလွှမ်း၍ နေလေသည်။ ကျွန်ုပ်တို့သည် အနောက်တောင်လေ ၏ ဒဏ်ကို အပြည့်အဝ ခံစားရခြင်းမှ ကံကောင်းထောက်မ၍ အကာအကွယ် ရကဲ့သော်လည်း အတော်ပင်ဆိုးဝါးလှပေ၏။

ကျွန်ုပ်တို့လည်း နွေပေါက်၍လာလျှင် ထွက်သွားတော့မည်ဟု လုံးလုံးစိတ်ကိုပိုင်းဖြတ်ထား၏။ နောက်တစ်ဆောင်းကုန်သည်အထိ နေမည်ဆို က နေနိုင်မည်ဖြစ်သော်လည်း ကျွန်ုပ်တို့အတွက် ရိက္ခာများ များစွာကျန်တော့ မည်မဟုတ်ဘဲ နောက်တစ်ကြိမ်ခရီးထွက်ရမည်ဆိုလျှင် ထိုခရီးအတွက် ပြည့် ပြည့်စုံစုံ ဖြစ်တော့မည်မဟုတ်ပေ။ ဤနေရာသို့လာခဲ့ရသည့် ခရီးတွင်၊ ကျွန်ုပ် တို့ အသုံးပြုခဲ့သမျှ ထင်းမီးလောင်စာတို့အတွက် အစားထိုးရန် ၎င်းတို့ကို 'ဝလိုင်းမောက်' 'ဒီဗွန်းပို့'တို့ရှိ ကျန်ရှိနေသေးသော အပိုင်းများတွင် ရှာဖွေ ရရှိနိုင်မည်ဟု မျှော်လင့်ရ၏။ မည်သို့ပင်ဖြစ်စေ ထင်းမီး လောင်စာများကို ရှာ၍ မရခဲ့လျှင်သော်လည်းကောင်း အကယ်၍ ကျွန်ုပ်တို့အား မောင်းထုတ် လျှင်သော်လည်းကောင်း၊ ရှက်တိုက်သွားနိုင်ရန် မော်တော်ဘုတ်ကလေးကို ရှက်တမ်ဆင်ထားမည်ဟု ကြံစည်ထား၏။ ဤသို့ဆိုလျှင် ကျွန်ုပ်တို့သည် ယခုလက်ရှိ ထင်းမီးလောင်စာ ရိက္ခာပစ္စည်းများ ကုန်၍သွားစေကာမူ တောင် ဘက်ဆီသို့ ဆက်လက်၍ ရွက်လွင့်သွားနုင်ပေမည်။

သို့သော် မည်သည့်နေရာသို့သွားရမည်ကို ယခုတိုင် ကျွန်ုပ်တို့မသိ သေးချေ။ တစ်စုံတစ်ရာ စိုက်ရန် ပျိုးရန်လွယ်ကူ၍ ဘဝသစ်ကို စတင်ဖန်တီးနိုင် ရမည့်နေရာဖြစ်ပြီးလျှင် ရာသီဥတုအနေနှင့်လည်း ပို၍ ပူနွေးသော နေရာတစ်ခု ဖြစ်ရပေမည်။ ကုန်းပေါ်သို့ တက်ရန် ကြိုးပမ်းလျှင်လည်း ကျည်ဆံများနှင့်သာ ရင်ဆိုင်ကောင်းရင်ဆိုင်ရပေမည်။ သို့သော် ဤကဲ့သို့ ရင်ဆိုင်ရခြင်းမှာ ရာသီ ဥတု အလွန်ပြင်းထန်အေးမြလှသည့်နေရာတွင် တဖြည်းဖြည်း ဇော်ပြတ်၍ သေရခြင်းထက်ကား ပို၍ကောင်းသေး၏။

ဖိလစ်ကလည်း ကောင်းစွာ သဘောတူလေသည်။

"ကျွန်မတို့ဟာ မဖြစ်နိုင်တာကို ကြံနေတာပဲ ဝပ်ဆင်... မဖြစ်နိုင် တာမှ အင်မတန် မဖြစ်နိုင်တာပဲ... နို့ပေမယ့် ကံကောင်းလက်စနဲ့ ဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဘူးဆိုရင်၊ အရင်ကတဲ့ကစတပြီး အခုအထိ ကံကောင်းလာခဲ့တာ ဘာ အသုံးကျဦးမှာလဲ…”

✧ ✧ ✧

မေလ ၂၄ ရက်

အထက်ပါရေးသားချက်ကို ကျွန်ုပ်ပြင်ဆင်လိုက်၏။ ကျွန်ုပ်တို့သည် တောင်ဘက်သို့ သွားတော့မည်မဟုတ်ပေ။ ဤစာမူကို ပထမ ကျွန်ုပ်ရည်ရွယ် ထားသည့်အတိုင်း တစ်နေ့နေ့တွင် တစ်စုံတစ်ယောက်က တွေ့လိုတွေ့ငြားဟု သံဖြူသေတ္တာတစ်လုံးထဲ၌ ထည့်၍ ဤနေရာ၌ ထားခဲ့တော့မည်မဟုတ်ပေ။ ထိုစာမူမှာ ကျွန်ုပ်တို့နှင့် အတူပါလာပေတော့မည်။ ထို့ပြင်သာမကသေး လူ အတော်များများကပင် ၎င်းကို ဖတ်ရှုကောင်း ဖတ်ရှုကြရပေလိမ့်မည်။ အဘယ့် ကြောင့်ဆိုသော် အောက်ပါအတိုင်း ဖြစ်ပျက်လာခဲ့သောကြောင့်ပေတည်း။

ကျွန်ုပ်တို့သည် မစ်(ဂျ) ကို ကမ်းပေါ်သို့ ဆွဲတင်ပြီးနောက် သွားရ မည့်ခရီးအတွက် အသင့်ပြင်ဆင်လျက်ရှိနေကြ၏။ ဖိလစ်က မော်တော်ဘုတ် ကလေးကို ဆေးသုတ်လျက် ကျွန်ုပ်က အင်ဂျင်ကို ဖြုတ်ကာ ‘ဗတ်လတိုင်းမင်း’ (Valve-Timing) ကိရိယာကို ပြန်၍ တည့်အောင်လုပ်ကိုင်လျက်ရှိစဉ် ကျွန်ုပ် တို့ဝင်ပေါက်ထဲသို့ လှေဝမ်းပြားတစ်စင်းသည် ရှက်လွှင့်၍ ဝင်လာလေသည်။ လှေပေါ်၌ကား လူတစ်ဦးတည်းသာပါရှိ၏။ လှေသည် တဖြည်းဖြည်း နီးကပ် လာသောအခါ ထိုသူမှာ ထိုအရပ်တွင်နေထိုင်သော အရပ်သားတစ်ယောက် ဖြစ်သဖြင့် ယခင်အချိန်အခါ ကောင်းစဉ်က ၎င်းအား တွေ့မြင်ခဲ့ဖူးကြောင်း ကျွန်ုပ်ကောင်းစွာမှတ်မိ၏။ သို့သော် ထိုနောက်တွင် တစ်ခါနှစ်ခါမျှသာ ထိုသူ နှင့် တွေ့ဆုံခဲ့၏။ သူ၏ အမည်ကိုကား ကျွန်ုပ် မသိချေ။ သို့သော် ဤဝင် ပေါက်အတွင်းသို့ ဝင်လာလျှင်၊ ကျွန်ုပ်တို့ဆီသို့သာ လာခြင်းဖြစ်ရမည်ဖြစ်သ ဖြင့် ကျွန်ုပ်လည်း သေနတ်ကို အသင့်ရှိမရှိ တစ်ချက်လှမ်း၍ ကြည့်လိုက်မိ၏။ ထိုသူသည် ဆက်လက်ရှက်တိုက်လာခဲ့ရာ၊ ကျွန်ုပ်တို့အား အတန်ငယ်ကျော်၍ သွားပြီးနောက်မှ လေတိုက်သည့်ဘက်သို့ ပြန်၍လှည့်လိုက်လေသည်။

ထိုသူက အသံခပ်ကျယ်ကျယ်ဖြင့်။ ။ “ဗျို့ဆရာ… ခင်ဗျားနာမည် ဝပ်ဆင်လား”

ကျွန်ုပ်တို့က ဟုတ်ကြောင်း ပြန်၍ ပြောလိုက်၏။

ထိုသူ။ ။ “ကောင်းပါလေရဲ့ဗျာ… ခင်ဗျားအတွက် သတင်းစကား ပါလာတယ်ဗျ”

သူသည် ရှက်ကိုလျှော့ကာ တက်မကို ထိန်းပေးပြီးလျှင် လှေကို ကျွန်ုပ်တို့ဆီသို့ ဦးတည့်ပေးလိုက်၍ ‘ဟယ်သာ’ ပင်များပေါ်သို့ တိုးတက်သွား

www.burmeseclassic.com



စေရန် ရှက်ကိုချလိုက်လေသည်။ ထို့နောက် လှေပေါ်မှ ခုန်ဆင်းကာ လှေကို အတန်ငယ် ဆွဲတင်လိုက်ပြီးနောက် ကျွန်ုပ်တို့ဘက်သို့ မျက်နှာလိုက်၏။

ထိုသူ။ ။ "နေပါဦး… ခင်ဗျားတို့က မိုက်ကယ်နဲ့ ဖိလစ်ဝပ်ဆင် မဟုတ်လား… အရင်က အီးဘီစီမှာ အလုပ်လုပ်ဖူးတယ်လေ…"

ကျွန်ုပ်တို့သည် အံ့အားသင့်လျက် ဟုတ်ကြောင်း ဝန်ခံလိုက်၏။

ထိုသူ။ ။ "သူတို့ ဝိုင်ယာလက်ကနေပြီးတော့ ခင်ဗျားတို့ နာမည်တွေကို ခေါ်နေတယ်ဗျ"

ကျွန်ုပ်တို့သည် သူ့ကို စိုက်၍ကြည့်နေ၏။ ထို့နောက် ကျွန်ုပ်က "ဘယ်သူလဲဗျ… ဘယ်သူကလဲ" ဟု မေးလိုက်၏။

ထိုသူ။ ။ "သူတို့ကိုယ် သူတို့တော့ ပြန်လည်တည်ဆောက်ရေး ကောင်စီလို့ ပြောတာပဲ။ တစ်ပတ်လောက်ရှိမလား… ဒါမှမဟုတ် ၁၀ ရက် လောက်ပဲရှိမလား မပြောတတ်ဘူး… သူတို့ ညတိုင်း တစ်ကြိမ်တစ်ကြိမ် အသံလွှင့်တယ်ဗျ၊ အဲဒီလို အသံလွှင့်တိုင်း အပြီးသတ်မှာ သူတို့တွေ့ချင်တဲ့ လူတွေရဲ့ စာရင်းကို ဖတ်ပြတယ်။ လွန်ခဲ့တဲ့ ညတန်းကတော့ ခင်ဗျားတို့နာမည် တွေ ပါလာတယ်ဗျ… ကွန်းဝေါက ပင်နလင်းအနီးအနားတစ်ဝိုက်မှာ ရှိလိမ့် မတ်ထင်တယ်ဆိုတာလဲပါတယ်။ အဲဒီတော့ ဒီဟာကို ခင်ဗျားတို့သိရင် ကောင်း မယ်ဆိုပြီး ကျုပ်လာခဲ့တာပဲ"

ကျွန်ုပ်။ ။ "ဒါပေမယ့်… ဒါပေမယ့်… သူတို့ဟာ ဘယ်သူတွေ လဲဗျ… သူတို့က ဘာလိုချင်တာလဲ"

သူသည် ပခုံးများကို တွန့်လိုက်၏။ 'ဒီကိစ္စတွေကို အတော်ကောင်း သွားအောင် လုပ်ဖို့ ကြိုးစားနေတဲ့ အဖွဲ့တစ်ခုခု ဖြစ်မှာပေါ့။ သူတို့ဟာ ဘယ်သူပဲဖြစ်ဖြစ် ကံကောင်းပါစေလို့ ကျုပ်တော့ ဆုတောင်းပါတယ်ဗျာ၊ တစ်ယောက်ယောက်က တစ်ခုခုလုပ်ဖို့ ကောင်းတဲ့အချိန်တွေတောင် အပုံကြီး လွန်လာပြီဗျ"

ဖိလစ်မှာ အတန်ငယ် မျက်နှာညှိုး၍ သွားပြီးလျှင် ထိုသူအား စူးစိုက်ကာ ဆက်လက်ကြည့်ရှုလျက်ရှိနေ၏။

ဖိလစ်။ ။ "ဒါဖြင့် အားလုံးပြီးစီးသွားကုန်ပြီလို့ ဆိုချင်တာလားရှင်"

ထိုသူသည် ဖိလစ်အား ကြည့်လိုက်ပြီးနောက်၊ ယခင်က လယ်ကွင်း များနေရာတွင် လှမ်းမိုးလျက်ရှိသော ရေများ၊ ကုန်းမြေအတွင်းဘက်သို့ ထိုး ဖောက်ဝင်ရောက်လာသည့် ဝင်ပေါက်အသစ်များနှင့် ဒီရေတက်တိုင်း မိုးလွှမ်း တိုက်စားသွားခြင်း ခံရသည့် လူများ စွန့်ပစ်သွားသော အိမ်များကို လှမ်း၍ ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူ။ ။ "ဟင့်အင်း... ဒီလို ဆိုလိုတာတော့ မဟုတ်ဘူး— ဒါပေမယ့် အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ ကြိုးစားတာကတော့ ဘာမှ လုပ်ဘဲ လက်ပိုက်ကြည့်နေတာထက် အပုံကြီး တော်သေးတယ်"

ကျွန်ုပ်။ ။ "ဒါပေမယ့် ကျုပ်တို့နဲ့ပတ်သက်တာက ဘယ်လိုလဲဗျ။ သူတို့ ဘာလိုချင်တာလဲ"

ထိုသူ။ ။ "သူတို့က ခင်ဗျားတို့ကို လန်ဒန်လာစေချင်တယ်လို့ ပြောတာပဲ၊ ဒါက တကယ်လို့ ခင်ဗျားတို့ ဘေးအန္တရာယ်မရှိဘဲ လာနိုင်တယ်လို့ ထင်ရင်ပေါ့လေ။ မလာနိုင်ရင်တော့လဲ နောက်ကိုပေးမယ့် ညွှန်ကြားချက်တွေကို စောင့်နေဖို့ပဲ၊ သူတို့ပေးတဲ့ နာမည်စာရင်းတွေထဲမှာ လန်ဒန်ကိုသွားစေချင်တဲ့လူတွေလဲပါတယ်၊ 'မာလဗန်း'၊ 'ရှက်ဖီး' နဲ့ အခြားတစ်နေရာ နှစ်နေရာကို သွားစေချင်တဲ့ လူတွေလဲ ပါတယ်ဗျာ လန်ဒန်ကို သွားဖို့ကတော့ သိပ်မများလှဘူး၊ ဒါပေမယ့် အဲဒီအထဲမှာ ခင်ဗျားတို့ပါတယ်"

ကျွန်ုပ်။ ။ "ဘာကိစ္စအတွက်လဲဆိုတာတော့ သူတို့ မပြောဘူးလား"

သူသည် ဦးခေါင်းကို ခါလိုက်၏။ ထို့နောက်...

"သူတို့ တကယ်တော့ ဘာမှ သိပ်မပြောသေးဘူးဗျ၊ ဒါပေမယ့် မကြာခင် ဗက်ထရီသုံး ရေဒီယိုကလေးတွေ ချပေးမယ်၊ နောက်တော့ အသံလွှင့်စက်တချို့လဲ ချပေးမယ်... အခု လောလောဆယ်တော့ လမ်းပန်းဆက်သွယ်ရေးကို စနစ်တကျလုပ်ကိုင်လာနိုင်တဲ့အထိ ဒေသန္တရ အုပ်ချုပ်ရေးအတွက် အုပ်စုတွေဖွဲ့ဖို့ လူတွေကို ပြောနေတယ်"

ဖိုလစ်နှင့် ကျွန်ုပ်တို့သည် စိတ်ထဲက စဉ်းစားရင်း တစ်ယောက်ကို တစ်ယောက် အတန်ကြာ ကြည့်ရှုလျက်ရှိလေသည်။

ကျွန်ုပ်။ ။ "ကျုပ်တို့ကို ဘာကြောင့် ခေါ်တယ်ဆိုတာ သိနိုင်ပါပြီလေ"

ဖိုလစ်သည် ဦးခေါင်းကိုညိတ်လိုက်၏။ သို့သော် ကျွန်ုပ်တို့သည် ထိုထင်မြင်ချက်ကို ခေတ္တမျှ မျိုသိပ်ထားလိုက်ပြီးနောက် ထိုသူဘက်သို့လှည့်ကာ တဲအိမ်ဘက်သို့ ခေါင်းငြိတ်ပြရင်း ကျွန်ုပ်က "ကိုင်း... လာပါဗျာ...အထူးတလည်ကိစ္စမျိုးအတွက် လိုလိုမယ်မယ် ကျုပ်သိမ်းထားတဲ့ ပုလင်းတစ်လုံး နှစ်လုံးရှိပါသေးတယ်... ဟော...အခု သုံးဖို့အတွက် ပေါ်လာပြီ" ဟု ပြောလိုက်၏။

ဖိုလစ်သည် သူ၏ လက်ကို ကျွန်ုပ်၏လက်မောင်းတွင် သာချွချိတ်လိုက်ပြီးနောက် တောင်ကုန်းကလေးပေါ်သို့ ကျွန်ုပ်တို့ အတူတကွ တက်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အရင်တစ်ဝက်မျှ ကျန်သေးသော ဖန်ခွက်ကို စားပွဲပေါ်သို့ ချထားရင်း...

ကျွန်ုပ်။ ။ "ဒီကိစ္စကို ကျွန်ုပ်တို့ နောက်ထပ် ပိုပြီး သိချင်ပါသေးတယ်ဗျာ..."

ထိုသူ။ ။ "ပြောစရာတော့ သိပ်မရှိလှသေးဘူး၊ ဒါပေမယ့် ကြားရသမျှဆိုရင်တော့ နောက်ဆုံးမှာ အခြေအနေပြန်ကောင်းလာမယ့် ပုံမျိုးပဲဗျ... ခင်ဗျားတို့လူ ဖောကာကို မှတ်မိသေးတယ် မဟုတ်လား။ လွန်ခဲ့တဲ့ တစ်ညနှစ်ညလောက်ကပဲ သူ့ကို စကားပြောခိုင်းကြသေးတယ်... သူဟာ အရင်ကထက် နည်းနည်း ရွှင်ရွှင်ပျပျ ရှိလာပုံရတယ်။ သူ့အပြောကတော့ အခြေအနေကို ယေဘုယျလေ့လာချက်လို့ ပြောတာပဲဗျာ..."

ထိုအခါ ကျွန်ုပ်၏ နံဘေးတွင်ရှိနေသော ဖီလစ်က "ပြောစမ်းပါဦး ရှင် အခုလို ဖောကာကြီးဟာ ရွှင်ရွှင်ပျပျ ဖြစ်လာတယ်ဆိုရင်တော့ ကျွန်မတို့ နားထောင်ထိုက်ပါတယ်..."

ထိုသူ။ ။ "အင်း...အဓိက အချက်တွေကတော့ ရေဟာ နောက်ထပ် မတက်တော့ဘူးတဲ့ ဒါကို လွန်ခဲ့တဲ့ ၆ လလောက်ကတည်းက သူ့ကို ကျုပ်တို့ ပြောနိုင်ပါတယ်။ ဒါပေမယ့် တချို့နေရာတွေမှာ ဒီအကြောင်း မသိတဲ့လူတွေလဲ ရှိလိမ့်ဦးမယ်ထင်တယ်၊ အကောင်းဆုံး မြေကြီးတွေ အတော်များများလဲ ရေအောက်ရောက်နေပြီ၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကျုပ်တို့ တစ်တွေသာ ညီညီညွှတ်ညွှတ် စည်းလုံးမိရင် အလုံအလောက် စိုက်ပျိုးနိုင်မယ်တဲ့ ဘာဖြစ်လို့လဲဆိုတော့ သူတို့ထင်မြင်ချက်က လူဦးရေဟာ အရင်ကလူဦးရေရဲ့ ၅ ပုံ တစ်ပုံနဲ့ ၈ ပုံ တစ်ပုံကြားအထိ လျော့ကျသွားတယ် ထင်လို့ပဲတဲ့၊ ဒီထက် နည်းချင်တောင် နည်းနိုင်တယ်လို့ ဆိုသေးသဗျာ..."

ဖီလစ်။ ။ "အဲဒါပဲလား တကယ်တော့..."

ထိုသူ။ ။ "အဲဒီတော့ တခြားနေရာတွေနဲ့စာရင် ကျုပ်တို့ ဒီနေရာ တစ်ဝိုက်မှာ ပိုပြီးတော့ ကံကောင်းတယ်လို့ ဆိုနိုင်တယ်ဗျ၊ သူ့အပြောကတော့ များသောအားဖြင့် နျူမိုးနီးယားပဲတဲ့... ခင်ဗျားတို့အမြင်ပဲ စားစရာလဲများများ မရှိဘူး။ ဓိမ်ခံစရာလဲမရှိဘူး၊ ဆေးဝါးကုသပေးနိုင်မှုလဲ မရှိဘူး၊ ဆေးဝါးလဲ မရှိဘူး။ နို့ပြီးတော့ ဆိုးလိုက်တဲ့ ဆောင်းရာသီတွေဗျာ... လူတွေဟာ... ယင်ကောင်တွေလို သေကုန်လိုက်ကြတာ..."

ထိုသူသည် ခေတ္တရပ်နားလိုက်၏။ ကျွန်ုပ်တို့သည် ထိုသူ၏ ပြောဆိုချက်နှင့်ပတ်သက်၍ မည်သို့ဆိုလိုသည်ကိုလည်းကောင်း၊ မည်မျှအထိ ဆိုလိုသည်ကိုလည်းကောင်း၊ စဉ်းစားရင်း တိတ်ဆိတ်စွာ ရှိနေကြ၏။ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



အနေနှင့် အနာဂတ်ကမ္ဘာကြီးသည် ကမ္ဘာယောင်းနှင့် အလွန်ကွဲပြားခြားနားသိမ့် မည်ဟူသော ထင်ရှားသည့် အချက်ထက် အနည်းငယ်မှုသာ ကျော်လွန်၍ စဉ်းစားမိ၏။ ဖိလစ်မှာမူ ကျွန်ုပ်ထက် အတန်ငယ် ပို၍ သိမြင်လေသည်။

ဖိလစ်။ ။ "နို့ပေမယ့် ကျွန်မတို့ ကြိုးစားဖို့တောင်မှ အခွင့်အရေး ရပါဦးမလားရှင်၊ ကျွန်မဆိုလိုတာက ဗက်သိတွေဟာ ဟိုနေရာမှာပဲ ရှိနေကြ သေးတယ်၊ ပြီးတော့ တကယ်လို့ သူတို့မှာ အရင်က တစ်ခါမှ အသုံးမပြုခဲ့ ဘူးသေးတဲ့ တခြားတစ်စုံတစ်ရာရှိနေရင်လဲ..."

ထိုသူသည် ဦးခေါင်းကို ခါလိုက်ပြန်၏။ ထို့နောက် နှစ်သိမ့်ကျေနပ် သည့် အမူအရာဖြင့် သွားကိုဖြီးလိုက်လေသည်။

"အို... ဒီဟာတွေအကြောင်းကိုလဲ ဖော့ကာက ပြောပြပါတယ်၊ ဒီတစ်ခါတော့ အဲဒါတွေဟာ တကယ့်ကို ထိသွားပြီလို့ ထင်တယ်..."

ကျွန်ုပ်။ ။ "ဘယ်လိုထိပုံလဲဗျာ..."

ထိုသူ။ ။ "သူ့အပြောကတော့ သူတို့မှာ ရေနက်ပိုင်းကို ဆင်းသွားခဲ့ တစ်စုံတစ်ရာကို ရထားပြီးတဲ့ဗျ၊ အဲဒါက 'အာလတြာ' ဘာတဲ့ဗျာ အဲဒီဓာတ် ထုတ်လွှတ်ပေးသတဲ့ဗျ...၊ 'အာလတြာဗိုင်အိုလက်'တော့ မဟုတ်ဘူး... ဟိုဒင်း အသံတစ်မျိုးတဲ့ဗျ၊ ကြားတော့ မကြားရဘူးတဲ့..."

ကျွန်ုပ်။ ။ "အလတြာဆွန်းနစ်လား..."

ထိုသူ။ ။ "ဟုတ်ပြီ... အဲဒါဘဲဗျ၊ ကျုပ်အဖို့တော့ ထူးဆန်းသလို ပဲဗျို့... ဒါပေမယ့် သူ့အပြောကတော့ အဲဒါက ထုတ်လွှတ်ပေးတဲ့ ဓာတ်လှိုင်း တွေက ရေအောက်မှာရှိတာကို သတ်ပစ်သတဲ့"

ကျွန်ုပ်။ ။ "ဒါအမှန်ပဲပေါ့ဗျာ၊ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က တဲ့ ဒါကို လူတွေအများကြီး ကြံစည်လုပ်ကိုင်နေကြတာပဲ။ ဟိုရေအောက်ကို ချပေးမဲ့ အသံလွှင့်စက်တစ်ခု မဖြစ်နိုင်သေးလို့ ခက်နေတာကိုးဗျ..."

ထိုသူ။ ။ "အဲ... သူပြောတာကတော့ သူတို့က ဒါကို အခုလုပ် ပြီးပြီတဲ့... သူတို့ဟာ ဘယ်သူတွေလို့ ခင်ဗျားတို့ ထင်သလဲ... ဂျပန်တွေတဲ့ ဗျ... သူတို့အထင်ပြောရရင် သူတို့ဟာ ရေနက်ပိုင်း အသေးစားနှစ်ခုကိုတောင် ရှင်းပင်လိုက်ပြီးပြီတဲ့၊ ဘာပဲဖြစ်ဖြစ် အမေရိကန်ကတော့ ဒါကို ဟန်ကျပြီလို့ ထင်နေတယ်... ဘာဖြစ်လို့လဲဆိုတော့ သူတို့ကိုယ်တိုင်လဲ အနောက်အိန္ဒိယ ကျွန်းစုတစ်စိုက်မှာ အသုံးပြုဖို့ ဒီဟာမျိုးတွေကို လုပ်ကိုင်နေကြတယ်တဲ့..."

ဖိလစ်။ ။ ဒါပေမယ့် ဗက်သိတွေဟာ ဘာလဲဆိုတာ သူတို့သိကြ ပြီလား... ဘာနဲ့ တူသတဲ့လဲ..."

ထိုသူသည် ခေါင်းခါလိုက်၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သိသမျှ ပြောရမယ်ဆိုရင်တော့ ဘာမှ သူတို့မသိဘူး၊ ဟော့ကာ ပြောတာကတော့ ကျောက်ကျောလိုဟာတွေ အများကြီး အပေါ်တက်လာပြီး နေရောင်အောက်မှာ ချက်ချင်းလိုလို ပုတ်သွားသတဲ့၊ ပုံသဏ္ဌာန်လဲ မရှိဘူးတဲ့၊ ဒါတွေကို တွဲစပ်ထားဖို့ ဖိနှိပ်အားလဲမရှိဘူးတဲ့၊ အဲဒီတော့ သူ့နေရာမှာ သူရှိနေတဲ့အခိုက်မှာ ဗက်သီဟာ ဘာနဲ့ တူသလဲဆိုတာ တွေးချင်သလို တွေးနိုင်တာပေါ့ဗျာ၊ နို့ပြီး အဲဒီအတိုင်း ဆက်တွေးနေရုံဘဲ..."

"သူတို့ သေသွားတဲ့အခါ ဘယ်လိုနေတယ်ဆိုတာ သိရတာနဲ့ပဲ ကျုပ်အတွက်တော့ တော်လောက်ပါပြီဗျာ..." ဟု ကျွန့်ပ်သည် ဖန်ခွက်များကို နောက်တစ်ကြိမ်ထပ်၍ ဖြည့်ရင်း ပြောလိုက်၏။ ထို့နောက် ကျွန့်ပ်၏ ဖန်ခွက်ကိုမြှောက်ကာ

"ဟောဒီမှာ ဘာမှမရှိတော့တဲ့ ရေနက်ပိုင်းတွေနဲ့ အခုတစ်ခါ လွတ်လွတ်လပ်လပ်ကြီး ဖြစ်လာတဲ့ ပင်လယ်တွေ အတွက်ဗျို့..."

ဟု ပြောပြီး နောက်ဖန်ခွက်ထဲမှ အရက်ကို မော့ချလိုက်လေ၏။

✧ ✧ ✧

ထိုသူပြန်သွားသောအခါ ကျွန့်ပ်တို့သည် အပြင်သို့ထွက်ခဲ့၍ ပန်းချုံအောက်တွင် နှစ်ယောက်သားယှဉ်၍ထိုင်ကာ အကြီးအကျယ် ပြောင်းလဲသွားသော မြင်ကွင်းကို လှမ်းမျှော်ကြည့်ရှုလျက် ရှိနေလေသည်။ အချိန်အတန်ကြာမျှ တစ်ယောက်ကို တစ်ယောက် စကားမပြောကြချေ။ ကျွန့်ပ်သည် ဖိလစ်ကို တိတ်တိတ်ခိုး လှမ်း၍ကြည့်လိုက်မိ၏။ သူသည် မကြာသေးမီကပင် အလှပြင်ပြီးခ ပုံမျိုးဖြစ်၍ နေလေသည်။

ဖိလစ်။ ။ "ကျွန်မတော့ အသက်ဝင်လာပြန်ပြီ မိုက်ရေ့"

ကျွန့်ပ်။ ။ "ကိုယ်လဲပဲ ဒီလိုပဲပေါ့... ဒါပေမယ့် ပျော်ပွဲစားထွက်တာမျိုးလိုတော့ မဟုတ်ဘူးနော်"

"ကျွန်မတော့ အရေးမစိုက်ပါဘူးလေ... မျှော်လင့်ချက်သာ ရှိပေစေ၊ ဘယ်လိုပဲ ပင်ပင်ပန်းပန်း လုပ်ရလုပ်ရ ကိစ္စမရှိပါဘူး...အင်း... ဘယ်လိုမှ မျှော်လင့်ချက်မရှိဘူးဆိုရင်တော့ ကျွန်မအတွက် သိပ်ပင်ပန်းမှာပဲ"

ကျွန့်ပ်က နက်နဲစွာ စဉ်းစားတွေးတောလျက်...

"အင်း... ကိုယ်တို့လူမျိုးတွေဟာလဲ ငါးပုံတစ်ပုံ ဒါမှမဟုတ် ရှစ်ပုံတစ်ပုံလောက်သာ ကျန်တော့တယ်ဆိုတော့၊ ကမ္ဘာကြီးဟာလဲ အင်မတန်ထူးဆန်းတဲ့ ကမ္ဘာမျိုးဖြစ်လာတော့မှာပဲ"

ဖိလစ်။ ။ "ပထမ အယ်လစ်ဇဗက် ဘုရင်မလက်ထက်တုန်းက ကျွန်မတို့ လူမျိုးတွေဟာ ငါးသန်းလောက်သာရှိတယ်၊ ဒါပေမယ့် ကျွန်မတို့ဟာ အရေးပါ အရာရောက်ခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ထိုနေရာတွင် ဆက်လက်ထိုင်နေခဲ့ကြ၏။ မိမိတို့များ ချမှတ်ရန်နှင့်တကွ နေရေးထိုင်ရေးအတွက် ပြန်လည်လုပ်ကိုင်ရန် ကိစ္စများလည်း ရှိနေသေး၏။

ကျွန်ုပ်။ ။ "မစ်(ဂျ)ကို ကိုယ်တို့ ပြန်နိုင်သမျှ မြန်မြန် အသင့်ပြင်ထားကြရမယ်... အဲ ဟိုကိုရောက်တဲ့အထိ ဓာတ်ဆီဟာ လိုတာထက်တောင် ပိုနေသေးတယ်ထင်တယ်"

ဖိလစ်။ ။ "ဟုတ်တယ်လေ... ပြန်နိုင်သမျှ မြန်မြန်လုပ်ကြရအောင်ပေါ့"

သူသည် ဒူးပေါ်တွင် တစ်တောင်ဆစ်ကို ထောက်ကာ လက်နှစ်ဖက်ပေါ်သို့ မေးတင်ရင်း အဝေးသို့ ငေးမျှော်ကြည့်ရှုလျက်ရှိနေ၏။ နေကျသွားသည်နှင့် တစ်ပြိုင်နက်၊ တဖြည်းဖြည်း စိမ့်၍ အေးလာရာ၊ ကျွန်ုပ်လည်း သူ့အနားသို့ တိုးတက်၍ သွားပြီးနောက် လက်တစ်ဘက်ဖြင့် ဖက်ထားလိုက်လေသည်။

ကျွန်ုပ်။ ။ "ဘာဖြစ်တာလဲ"

ဖိလစ်။ ။ "ကျွန်မ တွေးနေမိတယ်...တကယ်တော့ ဘာမှ အသစ်အဆန်းမဟုတ်ဘူး... ဟုတ်တယ် မဟုတ်လား မိုက်ရယ်... တစ်ခါတုန်းက လွင်ပြင်ကြီးတစ်ခုဟာ သစ်တောတွေ ဖုံးနေပြီး တောရိုင်းတိရစ္ဆာန်တွေနဲ့ ပြည့်နေတယ်၊ ကျွန်မတို့ ဘိုးဘေးတွေ ဟာ အဲဒီမှာပဲ အမဲလိုက်ခဲ့ကြတယ်လို့ ကျွန်မ ထင်တယ်... အဲဒီ နောက်တစ်နေ့ကျတော့ ရေတွေစီးဝင်လာတာနဲ့ အားလုံးနစ်မြုပ်သွားတယ်၊ အဲဒါနဲ့ မြောက်ဘက်ပင်လယ်ဖြစ်လာတာပေါ့...

"ကျွန်မတို့ဟာ အရင်တုန်းကလဲ ဒီမှာ နေခဲ့ဖူးတယ်ထင်တယ် မိုက်ရယ်၊ နို့ပြီး အဲဒီတုံးကလဲ ကျွန်မတို့ လွတ်မြောက်လာခဲ့တာပဲ"

ဒဂုန်ရွှေမျှား
(ဘာသာပြန်ဆိုသူ)
၂၀-၄-၉၆



www.burmeseclassic.com